
YATI
MAGAZINE
စာပေပအနုပညာမဂ္ဂဇင်း
Vol.10 No.109, April 2013

MEDIA GROUP


Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
| --- | --- |
| ၃ထွေ | ၁၃ထွေ |

The YATI MAGAZINE

Vol-10, No.109, April, 2013

စာပေ အနုပညာ မဂ္ဂဇင်း

| | |
| --- | --- |
| **တာဝန်ခံအယ်ဒီတာ** | မိုးမိုးစောဝင်း (moemoesawwin.1971@gmail.com) |
| **အယ်ဒီတာ** | မြင့်သူဇာထွန်း၊ ဖြိုးစုပိုပို |
| **ကဗျာအယ်ဒီတာ** | လွှမ်းရုံ |
| **အကြီးတန်း** | သီတာစိုး |
| **သတင်းထောက်** | |
| **သတင်းထောက်** | မိုးသောက်ကြယ် |
| **စီမံဒါရိုက်တာ** | ဒီဇိုင်းပန်းချာန် |
| **ဒီဇိုင်းတာဝန်ခံ** | ထွန်းထွန်းလင်း |
| **ဒီဇိုင်းအဖွဲ့** | လင်းထွဋ်၊ ရွှေဇင်ဦး |
| **စာစီစာရိုက်** | ဝင်းဝင်းလှိုင်၊ ခင်သက်ထိုက် |
| **စာပြင်** | ဥမ္မာအေး |
| **ကြော်ငြာအဖွဲ့** | တင်စန္ဒာဝင်း (ဒု-မန်နေဂျာ) |
| | နန်းအိအိခိုင် (လ/ထ မန်နေဂျာ) |
| Marketing Executive | ဌေးလင်းအောင်၊ ဇွန်သန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ ခိုင်ခိုင်လွင် |
| **ဘဏ္ဍာရေးအဖွဲ့** | မိုးယုမာ (မန်နေဂျာ) |
| | ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ) |
| | မိုးမိုးကျော် (လ/ထ မန်နေဂျာ) |
| | နီလာဝင်း (လ/ထ မန်နေဂျာ) |
| **ဖြန့်ချိရေးအဖွဲ့** | သူရဇော်၊ ကျော်လှိုင်ဝင်း၊ ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင် |
| **ရုပ်မှတ်ပုံပညာရှင်** | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီ၊ Artist လှမြင့်အေး၊ ကိုနိုင် (ပေါ်ပြူလာ) |

| | |
| --- | --- |
| **မျက်နှာဖုံးရှင်** | အလင်းရောင်၊ မင်းသိမ်းခန့်၊ ဝတ်မှုံရွှေရည် |
| **မျက်နှာဖုံးဓာတ်ပုံ** | လင်းထွန်း (Leopard) |
| **မျက်နှာဖုံးဒီဇိုင်း** | ထွန်းထွန်းလင်း |
| **ထုတ်ဝေသူ** | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| **ဥပဒေအကြံပေး** | ဦးအီနုစ် (တရားရုံးချုပ်ရှေ့နေ) |
| **ဖလင်** | Eagle |
| **အတွင်းကာလာခွဲ** | ကန္တာဦး |
| **စာအုပ်ချုပ်** | Perfect |
| **တန်ဖိုး** | ၂၀၀၀ |
| **အုပ်ရေ** | ၂၀၀၀ |
| **ပုံနှိပ်** | ငွေကုံကော် (မြ-၀၆၃၆၁)၊ အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄

စာတိုက်သေတ္တာအမှတ်-၁၄၀

**မန္တလေးရုံးခွဲ**

အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄ × ၆၅ လမ်းကြား၊ မန္တလေးမြို့။

ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**

ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)

အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။

၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂

ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်

Asian Fame Media Group



# APRIL 2013
# CONTENTS


7 ကဗျာ
ပုသိမ်မောင်ရွှေမှူး၊ ပြေငြိမ်း၊ မောင်ဆွေထက်၊ နီမျိုးထက်၊ ကြည်ဖော်အေး၊ ဇေလင်းမောင်၊ နိုင်သစ်

14 ကာတွန်း
ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်ဟက်ကော

18 မမရတီအမေးအဖြေ

ရတီအထူးကဏ္ဍ

21 Yati Cover
ဝတ်မှုံရွှေရည်၊ မင်းသိမ်းခန့်၊ အလင်းရောင်
ဖြိုးစုပိုပို

29 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
နန်းဆုရတီဗိုး
မိုးသောက်ကြယ်

34 Clone Image
ဝင့်ယမုံလှိုင်၊ M ဆိုင်းလု
သီတာစိုး

38 Mod Mom
ခိုင်စုအောင်၊ လရွှန်ခေါင်နိုင်၊ လုလု
ဖြိုးစုပိုပို

43 Audience Of Celebrities' Choice
ဆိုတေး၊ ခြူးခြူး
သီတာစိုး

51 Sweet & Smart Style
ကောင်းခန့်ကျော်၊ ကြည်နူးနိုင်
မိုးသောက်ကြယ်

55 Beauty > Age
မြရွှေဝါ၊ တင်မိုးလွင်
ဖြိုးစုပိုပို

60 Tinkerbell Fashion
နန့်ချစ်နဒီဇော်
မိုးသောက်ကြယ်

64 Dynamic Thingyan
ခြူးခြူး၊ စိုင်းစဝတီဝင်
မိုးသောက်ကြယ်

69 လှပစိုပြည် သကြိန်မေ
ချစ်စန်းဦး၊ ဂျင်းနီ
သီတာစိုး




Asian Fame Media Group





Asian Trade Media Group
MEDIA GROUP

APRIL 2013

# CONTENTS

74 **Thingyan Chatting**
ဉာဏ်လင်းအောင်၊ ဧသင်ချိုဆွေ၊
မိစန္ဒီ
သီတာစိုး

79 **Beyond The Women**
ဝတ်ရည်ထွေး
ဖြိုးစုပိုပို

86 **Wings of Hope**
ထွန်းကိုကို
ဖြိုးစုပိုပို

90 သူပြောသောသူ့အကြောင်း
ကော်နီ
သီတာစိုး

95 **New Face**
လင်းလက်ချို
သီတာစိုး

98 **သူတို့ပြောတဲ့ C**
နေဘုန်းလတ်၊ လင်းသိုက်ညွန့်၊
နန်းခင်ဇေယျာ
ဖြိုးစုပိုပို

109 **အဝလွန်မှုလား၊ အဆီများနေလား**
**In Healthy Life Style**
ချမ်းချမ်း
မြင့်သူဇာထွန်း




# APRIL 2013
# CONTENTS


## ရတီနိုင်ငံတကာ

115 **Fashion & Style**
တင်လတ်သန္တာဗိုလ်

128 **အောင်မြင်မှုလေ့ကျားပေါ်က Adele**
သိမ့်နှင်းအိမ်

132 **The Counselor မှာ လန်းထားပြန်သူပင်နီလိုခရုစ်**
ရဲသစ်

135 **International Entertainment News**
စိုးသီဟ်း

149 **တက်သစ်စရွေကြယ်ပွင့် Jay Kim**
ဇင်မြင့်စံ

## ရတီဆောင်းပါး

140 **April Fool's Days**
နှင်း

156 **ကမ္ဘာရန့်တို့ သင်းပျံ့ ကြိုင်လှောက်ရာမြေ**
မီချမ်းဝေ

209 **ထူးခြားဆန်းပြားကျောက်မျက်တို့ရဲ့ အရောင်ကွဲများ**
သိန်းပိုင် (M.Engg.Geol.)

213 **အရိုးပါး၊ အရိုးပွရောဂါအကြောင်း**
ဒေါက်တာအောင်ဆန်းဝင်း

217 **မင်းခမ်းတော်(၂)**
မင်းဗေဒါ(ပွင့်ဖြူ)

221 **စွမ်းအင်ကဏ္ဍ၏ လက်ရှိအခြေအနေ**
ကျော်ဦး

142 **ဖူးနသစ်လွင်ကဗျာဥယျာဉ်**
နေလ(မတ္တရာ)၊
သော်ကမင်းခေါင်(ညောင်လေးပင်)
လင်းဝေမျှ(မြင်းခြံ)၊ ရွှေကြယ်မိုး၊
မေသူလွင်(ကွန်ပျူတာတက္ကသိုလ်)၊
မင်းထက်သားညီ(တောင်ငူ)၊ မင်းသက်တန့်၊
ကြည်နူး(မအူပင်)

146 **ရတီဗေဒင်**
ဒေါက်တာမြတ်သစ် (မန္တလေး)

## ရတီအသောအတော့

151 **မရေးမကောင်းရေးမကောင်း**
ညီညီညာညာညက်ညက်ညောညော

206 **၂၁ ရာစုကျေးပုံပြင်**
အောင်ခွန်းဆက်




Asian Fame Media Group

## APRIL 2013
# CONTENTS



### ရတီဝတ္ထုတို

160 **အချစ်ရှိတယ်**
လွန်းမောင်မောင်

166 **အချစ်တစ်နှစ်သုံး မင်္ဂလာ**
ထွန်းတောက်ထွဋ်(သချာ)

170 **သုံးပင်လိမ်ကြိုးတစ်စ၏ မာတိကာ**
နန္ဒာစိုး(ဆင်ဖြူကျွန်း)

176 **မီးလွတ်သဲထမင်း**
ပန်းရေကျိုး(မိုးကုတ်)

186 **ဘယ်သူ့ကြောင့်**
သတိုး

192 **အကာအရံတွေကြားမှာ**
နဝရတ်(ဂုဏ်/ရုပ)

### ဘာသာပြန်ဝတ္ထု

181 **ဖဲသမား**
သစ်ဦးဇင်






### ရည်ညွှန်းဖွဲ့သီချစ်သူဆီ

198 **လျှို့ဝှက်ချက်**
ရွှေသက်

202 **မန္တလေးအတွေး၊ မန္တလေးအရေး**
ကိုထွန်း (လမ်း-၈၀)

### ရတီဝေဖန်ရေး

223 **ကြည်ဖြူသျှင်၏ 'ကျွန်တော်မသိလိုက်တဲ့အချစ်'**
မောင်အိမ်စံ

120 **ဒေသသင်္ကေတ**
လှမြင့်ဆွေ

225 **ရတီစာအုပ်စင်**

**ပန်းချီသရုပ်ဖော်**

မြတ်မင်းဟန်၊ အောင်ကျော်၊ ခေတ်ဘုန်းမိုး၊ လှကြီးမင်း၊ ငှအိမ်ထက်မြက်၊ ပန်းချာန်

# အယ်ဒီတာ နှုတ်ခွန်းဆက်

မြန်မာပြည်ရဲ့ ဆယ့်နှစ်ရာသီပွဲတော်ထဲမှာ လူတွေ အပျော်တတ်ဆုံးပွဲတော်ဆိုရင် သင်္ကြန်ပွဲတော်ကို ညွှန်ပြရမှာပါ။ သင်္ကြန်ရဲ့ အရိပ်အငွေ့တွေဟာ တန်ခူးလမရောက်ခင်ကတည်းကိုက အပျော်ငွေ့တွေနဲ့ လူတွေကို လှုပ်လှုပ်ရွရွဖြစ်စေတယ်ဆိုရင် ပြောတဲ့သူ မပိုပါဘူး။ ကလေး လူကြီး အုန်းအုန်းထ ပျော်တတ်ကြတာဟာ သင်္ကြန်ရဲ့ ချစ်စရာအကောင်းဆုံး ပုံရိပ်တွေပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြောစရာတစ်ခုရှိလာတာက အပြစ်ကင်းတဲ့ အပျော်နဲ့ အပြစ်မကင်းတဲ့အပျော် ဒါတွေကတော့ ခေတ်ကာလအလိုက် ဟိမ်းစောင်းရွေ့လျားလာတာကတော့ စိတ်မကောင်းဖြစ်စရာပါ။ ခေတ် ခေတ်ဆိုသော်ငြား ခေတ်ကို ဖန်တီးပုံကိုင်နေသူက ကျွန်မတို့လူသားတွေပဲ မဟုတ်ပေဘူးလား။ ဒါဖြင့် ပုံကိုင်သူများ ပုံကို တည့်မတ်စွာ ကိုင်တွယ်တတ်ဖို့ လိုတာကတော့ သူသူ ငါငါ သတိချပ်စရာပါ။ ကျွန်မတို့ပျော်ကြမယ် ဟီရိဩတ္တပ္ပ ရှိစွာနဲ့ပေါ့။ ကျွန်မတို့ကဲကြမယ် ပျက်စီး ဖျက်ဆီးခြင်းကင်းစွာနဲ့ပေါ့။ ကျွန်မတို့ ဟဲ လို့ရတယ် တစ်ယောက်အမှားကို တစ်ယောက် နစ်နာစွာ ထောက်ပြဝေဖန်ကဲ့ရဲ့တာကလွဲလို့ပေါ့။ ပျော်ပြီဆိုတဲ့နေရာမှာ ကျီးလန့်စာစားအပျော်မျိုးကတော့ ဘယ်သူမှ ပျော်ချင်မယ် မထင်ပါဘူး။ တစ်ခုသောနှစ်ဆီက နေရာများစွာ အပျော်တွေစီးကူးနေချိန်မှာ တစ်နေရာဆီမှာတော့ ထိတ်လန့်သံ၊ မေါက်ကွဲသံ၊ အော်ဟစ်သံနဲ့ အရေးပေါ်ကားများရဲ့ ဥဒဟို ဖြတ်သန်းမှုတွေဟာ သင်္ကြန်ကို အကြီးအကျယ် ညှိုးဆိုးစေခဲ့တာ မေ့လို့မရသေးပါဘူး။ တကယ်ဆို တန်ခူးလဟာ ကျွန်မတို့ မြန်မာနှစ်မှာ နှစ်သစ်ကူး အခါသမယပါ။ နှစ်သစ်ကို စိတ်အသစ် အတွေးအသစ် ကောင်းခြင်းအသစ်တွေနဲ့ပဲ ကြိုဆိုသင့်တယ်၊ ကြိုဆိုချင်ကြမယ်လို့ ထင်ပါတယ်။ ကျွန်မသဘောကျမိတဲ့ ဆရာတော် အရှင်ဥက္ကိကာဘိဝံသရဲ့ **နှစ်သစ်ဆုတောင်း**ဆိုတဲ့ ကဗျာလေးရှိပါတယ်။

**' ရက် လ ခုနှစ်**
**သင္ကြာရာစ်တွေ**
**တရစ်ရစ်တိုး**
**တစ်နှစ်ပျိုးပြီ**
**ဟောင်းဆိုး မတရား**
**ပျောက်လွင့် ကြွေ**
**ကောင်းကျိုး တရား**
**တောက်ပွင့် ဝေ '** တဲ့။


ကဗျာလေးက ရိုးရှင်းလှပပြီး အဓိပ္ပာယ်ပေါ်လွန်းလှပါတယ်။ ဒါပေမဲ့ ကျွန်မ အတွေးဆင့်မိတာက ကြွေရယ် ဝေရယ်ဆိုတဲ့ စကားလုံးတွေ အပေါ်မှာပါ။ ရွက်ဟောင်းကြွေမှ ရွက်သစ်ဝေတယ်ဆိုတဲ့ စကားလုံးမျိုး တော်တော်များများ သုံးဖြစ်ကြတာမို့ ဒီစကားလုံးတွေဟာ ကျွန်မတို့နဲ့ မစိမ်းပါဘူး။ သစ်ရွက်တစ်ရွက် ပန်းတစ်ခက်အတွက် ကြွေတယ်ဆိုတဲ့စကားလုံးဟာ သိပ်ကို မှန်ကန်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့လူသားတွေရဲ့ အတ္တ မာန စိတ်တံခွန်တွေကိုကျတော့ ကိုယ်တိုင်မှ ခြွေမချရင် ဘယ်လိုလုပ် ကြွေမှာတဲ့လဲ။ ဒါဖြင့် ကျွန်မက ကျွန်မတို့ရဲ့ တန်ခူးလ သင်္ကြန်ပွဲကို 'နှစ်သစ်အပြောင်းမှာစိတ်ဟောင်းခြွေတဲ့ပွဲ'လို့ တင်စားပြီး မကောင်းတဲ့ အဟောင်းတွေ မှန်သမျှ ခြွေချထားခဲ့မယ်၊ ကောင်းတာတွေနဲ့ဆက်ချီတက်မယ်၊ ဒါဆို ဒီသင်္ကြန်ဟာ မင်္ဂလာသင်္ကြန်၊ ဒီတန်ခူးဟာ တကယ်မြူးစရာကောင်းနေတော့မှာ အမှန်ပါပဲရှင်။

မြန်မာနှစ်သစ်မှာ စိတ်နှလုံးအေးချမ်းပျော်မွေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

မိုးမိုးစောဝင်း
တာဝန်ခံအယ်ဒီတာ

နှိုင်းချင့်ချိန်ဆ၊ ရသထွန်းလင်း၊ ပရိသတ်ရင်တွင်း၊ နှစ်သက်ဒိုဝင်၊ ရတီစွမ်းအင်

Asian Frame Media Group
MEDIA GROUP



# ဝလုံးကလေး

ပုသိမ်မောင်ရွှေမှုံ

ကျောင်းသည် ကျောင်းနှင့်တူရမည်
ဆရာသည် ဆရာနှင့်တူရမည်
တော်တော်လှတဲ့ကာရာ။
မြေဖြူခဲကနေ ကျောက်တံအဆုံး
ဝလုံးလေးတွေပြီးတော့
လဘောင်ရှုံးခဲ့တယ်။ ။

ပုသိမ်မောင်ရွှေမှုံ

Yati POEM April 2013



Asian Fame Media Group



# ဆယ်ပြာပုံဟေး

ဇေပြင်း

မိမိ - ငါ့ကိုပဲသတ္တဝါ
သတ္တဝါ - သမိန်ဝရမ်း
အမုန်း - စုဋ္ဌသုဘဒ္ဒါ
သံသရာ - ကမ္ဘာပေါ်ကလှေတွေ
တစ်နေ့က လေပေါ်မှာပျံနေတဲ့ XY- AGC
လယ်ကွင်းထဲပျက်ကျသွားခဲ့
ဒီနေ့ HAPPY NEW YEAR တဲ့
နှစ်ကူးနှုတ်ဆက်စကားကိုကြားရ
မနက်ဖြန် အရေးကြီးကိစ္စဆောင်ရွက်ဖို့
နေပြည်တော်ကို သွားရလိမ့်မယ်
မသေချာတွေနဲ့ သေချာနေတဲ့ ယန္တရား
ခေါင်ရန်ပိုင်က သွားနှင့်သူတွေနောက်လိုက်သွား
မြောက်ပိုင်းက စစ်ပွဲတွေလည်း အပစ်အခတ်ရပ်စဲ
ရှုံးပွဲမရှိဘူးဆိုတဲ့ ဘာဘီလိုနာက ဆိုစီဒက်ကိုရှုံး
ပညတ်တွေနဲ့လောကမှာ ငါ... ငါ့ကိုယ်ငါရှာတွေ့ပြီ။


ဇေပြင်း

Yati POEM April 2013

Asian Fame Media Group
af MEDIA GROUP



# ကောင်းကင်အိမ်ပေါ်က တောလမ်းကလေး



မောင်နေ့ထက်

ဟော်ဒီ ... တောလမ်းကလေးကို ငါကြွမ်းတယ်
ငါကြွမ်းတဲ့ ငါ့တောလမ်းကလေးထဲမှာ
မြက်ရိုင်းပန်းဖြူဖြူတွေ ပွင့်လို့
မြက်ရိုင်းပန်းဖြူဖြူတွေကြားက တေးသံတစ်ခုငါကြားရတယ်
အဲဒီ တေးသံကငါတစ်ခါမှ မကြားဖူးသေးတဲ့ တေးသံဖြစ်တယ်
ငါမကြားဖူးသေးတဲ့ တေးသံထဲက အိပ်မက်တစ်ခုထွက်လာတယ်
ထွက်လာတဲ့ အိပ်မက်ထဲက ညကောင်းကင်ကြီးဟာ ကြယ်ရောင်စုံတောက်လို့
ကြယ်ရောင်စုံ တောက်နေတဲ့ ကောင်းကင်ထဲကနေ
ကဗျာတစ်ပုဒ် ပျံသန်းလာတယ်
ပျံသန်းလာတဲ့ ကဗျာတစ်ပုဒ်က ငါ့ကို
ငါ့ကို ခေါ်ဆောင်ပြီး ရင်ခုန်သံ အလင်းတောင်ပံခတ်လို့
ရင်ခုန်သံအလင်းတောင်ပံခတ်သံထဲက အနာဂတ်ဟာသစ်လို့
အဲဒီ အနာဂတ်သစ်ထဲက ငါလိုချင်တဲ့ငြိမ်းချမ်းရေးအနုပညာပွင့်တွေက
ယဉ်ကျေးမှုနန်းတော်ကြီးတစ်ခုဖြစ်လို့
ယဉ်ကျေးမှု နန်းတော်ကြီးထဲက တောလမ်းကလေးထဲမှာ
တောပန်းရိုင်းဖြူဖြူတွေက အလင်းအကျရာသစ်တွေ ပွေ့တူ ချစ်သူတွေဆီပျံသန်း
ကြယ်ရောင်စုံတောက်ပ လင်းထိန်နေတဲ့ ကောင်းကင်အိမ်ဆီ
ခံစားမှု ဂတ်ရည်ဦးတွေ သွန်သွန်ပြီးပက်
စိမ်းလန်းတဲ့ မြက်ခင်းပြင်ပေါ်က အကွရာ
တောလမ်းကလေးထဲမှာ ငါ့ရှုတ်ဖတ်
ကဗျာအလင်းတောင်ပံခတ်သံတွေက အစွမ်းကုန်တဖျပ်ဖျပ်နဲ့

မောင်နေ့ထက်

Yati POEM April 2013




# ညိုင်ရာ


နီမျိုးထက်

မီးဆင်းနေတဲ့ မြစ်ရေဟာ တထိတ်ထိတ်နဲ့
ဝိုင်းလန်းသော တောင်တန်းကြီးတွေဟာလည်း တထိတ်ထိတ်နဲ့
အိပ်ပျော်နေတဲ့ ကလေးငယ်ကို ရင်မှာပိုက်ရင်း
မိခင်တစ်ယောက်ဟာ တထိတ်ထိတ်နဲ့
ပါးစပ်ထဲကို အလျှင်အမြန် ထိုးသိပ်ထည့်နေရတဲ့
ထမင်းလုတ်တွေဟာလည်း တထိတ်ထိတ်နဲ့
စိတ်ပျက်အားလျော့မှုတွေက ဖွာရှိုက်လိုက်တဲ့
ဆေးလိပ်မီးခိုးငွေ့ဟာ တထိတ်ထိတ်နဲ့
ဘူးထဲက ရေတစ်ခွက်ကိုငှဲ့ရင်း ဘယ်အချိန်
ကိုယ့်ဘေးနား ဗုံးဆန်တွေ ကျလာမလဲလို့
သောက်ရေတစ်ခွက်ဟာလည်း တထိတ်ထိတ်နဲ့
အိပ်ပျော်သွားရင်လည်း ကောင်းမယ်
ဒါပေမဲ့ လေယာဉ်ပျံအသံတွေ ဘယ်အချိန်ကြားရမလဲလို့
မျက်တွင်းဟောက်ပက် သောက်တည်ရာမဲ့ အိပ်ရာပေါ်မှာ
တထိတ်ထိတ်နဲ့
ရင်ထဲကို မရောက်တဲ့ စကားလုံးချည်းသက်သက်ဟာ
စကားဝိုင်းနံ့ကို ကိုင်မလှုပ်နိုင်ဘူးလေ
"ငြိမ်းချမ်းရေး" တဲ့ သူ့ရဲ့အသီးအပွင့်တွေ နေနေသာသာ
သူကိုယ်တိုင်ကိုက တထိတ်ထိတ်နဲ့ ...။ ။

နီမျိုးထက်

Yati POEM April 2013

Asian Fame Media Group
af MEDIA GROUP




# ပွဲသိမ်း ရဲ့ နောက်ဆုံးနေ့များ

ကြည်ဇော်အေး

Yati POEM April 2013

လမ်းပေါ်ထွက်လိုက်တာနဲ့
ရှေ့တန်းစစ်မြေပြင်ရောက်ရသလို ခေတ်ကြီးထဲမှာ
သူနဲ့ ကျွန်တော် ကျောချင်းကပ်ခဲ့
ကာဗွန်ဒိုင်အောက်ဆိုက်အပြည့်နဲ့ လေတွေ
အတူရှူခဲ့
ရောဂါပိုးမွှားအပြည့်နဲ့ ရေတွေ
အတူသောက်ခဲ့
အပေါ်စား အရက်ပုလင်းတွေ
အတူဖွင့်ခဲ့
နိုးသားစားပြတ္တုပြောတဲ့ ခေတ်ကြီးထဲမှာ
ကဗျာရေးပြီး
ခွေးလိုအတူဟောင်ခဲ့
လေးစားရမယ့် မိန်းမတွေကို အတူလေးစားခဲ့
ပစ်မှားရမယ့် မိန်းမတွေကို အတူပစ်မှားခဲ့
အပျံစား စာအုပ်တွေ
အပျံစား ရုပ်ရှင်တွေ
အတူခံစားခဲ့
သောက်ရှူးတွေအကြောင်း
သောက်တင်းအတူပြောခဲ့
သူပြောချင်တာတွေ ပြောခဲ့
သူရေးချင်တာတွေ ရေးခဲ့
"မသေရင်ပြန်တွေ့ကြသေးတာပေါ့ကွာ
မင်းနဲ့ဖိုးစွားကို ငါယုံတယ်"
သေလုပြောပါနဲ့
ရန်ကုန်ဆေးရုံကြီးပေါ်က တယ်လီဖုန်းသံ
ဘာမှပြန်မပြောနိုင်ခဲ့
တစ်ယောက် လျော့သွားပြန်ပြီ
ဇာတ်ရေမလည်သေးခင်
တစ်ယောက်
ထပ်ကျသွားပြန်ပြီ။ ။

ကြည်ဇော်အေး



# ဒီကောင်မွဲဆေးပေါ်သွားပြီ

ဇေလင်းမောင်

ဒီကောင်ပေါ့
အဲဒီကောင်ပဲ
လေကြီးဖင်ကျယ်နဲ့
ပေါ့ဝှစ်တံမင်းတွေ လိပိုတွေနဲ့
ဘာလိုလို ညာလိုလိုနဲ့
အဂ္ဂိစတ်မထိုးတတ် ဘာလိုလိုစတ်နဲ့
တွေ့ပြီ တွေ့ပြီ ဒီကောင်ပဲ
ဒီကောင်တွေဟာ မြေခွေးတွေလိုပဲ
ပီးနီးတိမ်တွေမှာ ခွေးဆိုးတွေနဲ့ ကကြတယ်
ဒီကောင်တွေဟာ နတ်ဆိုးတွေကို
ပင်ပီးပြင်းဖွဲ့အညွှန့်ခံစားမသောက်ကြတယ်
အောင်မယ် ဒီကောင်တွေက
နင်းဆက်လေးတွေကို လက်နဲ့ တောက်လိုက်ရင်
ကြယ်လုလုလေးတွေ ထွက်လာတတ်သတဲ့
ဒီကောင်တွေ ပြောတာ နားမွန်နားဖျား ကြားလိုက်ပါရဲ့
"လူတွေက ချစ်ခြင်းတရားကို မတွေ့ကြဘူး
သူတို့က ချစ်ခြင်းတရားကို ကဲ့ရဲ့ကြရဲ့
လူတွေက ရူးဘာကို ရှာမတွေ့ကြဘူး
သူတို့က ရူးဘာကို ပျော်မွေ့ကြရဲ့
လူတွေက ဂုဏ်သိက္ခာကို မတွေ့ကြဘူး
သူတို့က ဂုဏ်သိက္ခာကို ဝတ်မှတ်ကြရဲ့"
ဒီကောင်တွေ အဲဒီလိုပြောတာ ကြားမိလိုက်သလိုပဲ
ဒီကောင်တွေဟာ လမ်းမပေါ်မရောက်ကြဘူး၊
        ပလက်ဖောင်းတွေအားလုံးကို လျှောက်ခဲ့ကြတယ်
ဒီကောင်တွေဟာ ဖန်ခွက်ထဲမှာ ကိုယ့်ကိုယ်ကိုယ်ရှာပြီး
        ရေစီးကြောင်းထဲမှာ ကိုယ့်ကိုယ်ကိုယ် တွေ့ကြတယ်
ဒီကောင်တွေဟာ ရေစီးကြောင်းကို ဆန်ပြီး
        လေဟုန်ကို စီးကြတယ်၊
        ငိုကြတယ် ဝိုက်ကြတယ်
ဟုတ်တယ် ဒီကောင်ပေါ့
ငိုခြင်းဝိုက်ခြင်းမှာ ပျော်မွေ့နေတယ်ဆိုတာ
ဒီကောင်ပေါ့
အခုတော့ သူ မွဲဆေးပေါ်သွားပြီ ။

ဇေလင်းမောင်

Yati POEM April 2013

Asian Fame Media Group



# ကိုယ်ရေး ကိုယ်တာ သမိုင်း

နိုင်သစ်

ပင်လယ်လှိုင်းတွေလို ရှုခင်းနဲ့သီချင်း
အသံတိတ်တယ်၊ သွေးစုန်နှုန်းမြင့်တယ်၊

ဒါဟာ သမိုင်းတစ်ခုရဲ့ ကကြိုးတန်ဆာ
အရာရာဟာ သမိုင်းတစ်ခုထဲမှာ ရှိနေ
သမိုင်းထဲ ခုတ်မောင်းကြ၊
သမိုင်းရဲ့အလျားထဲ လှမ်းလျှောက်ထွက်တဲ့ပုံစံမျိုး
အမည်မပါ၊ လက်မှတ်မပါ၊
ငါတို့ သမိုင်းထဲမှာ ချော်ခဲ့ကြ၊ လဲခဲ့ကြ၊
သမိုင်းဆိုတာ ငါတို့ခြေချော်လဲကျရာ ကွက်လပ်၊

လေယာဉ်ပျံထက် သစ်ရွက်ကြွေကို ပိုသဘောကျတဲ့
နည်းပညာထက် ခံစားမှုကို ပိုလွမ်းတဲ့
ကိုယ်တွေထက် စိတ်နဲ့ပိုတွေ့ရတဲ့အရာတွေ ရင်မှာနှစ်ဘဲရှိမလား။

Yati POEM April 2013

သမိုင်းဆိုတာ နားစမ်းပါ
သူငယ်ချင်းရာ၊ မိတ်ဆွေရာ၊ ငါကောင်တို့ရာ
သမိုင်းဆိုတာ ကွမ်းတစ်ယာ လောက်တောင် တွေးမကောင်းနဲ့ . . .

သမိုင်းက တို့တွေကို ပြတိုက်ပို့မှာ
တို့တွေကို ပွတ်တိုက် ခြစ်တော်မှာ
သတ္တုရာဇ်တွေနဲ့လည်း တံဆိပ်ကပ်လို့ပေါ့၊

သမိုင်းမှာ တို့တွေဟာ ခွေးတစ်ကောင်ရဲ့ လည်ပင်းရိုးနဲ့လည်း တန်းညှိခံရမှာ
မိန်းမပျက်မရဲ့ညှပ်ဖိုး တစ်ချောင်းနဲ့လဲ ဂုဏ်ရည်တူမှာ

ဒါမှမဟုတ် တို့တွေဟာ သမိုင်းရဲ့ချောင်ကလောင်မှာ ကြပ်ခိုးတွေလိုခွဲ
သမိုင်းရဲ့ ကျပ်ခိုးတွေဟာ တလင်းလင်း တလက်လက်ပေါ့
တို့ဟာ မှိုစွဲသလို စကားလုံးတွေ၊ ဆေးစက်တွေ၊ သစ္စာတရားနဲ့ ညည်းတွားခြင်းတွေ
ဝတ်ကောင်းစားလှ မပါတဲ့နေ့ဟာ သမိုင်းဝင်လား
ချွတ်ခြုံကျမှုကို မငြင်းမဆန် အလဲလှဲခဲ့တာ သမိုင်းဝင်လား
ကမ္ဘာကြီးအတွက် တို့ဘဝတွေ မီးရှိုးတိတ်ပေးနိုင်ခဲ့တာ သမိုင်းဝင်လား။

ဟ ပေးထားတဲ့ ဖဲကို မချိုးဘူး
ပြောင်းပေးထားတဲ့ နေရာကို မစီးဘူး
ငါတို့လမ်းဟာ ငါတို့စိတ်နဲ့ အတည့်စီးခဲ့တယ်။ ။


နိုင်သစ်



Asian Fame Media Group

ရွှေမင်းသား




ကိုရီးယား မင်းသမီးလေးတွေလို သည်းခံ-
ကိုရီးယား ဗီလိန်တွေလို မကောက်ကျစ်နဲ့-
ကိုရီးယား သရုပ်ဆောင် ကလေးတွေလို စကားတတ်-
သူ့သမီးကို လိမ္မာအောင် ဥပမာအလင်္ကာနဲ့ ပြောနေတာ.. ခေတ်သစ် ဆုံးမနည်းပေါ့ ကွာ...
2013

ဝင်းအောင်




Asian Fame Media Group




Asian Family Media Group



မမရတီ. . . မင်္ဂလာပါဗျာ။ ကျန်းမာ ချမ်းသာပါစေလို့ ဆုတောင်းပေးပါတယ်။ လောကမှာ ကျန်းမာရေးက အရေးကြီးဆုံး မဟုတ်လား။ ကျွန်တော် ရတီကို အားပေးလာတာ ငါးနှစ်လောက်ရှိပါပြီ။ ကဏ္ဍတိုင်းကို ကြိုက်ပါတယ်။ အဓိကတော့ ကဗျာနဲ့ဝတ္ထုတိုတွေကို အကြိုက်ဆုံးပါ။ ငှားဖတ်ရတာ တန်တယ်ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့မြို့ကို ရတီက ချက်ချင်း မရောက်ဘူးဗျ။ စောင့်ပြီး ဖတ်နေရတယ်။ ဒါလည်း အရသာ တစ်မျိုးပါပဲလေ။ ဘယ်လိုပဲ ဖြစ်ဖြစ် ရတီဆိုတာ ရတနာပဲ မဟုတ်လား။ နောက်ပြီး မမရတီကို အကူအညီ တစ်ခု လောက် တောင်းချင်ပါတယ်။ အဆို တော် ဒေါက်တာ နီနီခင်ဇော်ရဲ့ အကြောင်းလေးတွေ သိချင်တယ်ဗျာ။ ကူညီပေးပါ။ သူ့ရဲ့ 'ပဲဆီ၊ နှမ်းဆီ၊ စက်ဆီ' သီချင်းမှာ ကတည်းက သူ့ကို အရမ်းကြိုက်သွား မိလို့ပါ။ မြစ်ကြီးနားရောက်ရင် မြစ်ဆုံကို ရောက် ဖတ်မိနေပြီဗျာ။ ကျွန်တော်အကြိုက်ဆုံးကတော့ ဒေသသက်တာပဲ။ ဖြူစင်ရိုးသားတဲ့ တိုင်းရင်းသား တွေရဲ့ ရိုးရာကို ဖော်ပြပေးတဲ့ ရတီကို ကျေးဇူး တင်ပါတယ်။ နောက်ထပ် ကျွန်တော်တောင်းဆို ချင်တာက ရတီမှာ ရတနာမိုင်ကိုလည်း အင်တာ ဗျူးပေးကြပါဦး။ ရင်ဖွင့်ချင်တာ လေးလည်းရှိတယ် မမရတီ။ ကျွန်တော့်စာကို စိတ်ရှည်ရှည်လေး ထားဖတ်ပေးပါဗျာ။ ကျွန်တော်လေ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ကို ချစ်မိနေတယ်။ သူက တော့ အစက ကျွန်တော့်ကို ချစ်တယ်လို့ ပြော တယ်။ ခုနောက်ပိုင်း လူတွေက မင်းတို့ယောကျ်ား အချင်းချင်း ကြိုက်နေလားဆိုတော့ သူက ကျွန်တော့်ကို ခွာနေတယ်။ အကပ်မခံတော့ဘူး။ ကျွန်တော် သူ့ကို မခွဲနိုင်ဘူးဗျာ။ သူ့ကို သတိရပြီး မစားနိုင်မသောက်နိုင်ဖြစ်နေပြီ။ သူက ချောလည်း ချော လူချစ်လူခင်လည်း များတယ်ဗျ။ သူနဲ့ဝေးရင် ဆိုတဲ့ စိတ်နဲ့စိတ်ဆင်းရဲနေမိတယ်။ ကျွန်တော်

question & answer

# မမရတီ

## အချစ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အနုပညာ



ဖြစ်အောင် လာပါလို့. . . မနောခမြေက နီနီ ခင်ဇော်ကို ကြိုဆိုနေပါတယ်ဗျာ။ ရတီလည်း ဒီ့ထက်ပိုပြီး အောင်မြင်ပါစေ။

*Shan Chyit*
*စီတာပူရပ်ကွက် ၅၊ GD -217*
*မြစ်ကြီးနားမြို့*

**မြစ်ကြီးနားက Shan Chyit ရေ. . . ရတီက နီနီခင်ဇော်အကြောင်းတင်ပြပေးဖို့ အစီအစဉ်ရှိ ပါတယ်။ Shan Chyit ရဲ့စာကိုလည်း နီနီခင်ဇော် ဆီ တိုက်ရိုက်ထည့်ပေးလိုက်ပါ့မယ်။ ပရိသတ်ရဲ့ အားပေးမှုကို အနုပညာရှင်တွေက ဝမ်းသာစွာကြို ဆိုနေကြမှာပါရှင်။**

မမရတီ. . . ကျွန်တော်က ရတီရဲ့ ပင်တိုင် ပရိသတ်တော့မဟုတ်ပါဘူး။ အရင်က တခြား မဂ္ဂဇင်းတွေကို အားပေးဖြစ်တာကို ရိုးသားစွာ ဝန်ခံတာပါ။ ဒါပေမဲ့ အရင်က ရံဖန်ရံခါပဲ ဖတ် ဖြစ်ခဲ့တဲ့ ရတီကို အခုတော့ စွဲစွဲလမ်းလမ်းကို

Asian Fame Media Group

ယောကျ်ားစစ်စစ်ပါ မမရတီရယ်။ ကျွန်တော့် စိတ်တွေ ပုံမှန် မဟုတ်တော့ဘူးလားဟင်။ ကျွန်တော့်ကို နည်းလမ်းညွှန်ပြပါဦးဗျာ။

*အားကိုးစွာဖြင့်*
*သိန်းဇော်*

**စာကို စိတ်ရှည်ရှည်လေးထား ဖတ်ပေးပေမယ့် အပြည့်အစုံ ဖော်ပြဖို့ကိုတော့ စာမျက်နှာ ဝှဲရတာမို့ အတိုချုံးဖော်ပြပေး ရတာ စိတ်မကောင်းပါဘူး ကိုသိန်းဇော်ရေ။ မမရတီဖြင့် ကိုသိန်းဇော် စာကိုဖတ်ရတာ ဝတ္ထုတစ်ပုဒ် ဖတ်နေရသလို ခံစားရပါတယ်။ ကိုသိန်းဇော်က ကျွန်တော် ယောကျ်ားစစ်စစ်ပါလို့ ဆိုထားတဲ့အတွက် ယုံကြည်စွာ အားပေးချင်တာက ဒါဟာ ရှေးရေစက် တနည်းအားဖြင့် ဘဝအဆက်ဆက် ခင်တွယ်ခဲ့တဲ့ သံယောဇဉ်အုတ်မြစ်တွေ ဖြစ်မှာပေါ့ ကိုသိန်းဇော်။ တစ်ခါတလေ ကိုယ်တစ်ခါမှ မတွေ့ဖူးတဲ့ လူတစ်ယောက်ကို လမ်းမှာတွေ့လိုက်ရပေမယ့် ဟိုး**

မမရတီ. . . ကိုRဇာနည် ကျန်းမာရေး မကောင်းဘူးကြားရတာ အရမ်းခံစားရတယ်ရှင်။ တချို့ကလည်း လေဖြတ်တယ်တဲ့။ တချို့ကလည်း ဆီးကျိတ်ကင်ဆာတဲ့။ ဘာတွေမှန်းမသိပေမယ့် သမီးချစ်တဲ့အဆိုတော်ကိုတော့ ဘာဆို ဘာတစ်ခုမှကို မဖြစ်စေချင်တာပါ။ အိမ်က လူတွေက သမီးစိတ်ပူနေတာကိုကြည့်ပြီး သမီးကို ရယ်ကြတယ်။ သမီး ကိုRဇာနည်အတွက် ဘုရားရှိခိုးတိုင်း မေတ္တာသုတ် ရွတ်ပေးပြီး ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းပေးနေမိတယ်။ ပရိသတ်က ကိုRဇာနည့်အပေါ် ဒီလို ဆုတောင်းမေတ္တာပို့သပေးနေတယ်ဆိုတာ ကိုRဇာနည်သိအောင် ပြောပြပေးပါလား မမရတီရယ်။

*စံပါယ်သင်း*

**စံပါယ်သင်းရဲ့ မေတ္တာပို့သမှုကြောင့်လား မသိဘူး။ R ဇာနည်က ကျန်းမာလန်းဖြာလို့ မိသားစုနဲ့အတူ ပျော်ရွှင်စွာရှိနေပါတယ်၊ စံပါယ်**



**အရင်က မြင်ဖူးသိဖူးထားသလို လှိုက်လှိုက်လှဲလှဲ ခင်မင်တွယ်တာစိတ် ဖြစ်သွားတာမျိုး လူတိုင်းလိုလို ကြုံဖူးကြမှာပါ။ မမရတီတို့လည်း ဖြစ်ဖူးတာပဲ။ ကိုယ်နိုးသားစွာ ခင်တွယ်တာကို တစ်ဖက်လူ သဘောပေါက်မလွဲအောင်၊ ပတ်ဝန်းကျင် အထင်မမှားအောင် နေထိုင် ပြောဆိုတတ်ဖို့ကတော့ ကိုယ့်အပိုင်းပေါ့။**

**ကျွန်တော့်စိတ်တွေ ပုံမှန်မဟုတ်ဖူးလို့ ဘယ်တော့မှ မတွေးမိပါစေနဲ့လား ကိုသိန်းဇော်ရေ။ ကိုယ့်ကိုယ်ကိုယ်မှ ယုံကြည်မှုမထားရင် ပတ်ဝန်းကျင် အမြင်မတိမ်းအောင် ဘယ်လိုနေမလဲ။ ဟုတ်တယ်မလား။ ဒီတော့ ရဲရဲတင်းတင်း ဖြတ်ဖြတ်သားသား နိုးနိုးရှင်းရှင်း ခင်မင်ချစ်ခင်တာကို ယုံကြည်မှု ရှိစွာဆက်လုပ်ပါ။ တစ်ဖက်လူက ဒါကိုမှ သဘော မပေါက်ဘူးဆိုလည်း ဆောရီးပေါ့။ ယောကျ်ားလေး ပဲ ကိုသိန်းဇော်ရယ်၊ ဒါဟာ အသေးအမွှား ခံစားချက်တစ်ခုလို့ သဘောထားလိုက်ပါ။**

**သင်းရေ၊ အဆိုတော်လည်း လူထဲကလူပဲဆိုတော့ တစ်ခါတလေတော့ မကျန်းမမာတော့ ရှိတာပေါ့ နော်။ လေဖြတ်တာလည်းမဟုတ် ကင်ဆာလည်း မဟုတ်ပါဘူး။ သာမန်အအေးပတ်ပြီး လေဖြန်းသလိုဖြစ်သွားလို့ ဘန်ကောက်မှာ ဆေးကုသမှုခံယူခဲ့တာပါလို့ အနီးစပ်ဆုံး အသိုင်းအဝိုင်းက ပြောပါတယ်။ အခု ဒီစာအုပ်ထွက်တဲ့ အချိန်ဆိုရင်ပဲ စံပါယ်သင်းရဲ့ ချစ်လှစွာသော အဆိုတော်ရဲ့ လှုပ်ရှားမှုပုံရိပ်တွေ မြင်တွေ့နေရလောက်ပါပြီကွယ်။**


မမရတီရေ. . . ရတီကို ဝတ္ထုတိုလေးတွေ ပို့တာ သုံးခါလောက်ရှိပြီ။ အရွေးလည်း မခံရဘူး။ တခြားမဂ္ဂဇင်းတိုက်တွေလည်း ပို့တာပဲ၊ အခုထိ မပါဖူးဘူး မမရတီရယ်။ စိတ်ဓာတ်ကတော်တော် ကျနေပြီ။ ကိုယ့်စာမူလေးများ ဖော်ပြခံရရင် ပျော်လွန်းလို့ ရူးသွားမလားတောင် တွေးမိတယ်။ ကျွန်မက စာပေ



Asian Fame Media Group

# မမရတီ

အချစ်ရေး၊ ကျန်းမာရေး၊
လူမှုရေး၊ အနုပညာ



အနုပညာကို အသွေးအသားထဲက ဝါသနာပါတာပါ။ စာရေးတဲ့သူက စာများများ ဖတ်ရတယ်ဆိုလို့ စာတွေလည်း ဖတ်နိုင်သမျှ ဖတ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့က အသိုင်း အဝိုင်းလည်းမရှိ ပံ့ပိုးပေးမယ့် သူလည်းမရှိ ဆို တော့ ကြိုးစားသမျှ အချည်းအနှီးဖြစ်ကုန်ပြီလား မသိပါဘူး။ ဒီထက်ပိုဆိုးတာက ကျွန်မက ဘွဲ့သာ ရပြီးတယ်။ ဘာအလုပ်လျှောက်လျှောက် အခုအချိန်ထိ မရနိုင်သေးဘူး။ လျှောက်တယ် ဆိုတာလည်း ကိုယ့်အရည်အချင်းနဲ့ ကိုက်ညီတာလေးတွေတော့ လျှောက်ဖြစ်တာပေါ့နော်။ ကိုယ့် ပညာအရည်အချင်းထက် နိမ့်တဲ့၊ မကိုက်ညီတဲ့အလုပ်မျိုးတော့ မလျှောက်ဖြစ်ဖူးပေါ့။ ကံတရားက ကိုယ့်ဘက် မပါသေးတာလားဆိုတာ မတွေးတတ်တော့ဘူး။ အကြံဉာဏ်လေးများ ရှိရင်ပေးပါဦး။

*ခင်နန်းမြင့် (ပဲခူး )*

**စာရေးချင်တဲ့သူဆိုတာ စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်မှရတယ် ညီမလေးရေ။ မမရတီတို့အသိုင်းအဝိုင်းက စာရေးဆရာ တော်တော်များများဟာ စာမူအပယ်ခံရတာ ရိုးနေကြပါပြီ။ စာရေးသူတွေရဲ့ ခံယူချက်က ရေးတာဝါတို့တာဝန်၊ ပါတာ မပါတာ သူတို့တာဝန်ဆိုတဲ့ သဘောမျိုးရှိကြပါတယ်။ အရွေးမခံရလို့ စိတ်ဓာတ်ကျစရာ ဘာအကြောင်းမှ မရှိပါဘူးကွယ်။ ဆက်လက်ကြိုးစားပါလို့ မမရတီကတော့ တိုက်တွန်းချင်တယ်။ နောက်ပြီးတော့ စာရေးသားခြင်းအလုပ်မှာ ဘာအသိုင်းအဝိုင်းမှ မလိုပါဘူး။ ဘာပံ့ပိုးမှုလည်း မလိုပါဘူး။ ကိုယ့်ကိုကိုယ် အားကိုးပြီး ကိုယ့်ကလောင်စွမ်းသွက်ဖို့ ထက်ဖို့သာ အရေးကြီးတာပါ။ ခင်နန်းမြင့် အလုပ်လျှောက်တာ မရသေးဘူးဆိုတာကို ဖတ်ရတော့ မမရတီ တိုက်တိုက်ဆိုင်ဆိုင် ဖတ်မိတဲ့ သတင်းတစ်ပုဒ်ကို သွားတွေးမိတယ်။ အင်္ဂလန်နိုင်ငံက အသက် နှစ်ဆယ့်လေးနှစ်အရွယ်ရှိတဲ့ အဒမ်ပါစီတီဆိုတဲ့ အလုပ်လက်မဲ့ အမျိုးသားလေးတစ်ယောက် အကြောင်းပါ၊ သူလည်း အလုပ်တွေလျှောက်တာ လျှောက်တာ ဘယ်လိုမှ မရနိုင်တော့ နောက်ဆုံး သူ့မှာရှိတဲ့ လက်ကျန် ငွေ ပေါင် ၅၀၀ ကိုသုံးပြီး အလုပ်လိုချင်ကြောင်း သူ့ပုံနဲ့ ကြော်ငြာဆိုင်းဘုတ်ထောင်ပစ်လိုက်တာတဲ့လေ။ သိပ်မကြာခင်မှာပဲ ဟိုက ဒီက အလုပ်အကိုင်ပေါင်း တစ်ရာကျော်က ကမ်းလှမ်းလာကြပါလေရောတဲ့။ မိုက်တယ်နော်။ နောက်ဆုံး သူ မီဒီယာလုပ်ငန်းကြီး တစ်ခုမှာ အလုပ်ရသွားတယ်ဆိုပဲ။ ခင်နန်းမြင့်ကတော့ မြန်မာပြည်ကလည်းဖြစ် အမျိုးသမီးလည်း ဖြစ်တော့ အဒမ်ပါစီတီ လောက်တော့ လုပ်စရာ မလိုပါဘူး။ ဒါပေမဲ့ အင်တာနက် အီးမေးလ်ကတစ်ဆင့် ဂျာနယ်တွေ သတင်းစာတွေကတစ်ဆင့်၊ နောက် မိမိပတ်ဝန်းကျင်ရဲ့ လက်ဆင့်ကမ်း သတင်းအဆင့်ဆင့်ကတစ်ဆင့် ကိုယ်နဲ့ သင့်တော်တဲ့အလုပ်မျိုးတွေ ရှာဖွေကြည့်ဖို့ အားပေးချင်ပါတယ် ညီမလေးရေ။**



မမရတီ. . . မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာ ခုတလော ခေတ်စားနေတဲ့ ဝတ်ပုံစားပုံအကြောင်း မပြောရမနေနိုင်လို့ ပြောလိုက်ပြီရှင်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေမှာ အတွင်းခံအဝတ်ဆိုတာ အတွင်းမှာပဲ ခံရတာလေ။ ကျွန်မတို့ သက်လတ်ပိုင်း အမျိုးသမီးအတော်များများ မြန်မာဆန်ဆန် နေထိုင်ဝတ်စားကြသူတွေပေါ့လေ။ သူတို့ဆိုရင် အတွင်းခံဘော်လီကျောပြည့်ကို လုံလုံခြုံခြုံ ဝတ်တတ်စားတတ်ကြပါတယ်။ ဒါကြောင့်လည်း တခြားခေတ်ပေါ် အဝတ်အစားတွေကိုသာ မသိရင်နေမယ်။ ဒီလို အတွင်းခံဘော်လီပုံကို ဘော်လီမှန်း ကောင်းကောင်းသိပါတယ်။ အခု အနုပညာရှင်တော်တော်များများက ဒီလိုအတွင်းခံ ဘော်လီပုံစံတွေကို မဂ္ဂဇင်းဂျာနယ် မျက်နှာဖုံးတွေမှာ ကျကျနန အပေါ် ဝတ်မရှိ တစ်ထည်ထဲဝတ်ပြီး ဖော်ပြနေကြပါရောလား။ ကျွန်မကတော့ ဒီပုံစံကို မခံစားနိုင်ဘူး မမရတီရေ။ ရတီမှာတော့ ဒါမျိုးတွေ မဖော်ပြပါနဲ့နော်။ ကျွန်မနှစ်သက်တဲ့ မဂ္ဂဇင်းမို့ ယဉ်ကျေးမှုမရှိတာမျိုး မဖြစ်စေချင်လို့ပါရှင်။ စိတ်မဆိုးဘူးမဟုတ်လား။

*ဒေါ်သီတာလင်း(မုံရွာ)*

**ဒေါ်သီတာလင်းစာကိုဖတ်ပြီး မျက်လုံးထဲမှာ တန်းခနဲကို ကွင်းကွင်းကွက်ကွက် မြင်မိသွားပါတယ် ဒေါ်သီတာလင်းရေ။ ဟုတ်ပါရဲ့နော်။ ထွင်သူကထွင် ဝတ်သူကဝတ် ဒါကို ခေတ်လို့ပဲ ပြောရတော့မယ်ထင်ပါရဲ့။ ဒါပေမဲ့ လူများစု ဒါမျိုးလိုက်မလုပ်ကြသေးဘူးဆိုရင်ပဲ တော်လှပြီလို့ အောက်မေ့ရမှာပါ။ စိတ်သက်သာအောင်တွေး ကြည့်ကြတာပေါ့။ ရတီမှာ ဒါမျိုးမဖော်ပြပါနဲ့ ဆိုတာ စိတ်ဆိုးစရာ စကားမှ မဟုတ်ပဲရှင်။ မေတ္တာထားလို့ ပြောတာလို့ခံစားမိပါတယ်။**

Asian Fame Media Group



## Yati COVER Image

Model - Ah Lin Yaung (Stars & Models), Min Thein Khant, Wut Hmone Shwe Yee/ Make up - May Oo/ Lady's Fashion - Kool Fashion
Photo - Lin Tun (leopard) / Arranged by Phoye Su Po Po



Asian Fame Media Group



Model - Ah Lin Yaung (Stars & Models), Min Thein Khant, Wut Hmone Shwe Yee/ Make up - May Oo/ Men's Fashion - Unique Clothing/ Lady's Fashion - Kool Fashion/ Photo - Lin Tun (leopard)/ Location - The Street Bar

Asian Fame Media Group



Asian Home Media Group





Asian Fame Media Group







Asian Fame Media Group



မော်ဒယ် – နန်းဆုရတီစိုး၊
မိတ်ကပ် – ထက်ထက်၊
ဒီဇိုင်နာ – ရွှေရွှေအောင် (ရှိုဒိုး)
လက်ဝတ်ရတနာ – aroma (Zulu Studio)
လက်ကိုင်ပန်း – ဘဲလေး (Wedding Dress)
ဓာတ်ပုံ – မြည့်ဟန် (Color Max)
ဂရပ်ဖစ်ဒီဇိုင်း – ထွန်းထွန်းဝင်း




Asian Fame Media Group



Asian Future Media Group



မော်ဒယ် - နန်းဆုရတီစိုး။
မိတ်ကပ် - ထက်ထက်၊
ဒီဇိုင်နာ - ငွေးငွေးတင် (ရှိမိစု)၊
လက်ဝတ်ရတနာ- aroma (Zulu Studio)
လက်ကိုင်ပန်း - ဘဲလေး (Wedding Dress)
ဓာတ်ပုံ - ပြည့်ဟန် (Color Max)
ဂရပ်ဖစ်ဒီဇိုင်း - ထွန်းထွန်းလင်း



# CLONE IMAGE

**Model :** Wint Yamon Hlaing & M Sai Lu/ **Make-up :** Htet (Pop Soul)
**Designer :** Kool Fashion (Ma Gyi, Ma Lay)/ **Photo :** Ko Naing (Popular)/ Arranged by Thida Soe
GRAPHIC DESIGN HTUN HTUN LIN

Asian Image Media Group
af MEDIA GROUP




Asian Fame Media Group



Asian Fame Media Group


af MEDIA GROUP
Asian Fame Media Group




ဒီလရဲ့ Mod Mom ကတော့ ပရိသတ်
အခိုင်အမာရှိတဲ့ အဆိုတော် L လွန်းဝါရဲ့ဇနီး
မေမေခင်ဂုဏ်အေးနဲ့ သမီးလေးနှစ်ယောက်ရဲ့ ချစ်စရာ
ပုံရိပ်လေးတွေကို တင်ဆက်ပေးလိုက်ပါတယ်။

# Mod Mom

Photo : Ko Naing (Popular)/ Arranged by Phyoe Su Po Po

Asian Family Group


Mod Mom
Model : Dr.Khaing Suu Aung, Mine My Lu Lu
Photo : Ko Naing (Popular))



# Mod Mom

Model : Dr.Khaing Suu Aung, Mi[illegible] My, Lu Lu
Photo : Ko Naing (Popular)









# Mod Mom

Model : Dr.Khaing Suu Aung, Mine My, Lu Lu
Photo : Ko Naing (Popular))

Asian Family Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း
# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၃ ဇူလိုင်လထုတ် ရတီမဂ္ဂဇင်းအတွက် အကယ်ဒမီ မယ်လိုဒီ နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ခေါင်းတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွတ်မခံဘဲ **၂၀၁၃ မေလ ၁၀ ရက် (သောကြာနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်း လို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

အမည် ------------------------------------------------
မွေးသက္ကရာဇ် ------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------------
ပညာအရည်အချင်း ------------------------------------------------
အလုပ်အကိုင် ------------------------------------------------
အနုပညာလှုပ်ရှားမှု ------------------------------------------------
အိမ်ထောင်ရှိ/မရှိ ------------------------------------------------
အရပ်အမြင့် ------------------------------------------------
နေရပ်လိပ်စာ ------------------------------------------------
ဖုန်းနံပါတ် ------------------------------------------------

Asian Fame Media Group



**ARRANGED BY THIDA SOE**

# AUDIENCE OF CELEBRITIES' CHOICE

"ငါ့ဘဝရဲ့ မီးအိမ်ရှင်ပါ၊ ငါ့ဘဝရဲ့ ပွဲကိုင်ရှင်လေးပါ" သီချင်းစာသားများကို အသက်သွင်းပြီး ပရိသတ်အားပေးမှုကို အနိုင်အမာရရှိထားသူ အဆိုတော်ဆိုတေးနဲ့ တောင်ကြီးမြို့သူ ချူချူ တို့ရဲ့ ပုံရိပ်တွေကို ပရိသတ်များ ကြည့်ရှုရမှာ ဖြစ်ပါတယ်။ ပရိသတ် ရင်ထဲကို နိုဝင်ခဲ့တာကြာပြီ ဖြစ်တဲ့ Audience of Celebrities' Choice ကဏ္ဍလေးကို အားပေးနေကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ ဧပြီလရဲ့ နှစ်သစ်ကူးသကြန်မှာ ပရိသတ်ကြီး အားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ရတီအဖွဲ့သားများကလည်း ဆုတောင်းပေးလိုက်ပါတယ်နော်။

**Model>** So Tay, Chu Chu **Make-up>** Soe Soe (KSW) **Dress For Audience>** Yummy Yo **Photo>** Ko Naing(Popular)

Asian Family Media Group


Asian Prime Media Group



# AUDIENCE OF CELEBRITIES' CHOICE

Model> So Tay, Chu Chu Make-up> Soe Soe (KSW) Dress For Audience> Yummy Yo Photo> Ko Naing(Popular)

Asian Fame Media Group





**ဆိုတေး** - ညီမလေးက အသက်ဘယ်နှနှစ်လဲ၊ ကျောင်းတက်နေတုန်းပဲလား။

**ခြူးခြူး** - အသက် ၁၈ နှစ်ပါ။ ပထမနှစ် ဂုဏ်ထူးတန်း တက်နေတာပါ။

**ဆိုတေး** - အာ. . . ငယ်ငယ်လေးရှိသေးတာပဲ။ အစ်ကို့ သီချင်းတွေကို နားထောင်ဖြစ်လား။ ဘယ် သီချင်းကို အကြိုက်ဆုံးလဲ။

**ခြူးခြူး** - ဟုတ်. . . နားထောင်ဖြစ်ပါတယ်။ "အဝေး ရောက်ချစ်သူ" သီချင်းကိုတော့ အကြိုက်ဆုံးပါ။

**ဆိုတေး** - ဒါဆိုရင်တော့ သေချာသွားပါပြီ (ရယ်လျက်)။ ညီမလေးလည်း ရေမြေခြားပဲထင်တယ်။ ဒါဆိုရင် မေးရဦးမယ်။ သီချင်းတွေ အများကြီးထဲကမှ ဘာလို့ အဲဒီသီချင်းကို ကြိုက်တာလဲ။

**ခြူးခြူး** - သီချင်းလေးကို ကြိုက်လို့ပါ၊ ပြီးတော့ နားထောင်လို့ကောင်းပြီး လိုက်ဆိုလို့လည်း ကောင်းပါတယ်။

**ဆိုတေး** - အဆိုတော်ကိုကြိုက်တာလား။ သီချင်းကို ကြိုက်တာလား။

**ခြူးခြူး** - သီချင်းကို ကြိုက်တာပါ(အားရပါးရ ရယ်လျက်)။ ဒါပေမဲ့ နှစ်မျိုးလုံးတော့ ကြိုက်ပါတယ်(ရယ်လျက်)။

**ဆိုတေး** - ညီမလေးက အနုပညာနဲ့ ပတ်သက်ပြီး ဘာတွေ လုပ်ဖြစ်နေလဲ။ ဓာတ်ပုံရိုက်တာကို ဝါသနာပါလား။ ဒါမှမဟုတ် အစ်ကိုနဲ့ တွဲရိုက်ချင်လို့ Form တင်ဖြစ်တာလား။

**ခြူးခြူး** - နှစ်ခုစလုံးပါပဲ။ အခုလောလောဆယ်တော့ ကျောင်းပဲ တက်ဖြစ်နေပါတယ်။ တောင်ကြီးမှာတော့ အခွေလေးတွေ ရိုက်ဖြစ်ပါတယ်။

**ဆိုတေး** - တောင်ကြီးမှာတော့ အစ်ကို့ရဲ့အနိုင်အမာ ပရိသတ်တွေ အများကြီးပဲ၊ ဒီနှစ်ထဲမှာတော့ တောင်ကြီးမှာ နှစ်ပွဲ၊ သုံးပွဲလောက်ဆိုဖြစ်တယ်။ ပရိသတ်က အားပေးတာကိုလည်း တွေ့ရတယ်လေ။ အစ်ကို Show ဆိုတာကို ညီမက ကြည့်ဖြစ်လား။

ဟုတ် . . . ကြည့်ဖြစ်ပါတယ်။

**ဆိုတေး** - အေး . . . အဲဒါကြောင့် ညီမလေးကို အစ်ကို တွေ့လိုက်တယ်။ Show ပွဲပြီးတော့ ရေသန့်ဘူး လိုက်ကောက်နေတာ ညီမလေး မဟုတ်လား။

**ခြူးခြူး** - ဟား. . . ဟား . . . ဟား (အားလုံး ရယ်လျက်)။ အစ်ကိုလည်း ပွဲပြီးရင် ညီမလိုပဲ လိုက်ကောက်နေတာ ဟုတ်တယ် မဟုတ်လား။


**ဆိုတေး** - အေး. . . ။ အတူတူ လိုက်ကောက်ကြတာပေါ့(ရယ်လျက်)။ အခု ရတီမဂ္ဂဇင်းအတွက် ရိုက်ပြီးရင် ဘာတွေရိုက်ဖို့ ရှိသေးလဲ။ အနုပညာနဲ့ ပတ်သက်ရင် ရန်ကုန်မှာက လုပ်ရတာအဆင်ပြေတယ်လေ။ အနုပညာနဲ့ ကျောင်းနဲ့ ပတ်သက်ရင် ညီမလေးက ဘာကိုရွေးချယ်မလဲ။

**ခြူးခြူး** - နှစ်မျိုးစလုံး လုပ်မှာပါ။ ကျောင်းစာလည်း မလွတ်အောင် အနုပညာလည်း မလွတ်အောင် လုပ်သွားမှာပါ။

**ဆိုတေး** - တောင်ကြီးမြို့က လူတွေက ရာသီဥတုနဲ့



Asian Fame Media Group
MEDIA GROUP



ရက်နေ့မှာ အစ်ကို့ရဲ့ မွေးနေ့ ရှိတယ်။ တစ်နှစ်ပြီး တစ်နှစ်အား ခဲထားတာ ဒီနှစ်တော့ လုပ်ဖြစ်အောင်လုပ်ဖို့ ကြိုးစားနေ ပါတယ်။ မနှစ်ကတော့ အစ်ကို့ရဲ့ အဘိုးဆုံးသွားတာ ရက်လည်က အစ်ကို့ရဲ့ မွေး နေ့နဲ့ တိုက်နေ တော့ ခွေမထွက်ဖြစ်ခဲ့ဘူး။ အရေးပိုင်းမှာတော့ အစ်ကိုပဲ ရေးထားပါတယ်။ အခွေက မထွက်ခင်မှာ စိတ်ကြိုက်ပြင်ဆင်လို့ ရတယ်လေ။ ဥပမာ အခု လို ဓာတ်ပုံရိုက်ပြီး ပုံတွေ ပြန်ကြည့်မှ "ငါ . . . ဒီလိုလေး လုပ်လိုက်ရင် ကောင်းမယ်"ဆိုပြီး တွေးမိတာတွေ ရှိတယ်။ ဒါပေမဲ့ ပြန်ရိုက်လို့ မရတော့ဘူးလေ။ အဲဒီ သဘောပါပဲ။ ဘုရား၊ တရားအလုပ်တွေလည်း အများကြီး လုပ်ရတယ်။

**ခြူးခြူး** - အစ်ကိုက အခုလောလောဆယ်မှာ နယ်ထွက်တာများနေတာပေါ့နော်။

**ဆိုတေး** - ဆောင်းတွင်းကတော့ ကလေး၊ လှိုင်ကော်၊ တောင်ကြီး၊ ပြင်ဦးလွင်၊ မြိတ်၊ ထားဝယ်၊ ရေး၊ မော်လမြိုင်၊ သထုံမြို့တွေကို သီချင်းသွားဆိုဖြစ်တယ်။ အဲဒီမှာ အစ်ကို့ကို အားပေးတဲ့ ပရိသတ် တော်တော်များများ တွေ့ရပါတယ်။ အစ်ကို သီချင်းဘယ်နှပုဒ်ပဲ ဆိုရဆိုရ အစ်ကို လိုချင်တာက ပရိသတ်ဆီက အားပေးမှုပါ။ ညီမလေးလည်း အခုဓာတ်ပုံရိုက်ပြီး စာအုပ်မှာ ပါလာရင် သူငယ်ချင်းတွေက "ခြူးခြူးရေ နင့်ပုံလေးတွေက လှတယ်" ဆိုပြီးပြောရင် ဒါဟာ ညီမလေးကို တွန်းအားတစ်ခုပေးတာပဲလေ။ အဲဒီတော့ အနုပညာနဲ့ ပတ်သက်ရင် ဆက်ကြိုးစားပါ။ အစ်ကို့ကို မေးချင်တာတွေရှိရင် မေးဦး လေ။

**ခြူးခြူး** - အရင်တုန်းက ပိန်ပိန်လေး အခုဘယ်လိုဝလာတာလဲဟင်

**ဆိုတေး** - အရင်က Audio မထွက်တော့ အိမ်က ထမင်းမကျွေးဘူး(အားလုံးရယ်လျက်)။ အရင်တုန်းက အစ်ကိုက တစ်ယောက်တည်း လုပ်ရတာဆိုတော့ ပင်ပန်းတယ်လေ။ အိပ်ချိန်၊ စားချိန် မမှန်ဘူးပေါ့။ အခု VCD ထွက်သွားပြီးတော့မှ အိပ်ချိန်၊ စားချိန်နဲ့ အလုပ်သပ်သပ်စီ ခွဲလာတယ်။ အောင်မြင်မှုနဲ့ အတူတူ ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီးရှိလာတော့ စိတ်ချမ်းသာလာတယ်။ ပိန်တာ၊ ဝတာက စိတ်နဲ့ အစားအသောက်နဲ့ ဆိုင်ပါလိမ့်မယ်။ အရင်တုန်းက ထမင်းက တစ်ပန်းကန်ကို တစ်ဝက်တောင် မစားဘူး။ အခုကျတော့ ၅ ပန်းကန်လောက် စားဖြစ်တယ်(ရယ်လျက်)။

**ခြူးခြူး** - အခုတော့ အိမ်က ထမင်းကျွေးပြီပေါ့နော်။

**ဆိုတေး** - အေး . . . ကျွေးပြီပေါ့နော်။

**ခြူးခြူး** -တောင်ကြီးကို ဘယ်တော့လောက် လာဖြစ်ဦးမလဲ။

**ဆိုတေး** - လာချင်တာပေါ့ ညီမရယ်။ ဒီနေရာမှာဆို အလိုက်အေးချမ်းပါတယ်၊ စကားပြောတာလည်း ယဉ်ကျေးပါတယ်။ တောင်ကြီးမြို့က အစ်ကိုကြိုက်ခဲ့ရတဲ့ အဆိုတော် ကိုလေးဖြူ၊ ကိုအင် တို့ရဲ့ ဌာနေပေါ့နော်။ တောင်ကြီးမြို့ကို ရောက်သွားပြီဆိုရင် ကားပေါ်ကနေ နှင်းတွေထဲတိုးသွားရတာကို အရမ်းပျော်တယ်။ အစ်ကို တောင်ကြီးမှာ Show ဆိုရမှာ တစ်ရက်ဆိုရင် နောက်ထပ်နှစ်ရက်လောက် ပိုနေဖြစ်မယ်။

**ခြူးခြူး** - အစ်ကိုက တောင်ကြီးမြို့ရဲ့ ဘယ်နေရာတွေကို ပိုကြိုက်လဲ။


**ဆိုတေး** - အစ်ကိုက တောင်ပေါ်ဒေသတွေကို ကြိုက် တယ်။ နှင်းတွေထဲမှာ လျှောက်သွားရတာက အိပ်မက်တစ်ခုလိုပါပဲ။ တခြားကမ္ဘာကို ရောက်သွားသလိုပဲ။ စိတ်ကူးယဉ်တဲ့ ရင်ခုန်သံအတွေးတစ်ခုကတော့ တောင်ကြီးရဲ့ နှင်းတောထဲမှာ ကိုယ်ချစ်တဲ့သူနဲ့ လက်တွဲပြီးလျှောက်ချင်တယ် ဆိုတဲ့ အတွေးလေးကို ကားမောင်းရင်းနဲ့ တွေးဖြစ်တယ်။

**ခြူးခြူး** - အစ်ကို့ရဲ့ အနုပညာနဲ့ပတ်သက်ပြီး အခုလက်ရှိမှာ လုပ်ဖြစ်နေတာတွေက. . .

**ဆိုတေး** - "မင်္ဂလာပါ ဆိုတေး" ဒုတိယအခွေအတွက် recording လုပ်နေပါတယ်။ ပထမအခွေက ကိုယ်ထင်ထားတာထက်ကို ပရိသတ်အားပေးခဲ့တဲ့အတွက် မမျှော်လင့်ထား တဲ့အရာတစ်ခုကို ရခဲ့တာပေါ့နော်။ ဒုတိယစီးရီးက အစ်ကို့အတွက် အသက်ဆက်မယ့် ခြေလှမ်းတစ်ခုပါ၊ သီချင်းတွေကို ထုတ်လိုက်၊ သွင်းလိုက်၊ တီးလိုက်၊ ဆိုလိုက်နဲ့ လုပ်နေတာ တစ်လလောက်ရှိပြီ။ အခုထိကိုစိတ်တိုင်းမကျ သေးဘူး။ ခေတ်ရေစီးကြောင်းအရ သီချင်းအေးကြိုက်တဲ့လူနဲ့ သီချင်းမြူးကြိုက်တဲ့ လူမတူဘူးလေ။ ခေတ်ရေစီးကြောင်းကို ငြင်းဆန်လို့မရဘူး။ ကိုယ့်ရဲ့ဝါသနာကို ငြင်းဆန်လို့မရဘူး။ ကိုယ့်ရဲ့ အကြိုက်ကို ငြင်းဆန်လို့မရဘူး။ ပရိသတ်အကြိုက်ကိုလည်း ငြင်းဆန်လို့ မရဘူးလေ။ အစ်ကိုဘယ်လောက်ပဲ ကြိုးစားကြိုးစား ကံရှိမှရမှာလေ။ ၅ လပိုင်း ၆



Asian Fame Media Group



ဖို့ ပရိသတ်ရှိရင်တောင် အစ်ကိုတို့ကို ငှားတဲ့သူ၊ ခေါ်တဲ့သူရှိမှ ဆိုလို့ရမှာလေ။

**မြူမြူ** -အစ်ကိုရဲ့ ပထမအခွေထဲက သီချင်းတွေက ခံစားချက်အစစ်အမှန်တွေလား။

**ဆိုတေး** - ဒါပေါ့ ညီမလေးရဲ့. . ။ အတွေးမရှိဘဲ သီချင်းရေးလို့ မရဘူး။ ခံစားချက်မရှိဘဲ သီချင်းရေးလို့မရဘူးလေ။ ခံစားချက်မရှိရင်တောင် အလွမ်း ဓာတ်လေးရှိမှ အဆင်ပြေတာလေ။ ညီမလေး ကြိုက်တဲ့ "အဝေးရောက်ချစ်သူ" ဆိုရင်လည်း တိုက်ဆိုင်မှုအချို့အနည်းငယ်ရှိတယ်။ နယ်မှာ "မီးအိမ်ရှင်"ပေါက်ပေမယ့် သီချင်းတောင်းရင် "အဝေးရောက်ချစ်သူ" ကို တောင်းတာများတယ်။

**မြူမြူ** - "မင်္ဂလာပါ ဆိုတေး" အခွေရော သီချင်းအဆွေးလေးတွေပါလား။

**ဆိုတေး** - "မင်္ဂလာပါဆိုတေး"မှာ ၁၀ ပုဒ်လောက်ပဲ ထည့်ဖို့စီစဉ်ထားတယ်။ ဒီအခွေကို အစ်ကို အလေးအနက်ထားပြီး လုပ်နေပါတယ်။ ပရိသတ်က အစ်ကို့ရဲ့ ထမင်းရှင်ဆိုတော့ နံပါတ်တစ်က ပရိသတ်ပါပဲ။ အနုပညာမှာ နေရာတစ်ခုရဖို့ဆိုတာ ကံလည်း လိုတယ်လေ။ အစ်ကိုတို့ ဗုဒ္ဓဘာသာ အယူအဆအရ လူအားလုံးက သူ့ကုသိုလ်ကံနဲ့ သူပဲလေ။ အစ်ကိုဆိုရင် ရှိတဲ့ အသိုင်းအဝိုင်းက မဟုတ်ပါဘူး၊ အစ်ကို သီချင်းလေးတွေက ထီသည်ကတစ်ဆင့်၊ အင်တာနက်က တစ်ဆင့် ပေါက်သွားတော့ အဖေ၊ အမေက ပီတိကို စားတာပေါ့နော်။ အပုဒ်တိုင်းကို အစ်ကို ခံစားချက်နဲ့ ဆိုတယ်။ ပရိသတ်ကို မလိမ်မညာဘူး။ ပရိသတ်ကို လိမ်ညာပြီးမှ စားရတဲ့ ထမင်းကိုလည်း အစ်ကိုမျိုမကျဘူး။ ညီမလေးအခု ရတီမဂ္ဂဇင်းအတွက် အစ်ကိုနဲ့ ဓာတ်ပုံတွဲရိုက် တာက ပထမဆုံးလား တခြား ဘယ်မှာ ရိုက်ထားတွေရှိသေးလဲ။

**မြူမြူ** - တခြားတွေတော့ မရှိသေးပါဘူး၊ တစ်ယောက်တည်း ရိုက်ထားတာတွေပဲ ရှိပါတယ်။

**ဆိုတေး** - ညီမလေးအားကျရတဲ့ အနုပညာတွေက ဘယ်သူတွေလဲ။

**မြူမြူ** - မအိန္ဒြာကျော်ဇင်နဲ့ မဝတ်မှုံရွှေရည်ကို ကြိုက်တယ်။

**ဆိုတေး** - ညီမလေးကြိုက်တဲ့ အနုပညာရှင်တွေက အစ်ကိုအားပေးရတဲ့ အနုပညာရှင်ထဲမှာ ပါပါတယ်။ မအူဝဲရဲ့ ဖက်ရှင်နဲ့ အိုက်တင်မှိုင်းတွေကို ပရိသတ်တွေက ကြိုက်ကြတယ်နော်၊ ဝတ်မှုံရွှေရည်လည်း တစ်နိုင်ငံလုံးလက်ခံတဲ့ အနုပညာရှင်ပဲလေ။ ညီမလေးက သင်္ကြန်ကို ဘယ်လို ဖြတ်သန်းဖြစ်တာများလဲ။

**မြူမြူ** - သင်္ကြန်ဆိုရင် အိမ်မှာရေပက်တယ်၊ ကလေးငယ်ငယ်လေးတွေနဲ့ ကစားတယ်။ လည်ရင်တော့ ဆိုင်ကယ်နဲ့ တစ်ပတ်လောက် လည်ပြီးရင် ချမ်းလာတယ်။ တောင်ကြီးမြို့က အေးတယ်လေ။ အစ်ကိုရော သင်္ကြန်မှာဘယ်မှာရှိနေမှာလဲ။

**ဆိုတေး** - မနှစ်ကတော့ Skynet မှာ ဖျော်ဖြေတယ်။ ငယ်ငယ်တုန်းကတော့ ကဲဖြစ်တာပေါ့နော်။ အခု နောက်ပိုင်းကျတော့ ဖျော်ဖြေရေးသာမရှိရင် အိမ်မှာပဲ နေဖြစ်မှာပါ။ ဒီနှစ်မှာတော့ ရန်ကုန်မြည်လမ်းမှာရှိမှာပါ။

***အခုလို အပြန်အလှန်ပြောပြီးတဲ့ နောက်မှာတော့ Celebrity ဆိုတေးနဲ့ Audience မြူမြူတို့ ရဲ့ ဒီကဏ္ဍအပေါ် အမြင်လေးကို အခုလို ပြောပြခဲ့ပါတယ်။***

**ဆိုတေး** - ဒီကဏ္ဍလေးက ကောင်းပါတယ်။ ကျွန်တော့်လို အနုပညာရှင်တစ်ဦးနဲ့ ပရိသတ်နဲ့ အပြန်အလှန် ပြောရတဲ့အတွက် ရတီမဂ္ဂဇင်းကို ဖတ်ရှုတဲ့ ပရိသတ်တွေအနေနဲ့ အခြားသော အတွေ့အကြုံလေးတွေကို သိရတာပေါ့နော်။ မရွေးဖြစ်တဲ့ ပရိသတ်တွေ အနေနဲ့ နောက်ထပ် အနုပညာရှင်တွေရှိတာကြောင့် အားမလျှော့ပါနဲ့လို့ပြောချင်ပါတယ်။

**မြူမြူ** -ဒီလိုကဏ္ဍလေးလုပ်ပေးထားတော့ ညီမတို့လို အနုပညာရှင်နဲ့ တွေ့ချင်တဲ့ ဝါသနာရှင်တွေအတွက် အခွင့်အရေးတစ်ခုပါပဲ။ ညီမကို ရွေးတယ်ဆိုပြီး ဖုန်းဆက်တော့ အရမ်းပျော်ပါတယ်။ လူတွေအများကြီးထဲကနေမှ အရွေးခံရမယ်လို့ မမျှော်လင့်မိပါဘူး။ တွဲရိုက်ရတာကို အခက်အခဲမရှိအောင် အစ်ကိုဆိုတေးက ကူညီပေးပါတယ်။ ကိုယ်ကြိုက်တဲ့ အနုပညာရှင်နဲ့ တွဲရိုက်ရပြီး မဂ္ဂဇင်းကနေ အစစအရာရာ ကူညီပံ့ပိုးပေးခဲ့တာကို ကျေးဇူးတင်ပါတယ်။ အခုလိုအင်တာဗျူး အပြန်အလှန် လုပ်ရတာကို ပျော်ပါတယ်အစ်မ (ရယ်လျက်)။

***ဒီလအတွက် ကဏ္ဍလေးကို ပံ့ပိုးပေးခဲ့သူ***

*ဓာတ်ပုံကိုနိုင်(ပေါ်ပြူလာ)၊ မိတ်ကပ် စိုးစိုး၊ Yummy Yo Fashion ဆိုင်တို့ကို အထူး ကျေးဇူးတင်ပါတယ်။ နောက်လတွေမှာလည်း ရတီစာမျက်နှာထက်ကို ရောက်ရှိလာမယ့် ပရိသတ်ကို စောင့်ကြည့်ကြရအောင်လား ရှင်။ ။*

**သီတာစိုး**

Asian Fame Media Group



Asian Fame Media Group

# Sweet & Smart Style

Arranged by Moe Thauk Kyal

**Model**
Kaung Khant Kyaw
Kyi Nue Naing
**Photo**
Maw Kun Thit
**Retouch**
Akesh Demo
**Make up**
Ye' Ye'
**Dress**
Khing Lay (Floral)
Angel Boutique
**Location**
Natural Clay




Asian Fame Media Group
MEDIA GROUP




Asian Fame Media Group



Asian Fame Media Group




Asian Fame Media Group

# Beauty > Age

Model : Mya Shwe War/ Fashion : Bangkok Fashion/ Photo : Ko Naing (Popular)

Model : Tin Moe Lwin/ Make up - Lin Lin (Make up Artist)
Dress: Mogoke Pauk Pauk/ Casual Dress : iora Fashion
Photo : Aye Zaw Moe (Setthmu)
Arranged by Phyoe Su Po Po



# Beauty > Age

Model : Mya Shwe War/Fashion : Bangkok Fashion
Photo : Ko Naing (Popular)



# Beauty > Age

## မြရွှေဝါ

Breast - 33"
Waist - 28"
Hip - 34½"
Height - 5' 6"

Daily Exercise - မနက်တိုင်းလမ်းလျှောက်ခြင်း၊ ကကွက်များကိုတီထွင်ကခုန်ခြင်း

Eating Habit - ရေများများသောက်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များသာစားခြင်း။

Asian Fame Media Group



Asian Fame Media Group
af MEDIA GROUP

# Beauty > Age

Model : Tin Moe Lwin/ Make up - Lin Lin (Make up Artist)
Dress: Mogoke Pauk Pauk /Casual Dress : Iora Fashion
Photo : Aye Zaw Moe (Setthmu)



# Beauty > Age

တင်မိုးလွင်

Breast - 34"
Waist - 26"
Hip - 38"
Height - 5' 7"

Daily Exercise - စက်ကိရိယာလွတ်လေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ ခါးလှည့်ကွင်းလှည့်ခြင်း။ ကခုန်ခြင်း။

Eating Habit - အရောင်စုံသော အသီးအနှံ၊ ဟင်းသီးဟင်းရွက်များကို စားသောက်ခြင်း။ လတ်ဆတ်သောအသီး၊ ဟင်းသီးဟင်းရွက်များကို ဖျော်ရည်သောက်ခြင်း။

Asian Fame Media Group
MEDIA GROUP



# TINKERBELL FASHION

MODEL : NANT CHIT NADI ZAW
MAKE-UP : MIN MIN (BUTTERFLY)
DESIGNER : HTAY HTAY TIN(SHIMIZU)
PHOTO : BO BO, MG PUNK
ARRANGED BY MOE THUAK KYAL


Asian Fame Media Group
MEDIA GROUP


Asian Fame Media Group
MEDIA GROUP



Asian Fame Media Group
MEDIA GROUP





# REVLON®

**Express your True Colors with Revlon**
























ကမ္ဘာ့အအေးကမှန်းပွင့်မှာရှိတဲ့ Revlon ကောင်တာသစ် ဖွင့်ပွဲနှင့် အတူ " Express Your True Colors with Revlon " ပြိုင်ပွဲလေးကို ဖေဖော်ဝါရီလ (၉)ရက်၊ စနေနေ့ နေ့လည် (၂)နာရီမှ (၄)နာရီထိ ကျင်းပခဲ့ပါသည်။ ဒီပြိုင်ပွဲတွင် အန်တီကူးကူး မြင့်သိန်း နှင့် လင်းလင်း (make up artist) တို့က အကဲဖြတ်ဒိုင်အဖြစ်ပါဝင် အကူအညီပေးပါသည်။ True Colors ရဲ့ ပထမဆုကို မေသဉ္ဇာမောင် ရရှိပြီး နှစ်သိမ့်ဆုကို ချောကလက်နဲ့ မသီဂီအေး တို့က ရရှိခဲ့ပါသည်။





















စိုင်းစတီဗင်

**စတီလ်ဖင်ရဲ့ အနုပညာ လှုပ်ရှားမှုလေးကို ပြောပြပေးပါဦး။**

လောလောဆယ်တော့ မဂ္ဂဇင်းတွေမှာ ပရိုဂရမ်တွေ ရိုက်ဖြစ်တယ်။ ရန်ကုန်ရှိုးပွဲ၊ နယ်ရှိုးပွဲတွေလည်း ချိတ်ထားတာရှိပါတယ်။ သင်္ကြန်ကိုတော့ မန္တလေး၊ တောင်ကြီး၊ မြစ်ကြီးနား ရှိုးပွဲတွေ သွားဆိုဖို့ရှိတယ်။

**ဒီဒီယိုဇာတ်ကားတွေ ရိုက်ကူးထားတာရှိရင်လည်း သိချင်ပါတယ်။ ဇာတ်ကားနာမည်ရောပေါ့။**

ဒီသုံးလပိုင်းအကုန်လောက်မှာတော့ ကျွန်တော် သရုပ်ဆောင်ထားတဲ့ ဇာတ်ကားတစ်ကားတော့ ထွက်မယ်။ ဒီဇာတ်ကားလေးကတော့ Birthday ဗီဒီယိုလေးပါ။ သဏ္ဍီ၊ စိုင်းစတီဗင်(ကျွန်တော်) ခြူးခြူး ပြီးတော့ အခြားသရုပ်ဆောင်တွေ အများကြီးလည်း ပါသေးတယ်။

**ရှေ့ဆက်ပြီး အနုပညာဆက်လုပ်မယ့်အစီအစဉ်လေးလည်း ပြောပြပေးပါဦး။**

နေရာတစ်နေရာလေးရအောင်လို့ ကြိုးစားနေဆဲပါ။ ဒီအတွက်လည်း ပရိသတ်အားပေးမှုက အရေးကြီးပါတယ်။ ဆက်လက်ကြိုးစားသွားမယ့် အနုပညာလမ်းမှာ ကျွန်တော့်ကို အားပေးကြပါ။ ဝေဖန်ကြပါ။ တင်ဆက်တာ တစ်ခုခု မှားယွင်းခဲ့ရင်လည်း ခွင့်လွှတ်ပေးကြပါ။

**အခုလို သင်္ကြန်မတိုင်ခင် သင်္ကြန်အစီအစဉ်လေး ရိုက်ရတဲ့ အတွက် မောင်လေး ဘယ်လို ခံစားရလဲ။**

သင်္ကြန်ရောက်သွားသလိုပါပဲ။ ပြီးတော့ ရေတွေဗိုင်းပက်ပြီး ဓာတ်ပုံရိုက်ရတာ တကယ့် သင်္ကြန်ကို ရောက်နေသလိုပဲ ခံစားရပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်လွန်ခဲ့တာတွေကို ပြန်သတိရမိပါတယ်။

**ပရိသတ်နဲ့စာနယ်ဇင်းအတွက် နှစ်သစ် အမှတ်တရစကားလေးပြောပေးပါဦး။**

ဒီလိုသင်္ကြန်ကို ရတီမဂ္ဂဇင်းမှာ ရိုက်ခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ ပျော်လည်းပျော်တယ်။ ရတီမဂ္ဂဇင်းတိုက်ကိုလည်း ကျေးဇူးတင်ပါတယ်။ ပရိသတ်ကြီးအတွက်လည်း ဒီနှစ် သစ်သင်္ကြန်မှာ ပျော်ရွှင်ကြည်နူးမှုတွေနဲ့ လုပ်ငန်းများလည်း အဆင်ပြေပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ကျွန်တော့်ကိုလည်း အားပေးကြပါ၊ ပရိသတ်ကြီးအတွက်လည်း ကျေနပ်မှု ရသည်အထိ ကျွန်တော် အစွမ်းကုန် ကြိုးစားသွားမှာပါ။ ရတီမဂ္ဂဇင်းလည်း နှစ်သစ်နဲ့အတူ အောင်မြင်တိုးတက်ပြီး ဒီနှစ်သင်္ကြန်ရေနဲ့အတူ လန်းဆန်းနိုင်ပါစေလို့ ပြောချင်ပါတယ်။

# INTRO FOR DYNAMIC THINGYAN

**ညီမလေး အနုပညာလမ်းပေါ် စတင်လျှောက်လှမ်းခဲ့ပုံလေးပြောပြပေးပါဦး။**

သင်ဆရာ၊ မြင်ဆရာတွေ အများကြီးပါပဲ။ ကိုယ်ရှေ့မှာရှိတဲ့ ကိုယ့်ထက်တော်တဲ့သူတွေဟာ ကိုယ့်ရဲ့ ဆရာတွေချည်းပါပဲ။

**ညီမလေးကို အနုပညာလမ်းကြောင်းပေါ် ရောက်အောင် ပို့ပေးလိုက်သူက**

အစ်ကိုကတော့ ဝါသနာပါ။ ပြီးတော့ မတင်မိုးလွင် (Talents & Model Agency) ပါ။ ၂၀၀၈ ခုနှစ်ကပါ။ မော်ဒယ်ပွဲတွေမှာ စင်ပေါ်တက်ပြီး ကျော်ကြားလာပြီး အဆိုသင်တန်း တက်ခဲ့သေးတယ်။ စကားဝါမှာက သရုပ်ဆောင်သင်တန်း တက်ခဲ့သေးတယ်။

**ဒါဆိုရင် အခုလက်တလော လုပ်ဆောင်ချက်လေးတွေကို ပြောပြပေးပါဦး။**

ဗီဒီယိုကားတကားရိုက်ပြီး ကျန်တာတော့ ရှိုးပွဲတွေ လျှောက်ဖြစ်တယ်။ မဂ္ဂဇင်းအလှပုံတွေ ရိုက်ဖြစ်နေတယ်။ VCD အခွေရိုက်ဖြစ်နေတယ်။ ဂျယ်နယ် မျက်နှာဖုံးတွေလည်း ရိုက်ဖြစ်နေတယ်။

**ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲရှိခဲ့ရင်**

MRTV-4 ကလုပ်တဲ့ Star & Style မှာ


ခြူးခြူး

ပြိုင်ပွဲ ဝင်ခဲ့ဖူးတယ်။ ဒါကလည်း ဆရာမ တိုက်တွန်းလို့ပါ။ ပြီးတော့ပြိုင်ပွဲမှန်းလည်းမသိပါဘူး။ ဆရာမကပွဲ တစ်ပွဲရှိတယ်။ ဖောင်တင်ဆိုလို့တင်ခဲ့တာ။ စင်ပေါ်ရောက်မှ ပြိုင်ပွဲမှန်းသိတယ်။ ဒါကတော့ ပထမဦးဆုံးပါ။ အကျီကြော်ငြာ၊ ကော်ဖီကြော်ငြာတွေလည်း ရိုက်ထားသေးတယ်။ ပလာဇာက quality တိတ်ကြော်ငြာရိုက် ထားပါတယ်။ ဆက်လက်ပြီးလည်း အနုပညာကို ဆုံးခန်းတိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ။

**အခုလိုသင်္ကြန်မတိုင်ခင် သင်္ကြန်အစီအစဉ်လေး ရိုက်ရတဲ့အတွက် ညီမလေးရဲ့ အမြင်လေးနဲ့ ခံစားမှုလေးက**

သင်္ကြန် ရောက်တော့မယ်ဆိုရင် ကြိုပြီး ပျော်နေတတ်တာ ညီမပါ။ အခုလို သင်္ကြန်အစီအစဉ်အတွက် တကယ့်သင်္ကြန်လို ရေတွေစိုရွှဲအောင်ပက်ပြီး ရိုက်ရတဲ့အတွက် တကယ့်သင်္ကြန်ရောက်သွားသလို ခံစားရတယ်။ အခုဆိုသင်္ကြန်တောင်မြန်မြန်ရောက်စေချင်သွားပြီ။ အရင်နှစ်ကဆို သင်္ကြန်မှာ မဏ္ဍပ်ထိုင်ဖြစ်တယ်။ မော်လမြိုင်သင်္ကြန်တုန်းကပေါ့။

**ဒါဆိုရင် ပရိသတ်နဲ့ စာနယ်ဇင်းကို အမှတ်တရစကားလေး ပြောပေးပါဦး။**

ခြူးခြူးပရိသတ်တွေ ကျေနပ်လက်ခံနိုင်တဲ့ထိ ကြိုးစားသွားမယ်။ ပရိသတ်ကြီးလည်း ခြူးခြူးကို အားပေးဝေဖန်ကြပါ။ ရတီမဂ္ဂဇင်းမှာလည်း ခုလို သင်္ကြန်ကဏ္ဍမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရတီမဂ္ဂဇင်းနဲ့ ပရိသတ်ကြီး နှစ်သစ်ကူးမှာ ပျော်ရွှင်ပြီး သင်္ကြန်ရေနဲ့အတူ အေးမြလန်းဆန်းပါစေလို့ ခြူးခြူးက ဆုတောင်းပေးပါတယ်။

မိုးသောက်ကြယ်

Asian Fame Media Group





# Dynamic Thingyan

Model : Sai Steven, Chu Chu / Make up : Kyu Kyu
Dress Designer : Su May (Fashion Ceremony)
Photo : Ah Funt/ Arranged by Moe Thauk Kyal







# Dynamic Thingyan

Model : Sai Steven, Chu Chu / Make up : Kyu Kyu
Dress Designer : Su May (Fashion Ceremony)
Photo : Ah Funt

Asian Family Media Group



# Dynamic Thingyan

Model : Sai Steven, Chu Chu / Make-up : Kyu Kyu
Dress Designer : Su May (Fashion Ceremony)
Photo : Ah Funt



လှပစိုပြည်

# သင်္ကြန်မေ

မော်ဒယ်
အကယ်ဒမီချစ်စနိုးဦး၊ဂျင်နီ
မိတ်ကပ်
ကျော်ပိုး
ဒီဇိုင်နာ
ယဉ်သူဆွေ(Fashion Villa)
ပန်း
Royal Floral
ဓာတ်ပုံ
ကိုနိုင်(ငပါပြုတော)
စီစဉ်သူ
သီတာနိုး

Asian Fame Media Group





လှ ပ စို ပြည်

# သင်္ကြန်မေ

မော်ဒယ်
အကယ်ဒမီချစ်စနိုးဦး၊ ဂျူဝီ
မိတ်ကပ်
ကျော်မိုး
ဒီဇိုင်နာ
ယဉ်သုဆွေ(Fashion Villa)
ပန်း
Royal Floral
ဓာတ်ပုံ
ကိုနိုင်(ပေါ်ပြူလာ)



လု ပ စို ပြ ည်

# သင်္ကြန်မေ

မော်ဒယ်
အဘယ်ဒပီချစ်စနိုဦး၊ဂျင်နီ
မိတ်ကပ်
ကျော်မိုး
ဒီဇိုင်နာ
ယဉ်ထူးဆွေ(Fashion Villa)
ပန်း
Royal Floral
ဓာတ်ပုံ
ကိုနိုင်(ပေါ်မြူလာ)



# THINGYAN CHATTING

MODEL : NYAN LINN AUNG, ATHIN CHO SWE, MI SANDI/ MAKE-UP : HTET (POP SOUL) & THI THI (NYI NYI MAUNG- SANCHAUNG)
DRESS : MY WARDROBE/ PHOTO : KO NAING (POPULAR)/ ARRANGED BY THIDA SOE
GRAPHIC DESIGN HTUN HTUN LIN

## ညာဏ်လင်းအောင်

သင်္ကြန်မှာ အမှတ်တရလေးတွေ ရှိပါတယ်။ အဲဒါကတော့ ဧပြီ ၁၁ ရက်နေ့က ကျွန်တော့်မွေးနေ့ပါ။ ကျွန်တော့်အမေမွေးနေ့လည်း ဧပြီ ၁၂ ရက်နေ့ဆိုတော့ ပိုပြီး အမှတ်တရ ဖြစ်စေတာပေါ့နော်။ ဒီနှစ်သင်္ကြန်မှာတော့ ကျွန်တော်ရန်ကုန်မှာပဲ ရှိဖို့များပါတယ်။ သင်္ကြန်ဆိုရင် အင်္ကျီနှစ်ထပ်ဝတ်တာများတယ်။ အပေါ် အင်္ကျီကတော့ အခု ကျွန်တော်ဝတ်ထားသလို လက်ရှည်ပေါ့နော်။ ဒီနှစ်နေလည်းအရမ်းပြင်းတော့ ဖြစ်နိုင်ရင် သိပ်အပြင်မထွက်ကြပါနဲ့လို့ ပရိသတ်ကို ပြောချင်ပါတယ်။ အပူရှပ်တာတွေ မဖြစ်အောင်လို့ ကျန်းမာရေးကို ဂရုစိုက်ပါလို့လည်း ပြောချင်ပါသေးတယ်။

## အေသင်ချိုဆွေ

သင်္ကြန်နဲ့ ပတ်သက်ပြီး အမှတ်တရကတော့ အများကြီးမရှိပါဘူး။ ငယ်ငယ်တုန်းက အသက်ငယ်သေးလို့ဆိုပြီး အိမ်က မလွှတ်ဘူး။ ကြီးလာတော့လည်း သိပ်မကြာခင်တော့ Celebrity ဖြစ်သွားပြီဆိုပြီး မလွှတ်ဘူး။ သင်္ကြန်မှာတော့ အဆိုတော်တွေရဲ့ ထုံးစံအတိုင်း ဖျော်ဖြေရတာဆိုတော့ သိပ်ပြီးမပျော်ဖြစ်ဘူး။ မန္တလေးမှာ တစ်နှစ် မြစ်ကြီးနားသင်္ကြန်မှာ တစ်နှစ် ပရိသတ်တွေနဲ့ ပျော်ဖူးတယ်။ မြစ်ကြီးနားသင်္ကြန်မှာတော့ အမှတ်တရတွေ အများကြီးရှိခဲ့ဖူးတယ်။ မြန်မာပြည်မှာရှိတဲ့ လူတွေအကုန်လုံး စည်းကမ်းရှိရှိ သေသေသပ်သပ်လေးနဲ့ ဒီပွဲလေးကို ဆင်နွှဲမယ်ဆိုရင်တော့ အရမ်းကိုကောင်းတဲ့ ပွဲတော်လေးပါ။ ပရိသတ်တွေကို ပြောချင်တာကတော့ အမိကက လူငယ်တွေကို ပြောချင်တာပေါ့နော်။ အေသင်လည်း လူငယ်ဖြစ်တော့ ပျော်တဲ့အချိန်မှာ စိတ်ကိုလွှတ်ပြီး ပျော်လိုက်တာမျိုးတွေရှိတယ်။ အဲဒီလိုမျိုးမဖြစ်စေချင်ဘူး။ ခုနက ပြောသလိုပဲ သေသေသပ်သပ်လေးပျော်စေချင်တယ်။ အရက်ကိုလည်း အများကြီး မသောက်စေချင်ပါဘူး။ အေသင်အနေနဲ့ Cosmetic ပစ္စည်းကို Sunblock နဲ့ Eyelinerကိုwater Proofလောက်ပဲသုံးဖြစ်မှာပါ။ ဒီနှစ်သင်္ကြန်မှာ အေသင်က ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်မှာရှိမှာပါ။ Fashion ကတော့ အခု ဝတ်ထားတဲ့ ပုံစံမျိုးလေးတွေပဲ ဝတ်ဖြစ်မှာပါ။

## မိစန္ဒီ

မနှစ်ကသင်္ကြန်တုန်းက ရန်ကုန်မဏ္ဍပ်မှာ သီချင်းဆိုတာ နှစ်ရက်ပဲဆိုတယ်။ အဲဒီတုန်းက အခုလို အနုပညာကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဖြစ်သေးဘူး။ သူငယ်ချင်းတွေနဲ့ မဏ္ဍပ်ထိုင်နေတုန်း နှစ်ခုကျော် မဏ္ဍပ် X2O ကထုံးပေါက်တယ်။ ဘာဖြစ်မှန်းလည်း မသိတော့ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတာ။ မာမားကလည်း စိတ်ပူပြီး ဖုန်းတွေဆက်တယ်။ ပြန်ဖို့တောင် Taxi က မနည်းငှားရတယ်၊ သင်္ကြန်ဆိုတာ နှစ်ဟောင်းက အညစ်အကြေးတွေကို နှစ်သစ်ကို မသယ်သွားချင်လို့ ရေနဲ့ ဆေးကြောတယ်လို့ မြင်ပါတယ်။ နိုင်ငံတကာက စိတ်ဝင်စားတဲ့ အရမ်းကိုပျော်ဖို့ကောင်းတဲ့ ပွဲတော်ကြီးတစ်ခုလို့ မြင်မိတယ်။ မနှစ်ကတော့ အနက်နဲ့ Crazy Colour နဲ့ တွဲဝတ်ဖြစ်တယ်။ ဒီနှစ်မှာတော့ မျက်စိအေးပြီး လူလည်း သက်သက်သာသာဖြစ်မယ့် ပုံစံမျိုးဝတ်ဖို့များပါတယ်။ သင်္ကြန်မှာ Cosmetic ကို မိတ်ကပ်ထက် Sunblock ကို ပိုသုံးဖြစ်မယ်။ သင်္ကြန်ကတော့ ပျော်စရာကောင်းပြီး အန္တရာယ်အရမ်းများပါတယ်။ အဲဒီလို အန္တရာယ်တွေရှိတဲ့အတွက် ပရိသတ်အားလုံး အေးချမ်းပျော်ရွှင်ပြီး အန္တရာယ်ကင်းရှင်းပြီး ထိန်းထိန်းသိမ်းသိမ်း ပျော်နိုင်ကြပါစေလို့ ပြောလိုက်ပါတယ်နော်။

Asian Fame Media Group









Asian Fame Media Group



သူမကိုကြည့်ရတာ အေးအေးဆေးဆေးတည်ငြိမ်မှု အပြည့်နဲ့ပါ။ သိမ်မွေ့လွန်းတဲ့ သူမက Construction လုပ်ငန်းနဲ့ Shopping Center လုပ်ငန်းကို ဦးဆောင်စီမံနေသူဆိုရင် ဘယ်သူယုံလိမ့်မလဲ။ ဒါပေမဲ့ သိမ်မွေ့တဲ့သူက ရဲရဲဝံ့ဝံ့နဲ့ အလုပ်တွေ လုပ်နေတာပါ။ စာပေတန်ဖိုးကိုသိပြီး သူမကိုယ်တိုင် မြန်မာစာပေမြှင့်တင်တဲ့ အစီအစဉ်တွေကို ဦးဆောင် ဖန်တီးတဲ့ စီးပွားရေးလုပ်ငန်းရှင် မဝတ်ရည်ထွေးနဲ့ တွေ့ဆုံခွင့်ရခဲ့ပြီး . . .

# BEYOND THE WOMEN

## Wutt Ye Htwe

arranged by phyoe su po po



**အရင်ဆုံး အစ်မရဲ့မိသားစုနဲ့အလုပ်အကြောင်းကို မိတ်ဆက်ပေးပါလား။**

အစ်မတို့က မိသားစု ၄ ယောက်ရှိတယ်။ အစ်မအဖေက ဦးကိုကိုထွေး။ အမေက ဒေါ်အေးအေးသန်း။ အစ်မက အကြီးပေါ့။ အစ်မအောက်က ညီမလေးပါ။ အခုတော့ အစ်မတို့ညီအစ်မနှစ်ယောက်လုံးက တော်ဝင်စင်တာကို ဦးစီးပြီးလုပ်နေတာပေါ့။ အစ်မတို့ရဲ့တော်ဝင်ကုမ္ပဏီက မိသားစုပိုင်လုပ်ငန်းပဲ။ တခြားရှယ်ယာပါတာတို့ ဘာတို့မရှိဘူးပေါ့။ တစ်ဦးတည်းပိုင်လုပ်ငန်းပေါ့။

**အစ်မက ဒီအလုပ်တွေကို ဘယ်အချိန်မှာစပြီး တာဝန်ယူလုပ်ဆောင်ခဲ့တာပါလဲ။**

အစ်မက ဒီအလုပ်တွေကို စပြီးလုံးလုံးလျားလျားတာဝန်ယူခဲ့တာကတော့ တော်ဝင်စင်တာစပြီးလုပ်တဲ့ ၂၀၁၀ ကစတာပေါ့။ အခု အစ်မတို့ညီအစ်မ ၂ ယောက်မှာ အစ်မက စင်တာရဲ့အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူတယ်။ ဆိုင်ခန်းတွေ နေရာချတာတွေ၊ စည်းကမ်းပိုင်းတွေ၊ Service ပိုင်းဆိုင်ရာတွေကို အစ်မက တာဝန်ယူတယ်။ အစ်မညီမလေးကတော့ Promotion ပိုင်းကို တာဝန်ယူတယ်။ Promotion ပွဲလုပ်တာတို့ ဘာတို့ကို သူကဦးစီးပြီး လုပ်နေပါတယ်။

**ဒီလိုအလုပ်တွေကို တာဝန်ယူနိုင်ဖို့အတွက် လုပ်ငန်းပိုင်းဆိုင်ရာပညာရပ်တွေကို ဘယ်လိုလေ့လာဖြစ်ခဲ့ပါသလဲ။**

ပညာရပ်ပိုင်းဆိုင်ရာကတော့ အစ်မက Business Management နဲ့ ကျောင်းပြီးခဲ့တာ။ ဒါပေမဲ့ အစ်မက အဝေးသင်ပဲတက်ခဲ့တာပါ။ အစ်မတို့နှစ်တွေတုန်းက ကျောင်းတွေက ပိတ်ထားတော့ ပထမတော့ Eco တက်ဖို့ပဲ။ နောက်တော့ မတက်ဖြစ်ဘဲ Business Management ကို အဝေးသင်ပဲ တက်ခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်ကတည်းက အစ်မက လုပ်ငန်းထဲရောက်နေပြီ။ အစ်မအဖေက အစ်မတို့ ၈ တန်းကျောင်းသူကတည်းက နွေရာသီကျောင်းပိတ်ရင် သူ့နောက်ကနေ သူ့ရဲ့ Secretary အနေနဲ့လိုက်ရတယ်။ သူ ပြောတာ သူလုပ်တာတွေကို အစ်မတို့ကို လိုက်မှတ်ခိုင်းတယ်။ လုပ်ငန်းခွင်ထဲလိုက်ပြီး သူဘယ်လိုစီမံလဲ အားလုံးမှတ်ရတယ်။ လုပ်ငန်းပိုင်းကို အဓိကသင်ပေးခဲ့တာကတော့ အဖေပေါ့။ အစ်မက ဒီလုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး သင်တန်းတွေ ဘာတွေတက်ထားတာ မရှိဘူး။ အဖေကပဲ လက်တွေ့သင်ပေးခဲ့တာပါ။

**လူတစ်ယောက်က အလုပ်လုပ်မယ်ဆိုရင် လုပ်ငန်းအတွေ့အကြုံက အရေးကြီးတာလား။ ဒါမှမဟုတ် အဲဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ အတတ်ပညာကျွမ်းကျင်မှုက အရေးကြီးတာလား။**

နှစ်ခုလုံးက ဘက်ညီဖို့လိုတာပေါ့။ တစ်ခုတော့ရှိပြီး တစ်ခုအားနည်းတာတော့ မဖြစ်သင့်



Photo - အောင်နိုင်စိုး (ကစွပ)

ဘူး။ ဘယ်နေရာမှာမဆို တစ်ဖက်စောင်းနင်းဖြစ်တာတော့ မကောင်းဘူးလေ။ လုပ်ငန်းကျွမ်းကျင်မှုကလည်း အရေးကြီးတယ်။ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး လုပ်ငန်းရဲ့သဘောတရားတွေကို သေချာနားလည်ထားရမယ်။ လုပ်ငန်းနဲ့ဆက်စပ်နေတဲ့ ပတ်ဝန်းကျင်၊ ဖြစ်တတ်တဲ့ ပြဿနာတွေကိုလည်း ကြိုတွေးထားရမယ်။ အဲဒါတွေက အတွေ့အကြုံနဲ့လည်း ဆိုင်တယ်။ ကိုယ်က အတွေ့အကြုံမရှိလည်း အတွေ့အကြုံရှိတဲ့သူတွေဆီက လေ့လာရမယ်။ စနစ်တကျလေ့လာထားရမယ်။

**အခုချိန်မှာ Shopping Mall တွေက အပြိုင်အဆိုင်တွေ တအားများလာတယ်နော်။ အဲဒီလိုယှဉ်မှာမှ အစ်မရဲ့တော်ဝင်စင်တာကြီး အောင်မြင်ဖို့အတွက် အစ်မဘယ်လိုကြိုးစားပါသလဲ။**

ကြိုးစားတဲ့အပိုင်းဆိုရင်တော့ အစ်မက ဒါကို နည်းနည်းရှည်ရှည်လေးလေးတော့ ပြောရလိမ့်မယ်။ အရင်က အစ်မတို့ရဲ့လုပ်ငန်းအစ က Construction လုပ်ငန်း။ တော်ဝင်ဆောက်လုပ်ရေးပေါ့။ ဒီစင်တာပိုင်းကိုလုပ်ဖို့ ရည်ရွယ်ချက်



မရှိခဲ့ဘူး။ အစ်မတို့တွေ ပြည်ပကိုသွားတာတို့၊ မိသားစု ဈေးဝယ်ထွက်တာတို့လုပ်တော့ သူများနိုင်ငံက Shopping Mall တွေရဲ့ အပြင်အဆင်တွေ၊ သူတို့ပေးတဲ့ Service တွေကို အစ်မတို့မြင်ရတယ်။ ပြီးတော့ လေ့လာဖြစ်တယ်။ သူတို့က သူတို့ရဲ့ Customer တွေကို ဘယ်လိုပစ္စည်းမျိုးတွေ၊ ဘယ်လိုအရည်အချင်းမျိုးတွေပေးလဲ။ သူတို့ရဲ့မြင်ဆင်မှု Design တွေကအစ လေ့လာဖြစ်တယ်။ အဲဒီလိုတွေမြင်ရင်း၊ လေ့လာရင်းနဲ့ အစ်မတို့လည်း Centre လုပ်ချင်တဲ့စိတ်ကူး ဖြစ်ခဲ့တာပေါ့။ ခုနက ညီမမေးတဲ့ အပြိုင်အဆိုင်တွေကြားမှာ အောင်မြင်ဖို့ ဘယ်လိုကြိုးစားလဲဆိုတော့ အစ်မတို့ကတော့ ဘယ်သူကတော့ ငါတို့ရဲ့အပြိုင်အဆိုင်ဆိုပြီး မသတ်မှတ်ထားပါဘူး။ ဘာလို့လဲဆိုတော့ အားလုံးကကိုယ်လိုချင်တဲ့ Target အတိုင်းသွားနေကြတာပဲလေ။ အဲဒီတော့ အားလုံးက လိုချင်တဲ့ Target ချင်းလည်း မတူဘူး၊ Customer ကို ပေးချင်တဲ့ အနေအထားချင်းလည်း မတူဘူး။ အစ်မတို့လိုချင်တဲ့ ပုံစံကကျတော့ အစ်မတို့က Local Business ကို ဦးတည်တယ်။ Local

Customer တွေရဲ့ လက်ရှိစီးပွားရေးအခြေအနေ၊ Local မှာ Demand က ဘယ်လိုရှိနေလဲ။ ဘယ်လိုလူမျိုးတွေက ဘယ်လိုပစ္စည်းမျိုးအစားတွေကို လိုအပ်လဲ၊ ဒါတွေကို အဓိကထားပါတယ်။ လေ့လည်းလေ့လာပါတယ်။ ပြီးတော့ အစ်မတို့ Centre မှာ ဆိုင်တွေလာဖွင့်မယ့် စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း လေ့လာပါတယ်။ ဘာလို့လဲဆိုတော့ အစ်မတို့နဲ့လက်တွဲပြီး အလုပ်လုပ်မယ့် မိတ်ဖက်က သူတို့တွေလေ။ ဘယ်လိုလူတွေက ဘယ်လိုပစ္စည်းတွေရောင်းလဲဆိုတာ လေ့လာတယ်။ အဲဒါတွေလေ့လာပြီးမှ အစ်မက ပေါင်းစပ်ပြီးလုပ်တာပါ။ ကိုယ့်နိုင်ငံကလူတွေ နိုင်ငံခြားသွားစရာမလိုဘဲ မြန်မာနိုင်ငံမှာပဲရှိတယ်ဆိုတာကို အစ်မက ပေးချင်တယ်။ ဒါကြောင့် အစ်မက Design ကအစ Customer Service အဆုံး စဉ်းစားပြီးမှ လုပ်ပါတယ်။ နောက်ပြီး စဉ်ဆက်မပြတ်ပေါ့။ အစ်မတို့ဆီလာတဲ့ Customer တွေရဲ့လိုအပ်ချက်တွေက ဘာတွေရှိသေးလဲ။ အစ်မတို့က ဘာတွေထပ်ဖြည့်ပြီး ပေးနိုင်သေးလဲဆိုတာ အမြဲစဉ်းစားပြီး ဖြည့်စွမ်းတယ်။ ဒါကြောင့်လည်း ဒီနေ့အချိန်ထိ အစ်မတို့ရဲ့ တော်ဝင်စင်တာ ဒီလိုရပ်တည်နေနိုင်တာပါ။

> ပြီးပြည့်စုံဖို့
> ဆိုတာကတော့
> ဘယ်နေရာမှာမှ
> မဖြစ်နိုင်ပါဘူး။
> လိုအပ်ချက်ဆိုတာတော့
> ရှိစမြဲပဲ။ တစ်ခုပဲ
> ကိုယ်က ဘာကို
> ပေးချင်တာလဲဆိုတာ
> ရှင်းရှင်းသိထားရမယ်။

**ဒီဘက်ခေတ်မှာ Shopping Culture က တော်တော်လေးခေတ်စားလာတယ်နော်။ ဒီလိုခေတ်ရဲ့ တောင်းဆိုမှုတွေနဲ့ ကိုက်ညီအောင် အစ်မဘယ်လိုတွေ ပြင်ဆင်ထားပါသလဲ။**

အသေချာဆုံးအချက်ကတော့ လူတန်းစားမျိုးစုံ၊ လူအလွှာမျိုးစုံက ဝယ်နိုင်အောင် အစ်မတို့က ဆိုင်ခန်းပေါင်း ၅၀၀ ကျော်ဖွင့်လှစ်ထားတယ်။ စိတ်ကြိုက်ရွေးပြီး ဝယ်နိုင်အောင် စီစဉ်ပေးထားတယ်။ Brand မှဆိုတဲ့လူတွေအတွက်လည်း Brand နဲ့ပတ်သက်တဲ့ဆိုင်တွေ အများကြီးရှိတယ်။ အစ်မတို့ Centre ရဲ့ အလွှာလိုက်ခွဲလိုက်တယ်။ အောက်ထပ်ကတော့ Brand တွေပေါ့။ ပြီးတော့ အစ်မတို့ရဲ့ Centre မှာ လာပြီး ဆိုင်ဖွင့်တဲ့ လုပ်ငန်းရှင်တွေက သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းနိုင်အောင်လို့ အစ်မတို့က ဆိုင်ခန်းရဲ့ အကျယ်အဝန်းနဲ့ နေရာချထားပေးမှုကို အဓိကစဉ်းစားပေးပြီး စီစဉ်ပေးထားတယ်။ အဲဒီတော့ သူတို့ကလည်း သင့်တင့်တဲ့ဈေးနဲ့ Customer ကို ပြန်ပြီး ရောင်းနိုင်တာပေါ့။ အဓိကကတော့ အစ်မတို့က လူတန်းစားမျိုးစုံလာပြီး ဝယ်နိုင်အောင် စီစဉ်ထားတာပါ။

**ဒီက Shopping Centre တွေမှာ ပေးနေတဲ့ Service တွေနဲ့ တခြားနိုင်ငံက Centre တွေမှာ ပေးနေတဲ့ Service တွေ ဘယ်လိုတွေကွာခြားတွေ့ရှိပါသလဲ။**

ကွာခြားလာမှုကတော့ ရှိတာပေါ့။ ဘာလို့လဲဆိုတော့ နိုင်ငံခြားကတော့ သူ့ရဲ့ရာသီဥတု၊ ပတ်ဝန်းကျင်အလိုက်၊ သူ့လူမျိုးရဲ့ဓလေ့စရိုက်အလိုက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးတာလေ။ အစ်မတို့ကကျတော့လည်း အစ်မတို့ရဲ့ လူမျိုးလိုအပ်ချက်ကိုပဲ အဓိကထားတာပေါ့။ အစ်မတို့လူမျိုးတွေက ဘာတွေလိုအပ်နေလဲ ဘာတွေကိုကြိုက်နှစ်သက်လဲဆိုတာကို တွေးရတာပေါ့။ ဥပမာ ကားရပ်ဖို့ကိစ္စပေါ့။ အစ်မတို့ရဲ့ တော်ဝင်စင်တာကိုလာတာ ကားရပ်စရာနေရာမရှိလို့ ပြန်ပြန်ထွက်သွားရတယ်ဆိုတာမျိုး မရှိအောင် အစ်မတို့က ကြိုးစားတယ်။ ကားတွေထပ်မနေအောင်၊ ပိတ်မနေအောင်စီစဉ်ပေးတယ်။ Centre ထဲမှာလည်း ဓာတ်လှေကား ၁၀ စင်းနဲ့ စက်လှေကား ၂၂ စင်းတပ်ပေးထားတယ်။ ဘယ်အထပ်ကိုပဲသွားသွား တစ်တွေ့တစ်ပတ်ကြီးရှာနေရတဲ့အချိန် မှာ သက်သောင့်သက်သာနဲ့ ဈေးဝယ်လို့ရအောင် စီစဉ်ထားတာပါ။ PA System နဲ့ အသံပိုင်းဆိုင်ရာကို အတွင်းမှာထည့် ပေးထားတယ်။ Customer တွေရဲ့ လိုအပ်ချက်ကို ဖြည့်ပေးဖို့ Customer Service ဆိုပြီး ကဲ့စမ်းမဲတွေ ဘာတွေ လုပ်ပေးတယ်။ ပြီးတော့ အစ်မတို့ရဲ့ Centre က ကြီးတော့ အမြဲကြုံရတဲ့ ပြဿနာက လူပျောက်တတ်တယ်။ ဒါဆို အစ်မတို့ရဲ့ Information Counter က ရှာပေးတာမျိုးပေါ့။ သူတို့လိုအပ်ချက်တွေကို ချက်ချင်းဖြည့်ပေးနိုင်တာပေါ့။ နောက်ပြီး ဖြစ်တတ်တာက တချို့ကနယ်ကလာတာဆိုရင် စက်လှေကားစီးရင်း ချော်လဲတတ်ကြတယ်။ ဒီတော့ အစ်မက ဆေးဆိုင်ထားပေးတယ်၊ ဆေးခန်းထားပေးရတယ်။ Information Counter ကို ဘာကိစ္စပဲရှိရှိ အကြောင်းကြားပြီး အကူအညီတောင်းလို့ရတယ်။ ဒါမျိုးတွေကို စဉ်းစားပြီး ထည့်ပေးထားပါတယ်။

**Shopping Centre ကို ဦးစီးနေရတဲ့ အစ်မအနေနဲ့ တခြားဘယ်နိုင်ငံက Shopping Centre တွေအကြောင်းကို စိတ်ဝင်စားစွာ လေ့လာဖြစ်ပါသလဲ။**

လေ့လာဖြစ်တာကတော့ အင်္ဂလန်တို့၊ ပြင်သစ်တို့မှာရှိတဲ့ Shopping Centre တွေကိုလည်း လေ့လာပါတယ်။ ဒါပေမဲ့ အစ်မ အဓိကလေ့လာတာကတော့ ဘန်ကောက်နဲ့စင်ကာပူမှာရှိတဲ့ Centre တွေကိုပါ။ ဘာလို့လဲဆိုတော့ မြန်မာလူမျိုးတွေ အထိတွေ့ဆုံးက ဘန်ကောက်နဲ့ စင်ကာပူက Shopping Centre တွေပါပဲ။ နောက်ပြီး အစ်မတို့က ကမ္ဘာမှာရှိတဲ့ ပစ္စည်းတွေအကြောင်းလည်း လေ့လာရတယ်။ အဲဒါမှ အစ်မတို့က ကိုယ့်ရဲ့ Customer တွေကို Brand နဲ့ပတ်သက်ရင် အစစ်အမှန်ကို ပေးနိုင်မှာပါ၊ အတုအစစ်ကိုလည်း အစ်မတို့ကိုယ်တိုင် ခွဲခြားသိနိုင်အောင်လည်း လေ့လာရပါတယ်။

**ပြီးပြည့်စုံတဲ့ Shopping Mall တစ်ခုဆိုရင် ဘယ်လို Service တွေ၊ ဘယ်လိုဆိုင်ခန်းတွေ ရှိထားရမလဲ။**

ပြီးပြည့်စုံဖို့ဆိုတာကတော့ ဘယ်နေရာမှာမှ မဖြစ်နိုင်ပါဘူး။ လိုအပ်ချက်ဆိုတာတော့ ရှိစမြဲပဲ။ တစ်ခုပဲ ကိုယ်က ဘာကိုပေးချင်တာလဲဆိုတာ ရှင်းရှင်းသိထားရမယ်။ ဥပမာ - ကိုယ့်ရဲ့ Centre မှာ IT နဲ့ဆိုင်တာတွေနဲ့ပတ်သက်ပြီး ပေးချင်တာလား၊ ဖက်ရှင်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ပေးချင်တာလား။ စားသောက်ကုန်ပေးချင်တာလား။ အိမ်သုံးပစ္စည်းတွေ ပေးချင်လားပေါ့။ ဒါတွေကို အခြေခံပြီး ကိုယ်သွားချင်တဲ့လမ်းကြောင်းကို ရွေးရမယ်။ ပြီးတော့ Local ရဲ့ Demand အနေအထား၊ ပတ်ဝန်းကျင်အနေအထားနဲ့လည်း ယှဉ်ပြီး စဉ်းစားရမှာပေါ့။ ကိုယ်က မြို့လယ်ကောင်မှာဖြစ်ပြီး လယ်ယာသုံးစက်ပစ္စည်းတွေတင်ရင်လည်း မဖြစ်ဘူး။ ပြီးတော့ ကိုယ့် Centre ကို လာမယ့် Customer တွေရဲ့အနေအထားကိုလည်း ထည့်ပြီး စဉ်းစားရမယ်။ အစ်မတို့ရဲ့ Centre မှာဆိုရင် အိမ်သုံးပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းကို အဓိကထားပြီး တင်ထားတယ်။

**အစ်မတို့ရဲ့ တော်ဝင်ဆောက်လုပ်ရေးကရော အဓိကဘယ်လိုအဆောက်အဦမျိုးတွေကို တည်ဆောက်ဖြစ်နေပါသလဲ။**

အစ်မတို့ဆောက်လုပ်ရေးစခဲ့တာက ၁၉၈၆ တည်းကပါ။ အဲဒီကတည်းကနေ အခုထိတော့ အစ်မတို့က ပုံစံမျိုးစုံ၊ အလွှာမျိုးစုံဆောက်ခဲ့ဖူးတယ်။ Hotel တွေဘာတွေ အများကြီးဆောက်ခဲ့တယ်။ ဒါပေမဲ့ အစ်မတို့ အဓိကဆောက်ဖြစ်တာတော့ အိမ်ရာတွေပေါ့။ နောက်ပြီး အဆင့်မြင့် Condo တွေရောပေါ့။ Ocean တို့ဘာတို့လိုပေါ့။ ပြီးတော့ အစ်မတို့ အများဆုံးလုပ်ဖြစ်နေတာတော့ တန်ဖိုးနည်းအိမ်ရာတွေပါ။ အရင်က အစ်မတို့ ဆောက်ခဲ့တဲ့ တန်ဖိုးနည်းအိမ်ရာက မြောက်ဒဂုံ

က မဟာမြိုင်အိမ်ရာပေါ့။ အခုတော့ မှုဒိတာ ၁ နဲ့ ၂ ဆိုပြီး ဆောက်နေတယ်။ မန္တလေးမှာလည်း အများကြီး ဆောက်ပြီးပါပြီ။

**Construction တစ်ခုကို ဦးစီးရတာက တခြားလုပ်ငန်းတွေနဲ့ ကွဲပြားမှုတွေ ရှိလိမ့်မယ်နော်။ Construction တစ်ခုကို ဦးစီးရတဲ့သူ တစ်ယောက်မှာ ဘယ်လိုစိတ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေ ရှိထားရပါမလဲ။**

အစ်မတို့ကတော့ ငယ်ငယ်ကတည်းက အစ်မတို့အဖေက လက်ထပ်သင်ကြားပေးထားတော့ အစ်မတို့အမြင်မှာ ယောက်ျားလေး မိန်းကလေးဆိုပြီး ခွဲမြင်တာတော့ မရှိဘူး။ အစ်မတို့အဓိကသင်ကြားခဲ့ရတာက စီမံခန့်ခွဲမှုပါပဲ။ ဘယ်လုပ်ငန်းမဆို စီမံခန့်ခွဲမှုက အဓိကပါပဲ။ စီမံခန့်ခွဲမှုကိုသာနားလည်ရင် လုပ်ငန်းက ဘယ်လုပ်ငန်းမဆို လုပ်တတ်သွားတယ်။ လုပ်ငန်းဆိုတာမျိုးက ပုံစံလေးတွေကွဲပေမယ့် စီမံရတဲ့ပညာကတော့ တူပါတယ်။ အစ်မတို့ဆီကို Customer က ပုံစံမျိုးစုံလာနိုင်တယ်။ အဲဒီအပေါ် ဘယ်လို အဆင်ပြေအောင် လုပ်ပေးနိုင်မလဲ။ အဆင်ပြေအောင်ဆိုတာမှာလည်း ကိုယ်လည်း အဆင်ပြေ သူလည်းအဆင်ပြေအောင် လုပ်ပေးရမှာ။ စီမံခန့်ခွဲမှုဆိုတာ အားလုံးအဆင်ပြေအောင် လုပ်ရတာလို့ အစ်မအဖေက သင်ပေးထားတယ်။ တကယ်လက်တွေ့မှာလည်း အဖေပြောတဲ့သီအိုရီက မှန်တယ်။ တကယ်လည်း အဖေပြောသလိုပဲ အစ်မက အခုကျင့်သုံးပါတယ်။ ဒါကြောင့်လည်း တခြားထွေထွေထူးထူး စိတ်ပိုင်းဆိုင်ရာပြင်ဆင်မှုမျိုးတော့ မရှိခဲ့ပါဘူး။ လုပ်ငန်းကျွမ်းကျင်မှု၊ ဖွဲ့၊ လုံ့လနဲ့ အရည်အချင်းကိုပဲ အဓိကလို့ အစ်မက တွေး



Asian Fame Media Group
af MEDIA GROUP

ထားပါတယ်။

**အဆောက်အဦတစ်ခုမှာ Design က အရေးကြီးတာလား။ Safety ဖြစ်ဖို့က အရေးကြီးတာပါလား။ အစ်မတို့ဆောက်လုပ်တဲ့ အဆောက်အဦတွေရဲ့ Safety ပိုင်းကိုရော ဘယ်လောက်ထိ အာမခံနိုင်ပါသလဲ။**

Design ဆိုတာမှာ အစ်မတို့မှာ Architect ဆွဲပေးတဲ့ Design နဲ့ ခိုင်ခံ့မှုပိုင်းကိုတွက်ပြီး ဆွဲပေးတဲ့ အင်ဂျင်နီယာရဲ့ Structure Design ဆိုပြီးရှိတယ်။ Architect ကတော့ အစ်မတို့က မြေနေရာတစ်ခုမှာ အဆောက်အဦဆောက်တော့မယ်ဆိုရင် သူက ပတ်ဝန်းကျင်အနေအထားနဲ့ ကိုက်ညီတဲ့၊ လှပတဲ့ Design ကို ဆွဲပေးတာပေါ့။ Design မှာ လှပတာကိုပဲ အစ်မတို့က အလေးထားလို့ မရဘူး။ ခိုင်ခံ့မှုရှိရမယ်။ ပြီးတော့ အိမ်

> ဘာပဲဖြစ်ဖြစ်
> လူတစ်ယောက်က
> ကိုယ့်ကိုယ်ကိုယ်
> အားကိုးတတ်ဖို့ဆိုရင်
> အသိပညာဗဟုသုတနဲ့
> ပြည့်ရမယ်။ ဒါမှ
> ဘယ်လို ပြဿနာတွေပဲ
> ဖြစ်လာဖြစ်လာ
> ဖြေရှင်းနိုင်တဲ့ဉာဏ်ရှိမယ်။
> ပြဿနာတွေဆိုတာ
> အမြဲတမ်း
> အဖေကူပါ၊ အမေကယ်ပါ
> လုပ်နေလို့မရဘူး။

ဆိုရင် လူတွေနေမှာဆိုတာ စဉ်းစားရမယ်။ ကိုယ်နေရတာ သက်သောင့်သက်သာရှိပြီး လုံခြုံမှုရှိဖို့ကို အဓိကထားရမယ်၊ ဒီတော့ အိမ်က Design တွေကတော့ လှနေပါရဲ့။ ဒါပေမဲ့ အသုံးမလိုတဲ့ ပြင်ဆင်မှုတွေများနေရင် အလကားပဲ။ Structure ပိုင်းမှာလည်း ခိုင်ခံ့မှုကိုပဲ အလေးထားပြီး သံချောင်းတွေ အများကြီးသုံးထားတာမျိုးတွေ ဘာတွေလုပ်ထားရင်လည်း အလကားပဲ။ ခိုင်ခံ့မှုလည်း ရှိရမယ်။ Design လည်း လှရမယ်။ လူနေဖို့လည်း သက်သောင့်သက်သာဖြစ်ရမယ်။ ဒီအချက်တွေနဲ့ ပြည့်စုံတဲ့ Design ကို အစ်မတို့က ရွေးတာပါ။

**အခုနောက်ပိုင်းမှာ သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ မုန်တိုင်းတို့၊ ငလျင်တို့ဆိုတာလည်း မြန်မာပြည်မှာ ဖြစ်လာပြီဆိုတော့ ဒီလိုကိစ္စတွေကို ကြိုတင်ကာကွယ်တဲ့နည်းစနစ်တွေရော ရှိပါသလား။**

ဒါကိုတော့ အစိုးရက အစ်မတို့ကို သတ်မှတ်ပေးထားတာ ရှိတယ်။ အဆောက်အဦဆောက်တဲ့အခါ ပိုင်ဘယ်လောက်ရိုက်ရမယ်တို့ ဘာတို့ပေါ့။ ဆောက်လုပ်ခွင့်တင်တဲ့အခါ ထည့်ပြီးတင်ရတယ်၊ ဒါတွေကြည့်ပြီးမှ အစ်မတို့ကို ဆောက်လုပ်ခွင့်ချပေးတာပါ။ အစ်မတို့က စဆောက်တော့မယ်ဆိုတာနဲ့ ကိုယ့်နိုင်ငံရဲ့ ရာသီဥတုအခြေအနေ လေတိုက်နှုန်း မြေအနေအထား ဒါတွေကိုကြည့်ပြီး တွက်ချက်ဆောက်ရတယ်၊ Foundation စချကတည်းကလုပ်ရတာပေါ့။

**မြန်မာပြည်ကလူတွေ အများစုက နေဖို့အိမ်ရွေးချယ်ရင် ဘယ်လိုအရာတွေကို အဓိကထားပြီး ရွေးချယ်တတ်လဲဆိုတာ Counstruction ပိုင်းတွေကို စီမံနေတဲ့အစ်မအနေနဲ့ ပြောပြပေးပါလား။**

အဓိကကတော့ သူတို့တတ်နိုင်တဲ့ ငွေကြေးပမာဏပါပဲ။ ပြီးတော့ သူတို့ရဲ့လုပ်ငန်းသဘာဝနဲ့ ကလေးတွေရဲ့ကျောင်းတို့ ဘာတို့နဲ့နီးတာမျိုးကို ရွေးတတ်ကြတယ်။ ပြီးတော့ ရှိတဲ့မိသားစုနဲ့ အိမ်အကျယ်အဝန်း ဒါတွေလည်း ကြည့်ရွေးကြတယ်။ ကိုယ့်မိသားစုအတွက် သောင့်သက်သာရှိဖို့ ကြည့်ရွေးတာပေါ့။

**အစ်မရဲ့ငယ်စဉ်က ရည်မှန်းချက်ကရော ဒီနေ့လက်ရှိ အစ်မရဲ့ဘဝမျိုးဟုတ်ပါသလား။**

အစ်မတို့ရဲ့ မိသားစုပုံစံက တစ်ယောက်နဲ့တစ်ယောက် ပွင့်လင်းတယ်ပြောရမယ်။ ငယ်ငယ်ကတည်းကလည်း ငယ်လို့ဆိုပြီး ကလေးပါဆိုပြီး ဖယ်မထားဘူး။ မိသားစုကိစ္စလို ဆွေးနွေးခွင့်ပေးတယ်။ အစ်မတို့မိသားစုမှာ ဘာကိစ္စပဲရှိရှိ Family Meeting လုပ်ပြီးမှ ဆုံးဖြတ်တတ်ကြတယ်။ အစ်တို့သိသင့်သိထိုက်တဲ့ အရွယ်မှာ သိသင့်တဲ့ ပမာဏကိုပေးသိတယ်။ ဒါကြောင့် အစ်မက အိပ်မက်ရယ်လို့ ထူးထူးထွေထွေမရှိခဲ့ဘူး။ အစ်မယုံကြည်ထားတာက အစ်မတို့အဖေက သူလုပ်နေတဲ့အလုပ်တွေကို တစ်ချိန်ကျရင် အစ်မတို့က ဆက်လုပ်ရမယ်ဆိုတာပဲပေါ့၊ ယုံကြည်တဲ့အတွက်လည်း အဖေကရှေ့ကသွားတယ်။ အစ်မတို့က နောက်ကနေ ပံ့ပိုးပေးတဲ့အဆင့်မှာလည်း ပံ့ပိုးပေးခဲ့တယ်။ ဒါကြောင့်လည်း ဒီနေ့အချိန်ထိ လုပ်ငန်းအောင်မြင်မှုရှိခဲ့တာပါ။ အစ်မဘဝမှာ ရည်မှန်းချက်နဲ့ ကွာခြားသွားတာမျိုးတော့ မရှိပါဘူး။

**အစ်မရဲ့ကိုယ်ပိုင်မိသားစုဘဝကိုရော ဘယ်လိုပုံစံနဲ့ ဖြတ်သန်းချင်ပါသလဲ။**

ဘယ်သူမေးမေးပေါ့။ အားလုံးကတော့ ကိုယ့်ရဲ့မိသားစုဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ဖြတ်သန်းချင်တာပါ။ ပျော်ရွှင်နိုင်ဖို့ဆိုတာလည်း တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိရမယ်၊ မေတ္တာနဲ့တည်ဆောက်ရမယ်။ ဒါဆိုရင်တော့ ပျော်ရွှင်ရမှာပါ။ တစ်ဖက်ဖက်ကို အစွန်းရောက်သွားရင်တော့ ပျော်ရွှင်နိုင်မှာမဟုတ်ပါဘူး။ ဒါက မိသားစုမှာမှ မဟုတ်ပါဘူး။ ဘယ်နေရာမဆို ဘက်ညီမှ ဖြစ်မှာပါ။

**အစ်မက စာဖတ်တာ ဝါသနာပါတယ်လို့ သိရတယ်။ အစ်မဝန်ထမ်းတွေကိုလည်း စာဖတ်ဖို့တိုက်တွန်းတယ်လို့ သိရတယ်။ စာဖတ်တာနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးပေးပါဦး။**

အစ်မတို့အမေက အစ်မတို့ကိုငယ်ငယ်တည်းက စာဖတ်တဲ့အလေ့အကျင့်ကို လုပ်ပေးတယ်။ ကာတွန်းကစပြီး ဝတ္ထုဖတ်တတ်တဲ့အရွယ်အထိ ဖတ်ခဲ့ကြရတာ။ နောက်ပိုင်းဖတ်ပါများလာတော့ အစ်မတို့ကလည်း စာဖတ်ရတာကိုကြိုက်လာတယ်။ နောက်တစ်ချက်က စာဖတ်တော့ အစ်မတို့ မထိတွေ့နိုင်တဲ့အရာတွေကို ထိတွေ့နိုင်တယ်။ ဥပမာ - အစ်မက အမေရိကားကို ရောက်ဖူးချင်မှ ရောက်ဖူးမယ်။ ဒါပေမဲ့ အမေရိကားအကြောင်းကိုတော့ စာထဲကနေသိနိုင်တယ်။ လေ့လာနိုင်တယ်။ အစ်မတို့လယ်မစိုက်ဖူးပေမယ့် လယ်သမားတွေအကြောင်းကို စာထဲကနေ သိနိုင်တယ်။ ဆရာကြီးယ်နီရေးခဲ့တဲ့ ကိုတင့်ငါဝတ္ထုတွေကနေ အစ်မတို့က ရေလုပ်ငန်းတွေအကြောင်းကို လေ့လာနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် လူတစ်ယောက်က ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်ဖို့ဆိုရင် အသိပညာဗဟုသုတနဲ့ ပြည့်ရမယ်။ ဒါမှ ဘယ်လို ပြဿနာတွေပဲ ဖြစ်လာဖြစ်လာ ဖြေရှင်းနိုင်တဲ့ဉာဏ်ရှိမယ်၊ ပြဿနာတွေဆိုတာ အမြဲတမ်း အဖေကူပါ၊ အမေကယ်ပါလုပ်နေလို့မရဘူး။ ကိုယ်တိုင်ဖြေရှင်းရမှာတွေ ရှိတယ်။ လူဆိုတာ စိတ်က ဦးဆောင်တဲ့အမျိုးပေါ့။ စိတ်ဦးဆောင်တဲ့သူတွေအတွက် စိတ်အာဟာရဆိုတာ လိုတယ်။ အဲဒီစိတ်အာဟာရကို စာပေဖတ်တာကပဲ ရနိုင်တယ်။ အခုခေတ်လူငယ်တွေက စာဖတ်နည်းသွားပြီ။ ဘာလို့လဲဆိုတော့ အခုခေတ်က Entertainment တွေ တအားများသွားပြီလေ။ အားလုံးက အသိဉာဏ်ရှိကြပါတယ်။ ဗဟုသုတလည်း ရှာချင်ကြပါတယ်။ ဒါပေမဲ့အချိန်ရှားသွားတာလည်းပါတယ်။ စာဖတ်ချိန်မပေးနိုင်တော့ဘူး။ Facebook ဝင်ချိန်က များနေကြတာပါ။ ဒါတွေ အတွက် အချိန်က ကုန်မှန်းမသိ ကုန်သွားတတ် တာလေ။ ဒါကြောင့် အစ်မက အစ်မဝန်ထမ်းတွေ ကိုလည်း စာဖတ်ကြဖို့ အမြဲတွန်းအားပေးဖြစ်တယ်၊ ကိုယ်တိုင်လည်း စာဖတ်တယ်။ စာဖတ်ရင်းနဲ့ရတဲ့ အသိက ကိုယ့်ကိုယ်ကိုယ်တည်ဆောက်ဖို့ အတွက် လိုအပ်တဲ့အသိတွေပါပဲ။

**လူငယ်တွေကို စာဖတ်စေချင်လို့ အစ်မရဲ့ တော်ဝင်စင်တာမှာ စာရေး စာဖတ်စွမ်းရည်ပြိုင်ပွဲဆိုတာကို လုပ်ဖြစ်ခဲ့တာလား။**

ဟုတ်ပါတယ်။ လူငယ်တွေကို စာဖတ်စေချင်

MEDIA GROUP
Asian Fame Media Group

တယ်။ နောက်ပြီး စာဖတ်တာမှာလည်း ဖတ်ရင်ပြီးပြီမဟုတ်ဘူး။ စာပေကနေ ထုတ်နုတ်ရမယ်။ အဲဒီလိုထုတ်နုတ်ဖို့အတွက်လည်း ကိုယ့်အတွက်ကျန်မယ့် စာပေမျိုးကို ရွေးပြီးဖတ်သင့်တယ်။ ဒါကြောင့် အစ်မက ပြိုင်ပွဲလေးလုပ်တော့ လူငယ်ကို အဓိကထားပြီးလုပ်ခဲ့တယ်။ 'သူလိုလူ' စာအုပ်ကို အစ်မက ပြိုင်ပွဲအတွက် ရွေးလိုက်တယ်။ ပြီးတော့ သူတို့ကိုဖတ်ခိုင်းပြီး ထုတ်နုတ်ခိုင်းတယ်။ စာအုပ်ကိုဖတ်ပြီး ကိုယ့်ရဲ့ထုတ်နုတ်မှုကို ရေးဖြေဖြေရတယ်။ ရေးဖြေခိုင်းတာလည်း အစ်မက မြန်မာစာအရေးအသားကို လူငယ်တွေကို လေ့လာစေချင်လို့ပါ။ ပြီးတော့ ရွေ့ထွက်ပြီး Stage Presentation လုပ်ခိုင်းတယ်။ အများရှေ့မှာ ကိုယ့်ရဲ့ယုံကြည်ချက်ကို ရဲရဲဝံ့ဝံ့ပြောနိုင်တယ်ဆိုတဲ့ အသိကိုလည်း ပေးချင်လို့ပေါ့။ ဘာလို့လဲဆိုတော့ အစ်မတို့ရဲ့ပညာရေးစနစ်က လူငယ်တွေကို ယုံကြည်ချက်ပျောက်ဆုံးစေတယ်။ "စာရေးစာဖတ်စွမ်းရည်" ပြိုင်ပွဲပေမယ့် Stage Presentation ပါ ထည့်ခဲ့တယ်။ ကိုယ်သိထားတဲ့အသိကို ထုတ်ဖော်နိုင်မှ အများကသိမှာလေ။ အခု ဒီပွဲလုပ်ဖြစ်တာ ဒါက ပထမဆုံးအကြိမ်ပေါ့။ အသက် ၁၆ နှစ်ကနေ ၃၀ အထိ အသက်ကန့်သတ်ပြီး လုပ်ခဲ့တယ်။ အခုနောက်ထပ်လုပ်ဖို့ရှိတယ်။ အသက်အရွယ်ကိုတော့ အစ်မတို့ ဆွေးနွေးနေကြတုန်းပါပဲ။

**အဲဒီတော့ ဒီပွဲမှာရော အစ်မမျှော်လင့်သလို ရလဒ်ရခဲ့ရဲ့လား အစ်မ။**

အစ်မထင်တာထက်ပိုပြီးကောင်းတဲ့ ရလဒ်ကို ရခဲ့ပါတယ်။ အစ်မတို့လူငယ်တွေကို လူကြီးတွေက စာမဖတ်ဘူး။ စာမဖတ်ဘူးပြောကြတယ်။ မှန်ပါတယ်။ ဒါပေမဲ့ ဖတ်တဲ့သူကလည်း တကယ့်ကို နှံ့နှံ့စပ်စပ်ဖတ်ထားကြတာ တွေ့ရတယ်။ ဒီလိုလူတွေများလာဖို့ပဲ အစ်မတို့က ကြိုးစားရမှာပေါ့။

**အခုချိန်မှာ အရင်နဲ့မတူတော့တဲ့ စီးပွားရေးအခွင့်အလမ်းတွေက ပိုပြီးပွင့်လာတယ်။ ဒီလိုအချိန်မှာ အလုပ်လုပ်ရတဲ့ အစ်မတို့အတွက် ဘယ်လိုအကျိုးတွေ ရနိုင်ပါသလဲ။**

စီးပွားရေးအခွင့်အလမ်းများလာပြီလို့ အားလုံးက အဲဒီလိုထင်ကြတယ်။ ဒါပေမဲ့ တကယ်တော့ စီးပွားရေးလုပ်ငန်းတွေထဲမှာ သိပ်ပြီးထူးထူးခြားခြား ပြောင်းလဲလာတာမျိုးတော့ မရှိဘူးလို့ အစ်မက ယူဆပါတယ်။ ဘာလို့လဲဆိုတော့ အစ်မတို့ရဲ့ ကုမ္ပဏီကလည်း အရင်ကတည်းက အခုချိန်ထိ ကိုယ်ပိုင်ပဲဆိုတော့ သူများနဲ့လည်း မမှီခို၊ မပူးပေါင်းခဲ့ဖူးဘူး။ အစ်မတို့က အဆောက်အဦတစ်ခု ဆောက်မယ်ဆိုရင် ကိုယ်တိုင်မြေဝယ်ပြီး ကိုယ့်မြေပေါ်မှာပဲ ဆောက်တာ။ တစ်ဦးတည်းပိုင်ဆိုတော့ အစ်မတို့က ရုန်းကန်ရပါတယ်။ ဒီတော့ ဟိုတုန်းကနဲ့ အခုက အတူတူပါပဲ။ ဘာမှသိပ်ပြီး ပြောင်းလဲတာမျိုး မရှိပါဘူး။

**အခုဆိုရင် Human Right ဆိုတာမျိုး၊ Labour Law ဆိုတာမျိုးတွေက တအားကို သတိပြုပြီး ပြောဆိုလာကြတယ်။ လူ့အဖွဲ့အစည်းအတွက် Rules တွေက အရေးကြီးတာလား။ Laws တွေက အရေးကြီးတာပါလား။**

အစ်မက Human Right ကို အရင်ပြောချင်တယ်။ Human Right ဆိုတာ လူ့အခွင့်အရေးပေါ့။ လူ့အခွင့်အရေးဆိုတာ လူတစ်ဦးတည်းရဲ့ အခွင့်အရေးမဟုတ်ဘူး။ လူ့အားလုံးတန်းတူညီမျှရရမယ့် အခွင့်အရေးပါ။ အခု အစ်မတို့မြန်မာနိုင်ငံမှာက Human Right ဆိုတာကို တွင်တွင်ကျယ်ကျယ် သုံးနေကြပေမယ့် ဒါရဲ့အဓိပ္ပာယ်ကိုတော့ သေသေချာချာ နားမလည်ကြပါဘူး။ ဒါနဲ့ဆက်စပ်ပြီး စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေဆိုတာရှိရတာပါ။ တစ်ဦးနဲ့တစ်ဦး မထိခိုက်အောင် ကာကွယ်ထားတဲ့ ဥပဒေတွေပါ။ အိမ်မှာလည်း အိမ်စည်းကမ်းရှိသလို လူတိုင်းမှာလည်း သူ့ရဲ့ ကိုယ်ပိုင်စည်းကမ်းရှိတယ်။ အဲဒီလိုပဲ နိုင်ငံမှာလည်း နိုင်ငံစည်းကမ်းရှိတယ်။ လူတွေအားလုံးမှာ ညီမျှတဲ့ စည်းမျဉ်းစည်းကမ်းအောက်မှာရှိပြီး အုပ်ချုပ်သူလူတန်းစားရော အားလုံးက သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာကျင့်သုံးရမှာပါ။

**လုပ်ငန်းတစ်ခုမှာ မိန်းမဦးဆောင်တဲ့လုပ်ငန်းခွင်နဲ့ ယောကျ်ားလေးဦးဆောင်တဲ့ လုပ်ငန်းခွင်မှာ အောင်မြင်မှုရာနိုင်နှုန်းက ဘယ်ဟာပိုများတယ်လို့ အစ်မ ထင်ပါသလဲ။**

အဲဒါကိုတော့ အစ်မက အမျိုးသား၊ အမျိုးသမီးရယ်လို့ ခွဲပြီးမပြောချင်ပါဘူး။ ဘာလို့လဲဆိုတော့ အရည်အချင်းနဲ့ပဲ ဆိုင်လိမ့်မယ်။ အားလုံးက လူသားတွေပါ။ လူသားတွေအားလုံးက တပြေးညီ ကြိုးစားပိုင်ခွင့်ရှိသလို အခွင့်အရေးတွေလည်း တန်းတူရထားပြီးသားပါ။ သူ့ရဲ့ကြိုးစားအားထုတ်မှုပေါ် မူတည်ပြီး အရည်အချင်းအရ အောင်မြင်မှုက ကွာခြားသွားမှာပါ။

**မိန်းမတစ်ယောက်ဖြစ်နေလို့ လက်လျှော့လိုက်ရတဲ့ ရည်မှန်းချက်တွေ၊ လိုအပ်ချက်တွေ အစ်မ ခံစားဖူးပါသလား။**

ဘယ်တော့မှ မခံစားခဲ့ရဖူးပါဘူး။ ပတ်ဝန်းကျင်က အမျိုးသားမှ အမျိုးသမီးမှဆိုတာမျိုး ရှိခဲ့ရင်တော့ အစ်မတို့က ခံစားရမှာပေါ့။ ပတ်ဝန်းကျင်က အဲဒီလိုမခွဲခြားဘဲ တန်းတူညီမျှ အမြင်နဲ့ထားခဲ့ရင်တော့ အစ်မတို့ခံစားရမှာ မဟုတ်ပါဘူး။ အစ်မရဲ့ဘဝမှာတော့ မိန်းမဖြစ်နေလို့ဆိုပြီး လက်လျှော့လိုက်တာမျိုး မရှိခဲ့ဖူးပါဘူး။

**တန်ဖိုးရှိတဲ့ မိန်းမသားတစ်ယောက်ဖြစ်ချင်ရင် ပြည့်စုံနေရမယ့် အချက်အလက်တွေက ဘာတွေများလဲ။**

အဓိကကတော့ ကိုယ်ကျင့်သိက္ခာနဲ့ သီလ၊ သမာဓိပါပဲ။ ကိုယ်ကျင့်သိက္ခာကတော့ အမျိုးသမီးမှ မဟုတ်ပါဘူး။ အမျိုးသားလည်း ရှိရမှာပါ။ တန်ဖိုးရှိတဲ့မိန်းမဆိုတာထက် တန်ဖိုးရှိတဲ့ လူသားတစ်ဦးဖြစ်ဖို့က လူတိုင်းကိုယ်ကျင့်သိက္ခာနဲ့ သီလ၊ သမာဓိကို စောင့်ထိန်းရမှာပါ။

**တော်ဝင်စင်တာကလုပ်တဲ့ Promotion ပွဲတွေကိုရော၊ အစ်မတို့က ဘယ်လိုတွေစဉ်းစားပြီး လုပ်ဖြစ်နေပါသလဲ။**

Promotion ပွဲလုပ်ဖို့ကတော့ အစ်မတို့က ဌာနတစ်ခုထားပြီး လုပ်ပါတယ်။ အရောင်းပါးတဲ့အချိန်မျိုး၊ Seasonal ပွဲတွေရှိတဲ့ အချိန်မျိုးတွေမှာ Promotion ပွဲတွေ လုပ်ဖြစ်တယ်။ တစ်ခါတလေ ပွဲတွေလည်း လုပ်ဖြစ်တယ်။ ဝယ်သူတွေ ထိုက်ထိုက်တန်တန်ရတဲ့ဟာလည်း ဖြစ်စေချင်တော့ အစ်မတို့က ဂျာနယ်၊ TV တို့အညီပြီး မဲဖောက်ပေးတယ်။ နောက်ပြီး အစ်မတို့က Promotion ပွဲ သီးသန့်လည်း မလုပ်ချင်ဘူး။ ဒါကြောင့် "စာပေမြင့်တင် လူ့စွမ်းအင်" လိုပွဲမျိုး၊ Fantastic Music ပွဲလိုလည်း လုပ်ပေးပါတယ်။ ဘာလို့လဲဆိုတော့ အရည်အချင်းရှိတဲ့လူငယ်တွေလည်း ရှိလာစေချင်တဲ့ စေတနာနဲ့ပါ။ လာတဲ့သူတွေအနေနဲ့လည်း ဈေးဝယ်ရုံသက်သက်၊ အပျော်သက်သက်မျိုးမဟုတ်တဲ့ ဗဟုသုတရသွားစေတာမျိုး၊ စိတ်ပျော်ရွှင်သွားစေတာမျိုးလည်း ဖြစ်စေချင်တာပါ။ အစ်မတို့ စာပေဟောပြောပွဲလေးတွေလည်း မကြာမကြာလုပ်ပေးဖြစ်ပါတယ်။ X'mas ပွဲလိုမျိုး၊ မိုးရာသီပွဲလိုမျိုးလို၊ Seasonal ပွဲတွေကလွဲရင် အစ်မတို့က ပွဲတွေကို အခါအားလျော်စွာနဲ့ ဗဟုသုတရစေတဲ့ပွဲတွေ လုပ်ပေးဖြစ်ပါတယ်။

**လုပ်ငန်းလုပ်ဖို့အတွက် ရည်ရွယ်နေတဲ့ အမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်လောင်းတွေအတွက် အစ်မ ဘယ်လိုစကားလက်ဆောင်မျိုး ပေးချင်ပါသလဲ။**

အခုဆိုရင် အမျိုးသမီးတွေလည်း တဖြည်းဖြည်းနဲ့ အိမ်ထဲကထွက်လာကြပြီ။ ဟိုတုန်းကလို အိမ်ထဲမှာပဲနေပြီး အိမ်ရှင်မပဲလုပ်နေတဲ့ ခေတ်မဟုတ်တော့ဘူး။ အဘက်ဘက်ကနေ ကိုယ်တတ်စွမ်းသလောက် ဖြည့်ဆည်းနေကြပြီ။ ဒါကြောင့် မိန်းမတွေက အသိပညာဗဟုသုတ ပြည့်အောင် လေ့လာပါ။ ကြိုးစားပါလို့ ပြောချင်တယ်။ ဘယ်လုပ်ငန်းမှာမဆို ကိုယ့်ကိုယ်ကိုယ်ကယုံကြည်မှုရှိမှ အောင်မြင်နိုင်မှာပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိရမယ်။ လုပ်ငန်းလုပ်ရင် ကြုံရမယ့်အခက်အခဲတွေက ဘယ်လုပ်ငန်းမှာမဆို ရှိပါတယ်။ ဒါတွေကို ယုံကြည်မှုရှိရှိနဲ့ ရင်ဆိုင်နိုင်ရမယ်။ စိတ်ဓာတ်မကျဖို့ လိုတယ်။ ပတ်ဝန်းကျင်နဲ့ သင့်တင့်လျောက်ပတ်တဲ့ အခြေအနေဖြစ်အောင် ဖန်တီးရမယ်။ အားလျှော့တတ်တဲ့ စိတ်တွေကို ဖယ်ထားစေချင်ပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group



# Wings of Hope

Model - Tun Ko Ko/Fashion - Wizard
Photo - Aung Zaw Min
Arranged by - Phyoe Su Po Po

(၁)

ကျွန်တော် ဘယ်လိုမှ မေ့မရတဲ့နေ့တစ်နေ့ပါ။ လျှပ်စစ်မီးလုံးကြီးတွေ မီးမောင်းကြီးတွေ ရောင်စုံပြိုးပြက် ဝင်းဝင်းလက်နေတဲ့ Stage စင်မြင့်မြင့်ကြီးပေါ်မှာ ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ရဲ့ Theatre ကြီးထဲမှာ . . . ကျွန်တော်က တောင်ရှည်ပုဆိုးကို ခပ်ကြွားကြွားဝတ်ဆင်ပြီး လျှောက်နေရတာပါ။ ကျွန်တော့်ရင်ထဲမှာ ငါက မြန်မာလူမျိုး၊ ငါ့လူမျိုးကိုယ်စား ငါက ဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့ ပီတိတွေ ဂုဏ်ယူမှုတွေနဲ့ ကျွန်တော့်တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေက ဆူပွက်နေတာ၊ ကျွန်တော့် မျှော်လင့်ချက်တွေ၊ ကျွန်တော့် စိတ်ကူးတွေက Asian New Star Model 2013 Contest ရဲ့ စင်မြင့်ပေါ်မှာ ပူးကပ်နေတယ် . . .

(၂)

ကျွန်တော်က ၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ အမေ့ရဲ့ချစ်ခြင်းတွေကို တစ်ပွေ့တစ်ပိုက်နဲ့ခံယူဖို့ လူ့လောကထဲစပြီး ရောက်လာခဲ့တယ်။ ပဲခူးမှာမွေးပြီး ပဲခူးမှာကြီးတော့ ကျွန်တော်က ပဲခူးသားစစ်စစ်ပေါ့။ ကျွန်တော့်အမေ သားယောကျ်ားလေး ရူးတာတော့ ပြောမနေပါနဲ့။ ကျွန်တော်အထက်မှာက အစ်မ ၂ ယောက်ပြီးတော့ ကျွန်တော်တို့အမျိုးက သားယောကျ်ားလေးတော်တော်ရှားတာ။ ဒီတော့ အမေက ကျွန်တော့်ကို ကိုယ်ဝန်စရှိတာနဲ့ ရှိသမျှနတ်တွေ၊ ဘုရားတွေမှာ သားဆုပန်၊ အဓိဋ္ဌာန်ဝင်၊ ဆုတောင်းနဲ့ မွေးစင်ပေါ်တက်တဲ့အထိ စနေနေ့မှာ မွေးမယ့်ထက်မြက်တဲ့ သားလေးဖြစ်ပါစေ

Asian Fame Media Group
AF MEDIA GROUP



Asian Fame Media Group



# Wings of Hope

Model - Tun Ko Ko/Fashion - Wizard
Photo - Aung Zaw Min


Asian Fame Media Group

ဆိုပြီး တဖွဖွ ဆုတောင်းခဲ့တာတဲ့။ အမေ့ရဲ့ ဆုတောင်းတွေက ပြည့်ခဲ့တယ်ပေါ့။ ဒီတော့ အငယ်ဆုံး၊ အထွေးဆုံး တစ်ဦးတည်းသား ကျွန်တော့်ကို တုန်နေအောင်ချစ်ပါတယ်။ အလိုလိုက်အချစ်ခံပြီး နေခဲ့ရတဲ့ ကျွန်တော့်ရဲ့မျှော်လင့်ချက်တွေက အမေဖြစ်စေချင်သလို ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေတော့ မဟုတ်ခဲ့ဘူး။ ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေက . . . 'အနုပညာရှင်' . . . ဟုတ်တယ်။ ကျွန်တော့်မှာ အနုပညာသွေး ပါခဲ့တယ်။ သူငယ်တန်းကနေ ဆယ်တန်းအထိ ကျွန်တော်တက်ခဲ့တဲ့ ပဲခူး (အ. ထ. က (၃)) ကျောင်းမှာ ကျောင်းရဲ့အနုပညာလှုပ်ရှားမှုတိုင်းမှာ ပါခဲ့တာပဲလေ။ ဘင်ခရာအဖွဲ့တွေ ဘာတွေဝင်ပြီး ကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲမှာတောင် ဆုတွေဘာတွေရခဲ့သေးတာလေ။ အမေချစ်တဲ့ သားလေးက အနုပညာအလုပ်တွေ လုပ်ချင်တာကို အမေက စိတ်မချခဲ့ပေမယ့် ကျွန်တော့်ကို ချစ်တော့ အလိုလိုက်ခဲ့ပါတယ်။ ကျွန်တော် ၁၀ တန်းအောင်တော့ ဦးချိုကြီးဆီမှာ သင်တန်းတက်တယ်။ Model ပြိုင်ပွဲတွေလည်း ဝင်ပြိုင်ခဲ့ဖူးတယ်။ ဒါပေမဲ့ Mr. ဆိုတဲ့ ပထမဆုနဲ့တော့ တွေ့လွဲတွေ့လွဲခဲ့တာ။ ဒါကြောင့်လည်း Mr & Ms Face of Myanmar ပြိုင်ပွဲကို ဝင်ပြိုင်ဖို့ သတ္တိနည်းခဲ့တာ။ ကျွန်တော့်ဆရာဦးချိုကြီးနဲ့ Myanmar Model Management က ကိုဌေးမင်းထွန်းနဲ့ မမြရွှေဝါ တို့က တိုက်တွန်းကြတယ်။ ဒါနဲ့ ဝင်ပြိုင်ဖြစ်ခဲ့တာ။ ကျွန်တော် ကံကောင်းတယ်ဗျ။ Face of Myanmar Award ဆု ကို ရခဲ့တယ်။ အခုတော့ နိုင်ငံပေါင်း ၁၃ နိုင်ငံက Model တွေနဲ့အတူ ကိုရီးယားနိုင်ငံမှာ Asian ကိုယ်စားပြု Model တစ်ယောက်ဖြစ်ဖို့ အရွေးခံရပြီ၊ ကျွန်တော့် မျှော်လင့်ချက် . . . ရောင်စဉ်တန်းလေး . . . လင်းလာပြီ . . . .

(၃)

ဟော . . . ဆုကြေညာတော့မယ်။ ယောက်ျားပေမယ့် ကျွန်တော်ရင်တုန်တယ်၊ စိတ်လှုပ်ရှားတယ်။ ခြေဖျားလက်ဖျားတွေ အေးနေတယ်။ ဘာပြောလိုက်ပါလိမ့်၊ ကိုရီးယားသံဝဲတဲ့ သူတို့ရဲ့ အင်္ဂလိပ်စာကို ကျွန်တော် မသဲကွဲဘူး။ မြန်မာလို့တော့ ပြောလိုက်သလိုပဲ၊ ဘေးက သူငယ်ချင်းက လက်တို့တယ် မင်းကို ခေါ်နေတယ်လေတဲ့။ ဆီးလ်ကျောင်းတက္ကသိုလ်ကပေးတဲ့ Title ဆုကို ကျွန်တော်ရတာတဲ့။ ဒါပေမဲ့ ကျွန်တော် မပျော်ဘူး။ ကျွန်တော့်ရဲ့ မျှော်လင့်ချက်က First Prize လေ။ ငါသာ ဆုရခဲ့ရင်ဆိုပြီး အနောက်တိုင်း ဝတ်စုံရဲ့ Coat အင်္ကျီအိတ်ထဲမှာ ကျွန်တော့်နိုင်ငံ အလံလေးကို လိပ်ပြီး ထည့်ခဲ့တာ။ ဆုရတာနဲ့ အလံလေးကို ကိုင်မြှောက်မလို့ပါ။ အခုတော့ ဒီ Title ဆုပဲ ရတော့မှာလား။ အားလျော့သွားတယ်။ အားလျော့မှုနဲ့ စင်နောက်လေးမှာ ရပ်နေတုန်း First Prize ဆုကို ကြေညာတယ်၊ လုံးဝ မထင်မှတ်ထားခဲ့ပါဘူး။ Asian New Star Model 2013 Contest ရဲ့ Grand Prize ကို မြန်မာကိုယ်စားပြု ဝင်ပြိုင်တဲ့ ကျွန်တော် 'ထွန်းကိုကို' က ရသွားပြီတဲ့။ ကျွန်တော့်အိတ်ထဲက အလံလေးကို ကိုင်မြှောက်ခွင့် ရသွားပြီ။ ကျွန်တော့် မျှော်လင့်ချက်တွေ . . . ပြန်ရပြီ။ ဆုနှစ်ဆုကို ဝင့်ဝင့်ကြွားကြွားပိုက်ပြီး ပြည်တော်ပြန်ခဲ့တာပေါ့။






(၄)

ရန်ကုန်လေဆိပ်ကို ကျွန်တော်စီးလာတဲ့ လေယာဉ် ဆင်းသက်ပြီးချိန် လေဆိပ်ထဲမှာ ကျွန်တော် မမျှော်လင့်ခဲ့တဲ့ ပုံရိပ်တွေ တွေ့ရတယ်။ ဟိုမှာ အန်တီမို့ ဟိုမှာ ကျွန်တော့်ဆရာ ဦးချိုကြီး၊ ဟိုမှာက ကျွန်တော်တို့ ပဲခူး အ. ထ. က (၃) ရဲ့ ကျောင်းသားဟောင်း ဘင်ခရာအဖွဲ့၊ ပြီးတော့ ကျွန်တော့်ဆရာ၊ ဆရာမတွေ ကျွန်တော့်ကို လာကြိုကြတာတဲ့၊ ကျွန်တော့်ကို အရမ်းချစ်တဲ့ ကျွန်တော့် အမေနဲ့ အဖေ၊ ကျွန်တော့်အစ်မတွေ အများကြီးပဲ။ ကျွန်တော့်ရဲ့ အောင်မြင်မှုကို မုဒိတာ ပွားကြတယ်။ အခုတော့ ကျွန်တော့်ရဲ့ ရလဒ်ကောင်းက ကျွန်တော့် အမေက ကျွန်တော့်ကို စိတ်ချသွားစေပြီ။

(၅)

အခုတော့ . . . Asian ကိုယ်စားပြု ထွန်းကိုကိုပါ။ ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေက ပိုပြီး ကြီးလာတယ်။ လောဘကြီးတယ်ပဲဆိုဆို ကျွန်တော်က နိုင်ငံတကာမှာ အောင်မြင်တဲ့ Model တစ်ယောက်ဖြစ်ချင်တယ်။ ကျွန်တော့်ကို Korea Model Agency က Asia ကိုယ်စားပြု Model အနေနဲ့ အီတလီနိုင်ငံ မီလန်မှာ တရားဝင် Model လုပ်ဖို့ လွှတ်မယ်။ အဲဒီအတွက် ကျွန်တော် တစ်နှစ်လောက် Korea မှာ သွားပြီး သင်တန်းတက်ရမယ်တဲ့။ ကျွန်တော် လေ့လာရမယ်။ ဆည်းပူးရမယ်။ သင်ယူရမယ်။ ပြီးတော့ ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေက အီတလီနိုင်ငံ မီလန်မြို့ကို သွားမယ်။ ပြီးရင် အီတလီကနေ ဟောလိဝုဒ် . . . အဲဒီလိုကနေ မြန်မာတစ်ယောက်ရဲ့ အောင်မြင်မှုကို ပြချင်တယ်။ ဒီမျှော်လင့်ချက်တွေကို တောင်ပံတပ်ပြီး အခု ကျွန်တော် ပျံသန်းပြီ . . . ပျံသန်းနေပြီ။

ဖြိုးစုပိုပို

Asian New Star Media Group

# သူပြောသော
# သူ့အကြောင်း

## ကော်နီ

Arranged by Thida Soe



**ပျော်ရွှင်မှုကိုဖန်တီးပေးတဲ့အရာ**

အစ်မက ၁၆ နှစ်သမီးကတည်းက အဆိုတော် ဖြစ်နေတာလေ။ ၈ နှစ်သမီး ကတည်းက သီချင်းတွေ စဆိုနေပြီ။ အစ်မကို ပျော်စေနိုင်တာက ဂီတပဲလို့ ထင်ပါတယ်။

**သည်းမခံပေးနိုင်တဲ့ရုပ်ရုပ်**

အသက်ကြီးလာတော့ သည်းမခံနိုင်တာတွေ ပိုများလာတယ်(ရယ်လျက်)။ အစ်မကို ညာတဲ့ ကိစ္စတွေကို သည်းမခံနိုင်ဘူး။ တော်တော်များများကို သည်းခံနိုင်တယ်လို့တော့ အစ်မထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစ်မလုပ်နေတဲ့ အလုပ်က အနုပညာအလုပ် ဆိုတော့ သည်းမခံနိုင်လို့ ဘယ်ရမလဲ။ တချို့ပရိသတ်တွေဆို အရမ်းရိုင်းတယ်။ မျက်ရည်ပေါက်ပေါက်ကျအောင်

Asian Fame Media Group
MEDIA GROUP


af
MEDIA GROUP
Asian Fame Media Group



Asian Fame Media Group

ရစ်လည်း ခံရတာပဲလေ။ အများအားဖြင့်တော့ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကလူတွေနဲ့ ကိုယ်အမြဲ ဆက်ဆံနေရတဲ့ လူတွေက ညာရင် သည်းမခံနိုင်ဘူး။

**ဘဝရဲ့နောက်ဆုံးအချိန်အထိ မဖြစ်မနေ လုပ်သွားမယ်ဆိုတဲ့ကိစ္စ**

ဒါကတော့ ဘုရား၊ တရားကိစ္စတွေပါ။ ဒီထက်အသက်ကြီးလာရင် အနုပညာအလုပ် မလုပ်ဘူးလားဆိုတော့ လုပ်ချင်တာပေါ့။ ဒါပေမဲ့ အချိန်အခါနဲ့ အရွယ်ဆိုတာက ရှိသေးတယ်လေ။ အသက်ကြီးလာရင်တော့ အစ်မ မဖြစ်မနေလုပ်သွားမှာက ဘုရားတရားအလုပ်ပါပဲ။ အခုလက်ရှိမှာလည်း ဘာသာရေးနဲ့ ပတ်သက်ပြီး နေ့တိုင်းလုပ်နေတာတွေ ရှိပါတယ်။

**ဘဝမှာအသက်ရှင်နေရတာ ဘာအတွက်လဲ**

အစ်မမိသားစုအတွက်လို့ ထင်ပါတယ်။ လူဆိုတာ ကိုယ့်ရဲ့ဘဝကို ကိုယ်ရွေးချယ်တာလေ။ အစ်မ အခုထိ အသက်ရှင် ရပ်တည်နေတာတော့ အစ်မအမေနဲ့ နောင်တစ်ချိန်မှာ အလုပ်တွေအားရင် ဘာသာရေးအလုပ်တွေ လုပ်ဖို့ပါ။

**နိစ္စဓူဝအလုပ်တွေထဲမှာ နေ့တိုင်း လုပ်ဖြစ်နေတဲ့ကိစ္စ**

နေ့တိုင်း လုပ်ဖြစ်တာကတော့ ဘုရားရှိခိုးတယ်။ ခွေးတွေ၊ ကြောင်တွေရဲ့ကိစ္စတွေနဲ့ လုံးပန်းနေဖြစ်တယ်။ လမ်းဘေး ခွေးလေးတွေကို အစာကျွေးတယ်။ သတ္တဝါလေးတွေကို လမ်းမှာ တွေ့ရင်တောင် တတ်နိုင်သလောက်လေး လုပ်ပေးဖြစ်တယ်။ music နဲ့ ပတ်သက်ရင်တော့ ငယ်ငယ်တုန်းက မိုးလင်းတာနဲ့ သီချင်း နားထောင်ဖြစ်တယ်။ အသက်ကြီးလာတော့ ဝန် တွေပိုလာတယ်။ ငယ်ငယ်တုန်းက သီချင်းဆိုကဲ့ အလုပ်တစ်ခုပဲ ရှိတယ်။ ကိုယ်ရဲ့အမေနဲ့ မိသားစုက နောက်ကနေ ပံ့ပိုးပေးခဲ့တယ်။ အခုကျတော့ အစ်မက အိမ်မှာ အငယ်ဆုံးဆိုတော့ အရင်တုန်းက အကြီးတွေလုပ်ထားတဲ့ အလုပ်တွေကို ပြန်လုပ်ပေးရတဲ့ အချိန်ဖြစ်သွားတော့ အရင်တုန်းကလို မိုးလင်းရင် music က အဓိကမဟုတ်တော့ဘူး။ Family နဲ့အမြင် တာဝန်ရှိတွေက ပိုများလာတယ်။ နေ့တိုင်းလုပ်ဖြစ်နေတဲ့ အထဲမှာ အစ်မက မသွားချင်ရင်လည်း လူမှုရေးအရသွားရတာတွေ များလာတယ်။ အသက်ကြီးလာတော့ ဝန်ဆောင်မှုပေးရတာတွေများလာတာပေါ့နော်။

**နောက်တစ်ကြိမ်မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့အရာ**

အဲဒီလိုမျိုး နောက်ထပ်တစ်ကြိမ် မလုပ်တော့ဘူး ဆိုပြီး ခဏခဏ ဖြစ်ပါတယ်။ လူဆိုတော့ ကြီးကြီးမားမား မဟုတ်ပေမယ့် အမှားသေးသေးလေးတွေ ခဏခဏ ဖြစ်ဖူးတယ်။



**အခုလူငယ်တွေက အရမ်းလှရင် ပရိသတ်က ကြိုက်မယ်လို့ ထင်နေကြတာ။ ပရိသတ်က အဲဒီလိုမျိုးမဟုတ်ပါဘူး။ အစ်မတို့ခေတ်မှာဆိုရင် တီရှပ်လေးတစ်ထည်နဲ့ ဂျင်းဘောင်းဘီနဲ့ပဲ ဝတ်ကြတာလေ။ တကယ်ကိုပင်ကို အရည်အချင်းရှိမှ ပရိသတ်ကချစ်တာပေါ့။ ပင်ကို အရည်အချင်းရှိရင် ပရိသတ်ကို စင်ပေါ်ကနေပြီးတော့ လက်ခုပ်သံတောင်းစရာ မလိုဘူးလို့ အကြံဉာဏ်ပေးချင်ပါတယ်။**

**နားလည်ဖို့ကြိုးစားရင်းနဲ့ နားမလည်နိုင်သေးတဲ့ကိစ္စ**

နားမလည်နိုင်သေးတဲ့ ကိစ္စတွေရှိတယ်၊ ကိုယ့်မိသားစုတွေက တစ်အုပ်ထဲ့ဆင်းပေမယ့် ကိုယ် ဖြစ်ချင်တာတွေ၊ ဖြစ်သင့်တာတွေကို ပြောပေမယ့် သူတို့ ဘာတွေများ စဉ်းစားနေကြတာလဲ ဆိုပြီး တွေးမိတယ်။ နင်တို့ ဦးနှောက်ထဲမှာ ဘာများစဉ်းစားနေတာလဲဟယ် ငါနားမလည်နိုင်ဘူးဆိုပြီး တွေးမိတယ်။ တူ၊ တူမတွေကို စောင့်ရှောက်ထိန်းသိမ်းနေရတော့ အစ်မက ဒီလိုသွားစေချင်လို့ လမ်းလေးက ဒီလိုမှန်တယ်လို့ ပြောပေမယ့် သူတို့ လုပ်နေတာက အဲဒါတွေ မဟုတ်ဘူး။ အဲဒါကြောင့် နင်တို့ ဘာတွေစဉ်းစားနေလဲ၊ နင်တို့ ဘာတွေ လုပ်နေတာလဲ ငါနားမလည်နိုင်တော့ဘူး ဆိုပြီး ခဏခဏ ပြောဖြစ်တယ်။ အစ်မရဲ့ Family မှာပေါ့နော်။

**ကိုယ်ရှာဖွေထားတဲ့ ငွေကြေးတွေကို ဒီလို နေရာတွေမှာ များများသုံးဖြစ်တယ်**

အဓိကကတော့ Family ပြီးတော့ ဆွေမျိုးအသိုင်းအဝိုင်းအတွက်ပေါ့နော်၊ သတ္တဝါလေးတွေအတွက် လှူဒါန်းပြီးရင် ကျန်တာတွေကို လိုအပ်တဲ့နေရာမှာ လှူဒါန်းတယ်ပေါ့နော်။ လှူဒါန်းတဲ့နေရာမှာ ဒေါ်ကော်နီက ဘယ်နေရာမှာ သိန်းငါးဆယ် ဘယ်နေရာမှာ သိန်းလေးဆယ် တို့ဆိုပြီး မရှိဘူး။ ဒါပေမဲ့ မကော်က နေ့စဉ်လှူ တယ်။ တော်ကြာနေရင် တစ်သောင်း၊ တော်ကြာ နေရင် ငါးသောင်း၊ တစ်သိန်း၊ နှစ်သိန်းဆိုပြီး အဲဒီလိုမျိုး လှူဖြစ်တာများတယ်။ ဓိပယ်ပန်း ရောင်းတဲ့ ကလေးလေးတွေကိုလည်း တစ်ထောင်၊ နှစ်ထောင် ဆိုပြီး ကြုံရင် လှူဖြစ်တာတွေ ရှိတယ်။ လမ်းဘေး ခွေးလေးတွေကို မကော်နေ့တိုင်း မုန့် ဝယ်ကျွေးတာ အနည်းဆုံး ငါးထောင် ရှိတယ်။ မကော်မှာ အလှူအတန်းက နေ့စဉ်ရှိနေတဲ့အခါ ကျတော့ မကော်ရဲ့ ငွေကြေးတွေကို အလှူတွေမှာ သုံးဖြစ်တယ်လို့ ပြောရမှာပေါ့။ မွေးနေ့မှာဆိုရင်လည်း နာရေးကူညီမှု အသင်း ဒါမှမဟုတ် ရွှေပြည်ဟိန်းမှာ လှူဖြစ်တယ်။ ဘိုးဘွားရိပ်သာနဲ့ မိဘမဲ့ ဂေဟာတွေမှာလည်း လှူဖြစ်တယ်။

**ပရိသတ်နဲ့ ကိုယ်နဲ့ တစ်သားတည်းဖြစ်သွားခဲ့တဲ့ အောင်မြင်မှု**

မကော်ရဲ့ "တာဇံ" အခွေက ၁၉၈၆ မှာ ထွက်ခဲ့တယ်။ မကော်တို့ခေတ်ကတော့ စီးရီးခွေကို သေချာနားထောင်ပြီးမှ အောင်မြင်ကြတာလေ။ မကော်ရဲ့ အ ခွေ က တစ်နှစ်တစ်ခွေပုံမှန် ထွက်တယ်၊ ထွက်တဲ့ အခွေတိုင်း ပေါက်ခဲ့တယ်။ တာဇံ၊ နင်ဂျာ၊ တစ်မိ့ စိမ့်ရင်ထဲမယ် အခွေ သုံးခွေစလုံးက ပရိသတ် လက်ခံပြီး အောင်မြင်ခဲ့တယ်။ ၈၈ မှာကျတော့ အရေးအခင်းဖြစ်သွားတော့ အဲဒီတုန်းက ထွက် တဲ့အခွေက နည်းနည်းတိမ်သွားတာပေါ့ နော်။ တိမ်တယ် ဆိုပေမယ့် အဲဒီခေတ်က တိတ်ခွေဆို တော့ တိတ်ခွေမှာတင် အောင်မြင်တယ်။ အခု ခေတ်လို VCD တွေ မရှိဘူး၊ လူကိုယ်တိုင်နယ် တွေဆင်းပြီး သီချင်းဆိုမှ ပရိသတ်နဲ့ တိုက်ရိုက် တွေ့ရတယ်။ ပရိသတ်ရဲ့ အားပေးမှုက အခုခေတ် အားပေးမှုနဲ့ မတူဘူး။ ပရိသတ်ရဲ့ လက်ခုပ်သံကို တောင်းနေစရာ မလိုဘူး။ အစ်မတို့ဆို လူရှေ့ကို ထွက်ရပ်လို့မရဘူး။ ပုန်းပြီးနေရတာလေ။ ပရိသတ်ကို မနိုင်လွန်းအားကြီးတော့ ပုန်းပြီးနေရ တာ။ အဲဒီတုန်းက အနုပညာရှင်တွေက

Asian Family Media Group

အရမ်းရှားပါးတာကိုး။

**တစ်ချိန်မှာ ကိုယ့်သမိုင်းကြောင်းကို ဒီလို ပြောပြီး ကျန်ခဲ့စေချင်တယ်**

လူ့အိုးရုံကို တည်ထောင်ခဲ့တဲ့ ဒေါ်ဦးဇွန်း လို ဖြစ်ချင်တယ်။ ဒီနေရာမှာ လူ့အိုးရုံကို တည်ထောင်တာ ဘယ်နေရာမှာတော့ နာရေး ကူညီမှုအသင်းကို ဘယ်လိုဆောင်ရွက်ခဲ့တာ အဲဒီလိုမျိုး လူမှုကယ်ဆယ်ရေးလေးတွေကို လုပ်နိုင်တဲ့ နာမည်ကောင်းလေးနဲ့ ကျန်ခဲ့စေချင်ပါတယ်။

**ဘဝတစ်လျှောက်လုံးမှာ အကြည်ညိုဆုံးစံပြပုဂ္ဂိုလ်**

အများကြီးပါပဲ ညီမ။ ကြည်ညိုထိုက်တဲ့ သူတွေကို မကော်ကြည်ညိုပါတယ်။

**လက်ရှိအချိန်မှာ ကိုယ်အဖြစ်ချင်ဆုံးဆန္ဒ**

အဖြစ်ချင်ဆုံးဆန္ဒကတော့ အမြဲတမ်း စိတ်အေးအေးချမ်းချမ်းလေးနဲ့ပဲ ပျော်ပျော်ရွှင်ရွှင် နေချင်တယ်။ ဘဝကို အေးအေးချမ်းချမ်းလေးနဲ့ ဖြတ်သန်းချင်တာပေါ့နော်။

**ဝါသနာရှင်လူငယ်တွေကို Judge လုပ်ပေးရတဲ့ခံစားမှု...**

"အိမ်မက်ဆုံရာ"ပွဲက ဝါတွင်းမှာ လုပ်တာဆိုတော့ အစ်မအားနေတဲ့အချိန်နဲ့ တိုက်ဆိုင်သွားတာပေါ့နော်၊ ဝေဖန်ခံရတယ်ဆိုတာကို ဘယ်သူကမှ မကြိုက်ချင်ဘူးလေ။ ဒိုင်လူကြီးဆိုတာက ဝေဖန်ရတဲ့ အလုပ်ဆိုတော့ ဝေဖန်ပေးရတာပေါ့။ ဒါပေမဲ့ သူတို့ကိုကောင်းသည်၊ ဆိုးသည်လေးတွေ ပြောခွင့်ရတဲ့အတွက် ကြိုက်ပါတယ်။ တစ်ဖက်က ကလေးက ခံယူတတ်ရင်ကောင်းတာပေါ့။ မခံယူတတ်ရင်တော့ အစ်မတို့က အပြစ်ဖြစ်တာ ပေါ့။ ကိုယ်ပေးတဲ့ အမှတ်ကြောင့် သူတို့ အမှတ်နည်းသွားပါတယ်ဆိုတာမျိုး တကယ်ကိုကြုံဖူးတယ်။ မကော်ပေးတဲ့ အမှတ်ကနည်းသွားလို့ သူက အောင်မြင်ချင်ရဲ့သားနဲ့ မအောင်မြင်ဘူးဆို ပြီး ပြောတာပေါ့နော်။ ကောင်းသည်၊ ဆိုးသည် ပြောတာက ဒိုင်လူကြီးရဲ့ တာဝန်ပဲလေ။ တစ်ဖက်က လူက ခံယူတတ်ဖို့လည်း လိုသေးတာပေါ့။ အဲဒီလိုမျိုး အထင်လွဲမှုလေးတွေတော့ ရှိတာပေါ့နော်၊

**ဂီတနဲ့ ပတ်သက်ပြီး လူငယ်တွေကို ပြောချင်တာက**

အခုနောက်ပိုင်းမှာတော့ အရမ်းတိုးတက်လွန်းတော့ "ငါတို့များ ဒီခေတ်ကို မမီလိုက်ဘူး"ဆိုပြီး တွေးမိတယ်။ ကိုယ်သာ ဒီခေတ်ကို မီခဲ့တဲ့ လူတစ်ယောက်ဖြစ်မယ်ဆိုရင် ဒီထက်နှစ်ဆများ အောင်မြင်မှုတွေ ပိုရမလား မသိဘူးပေါ့နော်။ ကိုယ့်ရဲ့ ပင်ကိုအရည်အချင်းလည်းရှိရမယ်၊ စက်ရဲ့ ကူညီမှုတွေကလည်း အများကြီးလုပ်နိုင်တယ်။ Media တွေ၊ ကြော်ငြာတွေနဲ့လည်း ပံ့ပိုးမှုတွေ အများကြီး လုပ်နိုင်နေပြီလေ။ အခုခေတ်က




အောင်မြင်ဖို့လည်း လွယ်တယ်၊ ကျရှုံးဖို့လည်း လွယ်တယ်။ အဲဒီတော့ စည်းကမ်းလေးနည်းနည်းထားပြီး အောင်မြင်မှု နောက်ကို လိုက်မသွားဖို့ သတိထားရမှာပေါ့နော်၊ အခုခေတ်လူငယ်တွေက အစ်မတို့ထက်တောင် တော်ပါတယ်။ မကော်တို့ခေတ်က ဘာ Fashion မှ မရှိဘူးလေ၊ အခုလူငယ်တွေက အရမ်းလှရင် ပရိသတ်က ကြိုက်မယ်လို့ထင်နေ ကြတာ၊ ပရိသတ်က အဲဒီလိုမျိုးမဟုတ်ပါဘူး။ အစ်မတို့ ခေတ်မှာဆိုရင် တီရှပ်လေးတစ်ထည်နဲ့ ဂျင်း ဘောင်းဘီနဲ့ပဲ ဝတ်ကြတာလေ၊ တကယ်ကို ပင်ကိုအရည်အချင်းရှိမှ ပရိသတ်က ချစ်တာပေါ့။ ပင်ကိုအရည်အချင်းရှိရင် ပရိသတ်ကို စင်ပေါ်ကနေပြီး တော့ လက်ခုပ်သံတောင်းစရာ မလိုပါဘူးလို့ အကြံညာဏ်ပေးချင်ပါတယ်။

**ကော်နီကဒီလိုအချိန်ဆို ဝမ်းနည်းတတ်တယ်**

အနုပညာသမားပီပီ ခဏခဏ စိတ်ထိခိုက်တတ်တယ်။ လမ်းဘေးမှာ ခွေးလေးတစ်ကောင် ကားတိုက်နေရင် မနေနိုင်ဘူး။ တော်ရုံတန်ရုံ သတ္တဝါလေးတွေ ဖြစ်ရင်တောင် စိတ်ထိခိုက်တတ် တယ်ဆိုတော့ လူဆိုရင် ပြောမနေနဲ့တော့ပေါ့ နော်(ရယ်လျက်)။ ပုံစံကြည့်လိုက်ရင် စိတ်ကကြမ်း သလိုလိုနဲ့ အရမ်းစိတ်ထိခိုက်လွယ်ပါတယ်။ ဗုဒ္ဓဟူးသမီးပီပီစိတ်တိုတတ်ပေမယ့် ခဏပါပဲ၊ ပြီးရင် မေ့သွားတာပေါ့နော်။

**ကော်နီကဒီလိုအချိန်ဆို ပျော်ရွှင်တတ်တယ်**

၁၆ နှစ် ၁၇ နှစ်သမီးအရွယ်အောင်မြင်ခါစ မှာပဲ တရားစခန်းတွေအရမ်းဝင်ဖြစ်တယ်။ တရားစခန်းကို အမြဲတမ်းဝင်ဖြစ်တဲ့ အကျိုးပေးက ဘာလဲဆိုတော့ စိတ်ကိုထားတတ်လာတယ်။ကိုယ်လုပ်တဲ့ အလုပ်ကလည်း အနုပညာအလုပ် ဆိုတော့ သူများကို ပျော်ရွှင်အောင်လုပ်မှ ကိုယ် ထမင်းစားရတဲ့ ဘဝမျိုးဖြစ်နေတာပေါ့။ မကော်က လူတစ်ဖက်သားကို ပျော်ရွှင်အောင် ချက်ချင်းလုပ်နိုင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ပင်ကိုဗီဇ ကိုက နောက်နောက်ပြောင်ပြောင် နေတတ်တယ်။ အခု အသက်ကြီးလာတော့ အရမ်းနောက်တတ်ပြီး စကားကို တစ်ခုမှ အကောင်းမပြောဖြစ်ဘူး။ ကိုယ်နဲ့ပေါင်းသင်းရတဲ့ အပေါင်းအသင်းကို ကိုယ့်ကြောင့် စိတ်မညစ်စေရဘူး။ ဖြစ်ရင်တောင် ကိုယ်ပဲ အပြစ်ခံလိုက်တယ်။ အစ်မက အမြဲတမ်း ပျော်ပျော်နေတတ်တဲ့အထဲမှာ ပါတာပေါ့နော်။

**သီတာစိုး**

Asian Fame Media Group



# NEW FACE

Model : Lin Latt Cho/ Make-up : Awlay (December Hnin)/Dress : Yummy Yo
Photo : Pyi Chan (PCP Studio)

Asian Fame Media Group



Asian Fame Media Group



Asian Fame Media Group
MEDIA GROUP







Arranged By Phyoe Su Po Po

# သူတို့ပြောတဲ့... C

ကျွန်မတို့ လူငယ်တွေအတွက် ဘာက အရေးကြီးဆုံးလဲလို့ ထင်ပါသလဲ။ လူငယ်တွေရဲ့ ယုံကြည်ရာလမ်းကို ရဲရဲရင့်ရင့် လျှောက်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုက အရေးပါတာလား။ လူတွေနဲ့ ပေါင်းသင်းဆက်ဆံတတ်ဖို့က အရေးပါတာလား။ နောင်မျိုးဆက်တွေဆီ လက်ဆင့်ကမ်းဖို့ယဉ်ကျေးမှုတွေ ထိန်းသိမ်းထားဖို့က အရေးပါတာလား။ တစ်ယောက်နဲ့ တစ်ယောက် ယူဆချက်တွေ၊ အမြင်တွေက ကွဲပြားသိမ့်မယ်။ ဒါကြောင့် ကွဲပြားတဲ့ယူဆချက်တွေကို စုစည်းချင်တာကြောင့် လူငယ်သံဦးဖြစ်တဲ့ ကိုနေဘုန်းလတ်၊ ဆရာ လင်းသိုက်ညွှန့် (မြန်မာမြေ) နဲ့ Miss Myanmar နန်းခင်ဇေယျာ တို့နဲ့ တွေ့ဆုံပြီး Culture ၊ Communication နဲ့ Confidence ဆိုတဲ့ စကားလုံးတွေ အကြောင်းကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။

Asian Fame Media Group

နေဘုန်းလတ်

# Culture

Culture ဆိုတာကို ကျွန်တော်သိတာတော့ ယဉ်ကျေးမှုပေါ့။ လူတစ်ယောက်အနေနဲ့ပြောရင် သူလုပ်လေ့ရှိတဲ့ Habit လို့ခေါ်တဲ့ အလေ့အကျင့်ပေါ့။ အဲဒီအလေ့အကျင့်ကို သူက ပြုလုပ်တာကြာသွားရင် ဒါက သူ့ရဲ့ Character ဖြစ်သွားတယ်။ သူ့ရဲ့အကျင့်စရိုက် ဖြစ်သွားတယ်။ ဒါက လူတစ်ယောက်ချင်းစီနဲ့ပြောရင် Habit ကနေ Character ဖြစ်တာပါ။ လူ့အဖွဲ့အစည်းအနေနဲ့ ပြောရရင် လူ့အဖွဲ့အစည်းတစ်ခုက habit တစ်ခုကို ကြာကြာကျင့်သုံးတဲ့အခါ အဲဒါက Culture ဖြစ်သွားတယ်။

ကျွန်တော်ကတော့ ယဉ်ကျေးမှုဆိုတဲ့နေရာမှာ ကိုယ့်ဟာကိုယ်နှစ်မျိုးခွဲပြီး ပြောချင်တယ်။ အဲဒါက ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုနဲ့ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုဆိုပြီး ခွဲချင်တယ်။ တချို့ကိစ္စတွေမှာ ယဉ်ကျေးမှုဆိုပြီးပြောတာနဲ့ လူတော်တော်များများက မြင်ရတဲ့ရုပ်ပိုင်းဆိုင်ရာတွေပဲ အမြင်က ရောက်ရောက်သွားတယ်။ ဒါမျိုးကို ကျွန်တော်က သဘောမကျဘူး။ ဥပမာ - ကျွန်တော်တို့မြန်မာမိန်းကလေးတွေက ခြေမျက်စိဖုံးအောင် လုံချည်ဝတ်တယ်။ ဒါက မြင်ရတဲ့ ရုပ်ပိုင်းယဉ်ကျေးမှုပေါ့။ စိတ်ပိုင်းဆိုင်ရာကျတော့ အရှက်အကြောက်ဖြစ်သွားပြီ။ မြန်မာမိန်းကလေးတွေက အရှက်အကြောက်ကြီးလို့ သူတို့ရဲ့ခြေမျက်စိတောင် လူမြင်မခံဝံ့ကြဘူးလို့ ပြောရမယ်။ အဲဒီတော့ ကျွန်တော်တို့က ယဉ်ကျေးမှုတွေ ထိန်းသိမ်းမယ်ဆိုရင် ရုပ်ပိုင်းယဉ်ကျေးမှုကို ထိန်းမှာလား။ စိတ်ပိုင်းယဉ်ကျေးမှုကို ထိန်းမှာလားဆိုတာ လိုလာတယ်။ အဲဒီမှာ ပြဿနာဖြစ်တာပဲ။



Asian Fame Media Group
AF MEDIA GROUP

တချို့ကကျတော့ ထဘီအရှည်ကြီးခြေမျက်စိဖုံးအောင်ဝတ်မှ ယဉ်ကျေးသိမ်မွေ့တယ်လို့ ထင်တာ၊ အဲဒီလိုမဟုတ်ဘဲ ဘောင်းဘီရှည်ကို ခြေမျက်စိဖုံးအောင် လုံလုံခြုံခြုံဝတ်ထားရင်ရော။ ဒါက လူငယ်တွေနဲ့ ယဉ်ကျေးမှုထိန်းပါပြောနေတဲ့ တချို့လူကြီးတွေကြားက ပြဿနာဖြစ်နေတယ်။ ကျွန်တော့်အမြင်ကတော့ လူငယ်တွေဘက်ရောက်မလားဘဲ။ တချို့ကိစ္စတွေမှာ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုကိုပဲ ထိန်းသင့်တယ်လို့ ကျွန်တော်တော့ထင်တယ်။ အခုခေတ်ကာလအရ ကျွန်တော်တို့မြန်မာမိန်းကလေးတွေက နေရာတကာမှာ ထဘီတကားကားနဲ့ သွားနေလို့မရဘူး။ ဒီတော့ ခေတ်နဲ့လျော်ညီတဲ့ ဝတ်စားဆင်ယင်မှုကတော့ ပြောင်းနေမှာပဲ။ ဒါပေမဲ့ အရင်တုန်းကတည်းက ရှိခဲ့တဲ့ ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု



ကိုတော့ ဆက်လက်ထိန်းသိမ်းနေဖို့တော့ လိုတယ်။

ယဉ်ကျေးမှုအကြောင်းပြောရင် တချို့ကိစ္စတွေက ပြဿနာရှိနေတတ်တယ်။ ဆိုကြပါစို့... ပုဆိုးနဲ့တိုက်ပုံက မြန်မာ့ယဉ်ကျေးမှုလို့ ပြောကြတယ်။ တကယ်တော့ အဲဒီပုဆိုးဆိုတာက အိန္ဒိယကနေ ဆင်းသက်လာတဲ့ ဝတ်စားဆင်ယင်မှုပဲ။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းတဲ့အနေနဲ့ ကျွန်တော်တို့ရဲ့ ခေါင်မှာ ထိုးကွင်းကြီးတွေထိုးရမှာလား။ နားကပ်ကြီးတွေ ပန်ရမှာလား။ ဒါတောင် နားကပ်ဝတ်တာကို အခုခေတ်မှာဆို ဒါကို သရုပ်ပျက်တယ် ပြောကြပြန်တယ်၊ အမှန်တော့ မြန်မာမင်းတွေလက်ထက်ကတည်းက နားကပ်တွေဝတ်ကြတာပဲလေ။ အငြင်းပွားစရာကိစ္စတွေက အများကြီးပဲ။ ဒါကြောင့် ကျွန်တော်က စိတ်ပိုင်းဆိုင်ရာတွေကိုပဲ အာရုံစိုက်စေချင်တယ်။

ကျွန်တော်တို့ မြန်မာတွေက Hospitality ပေါ့။ ယဉ်ကျေးပျူငှာတယ်။ ပြီးတော့ ကျွန်တော်တို့ မြန်မာတွေရဲ့ယဉ်ကျေးမှုမှာ Smile ဆိုတာပါတယ်။ Smile Land လို့တောင် နိုင်ငံခြားသားတွေ ကခေါ်တယ်။ အမြဲတမ်းပြုံးနေတတ်တယ်။ ပြီးတော့ မြန်မာတွေက လူတွေကို ကူညီချင်စိတ်ရှိတယ်။ ဒါမျိုးတွေက စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတွေပေါ့။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အမှတ်လက္ခဏာတွေပဲ။ အဲဒီတိုင်းပြည်ရဲ့ အမှတ်လက္ခဏာစိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုကို ထိန်းသိမ်းရင်း Identity ပျောက်မသွားဘူး။ ဘယ်လိုထိန်းသိမ်းမလဲဆိုတာလဲစဉ်းစားရမယ်။ ကျွန်တော်တို့က ပုံစံမပျက်ထိန်းသိမ်းသွားမှာလား။ ဥပမာ - မြန်မာတွေရဲ့အမျိုးသားဝတ်စုံက တိုက်ပုံပေါ့။ တိုက်ပုံကို ကျွန်တော် တစ်ခါအကယ်ဒမီပေးပွဲမှာ ကြည့်လိုက်တော့ မင်းသားတစ်ယောက်က တိုက်ပုံကို Leather နဲ့ ချုပ်ထားတာတွေ့လိုက်တယ်။ ဒါက ဆန်းသစ်တာပေါ့။ တိုက်ပုံကို ထိန်းသိမ်းတာပဲ။ ဒါပေမဲ့ ပုံစံပြောင်းပြီး ထိန်းသိမ်းတာပါ၊ တချို့ဟာတွေက ခေတ်နဲ့ညီချင်ရင် အဲဒီလိုပုံစံပြောင်းပြီး ထိန်းသိမ်းရမယ်။

ဟိုတစ်လောကဆို ကျွန်တော်တို့ရဲ့ မြန်မာ့ဆိုင်းဝိုင်းကို ဂစ်တာတွေဘာတွေနဲ့တွဲပြီး တီးသွားတယ်။ ဒီလိုတီးတာကို အစိုးရကမကြိုက်ဘူး၊ ကျွန်တော်ကတော့ ကြိုက်တယ်ဗျ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က ဆိုင်းဝိုင်းတီးပြီး ဟိုတုန်းက သီချင်းတွေကိုပဲ အရင်အတိုင်းဆိုနေ တီးနေရင် ဘယ်ကလေးမှ စိတ်ဝင်စားမှာမဟုတ်ဘူး။ ဒါဆို အဲဒီဆိုင်းဝိုင်းကြီးက ပျောက်သွားလိမ့်မယ်၊ ဒါကြောင့် ယဉ်ကျေးမှုကို ထိန်းသိမ်းရင် ခေတ်နဲ့လျော်ညီအောင် ပုံသဏ္ဌာန်လေးတွေပြောင်းပြီး ထိန်းသိမ်းသင့်တယ်၊ မိန်းကလေးတွေက ထဘီကို လုံခြုံမှုအတွက်ရော ခေတ်မီဖို့အတွက်ရော စကတ်ထဘီပြောင်းဝတ်ကြတယ်၊ ဒါလည်း လက်ခံလိုက်တဲ့ ပြောင်းလဲမှုပါ။ ကျွန်တော်တို့က ခေတ်နဲ့လျော်ညီအောင် မပြောင်းလဲနိုင်ရင် ပြတိုက်ထဲပဲ ရောက်သွားလိမ့်မယ်၊ ယဉ်ကျေးမှုမှာလည်း ဆက်လက်သယ်ဆောင်ပြီး ထိန်းသိမ်းရမှာတွေရှိသလို တချို့ကျတော့လည်း ပြတိုက်ထဲမှာ သိမ်းရမှာတွေရှိတယ်၊ ဒီတော့ တချို့ရုပ်ဝတ္ထုယဉ်ကျေးမှုတွေကိုတော့ ပြတိုက်ထဲမှာ သိမ်းထားရမှာပေါ့။ ကျွန်တော်တို့မြန်မာယဉ်ကျေးမှုက ယှေ့လျော့တာဆိုပြီး သူများတွေမော်တော်ဘုတ်စီးနေချိန်မှာ ကျွန်တော်တို့က လှေပဲလှော်နေရင် ကျန်ခဲ့မှာဗျ။ ကွမ်းစားတာက မြန်မာ့ယဉ်ကျေးမှုပဲ။ ဒါပေမဲ့ ကွမ်းစားတာက မကောင်းဘူးဆိုရင် တားမြစ်သင့်ရင် တားမြစ်ရမှာပဲ။ ယဉ်ကျေးမှုတိုင်းကို အတင်းအကျပ်လိုက်ပြီး ထိန်းသိမ်းတာထက်စာရင် ဘာတွေထိန်းသိမ်းမှာလဲ။ ဘယ်လိုထိန်းသိမ်းမလဲ ဆိုတာ သေချာစဉ်းစားသင့်တယ်။

ကျွန်တော်တို့ အခုပြောပြောနေတဲ့ Globalization ဆိုတာက Westernlization ဖြစ်နေတယ်၊ ဒါကဘာလို့လဲဆိုတော့ ရေကမြင့်ရာကနေ နိမ့်ရာကို စီးသလိုပါပဲ။ အနောက်ဘက်က ပိုပြီးဖွံ့ဖြိုးနေတော့ ကျွန်တော်တို့က တံခါးလည်းဖွင့်လိုက်ရော သူတို့ဆီက ယဉ်ကျေးမှုတွေက ကျွန်တော်တို့ဆီကို စီးပြီးဝင်လာတာပေါ့။ သူတို့ကို ကျွန်တော်တို့က လိုက်တုရတာပေါ့၊ အဲဒီလိုဝင်လာသမျှယဉ်ကျေးမှု ကို ကျွန်တော်တို့က လက်ခံလိုက်တယ်ဆိုတာမျိုးကလည်း မဖြစ်သင့်ဘူးဗျ။ Eastern Value ဆိုတာ ရှိသေးတယ်၊ အရှေ့တိုင်းရဲ့တန်ဖိုးဆိုတာလည်း ရှိတယ်၊ အနောက်တိုင်းယဉ်ကျေးမှုမှ ကောင်းတာမဟုတ်ပါဘူး။ အရှေ့တိုင်းရဲ့ တန်ဖိုးထားအပ်တဲ့ ယဉ်ကျေးမှုတွေရှိသေးတယ်။ ဒါကို ကျွန်တော်တို့ ဘယ်လိုကာကွယ်မလဲဆိုတာကိုပဲ၊ အဲဒီလို ကာကွယ်ဖို့ဆိုရင် ကျွန်တော်တို့က ကိုယ့်ယဉ်ကျေးမှုကို ကိုယ်မြှင့်မှဖြစ်မယ်။

ဟိုတစ်လောက စီးပွားရေးပညာရှင်တစ်ယောက် ကျွန်တော်တို့ မြန်မာနိုင်ငံလာသွားတယ်။ သူက ဘာကိုသဘောကျသွားလဲဆိုရင် မြန်မာတွေရဲ့ ဆရာကန်တော့ပွဲကို သဘောကျသွားတယ်။ သူတို့ဆီမှာ ဒါမျိုးမရှိဘူးလေ။ ဆရာတွေကို တပည့်တွေက ရိုသေစွာနဲ့ ကန်တော့တယ်ဆိုတာကို သူဟိုရောက်ရင် ပြန်လုပ်မယ်တဲ့။ ဒါဆိုရင် ကျွန်တော်တို့ရဲ့ယဉ်ကျေးမှုလည်း သူတို့ဆီစီးဆင်းနိုင်တာပဲ။ ကျွန်တော်တို့က ကိုယ့်ယဉ်ကျေးမှုကို အားကောင်းအောင်ပဲ လုပ်ရမှာပါ၊ ဒါဆို Globalization ဆိုတာ Westernlization ပဲ မဟုတ်ဘူး။ Easternlization လည်း ဖြစ်သွားနိုင်တယ်။ ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘာသာဆိုရင် ဒါက Eastern Value ပဲ၊ ဒီဗုဒ္ဓဘာသာက အခုဆိုရင် အနောက်ကိုလည်း စီးနေတာပဲ။ ဦးဂိုအင်ကာတို့ ဘာတို့ဆိုလည်း ကမ္ဘာလှည့်ပြီး တရားပြနေတာပဲလေ။ ဒါဆိုရင် ဒါက Easternlization ပဲ။ ကိုယ့်ဘာသာကိုယ့်ယဉ်ကျေးမှုကို မမြှင့်တင်ရင် တစ်ဖက်က ဝင်လာတဲ့ဟာတွေကပဲ ကျွန်တော်တို့ကိုစိုးမိုးပြီး ကျွန်တော်တို့ရဲ့ Identity ပျောက်သွားလိမ့်မယ်။ ကျွန်တော်တို့က အရေးမပါတာတွေကိုပဲ မြှင့်တင်ဖို့ကြိုးစားနေရင် ဘယ်တော့မှ လိုချင်တဲ့ Target ကို ထိမှာမဟုတ်ဘူး။ ကျွန်တော်တို့ ဘာတွေကို မြှင့်တင်ဖို့ကြိုးစားရမလဲဆိုတာကို သေချာစဉ်းစားရမယ်။

## Communication

Communication ဆိုတာကို ကျွန်တော် နားလည်တာကတော့ လူအချင်းချင်းဆက်သွယ်



Asian Fame Media Group

ဆောင်ရွက်တာပဲ။ လူဆိုတာက ပတ်ဝန်းကျင်နဲ့ ကင်းကွာလို့မရတဲ့အတွက် လူနဲ့ပတ်ဝန်းကျင်၊ ပတ်ဝန်းကျင်နဲ့လူ အပြန်အလှန်ဆက်သွယ်မှုကို တော့ တစ်နည်းနည်းနဲ့ လုပ်နေကြမှာပဲ။ အရှေ့ ဂျာမနီနဲ့ အနောက်ဂျာမနီကို ဘာလင်တံတိုင်းကြီး နဲ့ ကာထားတဲ့ကာလတုန်းကတောင် ဟိုဘက်နဲ့ ဒီဘက် မရရအောင် နည်းလမ်းတွေရှာပြီး ဆက်သွယ်ခဲ့ကြဖူးတာပဲ။ ဒါပေမဲ့ အဲ့ဒီလိုကာလ တွေတုန်းကလည်း ကျွန်တော်တို့တွေ နည်းလမ်း တွေရှာပြီး အချင်းချင်းဆက်သွယ်ဆောင်ရွက်ခဲ့ ကြတာပဲ၊ ပြောချင်တာက လူတစ်ယောက်ဟာ အခြားသောသူတွေနဲ့ အဆက်အသွယ်ပျက်လို့ မရသလို လူတွေကို အခြားသူတွေနဲ့ အဆက် အသွယ်ဖြတ်ဖို့ ကြိုးစားချင်တဲ့သူတွေရှိရင်လည်း လူတွေက သူတို့ရဲ့လုပ်ရပ်ကို တစ်နည်းနည်းနဲ့ နည်းလမ်းရှာဖောက်ထွက်ကြမှာပဲ ဆိုတာပါ။ ကျွန်တော်က IT သမားဆို တော့ IT နဲ့ဆိုင်တာပဲ ပြောတော့မယ်။ အရင်တုန်းကတော့ ဆက်သွယ်တဲ့ နည်းတွေမျိုးစုံ သုံးခဲ့ကြတယ်။ စစ်တိုက်တဲ့ ခေတ် တုန်းက ခိုငှက်တွေနဲ့ ဆက်သွယ်ကြတယ်။ ခိုတွေ မှာ စာလေးတွေချိတ်ပေးလိုက်တယ်။ ခိုကလည်း လမ်းကြောင်းအတိုင်းပဲ သွားတယ်။ အဲဒီခိုကို လမ်းမှာ တခြားငှက်ကြီးတွေ ဘာတွေမနှောင့် ယှက်နိုင်အောင် ခိုရဲ့ကျောပေါ်မှာ ဝီစီလေး တပ်ပေးလိုက်တယ်။ ခိုကပျံနေရင်း လေတိုးတော့ ဝီစီသံနဲ့တခြားငှက်တွေရဲ့ အန္တရာယ်ကင်းတာပေါ့။ ဒါပေမဲ့ ဒီခိုရဲ့ပျံသန်းမှုက ဘယ်လောက်ထိ စိတ် ချရမလဲ။ လမ်းမှာ မြား လည်းသင့်သွားနိုင်တာပေါ့ ပြီးတော့ ခြေမြန်တော်ဆိုပြီး လူတစ်ယောက်ကို ပြေးပြီး စာပို့ခိုင်းခဲ့ကြတယ်၊ ကျွန်တော်ပြောချင် တာက လူတွေက ဆက်သွယ်ရေးကို နည်းမျိုးစုံနဲ့ သုံးခဲ့ကြတာ။ အခု လက်ရှိနောက်ဆုံးကတော့ IT စနစ်ပေါ့၊ Information & Communication Technology ခေတ်ပေါ့၊ အဲဒီတော့ မြန်လာ တယ်။

အရင်တုန်းက ကျွန်တော်တို့က တစ်ယောက် နဲ့တစ်ယောက် ဆက်သွယ်ဖို့က အချိန်တွေယူခဲ့ရ တယ်။ အဲဒီအချိန်က နည်းပညာအကူအညီနဲ့ လျင်မြန်လာတယ်။ အဲဒီလို မြန်လာတော့ တိုင်းပြည်တစ်ခုနဲ့တစ်ခုက ဝေးမနေတော့ဘူး။ နီးကပ်လာပြီး အားလုံးက တစ်သားတည်းဖြစ်လာ တယ်။ Globalization ဆိုတာ အဲဒါကြောင့် ဖြစ်လာတာပဲ။ The World is Flat ဖြစ်သွားပြီ။ အရင်တုန်းက တောင်ဝင်ရိုးစွန်းက မြောက်ဝင်ရိုး စွန်းကို သွားချင်ရင် အချိန်အကြာကြီး ပတ်သွားရ တယ်။ အခုကတော့ Flat ဖြစ်သွားပြီပေါ့။ နီးနီး လေးဖြစ်သွားပြီ။ အဲဒီလိုဖြစ်လာတာရဲ့ ကောင်း ကျိုးကတော့ တစ်ကမ္ဘာလုံးမှာဖြစ်နေတဲ့ အဖြစ် အပျက်တွေကို အချိန်ခဏလေးအတွင်းမှာ သိနိုင် တယ်။ Information တွေ မြန်မြန်ဆန်ဆန်ရတယ်။ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရတာ လွယ်တယ်။ အဲဒါတွေက ကောင်းကျိုးပေါ့။

ဆိုးကျိုးလည်း ရှိတာပဲ။ ဘယ်လိုဆိုးကျိုးလဲ ဆိုတော့ တိုင်းပြည်တွေရဲ့ အမှတ်လက္ခဏာလို့ ခေါ်တဲ့ National Identity တွေက ဝေဝါးလာ တယ်။ မနိုင်မာတဲ့ တိုင်းပြည်ဆို သူတို့တိုင်းပြည်ရဲ့ Identity က လုံးဝပျောက်သွားတယ်၊ တချို့နိုင်ငံ တွေဆိုရင် သူ့နိုင်ငံမှာရှိတဲ့နိုင်ငံသားထက် တခြား နိုင်ငံကလာနေတဲ့ နိုင်ငံသားတွေက ပိုများနေတတ် တယ်။ ဒါကဆိုးကျိုးပေါ့။

ဒါဆို ကျွန်တော်တို့ မြန်မာနိုင်ငံရော အဲဒီလိုအဖြစ်ခံမလားပေါ့။ မြန်မာနိုင်ငံဆိုတဲ့ Identity ကိုထိန်းမလား။ ကြိုက်တဲ့သူလာ ကြိုက် သလို နေထားမလားပေါ့။ အိန္ဒိယတွေ၊ တရုတ်တွေ ကများများနဲ့ မြန်မာလူမျိုးနည်းနည်းရှိတဲ့ နိုင်ငံ အဖြစ်ခံမလား။ ဒီလိုဆိုးကျိုးတွေကို ကျွန်တော်တို့ ဘယ်လိုကာကွယ်မလဲ။ ကျွန်တော်တို့က အရင် တုန်းက Postal Service လို့ခေါ်တဲ့ စာတိုက်က နေ စာထည့်ရတဲ့ခေတ်ရှိခဲ့တယ်။ အခုကတော့ နိုင်ငံတကာက မိသားစုတွေဆီ မိတ်ဆွေတွေဆီ အထိ နည်းပညာအကူအညီနဲ့ VZO Chat လုပ် တာမျိုးအထိ လုပ်လို့ရပြီ။ ဖုန်းလိုင်းတွေလည်း အဲဒီလိုပေါ့။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံက တိုးတက်မှုနည်းနေသေးတော့ ဖုန်းခေါ်ခတွေ ဈေးကြီးနေတာတို့ ဘာတို့ ရှိသေးတယ်၊ ဖုန်းတွေ ကနေတစ်ဆင့် လူတွေအချင်းချင်း အရမ်းကိုလွယ် လွယ်ကူကူ ဆက်သွယ်လို့ ရလာတယ်၊ လုံးဝကို ဝေးနေတယ်လို့ မထင်ရတော့ဘူး၊ Distant ဆိုတဲ့ အကွာအဝေးက ဘယ်လောက်ပဲ ဝေးကွာနေပါစေ၊ ဒီနည်းပညာအကူအညီနဲ့ နီးနီးလေးလို့ ခံစားရ စေတယ်။ ကျွန်တော်တို့တိုင်းပြည်ကတော့ နည်း နည်းလေးတွေ လိုသေးတယ်။

နိုင်ငံတကာမှာတော့ Communication က ကောင်းတော့ ဥပမာ - အိုဘားမားက မိန့်ခွန်းပြော တယ်ဆိုပါစို့၊ သူပြောတာကို တစ်နိုင်ငံလုံးကို ချက်ချင်းပျံ့နှံ့သွားပြီး အိုးဘားမားတစ်ဖက်တည်း ပြောတာမဟုတ်ဘဲ အပြန်အလှန်ကို ဆွေးနွေးနိုင် တယ်။ ဒါက နည်းပညာဖွံ့ဖြိုးမှုကြောင့် ဖြစ်လာ တာပေါ့။ ကျွန်တော်တို့ဆီက Internet Connection တွေက နှေးနေတော့ အဲဒီလို Life တွေကို မခံစားရသေးဘူး။

အိုဘားမားနဲ့ ရွှန်မနီနဲ့ပြိုင်တာကို တစ်ခါ တည်း U-tube ကနေကြည့်ပြီး စာသင်ခန်းတွေမှာ ဆရာနဲ့ကျောင်းသားက ဆွေးနွေးတာ လုပ်နိုင် တယ်။ ဒါက Internet ကောင်းမွန်တော့ ဒီလို ကောင်းကျိုးတွေ ခံစားရတယ်။ ကျွန်တော်တို့က တော့ ဒါမျိုးတွေ မခံစားရဘူး။ အရင်တုန်းကတော့ ကျွန်တော်တို့ဆီမှာ ဆက်သွယ်ရေးစနစ်က အရမ်းကို ဆိုးခဲ့ပါတယ်။ အခုတော့ အဲဒီလောက် တော့ မဆိုးတော့ဘူး။ ဖုန်းတစ်လုံး ၂ သိန်း လောက်နဲ့ ရနိုင်ပေမယ့်လည်း အဲဒါက များသေး တာပဲဗျ။ ဆက်သွယ်ရေးစနစ်ကောင်းမှ ကျွန်တော် တို့ရဲ့ လူနေမှုစနစ်က မြင့်လာမှာပါ။ ဆက်သွယ် ရေးစနစ်ကောင်းတာကလည်း နိုင်ငံရေးစနစ်ကို အထောက်အကူပြုတယ်၊ ဒါမှ အုပ်ချုပ်သူနဲ့ပဲ ဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်နဲ့ပဲဖြစ်ဖြစ် ပြည်သူနဲ့ဆက်သွယ်တဲ့ ချိတ်ဆက်မှုတွေက ပိုပြီး ကောင်းလာမယ်။ ဒါဆို ဒီမိုကရေစီစနစ်ကြီးက ပိုပြီးခိုင်မာမှာ။ သမ္မတနဲ့ ပြည်သူကြား၊ လွှတ် တော်ကိုယ်စားလှယ်နဲ့ပြည်သူကြားက ဆက်သွယ် ရေးလမ်းကြောင်းတွေက ရှင်းရှင်းလင်းလင်းနဲ့ ပွင့်နေမှ အပြန်အလှန်ချိတ်ဆက်နိုင်မှာ။

> The World is Flat
> ဖြစ်သွားပြီ။
> အရင်တုန်းက
> တောင်ဝင်ရိုးစွန်းက
> မြောက်ဝင်ရိုးစွန်းကို
> သွားချင်ရင်
> အချိန်အကြာကြီး
> ပတ်သွားရတယ်။
> အခုကတော့ Flat
> ဖြစ်သွားပြီပေါ့။
> နီးနီးလေးဖြစ်သွားပြီ။

လွှတ်တော်ကိုယ်စားလှယ်က သူ့ဟာသူနေ၊ ပြည်သူက သူ့ဟာသူနေရင်တော့ ဒီမိုကရေစီစနစ် က အောင်မြင်မှာမဟုတ်ဘူး။ ဒါကြောင့် Communication က အရမ်းအရေးကြီးတယ်၊ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းပြည်ရဲ့ နိုင်ငံ ရေးစနစ်တွေက Communication သာ ကောင်း ခဲ့ရင် ပိုပြီး ထိရောက်မှုရှိလာမှာပါ။ ပြည်သူရယ်၊ အုပ်ချုပ်ရေးရယ်၊ တရားစီရင်ရေးရယ်၊ ဥပဒေပြု ရေးရယ်၊ Media ရယ် ဒီမဏ္ဍိုင်ကြီးလေးရပ်ကြား ကဆက်သွယ်ရေးသာ ဒီထက်ပိုပြီးကောင်းရင် အသွင်ကူးပြောင်းရေးကာလ Transition Period ကြီး မြန်မြန်ပြီးသွားပြီး ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းက မြန်မြန်အကောင်အထည် ပေါ်လာမှာပေါ့၊

Asian Fame Media Group

# Confidence



Confidence ကတော့ ယုံကြည်မှုပေါ့။ အဓိကစရမှာက Self Confidence ပေါ့။ မိမိကိုယ်မိမိ ယုံကြည်မှုရှိတဲ့သူကိုမှ တခြားသူတွေက လည်း ယုံကြည်မှာ။ ကိုယ်ကိုယ်တိုင်ကမှ ကိုယ့်ကိုယ်ကိုယ်မယုံကြည်ရင် တခြားလူတွေရဲ့ ယုံကြည်မှုရဖို့ ခဲယဉ်းသွားပြီ။ လူတစ်ယောက်က ဘာပဲလုပ်လုပ် သူ့ကိုယ်သူယုံကြည်မှုရှိရင် သူက သူလုပ်တဲ့အလုပ်ကို ရဲရဲဝံ့ဝံ့ရှိတယ်။ အဲဒီတော့ သူလုပ်တဲ့အလုပ်တွေက Smart ကျတယ်ပေါ့။

တခြားသူတွေက ကိုယ့်ကိုမယုံကြည်ဘူးဆိုရင် ဒါကကိုယ့်ရဲ့ချို့ယွင်းချက်ပဲ။ ကိုယ်ကိုယ်တိုင်က Self Confidence အားနည်းလို့ပဲ။ ဘာကြောင့် အားနည်းလဲဆိုရင် သေချာမကျွမ်းကျင်တာကို လုပ်ရတာမျိုး၊ သေချာနားမလည်တာကို ပြောရတာမျိုး၊ ကိုယ်မယုံကြည်တာကို လုပ်ရတာမျိုး ဒါမျိုးတွေဆိုရင် Self Confidence အားနည်းမှာပဲ။ ကိုယ်မလုပ်ချင်ဘဲ လုပ်ရတဲ့အလုပ်မှာ Confidence မရှိနိုင်ဘူး။ သူများပြောခိုင်းတာကို ပြောရရင်လည်း Confidence မရှိဘူး။ ဒါဆို ဘေးကကြည့်နေတဲ့သူတွေကလည်း သူတော့ သူကိုယ်သူတောင် ယုံကြည်မှုမရှိဘူးဆိုပြီး တန်းသိတယ်။

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိဖို့က ဘာမှ မခဲယဉ်းပါဘူး။ စကားပြောတဲ့အခါမှာ ကိုယ့်ရင်ထဲက စကားတွေကိုပဲပြော။ အပိုတွေ လုပ်မပြောနဲ့။ ဒါဆို ကိုယ်ပြောတဲ့စကားကို ကိုယ်တာဝန်ယူနိုင်တော့ ယုံကြည်မှုရှိတယ်။ အလုပ်လုပ်ရင်လည်း ကိုယ်မယုံကြည်တာ ကိုယ်စိတ်မပါတာကို မလုပ်နဲ့။ ဒါဆို ဒီအလုပ်အပေါ်မှာ ကိုယ်ကစိတ်ပါတော့ ယုံကြည်မှုရှိတယ်။ Confidence ပျောက် တာက ခဏတာပဲ ပျောက်သွားရင် ကိစ္စမရှိဘူး။ သူများတွေရဲ့ Pressure ကြောင့် ကိုယ်မယုံကြည်တဲ့ အလုပ်တွေ လုပ်နေရ ကိုယ်မယုံကြည်တဲ့ စကားတွေကို ပြောနေရရင် ဘဝတစ်လျှောက်လုံး Confidence ပျောက်သွားရော။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေလျော့လာရင် ကိုယ့်ကိုယ်ကိုယ် မကြည်ညိုနိုင်တော့ဘူး။

Self Esteem ဆိုတာ ရှိတယ်၊ မိမိကိုယ်မိမိ ကြည်ညိုစိတ်ကိုပြောတာပေါ့။ လူဆိုတာက ကိုယ်မယုံကြည်တာကို လုပ်ရတာများလာရင် မိမိကိုယ်မိမိ ယုံကြည်မှုလျော့တယ်။ ပြီးရင် ကိုယ့်ကိုယ်ကိုယ် မကြည်ညိုနိုင်တော့ဘူး။ အဲဒီလိုကိစ္စက ဘယ်အဆင့်ထိရောက်နိုင်လဲဆိုရင် ကိုယ့်ကိုယ်ကိုယ် Suicide လုပ်တဲ့အထိ ဖြစ်သွားနိုင်တယ်။

လူတိုင်းမှာ ကိုယ်ပိုင်ဘဝဆိုတာ ရှိတယ်။ ဘာသာရေးစကားနဲ့ပြောရရင် သံသရာဆိုတာပေါ့။ မိဘနဲ့သားသမီးဆိုတာ သံသရာရေစက်ကြောင့် ဒီဘဝမှာလာပြီး တွေ့ရ တာပါ။ ဒါပေမဲ့ သားသမီးတိုင်းမှာ ကိုယ်ပိုင်ကံကြမ္မာဆိုတာရှိတယ်။ သားသမီးတွေရဲ့ ကိုယ်ပိုင်ကံကြမ္မာကို မိဘကဝင်ပြီး ပုံသွင်းလို့မရဘူး။ သားသမီးတွေရဲ့ ကံကြမ္မာလမ်းကြောင်းပေါ်မှာပဲ မိဘတွေ၊ ဆရာသမားတွေက ဘေးကနေ ထိန်းကြောင်းပေးတာလောက်ပဲ လုပ်လို့ရတယ်။ ပုံသွင်းပေးလို့မရဘူး၊ မဖြစ်သင့်ဘူး။ အဲဒီလို ပုံသွင်းခံရရင် ဆိုးကျိုးတွေ ဖြစ်တယ်။ ကျွန်တော့် ဦးလေးတစ်ယောက်ဆိုရင် သူက အနုပညာသမား ဖြစ်ချင်တယ်။ ဒါပေမဲ့ သူ့ရဲ့မိဘက သူ့ကိုစီးပွားရေးပဲ လုပ်စေချင်တယ်။ သူက မိဘဆန္ဒအတိုင်းလိုက်လုပ်ရတော့ သူ့ကိုယ်သူ ယုံကြည်မှုတွေ ပျောက်သွားတယ်။ အဲဒီတော့ နေမပျော်တော့ဘူးပေါ့။ ဘဝမှာ အရေးကြီးဆုံးက နေပျော်ဖို့ပါပဲ။ ဘဝမှာ နေမပျော်ရင် ဘေးထွက်ဆိုးကျိုးတွေအနေနဲ့ အရက်စွဲတာမျိုးတို့၊ မူးယစ်ဆေးဝါးစွဲသွားတာမျိုးတို့ ဖြစ်သွားနိုင်တယ်။

လူတွေမှာ ဗီဇဆိုတာလည်း ရှိသေးတယ်ဗျ။ အဖေ၊ အမေဆရာဝန်မို့လို့ ကလေးက မွေးလာတာနဲ့ ဆရာဝန်လေး မွေးလာရမှာမဟုတ်ဘူး။ သူ့ရဲ့ ဗီဇကိုတွေ့အောင်ရှာပြီး ဘေးကနေ ထိန်းကြောင်းပေးရမှာ။ ဒါမှ ပုံစံမှန်ရမယ်၊ ကလေးရဲ့ဘဝကို ဘောင်မကန့်သင့်ဘူး။ လူဆိုတာက ကိုယ်တကယ် ဝါသနာပါတဲ့အလုပ်ကို လုပ်ရမှ ကိုယ့်ရဲ့စွမ်းအားတွေက အပြည့်ထွက်မှာ။ ဝါသနာမပါတဲ့ အလုပ်တွေကို လူတွေကလုပ်နေရင် တိုင်းပြည်အတွက်လည်းနစ်နာတယ်။ သူက စွမ်းအားတွေမှ အပြည့်မထွက်နိုင်ဘဲ။

ကျွန်တော်ဆိုရင် စာရေးရတာကို ဝါသနာပါတယ်။ စာရေးရရင် ပျော်တယ်။ ကျွန်တော် ဝါသနာမပါတာက အင်ဂျင်နီယာအလုပ်ပါ။ ကျွန်တော်က B.E (Civil) နဲ့ ကျောင်းပြီးတယ်။ ဒါပေမဲ့ ကျွန်တော်က တိုက်တွေဆောက်ချင်တာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် တိုက်တွေကို တစ်နှစ်လောက်ဆောက်ခဲ့ရတယ်။ ဒီအတိုင်း အလုပ်ဆင်းနေတာပဲ ရှိခဲ့တယ်။ ကိုယ့်ရဲ့စွမ်းရည်တွေက အပြည့်ထွက်မလာခဲ့ဘူး။ ဒါတိုင်းပြည်အတွက် နစ်နာတာပဲလေ၊ ဒါပေမဲ့ ကျွန်တော် ကံကောင်းတယ်ပြောရမယ်။ ကိုယ့်လမ်းကြောင်းကို ကိုယ်ပြန်တည့်အောင် လုပ်နိုင်ခဲ့တယ်။ တိုင်းပြည်က လူ့စွမ်းအားတွေက လူမှန်နေရာမှန်ဖြစ်နေဖို့ လိုအပ်တယ်။ ဘောလုံးပွဲနဲ့ ဥပမာပေးရရင် ဝင်းအောင်လို ခေါင်းတိုက်ကောင်းတဲ့လူတစ်ယောက်ကို နောက်တန်းမှာ ပေးကစားလို့မရဘူး။ လူတွေကို ဘယ်နေရာမှာ ဘယ်လိုချထားရမလဲဆိုတာက သူ့ရဲ့အားသာချက်တွေပေါ်မူတည်ပြီး စဉ်းစားရမယ်။ တူးလော့လောက်ထရပ် (Toulouse - Lautrec) ဆိုတဲ့ ပန်းချီဆရာတစ်ယောက် ရှိခဲ့တယ်။ သူက ငယ်ငယ်လေးကတည်းက ပုံတွေဆွဲတာပဲ။ ဒါပေမဲ့ သူ့မိဘက အားမပေးဘဲ သူ့ကို တခြားသင်တန်းတွေပဲ ပို့တယ်။ သူ ဘာမှဖြစ်မလာခဲ့ဘူး။ နောက် ဆုံးပန်းချီပြန်ဆွဲမှပဲ သူ ကမ္ဘာကျော်အောင်ကို အောင်မြင်ခဲ့တယ်။ ဒါကြောင့် လူက ကိုယ့်ရဲ့ယုံကြည်ရာကိုပဲ လုပ်သင့်တယ်။ ဒါမှ ယုံကြည်မှုရှိရှိနဲ့လုပ်နိုင်ပြီး အောင်မြင်မှာပါ။

Asian Fame Media Group



# လင်းသိုက်ညွန့် [မြန်မာ့ငြိမ်]

## Culture

Culture ဆိုတာကတော့ ယဉ်ကျေးမှုလို့ ပြောတာပေါ့။ တချို့ကလည်း Civilization လို့လည်း ပြောကြတယ်။ Culture ဆိုရင် ၂ မျိုးရှိတယ်။ Physical Culture နဲ့ Logical Culture ဆိုပြီးတော့ပေါ့။ Physical Culture ဆိုတာ မြန်မာ့ယဉ်ကျေးမှုမှာ ဝတ်စားဆင်ယင်မှု၊ ရွှေတိဂုံဘုရားကြီး၊ ဆွမ်းအုပ်၊ ပုဂံဘုရား ဒါတွေက Physical Culture တွေပေါ့။ ရုပ်ယဉ်ကျေးမှုတွေပေါ့။ Logical Culture ကတော့ စိတ်ယဉ်ကျေးမှုလို့ ပြောရမယ်။ ကျွန်တော်တို့တစ်တွေ လူကြီးရှေ့သွားရင် ခေါင်းငုံ့သွားတာတို့ ဥစ ဖြာမင်္ဂလာတို့တွေပေါ့။

ဒီဘက်ခေတ်မှာတော့ Culture တွေ ပျက်ယွင်းလာတာတွေ ရှိတယ်။ ကျွန်တော်တို့ အဓိက အလေးထားရမှာက စိတ်ယဉ်ကျေးမှုပဲ။ ဂျင်းဘောင်းဘီဝတ်နေကြတဲ့ လူငယ်တွေပေမယ့်လည်း နာဂစ်လို အရေးမျိုး ကြုံလာတော့လည်း စိတ်ယဉ်ကျေးမှုတွေ မပျက်သေးတာ တွေ့ရတယ်၊ ကျွန်တော့် ကိုယ်ပိုင်ယူဆချက်မှာတော့ ယဉ်ကျေးမှုဆိုရင် တချို့ ယဉ်ကျေးမှုတွေက ထိန်းသိမ်းရမယ်။ မြန်မာတွေရဲ့ ကောင်းမွန်တဲ့ ယဉ်ကျေးမှုတွေပေါ့။ ဥပမာ - ကျွန်တော်တို့ရဲ့ တစ်လင်တစ်မယားစနစ်လိုမျိုး ပေါ့။ နိုင်ငံခြားက သိပ်အံ့ဩတယ်။

သူတို့ဆီမှာက တစ်လင်တစ်မယားစနစ်ဆိုတာလည်း မရှိဘူးလေ။ Living Together တွေ များကြတာကိုး။ နောက်ပြီး ကျွန်တော်တို့လူမျိုးတွေက လူကြီးသူမကို ရိုသေလေးစားကြပြီး ရှေ့ကသွားရင် ခေါင်းငုံ့သွားတာတို့၊ ဆရာကန်တော့ပွဲလို ယဉ်ကျေးမှုတို့ပေါ့။ ဒါတွေက ထိန်းသိမ်းထားရမယ်။ နောက်ထပ်ယဉ်ကျေးမှုကတော့ လွှင့်ပစ်လိုက်သင့်တဲ့ ယဉ်ကျေးမှုမျိုးတွေပေါ့။ ဥပမာပြောရရင် ကျွန်တော်စာပေဟောပြောပွဲခရီးတွေသွားတော့ ကားပေါ်မှာ ဘာတွေရေးထားတွေ့ရလဲဆိုတော့ 'ရောက်ရှိချိန်မေးခြင်း သည်းခံပါ' ဆိုတာ

Asian Fame Media Group

မျိုး။ ဒီလိုယဉ်ကျေးမှုက ဘယ်ကစလဲ မသိဘူး။ အမှန်က ကျွန်တော်တို့က ရောက်မယ့်အချိန်ကို သိမှ အလုပ်ကိစ္စတွေကို ကြိုပြီး Prepair လုပ်လို့ ရမှာလေ။ ဒါကို နိုင်ငံခြားသားဆို လက်ခံမှာ မဟုတ်ဘူး။ နောက်ပြီး နဂါးခေါင်းရှေ့လှည့်တာတို့ နောက်လှည့်တာတို့ဆိုတာမျိုးတွေပေါ့။ ထေရဝါဒဗုဒ္ဓဘာသာနဲ့လည်း ဒီအယူအဆက ဘာမှ မဆိုင်ပါဘူး။ ရက်ရာဇာဆိုတာလည်း အလုပ်ကြိုးစားပြီးလုပ်ရင် အဲဒီနေ့က ရက်ရာဇာပဲ။ ဒီလို Culture မျိုးတွေကိုဆိုရင် လွှင့်ပစ်လိုက်သင့်တယ်လို့ ကျွန်တော်မြင်တယ်။ ဟိုးအရင် ကတည်းက လွဲမှားတဲ့ကိစ္စတွေကို လက်ဆင့်ကမ်းခဲ့ တာမျိုးတွေ

> ဂီတတို့၊ ရုပ်ရှင်တို့၊ စာပေအနုပညာတို့ကိုက ကျွန်တော်တို့ Update လုပ်ရမယ်။ စာပေမှာ ဂန္ထဝင်ကိုပဲ ကိုင်ထားလို့ မရဘူး။ ဂန္ထဝင်လည်း ရှိရမယ်။ ခေတ်စမ်းတို့၊ Modern တို့၊ Post Modern တို့တွေရော ရှိရမယ်။ မြန်မာဂီတမှာလည်း ဘောလယ်တို့၊ တျာချင်းတို့ ကစပြီး ရှိမှာပဲ။ ဒါတွေကို ပြန်ပြီး Update လုပ်ရမယ်

ရှိတယ်။ ဥပမာ National Theatre ကို အမျိုးသားဇာတ်ရုံဆိုတာမျိုး၊ National Museum ကို အမျိုးသားပြတိုက်ဆိုတာမျိုး။ ဒါဆို အမျိုးသမီးတွေနဲ့မဆိုင်တော့ဘူးလား။ ကျွန်တော် တစ်ခါ နေပြည်တော်မှာ Workshop တစ်ခု တက်ရတယ်။ အဲဒီမှာ ဘာရေးထားလဲဆိုတော့ 'အမျိုးသားအဆင့် အမျိုးသမီးရေးရာ ဆွေးနွေးပွဲ' တဲ့။ တော်တော်ရှုပ်ထွေးစေတယ်။ အမှန်တော့ National ဆိုတာ ဘာသာပြန်ရင် လူမျိုးနှင့်ဆိုင်သော ဖြစ်ရမှာဗျ။ ဒါကို ဘယ်သူက အမျိုးသားလို့ ဘာသာပြန်ခဲ့လဲ မသိဘူး။ ဒီလို ကျွန်တော်တို့ အတွက် အကျိုးလည်း မရှိ၊ ခေတ်နဲ့ လည်းမညီနဲ့ ယဉ်ကျေးမှုမျိုးဆို လွှင့်ပစ်လိုက်သင့်တယ်။ တချို့ ယဉ်ကျေးမှုတွေကျတော့လည်း ကျွန်တော်တို့က ပြန်ပြီး Update လုပ်ရမယ်။ ကျွန်တော် ခံယူချက်အရ ယဉ်ကျေးမှုမှာ လေးစားလိုက်နာရမှာရယ်၊ လွှင့်ပစ်လိုက်သင့်တာရယ်၊ ပြန်ပြီး ခေတ်အခြေအနေနဲ့လိုက်အောင် မွမ်းမံသင့်တဲ့ ယဉ်ကျေးမှုရယ်ပေါ့။ ဂီတတို့ ရုပ်ရှင်တို့ စာပေအနုပညာတို့ကိုက ကျွန်တော်တို့ Update လုပ်ရမယ်။ စာပေမှာ ဂန္ထဝင်ကိုပဲ ကိုင်ထားလို့ မရဘူး။ ဂန္ထဝင်လည်း ရှိရမယ်။ ခေတ်စမ်းတို့၊ Modern တို့၊ Post Modern တို့တွေရော ရှိရမယ်။ မြန်မာဂီတမှာလည်း ဘောလယ်တို့၊ တျာချင်းတို့ကစပြီး ရှိမှာပဲ။ ဒါတွေကိုပြန်ပြီး Update လုပ်ရမယ်။ အဲဒီလို Update မလုပ်နိုင်ရင် မြန်မာ့ဂီတက ကမ္ဘာ့ဂီတ နောက်မှာ ကျန်ခဲ့လိမ့်မယ်။ ဝတ်စားဆင်ယင်မှုမှာလည်း ကျွန်တော်တို့က ကုန်းဘောင်ခေတ်တို့ ဘာတို့တုန်းကလို ဝတ်နေလို့မရဘူး။ ဒါပေမဲ့ ကွန်တော်တို့မှာ မြန်မာဆိုတဲ့ Form တော့ ရှိရမှာပေါ့။ Update တော့ လုပ်နေရမယ်။ ဒီလိုတွေ လုပ်မှပဲ ကျွန်တော်တို့ရဲ့ မြန်မာ့ယဉ်ကျေးမှုက ကမ္ဘာမှာ ရှင်သန်နိုင်မှာပါ။ အခုလက်ရှိ ကမ္ဘာမှာ ယဉ်ကျေးမှုက Soft Power တွေ ခေတ်စားတယ်၊ ကိုရီးယားဆိုလည်း ယဉ်ကျေးမှု Sofe Power တအားမြင့်မားတယ်။ Hard Power လို့ခေါ်တဲ့ စစ်အင်အားက အဓိက မဟုတ်တော့ဘူး။ ဒီတော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှု Soft Power မြင့်ဖို့ဆိုရင် ကျွန်တော်တို့က ခေတ်နဲ့လျော်ညီအောင် Update လုပ်သင့်တာတွေကိုလုပ်မှပဲ ရမယ်၊ ပြီးတော့ Culture ဆိုတာ လှိုင်းပါပဲ။ လာတဲ့ လှိုင်းကို စီးတတ်ရင် လှိုင်းပေါ်မှာ ကိုယ်ရောက်မယ်။ မစီးတတ်ရင်တော့ လှိုင်းက ကိုယ့်ကိုကျော်သွားမှာပဲ။ ဒါဆို ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုကို Mobilize လုပ်ရမယ်။ ယဉ်ကျေးမှုကို အယူရှိရသလို အပေးလည်း ရှိရမယ်။ သူ့ယဉ်ကျေးမှုက အားကောင်းတဲ့အချက်နဲ့ ကိုယ့်ယဉ်ကျေးမှုက အားနည်းတဲ့အချက်ကိုကြည့်ပြီး ယဉ်ကျေးမှုက သူများဆီက ယူသင့်ရင်ယူရမယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုက အားကောင်းတဲ့ အချက်ကိုလည်း သူတို့ကယူမှာပဲ။ ကျွန်တော်တို့က ယဉ်ကျေးမှု ဖလှယ်တယ်ဆိုပြီး အယူပဲရှိပြီး အပေးမရှိရင်တော့ မဖြစ်သေးဘူး၊ ဒါဆို ရေရှည်မှာ ကိုယ့်ယဉ်ကျေးမှုက လုံးပါးပါးပြီး ကမ္ဘာမှာ ပျောက်ကွယ်သွားနိုင်တယ်။ ကိုယ့်ယဉ်ကျေးမှုကို သူများယူစေချင်ရင် ကမ္ဘာကလက်ခံအောင် Update လုပ်ရမယ်၊ ဥပမာ - Hip Hop ဆိုရင် ကျွန်တော်တို့ လူငယ်ကြားမှာ တော်တော်ပေါက်တဲ့ Music Culture ပဲ။ ဒါပေမဲ့ ဒါက ကျွန်တော်တို့ရဲ့ ဂီတမဟုတ်ဘူး။ ဒါက လူမည်းတွေရဲ့ဂီတပေါ့။ Street Culture ပေါ့။ ကျွန်တော်တို့ဆီက လူကြီးတွေ လက်မခံနိုင်ကြဘူး၊ မြန်မာပြည်က လူကြီးတွေက ဒါကို လမ်းသရဲလို့ သတ်မှတ်တာကိုး။ လမ်းက နံရံတွေမှာ အရုပ်တွေဆွဲပေါ့။ Graffiti ဆွဲတာဆိုရင် အခု ကျွန်တော်တို့ဆီမှာ Culture Strike တွေဖြစ်တယ်။ ဆွဲတဲ့လူငယ်တွေနဲ့ မြို့တော်စည်ပင်က လူကြီးတွေနဲ့ သဘောတွေ ကွဲလွဲတာမျိုးပေါ့။ ကျွန်တော်တို့က သူတို့ Culture ကို ကျေကျေနပ်နပ်ကြီးယူထားကြတယ်။ ဒါကိုအပြစ်ပြောလို့ မရဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဆီက Culture ကိုလည်း ပြန်ပေးနိုင်ရမယ်။ ဥပမာ- ကျွန်တော်တို့ယဉ်ကျေးမှုမှာပဲရှိတဲ့ အငြိမ့်ပွဲပေါ့။ လူရွှင်တော်ငါးယောက်က ပြက်တယ်။ မင်းသမီးက ကတယ်။ အဝတ်ကအစ Format ရှိပြီးသားလေ။ သူတို့ဆီက Rapper အကျီပွပွကြီးတွေတောင် ကျွန်တော်တို့ ဝတ်ကြသေးတာလေ၊ လူပြက်တွေရဲ့ တောင်ရှည်ကလည်း ကျွန်တော်တို့ရဲ့ Form ပဲ။ ဒါကို ကျွန်တော်တို့က Update လုပ်ပြီး ပြက်လုံးကို အင်္ဂလိပ်လိုပြက်ရင်ရော။ ကတာကတော့ ဘာသာစကားနားမလည်လည်း ခံစားတတ်တယ်လေ၊ အဲဒီလိုမျိုး Update လုပ်လိုက်ရင် ကျွန်တော်တို့ ယဉ်ကျေးမှု Promotion တစ်ခုပဲပေါ့။ အခုဆိုရင် ကိုသားစိုးလုပ်တဲ့ Remix ဆို ကျွန်တော်ကြိုက်တယ်။ ဘာပဲပြောပြော သူ့ရဲ့ဂီတမှာ မြန်မာ Sense လေးရတယ်။ ဒါမျိုးတွေ များရင် ကျွန်တော်တို့ယဉ်ကျေးမှုကိုလည်း သူများက ယူကြမှာပါ။ အဓိကကတော့ Update လုပ်နိုင်ဖို့ပါပဲ။

## Communication

Communication ဆိုတာကတော့ အရမ်းအရေးကြီးတယ်ဗျ။ Communication ကို ကျွန်တော်တို့ Management မှာတော့ 'R' သုံးလုံးနဲ့ ပြောတယ်။ အဲဒါကတော့ အောင်မြင်ချင် တဲ့ လူတစ်ဦးပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုပဲဖြစ် ဖြစ်၊ နိုင်ငံတစ်နိုင်ငံပဲဖြစ်ဖြစ် အောင်မြင်ချင်ရင် 'R' သုံးလုံးကို ချဉ်းကပ်ရမယ်။ Right Time ၊ Right Place ၊ Right Person ပေါ့။ မှန်ကန်တဲ့ အချိန်နဲ့နေရာမှာ မှန်ကန်တဲ့လူကို Communicate လုပ်နိုင်ရမယ်။ ထပ်ပြီးတော့ မှန်ကန်တဲ့နည်းလမ်း Right Way လည်းဖြစ်ရမယ်။ Communication က အခုလို ကျွန်တော်တို့ရဲ့ ဒီမိုကရေစီနိုင်ငံမှာ ပိုပြီးအရေးပါတယ်။ ပြည်သူလူထုနဲ့ အစိုးရကြားမှာ ဆက်သွယ်ဆောင် ရွက်ပေးတဲ့ လူတစ်ဦးက စကားလေးတစ်ခွန်း မှားသွားတာနဲ့ မလိုအပ်တဲ့ ဆန္ဒထုတ်ဖော်မှုတွေ ဖြစ်ကုန်တာပေါ့။ ဆက်သွယ်တဲ့ နည်းလမ်းလည်းလိုတယ်။ ဥပမာ - အများသုံးအိမ်သာတစ်ခုရဲ့ တစ်ဖက်ခန်းမှာ လူတစ်ယောက်က အိမ်သာတက် နေတယ်၊ အဲဒီအချိန် တခြားအခန်းက လူတစ်ယောက်က "ဟေ့လူ အဆင်ပြေလား" မေးတယ်။ ဒီဘက်ကလူက အူကြောင်ကြောင်နဲ့ "ပြေပါတယ်ပေါ့"၊ သူက ထပ်

ပြောတယ်။ "ဒါဆို ကိုယ် အဲဒီဘက်ကို လာလို့ ရမလားတဲ့" ဆိုတော့ "ဟုတ်ကဲ့ လာခဲ့ပါတဲ့" အဲဒီတော့မှ မေးနေတဲ့သူက အိမ်သာတံခါးကို တဒုန်းဒုန်းနဲ့ထုပြီး "မင်း ငါ ဖုန်း ပြောနေတာကို လှောင်နေတာလားတဲ့"။ ဒါက ဘာလဲဆိုတော့ Communication မှ Sender နဲ့ Receiver ကြားမှာ Wall ဆိုတဲ့ အတားအဆီးက ရှိနေသေးတယ်။ ပြည်သူလူထုနဲ့ အစိုးရကြား မှာလည်း Wall ဆိုတာ ရှိတယ်ဗျ။ ဒါကို ဘယ်လို ကျော်မလဲဆိုတဲ့ Communication Way က အရေးကြီးတယ်၊ ကျွန်တော်တို့ လူမျိုးတွေက နှိမ်ပြောတာတော့ မဟုတ်ပါဘူး။ လုံလောက်တဲ့ အသိဉာဏ်ပညာကို လိုအပ်နေတဲ့ Society တစ်ခုဖြစ်ပါတယ်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးလောက်မှာပဲရှိတဲ့ သူတွေကပဲ Educated များနေပြီး ကျန်တဲ့ ၈၀ ရာခိုင်နှုန်းလောက်ရှိတဲ့ သူတွေကတော့ လိုအပ်နေပါတယ်။ ပြီးတော့ ငြိမ်းချမ်းရေး Process မျိုးမှာလည်း Communicator ကောင်းတွေ လိုအပ်ပါတယ်။ ဒီမိုကရေစီ သက်တမ်း အရမ်းနုနယ်တဲ့ ကျွန်တော် တို့လိုနိုင်ငံတွေက Communication နည်း ကောင်းနဲ့ Communicator ကောင်းက အရမ်းကို လိုအပ်တာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ Communication က အရင်တပ်မတော်အစိုးရ လက်ထက်တုန်းကတော့ Rumour လို့ခေါ်တဲ့ ကောလာဟလတွေ တအားပျံ့တယ်။ Transparency လို့ခေါ်တဲ့ ပွင့်လင်းမြင်သာမှု မရှိခဲ့ဘူး။ အခုချိန်မှာတော့ သတင်းစာရှင်းလင်းပွဲတွေရဲ့ Format ကလည်း ပြောင်းသွားတယ်။ အရင်လို မဟုတ်တော့ဘူး။ Communication ကတော့ ကောင်းလာပါပြီ။ ဒါပေမဲ့ ထိရောက်တဲ့ မှန်ကန်တဲ့ Communication ဖြစ်ချင်ရင်တော့ Right Media ပေါ့။ Media ကောင်း သုံးတတ်ရမယ်၊ ပြည်သူနဲ့အစိုးရကြားမှာ Communication လုပ်ပေးတဲ့ Media တွေဆိုရင် နံပါတ်တစ်က Press Media ပေါ့။ ပြီးတော့ Electronic Media ။ အဲဒီမှာ Internet တို့ ဘာတို့ပါမှာပေါ့။ ပြီးတော့ Billboard တို့ ကားနောက်မှာ စာတန်းတွေ ထင်တာတို့ကျတော့ Display Media ပေါ့။ အခု ဆိုရင် Mouth to Mouth ဆိုတဲ့ အချင်းချင်း ပျံ့နှံ့သွားစေတဲ့Media ပေါ့။ အဲဒီလို အမျိုးမျိုးရှိတဲ့ ထဲမှာမှ Right Time Right Place သုံးတတ်ဖို့ပါ။ ဥပမာ - သမ္မတကြီး ဦးသိန်းစိန်က သူ့ရဲ့မိန့်ခွန်းတွေကို TV Channel တွေက လွှင့်တာအပြင် Radio ကနေ လွှင့်တယ်။ ဒါမြို့နေလူထုအတွက် TV က အဆင်ပြေနေပေမယ့် လယ်ယာဦးကြီးတွေ အတွက်တော့ Radio ကမှ အဆင်ပြေတယ်လေ။ သမ္မတအိုဘားမားဆို Facebook ကနေသုံးတယ်။ အခုခေတ်မှာ Social Media က Facebook ပဲ။ ကျွန်တော် ဆိုရင် ကျွန်တော့်စာအုပ်ကြော်ငြာချင်ရင် Facebook Fan Page ကနေ ကြော်ငြာတယ်၊ ပိုပြီး ထိရောက်တယ်။ Cost သက်သာတယ်ပေါ့။ နောက်ဆို ရန်ကုန်မြို့ရဲ့ ထိရောက်တဲ့ Media က Radio ဖြစ်သွားနိုင်တယ်။ ဘာလို့လဲ ဆိုတော့ အခုကားတွေက တအားပိတ်တယ်၊ ကားပေါ်မှာ နေရတဲ့အချိန်တွေက အရမ်းများတယ်။ နာရီဝက် လောက်လုပ်ရမယ့် အလုပ်အတွက် ၃ နာရီ လောက်အချိန်ပေးပြီး သွားရတယ်။ ကားပေါ်မှာ ကျတော့ Radio က ကောင်း တာကိုး။ ဒါကြောင့် တချို့လုပ်ငန်းရှင်တွေကို ကျွန်တော်က အကြံ ပေးတယ်။ Radio မှာ ပြောင်းကြော်ငြာတော့ လို့ပေါ့။ TV မှာ ကြော်ငြာ တာထက်ပိုပြီး ထိ ရောက်တယ်လို့။ ဒါကြောင့် Communication ဆိုရင် ကျွန်တော်ကတော့ Right Time Right Place မှာ Right Media ရွေးနိုင်ဖို့ပဲ ပြောချင်ပါ တယ်။

## Confidence

Confidence ကတော့ ယုံကြည်မှုပေါ့၊ ယုံကြည်မှုမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့အတွက် က အရင်ကိုယ့်ရဲ့ လူ့အဖွဲ့အစည်းကို ယုံကြည်မှု ရမယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့လူမျိုးက ခေတ်အဆက်ဆက်မှာ ကျွန်တော်တို့က ကိုယ့်ရဲ့ လူ့အဖွဲ့အစည်းကို မယုံကြည်ခဲ့ရဘူး။ အင်္ဂလန် နိုင်ငံသားတစ်ယောက်က တအားကိုConfidence ရှိလိမ့်မယ်။ ဘာလို့လဲဆိုတော့ သူ့ရဲ့လူ့ အဖွဲ့ အစည်းကို သူယုံရတာကိုး။ သူ့ရဲ့ လူ့အဖွဲ့အစည်း က တရားဥပဒေစိုးမိုးတယ်လေ၊ ကျွန်တော် နိုင်ငံ ရေးစကားပြောတာ မဟုတ်ပါဘူး။ အခုချိန် မှာ ကချင်မှာရှိတဲ့လူတစ်ယောက်၊ လိုင်ဇာမှာရှိတဲ့ လူတစ်ယောက်က ညသန်းခေါင်မှ အိမ်ပြန်တာမျိုး အိမ်အပြင်ပြန်ထွက်တာမျိုး မလုပ်နိုင်ဘူး။ ဘာလို့ လဲဆိုတော့ သူ့ရဲ့လူ့အဖွဲ့ အစည်းကို သူမယုံရဘူး လေ၊ ဒါက သူ့ကိုယ်သူ Confidence မရှိတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ နိုင်ငံမှာ Confidence ရှိတဲ့လူငယ်တွေ Confidence ရှိတဲ့နိုင်ငံ သားတွေ ရှိလာဖို့က ကိုယ်ရဲ့လူ့အဖွဲ့ အစည်းကို Trust ရှိရမယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုရှိရမယ်။ ကျွန်တော် တို့ရဲ့ Management မှာ စက်ဝိုင်းလေးတွေ ရှိပါတယ်၊ Trust Radius လို့ခေါ်တယ်။ ဒါကို ယုံကြည်မှု အချင်း ဝက်လို့ ခေါ်တယ်။ ယုံကြည်ရတဲ့ အရည်အချင်း ကကြီးရင် ကျွန်တော်တို့က နယ် ပယ်စုံမှာ ဘာပဲ လုပ်လုပ် Confidence ရှိရှိနဲ့များ များလုပ်နိုင် တယ်။ ကျွန်တော်က လူတွေကို နည်း နည်းပဲယုံရ ရင် Radius က နည်းနည်းပဲရှိမယ်၊ ဒါဆို ကျွန်တော်တို့လုပ်နိုင်တဲ့ ပမာဏကလည်း နည်း သွားလိမ့်မယ်။ ဘယ်သူ့ကိုမှမယုံရရင် စက်ဝိုင်းဆွဲ လို့မရဘူး။ ဒါဆို ဘာမှကို လုပ်လို့မရပါဘူး။

ကျွန်တော်တို့မြန်မာလူမျိုးတွေက ယုံကြည်မှု တအားနည်းကြပါတယ်။ ကမ္ဘာမှာ Mafia Trust ဆိုတာရှိတယ်။ မာဖီးယားဂိုဏ်းခေါင်းဆောင်ကြီး က သူ့ရဲ့သားကို အမြင့်ကနေ ခုန်ချခိုင်းတယ်။ အောက်ကနေ အဖေက ဖမ်းထားမယ်။ သား ခုန်ချပေါ့။ တကယ်လည်း သူ့သားက ခုန်ချရော သူက လက်ကိုနောက်ပစ်လိုက်ရော။ သားက နဖူးကွဲဒူးပြဲပေါ့။ သူက တစ်ခွန်းပဲပြောတယ်။ ငါတို့လောကမှာ ကိုယ့်အဖေတောင် မယုံနဲ့တဲ့။ ကျွန်တော်တို့လူမျိုးက ပိုဆိုးတယ်။ Mafia Trust က ကမ္ဘာမှာ အဆိုးဆုံးတဲ့။ ကျွန်တော်တို့ မြန်မာ စကားပုံမှာ ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် မယုံ နဲ့တဲ့လေ။ မြန်မာလူငယ် တစ်ယောက်ရဲ့ Confidence နဲ့ အမေရိကန်လူငယ် လေးရဲ့ Confidence နဲ့ ဘယ်လိုမှတူမှာ မဟုတ် ဘူး။ ဒါက ကိုယ့်ရဲ့ Society နဲ့ပဲဆိုင်တယ်။ ပြီးတော့ Confidence ဆိုတိုင်းလည်း အရမ်းအရှိ လွန်သွားရင်လည်း Over Confidence ဖြစ်သွားတယ်။ ကိုယ့်မှာ တစ်ရာတန်တဲ့အရည်အချင်းရှိရင် Confidence ဟာ တစ်ရာပဲရှိရမယ်။ အရည်အချင်းက တစ်ရာပဲ ရှိပြီး Confidence က နှစ်ရာ၊ သုံးရာရှိရင် Over Confidence ဖြစ်သွားတယ်။ ဒါကြောင့် ကျွန်တော်တို့ပြိုင်ပွဲတွေမှာ ဒိုင်တွေက Over Confidence ရှိတဲ့သူတွေကို မကြိုက်ကြ တာပေါ့။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ Asia Value မှာ မိဘနဲ့သားသမီးက အပြန်အလှန် အရမ်းမှီခို တွယ်တာတတ်တယ်။ မိဘက အရာ အားလုံးကို လိုက်စီမံတတ်တယ်။ ဒါက ကောင်း တာရှိသလို မကောင်းတာလည်း ရှိတယ်။ ဥရောပ မှာက ၁၈ နှစ်ပြည့်ရင် အိမ်ခွဲနေကြပြီ။ ကျွန်တော် တို့ဆီမှာ က မိဘအပြင် ဆရာသမားတွေကလည်း တော်ရုံ တန်ရုံဆို ငှက်ပျောသီးအခွံနွာပြီး ကျွေး တာ။ ကျွန်တော်တို့မှာက အသက် ၃၀ ကျော်လည်း မိဘက ကလေးလို့ပဲ မြင်တာလေ။ ကျွန်တော်တို့ ယဉ်ကျေးမှုက မိသားစုနဲ့သိုက်သိုက်ဝန်းဝန်း နေ တတ်တာလေ။ ဒါကိုတော့ မပျက်စီးစေချင်ပါ ဘူး။ တရုတ်တို့၊ ဂျပန်တို့လည်း ဒီတိုင်းပါပဲ။ ဒါပေမဲ့ Confidence သူတို့ကမြင့်တယ်။ ဒါက သူတို့ရဲ့ လူ့အဖွဲ့အစည်းက ယုံကြည်ရတယ်လေ။ ပြီးတော့ သူတို့က Learning ကောင်းတယ်။ ကျွန်တော်တို့က Learning အားနည်းတယ်။ Training နည်းတယ်။ ဒါကြောင့် ကျွန်တော်တို့ လူငယ်တွေရဲ့ Confidence မြင့်လာဖို့ဆိုရင် Confidence မြင့်လာစေနိုင်တဲ့ ပညာစနစ်၊ Confidence မြင့်လာစေမယ့် Training တွေ၊ Confidence ရှိလာစေမယ့် လူ့အဖွဲ့အစည်းတစ်ခု ရှိဖို့ လိုတာပေါ့။ ဒါဆို ကျွန်တော်တို့လူငယ်တွေ လည်း Confidence ရှိတဲ့ လူငယ်တွေဖြစ်လာမှာ ပါ။

Asian Fame Media Group




Asian Fame Media Group
MEDIA GROUP

# နှင်းခင်ဧမျာ

## Culture

Culture ဆိုတာ ယဉ်ကျေးမှုအမွေအနှစ်ပါ။ တိုင်းပြည်တစ်ပြည်အတွက် ယဉ်ကျေးမှုအမွေအနှစ်တာ အရမ်းအရေးကြီးပါတယ်။ ညီမတို့ မြန်မာပြည်မှာဆိုရင် မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်ကိုကြည့်ချင်ရင် ပုဂံမှာ ကြည့်ရမယ်။ အကယ်၍သာ ပုဂံမှာ ယဉ်ကျေးမှုအမွေအနှစ်တွေ မကျန်ခဲ့ရင် ညီမတို့လူမျိုးတွေရဲ့ Resources တွေကို ဘယ်မှာရှာရမှန်း ဘယ်လိုဖော်ထုတ်ရမယ်မှန်း သိမှာမဟုတ်ပါဘူး။ နိုင်ငံတစ်ခုရဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုတာ အဲဒီနိုင်ငံရဲ့ရှေးဟောင်းအမွေအနှစ်ကို လေ့လာပြီးမှ သိနိုင်တာပါ။ ပုဂံ

ကိုသွားရင် ညီမတို့လူမျိုးတွေက ကျောက်ခေတ်တို့၊ ဟန်လင်းတို့ခေတ်မှာ ဘာတွေဝတ်ခဲ့ကြတယ်။ ဘယ်လိုအပြင်အဆင်တွေ ရှိခဲ့ကြတယ်ဆိုတာ လေ့လာနိုင်တယ်။ စေတီဘုရားပုထိုးတွေကို ဖူးရင်းနဲ့လည်း ညီမတို့ရဲ့ ဗိသုကာလက်ရာတွေ၊ အနုပညာတွေကို လေ့လာလို့ရတယ်။ ရွှေတိဂုံဘုရားကြီးကို မတည်ခင်မှာ ဘုရားရဲ့ပုံစံငယ်က ခွက်ပုံစံလုပ်ခဲ့တာ။ အဲဒီကမှ ပြောင်းလဲပြီး တည်ထားခဲ့တာပါ။ ဒါကြောင့် ယဉ်ကျေးမှုကတစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလာတယ်ဆိုတာလည်း သိထားရပါမယ်။ နံရံဆေးရေးပန်းချီတွေကို လေ့လာတဲ့အခါ ပျူခေတ်တို့ သရေခေတ္တရာခေတ်တို့က အဝတ်အစားတွေက အိန္ဒိယနွယ်တာတွေ တွေ့ရလိမ့်မယ်။ ဒါကြောင့် ညီမတို့က အိန္ဒိယက ဆင်းသက်လာတဲ့ လူမျိုးစုလို့ ခန့်မှန်းပြောဆိုနိုင်ကြတာပါ။ ပြီးတော့ ယဉ်ကျေးမှုက ဖလှယ်တာကူးလူးတာလည်း ဖြစ်သေးတယ်။ ဥပမာ - ဒီခေတ်မှာဆို ကိုရီးယားက ခေတ်စားတယ်။ ဒီတော့ ညီမအပါအဝင် လူငယ်တွေတော်တော်များများက ကိုရီးယား Style ဝတ်ကြတယ်။ အမှန်က ညီမတို့မှာ ကိုယ်ပိုင်ဗမာဝတ်စုံဆိုတာ ရှိပြီးသားလေ။ ရင်ဖုံးလေးနဲ့ ထဘီလေးနဲ့ပေါ့။ ဒါပေမဲ့ ညီမတို့ရဲ့ဝတ်စုံက နေရာတိုင်းဝတ်လို့ အဆင်မပြေဘူး။ ဥပမာ - ညီမဆိုရင် ပြိုင်ပွဲဝင်ပြိုင်တော့ Swimming Suit ကို မဝတ်မဖြစ်ဝတ်ရတယ်။ ညီမပြောချင်တာက ညီမတို့တွေက International ကိုဝင်မယ်ဆိုရင် တစ်ခါတလေမှာ အခါအားလျော်စွာ International Style တွေ ဝတ်သင့်ရင်ဝတ်ရမယ်။ ဒါပေမဲ့ တတ်နိုင်သရွေ့တော့ ကိုယ့်ဗမာဝတ်စုံကိုတော့ ဝတ်စေချင်တယ်။ ဒါကြောင့် ညီမက ပြိုင်ပွဲတောက်လျှောက်မှာလည်း မြန်မာဝတ်စုံတွေကိုပဲ ဝတ်ဖြစ်ခဲ့တယ်။ Swimming Suit ကတော့ မဖြစ်မနေဆိုတော့ ဝတ်ခဲ့ရတာပေါ့။ ဒါပေမဲ့ ညီမဝတ်တဲ့ဗမာဝတ်စုံတွေကိုကြည့်ပြီး ညီမနဲ့အတူ ဝင်ပြိုင်တဲ့ပြိုင်ပွဲဝင်တွေကတော့ ညီမတို့မြန်မာရဲ့ဝတ်ဆင်ပုံတွေကို သူတို့သိသွားကြပါတယ်။ ရင်ဖုံးလေးနဲ့ ထဘီလေးနဲ့က ဗမာဝတ်စုံဆိုတာကို သတိထားမိသွားကြတယ်။ ဒါကြောင့် မြန်မာဆိုတာ ဘယ်လိုပါဆိုတာကို သိစေချင်ရင် ညီမတို့က International ပွဲတွေကနေ Promotion လုပ်တို့ လုပ်ရမယ်။ ညီမတို့ရဲ့ ယဉ်ကျေးမှုအဆင့်အတန်းက မြင့်မားပါတယ်။ ညီမတို့လူမျိုးက ပျူငှာတယ်၊ နွေးထွေးတယ်။ တစ်ယောက်နဲ့တစ်ယောက် တွေ့တဲ့အခါမှာ ရယ်မောပြုံးပြီး နှုတ်ဆက်လေ့ရှိတယ်။ နိုင်ငံတကာက ဧည့်သည်တွေက ညီမတို့ရဲ့ဒီဓလေ့တွေကို အထင်ကြီးသဘောကျကြတယ်။ ပြီးတော့ ညီမတို့လူမျိုးက သဘောထားပြည့်ပြီး ခွင့်လွှတ်တတ်ကြတယ်။ နိုင်ငံခြားသားတွေကကျတော့ ခွင့်မလွှတ်တတ်ကြဘူး။ ဒါကြောင့် သူတို့တွေက Complain တွေ သိပ်တက်တာလေ။ ပြီးတော့ ညီမတို့ မြန်မာဓလေ့က မိသားစုသိုင်းဝိုင်းပြီး နေတတ်တယ်။ သူတို့တွေကတော့ အသက် ၁၈ နှစ်ပြည့်တာနဲ့ သတ်သတ်စီခွဲပြီး နေကြတယ်။ မိဘဆီကနေ မေတ္တာတွေ မရတော့ဘူး။ ညီမရဲ့ ဧည့်လမ်းညွှန်လုပ်တဲ့ အတွေ့အကြုံအရဆိုရင်တော့ ညီမတို့ရဲ့ ယဉ်ကျေးမှုဓလေ့တွေကို နိုင်ငံခြားသားတွေထဲမှာ ၈၀ ရာခိုင်နှုန်းလောက်က တော်တော်သဘောကျကြတယ်။ ညီမတို့ရဲ့ယဉ်ကျေးမှု ကို Promotion လုပ်မယ်ဆိုရင်လည်း ဖျော်ဖြေရေးဝင်ပြီးလုပ်ရင် ပိုပြီးထိရောက်လိမ့် မယ်။ ရုပ်ရှင်တို့ သီချင်းတို့ကို ပြောတာပေါ့။ ဘာလို့လဲဆိုတော့ အခု ညီမတို့ လူငယ်တွေက ကိုရီးယားယဉ်ကျေးမှုကို အတုခိုးနေကြတယ်ဆိုတာလည်း ကိုရီးယားကားတွေကနေပဲ ကြည့်ကြတာလေ။ ညီမတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် အန်တီဒေါ်အောင်ဆန်းစုကြည်ဆိုရင် သူက ဘယ်နိုင်ငံက ဘယ်လို Confrence တွေပဲတက်တက် ဘယ်ကိုပဲသွားသွား သူက ဗမာဝတ်စုံကိုပဲ စွဲစွဲလမ်းလမ်းဝတ်တယ်။ ဒါကို ညီမတို့က အတုယူသင့်တယ်။ ပြီးတော့ အခုဆိုရင် မြန်မာရုပ်ရှင်ကားတွေကို International မှာ သွားပြီးပြတာတို့ ဘာတို့လုပ်နေပြီ။ ဒါဆို ဒီလိုရုပ်ရှင်တွေထဲမှာ ညီမတို့က ညီမတို့ရဲ့မြန်မာ့ယဉ်ကျေးမှုအကြောင်းတွေကို ကောင်းပေးပြီး များများလေးပြပေးရမယ်။ ဒါက ညီမတို့ရဲ့ ယဉ်ကျေးမှုကို Promotion လုပ်ဖို့ အလွယ်ဆုံးနည်းတွေပါပဲ။

## Communication

Communication ဆိုတာက တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်တာပါ။ ညီမအနေနဲ့တော့ Communication ဆိုတာကို ၃ ခုခွဲချင်ပါတယ်။ အဲဒါတွေက One Way Communication၊ Two Way Communication နဲ့ Star Communication ဆိုတာတွေပေါ့။ One Way ဆိုတာက ဥပမာ - အခုညီမတို့ Internet သုံးတယ်။ Mail ကနေ စာပို့လိုက်တယ်။ ဒါက ကိုယ်ကပဲ တစ်ယောက်တည်းရေးပြီး ပို့လိုက်တယ်။ သူက Accept လုပ်ပြီဆိုမှ နှစ်ယောက်က Communication ရှိသွားတာပေါ့။ ဒါက တစ်ယောက်တည်းပဲ ပြောရတဲ့ Feeling နဲ့ပေါ့။ Two Way ကကျတော့ အပြန်အလှန်ဆိုတာတွေပါပြီပေါ့။ Internet ကနေ Chatting လုပ်တယ်ဆိုရင်လည်း ဒါက Two Way ပါပဲ။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပြောတာတွေ ဆွေးနွေးတာတွေကို ပြောတာပေါ့။ ပြီးတော့ Y Communication ဆိုတာ ရှိသေးတယ်။ ဒါကိုတော့ ညီမက သဘောမကျဘူး။ ဒါက ဘာလဲဆိုတော့ Y ကို ဇောက်ထိုးလုပ်လိုက်ရင် ဘယ်လိုပုံစံဖြစ်သွားလဲဆိုရင် အထက်ပြောတဲ့အမိန့်က အောက်ကနာခံရတာပေါ့။ ဒီမှာ အောက်ကလူက ဘယ်လိုဆွေးနွေးတာမှ လုပ်လို့မရဘူး။ အထက်ကပြောတာပဲ နာခံဆိုတဲ့သဘောပေါ့။ ပြီးတော့ Star Communication ကတော့ အဲဒီလိုမဟုတ်တော့ဘူး။ အားလုံးက ပြန်ပြီးဆွေးနွေးလို့ရတယ်။ အခု Facebook သုံးကြတယ်။ ညီမက ညီမရဲ့ Account ကနေ Post တစ်ခုတင်လိုက်ပြီဆိုရင် ဒါကို ဝိုင်းပြီး Comment ပေးနိုင်တယ်။ ဒါက Star Communication ပေါ့။ နှစ်ယောက်ပဲ လုပ်လို့ရတဲ့ Communication မဟုတ်ဘူး။ အများကြီးနဲ့ Communication လုပ်လို့ရတယ်။ ညီမ အခုလုပ်နေတဲ့ ဧည့်လမ်းညွှန်အလုပ်ဆိုရင် Two Way လို့ ပြောလို့ရတယ်။ ဒီအလုပ်မှာ ဘယ်လိုခက်ခဲမှုတွေ ရှိနိုင်လဲဆိုတော့ ဘာသာစကားပေါ့။ ညီမတို့က ကိုယ့်လူမျိုးအချင်းချင်း

> ညီမတို့
> မြန်မာဓလေ့က
> မိသားစုသိုင်းဝိုင်းပြီး
> နေတတ်တယ်။
> သူတို့တွေကတော့
> အသက် ၁၈ နှစ်
> ပြည့်တာနဲ့
> သတ်သတ်စီခွဲပြီး
> နေကြတယ်။
> မိဘဆီကနေ
> မေတ္တာတွေ
> မရတော့ဘူး။

ပြောရင် ကိစ္စမရှိဘူး။ ဒါပေမဲ့ နိုင်ငံခြားသားနဲ့ Communicate လုပ်ဖို့ကျတော့ ဘာသာစကားက အရေးပါလာပြီ။ ဒါတောင် ကိုယ်ကလည်း သူ့စကားမပြောတတ်၊ သူကလည်း ကိုယ့်စကားမပြောနိုင်၊ အင်္ဂလိပ်လိုလည်း မပြောတတ်ဆိုရင် ပြဿနာတက်ပြီပဲ။ ဒါကြောင့် ညီမတို့တွေက အင်္ဂလိပ်စာကို အခြေခံကစပြီး လုပ်ထားဖို့လိုတယ်။ ညီမတို့တွေက International ကို ဝင်ချင်တယ်ဆိုရင် အင်္ဂလိပ်စာက မဖြစ်မနေလိုကိုလို

Asian Fame Media Group



တယ်။ တစ်ကမ္ဘာလုံးက အင်္ဂလိပ်က အဓိက ဘာသာ စကားဖြစ်နေတာလေ။ အခုဆိုရင် ညီမတို့ နိုင်ငံမှာက အခွင့်အလမ်းတွေ ပွင့်လမ်း လာပြီဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက ဝင်နေပြီ။ ဒါဆို အင်္ဂလိပ်စာကောင်းတဲ့သူက အခွင့်အရေးသာသွားမှာပဲ။ အမှန်ကလေ ညီမတို့မြန်မာက အင်္ဂလိပ်စာ မညံ့ပါဘူး။ သင်လွယ်တတ်လွယ်ပါတယ်။ ညီမ သွားပြိုင်တဲ့ Miss International ပွဲမှာဆိုရင် တချို့နိုင်ငံတွေက ဘာသာပြန်တွေတောင် ပါကြတယ်။ ဂျပန်နဲ့ပြင်သစ်ဆိုလည်း အင်္ဂလိပ်မကောင်း ကြဘူး။ သူတို့က မြန်မာကို အင်္ဂလိပ်စကားမပြော တတ်ဘူးလို့ပဲ ထင်နေကြတာ။ ညီမက အင်္ဂလိပ်လို ပြောတော့ သူတို့က တအံ့တဩနဲ့ "ခြေဘ် နဝ်တဲ့ မြန်မာတွေက အင်္ဂလိပ်စကား ပြောတတ်ပါလား" ဆိုပြီး ပြောကြတယ်။ သူတို့မြန်မာဆိုရင် အထင် သေးတတ်ကြတယ်။ အခုမှန်ကတော့ သူတို့က မပြောတတ်တာပါ။ ဒါကလည်း နိုင်ငံကဖွံ့ဖြိုးတော့ သူတို့ ဘာသာစကားကို တခြားဘာသာစကားထက် သုံးကြလို့လေ။ ညီမတို့နိုင်ငံကတော့ ဖွံ့ဖြိုးမှုက နည်းနေသေးတော့ သူများနိုင်ငံကို Depand လုပ်ရမှာတွေ ရှိတယ်။ ဒါကြောင့် ဘာသာစကားက Communication မှာ လိုတာပါ။

## Confidence

Confidence က ယုံကြည်မှုပါ။ ယုံကြည်မှုက Experience နဲ့လည်း ဆက်စပ်နေတတ်တယ်။

ညီမတို့က အလုပ်တစ်ခုလုပ်မယ်ဆိုရင် အဲဒီအလုပ်မှာ လုံလောက်တဲ့ Experience ရှိမှ ကိုယ်က ယုံကြည်မှုရှိမှာပေါ့။ ဒီလို Experience ရှိဖို့ဆိုရင် လေ့ကျင့်မှုရှိဖို့ လိုတယ်၊ ညီမဆိုရင် အရင်တုန်းက နိုင်ငံခြားသားက ကိုယ့်ကို Hi ၊ Hello ပြောမှာတောင် စိုးတယ်။ ငါ့ကိုလာပြောရင် ငါဘာပြန်ပြောရမလဲဆိုပြီး ကြောက်နေခဲ့တာ။ အခု အလုပ်လုပ်တာကြာသွားတော့ အတွေ့အကြုံရှိသွားပြီဆိုတော့ အဲဒီလိုမဖြစ်တော့ဘူး။ ဒါက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသွားတာပဲ။ Confidence မှာလည်း ယုံကြည်မှုက လွန်သွားခဲ့ရင် Over Confidence ဖြစ်သွားတယ်။ ဒါက မကောင်းဘူး။ Over Confidence ဖြစ်သွားလို့ ကိုယ့်ဘဝ ဆုံးရှုံးသွားတာမျိုးလည်း ရှိတယ်။ ယုံကြည်မှုကလူကိုရင့်ကျက်မှုလည်းဖြစ်သွားတယ်။

ညီမ International ပွဲသွားပြိုင်တုန်းက တစ်ယောက်တည်း သွားခဲ့ရတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် Confidence ရှိရှိနဲ့ သွားခဲ့ရတယ်။ ဘာကပါ အရေးကြီးသေးလဲဆိုတော့ တာဝန်ယူမှုပါရှိသေးတယ်။ ညီမက နန်းခင်ဇေယျာဆိုတာထက် Miss Myanmar ။ မြန်မာနိုင်ငံရဲ့ ကိုယ်စားလှယ်ပေါ့။ ညီမသာ မဟုတ်တာတစ်ခုခု လုပ်မိ ဒါက မြန်မာလုပ်တာပဲလေ။ အဲဒီတော့ Myanmar ဆိုတဲ့ Image နဲ့ နေရတယ်။ ကိုယ့်ဘာသာ ယုံကြည်မှုရှိရှိ ဆုံးဖြတ်ခဲ့ရတာတွေရှိတယ်။ ဆံပင်ဆိုရင် ညီမက အဲဒီတုန်းကအရောင်တင်ထားတာ။ အမည်းမဟုတ်ဘူး။ ဒါပေမဲ့ ညီမက စဉ်းစားတယ်။ မြန်မာဆိုရင် ဆံပင်အမည်းမှ ဖြစ်မယ်၊ အရောင်နဲ့က မသင့်တော်ဘူး။ ဒါကြောင့် ညီမ အောက်က Store ဆိုင်ကိုဆင်းပြီး ဆံပင်ကို အမည်းဆိုးလိုက်တယ်။ ကိုယ့်ရဲ့ဆုံးဖြတ်ချက်နဲ့ပဲ လုပ်ခဲ့တာပါ။ စည်းလမ်းညွှန်ဆိုတာလည်း တာဝန်ကြီးတာပဲ။ ကိုယ့်နိုင်ငံကိုလာတဲ့ ဧည့်သည်ကို ကိုယ့်ကြောင့် ကိုယ့်နိုင်ငံကို အထင်သေးသွားတာမျိုး ဖြစ်လို့မရဘူး။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုက တာဝန်ယူမှုကိုလည်း ရှိသွားတတ်ပါတယ်။

ဖြိုးစုပိုပို

Asian Fame Media Group



# အဝလွန်မှုလား အဆီများနေသလား
# ဆန်းစစ်ကြရအောင်

■ မြင့်သူဇာထွန်း ■





NCDတွေထဲက တစ်ခုဖြစ်တဲ့ အဝလွန်မှု ပြဿနာဟာ လူကြီး လူငယ် အမျိုးသား အမျိုးသမီး မခွဲခြားနားဘဲ ဆိုးကျိုးတွေကို အတူတူပဲ ခံစားရတတ်ပါတယ်။ အဝလွန်မှုဟာ ချက်ချင်း လက်ငင်း ကုစားလို့ရတဲ့ အခြေအနေမဟုတ်သလို ရုတ်ခြည်း ဖြစ်ပေါ်လာတာလည်း မဟုတ်ပါဘူး။ ဝလွယ်တတ်တဲ့ သူတွေကတော့ အထိုင်များသူ၊ လှုပ်ရှားမှုနည်းပြီး အစားမရှောင်သူတွေ၊ ဘီယာ အရက်သောက်လေ့ ရှိသူတွေ၊ ဆေးလိပ်ဖြတ်ပြီး ခါစသူတွေနဲ့ သားအိမ်ဆိုင်ရာ ကုသမှုခံယူထားသူ တွေ ဖြစ်နေတတ် ပါတယ်။ ဒီလိုအဝလွန်သူတွေဟာ သွေးတွင်းအဆီဓာတ်လွန်ကဲမှု ဆိုးကျိုးကို နောက်ဆက်တွဲအဖြစ် ခံစားရလေ့ရှိပါတယ်။

ဒီအကြောင်းကိုတော့ အမေရိကန်ပြည်ထောင်စု Tufts University School of Medicine ရဲ့ အဝေးရောက် ပါမောက္ခဖြစ်သူ ဒေါက်တာမြင့်ဦး (GP)နဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**လူတွေမှာ အဆီလွန်ကဲမှုရဲ့ ပြဿနာတွေကို သိချင်ပါတယ်။ နောက်ပြီးဝလာခြင်းနဲ့ အဝလွန်မှု စတင်ကွာခြားခြင်းကို ဘယ်လို သတ်မှတ်ပါသလဲ။**

ဝတဲ့လူဦးရေဟာ တဖြည်းဖြည်း တိုးပွားလာပြီး ကမ္ဘာ့ကျန်းမာရေးပြဿနာ ဖြစ်လာတယ်။ ၁၉၉၇ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေ အဝလွန်မှုဟာ ကမ္ဘာ့ကပ်ရောဂါ တစ်ခုအဖြစ် ကြေညာလိုက်တယ်။ ကပ်ရောဂါ ဆိုတာကတော့ နေရာတစ်နေရာမှာလူတွေစု ပြုံပြီးဖြစ်ကြတာမျိုးလေ။ ကမ္ဘာ့လူဦးရေပေါင်း သန်းခုနစ်ထောင်မှာ အဝလွန်ရောဂါ ခံစားနေရတာ သန်း ၁၅၀၀ ကျော်နေတယ်။ လေးယောက် တစ်ယောက်နှုန်းကို ဝနေကြတယ်လို့ ပြောတာပဲ။ အဝလွန်ရောဂါ ကတော့ ကူးစက်တာ မဟုတ်ဘူး။ အဝလွန်ရောဂါ ဟာlife style ကြောင့်၊ အဆီဓာတ်ကြောင့် ဖြစ်ရတာ။ ဒါပေမဲ့ လူ့ခန္ဓာကိုယ်မှာ မကောင်းတဲ့ အဆီ၊ ကောင်းတဲ့အဆီ ဆိုတာရှိတယ်။ အဆီဓာတ်ဟာ လူတစ်ယောက်မှာ မရှိမဖြစ် လိုအပ်တယ်။ ဆံပင် လေးတွေ တောင့်တောင့်တင်းတင်းနဲ့ စိုပြည်နေ တာဟာ အဆီရှိလို့၊ နောက် ကိုယ်ခန္ဓာလေးမွေ့ နေတာ အဲဒါတွေဟာ အဆီဓာတ်ရှိလို့ပဲ။ အဲဒီလို ဆံပင်တွေ၊ အသားအရည်တွေ စိုပြည်နေဖို့ အဆီဓာတ် လိုအပ်တယ်။ နောက်အဆီဓာတ်ဟာ ဗီတာမင်ဒီထုတ်ဖို့၊ သည်းခြေရည်ထုတ်ဖို့၊ ဟော်မုန်းထုတ်ဖို့ လိုအပ်တယ်။ ဒါကြောင့် အဆီဓာတ် ဟာ မရှိမဖြစ် လိုအပ်တယ်။ ကြွက်သားတွေ ပေါ်မှာ အဆီတွေ လုံလုံလောက်လောက် ဖုံးပေး ထားရတယ်။ ဒါကြောင့် အဆီဓာတ် ချို့တဲ့သွား ရင်လည်း မလှတော့ဘူး။ အဆီဓာတ်တွေများ



နောက်ပိုင်းမှာက လူနေမှုစနစ်တွေ ပြောင်းလာကြတယ်။ ခေတ်လေ့ကားနဲ့ တက်ကြတယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်တာတွေ များတယ်။ တစ်နေ့ကို ၂၈နာရီ ဆက်တိုက်ထိုင်နေရင် တစ်သက်မှာ ၂ နှစ် အသက်တိုနိုင်တယ်လို့ သုတေသနပြုချက် တစ်ခုကဆိုထားတယ်။ ဒါကြောင့် တချို့နိုင်ငံလည်းမများ နည်းလည်းမနည်း ရှိနေမှ ဝလို့လှတယ်ခေါ်တာ၊ အဆီဓာတ် နည်းလွန်းရင် မီးယပ်ပိန် မီးယပ်ခြောက်လို့ အခေါ်ခံရနိုင်တယ်၊ အဲ အဆီဓာတ်လွန်ကဲလာရင်တော့ ဗိုက်နဲ့ချက်မှာ သွားစုပြီ။ ဒီတော့ ဗိုက်ခေါက်ထူပြီး လည်ပင်းနဲ့ ကုပ်မှာ အရစ်လိုက်ဖြစ်လာတယ်။ ဒီတော့ ကုပ်တိုတယ်လို့ ထင်ရတယ်။ ပုက္ကကွန့်ဝင် တိုတိုဖြစ်လာတယ်။ ဒီ့ထက်မက လွန်လာရင် အရေပြားတွေ ပြတ်ထွက်လာတယ်။ အစင်းကြောင်းတွေ ဖြစ်လာတာ။ အကြောပြတ်တယ် ခေါ်တယ်။ ဗိုက်တွေ၊ ပေါင်တွေ၊ တင်ပါးတွေ၊ လက်မောင်းတွေ၊ တချို့ဆို ခြေသလုံးတွေမှာ ကောင်ပြတ်တယ်။ မေးစေ့နဲ့ လည်ပင်းမှာ အဆီလွှာတွေ အိတွဲလာတယ်။ အဝလွန်တဲ့ လူဟာ အိပ်ရင်လည်း ဟောက်သံကျယ်တယ်။ ဟောက်ရင်းနဲ့ ရုတ်တရက် အသက်ရှူ ရပ်ရပ်သွားတတ်တယ်။ အိပ်ရာကရုတ်တရက်နိုးပြီး ထထိုင်ရတဲ့အထိ ဖြစ်တတ်တယ်။

အဝလွန် ရောဂါဆိုတာ ကူးစက်တာ မဟုတ်ဘူး။ လူတွေရဲ့ life style ကြောင့်ဖြစ်တာ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကလေးလေးတွေ အိပ်ဝနေတာတွေ၊ အဝလွန်နေတဲ့လူတွေ မတွေ့ရဘူး။ အခု ကာလမှာ လူတွေက ကားစီးတယ်။ လမ်းသိပ်မလျှောက်ကြဘူး။ လယ်ကွင်းထဲမှာ အလုပ်လုပ်နေတဲ့သူတွေမှာ ဝနေတာတွေ ရှားပါတယ်။



တွေမှာ ဒါကို ကာကွယ်ဖို့အတွက် လုပ်ငန်းခွင်တွေမှာ ထိုင်ခုံတောင် မပေးတော့ဘူး။ ဆိုလိုတာက physical exercise က သိပ် အရေးကြီးတယ် ဆိုတာပဲ။ ဝလာတာနဲ့ အဝလွန် ရောဂါဖြစ်လာတယ် ဆိုတာ တကယ်တမ်းကတော့ BMI တွက်တာပဲ။ BMI ဆိုတာ လူတစ်ယောက်ရဲ့ အရပ်နဲ့ ကိုယ်အလေးချိန် မျှတနေဖို့ တွက်ချက်ကြည့်ရတဲ့ ဖော်မြူလာပဲ။ ကိုယ်အလေးချိန်ကို ကီလိုဂရမ်ဖွဲ့ပြီး အရပ်အမြင့်ကို မီလီမီတာနဲ့ တိုင်းရတယ်။ အလေးချိန်ကီလို ဂရမ်ကို မီလီမီတာ ၂ ထပ်နဲ့ စားကြည့်လိုက်ရင် ဘီအမ်အိုင်ရတာပေါ့။ ဘီအမ်အိုင် ၁၅ အောက် ရောက်နေရင် အင်မတန် အာဟာရ ချို့တဲ့ပြီး ပိန်ကပ်နေတယ်လို့ အဖြေထွက်တယ်။ ပုံမှန်က ၁၈.၅ ကနေ ၂၅ အထိ ရှိရတယ်။ ၂၅ နဲ့ ၃၀ ကြားဆိုရင် ဝိတ်များနေပြီ၊ အဝတော့မလွန်သေးဘူး။ ၃၀ နဲ့ ၃၅ ကြားကို အဝလွန်ရောဂါ အဆင့်၁၊ ၃၅ နဲ့ ၄၀ ကြားကို အဝလွန် အဆင့် ၂။ ၄၀ အထက်တွေကို အဝလွန် ထိပ်ဆုံးအဆင့် ၃ စသဖြင့် သတ်မှတ်ထားတယ်၊ ကလေးအဝလွန်ရောဂါအတွက်တော့ သီးသန့်တွက်ချက်တာရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူတစ်ယောက်မှာ အရပ်နဲ့ body weight နဲ့ မျှတနေဖို့ လိုအပ်တာ။ အရပ်က လေးပေ ရှစ်လက်မ ဆိုပါတော့ ကိုယ်အလေးချိန်ဝိတ်က ပေါင် ၂၅၀ ရှိနေပြီဆိုရင် မမျှတတော့ဘူးပေါ့။ ဒီတော့ BMI ၂၈ လောက်ဆိုရင် ဝတဲ့ အထဲကို ပါသွားပြီ။ အမှန်က ၂၅ အောက်မှာထိန်းထားရမှာ။ ၂၇ နဲ့ ၂၉ ကြားမှာ ရောက်နေပြီဆိုရင်တော့ over weight ဖြစ်နေပြီ။ ဒါဆိုရင် ရောဂါစဖြစ်ပြီ။ ကိုယ်ခန္ဓာမှာ အဆီ တစ်ပေါင်တက်လာပြီဆိုရင် စွမ်းအင် ကယ်လိုရီက ၃၅၀၀ သိုလှောင်ထားလိုက်ပြီ။ ဒီကယ်လိုရီတွေကို ဖြုတ်ချဖို့ တစ်နာရီ ၃ မိုင်နှုန်းနဲ့ လမ်းလျှောက်မယ် ဆိုရင်တောင် ၁၂ နာရီကျော်အောင် လမ်းလျှောက် လေ့ကျင့်ခန်း လုပ်ယူရမှာ။ စားပစ်လိုက်တာက လွယ်တယ်။ လမ်းလျှောက်ဖို့ကျတော့ ခက်နေတတ်တယ်။ ကိုယ်ဘယ်လောက် ဝနေပြီလဲ၊ ဗိုက်ခေါက်ကို ညှပ်နဲ့ဆွဲတိုင်းရတယ်။ ဗိုက်ခေါက်ထူလာပြီဆိုရင် သတိထားရတော့မယ်၊ ယေဘုယျကတော့ ယောကျ်ားတစ်ယောက်ဟာ ခါးပတ်အကျယ် ၃၆ လက်မထက်ကျော်ရင် ဝပြီ။ မိန်းမတစ်ယောက်က ၃၂ ထက်ကျော်ရင် ဝပြီ။ ဒီတော့ အကောင်းဆုံးကတော့ ကိုယ့်ခါးပတ်ကွင်းနဲ့ကိုယ် တိုင်းကြည့်ကြပါ။

**အဝလွန်မှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို လည်းပြောပြပေးပါဆရာ။**

အဝလွန်တဲ့လူဟာ သွေးတိုး၊ ဆီးချိုနဲ့ နှလုံးသွေးကြောပိတ်မှုတွေ ခံစားရပြီး လေဖြတ်နိုင်တယ်။ အဝလွန်တဲ့လူဟာ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသည်းအဆီဖုံးရောဂါတွေဖြစ် တတ်တယ်။ နောက်ပြီး ဆီးချို ရောဂါပါ ခံစားရမယ်တဲ့။ ဒါ့အပြင် အရိုးအဆစ်တွေနေရာမှာ အဆီတွေပိတ်တော့ အဆစ်အမြစ် တွေရောင်ရမ်းတာတွေဖြစ်နိုင်သလို၊ ချက်တစ်ဝိုက်မှာအဆီပိတ်ရင် အူကျံတာတွေဖြစ်လာပြီး ဗိုက်တွေရူလာတတ်တယ်လေ။ နောက်တစ်ခါ ခြေထောက်တွေမှာ သွေးကြောတွေထုံးတာ၊ သည်းခြေအိတ်ရောင်ရမ်းတာတွေ၊ သားအိမ်ကင်ဆာ၊ ရင်သားကင်

Asian Fame Media Group
MEDIA GROUP

ဆာတွေ၊ ဆီးကျိတ်ကင်ဆာ၊ အူမကြီးကင်ဆာ ဖြစ်တာတွေနဲ့ ဦးနှောက်သွေးကြောပိတ်ပြီး သေဆုံးတာမျိုးတွေဖြစ်လာနိုင်ပါတယ်။ အဲဒါတွေအားလုံးဟာ အဝလွန်သူ တွေမှာဖြစ်တတ်တယ်။ ဖြစ်နှုန်း ပိုများတယ်။ ပိန်တဲ့သူတွေဟာ ခုပြောတဲ့ ဒီရောဂါတွေဖြစ်နိုင်ပေမယ့်လည်း ဖြစ်ဖို့ အခွင့်အရေးနည်းတယ်လို့ဆိုချင်တာပါ။ ဦးနှောက်သွေးကြောပိတ်ပြီးသေဆုံးတဲ့လူတွေကို စစ်ဆေးလိုက်တဲ့အခါမှာ သူတို့ဟာ အဝလွန်သူတွေ ဖြစ်နေတတ်ကြတယ်။ တော်တော်များများဟာ ဗိုက်ရွှဲတတ်ကြတယ်။ အများစုဟာ အဝလွန်တတ်ကြတယ်။ နောက်ပြီးအသည်းကလာပ်စည်းတွေထဲကို ကိုယ်ခန္ဓာအဆီဓာတ်တွေဝင်ရောက် နေရာယူလာပြီဆိုရင် အသည်းအဆီဖုံးတယ်လို့ ခေါ်တယ်။ အသည်းရဲ့ မျက်နှာပြင်ပေါ်ကို အဆီဓာတ်တွေ ဖုံးအုပ်လာတာမဟုတ်ဘဲ အသည်းထဲမှာ ဝင်ရောက်နေရာယူထားတာ ဖြစ်တယ်။ အဆီပိတ်တယ်လို့လည်း ပြောနိုင်တယ်။ အသည်းအဆီဖုံးရောဂါကိုလည်း အဝလွန်ဗိုက်ရွှဲ နေသူတွေမှာ တွေ့ရတတ်တယ်။ အမျိုးသားတွေမှာ အဝလွန်လွန်းတဲ့အခါမှာ တချို့ဟာ ပန်းသေ ပန်းညှိုးတောင် ဖြစ်တတ်ကြပါတယ်။

**မျိုးရိုးလိုက်ပြီး အဝလွန်ရောဂါဖြစ်တတ်ကြတယ်ဆိုတဲ့ အချက်ကရော သတိထားစရာလို့ဆိုနိုင်ပါသလား။**

အဝလွန်တဲ့သူတွေမှာ မျိုးရိုးလိုက်တယ်ဆိုတာရှိတတ်ကြပေမယ့် တကယ်တမ်းကတော့ မျိုးရိုးလိုက်တာထက် အများစုက တစွတ်စွတ်စားနေတတ်ကြလို့ ဖြစ်တာများတယ်။ အလကားနေ စားနေတတ်ကြတယ်။ တစ်နေ့တာ လောင်ကျွမ်းပစ်တဲ့ စွမ်းရည်ပမာဏထက် ပိုစားနေကြလို့၊ တစ်နေ့ကို ကယ်လိုရီ ၃၅၀၀ ဖိုးလောက် ၊ အဆီတစ်ပေါင်ပေါ့၊ အဲဒီလောက်စားနေတာ။ အဲဒီဟာလောင်ကျွမ်းဖို့က ဆယ့်နှစ်နာရီလောက် ကြာတယ်။ တက်လာတဲ့အဆီတွေကို တစ်နာရီ ၃ပိုင်နှုန်းနဲ့ လမ်းလျှောက်မယ်ဆိုရင်တောင် ၁၂နာရီခွဲကြာအောင် ပြုလုပ်ဖို့ လိုပါတယ်။ အဲဒီထက် မက စားနေတော့ ဒီကယ်လိုရီကို ခန္ဓာကိုယ်က သိုလှောင်ထားပြီး လှုပ်လည်း မလှုပ်ရှား ဘူးဆိုရင် အဲဒီလိုလူတွေက ဝမှာပဲ။ တစ်နေ့တာလောင်ကျွမ်းပစ်တဲ့ စွမ်းရည်ပမာဏထက် စားတာ ပိုများတယ်။ ဒါကြောင့် ဖြစ်တာ။ မျိုးရိုးလိုက်တာထက် တစွတ်စွတ်စားလို့ဖြစ်တာပိုများတယ်။ နောက် ဟော်မုန်း မမျှတရင်လည်း ဝနိုင်တယ်။ နောက် ဆေးလိပ်ဖြတ်တဲ့ လူတွေလည်း ဝလာတတ်တယ်။

**လေ့ကျင့်ခန်းလုပ်ပါရက်နဲ့ ဝတယ်ဆိုသူများနဲ့ လှုပ်ရှားမှုများပြား အထိုင်နည်းပါရက်နဲ့ ဝနေတယ်ဆိုတဲ့သူတွေရဲ့ ပြဿနာကဘာဖြစ်နိုင်ပါသလဲဆရာ။**

ဝတဲ့လူကို လမ်းလျှောက်ခိုင်းတဲ့အခါ တချို့တော်တော်များများဟာလမ်းလျှောက်ပြီးတော့ အိမ်မပြန်ခင်လမ်းမှာ ဝက်သားဟင်းနဲ့ ထမင်းကြော်လေး၊ ပလာတာနဲ့ကြက်သားလေး စားပစ်လိုက်တယ်၊ ဒါမျိုးတွေ။ ဒီတော့ သူခုနက လျှောက်လိုက်လို့ လောင်ကျွမ်းပစ်လိုက်တာက ၃၀၀ ကျော်လေး။ သူပြန်စားလိုက်တာက ကယ်လိုရီ ၆၀၀ ရှိနေတယ်။ နာရီဝက်လမ်းလျှောက်တာက ကီလိုရီ ၃၀၀ ထွက်သွားတယ်။ ပြန်စားတာက ပိုတောင်တိုးနေသေးတော့ ဝိတ်မကျဘူး။ နောက်နေ့လယ်စာ၊ ညစာပါ ထပ်စားဦးမယ် ဆိုတော့ ပိုတောင်ဝလာသေးတယ်။ ဒီတော့ လမ်းတော့လျှောက်တာပဲ။ ဒါပေမဲ့ မပိန်ဘူး။ ဘာဖြစ်လို့မှန်းမသိဘူး။ မတတ်နိုင်ဘူး ဆိုတာတွေဟာ ဒီလိုတွေကြောင့်ဖြစ်တာ။ ဒါကြောင့် အဝလွန်သူတွေဟာ လေ့ကျင့်ခန်းလုပ်ရမှာနဲ့ အစားလျှော့ရမှာကို တွန့်ဆုတ်နေကြတယ်။

**အခုကိုယ်အလေးချိန်ချပေးတယ်၊ အဆီချပေး တယ်ဆိုတဲ့ စက်တွေနဲ့ အလှပြင် ဆိုင်တွေမှာဝိတ်ချမှုတွေဟာ ခေတ်စားလာနေပါတယ်။ ဒီလိုကိုယ်ခန္ဓာအလေးချိန်လျှော့ချမှုတွေနဲ့ပတ်သက်တဲ့ဆေးတွေ နည်းစနစ်တွေ မှန်ကန်ဖို့လည်း လမ်းညွှန်ပေးစေချင်ပါတယ်ဆရာ။**

လေ့ကျင့်ခန်းလည်းမလုပ်ဘဲနဲ့ အစားလည်း မရှောင်ဘဲနဲ့ တစ်ပတ်အတွင်း ကိုယ်အလေးချိန် ဆယ်ပေါင် ကျသွားစေရမယ်လို့ ကြော်ငြာတာတွေဟာ တကယ်တော့ အန္တရာယ်ရှိတယ်၊ တကယ်သာ သူတို့ပြောသလို ကျခဲ့ရင် အန္တရာယ်ရှိတယ်။ အဲဒီအလှပြင်ဆိုင်တွေမှာသုံးတဲ့ BCD စက်တွေဟာတုန်ခါစေ တာပဲရှိတာ။ လမ်းလျှောက်သလို ကယ်လိုရီကိုမချပေးနိုင်ဘူး။ ဆီးချိုရောဂါနဲ့ သွေးတိုးနဲ့တချို့ သိုင်းရွိုက်ရောဂါ ရှိတဲ့ သူတွေက ဒီနည်းမျိုးတွေကို သုံးလိုက်ရင် ဒုက္ခတောင် ပေးဦးမယ်။ သူတို့အတွက် အန္တရာယ်ရှိတယ်။ တချို့ ပိန်ဆေးခါးပတ်ဆိုပြီးတော့ ဗိုက်ကိုအတင်း ဆွဲတင်းထားတာတွေ၊ ဗိုက်ကအရေပြား တွေပွန်းပြီးတော့ ဆေးခန်းကို ရောက်လာတာတွေ ရှိတယ်။ ဒီတော့ အစားလျှော့တာနဲ့ လေ့ကျင့်ခန်းလုပ်တာကိုသာ လုပ်ပါ။

အနောက်တိုင်းဆေးမှာတော့ ပိန်ဆေး ၂ မျိုးပဲရှိတယ်။ စားလိုက်တဲ့အစာကနေပြီးတော့ အဆီတွေကို အူတွေကမစုပ်နိုင်အောင်တားပေးတာကတစ်ခု။ အဲဒီတော့ ဝမ်းသွားတဲ့အခါ အဆီတွေဟာမစင်နဲ့ပါသွားတယ်။ နောက်တစ်ခုက အစာမစားချင်အောင် တားထားတဲ့ဆေး။ ဒီနှစ်မျိုးပဲရှိတယ်။ အဲဒီဆေးတွေကို စားပြီးတော့လည်း တကယ်တမ်း ကိုယ်အလေးချိန်ကျသွားသလားဆိုတော့လည်းမသေချာဘူး။ ဒီတော့ ဆရာဝန်တွေက ဒီဆေးတွေပေးပြီးတော့ လေ့ကျင့်ခန်းလည်းလုပ်ပါလို့ ပြောတယ်။ ဒီတော့ ဒီဆေးတွေလည်း စားပါ။ အစားလျှော့ပြီး လေ့ကျင့်ခန်းလည်း လုပ်ပါလို့ပြောကြတယ်။ ဒီသုံးမျိုးပေါင်းမှ ဝတာကို ပိန်အောင်လုပ်တာ အောင်မြင်မယ်ပေါ့။

နောက်တစ်ခုကကိုယ်အလေးချိန် ပေါင် ၂၀၀ ကျော် ရှိနေတဲ့လူတွေဆိုရင် ဆိုက်ကားပေါ်တက်ထိုင်ရင် ထိုင်ခုံထဲမဝင်ဘူးလေ၊ တချို့ဆိုပေါင် ၅၀၀-၆၀၀ လောက်ရှိတယ်။ အဲဒီလိုလူတွေကိုကျတော့ ဗိုက်ထဲက အဆီကို စက်နဲ့စုပ်ထုတ်ရတာ။ နောက် အစာအိမ်ကိုသေးသွားအောင် ခွဲထုတ်ပစ်လိုက်ရတယ်။ ဒါတွေကတော့ ခွဲစိတ်တဲ့ နည်းတွေပေါ့။ တကယ်တော့ အဝလွန်တဲ့ရောဂါဟာ နေ့ချင်းညချင်း ဖြစ်လာတာတွေ မဟုတ်ဘူး။ ဒီတော့ နေ့ချင်းညချင်း ပြန်ပိန်အောင် မလုပ်နိုင်ဘူး။ တဖြည်းဖြည်းချင်း လနဲ့နှစ်နဲ့ချီပြီး ဝလာတာ။ အဲဒါကို ချက်ချင်း ပြန်ပိန်သွားအောင် လုပ်လို့မရဘူးဆိုတာတော့ လူတွေ သဘောပေါက်ရမယ်။ ဒီတော့ တစ်ပတ်အတွင်း ဆယ်ပေါင်ကျစေရမယ်လို့ကြော်ငြာနေတဲ့နေရာတွေမသွားနဲ့၊ ကြော်ငြာနေတဲ့ဆေးတွေ မသောက်ပါနဲ့။ ခုနက ပြောတဲ့ အနောက်တိုင်းဆေးတောင်မှ သူ့ချည်းပဲ သောက်လို့ မပိန်ပါဘူးတဲ့။

**အဝလွန်မှုကို ထိန်းသိမ်းမယ့်နည်းလေးတွေကိုလည်း သိချင်ပါတယ် ဆရာ။**

ခုနကပြောခဲ့သလိုပဲ ဝတာကို ချက်ချင်းပိန်အောင် လုပ်လို့မရဘူး။ ဆိုလိုတာက လူတစ်ယောက်ရဲ့ကိုယ်အလေးချိန်ကို တစ်ပတ်မှာ ၂ ပေါင်ထက်ပိုပြီး ချလိုက်လို့ရှိရင် ကိုယ်တွင်းက ဇီဝကမ္မလုပ်ငန်းဆောင်တာတွေ အားလုံး( နှိုးခုဝ အသက်ရှူတာ၊ အစာချက်တာ၊ သွေးလှည့်ပတ်တာ စတာတွေ )ကမောက်ကမ ဖြစ်ကုန်မယ်။ ၂ပေါင်ထက်ပိုချရင် အန္တရာယ်ရှိတယ်။ ဒါကြောင့် တဖြည်းဖြည်းချင်း လုပ်ဆောင်သွားဖို့ လိုအပ်တယ်။ ဒီတော့အဝမလွန်အောင် မနက်စာကိုတော့ ပုံမှန်စား။ ညနေစာကိုလျှော့စားရမယ်၊ လျှော့တယ်ဆိုတာမှာ ထမင်းတစ်ပန်းကန်မှာ ထမင်း လေးပုံသုံးပုံဖယ်ပစ်လိုက်၊ ကျန်တဲ့လေးပုံတစ်ပုံမှာ အရွက်တွေ၊ အသီးအနှံတွေ ထားရမယ်၊ ဘူးသီးပြုတ်တွေ၊ ရှောက်ရွက်၊ ဒန့်သလွန်သီး၊ ခဝဲသီး စတာမျိုးတွေပေါ့လေ(salad) တွေ၊ ဟင်းသီးဟင်းရွက်တွေ၊ အသုပ်တွေ၊ ဒါကိုပုံမှန်စားပေးရင် ဝိတ်ထပ်မတိုးပါဘူး။ အသားနည်းနည်း ထည့်စားလို့ရပါတယ်။ အသားထက် ငါးစားတာက အဝလွန်တာကို တားဆီးပေးနိုင်ပါတယ်။

တစ်ချိန်တည်းမှာ လေ့ကျင့်ခန်းလုပ်ပြီး ကိုယ်ခန္ဓာမှာ ပိုလျှံအောင် သိုလှောင်ပြီးသားကယ်လိုရီကိုလျှော့ချရမယ်။ အဆီတစ်ပေါင်တက်နေတဲ့ ကယ်လိုရီ ၃၆၀၀ ကိုချဖို့တော့ လေ့ကျင့်ခန်း လိုလာပြီ။ ဒီတော့ တစ်နေ့ကို နာရီဝက်ပဲ လမ်းလျှောက်ပါ။ ခပ်မြန်မြန်လေးပေါ့။ ချွေးကလေးစို့သွားအောင်။ တစ်ပတ်မှာ ငါးရက်

Asian Fame Media Group

ဆိုလုံလောက်ပြီ။ ဒါဆိုရင် အဝလွန်စရာ အကြောင်းမရှိဘူး။

**အဆီစားသုံးမှုကြောင့်ဝတယ်လို့ သတ်မှတ်ကြမှု အကြောင်းလေးကိုလည်း ရှင်းပြပေးပါ ဆရာ။**

အမိက လူတွေက အဆီကို ကြောက်ကြတယ်။ အဆီဆိုတာ ခန္ဓာကိုယ်ကို ကောင်းကျိုးပြုမယ့် အဆီ ရှိမယ်။ အဆီဆိုးရှိသလို အဆီကောင်း အဆီမြတ်တွေလည်းရှိတာပဲ။ အဆီတိုင်းဟာတော့ ဒုက္ခပေးတာမဟုတ်ဘူး။ နေ့စဉ်လှုပ်ရှားသွားလာဖို့ စွမ်းအင်အဖြစ် အဆီကို အသုံးချရတယ်။ ခန္ဓာကိုယ်အနှံ့အပြားကို အဆီဓာတ်တွေ ပို့ဆောင်ပေးဖို့ သွေးကြောထဲကနေ သယ်ဆောင်ရာမှာ ပရိုတင်းမော်လီကျူးတွေနဲ့ ထုပ်ပိုးပြီး သယ်ယူရပါတယ်။ အဲဒီပရိုတင်း မော်လီကျူးကြီးကို လိုင်ပို ပရိုတင်းလို့ ခေါ်ပါတယ်။ အဆီဟာရေမှာ မပျော်ဘူး။ ဒီလိုပဲ သွေးထဲမှာလည်း မပျော်ဘူး။ အဲဒီတော့ ကိုယ်စားတဲ့ အဆီတွေကို အစာအိမ်ကနေ စုပ်၊ သွေးထဲကို ရောက်လာတဲ့ အခါ သွေးထဲမှာ မပျော်တဲ့ အတွက် သွေးထဲမှာရှိတဲ့ lipo ပရိုတင်းကနေ အဲဒီ အဆီကို သယ်သွားပေးရတယ်။ အဲဒီအဆီကို လိုင် ပိုပရိုတင်းက ကျစ်ကျစ်လျစ်လျစ် ထုပ်ပိုးထားလိုက်တယ်။ ဆိုတော့ အဲဒီ ပရိုတင်းက မကျစ်လျစ်ဘဲ ပွယောင်းယောင်းကြီး ဖြစ်နေတယ်ဆိုရင် အဲဒီ အဆီက လွတ်ထွက်သွားတယ်။ သွေးကြောနံရံတွေမှာသွားပြီး အနည်ထိုင်တယ်။ ဒီတော့ သွေးအဆီပိတ်တယ်။ နှလုံးသွေးကြောပိတ်တာ တွေဖြစ်တယ်။ ဒီ lipo ပရိုတင်းရှိမှ သွေးထဲမှာရှိတဲ့ အဆီကို လိုအပ်တဲ့နေရာကို ယူသွားပေးနိုင်မယ်။ လိုအပ်တဲ့နေရာဆိုတာ ဟော်မုန်းထုတ်တဲ့နေရာ၊ ဗီတာမင်ဒီထုတ်တဲ့ နေရာ၊ မိုးတွင်းခြင်ဆီ ထုတ်မယ့်နေရာတွေ ဆံပင်တွေ၊ အရေပြားတွေပေါ့။ မကောင်းတဲ့ အဆီဆိုတာက အဲဒီမှာ low density ပရိုတင်းဆိုတာ (LDL လို့ခေါ်တာပေါ့) ပွယောင်းနေတာ။ အဲဒါတွေများနေရင် သွေးကြောနံရံတွေမှာ ပိတ်ဆို့ အနည်ထိုင်နေတာ။ လူခန္ဓာမှာ High Density Lipo protein တွေ များများ ရှိနေရင် ကောင်းတယ်။ HDL များဖို့ ငါးအဆီတွေ စားရတယ်။ LDL အဆီဆိုးကြောင့် သွေးကြောတွေ မာကြွပ် တောင့်တင်းလာတယ်၊ သွေးကြောတွေ ကျဉ်းလာတယ်။ ရင်ဘတ်အောင့် ပြီးတော့ နှလုံးသွေးကြော ပိတ်တယ်။ နှလုံးခုန် ရပ်သွားပြီး ဦးနှောက်ထဲမှာ အဆီအညှိတွေတက်ပြီး ပိတ်ဆို့ရင် လေဖြတ်တယ်။ သွေးမှာ အဆီများလားမများလား။ သွေးဥနဲ့ သွေးရည်ကြည် ခွဲခြားလိုက်တဲ့ အခါမှ အဆီ များနေတယ်ဆိုရင် ပုံမှန်ကောက်ရိုးဖျော့ဖျော့အရောင်မဟုတ်ဘဲနဲ့ ဟင်းချက်ဆီလို အဝါရောင်တွေ တွေ့နေရတယ်။ ဒါဆိုရင်ဒီလို လူတွေဆိုရင် မျက်လုံးမှာ အဝါဖတ်တွေ တွေ့နေရတတ်တယ်။ လူငါးယောက်မှာ တစ်ယောက်က သွေးအဆီ မြင့်တက်နေတတ်တယ်တဲ့။ သွေးအဆီတက်တာက အရေးပေါ် အခြေအနေ မဟုတ်ပါဘူး။ ချက်ချင်း လက်ငင်းလည်း ကုအောင်လုပ်လို့ မရဘူး။ သွေးအဆီဓာတ်ကို ဘယ်လိုလျှော့ချရမလဲ ဆိုရင် အစာကို လျှော့ရမယ်။ ဒီလိုအစားအသောက် အနေအထိုင် ဆင်ခြင်ပြီး လျှော့ရင် မြင့်တက်နေတဲ့ အဆီ ၁၀ ရာခိုင်နှုန်း လျော့ကျသွားမယ်။ သွေးအဆီကျဆေးတွေ စွဲသောက်လို့လည်း ရနိုင်ပါတယ်။ အဲဒါက ပိန်ဆေး မဟုတ်ဘူးနော်။ သွေးအဆီ ပမာဏကို အသက် ၂၀ လောက်ထဲက



Asian Fame Media Group

စတိုင်းပြီး ပုံမှန်ဆိုရင် ၅နှစ် တစ်ကြိမ်တိုင်းရမယ်။ ဝလာမှ တိုင်းတာဟာ နောက်ကျသွားပြီ။ သွေး ၁ ဒီစီမှာ (ရေသန့် ၁ ပုလင်းက ၁၀၀၀ စီစီရှိတယ်) ကိုလက်စထရော ပမာဏစုစုပေါင်း ၂၄၀ မီလီဂရမ်ထက်မကျော်ရဘူး။ အဲဒီအထဲမှာ အဆီကောင်း အဆီမြတ် (HDL) တွေများများ ရှိနေရင် သွေးကြောပိတ် ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါတွေ မရှိနိုင်ဘူး။ ဒါကြောင့် သွေးတွင်း အဆီဓာတ်များတိုင်း မကြောက်ပါနဲ့။ ချက်ချင်း ဒုက္ခမပေးပါဘူး။ နှစ်တွေကြာလာပြီဆိုမှသာ သတိထားရမှာ။

**အဝလွန်မှု၊ သွေးတွင်းအဆီများမှုတွေ မဖြစ်ဖို့ ဘာတွေ ရှောင်ရ ဆောင်ရမှာလဲ ဆိုတာကိုလည်း သိချင်ပါတယ်။**

ရှောင်ရမှာတွေက ပြန်ကြော်ဆီတွေပဲ။ ပြန်ကြော်ဆီဆိုတာလည်း တော်တော်တော့ ခက်သားပဲ။ ဘာဖြစ်လို့လဲဆိုတော့ တချို့အိမ်တွေမှာတောင် တစ်ခုခုကြော်ပြီးရင် အဲဒီဆီကို လွှင့်မပစ်လိုက်ဘူး။ နောက်တစ်ခါသုံးဖို့အတွက် သိမ်းထားတတ်ကြတယ်။ အဲဒါ ကပြဿနာပဲ အမှန်က ဆီဆိုတာ တစ်ခါပဲသုံးရမယ်၊ အကြော်ဆိုင်တွေဆို ဒါကိုပဲထပ်ခါထပ်ခါ သုံးနေကြတယ်။ အာလူးကြော်၊ အမဲသား၊ ဝက်သား၊ နွားနို့တွေခဏခဏ အရမ်းမသောက်နဲ့။ ထောပတ်၊ ကြက်ဥ၊ ဘဲ၊ နောက်အရေခွံတွေလေ၊ ကြက်အရေခွံ၊ ဘဲအရေခွံ တွေ၊ ဆိုင်တွေမှာဆို ကြက်ခြေထောက်လေး၊ ဘဲခြေထောက်လေးတွေ၊ လည်ပင်းတွေ စားတော့ စားပါ အများကြီး အလွန်အကျွံမစားနဲ့ပေါ့။ ဒီလို ပြောချင်တာပါ။ နောက် အချို ရည်တွေ သူတို့က ဘယ်လောက်ပဲ သဘာဝသီးနှံနဲ့ ပြုလုပ်ထားတယ်ပဲ ပြောပြော အမှန်က အက်စစ်နဲ့ သကြား တွေပဲ။ ဒါကြောင့် အချိုရည် က တစ်ပတ်မှာ ၂ ပုလင်း ထက် ပိုမသောက်သင့်ဘူး။ နောက် မြန်မာတွေ ကြိုက်ကြတဲ့ ဒံပေါက်၊ ထောပတ် ထမင်း၊ အုန်းနို့ ခေါက်ဆွဲ၊ ကိတ်၊ ice cream ၊ မုလိုင်၊ နို့ နောက် အနောက်တိုင်း အစားအစာတွေ မှာ ပါတဲ့ ခရင်မ်တွေ၊ ကာဗွန် ဟိုက်ဒြိုက်တွေ မှန်သမျှ အားလုံးပဲ များများမစားမိအောင် ရှောင်ရမယ်။ သွေးကြောထဲမှာ အဆီတွေ များနေတယ်ဆိုရင် ဒီအဆီတွေက သွေးကြောတွေထဲမှာ ဘယ်လောက် ပိတ်ဆို့နေပြီလဲ ဆိုတာ ရှာရတော့မယ် high density protein တွေများများရှိနေဖို့ ပင်လယ်ငါး၊ ငါးသေတ္တာ၊ ငါးကြင်း၊ မြေပဲ၊ ဗာဒံစေ့၊ ဖရုံစေ့၊ နေကြာစေ့၊ ကွာစေ့၊ ပဲပိစပ်၊ ပုန်းရည်ကြီးတွေ စားရမယ်။

**လေ့ကျင့်ခန်းလုပ်ဖို့ အချိန်မရှိတဲ့ သူတွေအတွက် အကြံကောင်းလေးတွေ ပေးပါဦးဆရာ။**

လေ့ကျင့်ခန်း မလုပ်နိုင်ဘူးဆိုတဲ့ နေရာမှာ မနက်စောစောထပြီး လမ်းထွက်မလျှောက်နိုင်ဘူး၊ အချိန်မရဘူး ဆိုတဲ့သူတွေဟာ သူတို့ရဲ့လုပ်ငန်းခွင် ထဲမှာကို လုပ်လို့ရပါတယ်။ ကိုယ့်အလုပ်စားပွဲမှာကို၊ ကိုယ့်ရုံးခန်းမှာကို လုပ်လို့ရတာရှိပါတယ်။ ရုံးမှာဓာတ်လှေကားတွေရှိရင် မစီးပါနဲ့၊ လှေကားနဲ့တက်ပါ။ နိုင်ငံခြားက ဆေးရုံတွေမှာဆိုရင် ဓာတ်လှေကားဟာ လူမမာတွေအတွက်ပဲ ထားတာပါ။ ဆရာဝန်တွေအတွက်က လှေကားကနေပဲ တက်ရတယ်။ ကျန်းမာရေးအတွက် လှေကားကို အသုံးပြုကြရပါတယ်။ ဒီတော့ အထပ်မြင့်တိုက်ခန်းမှာ နေတဲ့လူတွေ ဥပမာလေးထပ်မှာ နေတဲ့လူက တစ်နေ့ကို ကိုယ့်လှေကားကို ငါးခေါက်လောက် အတက်အဆင်းလုပ်ရင်းနဲ့ လေ့ကျင့်ခန်း ဖြစ်ပါတယ်။ နောက် အိပ်ရာထဲမှာကို အိပ်ရင်းနဲ့ လေထဲကို စက်ဘီးနင်း (အပေါ်ကို ကန်တာ) တဲ့ လေ့ကျင့်ခန်းလုပ်လို့ရတယ်။



ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)

# In Healthy Lifestyle

## ချမ်းချမ်း

Slim and Slender is smart လို့ ပြောလာကြတဲ့ ခေတ်အတွင်းမှာ ကိုယ့်ကိုယ်ကိုယ် စမတ်ကျလှပနေအောင် ကိုယ်အလေးချိန် ထိန်းသိမ်းထားနိုင်မှုက လွယ်ကူလှတဲ့ အခြေအနေတော့ မဟုတ်ပါဘူး။ Life Style တွေ ပြောင်းလဲလာလို့ အဝလွန်မှုတွေ၊ သွေးတွင်းအဆီများမှု ပြဿနာတွေဟာ လူထုကြားထဲမှာ တစ်နေ့တခြား မြင့်တက်လာနေပါတယ်။ ဒါကြောင့် နိစ္စဓူဝလှုပ်ရှားနေကြရတဲ့ကြားထဲက သေးသွယ်အချိုးကျပြီး ကျန်းမာလှပနေစေမယ့် နည်းစနစ်တွေကို အလွယ်တကူ လိုက်နာနေထိုင်နိုင်ဖို့ကလည်း အရေးကြီးပါတယ်။ ဒီလအတွက် ကိုယ်အလေးချိန် ထိန်းသိမ်းမှုကို ဂရုစိုက်လေ့ရှိတဲ့ အဆိုတော် ချမ်းချမ်းရဲ့ နေထိုင်မှုပုံစံကို ရတီ ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။

မြင့်သူဇာထွန်း




ချမ်းချမ်းက ယောဂကျင့်တယ်။ ဒီလေ့ကျင့်ခန်းက နောက်ကျောက ခါးဆီကို မတက်စေဘူး။ ခါးကိုင်းတာကိုလည်း ကာကွယ်တယ်။





အရင်ကတော့ Fithness Centre တွေမှာ သွားကစားတယ်။ နောက်ပိုင်း အလုပ်များတဲ့ အခါကျတော့ အိမ်မှာပဲ အလေးမ ကစားဖြစ်တယ်။



ချမ်းချမ်းက အဆီအဆိမ့် သိပ်မစားဘူး။ အဆီအဆိမ့်တွေကို သိပ်မကြိုက်ဘူး။ ဟင်းချက်ရင်လည်း ဆီတွေ သိပ်မသုံးဘူး။ နောက် အသီးအရွက်တွေကို ပိုစားဖြစ်တယ်။



လေ့ကျင့်ခန်းလုပ်ရင်တော့ ရေပဲသောက်တယ်။ အချိုရည် မသောက်ဖြစ်ဘူး။

Asian Fame Media Group

# ဒေသ သင်္ကေတ

## ကချင်မြေမှတိုင်းရင်းသားများ

**လှမြင့်ဆွေ**

ကချင်ပြည်နယ်ရဲ့ ဒေသသင်္ကေတတွေကတော့ ရေခဲတွေအမြဲမပြတ်ဖုံးလွှမ်းနေတဲ့ ရေခဲတောင်တွေရယ်၊ တစ်နှစ်တစ်ကြိမ်နှစ်သစ်မှာကျင်းပတဲ့ မနောပွဲတော်ရယ် ၊ မြန်မာနိုင်ငံရဲ့ အသက်သွေးကြော ဧရာဝတီမြစ်ကြီး စတင်ဖြစ်ပေါ်စေတဲ့ မြစ်စုံရွှေခင်းတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဟိမဝန္တာတောင်တန်းကြီးနဲ့ တစ်ဆက်တစ်စပ်တည်းရှိပြီး ပေတစ်သောင်းကျော်မြင့်မားတဲ့ ရေခဲတောင်ကြီးတွေပေါ်က မြစ်ဖျားခံပြီး တောင်ကျချောင်းရေအဖြစ် သီးခြားစီစီးဆင်းလာတဲ့မေခမြစ်နဲ့ မလိခမြစ်နှစ်သွယ်ဟာ ကချင်ပြည်နယ်မြို့တော်၊ မြစ်ကြီးနားမြို့ရဲ့မြောက်ဘက် ၂၈ မိုင်အကွာ 'တန်ဖဲ' ဆိုတဲ့ ရွာလေးနားမှာ လာရောက်ပူးပေါင်းမိပြီး အလွန်လှတဲ့ရှုခင်းတစ်ရပ်ကို ဖန်တီးပေးထားတာဖြစ်ပါတယ်။ ဒီမြစ်နှစ်မြွာမှာဆုံတဲ့နေရာကို တိုင်းရင်းသားတွေက 'မလိဇွပ်' (မြစ်ကြီးစတင်ဖြစ်တဲ့ နေရာ) လို့ခေါ်ကြပါတယ်။ ဒီမြစ်ဆုံ မရောက်ခင်မေခမြစ်ဟာခရီးမိုင်ပေါင်း ၂၂၀ ကျော် ၊ မလိခမြစ်ဟာ ခရီးမိုင်ပေါင်း ၁၅၀ ကျော်စီးဆင်းခဲ့ကြပြီး ပေါင်းဆုံတဲ့ နေရာကနေ မိုင်ပေါင်း ၁၃၂၅ မိုင်ရှည်လျားတဲ့ ဧရာဝတီမြစ်ကြီးကို မွေးဖွားပေးလိုက်တာဖြစ်ပါတယ်။

ကချင်ပြည်နယ်အတွင်းမှာ ဂျိန်းဖော ၊ ရဝမ်၊ လီဆူ၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါ၊ ထလု ၊ တိဗက်၊ ဗမာ၊ ရှမ်းစတဲ့ တိုင်းရင်းသားတွေအပြင် မျိုးနွယ်စိတ်ကလေးများလည်း မြောက်မြားစွာရှိနေပါတယ်. . .


















ကချင်ပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးဟာ ပြည်မမြေပြန့်မှာလို လှည်းလမ်းတို့ ရေလမ်းတို့ မရှိပါဘူး။ အလွန်ခက်ခဲတဲ့အတွက် ခြေလျင်လမ်းလား/မြင်းလမ်းတွေကိုသာ အသုံးပြုကြရတာ ဖြစ်ပါတယ်. . . ကချင်ပြည်နယ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေကို ရှမ်းနဲ့မြန်မာကလွဲလို့ သူတို့သုံးနှုန်းတဲ့စကားတစ်ခုတည်းပေါ်မူတည်ပြီး လူမျိုးတစ်မျိုးစီအဖြစ် ပိုင်းခြားသတ်မှတ်ဖို့ အလွန်ခဲယဉ်းလှတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ကချင်တိုင်းရင်းသားတွေရဲ့ ဘာသာစကားကို အခြေခံအားဖြင့်တော့ ဂျိန်ဖော့စကား ၊ မရူးစကား ရဝမ်စကားနဲ့ လီဆူစကားဆိုပြီး လေးမျိုးခွဲခြားနိုင်ပါတယ်လို့ သိရပါတယ်။ကချင်ပြည်နယ်မှာ အများဆုံးအသုံးပြုတဲ့စကားကတော့ ဂျိန်ဖော့စကားပဲ ဖြစ်ပါတယ်။




ဂျိန်ဖော့စကားဟာ နေရာဒေသကိုလိုက်ပြီး လေယူလေသိမ်း အသံအနေအထားကွဲပြားကြပါတယ်။ သာမာန်ဂျိန်ဖော့၊ ခူးဂျိန်ဖော့၊ ဂေါင်ရီဂျိန်ဖော့၊ ဟူးကောင်းဂျိန်ဖော့၊ ဒူးလင်း ဂျိန်ဖော့နဲ့ ထိန်နိုင်း ဂျိန်ဖော့တို့ဟာ ဂျိန်ဖော့စကားတစ်မျိုးတည်းကိုပဲ သုံးစွဲကြပေမယ့် အသံနေ အသံထားနည်းနည်းစီကွဲပြားကြတယ်လို့ သိရပါတယ်။

တိဗက်မြန်မာအုပ်စုထဲမှာပါဝင်တဲ့ 'လော်ဝေါ်' တိုင်းရင်းသား မျိုးနွယ်စုဟာ ရှေးမြန်မာအုပ်စုတွေနဲ့အတူ မြန်မာနိုင်ငံထဲကိုဝင်ရောက်လာတဲ့သူတွေဖြစ်ပါတယ်။ ရှေးမြန်မာအုပ်စုဟာ မေခမြစ်ဝှမ်းကို အရှေ့ဘက်မှဝင်ရောက်ပြီး မြန်မာပြည်တောင်ဘက်ကို ဆက်လက်ဆင်းသွားတဲ့အခါ တချို့မျိုးနွယ်စုတွေဟာ ကချင်ပြည်နယ်မှာကျန်ရစ်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီကျန်ရစ်ခဲ့တဲ့ မျိုးနွယ်စုတွေဟာ 'လာချိတ်၊ ရဝမ် ၊ လော်ဝေါ်နဲ့ ဇိုင်ဝါ' တို့ပဲဖြစ်တယ်လို့ သုတေသီတွေက ဆိုကြတယ်။

Asian Fame Media Group







'လော်ဝေါ်' ဆိုတာ 'မြောက်အရပ်မှာနေထိုင်တဲ့မျိုးနွယ်စု' 'အထက်ပိုင်းသားများ' ဒါမှမဟုတ် ' မြစ်အထက်ပိုင်းမှာနေထိုင်တဲ့လူမျိုးစု' လို့အဓိပ္ပာယ်ရပါတယ်။ ဒီကနေ့မှာတော့ 'လောင်ဝေါ်' တိုင်းရင်းသားတွေဟာ ကချင်ပြည်နယ် ၊ ချီဖွေ ၊ ပိုင်းမော် ၊ မြစ်ကြီးနား ၊ ဆွမ်ပရာဘွမ်မြို့နယ်တွေမှာ အများဆုံးနေထိုင်ပြီး တနိုင်း ၊ ကာမိုင်း ၊ မိုးကောင်း ၊ အင်ဂျန်းယန် ၊ မိုးညှင်း ၊ ရွှေကူ ၊ မိုးမောက်မြို့နယ်တွေမှာ အနည်းအကျဉ်းနေထိုင်ကြပါတယ်။ ဒါ့အပြင် ရှမ်းပြည်ဒေသအချို့မှာလည်း ပျံ့နှံ့နေထိုင်ကြတယ်လို့ သိရပါတယ်။


'လော်ဝေါ်' စကားဟာ မြန်မာစကားနဲ့ဆင်တူနေတာကြောင့် လော်ဝေါ် ဆိုတာ မြန်မာတွေ မြန်မာနိုင်ငံထဲ ပြောင်းရွှေ့ဝင်ရောက်လာရာမှာ နောက်ကျကျန်ရစ်ခဲ့တဲ့ လူမျိုးတွေဖြစ်မယ်လို့ တချို့ကယူဆကြတယ်။ နောက်ပိုင်းမှသာ အဲဒီဒေသကိုဝင်ရောက်လာတဲ့ 'ဂျိန်ဖော့' တွေနဲ့ ရောနှောနေထိုင်သွားရာကနေ ဂျိန်ဖော့နဲ့ဆင်တူသွားတာလို့ သုံးသပ်ကြပါတယ်။ လော်ဝေါ်တွေကို ဂျိန်ဖော့တွေက 'မရူ'လို့ခေါ်ကြပေမယ့် လော်ဝေါ်တွေကတော့ လော်ဝေါ်လို့သာ ခေါ်ဝေါ်မယ့်သုံးစွဲခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်ဧပြီလ (၁၈) ရက်နေ့ကစပြီး လော်ဝေါ်တိုင်းရင်းသားလို့ပဲ ပြောဆိုသုံးစွဲစေခဲ့တာဖြစ်ပါတယ်။ လော်ဝေါ်တိုင်းရင်းသားတွေဟာ သူတို့ရဲ့မျိုးနွယ်စုသမိုင်းကို အလွန်တန်ဖိုး ထားတတ်သူတွေဖြစ်ပါတယ်။ သူတို့ရဲ့ မျိုးနွယ်အလိုက် ဘိုးဘွားဘီဘင်တွေ ဆင်းသက်လာပုံအဆင့်ဆင့်ကို ဒီကနေ့အထိ သေသေချာချာမှတ်သားလေ့ရှိသူတွေ ဖြစ်ပါတယ်၊ ရှေးယခင်ကာလက လော်ဝေါ်တိုင်းရင်းသားတွေဟာ ဘယ်ပွဲလမ်းသဘင်ဖြစ်စေ ကိုယ့်ရဲ့မျိုးနွယ်ဆက်သမိုင်းကို ရွတ်ဆိုရတယ်လို့သိရပါတယ်။ ဒီ့အပြင် ဒီဇင်ဘာလနဲ့ဇန်နဝါရီလတွေမှာ ဆွေမျိုးတွေကိုဖိတ်ပြီး မုန့်ဆင်း (Gaug, Shin) ထောင်းစားပွဲပြုလုပ်ကျင်းပကာ မျိုးနွယ်စုသမိုင်းကို ရွတ်ဆိုကြပါတယ်။ ဒါပေမဲ့လည်း ဒီနေ့အခါမှာ 'လော်ဝေါ်စာပေ' ပေါ်ပေါက်လာပြီမို့ နုတ်တိုက်သမိုင်း ပြောဆိုတဲ့ အလေ့အထမရှိတော့ဘဲ စာပေနဲ့ပဲမှတ်တမ်းတင်ထားကြတယ်လို့ သိရပါတယ်။

'လာချိဒ်' ဆိုတဲ့ကချင်မျိုးနွယ်စုတွေကို ကချင်ပြည်နယ် ၊ အင်မိုင်ခ မြေနိမ့်ပိုင်းဒေသ ၊ ဖီမော် (Hpimaw) ၊ ထောဂေါ (Htawgaw) နဲ့ ဆဒုံး (Sadon) ဒေသတို့မှာ လော်ဝေါ်တို့ ၊ ဇိုင်ဝါတို့နဲ့ ရောနှော နေထိုင်ကြတာကို တွေ့ရပါတယ်။လာချိဒ် ၊ လောင်ဝေါ် ၊ ဇိုင်ဝါတို့ဟာ နီးစပ်တူညီဆက်နွယ်နေရုံသာမက မူလစကားနဲ့ တူညီတဲ့ဘာသာစကားတွေကို ပြောဆိုကြတယ်လို့သိရပါတယ်။

၁၉၁၁ ခုနှစ် ၊ အင်္ဂလိပ်လက်ထက် သန်းခေါင်စာရင်းကောက်ယူရေး အစီရင်ခံစာထဲမှာ 'လာချိဒ်' ဆိုတာ 'လောင်ဝေါ်' တို့ရဲ့ မျိုးနွယ်ခွဲတစ်ခုဖြစ်တယ်လို့ ဖော်ပြထားတာကိုတွေ့ရပါတယ်။ တချို့ကလည်း 'လာချိဒ်' ဆိုတာ လောင်ဝေါ်နဲ့ လဖိုင်ဂျင်းဖေါ (Lappai Jingphaw) အိမ်ထောင်ပြုရာမှ ဆင်းသက်လာခြင်း ဖြစ်တယ်လို့ပြောကြသလို အချို့ကလည်း ဇိုင်ဝါနဲ့မရန်ဂျင်းဖော (Mayan Jingphaw) တို့အိမ်ထောင်ပြုရာမှ ဆင်းသက်လာကြတာ ဖြစ်တယ်လို့ ဆိုပါတယ်။

'လာချိဒ်' တွေဟာ နတ်ယုံကြည်မှုရှိပေမယ့် တိရစ္ဆာန်ကိုသတ်ပြီး ယဇ်ပူဇော်တာမျိုးတော့ မလုပ်ကြပါဘူး။ အခုနောက် 'လာချိဒ်' တွေဟာဂျင်းဖောတို့ လောင်ဝေါ်တို့ထက် လုံ့လဝီရိယပိုရှိပြီး များသောအားဖြင့်တော့ ကန်ပိုက်ဒေသတွေမှာ အများဆုံးနေထိုင်ကြတယ်လို့ သိရပါတယ်။


'လာချိဒ်'တွေဟာသူတို့ကိုယ်သူတို့ (Lachyit-Wow) လို့ခေါ်ဆိုပြီး လာချိဒ်တို့ရဲ့ မျိုးနွယ်ခွဲတွေဟာ Meng Shang, Luksing, Shichyang, Lagyawn နဲ့ Htan-Nyo များ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။




Asian Lamp Media Group











'ထလု'လို့ခေါ်တဲ့ရဝမ်တိုင်းရင်းသားလူနည်းစု အနွယ်တစ်မျိုးဟာ နောင်မွန်မြောက်ဘက်၊ နမ့်တီးဆံ မြစ်ဖျားဒေသနဲ့ ပူတာအိုမြောက်ဘက် ပလိသမြစ်ဖျားဒေသဖြစ်တဲ့ 'မလိဒူး'ဒေသဘက်မှာ တိဗက်တိုင်းရင်းသားတွေနဲ့ အတူတကွရောနှောနေထိုင်ကြတယ်လို့ သိရပါတယ်. . အမှန်တော့ ထလုတို့ရဲ့ပင်ရင်းဒေသဟာ မေခမြစ်ရဲ့အဖျားပိုင်းနမ့်တမိုင်မြစ်ဝှမ်းအထက်ပိုင်းနဲ့ အဒွန်းဝမ်မြစ်ဝှမ်း အောက်ပိုင်းဖြစ်ပေမယ့် ၁၉၅၁ခုနှစ်၊ အဲဒီဒေသမှာ ငလျင်အကြီးအကျယ်လှုပ်ပြီး လုပ်ကိုင်စားသောက်ဖို့ ခက်ခဲသွားတဲ့အတွက် မလိဒူးဒေသဘက်ကို ပြောင်းရွှေ့လာတာ ဖြစ်တယ်လို့သိရပါတယ်. . .

ဒီကနေ့ 'ပူတာအို' လို့ခေါ်တဲ့ဒေသကို အရင်က 'ခမ်းတီးလောင်း' လို့ခေါ်ကြတာဖြစ်ပါတယ်။ မြန်မာဘုရင်တွေအုပ်စိုးတဲ့ခေတ်မှာ ဒီဒေသဟာ 'ရှမ်း' တိုင်းရင်းသားတွေ နေထိုင်ကြတဲ့သီးခြားလွတ်လပ်တဲ့ နယ်မြေလေးဖြစ်ပါတယ်။ 'ခမ်းတီးလောင်း' ဆိုတာ ရှမ်းတိုင်းရင်းသားတွေရဲ့ ဘာသာစကားဖြစ်ပြီး 'ခမ်း' ကရွှေ၊ 'တီး' ကနေရာဒေသ၊ လောင်းက 'လုန်' ကလာတာဖြစ်ပြီး 'လုန်'ကကြီးမားတာမို့ ဒီဒေသကို 'ရွှေ'ဒေသကြီး လို့ခေါ်ပါတယ်။ ဒီဒေသမှာ မူလကတည်းကနေထိုင်ကြတဲ့ ရှမ်းတိုင်းရင်းသားတွေကို 'ရွှေထွက်ရာဒေသမှာ နေထိုင်ကြတဲ့ရှမ်းတိုင်းရင်းသား' သို့မဟုတ် 'ခမ်းတီးရှမ်း' လို့ခေါ်ကြတာဖြစ်ပါတယ်။

ကချင်ပြည်နယ်ထဲမှာနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဘာသာစကားဟာ ရှေးဟောင်းတိဗက်လူမျိုးတွေရဲ့ ဘာသာစကားကနေ ဆင်းသက်ပေါက်ဖွားလာတာ ဖြစ်တယ်လို့ဆိုကြပါတယ်။

လေယူလေသိမ်း၊ အဆွဲအငင်တွေဟာ တိဗက်ရဲ့စကားသံ၊ စကားပြောဟန်တွေနဲ့ ဆင်တူတယ်လို့သိရတယ်။ ဒါ့အပြင်ကချင်စကားဟာ မြန်မာစကားနဲ့လည်း နီးစပ်မှုရှိနေတဲ့အတွက် ကချင်စကားဟာ တိဗက်စကားနဲ့ မြန်မာစကားတို့ကို ဆက်စပ်ပေးတဲ့ ပေါင်းကူးတံတားဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ဒါတွေဟာ ကချင်ပြည်နယ်ရဲ့ ဒေသသင်္ကေတတွေလို့ ဆိုရမှာပါပဲ. . .

■

# April Fool's Day

နှင်း

ဧပြီလ ၁ ရက်နေ့မှာကျရောက်တဲ့ April Fool's Day ကတော့ ဟောလိုးဝင်းဒေးလို၊ ဗယ်လင်တိုင်းဒေးလို မြန်မာတွေနဲ့ ရင်းနှီးကျွမ်းဝင်နေပြီဖြစ်တဲ့ ပြက္ခဒိန်ထဲက နေ့လေးတစ်နေ့ပါပဲ။

နိုင်ငံတကာမှာတော့ ချစ်သူများနေ့မှာ ချစ်သူခင်သူတွေအတွက် အမှတ်တရလက်ဆောင်ဝယ်ပေးတဲ့ဓလေ့တွေ ဟောလိုးဝင်းဒေးမှာ မျက်နှာဖုံးတာတာတွေတပ် ထူးခြားဆန်းပြားတဲ့ အဝတ်အစားမျိုးစုံဝတ်ပြီး သကြားလုံးဝေကြတဲ့ ဓလေ့လေးတွေ ရှိကြပါတယ်။ ဒါပေမဲ့ April Fool နေ့မှာတော့ ထူးထူးခြားခြား လက်ဆောင်ပေးစရာ ဆန်းဆန်းပြားပြား ဝတ်စားဆင်ယင်စရာ မရှိပါဘူး။

ကမ္ဘာတစ်ဝန်းလုံးမှာ April Fool နေ့ကို ကျင်းပလေ့ရှိကြပေမယ့် တရားဝင်ရုံးပိတ်ရက်ရယ်လို့ တသီးတခြား သတ်မှတ်ထားတာမျိုး မရှိပါဘူး။ ဧပြီလ ၁ ရက်နေ့မှာ တစ်နေ့လုံးလိုလို ပျော်စရာ ရွှင်စရာရယ်မောစရာတွေ ကောလာဟလ နောက် ပြောင်ပြက်လုံးတွေနဲ့ April Fool နေ့လေး ကို ပျော်ရွှင်စွာဆင်နွှဲကြတဲ့ ထုံးစံလေးပဲ ရှိပါတယ်။

April Fool နေ့လေးဖြစ်လာရခြင်းရဲ့ နောက်ခံသမိုင်းကြောင်းတွေကတော့ တစ်နေရာနဲ့ တစ်နေရာ မတူကြပါဘူး။ အများအားဖြင့်တော့ ပါးစပ်ရာဇဝင်တွေသာ ဖြစ်တယ်လို့ ဆိုလို့ရပါ တယ်။

ဘော်စတွန်တက္ကသိုလ်က သမိုင်းပါမောက္ခ ဂျိုးဇက်ဘော်စကင်ကတော့ ပထမရောမအင်ပါယာကို စတင်တည်ထောင်တဲ့ အချိန်ကတည်းက April Fool လုပ်တဲ့ ဓလေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီအချိန်တုန်းက ပညာရှိသုခမိန်တွေနဲ့ ဘုရင့်ပျော်တော်ဆက်တွေက ရောမပြည့်ရှင်ကို သူတို့ကသာ တိုင်းပြည်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် အုပ်ချုပ်နိုင်ပါတယ်လို့ လျှောက်တင်ပြောဆိုကြတာကြောင့် ရောမပြည့်ရှင်က ကူဂယ်လ်လို့အမည်ရတဲ့ပညာရှိအမတ်ကို တိုင်းပြည်ကို တစ်ရက်တိတိ အုပ်ချုပ်စေခဲ့တယ်လို့ ဆိုပါတယ်။ ကူဂယ်လ်ဟာ သူ အုပ်ချုပ်ခွင့်ရတဲ့တစ်ရက်မှာ ရယ်စရာကောင်းတဲ့ အမိန့်တွေ ထုတ်ပြန်ခဲ့တာမို့ အဲဒီဓလေ့ဟာ ပထမရောမအင်ပါယာမှာ ထုံးစံတစ်ခု ဖြစ်လာခဲ့တယ်လို့ ဆိုပါတယ်။

ရှေးဟောင်းယဉ်ကျေးမှုအရ ဧပြီလ ၁ ရက်နေ့ဟာ ရှေးခေတ်ရောမတွေနဲ့ဟိန္ဒူတွေ နှစ်သစ်ကူးပွဲကျင်းပတဲ့ နေ့တစ်နေ့လို့ ဆိုကြပါတယ်။အလယ်ခေတ်အေဒီ (၁၁၀၀-၁၄၀၀) မှာတော့ ဥရောပတိုက်မှာ နွေဦးကိုကြိုတဲ့နှစ်သစ်ကူးပွဲကို မတ်လ ၂၅ ရက်နေ့မှာ ပြောင်းလဲကျင်းပခဲ့ပြန်ပါတယ်။ ၁၅၈၂ မှာတော့ အဌမမြောက် ပုပ်ရဟန်းမင်းကြီးဂရီဂိုရီဟာ ရှေးဟောင်းဂျူလီယန် ပြက္ခဒိန်ကို ပြက္ခဒိန်အသစ်နဲ့ အစားထိုးလိုက်ပြီး နှစ်သစ်ကူးတဲ့နေ့ကို ဇန်နဝါရီ ၁ ရက်နေ့မှာကျင်းပဖို့ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ အဌမမြောက် ပုပ် ရဟန်းမင်းကြီးဂရီဂိုရီ ပြောင်းလဲသတ်မှတ်ခဲ့တဲ့ ပြက္ခဒိန်သစ်ကိုတော့ ဂရီဂိုရီ ယန်ပြက္ခဒိန် လို့ သတ်မှတ်ခေါ် ဆိုခဲ့ကြပါတယ်။

ဥရောပတစ်ခွင်မှာ အသစ်ပြောင်းလဲသတ်မှတ်လိုက်တဲ့ပြက္ခဒိန်ကို လက်ခံသူတွေရှိကြသလို လက်မခံသူတွေလည်း ရှိခဲ့ပါတယ်။ ပြက္ခဒိန်အသစ်ပြောင်းလဲခဲ့ပေမယ့် တချို့ကတော့ ဧပြီလ ၁ ရက်နေ့ကို နှစ်သစ်ကူးနေ့အဖြစ် ဆက်လက်ကျင်းပခဲ့ကြ




Asian Fame Media Group
af MEDIA GROUP

ပါတယ်။ ယုံတမ်းစကားတွေအရတော့ ပြက္ခဒိန် ပြောင်းလိုက်တာကို မသိလိုက်ကြတဲ့ ကျေးလက်က လူတွေက နှစ်သစ်ကူးပွဲကို ဧပြီလ ၁ ရက်နေ့မှာပဲ အစဉ်အလာမပျက် ဆက်လက်ပြီးကျင်းပခဲ့ကြ တယ်လို့ ဆိုကြပါတယ်။

နောက်ပိုင်းမှာတော့ ဧပြီ ၁ ရက်နေ့ ရောက် တိုင်း ပျော်စရာရွှင် စရာနောက်ပြောင်ကျီစယ်တဲ့ ဓလေ့ဟာ ဥရောပတိုက်မှာ စပြီးထွန်းကားခဲ့ပါ တယ်။

ကိုရီးယားနိုင်ငံမှာတော့ ဂျိုဆွန်ရာစုနှစ် (၁၃၉၂-၁၈၉၇) တုန်းက နှစ်တစ်နှစ်ရဲ့ ပထမဆုံး နှင်းကျတဲ့နေ့မှာ ရာထူးကြီးငယ်မရွေး တော်ဝင် မိသားစုဝင်တွေနဲ့ တိုင်းသူပြည်သားတွေကို လိမ်ညာပြောဆိုခွင့် နောက်ပြောင်ကျီစယ်ခွင့် ပြုထားခဲ့ပါတယ်။ အဲဒီနေ့မှာ ပန်းကန်လုံးလေးထဲ နှင်းခဲတွေထည့်ပြီး မိမိနောက်ပြောင်ကျီစယ်လိုသူ ကို ဆင်ခြေအမျိုးမျိုးနဲ့လှည့်ဖျားပြီး ပေးပို့လေ့ရှိပါ တယ်။ နှင်းခဲပန်းကန်ကို လက်ခံရရှိသူက ကစား ပွဲမှာရှုံးနိမ့်သူဖြစ်ပြီး ပေးပို့လာသူရဲ့ဆန္ဒကို ဖြည့် ဆည်းပေးရပါတယ်။ ဒါပေမဲ့ တမင်သက်သက် ရည်ရွယ်ချက်ရှိရှိ စီစဉ်ထားတာမျိုးမဟုတ်တဲ့ အတွက် အန္တရာယ်ကင်းတဲ့ကျီစယ်မှု နောက် ပြောင်မှုတွေအဖြစ်သာ သတ်မှတ်ခဲ့ကြပါတယ်။

ပြင်သစ်နိုင်ငံမှာတော့ မိမိစနောက်လိုသူရဲ့ နောက်ကျောဘက်မှာ ငါးရုပ်ကလေးကို တိတ်တ ဆိတ်ကပ်ထားပြီး ကျီစယ်လေ့ရှိကြပါတယ်။ ကာယကံရှင်သိသွားတဲ့အချိန်မှာတော့ April Fish ဒါမှမဟုတ် April Fool လို့အော်ပြီး ထွက် ပြေးကြပါတယ်။ ဒါကြောင့်လည်း ဧပြီ ၁ ရက်နေ့ ကို ဧပြီငါးနေ့လို့လည်း ခေါ်ကြပါသေးတယ်။ ပြင်သစ်နိုင်ငံရဲ့ ဧပြီဖူးနေ့မှာ ငါးရုပ်ကလေး တွေနဲ့ ကျီစယ်ခြင်းဟာ မရိုးတဲ့ထုံးစံတစ်ခုပဲ ဖြစ် ပါတယ်။ ဧပြီငါးဆိုတာကတော့ အလွယ်တကူ ဖမ်းလို့ရနိုင်တဲ့ ငါးအသေးစားလေးတွေကို ခေါ် ခြင်းပဲဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံမှာတော့ April Fool နေ့ နောက်ပြောင်ကျီစယ်ခြင်းကို ဧပြီလ ၁ ရက်နေ့ မနက်စောစောပိုင်းအချိန်တွေမှာသာ ခွင့်ပြုထား ပါတယ်။ အဲဒီနေ့မှာ နောက်ပြောင်ခြင်းခံရသူကို တော့ ခေါက်ဆွဲအဖြစ် တင်စားခေါ်ဆိုကြပါ တယ်။

စကော့တလန်နိုင်ငံမှာတော့ ဧပြီဖူးဒေးကို နှစ်ရက်ကျင်းပလေ့ရှိပြီး ဧပြီလ ၂ ရက်နေ့ ဒုတိယနေ့မှာတော့ သူငယ်ချင်းမိတ်ဆွေတွေကြား၊ မိသားစုဝင်တွေကြားမှာ နောက်ပြောင်ကျီစယ်ခြင်း ကို တစ်နေ့လုံးလိုလို ဆင်နွှဲလေ့ရှိပါတယ်။ နောက်ကျောမှာ စာပြောင်တွေ ပုံတွေကပ်ပြီး အချင်းချင်းကျီစယ်လေ့ရှိကြတဲ့ ဒုတိယနေ့ကို တော့ Taily Day လို့ သတ်မှတ်ခေါ်ဝေါ်ကြပါ တယ်။



ပေါ်တူဂီနိုင်ငံမှာတော့ အီစတာဥပုသ်လ မရောက်ခင် တနင်္ဂနွေနေ့တွေကို April Fool နေ့အဖြစ် သတ်မှတ်ပြီး ဆင်နွှဲလေ့ရှိကြပါ တယ်။ ထုံးတမ်းအစဉ်အလာအရ တစ်ယောက်နဲ့ တစ်ယောက် ဂျုံမှုန့်နဲ့ ပစ်ပေါက်ကျီစယ်တဲ့ဓလေ့ဟာ ပေါ်တူဂီနိုင်ငံရဲ့ ဧပြီဖူးဓလေ့လေးပါပဲ။

သူငယ်ချင်းတွေကြားမှာ နောက်ပြောင် ကျီစယ်မှုတွေကတော့ ရင်းနှီးမှုအဆင့်ကိုလိုက်ပြီး အမျိုးမျိုးရှိကြပါတယ်။ အခုနောက်ပိုင်းခေတ်တွေ မှာတော့ ဧပြီဖူးနေ့ကို မီဒီယာတွေကပါ ကျယ် ကျယ်ပြန့်ပြန့် တင်ဆက်လာကြတာကို တွေ့ရပါ တယ်။

တစ်ခါတုန်းကတော့ ဧပြီဖူးနေ့မှာ "spaghetti farmers" ဆိုတဲ့အင်္ဂလိပ်ရုပ်ရှင် ဇာတ်လမ်းတိုလေးတစ်ခုကို ထုတ်လွှင့်ပြသခဲ့ပါ တယ်။ ဇာတ်လမ်းလေးကတော့ အီတလီခေါက်ဆွဲ လို့ခေါ်တဲ့ (Spaghetti) အပင်ကနေ ရာသီပေါ် သီးနှံတွေကို ရိတ်သိမ်းကြတဲ့အကြောင်းလေးကို ရိုက်ပြထားတဲ့ ဇာတ်လမ်းလေးပါ။

အဲဒီနေ့မှာတော့ သူငယ်ချင်းအလုပ်သွား ခါနီး ကားသော့ဖွက်ထားတာမျိုး ဖိနပ်တစ်ဖက် ဖွက်ထားတာမျိုး ခြေအိတ်တွေ၊ လည်စီးနက်ခ် တိုင်တွေဖွက်ထားတာမျိုး မနက်အိပ်ရာထဖို့ပေး ထားတဲ့နှိုးစက်ကို နာရီဝက်လောက်နောက်ကျ အောင်လုပ်တာမျိုး အမျိုးမျိုးကျီစယ်ကြပါတယ်။

ဒါမှမဟုတ်ရင်လည်း ဖုန်းဆက်ပြီး နောက် ပြောင်တာ စာပို့ပြီးကျီစယ်တာ ကောလာဟလ ယုံတမ်းစကားတွေ အခြေအမြစ်မရှိတဲ့သတင်း တွေ ဖြန့်ဝေတာမျိုးတွေလည်း လုပ်လေ့ရှိကြပါ တယ်။

"မင်းဒိမ်က ပါဆယ်ရောက်နေတယ်လို့ စာတိုက်က ဖုန်းဆက်လာတယ် စာတိုက်မှာ သွား ထုတ်လိုက်ပါဦး"

"ငါမတော်တဆ မင်းရဲ့မျက်မှန်ကို တက်နင်း မိတယ်ကွာ"

"ညနေကျရင် မန်နေဂျာက ငါတို့အားလုံး ကို ညစာစားပွဲဖိတ်ထားတယ် ဟိုတယ်ကို ၇ နာရီ အရောက်လာခဲ့နော်"

"မင်းရဲ့ ကောင်မလေးအခုပဲ ဆေးရုံတင်လိုက် ရတယ် ဆေးရုံကို လိုက်သွားလိုက်ပါဦးကွာ"

"ညီလေးရေ ဒီနေ့ကျူရှင်မရှိဘူးတဲ့ မင်းဆရာမ အခုပဲဖုန်းဆက်တယ်"

အချင်းချင်း ပျော်စေပြက်စေ နောက်ပြောင် ကျီစယ်ခြင်းဖြစ်တဲ့အတွက် သူတစ်ပါး ထိခိုက်နာ ကျင်စေလောက်အောင်တော့ စနောက်လေ့မရှိ ကြပါဘူး။ တစ်စုံတစ်ယောက်ကို အလွန်အမင်း ကျီစယ်မိတယ်ဆိုရင်လည်း သူငယ်ချင်းဒုက္ခ မရောက်ခင်မှာ ဧပြီဖူးလို့ အချိန်မီပြောလေ့ရှိကြ ပါတယ်။

ရတီစာဖတ်ပရိသတ်တွေရော ဒီနှစ်ဧပြီဖူးနေ့ မှာ ဘယ်လိုနောက်ပြောင်ကျီစယ်ဖို့ စိတ်ကူးရှိကြ ပါသလဲ။ စာဖတ်သူတွေအားလုံး ရယ်မောပျော်ရွှင် ဖွယ် ဧပြီဖူးနေ့လေးကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်ရှင်။

**နှင်း**

Asian Fame Media Group



# နှလုံးသား အတုတစ်ခုနဲ့တော့ ငါ့ကိုယ်ငါ မယုယချင်ဘူး

ဆက်သွယ်မှုက ဧရိယာ ပြင်ပ
တွေ့လိုက်တိုင်းလည်း ကော်နရှင်ကျနေတာချည်းပဲ
ငါ့အလွမ်းတွေ ဘယ်လို တံတားထိုးရမလဲ။

ပါဝေနဲ့ရေ တကယ်ဆို
သတိရ လောင်မြိုက်ခြင်းမှာ အချိန်အခါတွေ မရှိပါဘူးကွယ်။

ဝေးကွာခြင်း ပစ္စုပ္ပန်ကို ရစ်ပတ်လိုက်ရင်
တကယ်ပဲ ငြိမ်းမက်ခွင့်ရမှာလဲ
တော်ကြာ နှင်းပေါက်တဲ့ အင်ပါယာကြီး ပိုင်ဆိုင်နေရလို့လည်း
ပျက်ပြုန်းရာ ပယ်မဲ့ ပြိုနေမှာပါမယ်။

ငါတို့ ဒီလိုသာ မျက်ခြေပြတ်နေရင်တော့
တစ်ယောက်ကို တစ်ယောက် ဘယ်လိုရှာတွေ့နိုင်မလဲ။

မတော်တဆ/အမှတ်မထင်/တစ်နေရာရာမှာများ
သတင်းအစအနလေးရခဲ့လို့ ပြေးပြေးလွှားလွှားရောက်လာခဲ့ရင်
ငါ့ရဲ့ သစ္စာတရား ကိုယ်စောင့်နတ်က
လမ်းပြမယ်လို့ ယုံကြည်တယ်လေသာ

မင်းကို ဝှက်ထားမယ့် ပကာသန တံတိုင်းတွေကို
ဖြိုလဲ ဖျက်ဆီးဖို့ရာ
ငါ့အချစ်က အစုရှယ်ယာကို စစ်ကြေညာခဲ့တဲ့ အင်အားကြီးနိုင်ငံဆိုပေမယ့်
ငါ့အပေါ် ဆက်ဆက သံတမန်အရေး ပိတ်ဆို့ အရေးယူနေတော့
ငါ့မျက်လုံးတွေက မင်းအပေါ် မျှော်ချနိုင်လို့လား ထသန်

နင့်သစ္စာတရားတွေ ဖရိုဖရဲ ထင်းစည်းပြေနေရင်လည်း
နှလုံးသား အတုတစ်ခုနဲ့တော့ ငါ့ကို ငါမယုယချင်ပါဘူး
ဒီနေရာဟာ ဖဲခုံဆိုလည်း ခွဲခဲ့လိုက်
မရိုးသားမှုနဲ့ဆို
ငါ...
သူ့ရဲ့တောကြောင်ထက်လို့... ။ ။

ဆောင်းကမ်းခေါင်(ညောင်လေးပင်)



## မတ္တရာ

ဆည်တော်ကြီးနှင့်
စာကျင်းတောင်ကို သိမ်းငုံ၍
ဇရပ်ဝတီကို
အလျားလိုက်စီးရင်း
သဘောပေါက်ဝန်းကျင်ကို
ရှင်သန်ခွင့်ပေးထားတော့ပြီး
သူက
တောင်ပြိုး မင်းနန်းမိန့်နှင့်လည်း
ပျော်မြူးလိုက်သေးတယ်။

နေလ(မတ္တရာ)





## ပျက်သုဉ်းခြင်း

တာစထွက်ကတည်းက
အနီကတ်ပြထုတ်ပယ်ခံလိုက်ရတဲ့
ကစားသမားတစ်ယောက်လို
မျှော်လင့်ခြင်းတွေ ရှင်သန်နေဖို့ကျမှ
တစ်စစီ ဖွဲ့ခြွေခံလိုက်ရတော့
ငါ နှလုံးသားမှာ ဒဏ်ရာတွေ ပျော့နဲ့

အောင်နိုင်သူတစ်ယောက်အနေနဲ့
လက်မောင်းထောင်ကြွားနိုင်ပေမယ့်
ရှုံးနိမ့်သွားတဲ့သူတစ်ယောက်အတွက်တော့
ကျရှုံးခြင်းကို ငိုရှုတ်လိုက်ရလို့
စိတ်ဓာတ်တွေဟာ ဖျော့ဖျော့ပိုင်နဲ့လဲပြိုခဲ့

ပြီးဆုံးသွားခဲ့ပြီ
ဘာကိုမှ မျှော်လင့်စရာမရှိတော့
ခံစားနေရတဲ့ ဝေဒနာတွေသာ
သောက်လက်စစီးကရက်တစ်လိပ်လို
ဖြစ်ခဲ့မယ်ဆိုရင်
ငါ ထိုးခြေမွှမ်းလိုက်တာကြာပြီ ။

လင်းဝေမှုး(မြှင်းခြံ)

## သံဆူးကြိုး

အထိတ်တကြိုးလို ကြိုးကျလာတော့
သောက်လက်စစီးကရက်လေးကို လောကခံထဲ
ထိုးထည့်ပြီးသတ်လိုက်ရတယ်
ပင်လယ်ဆန့်တဲ့ ကောင်းကင်ပြင်ကြီးထဲ
နှင်းဆီရိုင်းတွေကလည်း လွင့်ကြွေလို့ ကုန်ပြီတဲ့လေ
အလျှင်အလို ကိုယ့်ကိုယ်ကိုယ် မာမာချုပ်လိုက်တော့
ကျည်ဆန်တောင့်ဆိုတာ ငါတို့လွယ်အိတ်ကြီးကို ပြတ်ကျစေတဲ့ အရာ
ခြားနားနေကြတာကို သိပေမယ့်လည်း
အဆုပ်လိုက်အဖတ်လိုက် ပွင့်အံကျခဲ့ရတဲ့ဖြစ်ရပ်
သေက်အဆက်ဆက် နှုတ်ဆိတ်ခဲ့ရတဲ့ဖြစ်ရပ်
ငါတို့အတွက် တံခါးတစ်ချပ်ပွင့်ခဲ့သလို
မှန်တစ်ချပ်လည်း ကွဲကြွခဲ့ပြန်တယ်
ခရမ်းပြာရောင်သန်းနေတဲ့ သီချင်းလေးတွေဆိုရင်း
တစ်ယောက်လက်ချောင်း တစ်ယောက်ဆုပ်နယ်ရင်း
တလွင့်လွင့် လူးလွင့်နေတဲ့ ပုံပြင်လေးကိုသေချာ
ကြော်...
တစ်နေ့တော့ ငါတို့ အပြီးသတ်ပြီးချမ်းကြရမယ်

ရွှေကြယ်မိုး



## မြန်မာတို့ရဲ့ ပိတောက်

ဦးကြော့ရဲ့ ပိတောက်...
ဦးကြင်ဥရဲ့ ပိတောက်...
စာဆိုတွေ လေးစားလောက်တဲ့ ပိတောက်...
တစ်နှစ်မှာ တစ်လ တစ်လမှာ တစ်ရက် ပွင့်တတ်တဲ့
သစ္စာတရားကြီးမားလှန်းတဲ့ ပိတောက်...
အဲဒီ လောက်တောင် ခမ်းနားခဲ့တဲ့ မြန်မာ့သွေးအစစ်ဖြစ်တဲ့
ပန်းပိတောက်ကိုမှ မြတ်နိုးလောက်စရာလို့ မထင်မှတ်ဘဲ
ကြည့်စမ်းပါဦး ... တရုတ်တန်းနဲ့ ဆိုက်ပျိုးနေလိုက်ကြတာများ
'မလေးရှား ပိတောက်' တဲ့
အစဉ်အလာကြီးမားတဲ့ မြန်မာသွေးစစ်စစ် ပိတောက်...
ဂုဏ်တွေစီတဲ့ ပိတောက်...
မြန်မာတွေရဲ့ ရင်နှစ်သည်းချာ ပိတောက်...
ဂုဏ်ယူစရာ အနုပညာတွေကို ဖန်တီးဖို့ ရှမ်းစေတဲ့ ပိတောက်...
မြို့ပြင်ရဲ့ သီချင်းတွေနဲ့ မကင်းတဲ့ပိတောက်...
မောင်တင်ဦးရဲ့ သကြန်မိုးထဲက ပိတောက်...
အဲဒီလို ပိတောက်ကိုမှ တန်ဖိုးထားရမှန်းမသိရှာ
မြန်မာတို့ရဲ့ ပိတောက် သမိုင်းကို မှိန်ပျော့စေတော့မှာလား။

မေသူလွင်(ကွန်ပျူတာတက္ကသိုလ်)



## နေထိုင်တတ်ရမယ့်ဘဝ

ဘဝပင်လယ်ပြင်ထဲမှာ
အတ္တစိန်ပွင့်တွေ လက်လက်ထလို့
နယ်ကျွံသွားတဲ့ သမုဒယကြီးတွေအတွက်
တစ်ဖက်သားကို အားနာပါတာ
အုံ့ဖြိုးရာမှာ
လောကနိဂံကို မရောက်တာမို့
တစ်ခါတစ်ရံမှာ ဘဝဟာ သဘောဟာတဲ့ ကမ်းခြေက အလွင့်ပြောင်း
မှန်ကိုင်းတန်းကမ်းခြေ ဖြစ်ရ
အဲဒီလို အမှားမြင်ရာတွေကို ဆေးကြောဖို့
အမှန်တရားရဲ့ ပြောစကားအောက်
ခေါင်းညိတ်လက်ခံတတ်မှ
လူတော်လူကောင်းမှတ်တမ်းထဲမှာ
နာမည်ပါလာမှာ။
ပျိုမျစ်ခြင်းကဗျာရေးစဉ်က ပွင့်ခဲ့တဲ့
မာန်မာနသွေးကြွမှုတွေ
အိုနာခြင်းအရိုက်ထဲမှာတော့ ရှိမနေတာ
သစ္စာတရားရဲ့ ဆေးကြောမှုတစ်ခုပါ
ရှင်သန်မှုကြောင့်
လောကရဲ့ တန်ဖိုး အတိုးနှုန်းမြင့်လာရင်
အဖိုးတန်တဲ့ အသက်ရှင်မှုဆိုပြီး
လက်ခုပ်တီးကြမှာတဲ့
သေဆုံးမှုကို မျိုချရတဲ့အခါ
ကျန်ရစ်ခဲ့တဲ့ အမည်နာမမှာ
မင်နီမစွန်းဖို့
ကိုယ်ကျင့်သိက္ခာကို ဆက်လက်အရောင်တင်ကြပါစို့
မနိုတရိပါးမြင်ပေါ်ကို ကြွလာတဲ့
မျက်ရည်စီးတွေမှာ
နောင်တတွေ ပျော်ဝင်မနေပါစေနဲ့ဆိုတဲ့ ဆုတောင်းသံ
မိုးထိအောင် လျှံထွက်လို့
စာနာမှုရဲ့ ကယ်တင်ခြင်းအလင်းစတွေ
ချွေးကိုယ်မှာ ကပ်ငြိနေပါစေ
ကြည့်လိုက်တိုင်း
ဘဝပင်လယ်ပြင်ထဲမှာ
ပျော်ရွှင်မှု လှိုင်းလုံး စီးနေသူတွေမြင်ရရင်
ဘယ်လောက် ပြုံးရွှင်ဖို့ ကောင်းမလဲ။ ။

မင်းထက်သာညီ(တောင်ငူ)

Asian Fame Media Group
MEDIA GROUP



## ဆက်သွယ်မှု ဧရိယာ ပြင်ပ

အနီကတ်ပြရမယ့် အဖြစ်အပျက်
ဒါပေမဲ့...
ခိုင်မမြင်ဘူး။

နာစေနေရင်လည်း
ကြယ်တွေခြွေလိုက်ကုန်တော့မယ်
ကလေးဘဝက
ပုံပြင်တွေနဲ့ အိပ်ခဲ့တယ်
အခု...
တနင်္ဂနွေကိုမုန်းတယ်။

ကြည်နူး(မအူပင်)

# ရတီ
ဖူးနုသစ်လွင် ကဗျာဥယျာဉ်

## ကိစ္စဖြစ်သွားခြင်း

ဘယ်အရာကိုမှ ဆုပ်ကိုင်မပြနိုင်တဲ့ခေတ်မှာ
ကိုင်မိသမျှ ထိမိသမျှ ရွှေဖြစ်ပါစေလို့
မိုက်တိမိုက်ကန်း ဆုမတောင်းဖူးဘူး
စက္ကန့်မှ မိနစ် မိနစ်မှနာရီ
နာရီမှ အချိန် အချိန်မှ နေ့ဝင်ရာ
နေ့ဝင်ရာမှ ညဝင်ရာထဲ
အချောင်ထင်နိုက်သွားတဲ့ စကားလုံးတွေက ပွက်ထိုင်သွားရဲ့
စရိတ်မရှိတဲ့ အလွဲသုံးစားမှု ကဏ္ဍဆိုင်ရာ
အခမ်းအနားများတို့ရဲ့ ဈေးကြီးဆိုင်ရာ ပြဿနာရှင်းလင်းမှု
ဖြစ်ပေါ်လျက်ရှိသော အဓိကရုဏ်းဆန်မှုရဲ့ သွေးမျက်ရည်ရဲ့ တုန်လှုပ်ထဲ
သွေးကြောထဲ တစ်စိမ့်စိမ့်ဝင် အနေပျက်ကွက်အရှို
ကုပ်ဖိုစားသောက်နိုင်ရာ စားတော်ခေတ်မှာ
ကြွေတဲ့ပန်းတွေက ကြွေလို့
ဝေတဲ့ပန်းတွေက ဝေလို့
မြင်ကွင်းက သွေးခဲ့အေးလို့ စကားပြန်မရ
ကြည့်မိတဲ့ မျက်ဝန်းတို့ ထိတ်လန့်ခြောက်ခြားမှုပ် အိပ်မက်ဆိုးများ
အဝေးဆုံးမှ အဝေးဆုံးထိကြောက်စိတ်တွေနဲ့ ချုံးပုံလို့
မနက်ဖြန်တိုင်းကလည်း ထွက်ပြေးနေရတဲ့ စစ်ပွဲထက်ပိုမလာခြင်း
အသိတိတ်တိကျ နယ်နိမိတ်ချွဲအနာမကြားခြင်း
ကိစ္စတစ်ခုဖြစ်ပေါ်တိုင်း ရင်ထဲကို စောင့်အကာန်ခံနေရတဲ့
ဒီကမ္ဘာ တစ်ပုံးကိစ္စဖြစ်သွားတဲ့အကြောင်း တပ်ပြုလိုက်ရခြင်း ...။

မင်းသက်တန့်




Asian Media Group
MEDIA GROUP

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို **'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'**ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်၊ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

# Yati HOROSCOPE

## ဒေါက်တာမြတ်သစ် (မန္တလေး)




### မိဿရာသီ (မတ် ၂၁ မှ ဧပြီ ၂၀ ကြား မွေးဖွားသူများ)

သင့်အတွက် ရန်သူများပျောက်ကွယ်သော ကာလတစ်ခု ဖြစ်လိမ့်မည် နာမည်ကျော်ကြားမှု ရရှိစေနိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိတတ်ပေသည်။ အောင်မြင်ကြီးပွားမှုနှင့်အတူ ငွေကြေးများစွာရရှိစေလိမ့်မည်။ မြေယာကိစ္စကို ဒိသားစုနှင့်အတူ တိုင်ပင်သင့်ပေသည်။ လယ်ယာအလုပ်ထက် စိုက်ပျိုးရေးကာလကို ဦးစားပေးသင့်သည်။ ပညာရေး ကောင်းမွန်သည်။ ထိထိုးပေးပါ။ အချစ်ရေးပျော်ရွှင်မှုများ ရရှိပေမည်။

**ယတြာ။ ။ လောင်စာဆီ လှူပါ။**




### ပြိဿရာသီ (ဧပြီ၂၁ မှ မေ ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် ပညာရေးကြောင့် ငွေကြေးရရှိစေသလို ဝင်ငွေကောင်းစေသော အကြံအစည်အောင်မြင်မည့် လိုအင်ဆန္ဒပြည့်စေတတ်သည်။ ဝိဇ္ဇာပုဂ္ဂိုလ်များ မစစေတတ်သည်။ နေရာထိုင်ခင်း အရွှေ့အပြောင်း ပေါ်စေလိမ့်မည်။ ပညာရေးအောင်မြင်မည်။ ပြည်ပခရီးအကျိုးရှိစေတတ် သည်။ ဘာသာစကားလိုက်စားရ တတ်ပေသည်။ လူမျိုးခြားများ ဆန့်ကျင်ဘက် လိင်တို့ထံမှ အကျိုးအမြတ်ရရှိစေတတ်ပေသည်။ အချစ်ရေး ပွင့်လင်းလွန်း ပေသည်။ အာရုံကြောရောင်ရမ်းမှု ရောဂါကျင်ခြင်းခံစားရမည်။

**ယတြာ။ ။ ဆန်တုသိုလ်ပြုပါ။**




### မေထုန်ရာသီ (မေ ၂၂ မှ ဇွန် ၂၁ ကြား မွေးဖွားသူများ)

သင့်အတွက်စည်းစိမ်ဥစ္စာ အစီအစဉ်သစ်အတွက် ကြိုတင်ပြင်ဆင်သင့်ပေသည်။ ဩဇာအာဏာ အနည်းငယ် ကျဆင်းစေတတ်သည်။ ပေးကမ်းလှူဒါန်းခြင်းပြုရမည်။ အောင်မြင်မှုအတွက် ပေးဆပ်ရမည်။ ပညာရေး ထူးချွန်စွာအောင်မြင်စေလိမ့်မည်။ အဆင့်အတန်းနိမ့်ပါးသူတို့ကို ကူညီရတတ်သည်။ လွဲမှားသော အယူအဆတချို့ပြုပြင်ရမည်။ နိုင်ငံခြား ခရီးအကျိုးရှိပေလိမ့်မည်။ အချစ်ရေး ပို၍အဆင်ပြေမည်။ အမှုကိစ္စ မပြီးပြတ်နိုင်သေးပါ။

**ယတြာ။ ။ ဖျော်ရည်သုတ် လှူပါ။**




### ကရကဋ်ရာသီ (ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အရာရာစိုးရိမ်စိတ်ပူရခြင်းမှ မလွတ် ကင်းနိုင်သေးပါ။ ပညာရေးအောင်မြင်ပေမည်။ အဆောင်နေရာမှအစ ရွှေ့ပြောင်းရတတ်ပေသည်။ ခိုက်ရန်ဖြစ်ပွားမှုရှောင်ပါ။ မြေယာပြဿနာ စုပေါင်းတိုင်ပင်လုပ်ဆောင်သင့်သည်။ ပြည်ပသင်တန်းအဆင်ပြေပါမည်။ ငွေကုန်ကြေးကျ ဆက်များစေလိမ့်မည်။ အိမ်ထောင်ဖက်ဆင်းရဲဒုက္ခရောက် ရှိနေမှုကို ကူညီအားပေးသင့်သည်။

**ယတြာ။ ။ ရေတော် ၅ ခွက်လှူပါ။**



Asian Fame Media Group

# Yati HOROSCOPE

## သိဟ်ရာသီ (ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ကြိုတင်ကြံစည်ထားမှုကြောင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင်ပြေကံကောင်း အကျိုးရှိ စီးပွားဖြစ်ထွန်းစေပါသည်။ အသက်မွေးဝမ်းကျောင်းအလုပ်တို့ အခြေတကျဖြစ်လိမ့်မည်။ ရာထူးတိုး အစီအစဉ် အဆင်ပြေပါမည်။ အဓိဋ္ဌာန်ဝင်ရတတ်ပေသည်။ ပညာရေး အဆင်ပြေမည်။ ဖြင့်ပဗဟုသုတတိုးပွားစေမည်။ ကံစမ်းမဲပေါက်ရင်းနှီးမြှုပ်နှံငွေဥစ္စာအကျိုးရှိမည်။ အချစ်ရေးကောင်းမွန်၍ အိမ်ထောင်ရေးညှိစေတတ်သည်။

**ယတြာ။ နှမ်းမနဲ့ လှူပါ။**







## ကန်ရာသီ (ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက်တစ်ဆင့်ပြီး တစ်ဆင့် အခြေအနေကောင်းကို ရရှိလာပေသည်။ လုပ်ငန်းတွင်းအတိုက်အခိုက်ပိုများလာပေသည်။ တာဝန်ပိုင်းကိစ္စစကားခြေတင်ပြောရတတ်ပေသည်။ အပျော်အပါးကာမဂုဏ် ကိစ္စ ဝေဖန်ပြောဆို အပုပ်ချခံရတတ်ပေသည်။ ဝင်ငွေပိုင်း ကောင်းမည်။ ကျန်းမာရေးပိုင်းကျဆင်း စေတတ်သည်။ ခွဲစိတ်ခြင်းတို့ အရေးပေါ်ကြုံ လာနိုင်ပေသည်။ စကားများခိုက်ရန်ပွားမှု ရှောင်ပေးပါ။ ငယ်ရွယ်သူကိုမှ တိတ်တိတ်ခိုးတွဲ၍ ချစ်မိတတ်ပေသည်။

**ယတြာ။ ဆပ်ပြာမွှေးလှူပါ။**

## တူရာသီ (စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အသစ်ကြိုးစားသော စီးပွားအခြေအနေ ကောင်းကို ခံစားရမည်။ လက်တွဲဖော်တို့ ဒုက္ခပေးလာတတ်သည်။ လက်အောက်ငယ်သား မတည်မြဲတတ်ပါ။ မိခင်အို ကျန်းမာရေးအထူးဂရုစိုက်သင့်ပေသည်။ မိသားစုဂုဏ်သိက္ခာမြင့်မည်။ လက်ထပ်ရန် ကမ်းလှမ်းခြင်းမြင်ပေသည်။ ပြည်ပအလည်ခရီးသွားရတတ်ပေသည်။ ငွေပစ္စည်း ပျောက်ရှခြင်း သတိပြုသင့်ပေသည်။ မျက်စိအမြင်အာရုံကြောသတိပြုပါ။ အချစ်ရေး လန်းဆန်းမှုပြန်ရှိမည်။ ပညာရေး အသစ်သင်တန်းမြင်သည်။

**ယတြာ။ အဖြူရောင်ပန်း၅ပွင့်လှူပါ။**







## ဗြိစ္ဆာရာသီ (အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

အသက်အရွယ်ကြီးသူများနှင့် တွဲရ၍ ဒေါသဖြစ်ရတတ် ပေသည်။ စိတ်၊ လူ များစွာပင်ပန်းပေလိမ့်မည်။ အတိုက်အခံများမည်။ မြေယာပြဿနာဖြေရှင်းမှုမပြီးနိုင်သေးပါ။ လက်ရှိနေရာမခိုင်မြဲသေးဟု မြင်သည်။ ပညာရေးကောင်းမွန်ပေသည်။ အပေါင်းအသင်း ဆွေမျိုး မောင်နှမတစ်ယောက်မှ မကောင်းဟု မြင်ပေမည်။ မိသားစုဝင်တစ်ဦး ဆေးရုံရောက်ရှိ စေတတ်သည်။ အချစ်ရေးမချောမွေ့၍ စိတ်ပျက်မည်။ လူကြီးပေးစားသူယူ သင့်သည်။ ချေးငွေကိစ္စရှောင်ပါ။

**ယတြာ။ မုန့်ဘီတုသိုလ်ပြုပါ။**




**ဓနုရာသီ** (နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၀ ကြား မွေးဖွားသူများ)

သင့်အမြော်အမြင်ကြောင့် လုပ်ငန်းတိုးတက်စေမည်၊ ဝင်ငွေပိုင်းတိုးပွားမည်၊ ခရီးယာယီလည်း များစေသည်။ ပညာရေးကောင်း၏၊ ကျောင်းမပြီတတ်ပေ၊ စကားပြောသင်တန်းအကျိုးရှိစေတတ်သည်၊ ကလေးတို့အတွက် အဆင်ပြေမည်၊ ရည်းစားများတတ်၊ ရွေးချယ်စရာခက်ခဲ နေတတ်သည်၊ တရားအမိဋ္ဌာန် ရိပ်သာဝင်ခြင်းအကျိုး ရှိစေမည်။ ပြည်ပ စုပေါင်းသွားခြင်းတို့ ကောင်းမွန်သည် လုပ်ငန်းတွင်း ငွေမချေးသင့်ပါ။ အမှု ပြဿနာရင်ဆိုင်ရတတ်၍ သတိပြုပါ။ လက်ရှိဌာန ကုမ္ပဏီအလုပ်မပြုပါ။ လစာကောင်းနေရာရွှေ့လိမ့်မည်၊

**ယတြာ။ ။ ဖိနပ်၊ ထီး လှူပါ။**

**မကာရရာသီ** (ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀ ကြား မွေးဖွားသူများ)




သင့်အတွက် မကောင်းသော အပေါင်းအသင်း မိတ်ဆွေတုတို့နှင့် ခဝါချ၍ လမ်းခွဲရတတ်သည်၊ အနုပညာတေးဂီတ အကျိုးပေးမည်၊ အမှုအခင်းနိုင်ရန်မြင်သည်။ မီးဘေးအထူးသတိထားသင့်သည်၊ ပညာရေးအောင်မြင်မည်၊ လုပ်ငန်းတွင်း မျက်နှာမရနိုင်သေးပေ။ မိဘကျန်းမာရေး အကြီးအကျယ်ညှဲ့ပေသည်၊ သင်တန်းရပ်ဝေးတက်ရန် အရွေးချယ်ခံရတတ်ပေသည်။ အချစ်ရေး အဆင်ပြေသည်၊ သားသမီး ရတတ်ပေသည်။ အခန်းတွင်း သူ့နိုးဝင်တတ်၍ စိုက်လျော်ရမည်၊

**ယတြာ။ ။ ဖရုံသီးလှူပါ။**




**ကုမ်ရာသီ** (ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ ၁၈ ကြား မွေးဖွားသူများ)

သင့်အတွက် အခွင့်အခါကို စောင့်ကြည့်နေရတတ်ပေ သည်။ မြန်မြန်ဆုံးဖြတ် လုပ်ငန်းသစ်လုပ်ရန် မပြုသင့် သလို အရည်အချင်း နည်းပါးသော အလုပ်သမားဝန်ထမ်းများအပေါ် စိတ်မချဖြစ်ရတတ် ပေသည်၊ ပြည်ပစပ်တူရှယ်ယာဖွဲ့ခြင်း ဦးစားပေးသင့်ပေသည်၊ လုပ်ငန်း နေရာသစ်အတွက် ကြိုတင်ပြင်ဆင် သင့်ပေသည်။ ပစ္စည်းအပျက်အစီး အလေအလွင့်များတတ်သည်၊ ပညာရေးကိစ္စ စီစဉ်မှု အဆင်ပြေမည်၊ အိမ်သစ်အဆောက်အဦသစ် ဆောက်လုပ်ခြင်းတို့ အကျိုးရှိစေလိမ့်မည်၊ အချစ်ရေး အဆင်ပြေခြင်းမရှိတတ် နားလည်မှုမရှိခြင်းကြောင့် အိမ်ထောင်ရေး မချောမွေ့တတ်ပေ။

**ယတြာ။ ။ ငှက်ပျောသီး လှူပါ။**

**မိန်ရာသီ** (ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ ကြားမွေးဖွားသူများ)




သင့်အတွက် မျှော်မှန်းသလိုပင် နေရာရရှိမှု ခိုင်မာလာပေသည်၊ အသစ်သော လက်တွဲဖော်ကောင်းတို့ ရရှိလာစေတတ်ပေသည်။ အရှိန်အဝါကြီးမားစေတတ်သည်၊ မိသားစုဂုဏ်သိက္ခာတိုးတက်မြင့်မားရန် ဆောင်ရွက်ပေးရလိမ့်မည်၊ ပညာရေး အဆင်ပြေစေသည်၊ အသက်မွေးဝမ်း လုပ်ငန်းအသစ်တစ်ခု ဆောင်ရွက်ရတတ်ပေသည်၊ စုပေါင်းရက်တိုခရီး သွားရတတ်သည်၊ မျက်စိအမြင်အာရုံ ဒုက္ခပေးစေမည်၊ မတော်တဆ ဒဏ်ရာ အဆိပ်တက်မည်၊ အချစ်ရေးစန်းပွင့်စေတတ်သည်၊ လုပ်ငန်းတွင်းမှ သဘောကျမည်၊ မီးဘေးလျှပ်စစ်သတိပြုပါ၊ ထိထိုးပါ၊

**ယတြာ။ ။ အချိုရည် လှူပါ။**


ဒေါက်တာမြတ်သစ် (မန္တလေး)၊ ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group

## FUNNY PHOTO







# မရေးမကောင်း ရေးမကောင်း

## ညီညီညာညာ ညက်ညက်ညောညော

### အမြန် လောကသားများ

ညီညီတို့အိမ်ကို တောက ဘကြီး တစ်ယောက် လာလည်ပါတယ်။ အိမ်မှာ ညီမရဲ့ ရင်ခွင်ပိုက်ကလေးကို ဘကြီးက သူသိထားတဲ့ ကဗျာလေးတွေ၊ သီချင်းလေးတွေနဲ့ ချော့သိပ်ပါတယ်။ "ကြက်တူရွေး နာခေါင်းနီ၊ ကွမ်းကလပ်ကို ချီ၊ မချီပါနဲ့ ကိုကြက်တော၊ ဘကြီးလာမှ ပြော" ဆိုတဲ့ ကဗျာမျိုးလေးတွေ၊ "မိုက္ကိုလာကန်မယ် ဖားကောက်ခဲ့ပါကွယ်၊ ဗျိုင်းရွှေက ပျံကာပျံကာရယ်"



ဆိုတဲ့ သီချင်းမျိုးလေးတွေပေါ့။ ပုခက်ထဲကကလေး တော့မသိဘူး၊ ဘေးနားက ပုခက်အပြင်က ကလေးတွေကတော့ ဘကြီးဆိုပြီဆိုတာနဲ့ မျက်လုံးအဝိုင်းသားနဲ့ ဘေးနားမှာ ဝိုင်းပြီးနားထောင်ကြတော့တာ၊ သူတို့သိထားတဲ့သီချင်းတွေက "ကပ်စေး ထမနဲ လိုချ၊ ငါးပိရည်ကို ရဲယိုရွက်နဲ့ ဆွဲဆိုဆွဲမယ်၊ မင်းကိုတော့ မရဲသလိုဘဲ" ဆိုတဲ့ သံစဉ်တွေပဲ ကြားဖူးကြတာဆိုတော့ ဘကြီးဆိုနေတဲ့ သံစဉ်တွေဟာ ပုဂံခေတ်ကလား အင်းဝခေတ်ကလား ကလေးတွေခမျာ ဇဝေဇဝါပေါ့။ ဒီမှာတင် မူလတန်းကျောင်းသားအရွယ် တူတော်မောင်တစ်ယောက်က မနေနိုင်မထိုင်နိုင် ဘကြီးကို ထမေးတယ်။ "ဘဘ ဘဘ . . ဘဘဆိုတဲ့ သီချင်းတွေ ကဗျာတွေက ဖြည်းဖြည်းလေးလေးကြီးတွေနော် . . . ဘဘ နေမကောင်းလို့ သီချင်းကို မြန်မြန်သွက်သွက်မဆိုနိုင်တာလား" ဆိုလည်း ဆိုရော ဒီလောက်မြန်မာဆန်တဲ့ မြန်မာ့ဟန်ကဗျာတွေ သီချင်းတွေ မခံစားနိုင်ရကောင်းလားဆိုပြီး ဘကြီးရဲ့အမျက် တစ်တောင်လောက်ထွက်ကုန်ပါတယ်။ ဒါနဲ့ပဲ မျက်လုံးကြီးပြူးပြီး ကလေးကို ပြန်အော်ထည့်လိုက်တာက "ဟဲ့ ကာလသားလေး . . . နင်တို့ခေတ်ကာလက စီးတော့လည်း အမြန်ကား၊ အမြန်ရထား၊ စားတော့လည်း အမြန်စာ အမြန်ထမင်း၊ နေတော့လည်း အမြန်ဆုံးဆောက်ထားတဲ့ တိုက်ခန်းတွေ အိမ်ရာတွေ၊ ဆိုတော့လည်း ပါးစပ်ဖျားက သွားရည်တမြားမြားကျအောင် လိုက်ဆိုမှမီမယ့် အမြန်သီချင်း၊ အေး သေတော့လည်း မြန်မြန်သေကုန်ကြတာ အဲ့ဒါကြောင့်ပေါ့ ကာလသားရဲ့"တဲ့လေ။ ချိန်းထားတဲ့ ကိစ္စတစ်ခုနဲ့ အမြန်သုတ် ခြေတင်ပြီး အပြင်ထွက်ဖို့ ပြင်နေတဲ့ ညီညီ့ခြေထောက်အစုံ ဒီစကားလည်း ကြားရော ကြွတယ် လှမ်းတယ် ချတယ်ဆိုပြီး ဖြစ်တော့မတတ်။ ဖွတ်ခပါလား ဘဘရယ်။

Asian Fame Media Group



## အနှစ်သက်ဆုံးစကားလုံး

သူများတွေတော့ မသိဘူး၊ ညာညာတော့ အခုတစ်လော ရေပန်းစားနေတဲ့ စကားလုံးတွေထဲမှာ ပွင့်လင်းမြင်သာတယ်ဆိုတဲ့ စကားလုံးကို သွက်ကြိုက်နေတော့ တာပဲဗျာ။ နိုင်ငံရေးမှာ ကြည့်မလား၊ တစ်ဦးနဲ့တစ်ဦး တစ်ဖက်နဲ့ တစ်ဖက် ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း မြင်သာထင်သာရှိတာ သိပ်ကောင်းတာပေါ့။ စီးပွားရေးအမြင်နဲ့ ကြည့်ဦး။ ရိုးသားပွင့်လင်းခြင်းဟာ အကတိကင်းတဲ့ အောင်မြင်မှုပေါ့။ ဘာလျှို့ဝှက်ချက်မှမရှိ မြင်သာထင်သာ ဆက်ဆံခြင်းဟာလည်း အခု လည်းကောင်း နောင်လည်းကောင်းတဲ့ ဆက်ဆံရေးကို ဖြစ်ပေါ်စေတယ်လေ။ ဟော ကျန်းမာရေးရှုထောင့်က ကြည့်ဦးမလား၊ ဆရာဝန်နဲ့လူနာကြား ပွင့်လင်း မြင်သာမယ်ဆို မလိုအပ်ဘဲနဲ့ ကိုယ်ထိုင်တဲ့ ဆေးခန်းလာတိုင်း တန်းစီ ဆေးစစ်ခိုင်း တာတွေ၊ စရိတ်မျှပေး ကျန်းမာရေးဆိုပေမယ့် အစိုးရဆေးရုံတွေမှာတောင် စရိတ် မျှ ပေးနေရတာ အပြင်ဆေးခန်းလောက် နီးပါးကျတာတွေ၊ လူနာမှာ စရိတ်မျှရ လွန်းလို့ ဒီရောဂါပျောက်လို့ ဆေးရုံကဆင်းရသည့်တိုင် ကုန်ကျစရိတ်အတွက် နှလုံးရောဂါဝိုက် အိမ်ပြန်ရတာမျိုးတွေ ပွင့်လင်းမြင်သာဖြစ်ကုန်ပြီး ပြုပြင်သင့် တာတွေ ပြုပြင်လို့ရသပေါ့။ ပညာရေးဘက်က ကြည့်ဦးမလား သိပ်ကောင်းတာပါပဲ။ ဆရာ ဆရာမတွေဘက်က ဝုန်းဝုန်းထ ကျူရှင်တွေ၊ ကျောင်းသားတွေဘက်က ချုံးချုံးကျပညာရေးတွေ ဒါတွေကို အကြီးအကဲတွေ အချိန်မီသိ အချိန်မီပြုပြင် နိုင်တာပေါ့။ လွှတ်ကောင်း တအားကောင်း သိပ်ကောင်းပေါ့ဗျာ။ ဟုတ်ဖူးလား။ ဒါကို သူငယ်ချင်းတစ်ယောက်ကို ပြောမိလေတော့ သူငယ်ချင်းကလည်း မျက်လုံး တွေ ဝင်းလက်ပြီးပြက် နှုတ်ခေါင်းတွေ အရောင်ထွက်ပြီးသကာလ "ငါလည်း ဒီစကားလုံးကို ကြိုက်တယ်ကွ"တဲ့။ သူ့ အသံကြီးက အားပါလွန်းလို့ ညာညာလည်း မင်းက ဘယ်အပိုင်း ဘယ်ကဏ္ဍကြိုက်လေသနည်းပေါ့ ။ သူငယ်ချင်းက လေငန်း ထ နေတဲ့အသံကြီးနဲ့ တဟီးဟီးထ ပြောလိုက်ပုံက "ငါက အခုခေတ်ကောင်မလေး တွေ ဝတ်ပုံစားပုံ ပွင့်လင်းမြင်သာတာကို တအားသဘောကျတာ၊ ငါဆို မျက်လုံး အားတိုးဆေး စားစရာကိုမလိုတာ"တဲ့လေ။ ဒီကောင်ကပြောရင်းနဲ့ မျက်လုံး အကြည့်က ညာညာ့ဆီက ရွေ့သွားလေတော့ သူကြည့်ရာလိုက် ကြည့်လိုက်တဲ့အခါ အားပါးပါး တကယ့် ပွင့်လင်းမြင်သာ လေဒီကြီးပါလား ဟရို့။

# FUNNY PHOTO










# FUNNY PHOTO











## အချစ်လား အေးဆေးပါ

ညောညောတို့အိမ်နားမှာ မဂ္ဂဇင်း ဂျာနယ်တွေကို အမှန်အကန်အားပေးတဲ့ ချာတိတ်မလေးတစ်ယောက်ရှိပါတယ်။ ဆယ်ကျော်သက်တို့ သဘာဝ သူက စာဖတ်ဝါသနာ ပါတာထက် မင်းသမီးမင်းသားတွေရဲ့ ဟိုအရေး ဒီအရေးတွေ အလှအပဖက်ရှင်ကဏ္ဍတွေကို ပိုဝါသနာပါပြီး ပိုစိတ်ဝင်စားတဲ့သဘောပေါ့။ တစ်နေ့တော့ အဲဒီချာတိတ်မက ဂျာနယ်သုံးလေးစောင် မဂ္ဂဇင်းသုံးလေးအုပ်ကိုင်ပြီး အူယားဖားယား ညောညောဆီ ရောက်လာပါတယ်။ "တီတီညော တီတီညော . . ဒီအဆိုတော် မင်းသမီးကို ကြည့်ပါဦး. . . သမီးက သူ့ကို ကြိုက်လွန်းလို့ သူ့အကြောင်း အင်တာဗျူးပါတာဆိုရင် သိမ်းထားလို့ သတိထားမိတာ၊ ကြည့် ကြည့် . . ဖတ်ကြည့် . . . ဒီဂျာနယ်တွေမှာက အချစ်ရေးမေးရင် သမီးက ငယ် သေးတယ် မစဉ်းစားသေးဘူးဖြေတာက ဒါ၊ နောက်တစ်စောင်မှာ အသည်းကွဲ ဖူးတာပေါ့၊ ဒီအရွယ်ရောက်နေပြီဆိုတာက ဒါ၊ ဟောဒီထဲမှာ မကြာခင် မင်္ဂလာ သတင်း တရားဝင်ကြေညာပါ့မယ်တဲ့၊ ဟော ဒီမဂ္ဂဇင်းတွေကကျတော့ ချစ်သူများ နေ့မှာ သုံးနှစ်ကို သုံးမျိုးဖြစ်နေတာ၊ တစ်နှစ်ကို တစ်ယောက်နှုန်းနဲ့ရိုက် ထားတာ တီတီညောရယ် ကြည့်ပါဦး၊ ဖြေထားလိုက်တာတွေကလည်း ချစ်လိုက်တာမှ အသည်းတုန် အူတုန်တွေချည်းပဲ၊ ဘယ်လိုကြီးလဲ"တဲ့လေ။ ကလေးမ စိတ်လေ နေပုံ ကိုကြည့်ပြီး ညောညောမှာ ရယ်လိုက်ရတာ ဖတ်ဖတ်မော ရင်ဘတ်နောက် ကကျော၊ "ဟဲ့ အဲ့ဒါ သူကရိုးသားလို့ ပရိသတ်ကို အမှန်အတိုင်းချပြတာ ကလေးမရဲ့၊ သူ့ထက်လည်တဲ့သူတွေကြတော့ ဘယ်သူမေးမေး ဘယ်လောက်မေး မေး ဘယ်တော့မေးမေး ဘယ်ချိန်မေးမေး အချစ်ရေးအေးဆေးလို့ ဖြေကြတာ ပေါ့ဟဲ့" ဆိုတော့ ကလေးမလည်း သဘောပေါက်သွားပုံနဲ့ "ဟုတ်တယ်နော် သတင်းစာထဲ ပိုင်ဆိုင်မှုကိစ္စတွေနဲ့ ရပ်ကျော်ရွာကျော်အမှုအခင်းဖြစ်နေတဲ့ မင်း သမီးတောင် အချစ်ရေးအေးဆေးပါလို့ ဖြေကောင်းနေတုန်းပဲဟာ"တဲ့။ ညော ညောဘော်ဒါတစ်ယောက် ပြောဖူးတာသတိရသေးတော့ "ဟ မြန်မာနိုင်ငံမှာ အနုပညာရှင်တွေက ရေဝေးရောက်လို့ သေခါမှ သေရော. . မေးလိုက်ရင် အချစ် ရေးအေးဆေးဆိုတာချည်းပဲ"တဲ့လေ။



## မပူချင်လို့အပူခံသူ

အခုတစ်လော ရန်ကုန်မြို့ကြီးရဲ့ အပူချိန်က ကြောက်စရာကောင်းလောက်အောင် မှုပြင်းလှပါတယ်။ ဒါပေမဲ့ လူဖြစ်ရတဲ့ ဘဝမှာတော့ ဘယ်အပူချိန်ကိုမှ မကြောက်နိုင်ဘဲ ကိုယ်လုပ်စရာရှိတာကိုယ်လုပ်မှ ဖြစ်တာလေ။ လုပ်ရှားမှ မနဲ့စားရတယ် ကြိုးစားမှ ဒိုးပြားရမယ်ဆိုတဲ့စကားက အလွန်မှန်တဲ့ စကားပေပဲကိုး။ ညက်ညက်လည်း မီဒီယာ သမားဆိုတော့ နေပူဒဏ်ကို မကြောက်နိုင်ဘဲ အနုပညာသတင်းတစ်ခု ရယူဖို့ ရှုတင်တစ်ခုဆီ အပြေးအလွှားပေ့ါ။ ရှုတင်က အင်ဒိုးမဟုတ်ဘူး၊ အောက်ဒိုးရိုက်နေတာဆိုတော့ အဖွဲ့သားအားလုံး ချွေးတလုံးလုံး သဲတလုံးလုံး နဲ့ လှုပ်ရှားနေကြတာပေ့ါ။ မင်းသမီး မင်းသားကတော့ မရိုက်ခင် ထီးကလေးအောက်နေ၊ သူ့အခန်းဝေးသေးရင် ကားအဲယားကွန်း ဖွင့်နေ၊ ဒီလိုနေလို့ရပေမယ့် တခြားအဖွဲ့သားတွေကတော့ ဒီလိုနေလို့ ဘယ်ရမလဲ၊ အထူးသဖြင့် ရိုက်ကွင်းက TTMY (တောက်တိုမယ်ရ ကူလုပ်ပေးရတဲ့သူတွေ) ဆို ချွေးဒီးဒီးကျ ဟိုပြေးဒီပြေးပေ့ါ။ ညက်ညက်သွားတဲ့ရိုက်ကွင်းက TTMY တစ်ဦးရဲ့ နာမည်က ဦးမိုးကြီးတဲ့။ ဒါရိုက်တာက သူ့လက်စွဲတော် ဦးမိုးကြီးကို လှမ်းစတယ်။ "ဦးမိုးကြီး အခု ရန်ကုန်မှာ ခရမ်းလွန်ရောင်ခြည်က ၉ ကျော်နေပြီနော်၊ သိပ်အန္တရာယ်များနေပြီ၊ ခရမ်းလွန်ရောင်ခြည်က ၈ နဲ့ ၁၀ ကြားရှိရင် အရေပြားတွေ မျက်စိတွေထိခိုက်တယ်ဗျ၊ ၁၁ ဆိုရင် သားသမီးမရနိုင်တော့ဘူး၊ ကင်ဆာတွေ ဘာတွေလည်း ဖြစ်နိုင်တယ်၊ ခင်ဗျားအလုပ်လုပ်ရင် ဦးထုပ်ဆောင်း၊ လက်ရှည်အကျႌလေး ဘာလေးဝတ်ဗျ၊ မကြောက်ဘူးလား"လို့ စလိုက်တယ်။ အဲ့ဒါ ဦးမိုးကြီးက ဘာပြန်ပြောတယ်မှတ်လဲ။ "ဟား ဒါဆို နေရိပ်ထဲကို ပြန်မဝင်တော့ဘူးဆရာ၊ သားသမီးက အခုငါးယောက် ဗိုက်ထဲမှာတစ်ယောက်၊ စရိတ်ငြိမ်း သားသမီးမရတဲ့နည်း လိုချင်နေတာအတော်ပဲ"တဲ့။ အိုးမိုင်ဂေါ့ နောင်ရေးမပူဖို့အရေး အခု အပူခံသူပါတကား။

## FUNNY PHOTO












# လူငယ်တွေရင်ခုန်စေမယ့်


# THE STREET BAR

ကိုယ်တစ်ဦးတည်း အေးအေးဆေးဆေး အပန်းဖြေချင်တာလား။ သူငယ်ချင်းတွေနဲ့ အတူတူ ပျော်ရွှင်စွာ တွေ့ဆုံပွဲလေးလုပ်ချင်တာလား။ ကိုယ့်ရဲ့ မွေးနေ့ပွဲလေးကို လွတ်လပ်ကျယ်ဝန်းတဲ့နေရာလေးမှာ လုပ်ချင်တာလား။ ဒါဆိုရင်တော့ မြရိပ်ညိုဟိုတယ် ရေကူးကန်ဘေးမှာရှိတဲ့ The Street Bar က မင်းရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီနေပါလိမ့်မယ်၊ နေ့စဉ်တိုင်းမှာ ထူးခြားတဲ့ အစီအစဉ်လေးတွေက မင်းကို စောင့်ကြိုနေပါတယ်။ သောက်သုံးစရာ အဖျော်ယမကာ မျိုးစုံနဲ့ European Food, Thai Food, Chinese Food, Asian Food စတဲ့ သုံးဆောင်ချင်ဖွယ် အစားအသောက်မျိုးစုံလည်း ရရှိနိုင်ပါတယ်။ ဗုဒ္ဓဟူးနေ့တိုင်းမှာ 'Lady's night' Programme ရှိပြီး ကြွရောက်လာတဲ့ အမျိုးသမီးတိုင်းအတွက် Drink တစ်ခုလက်ဆောင်ထိုက်ပါလိမ့်မယ်။ ကြာသပတေးနေ့တိုင်း အတွက်တော့ 'The Street's Party' ရှိပြီး ည ၁၁ နာရီကနေ ည ၂ နာရီအတွင်းလာတဲ့ ဧည့်သည်များကို ဝင်ကြေးအခမဲ့ စီစဉ်ပေးထားပါတယ်။ သောကြာနေ့တိုင်းမှာတော့ All you can eat အစီအစဉ်အရ ကြွရောက်အားပေးတဲ့ ဧည့်သည်များအတွက် The Street ရဲ့ appetize ကို လက်ဆောင်အဖြစ် သုံးဆောင်နိုင်ပါတယ်။ စနေနေ့တိုင်းအတွက် Drink Party ရှိပြီး မိမိ ကြိုက်နှစ်သက်တဲ့ Drink ကို အဝသောက်ဖို့ တစ်နာရီအတွင်း ခွင့်ပေးထားပါတယ်။ တနင်္ဂနွေနေ့တိုင်းမှာတော့ Super Sunday Happy Time အစီအစဉ်အဖြစ် ဘောလုံးပွဲပြသပေးပြီး Drink များလည်း လက်ဆောင်ပေးနေပါတယ်။ ဒီလိုစိတ်လှုပ်ရှား ပျော်ရွှင်စေမယ့် The Street Bar မှာ လူကြီးမင်းတို့ စိတ်တိုင်းကျဖြစ်အောင် ဈေးနှုန်းချိုသာစွာနဲ့ ဝန်ဆောင်မှုတွေ ပေးနေပါတယ်။

ဖြိုးစုပိုပို

# ကဗျာရနံ့တို့ သင်းပျံ့ ကြိုင်လှောက်ရာမြေ

မိချမ်းဝေ




(၁)

**ကသုတ်ကရက် မုဆယ်ကို နှုတ်ဆက်**

ကျွန်မတို့ ခရီးစဉ်မှာ မူဆယ်ဆိုတာ ရောက်တယ်ဆိုရုံကလေး ရောက်ရတဲ့မြို့ပါ။ မူဆယ့် ရင်ခွင်ကျယ်ကြီးထဲ တိုးဝင်ခွင့်မရခဲ့ပါ။ အပေါ်ယံတို့တို့ထိထိ ပြေးပြေးဖျန်းဖျန်းကလေးပဲ နမ်းရှိုက်ခွင့်ရလိုက်တာပါ။

"မမှောင်ခင် ဟိုဘက်ကို ကူးရအောင် ခပ်သွက်သွက်ကလေး ဈေးဝယ်ကြမယ်"

ကိုအောင်ကျော်မိုးရဲ့ နှိုးဆော်သံအကြားမှာ ကျွန်မတို့ စားသောက်ဆိုင်က ခပ်သွက်သွက်ထ ဖြစ်ကြပါသည်။ မူဆယ်ရောက်မှ ဈေးမဝယ်လျှင် အမိုက်နှင့်ပြင် ရှိပါဦးမလားလို့ စာချိုးရမယ့် နယ်စပ်မြို့ဆိုတော့ ကျွန်မတို့ ဈေးတန်းတွေဆီ ရောက်ချင်လှပါပြီ။ တကယ်ဆို ကျွန်မက ဈေးဝယ်ကျွမ်းသူ ဈေးဝယ်ရာမှာ မလေ့ထုံသူ တစ်ယောက်မဟုတ်လှပါ။ ဈေးဆစ်ရတာ၊ တန်မတန် စဉ်းစားချင့်ချိန်ရမှာ အလွန်ပဲဝန်လေးလှသူ ဖြစ်ပါသည်။ ဈေးဝယ်တော်သည့် မိန်းမတွေထဲမှာ ကျွန်မ မပါဝင်ပါ။

ဈေးဝယ်တဲ့အခါ ကျွန်မစဉ်းစားပုံ စဉ်းစားနည်းကို ဘယ်မိန်းမမှ စဉ်းစားကြမယ်မထင်ပါ။ ဒီပစ္စည်းဟာ ကိုယ်လုပ်တတ်တဲ့ ပစ္စည်းလား၊ ကိုယ်မလုပ်တတ်ရင် သူပြောတဲ့ ဈေးတန်တယ်။ တချို့ သိုးမွေး (လက်ထိုး)လို ပစ္စည်းမျိုး ကျွန်မထိုးတတ်နေတော့ သူပြောတဲ့ဈေး၊ မပေးချင်ဘူး၊ မပေးနိုင်ဘူး၊ မတန်ဘူးထင်တယ်။ သည်လို စဉ်းစားတာပါ။ ဒါကြောင့် ကျွန်မဈေးဝယ်လျှင် စစ်စစ်ပေါက်ပေါက် ခဲရာခဲဆစ် ဈေးဆစ်ခြင်းမရှိ၊ သားပါးဟင်းရွက်ဝယ်လျှင်လည်း ဆင်းရဲသူဆင်းရဲသား တစ်ကျပ် ငါးမူးစားတာ စားပါစေဆိုသည့် စိတ်နှင့်နှင့်ခနဲ ဆစ်မနေချင်တော့၊ တစ်ခါတစ်ရံ တစ်ဖက်က ဈေးကို တအားဆိုထားမှန်းသိလျက်နှင့် သင်းလိမ်လျှင် သင်းအပြစ် သံသရာမှာခံရမှာပေါ့ဟူသော အတွေးဖြင့် စိတ်ကိုဖုံးဖုံးချ ဝယ်တတ်သည်။

သည်လို အရည်အချင်းမျိုးနှင့် ဈေးဝယ်သူဆိုတော့ ဈေးဝယ်တော်သူ စာရင်းထဲမှာ ကျွန်မ မပါဝင်နိုင်တာ သေချာလှသည်။ မူဆယ်ရောက်ပြီးဘာမှ မဝယ်ဘဲ ပြန်ပါက လည်း မိုက်မဲရာ ကျဦးမည်။ ကျွန်မတို့ မလည်မဝယ်တွေကို လည်လည်ဝယ်ဝယ် ကိုအောင်ကျော်မိုးက ဈေးတန်းကြီးထဲ ဦးဆောင်ခေါ်ချသွားသည်၊ တရုတ်ဘက်မှ ဝင်သည့် အနွေးထည်၊ ခြုံစောင်၊ ဘောင်းဘီရှည်၊ ခေါင်းစွပ်၊ မာဖလာ စသည့် အသုံးအဆောင်တွေသာ များသည်။ လှလည်းလှ တန်လည်း တန်သည့် အနွေးထည် တစ်ယောက်တစ်ထည်ဝယ်ဖြစ်ကြသည်။ ကျန်တာတွေက တစ်ထောင့်ငါးရာဖိုး ဝယ်လျှင် သုံးလေးမျိုးရသော ဖန်စီပစ္စည်းကလေးတွေ အနည်းအကျဉ်းဝယ်ဖြစ်သည်၊ မှတ်စုစာအုပ် ကလေးတွေ၊ ဆွဲကြိုး၊ လက်ကောက်၊ နားဆွဲ၊ သော့ချိတ်လို ပစ္စည်းမျိုးတွေ ဖြစ်သည်။

တရုတ်ဘက်မှဝင်သည့် ပစ္စည်းတွေက ပေါ့ပေါ့ပါးပါးရော လေးလေးပင်ပင်တွေပါ မြန်မာတွေကို ဖြူဆွယ်နေတာပါလား။ စားသောက်ဖွယ်ရာ သစ်သီးဝလံတွေ ဆိုသည်မှာလည်း ဝယ်ချင့်စဖွယ်။ ခရီးတာရှည်ကွာလှမ်းခြင်းကို ထောက်ချင့်၍ ဈေးဝယ်ခြင်းကို ရပ်နားလိုက်ကြသည်။

နောက်တစ်ခါ ကားရပ်တော့ ကျွန်မတို့ကို တစ်ဖက်နိုင်ငံမှာ တစ်ညတာ တရားဝင်တည်းခိုစေဖို့ ဗီဇာထုတ်ပေးသည့်နေရာ ဖြစ်သည်။ မောင်မင်းကြီးသား ကိုအောင်ကျော်မိုးကောင်းမှုနှင့်ပင် သူတစ်ပါးတွေလို တန်းစီစောင့်စရာမလိုဘဲ တစ်ဖက်နိုင်ငံကူးဖို့ ဗီဇာကို လွယ်လင့်တကူ ရခဲ့၏။

"တို့တစ်တွေတော့ အခွင့်ထူးခံ

Asian Fame Media Group

တွေ ဖြစ်နေပြီ ထင်တယ်"

ကျွန် ဆရာမ နှစ်ယောက် ဘယ်သူ့ဆီကမှန်းမသိ အသံထွက်လာသည် စာရေးဆရာ ဆိုသည်က အခွင့်ထူးခံကိစ္စတွေနှင့် အလုပ်မဲဝေးကြရသူတွေမို့ တစ်ခါတလေ အခွင့်အရေး ရတာကိုပင် မျက်နှာပူ မနေတတ် အနေခက်နေကြရသည်။ အခွင့်အရေးနှင့် နေသားမကျသူတွေ ဖြစ်သည်။ ထိုနေ့က မူဆယ်မှာ ထိစပ်ကျွမ်းဝင်သူများလှသော ကိုအောင်ကျော်မိုး ကျေးဇူးနှင့်ပင် နေမစောင်းမီ တစ်ဖက်နိုင်ငံစည်းရိုးကို ကျော်မိကြသည်။ အိမ်နီးချင်းဆိုမှ တကယ့်ခြေတစ်လှမ်းစာ အိမ်နီးနားချင်းပါလား။ တစ်ဖက်မြေရောက်သည်နှင့် နယ်စပ် အထိမ်းအမှတ်ညောင်ပင်ကြီးကို ဓာတ်ပုံရိုက်မိလေသည်။ တရုတ်ဘဲဥတစ်ယောက်အလျင်စလို ရောက်လာကာ သူတို့ဘာသာစကားနှင့် ကွိကွိကွကွ ပြောတော့သည်။ ဓာတ်ပုံရိုက်လို့ မရဟုလာတားမြစ်ခြင်းပင်။ မျက်နှာထားကလည်း အတော်တင်းသည်။ တို့မြေထဲရောက်ပြီ ဆတ်ဆတ်ထိမခံ ပုံစံမျိုး၊ ကိုအောင်ကျော်မိုးဘာတွေ ပြန်ကွိကွ လိုက်သည်မသိ ထွက်သွားတော့သည်။

ကိုယ့်တိုင်းပြည် မဟုတ်ပါလား ဆိုသော အသိက စိတ်ဓာတ်မလုံခြုံမှုကို အမြေးအလွှား သယ်ဆောင်လာလေသည်၊ ရောက်ဖူးရုံ့ သက်သက်လာတာပေ့... မင်းတို့ဆီက ဘာပဲရရ နိုက်ကလော်ထိုးဆွဖို့ လာတာမဟုတ်ဘူး။ မင်းတို့သာတို့ဆီက... အသံ မထွက်သော အကျိတ်အခဲတို့ လည်ချောင်းဝဆီ ပြေးတက်လာသည်။

သူတို့ လုပ်ငန်းခွင် ဝတ်စုံကို စမတ်ကျကျဝတ်ထားသော ထိုသူသည် မလှမ်းမကမ်းတွင် သေနတ်ထမ်း လမ်းလျှောက်နေသည်မှာ တိုင်းပြည်ဝန်ကို ဦးဆောင်ဆဲမြင့်ထမ်းရွက်တော့မည့်ပုံ၊ အေးခဲမာထန်နေသောမျက်နှာက အိမ်နီးနားချင်းတွေပေါ် မိတ်ဆွေဖွဲ့လိုဟန် မရှိ၊ မတူမတန် မျက်နှာပေးမျိုး၊ မျက်ပေါက်ကျဉ်းကျဉ်းနှင့် မှေးစင်းကြည့်နေပုံက ကောက်ကျစ်မှုတွေ အပြည့်၊ အသီးကိုလည်းခူး၊ အကိုင်းကိုလည်းချိုင်၊ အညွန့်အခက်တွေကို ရိုက်ချေ၊ ပင်စည်ကို ခုတ်သဲ့၊ အမြစ်ကိုပါ ထိုးကလော် တူးဆွယူမည့် လောဘလောင်မီးတွေ ဟုန်းဟုန်းထနေသည့် အသွင်အပြင်၊

နေပါဦး... ကျွန်မ သည်လို အသွင်အပြင်နှင့်လူမျိုး ဘယ်မှာ တွေ့ဖူးပါလိမ့်၊ မှတ်မိပြီ၊ တစ်ခုသော ဆောင်းရက် မြဝတီမြို့ဆီသို့ စာပေဟောပြောပွဲကိစ္စနှင့် ရောက်သွားစဉ်က ဖြစ်သည်။

"ရောက်တုန်းရောက်ခိုက် ရောက်ဖူးတယ်ရှိအောင် မဲဆောက်ဈေးသွားကြည့်ပါလား"

တည်းအိမ်က ဦးလေး တွန်းအားပေးသည်နှင့်၊ ဦးလေးသမီးကလည်း လိုက်ပို့ချင်နေသည်မို့ တစ်နေ့တာ ပတ်စပို့လုပ်ဖို့ တံတားကိုဖြတ်ကူးခဲ့ကြသည်၊ နှစ်နိုင်ငံကြားသောင်ရင်းမြစ်ခြားထားလေရာ၊ တံတားသည်ဘက်ထိပ် မြန်မာဂိတ်မှာ ဘာပြဿနာမှမရှိ၊ ဟိုဘက်ထိပ် သူတို့နိုင်ငံထိပ် ဂိတ်ရောက်တော့ ပြဿနာ ပေါ်တော့သည်။ လက်မနှိပ်သည့် ကောင်တာမှာ အတန်မြင့်နေ၍ ကျွန်မတို့လို အရပ်ပုသူများနှင့် အဆင်မပြေလှ။ ကောင်တာက မြင့်နေသဖြင့် နှိပ်အားနည်းနေလေရာ ဖန်သားပြင်မှာ လက်မရာ မထင်ပေ။

နှိပ်... နှိပ်.... နာနာနှိပ်

ကောင်တာနောက်မှ မပီမသ သံကြီး ထွက်လာလေသည်၊ ကျွန်မလည်း နာနာနှိပ်ပါ၏။ နှိပ်လေ မထင်လေ။

မြန်မြန်လုပ်နော်။ ဒီလူက သိပ်စိတ်ရှည်တာ မဟုတ်ဘူး။ ကြာနေရင် လက်ကိုရိုက်ချတတ်တယ်။

ခရီးသည်များထဲမှာ သတိပေးသံဖြစ်သည်။ ဟင်... ကျွန်မလက်ကို ရိုက်ချလို့ကတော့ အဲဒီတိုင်းပြည်ရွှေ ထွက်နေပါစေ ကျွန်မ မသွားဘူးဟု ဆုံးဖြတ်လိုက်မိသည်။ ထိုအချိန်မှာပင် ဖန်သားပြင်မှာ လက်ရာထင်သွားပြီ ဖြစ်သည်။ ကောင်တာနောက်မှ မျက်နှာသည် အိမ်နီးနားချင်းတွေအပေါ် မိတ်ဆွေမဖြစ်ချင်သည့် မျက်နှာ၊ ဖော်ရွေမှုကင်းသည့် မျက်နှာ၊ ရေကြောမြေကြော စပ်နေသော်လည်း သူ့ရေကမှ ပိုချို၊ သူ့မြေကြီးကမှ ရွှေသီးအယူစွဲရှိသည့်မျက်နှာ။ ကြော်... ယခုလည်း ထိုမျက်နှာမျိုးနှင့်လာကြုံနေရပါပကော။

♦


**ဟိုဘက်ခြမ်းက မီးထိန်ထိန်**

ရုပ်ဝတ္ထု ပစ္စည်းများ၏ တိုးတက်မှုကား ကျွန်မစိတ်ကို မဆွဲဆောင်နိုင်ပါပေ၊ ကြယ်ဂေါင်မြို့ကြီး၏ ညနေဆည်းဆာရိုက်ကား ပြိုးပြက်တောက်ပမှုများဖြင့် တန်ဆာဆင်ထား၏။ စည်းရိုးခြားသွားသလို မြင်ကွင်းရှုကွက်များလည်း ပြောင်းလဲသွားသည်၊ ဘယ်နေရာ ကြည့်ကြည့် တောက်ပသစ်လွင်ခမ်းနားခြင်း မျှော်စင်များ။

"ဒီမြို့ဟာ သိပ်မကြာခင်နှစ်အတွင်း စည်ပင်ကြီးထွားလာတဲ့မြို့ပေါ့။ ဒီမြို့က စီးပွားမှုဟာ ကျွန်တော်တို့ဆီက မြစ်ဖျားခံလာတယ်လို့ ပြောရင်ရတယ်၊ ဒီမြို့က စိမ်းစိုနေတဲ့ သစ်ပင်တောအုပ်တွေဟာ ကျွန်တော်တို့ဆီက ရွှေ့လျားလာတာပါ။ သစ်ပင်ကြီးငယ်တွေ များရောက်လာတုန်းက လူလိုပဲ ပိုက်တန်းလန်းနဲ့..."

ဒေသကျွမ်းကျင်သူ ကိုအောင်ကျော်မိုးစကားက တွေးစရာတွေများလှ၏။ ကိုယ့်ဆီက အရင်းအမြစ်တွေနှင့် စည်ပင်နေသော မြေမှာ သူတို့ မျက်နှာထားမာမာတွေက မခံချိမခံသာ ဖြစ်စရာကောင်းနေ၏။ သစ်ပင်တွေကို ဗီတာမင်ပေးပြီး ရွှေ့သတဲ့။ သူ့မြေ မဟုတ်သည့် နေရာသို့ ဆေးထိုးအပ်ပိုက်တန်းလန်းနှင့် အမွှေဆောင်ကြဉ်းခံရသော သစ်ပင်တို့ခမျာ ဘယ်လိုမှ ပျော်ရွှင်နိုင်မည် မဟုတ်။

"သစ်ပင်တစ်ပင်လုံးကို ထားပါဦး၊ တစ်တောင်တစ်ထွာလောက်





Asian Fame Media Group

တွေလည်း ရတဲ့နည်းနဲ့ထွက်နေတာ သူတို့က ဒီဘက်က ဘာပဲဖြစ်ဖြစ် အကုန်ယူတယ်။ ဒီလို အတိုအထွာ ကလေးတွေ ဆိုင်ကယ် ကယ်ရီနဲ့ ထွက်ကုန်တာပေါ့။ ဒီမှာက ကုန်ကြမ်းပဲ လိုတာ၊ ကုန်ချောဖြစ်ဖို့က လွယ်လွယ်လေး. . . . ဟိုမှာကြည့်ပါဦး။ မီးအလှဆင်ထားတဲ့ ဧရာမ သစ်တုံးကြီးတွေ ရုပ်တုကြီးတွေ ဒါတွေ ကျွန်တော်တို့ဆီက ရတဲ့ သစ်တွေနဲ့ လုပ်ထားတာ"

ကြယ်ငါးပွင့်အဆင့်ရှိ ဧည့်ဂေဟာ၏ ခမ်းနားလှ ကြယ်ဝေါင်ညချမ်းကား ကျွန်မ စိတ်ကို အထူးပင်ညှိုးနွမ်းစေလေသည်။ ကိုအောင်ကျော်မိုး တည်

"ဆရာမတို့ ဝိုက်ဆံအိတ် သတိထားနော် ဒီမှာက အလစ်သုတ်သမားတွေလည်းရှိတယ်။ ပြဿနာ တစ်စုံတစ်ခုဖြစ်ရင် ကိုယ်က ဧည့်သည်ဆိုတော့ ခံဖက်က ချည်းပဲ။ သူတို့နိုင်ငံသား မဟုတ်ရင် ဘာမှ တာဝန်မယူဘူး။ ပြဿနာ မဖြစ်တာ အကောင်းဆုံး"

ကျွန်မတို့ ခြေလှမ်းတွေ သွက်လိုက်ကြ၏။ ပြိုးပြက်ထိန်လင်းနေသော မီးရောင်အောက်တွင် လုံခြုံမှု အပြည့်အဝမရှိဘူးဆိုတော့ဟိုတယ် ပြန်ပြီးအိပ်ကြတာမှ ကောင်းဦးမည်။ ချောင်ဒရီ ဟိုတယ်ကား ခမ်းနားလှ

ခင်းသော ညနေစာမှာ စားသောက်ဖွယ် စုံလင်လှသော်လည်း ထင်သလောက် စား၍ မဝင်ချေ။ ကိုအောင်ကျော်မိုး ဇနီး မွန်မွန်အောင်နှင့် သားလေးမှာ ကဏန်းတွေမှာထားပြီး စားမကုန်နိုင် ဖြစ်နေ၏။ ဒီကဏန်းတွေလည်း ကျွန်မတို့ဆီကပဲ ဖြစ်မည်။ လတ်လတ် ဆတ်ဆတ် မရှိ အချိုဓာတ် အတော်နည်းနေသည့် ကဏန်းတွေဖြစ်သည်။

အပြန်လမ်းမှာ မှုဆယ်မှာ တုန်းကလိုပဲ ဖန်မီးစုန်းတွေရောင်းသည့်ဆိုင်ကလေးတွေ တပြန့်တပြော တွေ့ရ၏။ ကျွန်မတို့မှာ ဟိုးဝေးသည်ပေး။

ပသော်လည်း ဝန်ဆောင်မှုအားနည်းလှပေ၏။ သူတို့က သူတို့ လူမျိုး သူတို့စကားသံကိုမှ အထင်ကြီးလေးစားအရေးတယူ လုပ်တတ်လေရာ ဘာမေးမေး အဖြေမရ၊ အင်တာနေရှင်နယ် လှုပ်ရှားမှုနှင့်လည်း အကြောင်းမပြန်၊ အပြုံးပန်းပန်ဖို့ဆိုတာ ဝေလာဝေး၊ ကိုအောင်ကျော်မိုး သူတို့ဘာသာ စကားနှင့်ပြောမှ အသံထွက်လာသည်၊ တိုတို ပြတ်ပြတ် မပြောချင် ပြောချင်၊ မဖြေချင့် ဖြေချင်။

စိမ်ပြတ်တိုတောင်း မနွေးထွေးသော ဝန်ဆောင်မှုဖြင့်ပင် ထိုညတစ်ည ကုန်ဆုံးရ၏။

**ဝန်းတိုင်းမွေးစေ ကမ္ဘာမြေ**

နောက်နေ့(၉. ၁၁. ၂၀၁၂) ရက်နေ့ နံနက်ခင်း လန်းဆန်းသစ်လွင်စွာ ရောက်ရှိလာသည်။ ဤဒေသတွင် ရောက်နှင့်နေသော မိတ်ဆွေဟောင်းကြီးနှင့် ဖြိုးမောက်သာ (၁) လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံကြသည့် ပွဲကားမမေ့နိုင်စရာပါပေ၊ စကားလက်ဆုံပြော၍ မကုန်နိုင်ကြ။

"ဆရာကြီး ဒေါ်ခင်ဆွေဦး (မေဦး) ဆီ ဘာမှာဦးမလဲ"

"ကျွန်တော်နဲ့ မမဦးက ဖုန်းအဆက်အသွယ်ရှိပါတယ်"

မနေ့က သူတစ်ပါးမြေပေါ်မှာ အလိုမကျမှုတွေ တင်းကျမ်းပြည့်နေသော ကျွန်မစိတ်တွေလည်း မိမိလေးစားညွတ်ကိုင်းရာ မိတ်ဆွေကြီးကို မြင်တော့ လျှောကျကုန်တော့သည်။ စိတ်ဆိုသည့် အရာကား ဆန်းကြယ်ပေစွတကား။

နေမရင့်မီ ကားပေါ်တက်ပြီး ခရီးဆက်ကြရသည်။ လယ်ကွင်းပြင်ပေါ်တွင် မြို့တည်ထားသော ဂျန်းဖုန်းမြို့ကို ဖြတ်သွားရသည်၊ ကုန်ကား ၂၂ ဘီးကားကြီးတွေဖြတ်သွားတာမကြာခဏ တွေ့ရ၏။ ဓာတ်မြေဩဇာ၊ ကဏန်း၊ ငါးရှဉ့်များဖြစ်နိုင်သည်ဟု ခန့်မှန်းရ၏။ ဂျန်းဖုန်းမြို့ ဖြတ်လမ်းတစ်လျှောက် ကြံခင်းများကို တွေ့ရသည်။ သူတို့မြေ အဆုံးလိုင်းရင်းသို့ ရောက်သောအခါ နံနက် ၁၁ နာရီ ထိုးရန် ၁၅ မိနစ်အလိုတွင် ဖြစ်သည်၊ ကျွန်မတို့ မြန်မာ့မြေထဲ ပြန်ဝင်ခဲ့ကြသည်။ ထိုမြို့သည် လွယ်ဂျယ်မြို့ဖြစ်သည်။

တချင်၊ ရှမ်း၊ တရုတ်လူမျိုးတို့ နေထိုင်ကြသော်လည်း မြန်မာစကားကို ပြောဆိုဆုံးမ သုံးနှုန်းရသော နေရာ ဖြစ်သည်၊ ကျွန်မတို့ ဒီမှာ ခဏနား၊ ထမင်းစားမည်၊ ကားပြောင်းစီးမည်၊ ပြီးတော့ ဗန်းမော်အထိခရီးနှင်ကြမည်။ လွယ်ဂျယ်ဈေးက ခပ်သေ့သေ့ပင်။ မျက်နှာများကလည်း နယ်စပ်ဒေသတွေမှာ မြင်တွေ့နေကျ အရိုးခံကျေးလက်ဆန်ဆန် မျက်နှာများ။ မနေ့က သူတစ်ပါးမြေမှာ ခံစားရသော စိတ်ဖိစီးမှုများ မရှိတော့။

ထိုနေ့ နံနက်စာကို လွယ်ဂျယ်ဈေးအနီး လွယ်ဂျယ်ဦးစတိုးဆိုင်မှ ကိုကျော်ဇေယျ+မအယ်ထွေးတို့က ကျွေးမွေးသည်။ စာချစ်သူ လူဝင်မှုကြီးကြပ်ရေး အရာရှိ တစ်ယောက်နှင့် မိတ်ဆွေဖြစ်ရ၏။

မွန်းလွဲ ၁၂ နာရီခွဲခန့် ကိုအောင်ကျော်မိုး စီစဉ်ထားသော နောက်ကားတစ်စီးပေါ်တက်ရပြန်သည်။ လွယ်ဂျယ်ဗန်းမော် မိုင် ၆၀ ခရီး၊ မိုးမောက်၊ မန်းမောကို ၉ မိုင်တဲ့ ကျွန်မတို့ကား တောအစိမ်းတောင်အစိမ်းတွေဆီတိုးဝင်ခဲ့ပြန်သည်။ မြေလိမ်မြွေကောက်တောင်ဆင်းတောင်တက် တွေများလာသည်။ လမ်းကတော့ ဖြူးလို့ပင်။

"ဒါ တရုတ်ဘက်က လာဖောက်ထားတဲ့လမ်း၊ ကျောက်တုံးကလေးတွေကို စေ့နေအောင် ရိုက်သွင်းပြီး ခင်းထားတာကြည့်ပါလား။ အရင်ကဆို သူတို့က ဝန်ထမ်းတွေခန့်ပြီးလမ်းကို အမြဲပြုပြင်ထုထောင်းနေတာ၊ အခု ဒုန်းဒုန်းဒိုင်းဒိုင်း ဖြစ်လာတော့ ပြေးကုန်ပြီ ဒီအတိုင်းပစ်ထားရင်တော့ လမ်းတွေ မကြာခင် ပြန်ပျက်လိမ့်မယ်"

ကားဒရိုင်ဘာကားပေါ့သေးသေးမဟုတ်၊ ကျွန်မတို့ဧည့်သည်တွေ မှန်းသိသဖြင့် ဒေသဝန်းကျင်ဗဟုသုတတွေ ဖြန့်ဖြူးနေခြင်းပါ။ ဒီဘက်




Asian Family Media Group

က ပစ္စည်းတွေ ဒလဟောစီးဝင်နိုင်ဖို့ လမ်းပင် ခဖောက်ပေးသော ကျေးဇူးရှင်များပါပေ။ ထုံးဆန်းသည်မှာ ကားအတက်အဆင်း များများ မတွေ့ရ၊ ကျွန်မတို့ ကားတစ်စီးတည်းသာ ပျင်းရိခြောက်သွေ့စွာကွေ့ ကောက်တက်ဆင်းနေသည်။

"ဟော ရောက်ပါပြီဗျာ နာမည်ကျော် စိန်လုံကဘား"

ကားသည် ဂိျခနဲရပ်သွားသည်။ လမ်းဘေးတွင် ရွာအမည်အထိမ်းအမှတ် ကျောက်တိုင် တစ်ခု။ ကျောက်တိုင်နောက်မှာ ရေးထားသည်က "ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲခြေမှုန်း. . . "တဲ့။

"ဒီနေရာ KIA လက်က တပ်မတော် ပြန်သိမ်းထားတာ မကြာသေးဘူး။ ဟိုအချိန်ကဆို ဒီလမ်းဘယ်သွားရဲပါ့မလဲ၊ အခုတော့ . . . ."

ကျွန်မတို့ကား မြေပုံထဲတွင် စိန်လုံကဘားဟု ရေးထားသော ထိုစိန်လုံရွာမှ မခွာနိုင်ကြ။ ကျောက်စာတိုင်မှတ်တမ်းအရ အိမ်ခြေ ၂၆ ဟုဖော်ပြထားရာ ယခု တစ်အိမ်မှာမှ လူမရှိတော့၊ အဆောက်အဦတွေမှာ ဒီအတိုင်းဟောင်းလောင်း၊ လူသံသူသံ မကြားရ၊ စစ်ယမ်းဘီလူးငွေ့တွေကြားမှ လူတွေ ထွက်ပြေးစွန့်စားခွာသွားတာ ဘယ်လောက်ကြာလေပြီလဲ၊ ချိုင့်ဝှမ်းအနိမ့်တွေဆီ ဆင်းရာလမ်းသည် လမ်းဟုပင် မပီပြင်တော့။


"ဆရာမတို့ ခြံ့တော မတိုးကြပါနဲ့၊ အန္တရာယ်ရှိတယ်၊ ဗုံးလက်ကျန်တွေရှိနိုင်တယ်၊ ခရီးကလည်း အဝေးကြီးကျန်သေးတယ်။ သွားကြရအောင်"

ဒရိုက်ဘာကြီးနိုးဆော်သံကား အချည်းအနှီးပင်။ ဆရာမ ရွှေကူမေနှင်းသည် ခြေသွက်သလို လက်လည်းသွက်လှ၏။ တင်မရာမီးတွေ တဖျပ်ဖျပ်၊ နှုတ်ကလည်း . . .

ကြည့် စမ်းပါဦးဟယ် . . . ကြည့်စမ်းပါဦးဟယ် . . . နှင့် တဖျစ်တောက်တောက်။

ဆရာမ ဒေဝီသန့်စင်ကား ကမ်းပါးစွန်းမှာ ရပ်လျက် တောအစိမ်း တောင်အစိမ်းတွေဆီ ငေးကြည့်နေသည်၊ ရေမြေ တောတောင်၏ စိမ်းစိုသစ်လွင်မှုမှာ ငြိမ်းချမ်းရေးဝတ်စုံမလွှမ်းခြုံနိုင်သေးသဖြင့် မြင်မြင်လေရာ ခြောက်သွေ့ ကွဲရှနေမှု အပေါ် ယူကျုံးမရ မျက်ဝန်းများနှင့်။

အဝေးတစ်နေရာ လူနေအိမ်ခြေများအပေါ် တောင်ကုန်းကမူကလေး၌ အထီးတည်းကျန်နေသော ခရစ်ယာန်ဘုရားကျောင်းကလေးက တိမ်ဆုပ်ဖြူဖြူများအောက်မှာ မလှုပ်မရှက်။ အမိုးအကာများပျက်ယွင်းအုတ်တိုင်တွေချည်းသာ ကျန်တော့သော အထက်တန်းကျောင်းဟောင်းမြင်ကွင်းက အတိတ်သမိုင်းတစ်ပိုင်းတစ်စကို လှစ်ပနေ



သယောင်။

"ဟိုဆရာ ဆရာဇန်းမော်ညိုနဲ့ဟာ ၁၉၄၉ - ၁၉၅၀ လောက်က စိန်လုံမှာ အထက်တန်းပြဆရာ လုပ်ခဲ့တာပေါ့။ အနီးဝန်းကျင်က ပိုက်ဆံရှိ သားသမီးတွေလည်း ဒီကျောင်းကြီးမှာ. . ."

မမနှင်းအသံကပင် တဆွေးမြေ့မြေ့၊ ဒါဆိုလျှင် ဒီနေရာဟာ တစ်ချိန်က ကြီးကျယ်ခမ်းနား စည်ပင်ခဲ့ရာ နေရာတစ်ခုပေါ့။ ဖြစ်တည်ဖို့ ခက်ခဲသလောက် ပျက်သုဉ်းဖို့လွယ်ကူသော လောကဓမ္မတရားသည် စိန်လုံမြို့ကလေးပေါ်မှာ အုပ်ဆိုင်းမှိုင်းတွဲ့နေသည်မှာ နှစ်တွေမနည်းလှပါလား။ ကျွန်မ အတွေးထဲမှာ လွမ်းဆွတ်ကြေကွဲခြင်း ဒိုင်ယာရီစာမျက်နှာများ တဖျပ်ဖျပ် လွင့်လာပြန်သည်။

"အမြင်ကျဉ်းသည့် လူမျိုးငယ်ဝါဒနှင့် အပေါ်စီးက နေလိုသည့် လူမျိုးကြီး ဝါဒတို့ကြား အားပြိုင်နေခြင်းဖြင့် စစ်မှန်သော ပြည်ထောင်စုနိုင်ငံသို့ လျှောက်လှမ်းနိုင်မည် မဟုတ်ချေ"တဲ့။ ဒေါက်တာ မြင့်သိန်း(သမိုင်း)သုတေသန၏ သတိပေးစာတန်းကလေးက ကျွန်မတို့ မေ့လျော့နေသည်များကို တပ်လှန့်ပေးလိုက်၏။

"ဟောသည်မှာလည်း သမ္မာကျမ်းစာ အဆုံးအမ တစ်ခုချိတ်ဆွဲထားသည်ပါလား"

"အပြစ်မှ နောင်တရပြီး ခရစ်တော်ကို ယုံကြည်လက်ခံပါ. . . တဲ့"

ကျွန်မအနေနှင့်မူ ငြိမ်းချမ်းရေးကို ဖျက်ဆီးသူများအားလုံး ထိုအပြစ်မှ နောင်တရစေချင်လှ၏၊ ဖေးအတူပူအမျှ ချစ်ခင်စွာ ဆွေးနွေးညှိနှိုင်းစေချင်လှ၏။ တိုင်းရင်းသားများအရေးသည် မြန်မာ့အရေးပင်ဖြစ်သည်။ ရခိုင်အရေးမို့၊ ရှမ်းအရေးမို့၊ ကချင်ရေးမို့ မျက်နှာလွှဲထား၍ ရသည်မဟုတ်။ ဆွေးနွေးညှိနှိုင်း အဖြေရှာမှုအောက်မှာ ရလဒ်ကောင်းများကို ဖော်ဆောင်တည်ဆောက်ကြရမည်၊

တစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သော တစ်နေ့ကျရင် တိုင်းရင်းသားတွေ ခွဲမထွက်ချင်အောင် အစဉ်အမြဲ အတူတကွ ပူးပေါင်းနေထိုင်ချင်အောင် ငါတို့က လုပ်ဆောင်ပေးရမယ်ဆိုသော စကားသည် တောတောင်များ လျှိုမြောင်များကို ဖြတ်၍ အာရုံထဲဝင်လာသည်။

တွဲလက်ယှဉ်မလေ မခွဲတစ်သက်အစဉ်ပေတဲ့. . . နားယဉ်နေသောသီချင်းစာသား အပိုင်းအစတစ်ခု

တွဲသောလက်များ စေးပိုင်ခွေးထွေးမြဲမြံဖို့ လိုသည် မဟုတ်ပါလား။ ဆရာဇန်းမော်ညိုနဲ့ ဇာတိမြေသို့ သွားရာလမ်းခရီးပေဖို့ ဆရာ၏ ငြိမ်းချမ်းရေး' ကဗျာနှင့်ပင် ဆရာနှင့် ထပ်တူဆုတောင်းမိရပေသည်။

*ဤကမ္ဘာတွင်*
*မေတ္တာထုံးရစ်၊ လူချင်း ချစ်သည်*
*စစ်နှင့်ဝေးကြပါစေသတည်း၊*
*ကိုယ်နှင့် နှိုင်းကာ၊ ကိုယ်ချင်းစာလျက်*
*ကရုဏာစမ်း၊ သွင်သွင်ဖျန်းသည် ပန်းတိုင်မွေးကြပါစေသတည်း။*

စိန်လုံတောင်မှပန်းတိုင်မွေးစေချင်သော ဆန္ဒမွန်ဖြင့်

**မီချမ်းဝေ**



# လွန်းမောင်မောင် အချစ်ရှိတယ်

ရည်ညွှန့်မိုးသိ

Asian Frame Media Group
MEDIA GROUP



**ဖျတ်ခနဲ** ဖိပ်ရာကနိုးလာတာနဲ့ ကျွန်မမျက်လုံးတွေက ခုတင်ဘေးမှ စားပွဲပေါ်တွင် တင်ထားသောနာရီလေးဆီသို့ အကြည့်ရောက်သွားတယ်။ နံနက် ၆ နာရီ၊ အင်းကျောက်ပုံမတော့ ထပြီ။ ကွေးထားသော ဒူးနှစ်ဖက်ကိုအသာဆန့်ထုတ်ပြီးနောက် ဘစ်ဖက်သို့ လှည့်လိုက်တယ်၊ အရသာရှိလိုက်တာ စိမ့်ခနဲ တစ်ချက်အေးသွားတာမို့ လေးလံတဲ့ စောင်ပုံကြီးကို ခေါင်းအထက်သို့ ရောက်အောင် ဆွဲတင်လိုက်တယ်။ နောက်စက္ကန့်အနည်းငယ်အတွင်းမှာ အသိစိတ်တို့ အဝေးကိုပြေးထွက်သွားပြန်တယ်။

"မမ. . . မမ ၇ နာရီခွဲသွားပြီနော်"


အသံ၊ ကျောက်ပုံမအသံ . . . အိပ်မက်လား. . . ။

"မမ. . . မမ"

"ဩော် အေး အေး၊ ထပြီ ထပြီ၊ ထမင်းအိုးကျက်ပြီလား၊ ကျက်ရင် ဆိုင်ဖွင့်လိုက်တော့"

ကျောက်ပုံမဆိုင်ဖွင့်ပြီး ဈေးခင်းသည်နှင့် ကျွန်မရဲ့မနက်ပိုင်းကိစ္စဝိစ္စများကို ပြေးပြေးလွှားလွှားလုပ်ရတော့တယ်။ မုန့်ရှေ့ရောက်ရင်တော့ နည်းနည်းအချိန်ပေးရတယ်။ ခါတိုင်းဆိုရင်တော့ ၅ မိနစ်အတွင်းပြီးတယ်။ ၃ အသက် ၃၀ နောက်

ပိုင်း ဒီကုန်စုံဆိုင်လေးဖွင့်ပြီးမှပေါ့ အနည်းဆုံး ၁၀ မိနစ်လောက်မှ ပြီးတော့တယ်။ အဲဒီအလှပြင်ခြင်းဆိုတာ ကျွန်မအတွက် လိုကိုမလိုခဲ့တာ။ ဟိုတုန်းက အသက်ကလည်းငယ်၊ အလှအပကိုလည်း မခုံမင်တော့ သနပ်ခါးကြမ်းတောင် တစ်ခါတစ်ရံမှ လိမ်းတယ်။ မိတ်ကပ်ဆိုတာ မင်္ဂလာဆောင်လေး၊ အလှူအတန်းလေးရှိမှ။ ခုများတော့ အို... ကြည့်စမ်း... ကြည့်စမ်း။ အစင်းရာလေးတွေ ပေါ်လာပါပေါ့လား။ မှန်ထဲမှာမြင်ရတဲ့ ကျွန်မမျက်နှာကို လက်ချောင်းထိပ်ဖျားလေးများနဲ့ အသာအယာတို့ထိမိလိုက်တယ်။ မျက်လုံးအောက်နားနဲ့ ဘေးတစ်ဝိုက်မှာ အရေးအကြောင်းလေးတွေ မသိမသာပေါ်လာပြီ၊ ပါးအို့တွေက



လည်း ဖောင်းတောင်းတောင်း ပွတတလေး ဖြစ်လာပြီ။

"...."

ရုတ်တရက် အသံတစ်ခုကြားလိုက်လို့ ကျွန်မအတွေးစများ ရပ်တန့်သွားတယ်။

"ဆေးလိပ်... ရှဘီ"

"ဪ... အေး၊ ဘယ်လောက်ဖိုးလဲ"

"၁၀၀ ဖိုး"

ကြည့်စမ်း...။ ဆယ်ကျော်သက်အရွယ်၊ ဖွေးဖွေးသန့်သန့်လေး၊ နဖူးပေါ်မှာ ဆံစလေးများဝဲလို့ အလွန်ဆုံးရှိလှ ဆယ့်ငါး၊ ဆယ့်ခြောက်ပေါ့။ ဒီအရွယ်လေးတွေကို ဖြစ်နိုင်ရင် ကျွန်မ ဆေးလိပ်မရောင်းချင်ပါ။

"၁၀၀ ဖိုး သုံးလိပ် မဟုတ်ဘူးလား"

"မရတော့ဘူး မောင်လေးရဲ့၊ ဈေးတက်တာ ကြာပြီလေ"

တောင်ဘက်နဲ့မြောက်ဘက် စတိုးဆိုင်ကြီး နှစ်ဆိုင်ကြားမှာ လာဖွင့်ထားရတဲ့ ကိုယ့်ဆိုင်က ခပ်သေးသေးဆိုတော့ ဘာပစ္စည်းပဲဖြစ်ဖြစ် အမြတ်နည်းနည်းပဲ တင်ထားခဲ့တာ။ ခုဆေးလိပ်ဈေးတွေ တက်လာတဲ့နောက်ပိုင်း ၁၀၀ ဖိုး သုံးလိပ် ဘယ်လိုမှ မရောင်းနိုင်တော့။

"ဪ... ဟုတ်လား။ ဟိုညီမလေးရော အန်တီ၊ ကျွန်တော်သူ့ဆီမှာ ၁၀၀ ဖိုး သုံးလိပ်ဝယ်နေကျ အန်တီရဲ့"

"အန်တီ..."

ဖြုန်းဆို ပူနွေးလာတဲ့ ကျွန်မရဲ့ သွေးများ ရုတ်တရက်ပြန်၍ အေးသွားတယ်၊ အန်တီ... အန်တီတဲ့။ အင်း... ဟုတ်တာပေါ့နော်။ ကျွန်မအသက် ၃၅-၃၆၊ အလှကုန်မှန်ကောင်တာ ဒုတိယထပ်က ကြည့်မှန်ချပ်လေးဆီသို့ အကြည့်ရောက်သွားတယ်။ အိုး... ခေါင်းက ဆံကုပ်ကြီး မဖြုတ်ရသေးပါလား။ မနက်ကတည်းက ဟိုဟာလုပ်၊ ဒီဟာလုပ်နဲ့ ဆံပင်တွေ စုသိမ်း ထားတဲ့ ဆံညှပ်တောင်ဖြုတ်ချဖို့ မေ့နေတယ်။ အင်း... မရတော့ဘူး၊ မရတော့ဘူးထင်ပါရဲ့။ ပခုံးပေါ်ကျလာတဲ့ ဆံပင်တွေကို ဘီးကုပ် ကလေးနဲ့ အသာအယာပြီးသင်ရင်း အသံတိတ် ရေရွတ်နေမိတယ်၊

အလှအပကို စိတ်ဝင်စားလာတဲ့အချိန် အိမ်ထောင်ရေးကို တွေးလာမိတဲ့အချိန်မှာ ကျွန်မအသက်က ၃၅ တဲ့။ ဆယ်ကျော်သက်အရွယ်က လှိုင်းကောက်လေးတွေပါလို့ စိတ်တိုင်းမကျစွာနဲ့ အတိုလေးပဲ ထားခဲ့တာ။ ခု ဆံပင်တွေဖြောင့်လို့ရလာတဲ့အချိန်မှာ ကျွန်မအသက်က ၃၅ တဲ့၊ ရုပ်ကွက်အသစ်မှာ စိတ်အသစ်နဲ့ နေတော့မယ်ဆိုကာမှ ကျွန်မအသက်က ၃၅ နှစ်တဲ့။ သွားကြ... သွားကြစမ်း...။ စိတ်ထဲကနေ ဘာကိုမှန်းမသိ မောင်းထုတ်မိနေတဲ့အချိန်မှာ ဘရင်း... ဘရင်းနဲ့ ဆိုင်ကယ်လီဗာသံခပ်ပြင်းပြင်းက ကျွန်မဆိုင်ရှေ့သို့ ပြေးဝင်လာခဲ့တယ်။

"ဟော့... သူငယ်ချင်း"

မြတ်စွာဘုရား... ယောက်ျားစီး DT ဆိုင်ကယ်နောက်မှ ကားယားခွ၍ပါလာခဲ့သည်က ကျွန်မသူငယ်ချင်းရွာက မော်တော်ပိုင်။ မှန်း... ရှေ့က သူ့ယောကျ်ားလား... မဟုတ်ဘူး။ ဒါ သူ့ယောကျ်ားရဲ့ညီ၊ အလို... ငါ့သူငယ်ချင်းက ဂျင်း

**မျက်လုံးအောက်နားနဲ့ ဘေးတစ်ဝိုက်မှာ အရေးအကြောင်းလေးတွေ မသိမသာပေါ်လာပြီ ပါးအို့တွေကလည်း ဖောင်းတောင်းတောင်း ပွတတလေးဖြစ်လာပြီ**

ဘောင်းဘီရှည်အကျပ်ကြီး ဝတ်လို့ပါလား။ ကြည့်စမ်း... အဲဒါ ကလေးနှစ်ယောက်အမေတဲ့။ ၁၂ နှစ်နဲ့ ၁၀ နှစ်အရွယ်အမေတဲ့၊ အပေါ်က တီရှပ်၊ အောက်က ဂျင်းဘောင်းဘီရှည်ဝတ်ထားပြီး ဆံပင်ရှည်ရှည်ကို ဖားလျားချလာတယ်၊

"အားကျလိုက်တာ သူငယ်ချင်းရာ... အပျိုလေးကျနေတာပဲ"

"အားမကျနဲ့ သူငယ်ချင်း၊ ငါ့ရဲ့အမောတွေ နင့်ကိုပြောပြရဦးမယ်၊ ဪ... မောင်ထွေး၊ နောက် ၁ နာရီကျော်မှ ငါ့ကိုလာကြို၊ သွားတော့... နင့်အစ်ကိုကို ပြောထားလိုက်၊ ငါ မိထွေးဆီမှာ ရှိတယ်လို့"

ဖြောင့်စင်းစင်း ဆံပင်ရှည်တွေကို ဝဲနေအောင်ခါလိုက်ရင်း သူမတ်

Asian Fame Media Group



ကို လှည့်ပြောလိုက်တယ်။ "ဒီအပတ် ငါ့မော်တော် မန္တလေးမှာ လွန်းတင်မှာလေ (၁) လလောက်တော့ ကြာမယ်၊ မပြောချင်ဘူး၊ တကယ်တော့ အနည်းဆုံး ၃ ပတ်လောက်တော့ ပြေးလို့ရသေးတယ်။" ဟိုကိုယ်တော် ချောကြောင့်ပေါ့ သူငယ်ချင်းရယ်၊ နင်ပဲ စဉ်းစားကြည့်၊ ကြိုက်စရာရှားလို့အေး၊ ငါက သနားလို့ ငါ့မော်တော်ပေါ်မှာ မုန့်လေးပဲရေး၊ ကွမ်းယာလေးရောင်းပါစေလို့ ခေါ်တင်ထားတဲ့ မိခင်မဲ့နဲ့တဲ့လေး၊ ငါ ဒီကောင် အလိုလိုက်တဲ့ကြားက"

"ဟဲ့ ဘယ်သူလဲ နင့်ယောကျ်ား လား"

"ဘယ်ကလာ . . . မောင်ထွေးလေ၊ မောင်ထွေးပေါ့ . . . ငါ့ယောကျ်ားများ ငါသေဆိုသေပဲ"

ဟုတ်ပ . . .။ သူ့ယောကျ်ားကို မော်ကတော့ 'ကိုမော်' လို့ တစ်ခွန်းအော်လိုက်ရင် ပြတ်ပြီ။ အလုပ်ကလည်း ဘာလုပ်သလဲမမေးနဲ့။ မော်တော်သမားတွေနဲ့ နင်လားငါလားပဲ။ အေးကလည်း အလွန်အေး။

"ခု . . . သူတို့နှစ်ယောက်ကို ဒီမှာ စာမေးပွဲဖြေခိုင်းမလို့လေ၊ တရားဝင်လိုင်စင်ရအောင်လို့ နှစ်ယောက်စလုံးတစ်ယောက်က ဆလင်၊ တစ်ယောက်က စက်ခန်းဝင်နေပေမယ့် လိုင်စင်မရှိသေးဘူးလေ၊ ခု . . . နင့်ဆီကို သွားတိုက်ဆေး၊ ဆပ်ပြာလေးကအစ လိုအပ်တာတွေ လာဝယ်တာ၊ သူတို့ စာမေးပွဲဖြေတုန်းမှာ မော်တော်ကို လွန်းတင်လိုက်တာလေ၊ နောက်တစ်ခါ မော်တော်ပြန်ထွက်ရင်တော့ ဟိုကောင်မကို မတင်တော့ဘူး"

တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်ရော။ စကားတပြောပြောနဲ့ လိုအပ်တာတွေ ဗီရိုထဲက ဆွဲချနေသော သူငယ်ချင်းမအေးကြည့်ရင်း ကျွန်မစိတ်ထဲ သံသယတွေ ဝင်လာရတယ်။ ဒီကောင်လေးနဲ့ ပတ်သက်ပြီး ကြားရတာ တစ်ကြိမ်နှစ်ကြိမ်မကတော့ဘူး။ ဒီလိုပဲ လိုက်လိုက်ခဲ့နေတာ။ အစ်မတစ်ယောက်က မေတ္တာတစ်ယောက်အပေါ် ချပ်ချယ်တာနဲ့တောင် မတူတော့ဘူး။

"ဪ . . . ဟော့ . . . နင့်ယုထွေးအကြောင်းကော ကြားပြီးပြီလား၊ သူ အခု နောက်ယောကျ်ားယူလိုက်ပြီလေ၊ အဲဒီနားက မုဆိုးဖိုတစ်ယောက်နဲ့တဲ့။ ရွာကိုတောင် တစ်ခေါက်ပြန်လာသေးတယ်တဲ့။ မြုံးချိုပြောတာပဲ၊ ငါနဲ့တော့ မတွေ့လိုက်ဘူး"

"ဟုတ်လား . . . ယုထွေးတို့ကတော့ လုပ်လိုက်ပြန်ပြီ၊ ဒါထက် အရင်ယောကျ်ားနဲ့ ကလေးတစ်ယောက် ရလိုက်သေးတယ်မဟုတ်လား။ အဲဒီကောင်နဲ့ရတော့ မန္တလေးကို လာသွားသေးတယ်"

"ရတယ်လေ၊ မိန်းကလေး၊ သူဖွင့်ထားတာကအရက်ဆိုင်၊ ပြီးတော့ အဝေးပြေးကားလမ်းမှာ၊ ရွာနဲ့ကလည်း တော်တော်ဝေးသေးတယ်တဲ့၊ ဘာတွေကြားရဦးမယ် မသိဘူး"

"အေးဟယ် . . . စိတ်ညစ်ပါတယ်"

ယုထွေးအကြောင်း ကြားရတာလည်း မသက်သာ။


ယုယုထွေး၊ မြုံးချို၊ 'နိုင်' ဆိုတဲ့ မိမိနိုင်နဲ့ ကျွန်မ၊ သည်လေးယောက်က သူငယ်တန်းကစပြီး ၈ တန်းအထိ ရွာမှာ လည်ပင်းဖက်ပေါင်းလာကြသည့် သူငယ်ချင်းလေးယောက်။ ကျွန်မက ၈ တန်းကျပြီး မြို့မှာ ကျောင်းလာထားသည့် မောင်လေးနောက် အစောင့်အရှောက်လိုက်ခဲ့ရပြီး သူတို့သုံးယောက်က ဆယ်တန်းအထိ ဆက်တက်ခဲ့ကြတယ်။ မြုံးချိုတစ်ယောက်ပဲ ဘွဲ့ရပြီး မိမိနိုင်က မော်တော်ပိုင်၊ တစ်ဦးတည်းသော သမီးမို့ ဆယ်တန်းကျပြီး မော်တော်သားတစ်ယောက်နဲ့ရကာ မြစ်ပြင်ပေါ်မှာ လူးလာခေါက်ပြန်။ ယုယုထွေးကတော့ အိမ်က သဘောမတူတဲ့ အောက်သားတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးပြီး 'ဇါးအိုး' နဲ့ 'အင်းရွာ' ကြားက အဝေးပြေးလမ်းမတစ်နေရာမှာ အရက်ဆိုင်လေးဖွင့်နေကြသည်တဲ့၊ အမျိုးဝင်က ဆောအုပ်ကြီးသမီးဆိုတော့ ခြေမွေးလက်မွေး မီးမလောင်နေခဲ့ရပြီး အိမ်က သဘောမတူတဲ့ အောက်သားနဲ့ရမှ တောထဲမှာ ဒုက္ခဆင်းရဲရောက်ရရှာတယ်၊ ဒါပေမဲ့ ကောင်မက အပြုံးမပျက်ဘဲ သူ့လင်နဲ့ပျော်နေလိုက်တာ၊ ရွာကိုတောင် မကြာခဏ ပြန်လာသေးတယ်။ မြုံးချိုကတော့ ဘွဲ့ရတစ်ယောက်ဖြစ်ပေမယ့် ကိုယ့်ရွာသားနဲ့ပဲ ပြန်ညားပြီး ရွာမှာပင် လက်ဖက်ရည်ဆိုင်ဖွင့်ပြီး အဆင်ပြေကြတယ်။ သူတို့အကြောင်းတွေကို ရွာနဲ့မန္တလေးပြေးနေတဲ့ မော်တော်ပိုင် မိမိနိုင်ဆီကတစ်ဆင့် ပြန်ကြားရတယ်။ သိပ်မကြာခင်ကမှ ယုထွေးယောကျ်ားအောက်သား အထက်အညာမှာ ငှက်ဖျားပိုးဦးနှောက်ထဲဝင်ပြီး ဆုံးသွားတာ ကြားလိုက်ရသေးတယ်။ ခု နောက်ယောကျ်ား တစ်ယောက် ရသွားပြီတဲ့။ အင်း . . . အရက်ဆိုင်ဆိုတော့လည်း။

"မိထူး . . . ဘယ်လိုလဲ၊ နင်ကော . . ၊ ခုနောက်ပိုင်း တစ်ချိန်က နင့်ကိုကြီးနဲ့ တွေ့သေးလား"

ရုတ်တရက် မြွားဦးက ကျွန်မရင်ဝကို ပစ်ချလာတယ်။ မျက်ခနဲဖြစ်သွားပေမယ့် မျက်နှာကို ဆတ်ခနဲမော့ပြီး လေသံထဲမှာ အပြုံးရိပ်ကို ထည့်လိုက်တယ်။

"အဟင်းဟင်း . . . တွေ့သားပဲ၊ သူတို့သကြားဒိုင်က ငါ့ဆိုင်ရှေ့က ဖြတ်သွားရတာလေ၊ တစ်ခါတလေတောင် ဆေးလိပ်ဝင်ဝယ်သောက်တတ်သေးတယ်"

Asian Fame Media Group



"တကယ်. . .၊ အဲဒါ နင် ဘယ်လိုမှ မခံစားရဘူးလား"

အမယ်လေး မိမိနိုင်ဖြစ်ပျက် သွားပုံက. . .။

"မခံစားရပါဘူး၊ အဲဒါတွေဟာ တကယ်တော့ အချစ်မှမဟုတ်တာ၊ ဆယ်ကျော်သက်အရွယ်က စိတ်လှုပ်ရှားမှုတစ်ခုပဲ"

ဟုတ်တယ်. . .၊ အဲဒါ စိတ်လှုပ်ရှားမှုတစ်ခုပဲ။ သူ့ရဲ့နှုတ်က စကားလေးတစ်ခွန်းကို မသဲမကွဲ ကြားမိရုံနဲ့ စိတ်တွေလှုပ်ရှားခဲ့ရတာလေ။

◆

အဲဒီလူက အဲဒီတုန်းက အသက် ၃၀ ကျော်နီးနီး။ တွေ့ကြတာက မရမ်းခြံဆိပ်ကမ်းမှာ။ ကျွန်မက တစ်ပတ်မှာ ၂ ရက်လောက် ဆိပ်ကမ်းကိုဆင်းရတယ်၊ ရွာက ကုန်စုံဆိုင်အတွက် ဈေးပစ္စည်းများဝယ်တင်ပေးရန်အတွက် သူကကျွန်မတို့ ကုန်တင်တဲ့ မော်တော်ပိုင်ရဲ့သူငယ်ချင်း (အဲဒီတုန်းက ရွာနဲ့မန္တလေးကို လိုင်းပြေးတဲ့ မော်တော်က မိမိနိုင် မော်တော်နဲ့ သူ့သူငယ်ချင်းမော်တော် နှစ်စီးပဲရှိသည်) သူ့သူငယ်ချင်းမော်တော် ဆိပ်ကမ်းကပ်ပြီဆို ညနေတိုင်း သူက ဆိပ်ကမ်းဆင်းလေ့ရှိတယ်။ ကျွန်မကလည်း အစုန်မှာ ရွာက အမှာနဲ့ ငွေဆင်းယူ၊ အဆန်အတွက် ကုန်တင်ပေးနဲ့ မကြာခဏ ဆုံနေကျ။ ဒါပေမဲ့ ပထမတော့ ဘယ်လိုမှ မခံစားရပါဘူး။ ကျွန်မက ၈ တန်းတောင်မအောင်ခဲ့တဲ့ ရုပ်ရည်ကလည်း သာမန်ရွက်ကြမ်းရေကျို တောကတက်လာခဲ့တာ မကြာသေးတော့ တောင်ကိုက်ပုံစံနဲ့။ သူကတော့ မြို့ကပွဲစား၊ ဘွဲ့ရ ပညာတတ်တစ်ယောက်ဆိုတော့ ယောင်လို့တောင် စိတ်မကူးခဲ့ပေ။

ဒါပေမဲ့ ညနေခင်းတစ်ခုမှာတော့ ကျွန်မရင်ခုန်သံတွေ ပရမ်းပတာဖြစ်ခဲ့ရပြီး အချစ်လားဆိုတဲ့ မေးခွန်းကို ကျွန်မကိုယ်ကျွန်မ မေးခဲ့ဖူးတယ်။ ထုံးစံအတိုင်း အဲဒီညနေ ရွာကအမှာစာဆင်းယူတဲ့အချိန် မော်တော်နဲ့ဆိပ်ကမ်းကို ပေါင်းကူးထားတဲ့ ကုန်းပေါင်ပေါ်မှာ သူနဲ့ကျွန်မ မျက်နှာချင်းဆိုင်တွေ့ကြတယ်။ ကုန်းပေါင်က အဆင်းတစ်ချပ် အတက်တစ်ချပ်ဆိုတော့ သူက အတက်၊ ကျွန်မက အဆင်း လမ်းခုလတ်မှ ဆုံကြတော့ သူ့နှုတ်က စကားတစ်ခွန်း တိုးတိုးလေးထွက်သွားတယ်။ ဒါပေမဲ့ ကျွန်မနားက တော့ ကျယ်လောင်စွာ ကြားလိုက်ရတယ်။ "ချစ်စရာလေးပါလား" တဲ့။

ကုန်းပေါင်ပေါ်မှာ လျှောက်နေတဲ့ကျွန်မ ရုတ်ခြည်းတိမ်တွေပေါ် ရောက်သွားသလို ခံစားလိုက်ရတယ်။ ဆူညံစွာခုန်လှုပ်နေတဲ့ နှလုံးသွေးတို့ကို ကြိုးစားထိန်းချုပ်ရင်း မော်တော်ပိုင်ဆီမှာ အမှာစာရင်းသွားယူခဲ့တယ်။ နှုတ်ကနေ ပြောဆိုမှာကြားနေတဲ့ မော်တော်ပိုင်ရဲ့ စကားသံတွေလည်း မကြားတစ်ချက် ကြားတစ်ချက်။ အိမ်ပြန်ရောက်တော့ တစ်နေ့မှ တစ်ခါနှစ်ခါသာ ကြည့်ဖြစ်တဲ့မှန်ကို အကြိမ်ကြိမ်ကြည့်နေမိပြန်တယ်။ ဝင်ရော်တောင် မျက်နှံုးမွေးထူထူတစ်စုံက လွဲလို့ ကျွန်မရုပ်က သာမန်မျှသာ။ ဝတ်ပုံစားပုံကြောင့်လား၊ တွေးလိုက်ပြန်တော့ ဘီဘဲလ်လုံချည်ပြောင်ထဘီနဲ့ ရှပ်အကျင်္ကျီစိပ်စိပ်အကျီကို အနည်းငယ်ရှည်လို့ အောက်ခြေကို စုချည်ထားတဲ့ပိုင်းဆိုတော့. . .။

အဲဒီအချိန်အတောအတွင်းမှာ ကျွန်မ တစ်လုံးအပကို စိတ်ဝင်စားခဲ့တယ်။ ပြင်ပြင်ဆင်ဆင် ရှိခဲ့တယ်လို့လည်း ထင်မိတယ်။ မော်တော်ဆိပ်ဆင်းတိုင်း ခေါင်းလျှော်၊ ရေချိုးပြီး သနပ်ခါးလေး ဖွန်ဖွန်လူးခဲ့တယ်။ သူ့နှုတ်က "ချစ်စရာလေး" လို့ ပြောခဲ့တဲ့ အသံလေးကြားယောင်ပြီး

**မခံစားရပါဘူး၊**
**အဲဒါတွေဟာ**
**တကယ်တော့**
**အချစ်မှ**
**မဟုတ်တာ၊**
**ဆယ်ကျော်သက်အရွယ်က**
**စိတ်လှုပ်ရှားမှုတစ်ခုပဲ**

Asian Fame Media Group

ဘီဘဲလ် လုံချည်ရောင်စုံ ဝယ်ဝတ်ခဲ့တယ်။ ရှပ်အကွက်အင်္ကျီ အတိုအရှည်ကိုလည်း ရောင်စုံချုပ်လိုက်တယ်။ အဲဒီတုန်းက ကျွန်မအမြဲဝတ်တတ်ခဲ့တာ ရှပ်အင်္ကျီဂျိုကျစပို့ရှပ်၊ မေးလ်စပို့ရှပ်တို့လောက်သာ ဝတ်တတ်ခဲ့တာ၊ မိန်းမအင်္ကျီတွေ မဝတ်တတ်ပေ။

ဒီလိုနဲ့ တစ်နေ့တော့ တစ်ဆင့်စကားနဲ့ သူ့ဆီက စကားတစ်ခွန်း ကြားရပြန်တယ်။ "မိထူးလေးက ယောကျ်ားစိတ်ပေါက်နေတဲ့ ယောကျ်ားလျာလေးလား" တဲ့။ ကျွန်မကလည်း ရွာကတည်းက မိန်းမအင်္ကျီဆို မဝတ်တတ်ဘူး။ လွတ်လွတ်လပ်လပ် မရှိဘူးထင်လို့။ သူ့ဆီက အဲဒီစကားကြားရပြန်တော့ ကျွန်မ ပါတိတ်ဝမ်းဆက်နှစ်စုံလောက် ပြေးချုပ်လိုက်တယ်။

တစ်နေ့တော့ အဲဒီပါတိတ်ဝမ်းဆက်ဝတ်ပြီး ဒုက္ခရောက်ရတယ်။ သူ့ဆီက "ယောကျ်ားလျာလေးလား" ဆိုတဲ့စကားကြားပြီး ပြေးပြေးလွှားလွှား မိန်းမအင်္ကျီတွေ ချုပ်ဝတ်ပြီး မော်တော်ဆိပ်ကို ဆင်းခဲ့တယ်။ ပါတိတ်ဝမ်းဆက်လေးနဲ့ လိုက်ဖက်အောင်ဆိုပြီး နှစ်လက်မလောက် ဒေါက်ဖိနပ်ကလေးလည်း စီးခဲ့တယ်။ အင်္ကျီက တစ်ခါမှမဝတ်ဖူးတဲ့ အင်္ကျီမျိုး။ ဒေါက်ဖိနပ်ကလည်း စီးနေမကျဆိုတော့ ဆိပ်ကမ်းက အဆင်းမှာ ကျွန်မဘုရားတွေတနေမိ တယ်။ မျက်နှာကလည်း ထူပူပြီး မျက်စိထဲ ဘာမှမမြင်သလိုဘဲ၊ ကမ်း စပ်ကကွမ်းယာဆိုင်၊ လက်ဖက်ရည် ဆိုင်က လူတွေ၊ ဆိပ်ကမ်းအလုပ် သမားတွေအားလုံး ကျွန်မကိုပဲ ဝိုင်းကြည့်နေတယ်လို့ စိတ်ကထင်နေ မိတယ်။ အဲဒီလိုစိတ်ကထင်နေမိရင်း အားတင်းကာ လျှောက်ခဲ့ကာမှ ကုန်းပေါင်နားရောက်ခါနီးမှ ခလုံး လေးတွေနင်းမိပြီး ငုန်းခနဲလဲလိမ့် ဒေါက်ကျွေးပစ်လဲပါတော့တယ်။ ဆိပ်ကမ်းတစ်ခုလုံး မည်းမှောင်သွားတယ်။ တစ်ကိုယ်လုံးလည်း ထူပူသွားခဲ့တယ်။ မျက်ရည်တွေချက်ချင်းစို့ တက်လာပြီး ဟိုနားတစ်ဖက်၊ သည် နားတစ်ဖက် တစ်နေရာစီဖြစ်သွားတဲ့ ဖိနပ် နှစ်ဖက်ကို ကပျာကယာ ကောက်ကိုင်လို့ ကုန်းပေါ်ကို ပြေးတက်လာခဲ့တယ်။ မျက်စိထဲမှာလည်း ဘာဆိုဘာမှ မမြင်တော့။ မော်တော် ပေါ်လည်း မရောက်ခဲ့တော့ဘူး။ အမှာစာနဲ့ငွေလည်း မယူတော့ဘူး။ နောက်နှစ်ပတ်လောက်ထိ မော်တော်ဆိပ်သို့ မဆင်းရဲတော့ပေ။ လူကြုံနဲ့သာ အယူခိုင်းရတော့တယ်။

ဒါပေမဲ့ ကျွန်မရဲ့အိပ်မက်၊ ကျွန်မရဲ့စိတ်ကူး၊ ကျွန်မရဲ့အတွေးများထဲမှာ သူနေရာယူခဲ့တဲ့အချိန်က ဆိပ်ကမ်းမှာ ကျွန်မချော်လဲပြီး နောက်ထပ်လေးငါးလလောက်သာ ကြာခဲ့ပါတယ်။ အဲဒီလေးငါးလ အတွင်းမှာ (မိန်းမအင်္ကျီ နောက်ထပ် မဝတ်မိတော့) ကျွန်မကသာ သူနဲ့ တွေ့တိုင်း ရင်တွေတဆတ်ဆတ်တုန်၊ တိတ်တဆိတ် ခိုးကြည့်ခဲ့ပေမယ့် သူကတော့ ပြုံးရုံသာပြုံးပြီး ကျွန်မကို ကြည့်လာတာကလွဲလို့ စကားတစ်ခွန်းမှ မပြောလာခဲ့ပေ။ အဲဒီလို ကျွန်မရင်တွေ ခုန်၊ နှလုံးတွေတုန်နေမိတာ လေးငါးလလောက်ကြာတော့ သူ့ရဲ့သတင်းတစ်ခုက ဝုန်းခနဲ ကျွန်မရင်တစ်ခုလုံးကို ထုပ်ညှစ်ပစ်လိုက်တယ်။

'လက်ထပ်ပြီးစီးခြင်း' တဲ့။

သူက ကျွန်မမဟုတ်တဲ့ တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်သွားပြီတဲ့။ အဲဒီသတင်းကြားခါစက ကျွန်မ ဝမ်းနည်းပက်လက်ငိုကြွေးမိတယ်။ ကျွန်မရဲ့စိတ်ကူးယဉ်အနာဂတ်တစ်ခုလုံး ပြိုကွဲသွားပြီလို့ ထင်ခဲ့မိတယ်၊ နောက်တော့ သူလက်ထပ်လိုက်တဲ့မိန်းမရဲ့ ဂုဏ်ပုဒ်တွေကြားသိမှ "ကြော်. . . ရှုံးလိုက်တဲ့ငါနှယ်. . ." လို့ ကိုယ့်ကိုယ်ကိုယ် တွေးမိတယ်။ M.B.B.S ဘွဲ့ရ ဆရာဝန်မတစ်ယောက်တဲ့။ အဲဒီဆရာဝန်မက မန္တလေးမြို့ရဲ့ ၈၄ လမ်းမပေါ်မှာ ဟိုတယ်တစ်ခုကို ပိုင်ဆိုင်ထားပါသတဲ့။ တဖြည်းဖြည်းနဲ့ ကျွန်မ ရယ်မောလာနိုင်တယ်။ ရုပ်ရည်က သာမန်မျှနဲ့ ၈ တန်းပင် မအောင်ခဲ့ဘဲ ပွဲစားသူဌေးကို သွားမှန်းခဲ့မိတဲ့ ကိုယ့်ကိုယ်ကိုယ် ဟာသ လုပ်လာနိုင်တယ်။

◆

ခု သူငယ်ချင်းက မေးလာတယ်။ "ပြန်တွေ့တော့ ဘယ်လိုမှ မခံစားရဘူးလား. . ."တဲ့။ ခံစားရအောင်က သူ့မှာ မယားကြီးနဲ့။ ဒုသနသောဆိုတာကို ကျွန်မ စိတ်နဲ့တောင်မပစ်မှားနိုင်ပါ။ ဒါပေမဲ့ ကျွန်မသူငယ်ချင်း သုတကော. . .။ သားကြီး လင်ကြီးရှိတဲ့သူက လူလွတ်တစ်ယောက်ကို ပစ်မှားနေရင်ကော. . .။ အဲသလောက်တော့ ဥပဒေတွေ၊ ပညတ်ချက်တွေကို ကျွန်မ မကျွမ်းပါ။

"ကောင်းပါတယ်၊ အချစ်ဆိုတာ မရှိတော့ နင့်မှာအပူဆိုတာ မရှိတော့ဘူးပေါ့၊ ခု ငါတို့မှာတော့ အဲဒီအချစ်ဆိုတာတွေကြောင့် အမြဲတမ်းပူပန်နေရတယ်"

"ပူပန်နေရတယ်"

ကျွန်မဖျတ်ခနဲ သူငယ်ချင်း မျက်နှာကို ကြည့်လိုက်မိတယ်။ အင်း. . . ပူရအောင်က သူ့ယောကျ်ား 'ကိုမော်' မှာကအေးလိုက်တဲ့ဖြစ်ခြင်း၊ အလုပ်ကလည်း ဘာလုပ်သလဲမမေးနဲ့။ မသိတဲ့လူဆို မော်တော်သားလို့ပဲ ထင်ကြမှာ။ မော်တော်ပိုင်လို့ ထင်စရာကိုမရှိဘူး။ အဲဒါများသူက ဘာကိုပူရတာပါလိမ့်။

"ဟဲ . . . သွားလိုက်ဦးမယ် သူငယ်ချင်း၊ ဟိုမှာ မောင်ထွေးလာပြီ၊ ငါလည်း မန္တလေးမှာ ဒီအခေါက်ကြာဦးမှာပါ။ နောက်ရက်မှ နင့်ဆီလာအိပ်ဦးမယ်၊ ငါတို့သူငယ်ချင်းလေးယောက်ထဲမှာ နင်ပဲ အပူအပင်ကင်းတယ်၊ တစ်ကိုယ်တည်း အေးဆေးပဲ"

'အပူအပင်ကင်းတယ်. . . အေးဆေးပဲ၊ 'အပူအပင်ကင်းတယ် . . . အေးဆေးပဲ' နားထဲမှာ သူငယ်ချင်းရဲ့စကားသံတွေပြည့်ပြီး ကျန်ခဲ့တယ်။ လက်တစ်ဖက်က အထုပ်တွေဆွဲလျက် နောက်လက်တစ်ဖက်က သူ့မတ်ရဲ့ခါးအား လှမ်းဖက်ပြီး ဆိုင်ကယ်ပေါ်သို့ ခွတက်လိုက်သော သူငယ်ချင်းအားကြည့်ပြီး ကျွန်မရဲ့အသိစိတ်တို့ အဝေးကို ပြေးထွက်သွားတယ်၊

သူငယ်ချင်းမရဲ့ ဆိုင်ကယ်ကတော့ အဝေးကိုရောက်ရှိသွားပြီ၊ ကျွန်မနားလည်သောအချစ်နဲ့ သူနားလည်သောအချစ် တူမတူဆိုတာကိုတော့ နောက်တစ်ကြိမ် သူရောက်လာမှ ဆွေးနွေးဖြစ်တော့မယ် ထင်ပါတယ်။

**လွန်းမောင်မောင်**

Asian Fame Media Group

ဝတ္ထုတိုရသ

# ခေတ်...

# တစ်၊ နှစ်၊ သုံး . . .

# မင်္ဂလာ



## ထွန်းတောက်ထွဋ် (သချာ)

**ခေတ် . . . တစ် (၁၉၈၆)**

အပွင့်၊ အခက်၊ အရိုး၊ အသား ပြောင်လက်လက်နဲ့ ထိုင်းနိုင်ငံဖြစ် 'သီရိဒုံ' အစ ငှဝါရောင်ကို ပခုံးတွန့် လက်ဖောင်း၊ ခါးတင်ပုံစံဝမ်းဆက် ချုပ်ဝတ်ထားတဲ့ သတို့သမီးရဲ့ ဦးခေါင်းကဆံထုံးဟာ ထူးဆန်းသလို လို ထင်ရပါတယ်၊ ဆံပင်ရှေ့နောက် ဘယ်ညာတွေကို ခပ်ဖောင်းဖောင်း ပုံစံဖြစ်အောင် အပြောင်သိမ်းလိုက်ပြီး ငယ်ထိပ် နောက်နားလောက်မှာ မုန့်စိမ်းပေါင်းသဏ္ဌာန်ဆံထုံးပုံပုံ ထုံးဖွဲ့ထားခြင်းဟာ ခုအချိန်မှာ ခေတ်စားလာတဲ့ 'ဂျပန်ဆံထုံး' ဆို တာ လူတိုင်းသိကြပါတယ်။ ပိုပြီး သေချာစေတာကတော့ ဆံထုံးမှာ အရိုးခပ်ရှည်ရှည်ထုတ်ပြီး စိုက်ထားတဲ့ 'လှုပ်တုပ်၊ လှုပ်တုပ်' စိန်ဆံထိုး တစ်ခု ကြောင့်ပါပဲ။ ပခုံးပေါ်မှာ ပန်းပွင့်ပုံဖော်ပြီး နောက်ကြောဘက်ကို ခပ်ရှည်ရှည်ချထားတဲ့ ဇာပဝါ တစ်ထည်ကတော့ ငှဝါရောင်ဒေါက် ဖိနပ်နဲ့အပြိုင် ပန်ရနေတာသေချာ ပါတယ်။

သတို့သမီးရဲ့ကိုယ်ပေါ်မှာ ဆင်မြန်းထားတဲ့ ရွှေထည်ကျောက် ထည်တွေကတော့ ငှားရမ်း ထားတာ မဟုတ်ဘဲ သတို့သားဘက်က တင်တောင်းတဲ့ ပစ္စည်းတွေလို့ပြောရင် ရပါတယ်။ ခပ်ပြုံးပြုံးဖြစ်နေတဲ့ သတို့သမီးရဲ့ မျက်နှာပြင်ဟာလည်း 'ကြွေမိတ်ကပ်'အစွမ်းကြောင့် ပြောင်တင်း၊ အဆီပြန်ပြီး ကော်ပတ်ရုပ် တစ်ရုပ်လို ဖြစ်နေတာပါပဲ။ သိပ်မကြာခင်မှာပဲ မင်္ဂလာအိပ်ခန်းထဲမှာ အလှပြင်နေတဲ့ သတို့သမီးအနားကို သတို့သားရောက်လာခဲ့ပါတယ်၊

"လှလိုက်တာ ရွှေရည်ရယ်၊ နတ်သမီးကလေးကျနေတာပဲကွာ"

Asian Fame Media Group



"မိတ်ကပ်ဆရာမ တော်လို့ပါ ကိုရယ်"

"ရွှေရည်ကိုယ်၌ကလည်း ချော ပြီးသားပါကွာ။ ကဲကဲ. . . ရွှေရည်တို့ ခြံထဲက မဏ္ဍပ်မှာလည်း ဧည့်သည် တွေ တော်တော်ရောက်နေပြီ ကိုယ် တို့နှစ်ယောက်စလုံး အောက်ဆင်းပြီး ဧည့်ခံရအောင်နော် ရွှေရည်"

"သွားလေ"

"ဟား ဟား ဟား ဟား"

လူချမ်းသာရပ်ကွက်ထဲမှာရှိတဲ့ နှစ်ထပ်တိုက်လှလှကြီးရဲ့ မြက်ခင်း ပြင်ပေါ်က မင်္ဂလာမဏ္ဍပ်ဟာ ပန်း စက္ကူလိပ်ရောင်စုံ၊ ဘောလုံးရောင်စုံ နဲ့ လှပနေပါတယ်။ ဆောင်းဘောက် ထဲက ထွက်ပေါ်လာတဲ့ သီချင်းသံ တွေဟာလည်း လူသံတွေနဲ့ရောထွေး ပြီး တဝုန်းဝုန်းဖြစ်နေတာလည်း အမှန်ပါပဲ။ ငွေပါရောင်မင်္ဂလာဝတ်စုံ ကိုယ်စီနဲ့ တိုက်အပေါ်ထပ်က ဆင်း လာကြတဲ့ မင်္ဂလာမောင်နှံဟာ မဏ္ဍပ်ရှိရာမရောက်ခင်မှာဘဲ မြဲဝက နေပြီး အရမ်းကာရောပြေးဝင်လာတဲ့ ရှစ်နှစ်၊ ကိုးနှစ်အရွယ် ကောင်လေး တစ်ယောက်ကြောင့် ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားကြပါတယ်။

"မာမီ ဆေးရုံရောက်နေပြီ ဒယ်ဒီ။ သားနဲ့အတူ ပြန်လိုက်ခဲ့ပါ နော်၊ မာမီ မာမီလေ သေ သေနေ ပြီလားတောင် မသိပါဘူး ဒယ်ဒီ ရယ်၊ အီး. . . ဟီး . . . ဟီး"

ကောင်လေးရဲ့ စကားသံတွေ ကြောင့် အံ့ဩမှင်တက်သွားတဲ့ သတို့သမီးဟာ အလောတကြီးပုံစံနဲ့ သတို့သားကို ငိုယို၊ ဆွဲခေါ်နေတဲ့ ကောင်လေးကို ကြည့်လိုက်၊ မျက်စိ မျက်နှာပျက်နေတဲ့ သတို့သားကို ကြည့်လိုက်ဖြစ်နေစဉ်မှာပဲ သတို့ သမီးချိတ်ဆွဲထားတဲ့လက်ကို ဆတ် ခနဲဖြုတ်ချလိုက်တဲ့ သတို့သားဟာ အဲဒီကောင်လေးခေါ်ဆောင်ရာ နောက်ကို ကောက်ကောက်ပါ အောင် လိုက်သွားခဲ့ပါတော့တယ်။ ရွှေရောင်လက်ကိုင်အိတ်ကလေး 'ဘုတ်ခနဲ' ပြုတ်ကျသွားတဲ့ ငွေပါ ရောင်သတို့သမီးကတော့ မဏ္ဍပ် ရှေ့မှာတင် ကြိုးပြတ်သွားတဲ့ရုပ်သေး ရုပ်လို ပုံခနဲလဲကျသွားလေရဲ့။

◆

**ခေတ် . . . . နှစ် (၂၀၁၁)**

"ဒါဆိုရင် အဲဒီမင်္ဂလာပွဲပျက် သွားတာပေါ့၊ ဟုတ်လား ကြီးမေ"

"ပျက်တာပေါ့၊ အရှက်ဟက် တက်ကွဲပြီးတော့ကို ပျက်တာပါ သမီးရယ်၊ အဲဒီနေ့က သတို့သမီးကို တော်တော်လေး နှာနှပ်ယူလိုက်ရ တယ်။ ပွဲတက်လာတဲ့ ဧည့်ပရိသတ် တွေကိုတော့ သတို့သမီးရဲ့နှလုံး ရောဂါအခံကြောင့် ပွဲပျက်ရတာပါ၊ ဘာညာဆိုပြီး လိမ်ရတာပေါ့။

af MEDIA GROUP
Asian Fame Media Group

ဒါပေမဲ့ ကားတစ်စီးပေါ် လှစ်ခနဲ တက်သွားတဲ့ သတို့သားကိုမြင်လိုက်တဲ့သူတွေရှိတော့ ဘယ်လိုပဲလိမ်လိမ် တစ်ယောက်ပါးစပ်က တစ်ယောက် အဖြစ်မှန်တွေ သိသွားတာပါပဲ သမီးရယ်"

"ဒါဆိုရင် သတို့သားဘက်က ရော ဘာမှလာမပြေရှင်းခဲ့ဘူးလား"

"ရှင်းတယ် သမီး၊ သားအိမ်ကင်ဆာဖြစ်နေတဲ့ ဇနီးမယားကြောင့် အိမ်ထောင်ရေးမသာယာလို့ ဒီလိုလုပ်ခဲ့ရတာပါတဲ့။ သူ့ဇနီးလည်း ဆေးရုံမှာ သေသွားပြီဖြစ်လို့ သတို့သမီးနဲ့ပဲ ပြန်လက်ထပ်ပါရစေတဲ့။ မင်္ဂလာပွဲကို အရင်ကထက် နှစ်ဆကြီးကျယ်အောင် လုပ်ပေးမယ်၊ ဘာညာပေါ့ကွယ်။ ရှိသမျှ စည်းစိမ်ဥစ္စာတွေကိုလည်း သတို့သမီးနာမည်နဲ့ လွှဲပေးမယ်ဆိုတာတောင် သတို့သမီးဘက်ကလူတွေအားလုံး လက်မခံကြတော့ဘူး။ သတို့သမီးကတော့ အဲဒီပြဿနာတွေ ဆွေးနွေး ညှိနှိုင်း တိုင်ပင်ဖို့နေနေသာသာ မင်္ဂလာပွဲပျက်တဲ့နေ့ကစပြီး စိတ်ရောဂါကုဆရာဝန်နဲ့ တိတ်တဆိတ်ကုသလိုက်ရတာ တစ်နှစ်လောက်ကြာတဲ့ အထိပဲ"

"ရှင် . . .၊ ဒါ. . . ဒါဆို သတို့သမီးက ရူးသွားလို့လား ကြီးမေ"

"အဲဒီလိုတော့ မဟုတ်ဘူးသမီးရဲ့။ ကြီးမေတို့ခေတ်က အပျိုစင်မိန်းမသားတစ်ယောက် ဘဝမှာ မင်္ဂလာဆောင်တဲ့နေ့ဟာ ဘယ်လောက်အထိ အရေးကြီးပြီး ဘယ်အထိ ရင်ခုန်ရ၊ စိတ်လှုပ်ရှားရ၊ ဟန်ရေးပြဖို့ကြိုးစားရသလဲဆိုတာ မင်္ဂလာဆောင်ဖူးတဲ့ မိန်းမတိုင်း သိကြပါတယ်ကွယ်။ သတို့သမီးရဲ့ မျှော်လင့်ချက်မှန်သမျှ သဲထဲရေသွန်သလို ဖြစ်သွားတော့ ခုခေတ်စကားနဲ့ပြောရရင် ဆိုက်ကိုဝင်သွားတာပေါ့၊ စိတ်ဒဏ်ရာတစ်ခုခု ရသွားတယ်ပဲမှတ်ပါ သမီးရယ်။ စိတ်ပညာပေါ့ဟာရတော့ ကြီးမေရှင်းမပြတတ်ဘူး သမီး၊ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေပဲ ရှင်းပြနိုင်မှာပါ။ အဲဒါကြောင့် မိန်းကလေးတစ်ယောက်ဟာ အိမ်ထောင်ပြုဖို့ မပြောနဲ့ဦး၊ ရည်းစားထားမယ်ဆိုရင်တောင် အတော်လေးကို ချင့်ချိန်၊ တွေးခေါ်တတ်မှ တော်ကာကျတာ သမီး။ လူ့သဘော၊ လူ့မနောနဲ့ နောက်ကြောင်းရာဇဝင်ဆိုတာ ရုပ်ရှင်ကြည့်ရသလို ရှင်းခနဲ၊ ဘွင်းခနဲမြင်သာတဲ့ အရာတွေမဟုတ်ဘူး။ ဒါကြောင့် ရှေးလူကြီးသူမတွေ ပြောတာပေါ့။ အိမ်ထောင်ပြုဖို့ မလောနဲ့။ တစ်ဦးကိုတစ်ဦး သုံးနှစ်သုံးမိုးစောင့်ကြည့် ဘာညာတွေပေါ့ကွယ်၊ ဒါတောင် တစ်ယောက်အတွင်းသဘော တစ်ယောက်သိလို့ ကျေနပ်ပြီဆိုပြီး လက်ထပ်လိုက်တာတောင် မကောင်းတဲ့ အကျင့်စရိုက်တွေ တဖြည်းဖြည်းပေါ်လာကာမှ တစ်ပိုကြီး။ လင်စခွေး လင်ခွေးနဲ့မညားဖို့လည်း လိုတာပေါ့ကွယ်။ နေနိုင်မယ်ဆိုရင်တော့ အိမ်ထောင်မပြုတာ အကောင်းဆုံးပဲ သမီးရယ်။ မိန်းမသားဆိုတာ ဘယ်ဘက်က လှည့်တွေးတွေး အနာကြီးပဲ။

တစ်ခုပဲ ကြီးမေ မေးကြည့်မယ်၊ ကိုယ်ဝန်ဆောင်တဲ့ယောကျ်ားဆိုတာ ရှိလို့လားကွယ်၊ အိမ်ထောင်ပြုပြီဟေ့ဆိုတာနဲ့ ဟုရင်မပဲဖြစ်ဖြစ် သူဌေးမကြီးပဲဆိုဆို၊ ပညာတတ်စီးပွားရေးလုပ်ငန်းရှင်မကြီးပဲ ပြောပြော အချိန်တန်ရင် မျိုးဆက်သွေး ဆိုတာကို မွေးဖွားပေးကြရတာပါပဲ။ ဒါမှလည်း မိန်းမပီသတယ်လို့ ကြီးမေယူဆတယ်၊ ခေတ်ကြီးက ဘယ်လောက်ပဲ တိုးတက်နေတယ် ပြောပြော ယောကျ်ားနဲ့မိန်းမ ဘယ်လောက်အထိ ရင်ပေါင်တန်းနိုင်တယ်ဆိုဆို သဘာဝတရားကြီးကိုက မိန်းမဟာ ဘယ်ပုံ၊ ယောကျ်ားဟာ ဘယ်လိုဆိုတာ သူ့အစွမ်းအစနဲ့သူ၊ သူ့အားနည်းချက်နဲ့သူ ပေးအပ်ထားပြီးသားလေ။ ကြီးမေလည်း ခေတ်ကို မျက်ခြည်မပြတ်ပါဘူး။ ယောဒီကမ္ဘာကြီးထဲက တချို့နိုင်ငံတွေမှာ အမျိုးသားတွေ ကိုယ်ဝန်ဆောင်လို့ ရပြီတဲ့။

ကဲ. . . ဟုတ်တော့ဟုတ်ပါပြီ၊ အမျိုးသားစစ်စစ်ကြီး ဘယ်နှယောက်လောက်ကများ အဲဒီလို ခပ်ကြောင်ကြောင်အလုပ်တွေ လုပ်ကြမှာတဲ့လဲ။ သမီးစဉ်းစားကြည့်စမ်း။ သာယာတောမှာ စီးမျောတတ်တဲ့ အဲဒီအိမ်ဦးနတ်ကြီးတွေက အမျိုးသမီးတွေ ခံစားရတဲ့ဒုက္ခတွေကို ဘယ်နှယောက်လောက်ကများ ခံချင်မှာတဲ့လဲ။ ကြီးမေထင်တာပြောရရင် အဲဒီလိုယောကျ်ားမျိုး လက်ဆယ်ချောင်းပြည့်ရင်တောင် ကံကောင်းတယ်မှတ်ပါ။ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်မှ တန်ဖိုးရှိတာပါ သမီးရယ်။ ကြီးမေအသက်ရှင်နေသရွေ့ အိမ်ထောင်ပြုဖို့ မကြိုးစားပါနဲ့ဦး သမီး၊ မယုံကြည်ရတဲ့ လူစားတွေထဲမှာ ယောကျ်ားဆိုတာ ထိပ်ဆုံးကရှိတယ်၊ ကြီးမေသေပြီဆိုရင်တော့ သမီးကြိုက်သလိုလုပ်၊ သမီးဖြစ် သမီးခံပဲ"

"အိုး. . . ကြီးမေကလည်း။ သမီးက ခုမှ ဆယ့်ရှစ်နှစ်ပဲ ရှိသေးတဲ့ ဥစ္စာ။ ဘာတွေလာပြောနေမှန်း မသိပါဘူး။ စိတ်ချ. . . သမီးလည်း ကြီးမေလိုပဲ တစ်သက်လုံး အပျိုကြီး လုပ်မှာ"

"ကြည့်ကြသေးတာပေါ့ကွယ်"

ကိုယ့်အတိတ်ဇာတ်ကြောင်း ကိုယ် ဖုံးဖုံးဖိဖိနဲ့ပြောပြလိုက်ရလို့ မောသွားရှာတဲ့ အသက် ၄၀ ကျော် အရွယ်၊ လုံးကြီးပေါက်လှပုံစံနဲ့ အပျိုဟိုင်းကြီးဒေါ်ရွှေရည်ဟာ တူမဖြစ်သူ သန္တာအနားက ဆတ်ခနဲထသွားပြီး မိုးပိုချောင်ကိစ္စတွေနဲ့ အလုပ်ရှုပ်သွားခဲ့ပြန်ပါတယ်။ အပေါ်ထပ် ဧည့်ကားအတိုင်း တဝုန်းဝုန်းပြေးတက်သွားတဲ့ သန္တာကတော့ ဝရန်တာလက်ရန်းဆီ မှီနွဲ့လိုက်ပြီး ခြံဝင်းအနှံ့ ပျံသန်းနေတဲ့ လိပ်ပြာငယ်တွေကိုကြည့်ရင်း ရင်ခုန်၊ လှိုက်မော၊ ပျော်ရွှင်လာတဲ့အတွက် ဒေါ်ရွှေရည်ဘက်က ပြောဆိုဆုံးမခဲ့တဲ့စကားတွေဟာလည်း သန္တာရဲ့ခေါင်းထဲက နေပြီး ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကွယ်သွားခဲ့ပါတော့တယ်။

♦

ပါတိတ်နီညိုရောင်ဝမ်းဆက်နဲ့ ဆွမ်းတော်ဇန်းကိုင်ပြီး ဘုရားခန်းထဲက ထွက်လာတဲ့ ဒေါ်ရွှေရည်ဟာ ဆွမ်းတော်ခွန်းဖို့အတွက် အောက်ထပ်ဆင်းမလို့ ဟန်ပြင်နေစဉ်မှာပဲ ပါးစပ်ကိုလက်နဲ့ပိတ်ပြီး အောက်ထပ်ပြေးဆင်းသွားတဲ့ တူမဖြစ်သူကို ကြည့်ရင်း မျက်မှောင်တစ်ချက် ကျုံ့လိုက်ပါတယ်။ လှေကားထိပ်က စားပွဲခုံပုပေါ်မှာ ဆွမ်းတော်ဇန်းကို ဖျတ်ခနဲချထားလိုက်ပြီး နောက်မှာတော့ တူမဖြစ်သူရဲ့အခန်းထဲ ဝင်သွားပါတယ်။ အကြိမ်ကြိမ်အခါခါ ဆုံးမသွန်သင်နေတဲ့ ကြားထဲက အပျိုစင်တစ်ယောက်ရဲ့ အခန်းနဲ့ လားလားမှ မအပ်စပ်ဘူးလို့ ထင်ရလောက်အောင် ပွစာကျဲနေတဲ့ ပစ္စည်းပစ္စယတွေကို ကြည့်ရင်း ဒေါ်ရွှေရည် သက်ပြင်းချလိုက်ရပါတယ်။ ဟိုတစ်ခု ဒီတစ်ခု ကွင်းလုံးပုံချထားတဲ့ အဝတ်၊ စာအုပ်တွေကို သေချာခေါက်ပေးပြီး ရှုပ်ပွနေသမျှ ရှင်းလင်းပေးနေတဲ့ ဒေါ်ရွှေရည်ဟာ တွန့်ကြေ၊ ရှုံ့တွန့်နေတဲ့အိပ်ရာခင်းကို ဆွဲဆန့်၊ ပြန့်ပြူးအောင် လုပ်ပေးနေခိုက်မှာပဲ ခေါင်းအုံးအောက်က တစ်စုံတစ်ခုကိုတွေ့ပြီး ဘုရားတလိုက်ပါတော့တယ်။

"ဘုရား၊ ဘုရား။ အရွယ်ကလေး လက်တောက်လောက်နဲ့ ဒါမျိုးတွေ သုံးစွဲတတ်နေပါပေါ့လား။ သန္တာ. . . မိသန္တာ။ တက်လာစမ်း အပေါ်ထပ်ကို"

ပျာယာခပ်၊ ဒေါပွနေတဲ့ပုံစံနဲ့ တူမဖြစ်သူကို လှမ်းအော်ခေါ်လိုက်တဲ့ ဒေါ်ရွှေရည်ဟာ အခန်းထောင့်က ခွက်ကလေးတစ်ခုကို ခလုတ်တိုက်မိသွားခဲ့ပြီး ဖိတ်ကျသွားတဲ့ အရည်တွေဆီက ထွက်ပေါ်လာတဲ့ အနံ့အသက်တစ်မျိုးနဲ့ အနီရောင်လိုင်းနှစ်လိုင်းပေါ်နေတဲ့ ဆီးစစ်တံကလေးကို ကောက်ယူကြည့်ရင်း ခေါင်းထဲမှာ မိုက်ခနဲတစ်ချက်ဖြစ်သွားခဲ့ပါတယ်။

"မိသန္တာ. . ."

"ရှင် ကြီးမေ"

"တက်ခဲ့စမ်း အပေါ်ထပ်ကို"

"ဟုတ်"

စိုးရိမ်ထိတ်လန့်တဲ့ပုံစံနဲ့ မျက်စိမျက်နှာပျက်ရင်း အခန်းထဲဝင်လာတဲ့ သန္တာဟာ ဒေါ်ရွှေရည်လက်ထဲက တားဆေးကတ်တစ်မျိုးနဲ့ ဆီးစစ်တံကလေးကို မြင်သွားခဲ့ပြီးနောက်မှာတော့ မျက်နှာပြင်တစ်ခုလုံး သွေးဆုတ်ဖြူရော်သွားခဲ့ပါတယ်၊

"ကြီးမေ အီး. . . ဟီး. . . ဟီး



Asian Fame Media Group

. . ဟီး။ သမီးကို ကယ်ပါဦး ကြီးမေရယ်"

"ကောင်းတယ်၊ သိပ်ကောင်းတယ်။ ငါကတော့ ကလေးပဲရှိသေးတယ်ဆိုပြီး လွှော့တွက်မိခဲ့တာကိုး။ သေသွားတဲ့ မိဘနှစ်ပါးနဲ့ ငါ့မျက်နှာကိုမှမထောက်၊ ညည်းလုပ်ရက်တယ် မိသန္တာ။ အတက်စုံတွေ တတ်နေပြီပေါ့။ ကဲ . . . ခုပြော။ အဲဒီကိစ္စရဲ့ လက်သည်တရားခံက ဘယ်သူလဲ၊ ဘယ်မှာနေသလဲ၊ ဘယ်သူ့သားသမီးလဲ၊ အမှန်အတိုင်း ကြီးမေသိချင်တယ်။ ခေတ်ကာလသားသမီးတွေ ကြောက်ဖို့ကောင်းလိုက်တာနော်။ ဒီလောက်ဆုံးမသွန်သင်နေတဲ့ကြားထဲက ဒီလိုဖြစ်ရတယ်လို့။ ငါလေ သေသာသေလိုက်ချင်တော့တာပါပဲ မိသန္တာရယ်။ အီး . . ဟီး . . ဟီး. . . ဟီး"

"ဟို ကိုကိုကြီးက (          ) ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာပါ။ သမီးထက် ၁၅ နှစ်လောက်ကြီးတယ်။ ပြီး . . . ပြီးတော့"

"ပြီးတော့ ဘာဖြစ်သလဲ မိသန္တာ။ ပြောစမ်း"

"ကိုကြီးမှာ အိမ်ထောင်ရှိတယ် ကြီးမေရယ်။ အီး. . ဟီး. . ဟီး"

"မြတ်စွာဘုရား မိသန္တာ။ ညည်းရဲ့ရည်းစား ဟိုကောင်လေး ကို ဘယ်မှာသွားထားပြီး ဒါကြီးနဲ့ ဖြစ်ရတာတုံးလဲ။ ဒီလိုဆေးမျိုးတွေ သောက်ရကောင်းမှန်း သိခဲ့တာတောင် ညည်းဘက်က ဘာတစ်ခုမှ ကြိုတင်မကာကွယ်နိုင်ခဲ့ဘူးလား မိသန္တာရဲ့ . . ငါလေ။ သတ်ပစ်လိုက်ရရင်တော့"

"သမီးကိုသာ သတ်လိုက်ပါ ကြီးမေရယ်"

ဘယ်လိုပဲဖြစ်ဖြစ် တူမဖြစ်သူရဲ့ ပြဿနာပေါင်းစုံကို တာဝန်ယူဖြေရှင်းပေးခဲ့တဲ့ ဒေါ်ရွှေရည်ရဲ့ ကြိုးပမ်းမှုကြောင့် မထမဇနီးမယားကို ကွာရှင်းပြီး နာမည်ကြီးဟိုတယ်တစ်ခုမှာ ခမ်းနားစွာနဲ့ တရားဝင်လက်ထပ်ယူမယ့် အကြောင်း သန္တာ့ ခင်ပွန်းလောင်းဆီက ကတိစကားရမှပဲ ဒေါ်ရွှေရည် သက်မချနိုင်ပါတယ်။ ဒါပေမဲ့ မင်္ဂလာပွဲကျင်းပဖြစ်တဲ့အချိန်မှာ ကိုယ်ဝန်ငါးလရှိနေမှာဖြစ်လို့ အဲဒီကိစ္စကို ကာကွယ်နိုင်ဖို့အတွက် လက်ကိုင်ပန်းအလှပြင် မိန်းမလျာကို သေချာအော်ဒါမှာကြားခဲ့ရသူက ဒေါ်ရွှေရည်ပါ။

♦

ကျောက်အဖြူတွေကို ချိတ်လိုင်းအတိုင်း စီချယ်ထားတဲ့ ထိုင်မသိမ်းဝတ်စုံအဖြူရောင် ဝမ်းဆက်ဟာ သန္တာရဲ့ခန္ဓာကိုယ်ပေါ်မှာ ပုံကျသပ်ရပ်နေခဲ့ပါတယ်။ ဆံပင်ကို ဆံထုံးထုံး၊ ဆံမြိတ်ရှည်ချထားပြီး စိန်ဆံထိုး၊ စိန်ပန်းခိုင်တွေသာ စိုက်ထားရင်း စိန်ရာနာအစစ်တွေကို သာတစ်ကိုယ်လုံး ဆင်မြန်းထားတဲ့ သန္တာတစ်ယောက် စိန်မင်းသမီးကလေးအလား ထင်မှတ်မှားစရာပါပဲ။ ပန်းပေါ်မှာ ကပ်ပန်းခိုင်နဲ့ တွဲသီထားတဲ့ ဇာပဝါကတော့ ထိုင်မသိမ်းထဘီ အနားထက်ကျော်လွန်ပြီး ရှည်လျားစွာပုံကျနေလေရဲ့၊ ကျောက်အဖြူတွေ စီချယ်ထားတဲ့ ကတ္တီပါပုံတော်ဖိနပ်ကတော့ ဖြူဖွေးကြွရှနေတာ သေချာပါတယ်။

အလှဖန်တီးရှင်ရဲ့ အချောသပ်ပြင်ဆင်မှုအပြီးမှာတော့ သတို့သမီးအနားကို အသားညိုညိုနဲ့ တုတ်ခိုင်ဝဖြိုးလှပတဲ့ သတို့သားကြီး ခေါင်းပေါင်းစတလူလူရှမ်းရင်း ရောက်လာခဲ့ပါတယ်။

"လှလိုက်တာ သန္တာရယ်၊ နတ်သမီးကလေး ကျနေတာပဲ"

"အောင်မယ်၊ မာမီရဲ့လက်ရွှမ်းပြချက်ကောင်းလို့ပါနော်"

ဝဲခါခွဲခါနဲ့ မိန်းမတစ်ယောက် ပုံစံမမီရင်း ပြောဆိုလာတဲ့ မိတ်ကပ်မာမီကြီးကိုကြည့်ရင်း သတို့သားကြီးလည်း ပြုံးဖြီးဖြီးဖြစ်သွားပြန်ပါတယ်။

"ကဲ ကဲ . . . အဆင်သင့်ဖြစ်ပြီဆိုရင် ပွဲထုတ်လိုက်ကြရအောင်"

ဘိသိက်ဆရာရဲ့ စကားအဆုံးမှာတော့ ခန်းမထဲဝင်ပြီး ပွဲထုတ်ခံရတော့မယ့် လူတန်းရှည်ကြီးဟာ ဟိုတယ်လှေကားထစ်တွေအတိုင်း တန်းစီဆင်းလာကြပါတယ်။ ဒါပေမဲ့ သစ်ခွပန်းဖြူဖြူတွေ ကြားထဲမှာ စိန်ပန်းခိုင်အတုတွေ ထိုးစိုက်ထားတဲ့ သတို့သမီးရဲ့ ခန္ဓာကိုယ်နဲ့ ဝမ်းဗိုက်သားကလေးဟာလည်း ချပ်ရပ်သေသပ်နေတာပါပဲ။

♦

## ခေတ်. . . သုံး (၂၀၄၂)

အိန္ဒိယသမုဒ္ဒရာအောက်မှာ တည်ဆောက်ထားတဲ့ Under The Deep အမည်ရ မင်္ဂလာခန်းမကြီးဟာ ခေတ်မီဆန်းသစ်မှုများစွာနဲ့ ထူးဆန်းအံ့သြဖွယ်ရာ လှပနေခဲ့ပါတယ်။ ငါးကလေးကျယ်ဝန်းလှတဲ့ မှန်လုံအကြည်အဆောက်အဦဖြစ်တာမို့ အဏ္ဏဝါရေအောက်အလှအပများစွာနဲ့ ပင်လယ်ပျော်ရေသတ္တဝါအမျိုးစုံကိုလည်း မြင်တွေ့နိုင်ပါတယ်။

ထူးခြားဆန်းပြားလှတဲ့ ပလက်တီနမ်သတ္တုဝတ်စုံကိုယ်စီ ဝတ်ထားကြတဲ့ သတို့သား 'သတိုးဖိလစ်' နဲ့ သတို့သမီး 'အမရာစင်ဒီ' တို့ဟာ ဗိုက်ဘရေရာလစ်စနစ် တပ်ဆင်ထားတဲ့ မင်္ဂလာဆိုဖာပေါ်ထိုင်ရင်း ခန်းမထဲက ဧည့်ပရိသတ်တွေကို တစ်ဝိုင်းပြီးတစ်ဝိုင်း လိုက်လံဧည့်ခံနေခဲ့ပါတယ်။ သတို့သမီးခန္ဓာကိုယ်ပေါ်မှာ ဆင်မြန်းထားတဲ့ လက်ဝတ်ရတနာတွေကတော့ တိုးတက်လာတဲ့အဆင့်မြင့်နည်းပညာတွေကြောင့် စိန်ရောင်တစ်ခါ၊ နီလာတစ်လှည့်၊ မြရောင်တစ်သွယ်၊ ပုလဲရောင်တစ်လီဖြစ်နေတာပါပဲ။ ဧည့်ခံစားပွဲဝိုင်းတွေပေါ်က ကွန်ပျူတာပန်းအိုးတွေကလည်း အပွင့်သဏ္ဍာန်မျိုးစုံ၊ ရနံ့မျိုးစုံထုတ်လွှတ်ပေးပါတယ်။ မင်္ဂလာတေးသံသာတွေ သီကျူးပေးနေကြတဲ့ အဆိုတော်တွေရဲ့ အဝတ်အစားဒီဇိုင်း၊ အရောင်အသွေးကတော့ စက္ကန့် ၃၀ တစ်ခါ ပြောင်းလဲနေပါတယ်။

မင်္ဂလာစင်မြင့်ရဲ့ရှေ့နား VIP ဝိုင်းမှာတော့ . . .။ ရွှေခြည်မျှင် အစစ်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ ယက်လုပ်ချုပ်သီထားလို့ 'မလ္လိကာမဒေါ်နား' အမည်ရဝတ်စုံကို ဝတ်ဆင်ထားသူ အသက် ၁၅၀ အရွယ် ဘွားသန္တာတစ်ယောက် မိန့်မိန့်ကြီးထိုင်နေပါတယ်။ ခေတ်မီဒစ်ဂျစ်တယ် မျက်မှန်ကြီးတဝင်းဝင်းနဲ့ ပရိသတ်တွေကို စပ်စုကြည့်လိုက်၊ မြေးဖြစ်သူ အမရာစင်ဒီကို ကြည့်လိုက်ဖြစ်နေတဲ့ ဘွားသန္တာဟာ မင်္ဂလာစင်မြင့်ပေါ်က နောက်ခံစာသားတွေဆီ အာရုံရောက်သွားခဲ့ပြီး ခပ်တိုးတိုးဖတ်ကြည့်ပြန်ပါတယ်၊

သတို့သားမောင်သတိုးဖိလစ်နှင့်
သတို့သမီးမအမရာစင်ဒီတို့၏
ဒုဿမအကြိမ်မြောက်
မင်္ဂလာဧည့်ခံပွဲ
Under the deep မင်္ဂလာခန်းမ
အိန္ဒိယသမုဒ္ဒရာအောက်
၂၀. ၁၁. ၂၀၄၂

ဆိုတဲ့ စာတန်းကြီးကတော့ အရောင်အမျိုးစုံ၊ ပုံသဏ္ဍာန်အမျိုးစုံ ပြောင်းနေခဲ့ပါတယ်။ ခေတ်ကာလအခြေအနေတွေအရ သိပ္ပံနည်းပညာတွေ တိုးတက်လာတာကြောင့် အသက် ၁၆၀ အထိရှည်စေနိုင်မယ့် ဓာတုဆေးဝါးတစ်မျိုးကို တောင် ရှာဖွေဖော်ထုတ်ခဲ့ပြီး ဖြစ်ပါတယ်။


ဒါပေမဲ့ ပွဲထုတ်စဉ်က ပန်းကြဲပေးခဲ့တဲ့ အမျိုးသမီးဟာ သတို့သား သတိုးဖိလစ်ရဲ့ ငါးဆက်မြောက် အိမ်ထောင်ဘက် 'ဒေဗီမာဂရက်' ဖြစ်သလို သတို့သားအရံလုပ်ပေးခဲ့တဲ့ 'သီဟဒေးဗစ်' ဟာလည်း သတို့သမီးအမရာစင်ဒီရဲ့ သုံးဆက်မြောက်လင်သားတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။ ခန်းမထဲမှာရှိတဲ့ မင်းပရိသတ်အားလုံး တစ်ဦးနဲ့တစ်ဦး ဆွေမျိုးမတော်သူမရှိသလောက် ရှုပ်ပါးခဲ့ပြီဖြစ်သလို လွှစိတ်၊ လွှမနော အတိုင်း ထင်ရာထလုပ်တတ်ကြတဲ့ ကိစ္စ၊ ဝိစ္စတွေကိုလည်း နားလည်လက်ခံပေးနိုင်တဲ့ လူသားတွေဖြစ်နေကြပါပြီ၊ ထူးခြားတာတစ်ခုကတော့ မင်္ဂလာခန်းမကြီးထဲက လူသားတွေထဲမှာ လူမမယ်အရွယ်ကအစ ရှစ်နှစ်၊ ကိုးနှစ်အရွယ် ကလေးငယ်တွေမရှိသလောက် ရှားပါးနေတာပါပဲ။ အပျော်တွေနဲ့ ပြည့်လျှံနေတဲ့ ဘွားသန္တာရဲ့ရင်ထဲမှာတော့ . . . .။

ခြေဘ် . . . အသက် ၁၆၀ အထိ ဘယ်လိုပဲရှည်ရှည် လင်ယူသားမွေး၊ တားဆေးဆီးဆေး၊ ဘာညာကိစ္စတွေကို လိုသလိုဖန်တီးခဲ့ကြတဲ့ လူသားတွေကြားထဲမှာ မျိုးဆက်သစ်မွေးဖွားခြင်းကိစ္စ မဖြစ်ပေါ်ခဲ့တာ ဆယ်နှစ်တောင် ကျော်ခဲ့ပါပေါ့လား။

**ထွန်းတောက်ထွဋ် (သချာ)**



Asian Fame Media Group



(၁)

"ဟုတ်ပြီ . . ၊ ဒါပဲနော်၊ ဖုန်းချလိုက်တော့မယ် . . . အိုကေ"

ဒေါ်တင်မမ နောက်ဖေးခန်းမှလှမ်းအထွက်တွင် နားစွန်နားဖျားကြားလိုက်ရသော စကားသံဖြစ်၏။ လှမ်းကြည့်လိုက်တော့ ခင်ပွန်းသည် ဦးခင်မောင်ကျော်က ဖုန်းပင်ပြန်ချလိုက်ပြီးပေပြီ။ သေချာသော အကဲခတ်သော်လည်း ဦးခင်မောင်ကျော်၏ မျက်နှာပေါ်မှာ ဘာမျှ ထူးထူးခြားခြားပြောင်းလဲမှုကို ရှာမတွေ့။ ဒေါ်တင်မမဝမ်းထဲက ကျိတ်ပြုံး၏။

"ဘယ်ကဖုန်းလဲ ကိုကို၊ ဒီနေ့ရုံးပိတ်ရက်ပဲ၊ ရုံးကတော့ ဆက်စရာအကြောင်း မရှိပါဘူး"

မနီးမဝေးက ဆိုဖာဆက်တီတွင် ဝင်ထိုင်လိုက်ရင်း ဒေါ်တင်မမ မေးသည်။

"ဪ . . ၊ မြို့ထဲက မိတ်ဆွေတစ်ယောက်ဆီကပါကွာ၊ သူ့သားအလုပ်လျှောက်လွှာတင်ထားတဲ့ကိစ္စ လှမ်းစုံစမ်းတာပါ၊ ဘာမှမဟုတ်ပါဘူး၊ ကိုကိုလည်း ရုံးကိုလာခဲ့ဖို့ပဲ ချိန်းလိုက်တယ်"

ဦးခင်မောင်ကျော်က လေသံခပ်အေးအေးဖြင့် ပြန်ဖြေလိုက်ပြီးနောက် ဧည့်ခန်းနံရံပေါ်မှ နာရီကို တစ်ချက်လှမ်းကြည့်၏။ နံနက် ၁၁ နာရီ ၄၅ မိနစ်ရှိပြီ။ ပြီးမှ နာရီပေါ်မှ အကြည့်ကို သိမ်းလိုက်ကာ ပင့်

ဝ ဏ္ဏ တို ရ သ



သက်တစ်ချက်ခိုးရှိုက်၏။ ဒါကို မြင်လိုက်သော်လည်း ဒေါ်တင်မမက မသိဟန်ဆောင်နေလိုက်သည်။ နောက်မှ အလိုက်သင့်မေး၏။

"ဘာလဲ၊ နေ့လယ်စာ စားတော့ မလို့လား ကိုကို၊ တင်တင် ပြင်လိုက်မယ်လေ"

ဦးခင်မောင်ကျော်က ခေါင်းခါပြသည်။ ဒေါ်တင်မမ ရိုပ်ခနဲပြုံးလိုက်ကာ



"မဟုတ်ဘူး ကိုကိုရဲ့၊ ဒီနေ့ နံ့ပိတ်ရက်လေ၊ ကိုကိုလည်း နားရတဲ့ရက်မို့လို့ ကိုကိုအကြိုက်ဟင်းတွေချည်း စီစဉ်ထားတာ၊ ဟိုတစ်နေ့ကမှ မစားရတာကြာပြီကွာလို့ ကိုကိုပြောတဲ့ ဘဲပေါင်းလည်း စပါယ်ရှယ်ပေါင်းထားတယ်လေ။ ကိုကိုထင်လို့ပါ၊ တကယ်စားတဲ့အခါကျ ကိုကိုထမင်းမြိန်မှာပါ။ အိမ်ဖော်မိအေးကို အပြင်မခိုင်းဘူး၊ တင်တင်ကိုယ်တိုင် ပြင်ဆင်ပေးမယ်လေ"

ဒေါ်တင်မမက ယခုချက်ချင်းပင် ထမင်းပွဲပြင်တော့မည့်လေသံဖြင့် လှိုက်လှိုက်လှဲလှဲ ပြော၏။ ခင်ပွန်း၏လိုအင်ဆန္ဒတို့ကို အသေးအမွှားကလေးတွေကအစ သူမမည်မျှအထိ အသေးစိတ်ဂရုတစိုက်ရှိနေကြောင်းကို ဘဲပေါင်းဟင်းလျာသက်သေထား၍ သွယ်ဝိုက်အသိပေးလိုက်သေးသည်။ သို့သော် ဦးခင်မောင်ကျော်ကတော့ မထူးခြားလှသော လေသံနှင့်ပင် တုံ့ပြန်ပြောလေသည်။

"မဟုတ်ပါဘူး တင်တင်၊ ကိုကိုလုံးဝမဆာသေးလို့ပါ။ ဆာတော့ပြောတာပေါ့၊ လောလောဆယ်တော့ ရေပဲ အရင်ချိုးလိုက်ဦးမယ်"

စကားအဆုံးမှာပင် နောက်ဘက်ခန်းဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းဝင်သွားလေတော့၏။ ခဏနေတော့ ရေချိုးခန်းဆီမှ ရေသံတဝုန်းဝုန်း ကြားရ၏။ ဒေါ်တင်မမ နေရာက မထနိုင်သေး။ ရေချိုးခန်းဆီက ရေလောင်းချသံတဝုန်းဝုန်းကို နားထောင်ရင်း အတွေးများနှင့် နပမ်းလုံးနေရသောကြောင့် ဖြစ်သည်။

ဟုတ်ပြီ . . . ။ သည်တစ်ခါတော့ 'အဲလစ်' တို့ 'ရွှေရွှေ' တို့ပေးတဲ့ သတင်းဟာဖြင့် မှန်ကိုမှန်ရမည်။ အခုပဲကြည့် . . . ။ စောစောက ဦးခင်မောင်ကျော် တယ်လီဖုန်းဆက်သည်။ ဘယ်သူနဲ့ ဖုန်းပြောတာလဲ ဟုမေးတော့လည်း ရေရေရာရာ မဖြေ။ မိတ်ဆွေတစ်ယောက်ဆီက တဲ့။ ဟိုလိုလို ဒီလိုလို ပြန်ဖြေသည်။ ပြီးတော့ မိမိက အချိန်တန်ပြီမို့ ထမင်းစားပါ၊ သူ့အကြိုက်ဟင်းတွေချည်း စီစဉ်ချက်ပြုတ်ထားပါသည်။ အိမ်ဖော်ကို မခိုင်းဘဲ မိမိကိုယ်တိုင်က ပြင်ဆင်ကျွေးမွေးပါမည်ဆိုသည့်တိုင် မဆာသေးလို့ပါဟု စိတ်ဝင်စားသလိုလေသံဖြင့် ပယ်ချ၏။ ယခုအခုတော့ သင်းက ရေချိုးပြီ။ ဒါဟာ အပြင်ထွက်ဖို့ ပြင်ဆင်နေတာပဲ၊ ရေချိုးပြီးသည်နှင့် တစ်ကြောင်း မဟုတ်တစ်ကြောင်းပြကာ သင်း အပြင်ထွက်တော့မည်မှာ သေချာနေပြီ။

ဒေါ်တင်မမ တွေးရင်းတွေးရင်း ဒေါသထွက်လာ၏။ သူ့အကြိုက်ဟင်းလျာများကို စီစဉ်ချက်ပြုတ်ကျွေးမွေးမိလေတိုင်း 'တင်တင်က ကိုကို့အကြိုက်ကို သိပ်သိတာပဲ၊ အဲဒါလေးတွေကြောင့် အချစ်ပိုနေရတာ" ဟု ပြောတတ်ခဲ့စမြဲဖြစ်သော အတိတ်က ဦးခင်မောင်ကျော်၏ စကားသံတွေကိုပင် ပြန်ကြားယောင်လာမိသလိုရှိ၏။ သည်လိုပြောတိုင်းလည်း ဒေါ်တင်မမက မိန့်မိန့်ကြီးပြုံးကာ နားအရသာခံခဲ့မိသည်ချည်း။ အခုတော့ သည်လိုမဟုတ်ပြီ၊

သေနာကြီးနှယ်တော်၊ အသက်ပဲ ၅၀ ကျော်ကာမှ ကမြင်းကြောထချင်နေတယ်။ တင်မမနဲ့ တစ်ပွဲတစ်လမ်းတော့ တွေ့ကြရဦးမှာပေါ့။ ပက်ပင်းပါ မမိသေးလို့ မသိချင်ယောင်ဆောင်ပြီး လွှတ်ပေးထားတာမှတ်။ အပိုင်သာမိလိုက်စမ်း၊ ဟိုကောင်မကိုပါ ပါးဆွဲရိုက်ပစ်မယ်၊ မြက်နုကြိုက်နေတဲ့ အိမ်က နွားပြာကြီးကိုလည်း. . ဟင်းဟင်းဟင်း . . ။

ဒေါ်တင်မမ အတွေးနှင့်ပင် တစ်ယောက်တည်း ရန်ဖြစ်နေသည်၊ အသက် ၂၀ ဝန်းကျင်အရွယ်ကောင်မလေးတစ်ယောက်နှင့် ဦးခင်မောင်ကျော်တွဲခုတ်နေသည်ဟု ပိုကာဒေါင်းဖော်ဒေါင်းဖက် 'အဲလစ်' တို့ သတိပေးလာစဉ်က သည်လောက် မတုန်လှုပ်သေး။ သို့သော် နောက်ပိုင်းကျတော့ တွဲခုတ်ရုံသာမက ကိုးတိုးတိတ်တိတ်ပင် တရားဝင်လက်မှတ်ထိုးပြီးကြပြီ ဆိုသည့်အတိ သတင်းက ချကားလာသည်၊ သတင်းထုတည် ပွယောင်းလာသည်။

စုံစမ်းကြည့်လိုက်တော့ ကောင်မလေးက ဦးခင်မောင်ကျော်နှင့် မထိုက်တန်လောက်အောင် လှပချောမောလှသည်တဲ့၊ နုနုဖက်ဖက် ကော်ပတ်ရုပ်ကလေး ကြွေရုပ်ကလေးလား အောက်မေ့ရတယ်ဆိုပဲ။ အိမ်ကလူကြီးကတော့ တကယ့်ကို မီးသွေးခဲ။ ထားတော့. . . ၊ ကော်ပတ်ရုပ်နှင့် မီးသွေးခဲ ထိရုံငြိရုံပဲဆိုလျှင် အကြောင်းမဟုတ်၊ ကိုယ်က စင်ပေါ်ကလူ၊ ရပ်သိရွာသိဆွေသိမျိုးသိ ငယ်လင်ငယ်မယားပဲ၊ နေသာသပ လေညာက။ ဒါပေမဲ့ သူတို့က 'လစ်ဗင်းတူဂဲသား' ကနေ 'အဲတားတူဂဲသား' အထိ ဒီရေတက်လာနေပြီဆိုပါကလား။ တရားဝင်လက်မှတ်ထိုးကြသည်ဆိုတဲ့ သတင်းကတော့ တကယ့်ယမ်းဘီလူး။ မျက်လုံးမပြူးဘဲ ခံနိုင်ရိုးလား၊ နဂိုကမျက်ပေါက်မှေးမှေး 'ပွေး' လိုသတ္တဝါဖြစ်ခဲ့လျှင်တောင် အဲဒီသတင်းကတော့ 'ဗီးကွက်' က အဘခေါ်လောက်အောင် မျက်လုံးပြူးစေနိုင်စွမ်း ရှိနေ၏။

သည်မှာ ဒေါ်တင်မမတုန်လှုပ်ရပြီ. . . ။ သည်အတိုင်း ငြိမ်ခံနေလို့မဖြစ်သေး . . ။ တကယ်သာ တရားဝင်လက်မှတ်ထိုးပြီးကြပြီဆိုလျှင်တော့ မယားပြိုင်ကိစ္စပေါ် ပေါက်လာတော့မည်။ ဘဏ်မှာအပ်နှံထားသော သိန်းထောင်ဂဏန်း အတိုင်းအတာရှိ ငွေများ၊ လက်ရှိနေထိုင်သည့် လှကုံထံရပ်ကွက်က တိုက်နှင့်မြေ၊ နှစ်ဦးပိုင်

Asian Fame Media Group

ရွှေငွေ ရတနာအတွင်းပစ္စည်းများ၊ ပြီးတော့ ဦးခင်မောင်ကျော် အမွေရထားလိုက်သည့် ကျောက်ကုန်းဘက်က ဖိမ်နှင့်ပိုင်း . . ။

ဒေါ်တင်မမ မျက်လုံးတွေထဲမှာ တစ်ခုပြီးတစ်ခု မြင်ယောင်လာသည်။ ဦးနှောက်ထဲမှာလည်း ထိုအရာအားလုံး၏ ကာလတန်ကြေးကိန်းဂဏန်းတွေပေါ်လာ၏။ ဒါတွေကို သင်းရဲ့ကော်ပတ်ရုပ်ကလေးက 'မယားပြိုင်' ဆိုင်းဘုတ်ထောင်၊ 'တရားဝင်ဇနီး' အလံကို တလူလူလွှင့်ကာ ခွဲဝေခံစားပေတော့မည်။ ဒါမျိုးတော့ ဒေါ်တင်မမအဖြစ်မခံနိုင်။ သတိထား အကဲခတ်တော့ ထိုသတင်းများ ထွက်လာပြီးနောက်ပိုင်းမှာ ဦးခင်မောင်ကျော်ကိုယ်တိုင်ကလည်း မိမိအပေါ် မူပျက်လာသည်။ စကားပြောသံကအစ အရင်ကလို လိုက်လျှဲမှုမရှိဟုထင်သည်။ စင်ကာပူနှင့်မလေးရှားတို့မှာ ရောက်ရှိအခြေချနေကြသည့် သားနှင့်သမီးတို့အကြောင်းတွေကိုလည်း မမေးတာ ကြာပြီ။ ဟိုတုန်းကမှ သားဆီကသမီးဆီက ဖုန်းလေးဘာလေးဝင်လာသေးသလား ဘာဘာညာညာ သတိတရ မေးဖော်ရသေး၏။ အခု သင်းဦးနှောက်ထဲမှာ သားကြီးနှင့်သမီးကြီးရှိသေးသည်ဆိုသော 'အကန့်' ပျောက်နေပုံရသည်။

ဒေါ်တင်မမသည် ဦးနှောက်ထဲသို့ ဖြတ်ဝင်လာသော သားနှင့်သမီးတို့ကြောင့် ဒေါသက သူတို့ဆီမြားဦးလှည့်သွားပြန်သည်။ ဟင် . . . ၊ မှတ်ကြပလားဟဲ့. . . ဘိုးရှုတွေ. . ။ မြန်မာပြည်မှာ မွေးလာ၊ မြန်မာပြည်ထွက်ဆန်နဲ့ရေကို စားသောက်ကြီးပြင်းလာပြီးမှ ဘိုစိတ်ပေါက်ချင်တဲ့ဟာတွေ. . . ။ မြန်မာပြည်မှာ မနေနိုင်ဘူးတဲ့။ လူနေမှုအဆင့်အတန်းနိမ့်ကျသတဲ့။ ပညာကလေးတွေတတ်ပြီး ဘွဲ့ကလေးတွေကိုယ်စီလည်းရရော တော့တော့ တော့တော့နှင့် ထွက်သွားလိုက်ကြတာ၊ သားက စင်ကာပူမှာ. . ၊ သမီးက မလေးရှားမှာ. . . ။ နင်တို့ သည်လိုမျက်နှာလွှဲခဲပစ်လုပ်သွားကြတော့ အခုလို အရေးကြုံလာတော့ ငါတစ်ယောက်တည်းပါကလားဟဲ့။ နင်တို့အဖေ ကျေးဇူးရှင် ထင်ရာစိုင်းနေတာကို တားရဆီးရအောင် မအေကို နင်တို့ ဝိုင်းကူနိုင်ကြသေးရဲ့လား။ အိမ်ကဟာကြီးကလည်း သားသမီးတွေကအဝေးမှာ၊ ဒီမှာက ငါတစ်ယောက်တည်းဆိုပြီး လွတ်ချင်တိုင်းလွတ်နေတာပဲ ဖြစ်ရမယ်။ ဒေါသမြားဦးက တစ်ပတ်ပြန်လည်ကာ ဦးခင်မောင်ကျော်ဆီသို့ ပြန်ရောက်၏။

ဟင်းဟင်းဟင်း. . . ၊ ဟိုက တော့်လို သနိုင်းမျက်စောင်းထိုးအရွယ်၊ အသားမည်းခေါင်းတစ်ခြမ်းဖြူကြီးကိုများ မက်နေတယ်ထင်သလား။ တော့်စည်းစိမ်တွေကို မက်နေတာ၊ အရာရှိဆိုတဲ့ တော့်ရာထူးဂုဏ်ကို မက်နေတာ။ တော့်စည်းစိမ်တွေ၊ ရာထူးဂုဏ်တွေ ဒီကနေ့ ပြုတ်၊ မနက်ဖြန် ပြန်ပြေးမယ့်သူဆိုတာပဲ မသိနိုင်လောက်အောင် အမှောင်ဖုံးပြီး တဏှာရူးရူးနေရသလား ကိုခင်မောင်ကျော်။ ဒေါ်တင်မမ ရေချိုးခန်းဆီသို့ မျက်စောင်းလှမ်းထိုးလိုက်ရင်း စိတ်နှင့်လှမ်းရန်တွေ့ပြန်၏။ သူ့ရန်တွေ့သမျှတွေကို ဦးခင်မောင်ကျော်က တီဗီများ ရိုးရယ်ကွန့်ထရိုးနှင့် ခလုတ်နှိပ်ဖမ်းယူကြည့်ခိုင်းသလို ပုံဖော်ကြည့်နိုင်လျှင်လည်း အကောင်းသား။ သူကတော့ ကျေးဇူးရှင်က အေးရာအေးကြောင်းပဲ၊ ရေတရုန်းဝုန်းချိုးရင်း သီချင်းကလေးများတောင် ညည်းနေသံသဲ့သဲ့ ကြားရ၏။

ဘာပဲဖြစ်ဖြစ်၊ ဟုတ်နေတာကတော့ သေချာသလောက်ပဲ။ အိုးယောကျ်ားတွေကိုက မကောင်းပါဘူး။ ကိုယ်တော်မြတ်တွေက အိမ်ထောင်ကျစ ၂နှစ်၊ ၃ နှစ်အတွင်းမှာ တစ်ခါ၊ အသက် ၄၀ ကနေ ၅၀ တွင်းလောက်မှာ တစ်ခါ၊ ၇၀၊ ၈၀ အဘိုးကြီးအရွယ်မှာတစ်ခါ။ ဘဝမှာ သုံးကြိမ်လောက် ဖောက်ပြားဖို့ စိတ်ကူးတွေ ပေါ်ကြတယ်ဆိုပဲ။ အိမ်ထောင်ကျပြီး ၂ နှစ်၊ ၃ နှစ်မှာတော့ လွှတ်လွှတ်လပ်လပ် ပျော်ခဲ့ဖူးတဲ့ လူပျိုဘဝကို လွမ်းလို့တဲ့။ အသက် ၄၀၊ ၅၀ တွင်းကျတော့ အသစ်အဆန်း အပြောင်းအလဲလေးတွေ တောင့်တမိလို့တဲ့။ ဝက်သားဟင်းက 'ဒီ' လာတော့ ချဉ်ပေါင်၊ ငရုတ်သီးကြော် ခပ်စပ်စပ်ကလေးနဲ့ကမှ ထမင်းမြိန်ဦးမယ်ဆိုတဲ့ သဘောပေါ့လေ၊ ၇၀၊ ၈၀ အဘိုးကြီးအရွယ်ကျတော့ ငယ်မူပြန်ငယ်သွေးငယ်စိတ်တွေ ဝင်လာတတ်ပြန်လို့ဟု အကြောင်းပြ လျှောက်လဲချက်ပေးသတဲ့လေ။ သည်လိုဆိုကြသည် မဟုတ်လား။ အမှန်ကတော့ သားသမီးမြေးမြစ်တွေကို မျက်စိနောက်လာတာ နေမှာပါ၊ မင်းတို့အတွက် ငါ တစ်သက်လုံးရုန်းခဲ့ရတာ တော်လောက်ပြီဆိုသလိုပေါ့လေ။

စိတ်ပညာစာအုပ်အချို့ထဲက ဖတ်ဖူးတာတွေ ဒေါ်တင်မမခေါင်းထဲ ပြန်ဝင်လာကြ၏။ ဖတ်ခဲ့ဖူးသောအချက်တွေနှင့်သာ တိုင်းတာရလျှင် မလွဲပြီ။ တစ်လျှောက်လုံးက ဟုတ်လာခဲ့ပါလျက် ခေါင်းတစ်ဝက်ဆံပင်ဖြူကာ အသက် ၅၀ ကျော်ပါမှ သင်းအချိုးပြောင်းလာခဲ့ခြင်း ဖြစ်၏။ သည်တော့ ဒုတိယအရွယ်၊ ဒုတိယအချက်နှင့် ကွက်တိငြိနေသည်မဟုတ်လား။

ထိုခဏမှာပင် ရေချိုးခန်းထဲသို့ ဦးခင်မောင်ကျော် ပြန်ဝင်လာသောကြောင့် ဒေါ်တင်မမအတွေးတို့ ပျက်သွားသည်။ ကြည့် . . . ၊

ဟင်းဟင်း...၊ မင်းလောက်မှ
မပါးနပ်ရင်
မင်းလင် ဘယ်လုပ်ပဲ့မလဲ
**တင်မမရယ်၊**
လိုက်ချင်သပဆိုလည်း
လိုက်ခဲ့ပေတော့၊
မြဝမှာ ခတ်ထားတဲ့
**သောခလောက်ကြီးက**
သူတို့ ဒီမှာ
မရှိကြပါဘူးခင်ဗျာလို့
**"အာမခံ"**
ပေးလိုက်လိမ့်မယ်။
**"အာမခံသော့" ဆိုတာ**
အဲဒါမှ အစစ်လေ . . . .



ထင်တဲ့အတိုင်းပဲ။ စတစ်ကော်လံဖြူ လည်ကတုံးနဲ့ တိုက်ပုံအကျီနဲ့ ရခိုင်ပုဆိုးအကွက်နုပ်ကလေးနဲ့ ရှိုးအပြည့်။ စတိုင်လ်အပြည့်။ ရေမွှေးနံ့တသင်းသင်းက ဒေါ်တင်မမထံ ပြေးလာကာ ကလူကျီစယ်လာသေး။ အောင်မယ်လေး . . .။ ရုပ်ရှင်များသွားရိုက်ဦးမှာလား ကိုယ်တော်မြတ်ကြီးရဲ့။

"ထမင်းစားချိန်နီးခါမှ ဘယ်သွားဦးမလို့လဲ ကိုကို၊ ရှိုးသွားစရာရှိတာလည်း မဟုတ်ဘဲနဲ့"

ဒေါ်တင်မမ၏ နိမိတ်ပြမေးခွန်း . . .။ တစ်နည်းအားဖြင့် သွယ်ဝိုက်၍ ပစ်လိုက်သော မြှားတစ်စင်း။ သို့သော် ဦးခင်မောင်ကျော်ကတော့ ပန်းနှင့်ပေါက်သည်မှူပင် အောက်မေ့ပုံမရ။ အတက်ချိုကေ့စ်ကို ဟန်ပါပါဆွဲယူလိုက်ကာ မုသာဝါဒယားကို ချပြ၏။

"ကိစ္စလေးရှိသေးလို့ပေါ့ကွာ၊ မြို့ထဲသွားရဦးမယ်၊ တင်တင်ဆာရင် စားနှင့်လိုက်၊ ကိုကို့ကို မစောင့်နဲ့၊ ကိုကိုက မြို့ထဲမှာပဲ စားချင်စားဖြစ်မယ်"

ဒါပေါ့လေ၊ မြို့ထဲမှာက အဆင်သင့်ထိုးကျွေးမယ့်သူက စောင့်နေမှာကိုး။ ဒေါ်တင်မမ အောင့်သက်သက်နှင့် ခေါင်းညိတ်ပြလိုက်ရ၏။ ခဏနေတော့ တိုက်ရှေ့မှ မောင်းထွက်သွားသော ကားသံကို ကြားရ၏။ ဒေါ်တင်မမ အလျင်စလိုထကာ ပြတင်းမှန်တံခါးမှ လှမ်းကြည့်သည်။ ခြံတံခါးဝတွင် ကားခဏရပ်ကာ မာလီနှင့်ခြံစောင့် အထွေထွေလုပ်သား မောင်ထူးကို ဘာတွေပြောနေသေးသည် မသိ။ ပြီးမှ ကားကို မောင်းထွက်သွား၏။

ဒေါ်တင်မမပြုံး၏။ ပြုံးဆိုပြုံးဖို့အကြောင်းကလည်း ရှိနေသည်လေ။ ရှင်တော့ ကျားရှေ့မှောက်လျက်လဲပြီသော အောက်မေ့ပေတော့ ကိုခင်မောင်ကျော်ဟု တွေးလိုက်သည်။ ဦးခင်မောင်ကျော်၏ ကားမောင်းထွက်သွားတော့မှ မောင်ထူးကို လှမ်းခေါ်လိုက်သည်။ မောင်ထူး ဒေါ်တင်မမရှေ့သို့ လာရပ်သည်။

"မင်းဆရာ ဘာတွေပြောသွားသေးသလဲ မောင်ထူး"

"ဘာမှတော့ ထူးပြီးမပြောဘူး ခင်ဗျ၊ ထုံးစံအတိုင်းပဲ နေမှာပေါ့၊ အန်တီတင်လည်း သိပြီးသားပဲဟာ"

အဖြေစကားသံနှင့်အတူ မောင်ထူးမျက်နှာက ပြုံးရောင်သန်းလာလိုက်သေး၏။ ဒေါ်တင်မမ အတန်ကြာစဉ်းစားသည်။ ပြီးမှ ပင့်သက်တစ်ချက်ချကာ ပြောသည်။

"အေး . . .၊ မင်းလည်း သိပြီးသားပဲ၊ ဒါပေမဲ့ အန်တီတင်ရဲ့ သူငယ်ချင်း အဲလစ်ဆီက နောက်ထပ်သိထားရတာ တစ်ချက်တိုးလာပြန်တယ်ကွ၊ မင်းဆရာ အမွေရထားတဲ့ ကျောက်ကုန်းဘက်က အိမ်နဲ့ခြံကို သိတယ်မဟုတ်လား"

မောင်ထူး ခေါင်းညိတ်ပြ၏။

"အေး အဲဒီမှာ သူတို့တွေ့တွေ့နေကြတယ်လို့ သိရတယ်။ အခု မင်း အဲဒီကို ချက်ချင်းလိုက်၊ တိုးတိုးတိတ်တိတ် ဖြစ်ပါစေနော်၊ မင်း လာချောင်းတာကိုလည်း သူတို့ မသိစေနဲ့၊ တွေ့ရင် အမြန်ဆုံးပြန်လာခဲ့၊ ဟောဒီမှာ အဲဒီခြံသော့၊ ခြေတံခါးကို အဲဒီသော့နဲ့ ဖွင့်ဝင်၊ ရှေ့ဒါက ကားခေါ်၊ ပိုင်းကားစောင့်မနေနဲ့၊ တက္ကစီငှားသွား၊ ပိုက်ဆံချရပါစေနော်၊ အန်တီတင်က ကိုယ်တိုင်ပက်ပင်းပါ ဖမ်းချင်လို့၊ ဒါကြောင့် သေချာအောင် မင်းကို အရင်အထောက်တော် လွှတ်တာ၊ အဲဒီကိစ္စကို ဟိုဟိုဒီဒီလျှောက်ပြောမနေနဲ့ဦး၊ မင်းစိတ်ထဲမှာပဲ ထား၊ ကြားလား၊ ဒီကိစ္စ အောင်မြင်လို့ သင်းတို့ကိုမိရင်လား၊ ကူညီပေးတဲ့ မင်းကို သီးသန့်ကို ဆုကြီးကြီးချဦးမယ်၊ အခုတော့ မင်း သုံးဖို့ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးပဲ ယူသွားဦး"

ဒေါ်တင်မမက တက္ကစီခအတွက် ငါးထောင်တန်တစ်ရွက်၊ မုန့်ဖိုးအတွက် တစ်ထောင်တန်တစ်ရွက် ထုတ်ပေး၏။ မောင်ထူးက ခေါင်းညိတ်၍ "စိတ်ချ အန်တီတင်" ဟုပြောကာ ခပ်သုတ်သုတ်ထွက်သွား၏။ ဒေါ်တင်မမက ကျေကျေနပ်နပ်ကြီးပြုံးလိုက်ရင်း စိတ်ထဲက ကြုံးဝါးလိုက်၏။

"ရှင့်လောက်မှ မလည်ရင်လား ကိုခင်မောင်ကျော်ရယ်၊ တင်မမပါတဲ့ ရှင့်ကိုခြေရာကောက်ဖို့ ပဋ္ဌမံတပ်သားကို မုန့်ဖိုးဒွေနဲ့ သူ့လူကိုယ့်ဘက်သား စည်းရုံးထားပြီးသားရှင့်၊ ဟင်းဟင်းဟင်း"

(၂)

"ဆရာ . . .၊ ဆရာ"

အိမ်အပြင်ဘက်ဆီမှ ခပ်အုပ်အုပ်ခေါ်သံ ကြားကတည်းက မောင်ထူးအသံမှန်း သိလိုက်သည်။ ဦးခင်မောင်ကျော် မျက်မှောင်ကျုံ့သွား၏။ အတွေးလည်း ရှုပ်သွား၏။ ဘယ့်နှယ် . . .၊ အိမ်က အထွက်မှာကတည်းက ခြံဝမှာကားရပ်၍ မှာစရာရှိတာ မှာခဲ့ပြီးဖြစ်ပါလျက်နှင့် အဘယ့်ကြောင့် သည်ကောင်လိုက်လာရသနည်း။ "အခု ငါထွက်သွားပြီးခါမှ မင်းအန်တီတင်များ အပြင်ထွက်တယ်ဆိုရင် ငါ့ဟမ်းဖုန်းကို လှမ်းဆက်လိုက်နော်" ဟု မှာခဲ့ပြီးသားလေ။ ဦးခင်မောင်ကျော် တံခါးဖွင့်၍ အိမ်အပြင်ဘက်သို့ လှမ်းထွက်လိုက်သည်။

"ဘာလဲ မောင်ထူး ဘာဖြစ်လို့လဲ"

မေးမည့်သာ မေးလိုက်ရသည်၊ အခြေအနေ တစ်ခုခုထူးနေပြီဆိုတာကိုတော့ ဦးခင်မောင်ကျော် သိနေသည်။ ဒေါ်တင်မမ၏ အနေအထားကို အနီးကပ်စောင့်ကြည့်နေဖို့၊ ထူးခြားလျှင် ဖုန်းလှမ်းဆက်ပြောဖို့ မှာကြားခဲ့ပြီး မဟုတ်လား၊ သည်ကြားထဲက လူကိုယ်တိုင်လိုက်လာပုံထောက်တော့ တစ်ခုခုထူးလို့ပဲဖြစ်မည်၊ သို့ပေမယ့် ဦးခင်မောင်ကျော်က သည်လိုအမှာအထားရှိခဲ့သည်ကိုတော့ ဒေါ်တင်မမလုံးဝမသိရှာ၊ ဩော် . . . ကိုယ့်ကိုယ်ကိုယ် လည်လှပြီထင်နေတဲ့ သနားစရာ တင်မမပါကလားကွယ်၊

"ဆရာတို့ ဒီအိမ်မှာ တွေ့နေကြတယ်ဆိုတာကို အန်တီတင်သိနေပြီခင်ဗျ၊ အခုကျွန်တော့်ကို ဒီနေရာလမ်းညွှန်ဦးတိုက်ပြီး ခြံသော့ပါပေးပြီး အလိုက်ခိုင်းလိုက်တာ၊ တွေ့ခဲ့ရင် ချက်ချင်းပြန်လာပြောလို့တောင် အမိန့်ချလိုက်သေးတယ်"

မောင်ထူးက တိုးတိုးအစီရင်ခံ၏။ ဦးခင်မောင်ကျော်က "ညံ့သေးတဲ့ကောင်ပဲ" ဟူသော အကြည့်မျိုးဖြင့် ပြန်ကြည့်ကာ

"ဟ . . . ဘာဖြစ်သလဲကွ၊ ထုံးစံအတိုင်း သူပေးတဲ့မုန့်ဖိုးနဲ့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ဝင်ထိုင်၊ နာရီဝက်လောက်ရှိမှ ပြန်သွားပြီး မတွေ့ခဲ့ဘူး အန်တီတင်လို့ ပြောလိုက်လည်းရသားနဲ့၊ ဝကျတဲ့ကောင်၊ ဒီအထိ လိုက်လာရသေး"

"ဝမကျနဲ့ဆရာ၊ ခါတိုင်းမှာ ရပေမယ့် ခုတစ်ခါက မပြောနိုင်ဘူး၊ ဆရာတို့ ဒီမှာတွေ့တယ်ဆိုတာကို ဒေါ်အဲလစ်ဆီကတစ်ဆင့် အန်တီတင်က သေသေချာချာ သတင်းရထားတာ၊ တော်ကြာ ကျွန်တော် ပြောတာမယုံဘူးဆိုပြီး သူ့ဟာသူ တက္ကစီနဲ့ ထလိုက်လာမှအခက်၊ ကျွန်တော်က အန်တီတင်ကို မလိုက်ပါနဲ့ တားနိုင်တဲ့အဆင့်မှ မဟုတ်တာ"

ဦးခင်မောင်ကျော် 'တွေ' ခနဲဖြစ်သွား၏။ တောက် . . .၊ သည်သောက်ကန်းမနှယ်ဗျာ။ ဘယ့်နှယ်ကြောင့်များ ငါ့အကြောင်းတွေကို အပင်ပန်းခံစုံစမ်းပြီး တင်မမကို သွားသတင်းပို့ချွန်တွန်း လုပ်ရတယ် မသိဘူး။ သူ့လင်အရင်းခေါက်ခေါက် ဖိုးဟွမ်ဟီးက သူ့အထက်က ဆရာကတော်ကို ကြာကူလီရိုက်နေတာကျ မသိချင်ယောင်ဆောင်နေပေးပြီး လင်ချုံလို့ ရကာသမျှ ဂိုင်းလုံးခတွေကို ပိုက်ဆံဝိုင်းမှာ ဖြုန်းဖို့ မှိန်းယူနေတတ်သား၊ သေရင် တော်တော်ပုပ်စော်နံဦးမယ့်ဂန်းနာမ . . .။ ဒေါ်တင်မမ၏ ဘော်ဒါရင်းကြီးဖြစ်သော အရာရှိကတော်ဒေါ်အဲလစ်ကို မေတ္တာပို့ရင်း ဦးခင်မောင်ကျော် စဉ်းစားပြန်သည်။ အင်း . . . လာစမ်းဟဲ့ ထွက်ခဲ့စမ်းဟဲ့ ဉာဏ်နီဉာဏ်နက်တွေ။ ရှားရှားပါး ပါးရှုံးပိတ်ရက်ကလေး 'မွေ့' ရတာကို ကမ္ဘာပျက်မခံနိုင်။ ကြီးမှပေါက်တဲ့ ဝက်သက်က အဖျားတက်လေလေ ချိုမြလေလေပဲဟာ။

"အဲဒါကြောင့် ဆရာတို့ကို ဒီထက်ပိုလုံခြုံတဲ့ နေရာတစ်ခုခုကို ပြောင်းချင်ပြောင်းနိုင်ဖို့ ကျွန်တော် လာပြောတာ၊ ကျွန်တော်ကတော့ ဒီကပြန်ရင် မတွေ့ခဲ့ဘူးလို့ ပြောလိုက်မှာပဲ၊ အန်တီတင်မယုံလို့ ထလိုက်ချင်လည်း လိုက်ပါစေလေ"

ဦးခင်မောင်ကျော် သက်ပြင်းချ



Asian Fame Media Group

၏။ ပြီးမှ မောင်ထူးပခုံးကိုတစ်ချက် ပုတ်ကာ

"အေးကွာ၊ ကျေးဇူးပဲ မောင်ထူး၊ အချိန်မီသိထားရတော့ ကောင်းတာပေါ့၊ မင်းပြန်တော့ ဟုတ်လား။ ဩော် နေဦး၊ ရော့. . .၊ မင်းမုန့်ဖိုး သုံးဖို့ ယူသွားဦး"

"ဟုတ်ကဲ့ ဆရာ၊ ဒါပဲနော်၊ ကျွန်တော့်တာဝန်ကျေပြီ"

တစ်ထောင်တန်ငွေစက္ကူကို ယူကာ ပြန်လှည့်ထွက်သွားသော မောင်ထူးကို ကျေးဇူးတင်စွာကြည့်ရင်း ဦးခင်မောင်ကျော်ပြုံး၏။ တယ်အားကိုးရတဲ့ တပည့်ပါလား။ ဒါကြောင့်လည်း သည်တပည့်ကို မုန့်ဖိုးကလေးတွေပေးလိုက်၊ အဝတ်အစား တစ်ပတ်ရစ်အကျႌကလေးတွေပေးလိုက်နဲ့ သေသေချာချာ လက်သပ်မွေး စည်းရုံးထားရတာပေါ့။ ကိုယ့်အတွေးနှင့်ကိုယ် မခိုးမခန့် ပြုံးလိုက်ပြီး ဦးခင်မောင်ကျော် စိတ်ထဲကနေ ကိုယ့်ကိုယ်ကိုယ် လက်မပြန်ထောင်ပြကာ ဩဘာပေးလိုက်၏။

"ဟင်းဟင်း. . .၊ မင်းလောက်မှ မပါးနပ်ရင် မင်းလင် ဘယ်လုပ်ပါ့မလဲတင်မမရယ်၊ လိုက်ချင်သပဆိုလည်း လိုက်ခဲ့ပေတော့၊ ခြံဝမှာ ခတ်ထားတဲ့သော့ခလောက်ကြီးက သူတို့ ဒီမှာမရှိကြပါဘူးခင်ဗျာလို့ 'အာမခံ' ပေးလိုက်လိမ့်မယ်။ 'အာမခံသော့' ဆိုတာ အဲဒါမှ အစစ်လေ။ မှတ်ထား၊ အဲဒါ ခင်မောင်ကျော်တဲ့ကွ၊ ခင်မောင်ကျော်ကို လာမစမ်းနဲ့၊ ချာလပတ်ရမ်းသွားမယ် သာမှတ်၊ မတောက်တခေါက် ပညာကလေးနဲ့ ပျင်းတောင်ပျင်းသေးတယ်ဆိုတဲ့ သီချင်းသာအေးအေးဖွင့် နားထောင်နေစမ်းပါကွာ၊ အန်းတိတ်ကြီးက အန်းတိတ်နေရာပဲ နေခဲ့စမ်းပါ"

(၃)

တရိပ်ရိပ်ပြေးနေသော တက္ကစီအငှားကားကလေးပေါ် တွင် လိုက်ပါလာရင်းကပင် ကားခငွေ ၁၅၀၀ ကို နှမြောနေမိပြန်သည်။ သို့ပေမယ့် မတတ်နိုင်၊ အသွားတုန်းက ဘတ်စ်ကားတိုးစီး၍ သွားခဲ့ပေမည့် သည်အပြန်ခရီးမှာတော့ တက္ကစီကို ငှားရမည်ဖြစ်သည်။ ထို့ကြောင့် အပြန်ခရီးတစ်ဝက်ကို ဘတ်စ်ကားစီးပြီး ခရီးတာအရ ကားခ ၁၅၀၀ လောက် ရမည့် အကွာအဝေးကျမှ တက္ကစီငှားစီးပြီး ပြန်ခဲ့ရခြင်းဖြစ်သည်။ တော်ကြာ ခြံဝင်းတံခါးရှေ့သို့ တက္ကစီကားထိုးဆိုက်လာသည်ကို မမြင်ပါက အန်တီတင်က ဟိုမေးဒီမေးနှင့် လျှာရှည်လိမ့်ဦးမည်။ ငါခိုင်းတဲ့ဆီ ရောက်မှရောက်ရဲ့လား။ ဘာလားညာလားနှင့် သံသယမေးခွန်းတွေ ဆက်နေလိမ့်ဦးမည်။ ထို့ကြောင့် မငှားချင်ပါဘဲနှင့် တက္ကစီငှားကာ မောင်ထူးပြန်လာခဲ့ရ၏။

အပြန်ကားငှားခငွေ ကုန်သွားပေမည့် ကိစ္စမရှိ။ အန်တီတင်ပေးသည့် ငါးထောင်တန်က အားလုံးကုန်သွားသည်မဟုတ်။ အသွားအပြန်ဘတ်စ်ကားခ ၄၀၀၊ တက္ကစီ လမ်းတစ်ဝက်ခက ၁၅၀၀ ဆိုတော့ ၂၀၀၀ ကုန်သည်ပဲထား. . .။ ၃၀၀၀ ပိုသေးသည်။ ထို့အပြင် အန်တီတင်ကရော ဦးခင်မောင်ကျော်ကရော မုန့်ဖိုးဆိုပြီး ၁၀၀၀ တန် တစ်ရွက်စီ ချီးမြှင့်ထားကြသေးသည်ပဲ။ သည်နေ့အဖို့ ကိုယ့်ပါးနပ်မှုနှင့် ကိုယ်ရသည့် ဝန်ဆောင်ခ ၃၀၀၀၊ မုန့်ဖိုးအဖြစ်ရသည့် ၂၀၀၀၊ စုစုပေါင်း ငွေ ၅၀၀၀ ကျပ်ကိုင်၍ မောင်ထူးအိမ်ပြန်နိုင်ပြီ။ ကလေး ၅ ယောက်၊ လူကြီး ၂ ယောက်ရှိသော မိသားစု၏ ဆန်အိုးကလေးနှင့် ဆီပုလင်းကလေးကို 'ဈေးပေါ်ပေါ်ဆန်' နှင့် 'အရောအနှောဆီ' ဝယ်ဖြည့်နိုင်တော့မည်မို့ ပြုံးပျော်နေမည့်အိမ်က မိန်းမမျက်နှာကိုပင် မြင်ယောင်မိသေးတော့သည်။

အင်း. . .။ သူတို့လူချမ်းသာတွေ၊ အထက်တန်းလွှာတွေ လူမှုရေး ဖောက်ပြန်ကြတာကို ကာကွယ်ဖို့ အလွယ်တကူ 'ရော့' 'အင့်' ဆိုပြီး စွန့်ကြလိုက်တဲ့ငွေက သူတို့အတွက် မုန့်ဖိုးဆိုပေမယ့် ငါတို့လို ဆင်းရဲသားတွေ အတွက်တော့ဖြင့် ဘဝရပ်တည် နေထိုင်စားသောက်ရေးမှာ တစ်တပ်တစ်အားပါလား။ ခင်ဗျားတို့ လိုင်လိုင် ဖောက်ပြန်ပေးကြပါလို့တောင် ဆုမတောင်းတောင်းဘဲနဲ့ ဆုတောင်းပေးရမလိုဖြစ်နေပြီ၊ နေ့မအား ညမအား ဖောက်ပြန်နိုင်ကြပါစေဗျာလို့ ညအိပ်ရာဝင်တိုင်း အဓိဋ္ဌာန်ပေးရမလိုဖြစ်နေပြီ။ လောကကြီး တယ်ကောင်း၊ ငါ့မှာလည်းဒုက္ခ၊ အချိန်မရွေး ငါ့ထမင်းအိုးကို ရိုက်ခွဲပစ်နိုင်တဲ့ သူ နှစ်ယောက်ကြားမှာ နီးရာဓားကြောက်ရတဲ့ ဘဝနဲ့ အဆင်ပြေအောင်နေရင်းကနေ မုသာဝါဒကောင်ကြီး ဖြစ်မှန်းမသိဖြစ်နေရပြီ။ မတတ်သာလို့ ယူနေရပေမယ့် သူတို့ မုန့်ဖိုးတွေအတွက် ငါ့မှာလိမ်ပြောမလို့ ရတဲ့ဒုက္ခနဲ့ဖလှယ်နေရသလိုပဲ။ ဟယ် . . . တတ်နိုင်ပါဘူး။ စေ့စေ့ပြန်တွေးတော့ ငါ တစ်လလုံးနေပူခံ မိုးစိုခံပြီး ကျုံးရှုန်းလုပ်လို့ရတဲ့ လခငွေ ၃၀၀၀၀ နဲ့ မစားလောက်လို့ အိမ်ကမိန်းမတောင် အရပ်ထဲအဝတ်လည်လျှော်နေဖွပ်နေရတာ မဟုတ်လား။ ပြီးတော့ ဟိုတစ်ခါ ငါ့သားကလေး သွေးလွန်တုပ်ကွေးနဲ့ သေကောင်ပေါင်းလဲဖြစ်လို့ ဆေးကုဖို့ ငွေ ၁၀၀၀၀ လောက် ကြိုးပေးပါလို့ တောင်းပန်မိပါတယ်၊ ငါတို့မှာ ငွေတွင်းရှိတာမဟုတ်ဘူးဆိုပြီး လင်မယားနှစ်ယောက်စလုံး ငွေ ၁၀၀၀ တောင် မပေးခဲ့ပါဘူး။ ဘဝတူဆင်းရဲသားတွေချင်းက သူ ၁၀၀၊ ငါ ၅၀၀ ဆိုသလို သူတို့တည်မယ့်ထမင်းအိုးကဖဲ့ပြီးကိုင်းကောက်ကြလို့ ငါ့သားလေး ဆေးကုနိုင်ခဲ့တာ၊ ကံကောင်းလို့ မသေတာယ်၊ ဒီတုန်းက လူတစ်ယောက်အသက်ကို ကယ်တင်ဖို့ ဇီဝိတဒါနကိစ္စကြီးပါ။ အလကားနေရင်း အပျော်အပါး ရုပ်ရှင်သွားကြည့်ဖို့တောင်းတဲ့ ငွေမျိုးမဟုတ်ပါဘူး။ အဲဒါတောင် ဥပေက္ခာပြုရက်နိုင်ခဲ့ကြတဲ့သူတွေ၊ လူလူချင်းစာနာတဲ့ အသည်းနှလုံးမပါလာတဲ့သူတွေ။ ဟော. . . သူတို့ အကျိုးစီးပွားထိခိုက်လာမယ့်ကိစ္စ၊ သူတို့ဖောက်ပြန်မှုတွေကိုကာကွယ်ဖို့ ကိစ္စမျိုးတွေကျတော့ ထွက်လာလိုက်တဲ့ ငွေတွေမှ ဖုံးပေါလအော အကူအညီပေးတာတောင် မဟုတ်ဘူး။ မုန့်ဖိုးပေးတာဆိုပဲ။ ဒီကတည်းက သူတို့ ရင်ထဲက စိတ်နေစိတ်ထားတွေက သိသာထင်ရှားနေပြီပဲ။ ပြီးတော့ ဒီမုန့်ဖိုးဆိုတာကလည်း သူတို့ ကိုယ်တိုင်ကကြည်ဖြူလို့ ရက်ရက်ရောရော ပေးခဲ့တာပဲ၊ 'သဒ္ဓါလို့ကျွေးသေဆေးတောင်စားရ' ဆိုတဲ့စကားနဲ့ ထွက်ကြည့်ရင်. . ."

တက္ကစီဆရာက ကားကို ငြိမ့်ခနဲထိုးရပ်လိုက်၍ မောင်ထူးအတွေးတွေ ပြတ်သွားသည်။ အန်တီတင်တို့ ခြံတံခါးဝရှေ့ဘက်သို့ ပြန်ရောက်နေပေပြီ။ ကားဆရာကပြောသည်။

"စောစောက ခင်ဗျားပြောတဲ့ ခြံနံပါတ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ဗျာ၊ ကျေးဇူးပါပဲ"

ကားဆရာကို ပြန်ပြောရင်း ကားတံခါးဖွင့် ဆင်းလိုက်၏၊ ကားရပ်သံကြောင့် တိုက်ထဲမှ လှမ်းထွက်လာသော ဒေါ်တင်မမကို မြင်ရ၏။ တစ်ဆက်တည်းမှာပင် ခါကြားထဲ၌ ပုဆိုးစနှင့် လိမ်ညှပ်ထားသော ငွေ ၅၀၀၀ အလိပ်ကလေးကို ပြန်စမ်းကြည့်လိုက်ရင်း မောင်ထူးစိတ်ထဲမှ ရေရွတ်မိပြန်လေသည်။

"အင်း. . .၊ ဆရာနဲ့အန်တီတင်တို့ရေ. . .၊ ကျွန်တော်ကတော့ ဆရာတို့ လင်မယားနှစ်ယောက်ဆီက မုန့်ဖိုးငွေတွေနဲ့ အပိုထွက်လာအောင် ကြံဖန်လုပ်ထားရတဲ့ ကားခငွေတွေကို ယူလိုက်မိပြန်ပြီ။ ကျွန်တော့်လုပ်ရပ်တွေ မဟုတ်ဘူးဆိုတာ သိပေမယ့် ချို့တဲ့လှတဲ့ကျွန်တော့်မိသားစုကလေးအတွက် အထောက်အပံ့အားကိုးကလေးတစ်ခု ဖြစ်နိုင်တာမို့ မျက်စိမှိတ်ယူလိုက်ရပြန်ပြီ။ အဲဒီအတွက် ကျွန်တော့်မှာ အပြစ်ရှိတယ်ဆိုရင်လည်း. . ."

"ဘယ်လိုလဲဟေ့ မောင်ထူး"

ဒေါ်တင်မမထံမှ လှမ်းမေးသံကြောင့် မောင်ထူးနှုတ်ဖျားမှ အာဂုံဆောင်နေကျစကားလုံး ကလေးတွေ ပျာပျာသလဲတိုးထွက်သွားကြလေသည်။

"ဗျာ. . .၊ မတွေ့ခဲ့ဘူးအန်တီတင်၊ သူတို့ တခြားတစ်နေရာရာမှာ တွေ့ကြတာဖြစ်လိမ့်မယ် ထင်တာပဲ၊ မယုံရင် အန်တီတင်ကိုယ်တိုင် လိုက်ကြည့်လေ၊ စိတ်မပျက်ပါနဲ့ အန်တီတင်ရယ်. . .၊ တစ်နေ့မဟုတ် တစ်နေ့တော့ ကွဲခနဲမိပြီး ဖော်ထုတ်နိုင်မှာပါ။ ဘယ်နေ့ဆိုတာကတော့ . . ."

**နန္ဒာစိုး (ဆင်ဖြူကျွန်း)**


# မိုးလွတ်သဲထမင်း

## ပန်းရေညှိုး
## | မိုးကုတ် |

ဝတ္ထုတိုရသ

မြေကမ္ဘာရဲ့ ဘယ်နေရာချောင်ကြားက ဘယ်လိုလူတွေကများ ထတဲ့ပြီး ကြောင်လိုက်တယ် မပြောတတ်ပါဘူး။ သမီးလေးမွေးတဲ့ နေ့ကိုမှ တိုက်တိုက်ရယ်တဲ့ ဆိုင်ဆိုင် (Valentine's Day) လို့ သတ်မှတ်နေကြပါပေါ့ကလား။ "ချစ်သူများနေ့" ဆိုပြီး ပစ်စလက်ခတ်ကြီး လုယူကြော်ငြာပစ်လိုက်ကြတာ . . .။

ဒီပုံအတိုင်းဆိုရင် နောက်ထပ် "မုဆိုးမနေ့"၊ "တစ်ခုလပ်နေ့" တွေ






နဲ့ ဘာဒေးညာဒေးဆိုပြီး လင်ပစ်မ ညည်းချင်းတွေ ထဟဲကုန်မှ ရင်မော ရချည်ရဲ့ နဂိုမူလအခံမှာ သေရည်က စပွန်ဆာပေးထားလို့ ဂေါက်ချင်ပါ လျက် ကျိတ်ကြောင်တောင်ဖြစ်နေကြတဲ့ လူမွန်မြတ်တစ်သိုက်ကလည်း "မအိုဆေးအဖွဲ့များနေ့ . . ."ဆိုပြီး ဇွတ်ထကြမ်းလိုက်ရင် ဘယ့်နှယ်လုပ်ကြမှာပါလိမ့်၊ အဲဒီနေ့တစ်လျှောက်လုံး ရှေ့ကျွမ်းနောက်ကျွမ်းတွေနဲ့ ၂၃၇ ဒီဂရီမကအောင် ကမ္ဘာမြေကြီး တိမ်းစောင်းကုန်ရင် ခက်တော့မှာပဲ၊

သမီးလေးမွေးစကတော့ မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းထက် တစ်ရက်ပဲ ငယ်တယ်လို့ ချစ်စနိုးနဲ့ ဂုဏ်ယူရင်း အလွယ်မှတ်ထားခဲ့ကြတာ၊ အခုတော့ အသည်းဘူးတွေ နှလုံးရှူးတွေ ထကြောင်လိုက်မှ ရှုပ်ကုန်ရတော့မလိုဘဲ။ တစ်မျိုးတော့ ကောင်းပါရဲ့လေ၊ သမီးလေးမွေးနေ့ကို ထူးပြီး မှတ်နေစရာမလိုတော့တာပေါ့။ မထာတ်နိုင်ဘူး။ အတွေးဆိုတာ စိတ်ခံစားမှု သက်သာရာဘက်ကနေပဲ လှည့်ထွက်ရမှာကိုး။

•

သမီးလေးက သောကြာသူမို့ ထင်ရဲ့။ အရွယ်နဲ့ မလိုက်အောင် စကားတွေက ကြွယ်လှပြီ။ သီချင်းစာ



**"ရတနာဆိုတာ ထိုက်မှနားတယ်" လို့ဆိုရိုးစကားမှန်ခဲ့ရင် သားသမီးဆိုတာဟာလည်း ရတနာတစ် ပါးပါပဲလို့ သူ့အကြွင်းမဲ့ ယုံကြည်ပြီးသား ပြောပြီးပြီလေ။ တိုက်ကြီးတွေ သမုဒ္ဒရာကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ ကမ္ဘာကြီးတစ်ခုလုံးကို မဆိုနဲ့ဦး။ ဟောဒီမြန်မာပြည်ထဲမှာကို သူ့ထက်မြင့်မားစိုပြည်ကြတဲ့ ကြေးရတတ်မိဘတွေ အများကြီးရှိနေတာပဲ။ သွားပါတော့လား။ အဲဒီ ဝမ်းဗိုက်တွေရှိရာဆီကို ဝင်စားလိုက်ပါတော့လား . . .**

သားတွေကို ဟိုကျော်ဒီခွနဲ့ ဆိုနေလိုက်တာများ တေလာဆွစ်တောင် စိတ်ညစ်လို့ ထိုင်ငိုရတော့မလိုဘဲ။ ကလေးဦး မြေးဦး ဖြစ်စဉ်အတိုင်း နှစ်ဖက်အမျိုးအဆွေတို့ရဲ့ မေတ္တာမိုးရေတွေကြားမှာ ဆိုးနွဲ့ခွင့်ရနေတာကလည်း သမီးရဲ့ ပါရမီကုသိုလ်တစ်မျိုးပေါ့လေ။ နပ်တွဲလောင်းမို့ ညှစ်ပေးမိပါတယ်။ စိတ်မကြည်တဲ့ အချိန်နဲ့များ တိုက်ဆိုင်ရင် "နပ်တွေ ပြန်ထည့်ပေး။ မီးရဲ့နပ်တွေပြန်လျော်ပေး" နဲ့ အော်ငိုလို့ကို မဆုံးတော့တာ။

သူကိုယ်တိုင်ကလည်း ကလေးကို ရိုက်နှက်ဆုံးမတတ်တဲ့ မိဘအမျိုးအစားထဲမှာ မပါဝင်ချင်ဘူး။ အန္တရာယ်ကို ကြိုမြင်တတ်ပြီး ကာကွယ်နိုင်ဖို့ လမ်းကြောင်းပေးမယ်။ ဖျောင်းဖျတဲ့ နည်းအစုံနဲ့ အာရုံကို ပြောင်းပေးရင်း သိမ်းသွင်းယူမယ်။ မျောက်ကို ဆန်တောင်းသင်သလို တုတ်မိုးခိုင်းတတ်တဲ့ မိဘတွေကို သူကြည့်မရတာ ကြာပြီ။ ပုထုဇဉ်တို့ သဘာဝအလျောက် ဖြစ်ပေါ်လာရတဲ့ ကိုယ့်ဒေါသကို သားသမီးတွေ အပေါ်မှာ ဘယ်ခါမှ ပုံမချဘူး။

"အမေ၊ တွေးစရာနှင်းက သူတို့ အမေကိုခေါ်တာ မေကြီးတဲ့ အဖေကိုလည်း ဖေကြီးတဲ့။ ရယ်ချင်စရာကြီးနော်"

"အေးပေါ့ သမီးရဲ့ မြန်မာလူမျိုးတွေအတွက် မိဘအရင်းကို အမေ၊ အဖေလို့ခေါ်မှ အဓိပ္ပာယ်ရှိတော့မပေါ့။ အဘိုး အဘွားတွေကို မေကြီး၊ ဖေကြီးခေါ်တာဆိုရင် လက်ခံလို့ရသေးတယ်။ အမေ၊ အဖေအရင်းကို မေကြီး၊ ဖေကြီးလို့ သုံးပြီး ခေါ်နေကြတာမျိုးတော့ မိဘလုပ်တဲ့သူတွေက ဆင်ခြင်ပြုပြင်ဖို့ ကောင်းတယ်"

တချို့တွေများ ဗုဒ္ဓဘာသာဝမာလူမျိုးစစ်စစ် ဖြစ်နေပါလျက်နဲ့ "အပါး"တို့ "အမား"တို့ ခံတွင်းလိမ်နေတာကို သူနားဆင်းရဲပြီး နားကြားပြင်းကပ်လှပြီ။ ဒါတွေကို ပြောပြနေရင်လည်း သမီးလေး နားရှုပ်ထွေးသွားမှာမို့ လေအေးဒဏ် မသင့်စေချင်ပါဘူး။ မိုးအောက် မြေပြင်တစ်ခွင်မှာ သူ့ထက် အပုံတစ်သိန်းမကသာအောင် အဆင့်မြင့် ချောင်လည်နေတဲ့ မိဘတွေရှိနေ ပါလျက်နဲ့ ဘာလို့ များ သူ့ဘဝထဲကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင်ဝင်လာခဲ့ရတာလဲ ဆိုတဲ့အတွေးနဲ့ ဒီသမီးလေးကို အချစ်တွေ ပိုနေရတော့တာပဲလေ။

သမီးလေးကို မူကြိုကျောင်းအပ်ပေးလိုက်တိုင်း လခအကုန်ခံပြီး လက်လန်ခဲ့ရတာချည်းပဲ။ ဝယ်ပေးလိုက်တဲ့မုန့်တွေ၊ ထည့်ပေးလိုက်တဲ့ ထမင်းဟင်းတွေ တစ်စက်ကလေးမှ အရာမယွင်းခဲ့ဘူး။ ဒီအတိုင်း ပြန်ပါလာတာပဲ။

မိဘရင်ခွင်နဲ့ ပထမဆုံးခွဲရတာမျိုးမို့ တခြားကလေးတွေလို အာခေါင်ခြစ်ပြီး အော်ငိုတာဆို အကြောင်းမဟုတ်ဘူး။ အခု သမီးက ကျိတ်ပြီးခိုက်ငိုတာ။ ဆရာမကချော့လည်း မရဘူး။ ခြောက်လည်း မကြောက်ဘူး။ ရေးခိုင်းတဲ့စာကိုတော့ မျက်ရည်စက်လက်နဲ့ လိုက်ရေးရှာတယ်။ ညနေမူကြိုဆင်းချိန် သွားကြိုလိုက်ရင် မျက်နှာပြင်တစ်ခုလုံး ရဲနေတာပဲ၊ နှာသီးဖျားလေးဆို နီတွက်နေလို့ အနာဖြစ်မှာတောင် စိုးရိမ်ရတယ်။

သူစဉ်းစားရပြီ။ သမီးရဲ့ အမေနဲ့လည်း အကြေအလည် ညှိနှိုင်းရပြီ ဒီပုံအတိုင်း နေ့စဉ်ရက်ဆက် ကျိတ်ကျိတ်ပြီး ခံစားနေရတယ်ဆိုရင် သမီးလေးရဲ့ နုနယ်တဲ့နှလုံးသားမှာ မတန်မရာဒဏ်ရာတွေ ဖြစ်ရတော့မယ်။ တော်ပြီ တော်ပြီ အချိန်တန်လို့ ကျောင်းနေရမယ့် အရွယ်ရောက်မှပဲ ရအောင်ထားယူတော့မယ်။

ဒီလိုတွေနဲ့ပဲ သမီးရဲ့ပညာရေးအစမှာ မူကြိုကျောင်းသူအဖြစ်က သုံးကျောင်းကို သုံးရက်နဲ့ပဲ စခန်းဖြတ်ခဲ့ရတော့တာ။ နီးနွယ်ရာပတ်သက်ကြောင်းတွေကတော့ ဝိုင်းပြီး အပြစ်တင်ကြတာပေါ့လေ။ ကလေးကို ဒါလောက် အလိုလိုက်ရပ့ါမလား ဆိုပြီး သူ့အပေါ် မဲတင်းသမျှတွေ ကိုယ်တိုင် ငုံခံနေလိုက်တော့တာပဲ။ သမီးလေးအတွက် ထားရှိတဲ့ ထုနဲ့ထည်နဲ့ သူ့မေတ္တာစွမ်းရည်ကို တခြားသူတွေ ဝင်ခံစားဖို့ မဖြစ်နိုင်ပါဘူး။ ကိုးလကျော်တဲ့အထိ ဝမ်းနဲ့လွယ်ထားခဲ့ရတဲ့ မိခင်မအေအရင်းတောင် သမီးရဲ့စိတ်ကို ဖတ်တဲ့နေရာ

မတော့ သူနောက်ကျန်နေခဲ့ဦးမှာကို ကိုယ်တိုင်သိနေခဲ့တာကိုး။

"ရတနာဆိုတာ ထိုက်မှနား တယ်" လို့ဆိုရိုးစကားမှန်ခဲ့ရင် သား သမီးဆိုတာဟာလည်း ရတနာတစ် ပါးပါပဲလို့ သူ့အကြောင်းမှဲ့ ယုံကြည်ပြီး သား ပြောပြီးပြီလေ။ တိုက်ကြီးတွေ သမုဒ္ဒရာကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ ကမ္ဘာကြီးတစ်ခုလုံးကို မဆိုနဲ့ဦး။ ဟောဒီမြန်မာပြည်ထဲမှာကို သူ့ ထက်မြင့်မားစိုပြည်ကြတဲ့ ကြေးရ တတ်မိဘတွေ အများကြီးရှိနေတာ ပဲ။ သွားပါတော့လား၊ အဲဒီ ဝမ်းဗိုက် တွေရှိရာဆီကို ဝင်စားလိုက်ပါတော့ လား၊ အခုသူနဲ့ထိုက်လို့ သူ့ဆီ တန်း တန်းတည့်မတ် ရောက်လာခဲ့တာ သမီးကံနဲ့သူ့ကံ တိုက်ဆိုင်လို့ဆိုတာ ကို ဘယ်သူတွေကများ ငြင်းချင်ဦးမှာ တဲ့တုံး။

◆

ရထားကြီးက မုံရွာဘူတာကို ဝင်ခါနီးလာတော့ တွဲကိုယ်စီပေါ်မှာ လိုက်ပါလာကြသူ အားလုံးဟာ လည်း ရှုစိလှုပ်တုပ် ကိုယ့်အထုတ် ကိုယ်ဆွဲ သူ့အိတ်သူယူနဲ့ ဆင်းဖို့ရာ တာစူရင်း ပြင်ဆင်ကုန်ကြပြီ။

ဒီမုံရွာမြို့ဆိုတာကို ကားလမ်း က အကြိမ်ကြိမ် ရောက်ဖူးနေခဲ့ပေ မယ့် ရထားစီးပြီးလာရတာတော့ ဒီတစ်ခေါက်ဟာ သူ့အတွက် ပထမ ဦးဆုံးပါပဲ။ မုံရွာဘူတာဟာ ဘယ် အပိုင်းလောက်မှာ ရှိနေလေမလဲလို့ အတွေးပန်းချီနဲ့ မြေပုံဆွဲနေပေမယ့် စိတ်ထဲမှာ ဘယ်လိုမှ ပုံဖော်ကြည့် လို့မရခဲ့ဘူး။ ကိစ္စတော့မရှိပါဘူး လေ၊ အတူပါလာတဲ့ မိဖုရားခေါင် ကြီးကို မေးကြည့်လိုက်ရင် ရှင်းသွား မှာပဲတာ။ မဟေသီက အခု တက္ကသိုလ်ဖြစ်နေတဲ့ မုံရွာကောလိပ် မှာ ကျောင်းတက်လာခဲ့တဲ့ ရှေးဦးသူ စစ်စစ်ဆိုတော့ ပိုသိနိုင်ပါလိမ့်မယ်။ အခုထွက်လာရတာကိုက မဟေသီ 'ရစ်' လို့ဖြစ်လာရတဲ့ ခရီးပဲဥစ္စာ။

တကယ်ဆို မတွေးကို သွားရ မယ့်ကိစ္စပဲ။ မန္တလေးဆင်းပြီး ကျွဲ ဆည်ကန်ကနေ ကားစီးလိုက်တော့ ပြီးနေတဲ့ဟာကို မဟုတ်ရပြန်ဘူး။ ခရီးထွက်ရမယ့်အတူတူ ဇာတိချက် ကြွေလေးကို တူးဆွငုံ့ကြည့်ချင်သေး တယ်နဲ့တူပါရဲ့။ စဥ့်ကူးဘက်က လှည့်သွားရအောင်ဆိုပြီး မဲဆွယ် စည်းရုံးလာတော့ မခက်ဘူးလား၊ သမီးလေးလည်း သူငယ်တန်းစာမေး ပွဲဖြေပြီး ကျောင်းပိတ်ထားတုန်း 'ဇက်' စီးဖူးတယ် ရှိအောင်ဆိုတာက အထွန့်တက်လာသေး။

ဒါနဲ့ပဲ ကုန်းနှစ်တန်ရေတစ်တန် ကူးပြီး ရှေးကို ရောက်လာခဲ့ကြတာ သူလည်း ငြင်းမနေချင်တော့ပါဘူး။ အေးအေးတင့်က အမျိုးအဆွေတွေ တစ်သိုက်နဲ့ လေမိုက်မိုက် ကောင်း နေချိန်မှာ သူကလည်း ဦးလေး ဖိုးကင်းအိမ်ရှေ့က သရက်ပင်လေး အောက်ထိုင်ပြီး ပင်ကျရည်လေးနဲ့ 'ဒေါင်း' နေလိုက်ရုံပါပဲ 'ခွင်' ဆိုတာ ဆင်တတ်မှဝင်တယ်လို့ ဆိုထားကြ တာပဲဟာကို။

ညာတိညာတကာတို့ဆီမှာ နှစ်ညအိပ်လို့ ကျွေးသမ္မတွေ စား တီးဝါးတီးပြီး ပြန်တော့လည်း မန္တလေးကို တစ်ဖြောင့်တည်းတန်း မသွားချင်သေးဘူးလုပ်လာပြန်ပြီ၊ မုံရွာက ကျောင်းနေဖက်တွေနဲ့ ထို ဆုံစားပွဲလေး နွှဲချင်ပါသေးတော့၊ လုပ်လိုက်ဟာ ဆံထုံးနောက် သျှောင် ပါတော့လည်း အတူတကွဆိုတဲ့ အဓိပ္ပာယ်က ပြောင်းလဲသွားတာမှ မဟုတ်တာလိုနော. . .

"အေးအေးတင့်ရေ မုံရွာဘူတာ က ဘယ်အပိုင်းလောက်မှာ ရှိတာ လဲ"

"သံလမ်းဘေးမှာလေ ကိုရဲ့"

"အလိုလေး၊ ဟုတ်မှဟုတ်နိုင်ပါ့ မလားကွယ်တို့ သေချာပြန်စဉ်းစား ပါဦး"

"ဘာလို့ မဟုတ်ရမှာလဲ၊ ဟုတ် ကို ဟုတ်တယ်"

ထားလိုက်ပါတော့ ထားလိုက် ပါတော့ ဘူတာဆိုပါမှ သံလမ်းဘေး မှာ ရှိမနေဘူးဆိုရင် ဘယ်သင်္ဘော ဆိပ်မှာ သွားဆောက်ထားရဦးမှာ တဲ့။ မဟေသီတို့ ပီလိုက်ပုံများတော့ မေးမိတဲ့ပါးစပ်ကိုသာ လက်ပြန်ဖြတ် ပြီး ရိုက်ပစ်လိုက်ချင်တော့တယ်။ အေးအေးတင့်တို့ ကျောင်းတက် တုန်းက သံလမ်းဆိုတာ ကျောင်း သားတိုင်း နှုတ်ကျိုးထားတာမို့ မုံရွာ ကောလိပ်ကျောင်းသူရဲ့စကားကို သူနားမလည်နိုင်ခဲ့တော့ နားထဲမှာ ကန့်လန့်ကြီး ပြုံးဖြစ်နေတာကလွဲရင် ဆက်ငြင်းဖို့ သတ္တိမရှိတော့ပါဘူး။

"အမေရေ အဖေ ဟိုမှာ ကြည့် လိုက် မိန်းမကိုရင် သေးသေးလေး တွေ"

"ဪ အဲဒါ ဆရာလေးတွေ သမီးရဲ့ သီလရှင်တွေလေ သမီး ကော အဲဒီလို ဝတ်ချင်လား"

"အင်း အဲလိုတော့ ဝတ်ချင် တယ်။ ခေါင်းတုံး မတုံးချင်ဘူး"

ချင်းတွင်းမြစ်ကမ်း နံဘေးမှာ ရှိတဲ့ တည်းခိုခန်းလေးက တည်ငြိမ် အေးဆေးရှာပါတယ် မြစ်ထဲမှာ သမ္ဗန်လေးတွေ မော်တော်လေးတွေ စုန်ဆန်နေတာကို ကမ်းနားလမ်း ပေါင်ပေါ်ကြည့်ပြီး ပီတိတွေဝေနေ တဲ့ သမီးလေးအတွက်တော့ မြစ်နား ချောင်းနားဝေးတဲ့ တောင်ပေါ်သူပီပီ ကြည့်လေမြင်လေရာတိုင်း အသစ် အဆန်းတွေချည်း ဖြစ်နေရပြီနဲ့ တူပါရဲ့။

"ဟောတော် သမီးလေးဖိနပ် ဆိုင်မှာမေ့ကျန်ခဲ့ပြီ"

ညနေစာစားပြီးလို့ တည်းခိုခန်း ရှေ့ပြန်ရောက်တော့ ဆိုက်ကားပေါ် က ဆင်းတာနဲ့ ဒေါ်အေးအေးတင့် ရဲ့ အသံစွာစွာ မြည်လာရပြန်ပါပြီ။ အိတ်ဇောလေးလုံး တင်ဆင်ထားတဲ့ ဖက်လေယာဉ်ကြီးလို သွားလေရာ အရာနဲ့ ကြောင်းကြောင်းရှိမှ နေ ကောင်းထိုင်သာ မင်္ဂလာဖြစ်ပါလိမ့် မယ်။ ဆိုက်ကားဆရာလေးက မနောပျော့ပျောင်း သဘောကောင်း မို့သာ တော်ပါသေးရဲ့။

"ဘယ်ဆိုင်မှာလဲ အစ်မ ကျွန်တော် ပြန်သွားယူပေးမယ် လေ"

"အေး အေး ကူညီပါဦး ငါ့မောင်ရယ် ဟိုလေ မြဟသ်ာထမင်း ဆိုင်မှာ"

"ဗျာ မုံရွာမှာ အဲဒီနာမည်မျိုးနဲ့ ထမင်းဆိုင် မရှိပါဘူး"

မိတာမတို့ကတော့ လုပ်ခွဲချိုး လိုက်ပြန်ပြီ 'မသာမ'ဆိုတာကို မြည် တွန်ကျီစယ်ပြီး တရုတ်ကြီးလို မပီ ကလာတွင်ကျယ်လာရတဲ့ မိတာမ တို့ကတော့ ရမ်းတကာ့ထိပ်ခေါင်နှိုး ရအောင်ဆို ဗိုလ်ကိုမထားတတ်တာ။ ရောင်းထုတ်လို့လည်း မစွံ။ အငှားချ ထားဖို့လည်း မဖြစ်နဲ့ တစ်လစ်ကြီးကို စိတ်နဲ့ရောပြီး ညစ်နေရတာပဲ။

"ဘာလို့ မရှိရမှာလဲ၊ ငါ ထမင်း စားရင်း သူတို့ကပ်ထားတဲ့ ဆိုင် နာမည်ကို သေချာဖတ်ခဲ့တာ"

မြို့နယ်တိုင်းရဲ့ ဆိုင်တကာ နေရာအနှံ့မှာ ကပ်ထားတဲ့ မြဟသ်ာ အားတိုးဆေးကြော်ငြာကိုမှ ထမင်း ဆိုင်နာမည်ပါလို့ ဇွတ်ကြီးကို အမွေ နဲ့ ခံငြင်းနေလေတော့ သူ မဝင်ရင် ဒီပွဲက ပြီးတော့မှာမဟုတ်ဘူး၊ "ဒီမှာ ညီ အစ်ကိုပြောမယ်။ ဟိုးဘက်လမ်း က ထောင့်ကိုချိုးတဲ့ ဆိုင်လေးကွာ"

"ဪ စိန်မိသားစုသိတယ် သိတယ်"

"အေးကွာ အဲဒါ အမန်းမကြီး ဘူးဆိုရင် လုပ်ပါဦး"

"ရပါတယ် အစ်ကို ကျွန်တော် သွားယူလိုက်ပါ့မယ်"

နောက်တင် ဖြတ်သန်းရဦးမယ့် မန္တလေး၊ မကွေးတိုင်းဒေသကြီး မြို့ တော်တွေမှာများ 'ဆာဒူးကြီး ခေါင် ဆွဲဆိုင်'တို့ 'အဖော်လက်ဖက်ရည် ဆိုင်' တို့လိုမျိုးတွေနဲ့ ကြုံတွေ့နေရ ဦးမလားဆိုတာတော့ သူ့ရင်ဘတ် ပေါ် ပြတ်ရွှေဝလျှင်ကြောကြီး တင် ထားနေရတာပါပဲ။ တတ်နိုင်တော့ပါ ဘူး၊ မြန်မာဇာတ်ကားတွေ ဆင်ဆာ လျှော့ချမယ်ဆိုတဲ့ သတင်းဟာ အမျိုးသမီး သရုပ်ဆောင်အချို့ရဲ့ ဝတ်စားဆင်ယင်ပုံနဲ့များ အကျုံး ဝင်မယ်ဆိုရင်တော့ ကြိုတင်ရင်ခုန် နေရသလိုမျိုးပေါ့. . . ဘုရား. . . ဘုရား. . .။

◆

မြသလွန်ဘုရားရင်ပြင်တော် ပေါ်ကနေ ဧရာဝတီမြစ်ကြီးကို ငုံ့ကြည့်ပြီး မိသားစုတွေလည်း စုံလင်အတူ ရှိနေလျက်သားနဲ့ ဘယ် လို လွမ်းလို့လွမ်းရမယ် မသိအောင် ပါပဲ။

"အဖေရေ ဟိုဘက်ကမ်းမှာ အရုပ်ကားလေးတွေနဲ့ မီးထွန်းပြီး ဆော့နေကြတာ"

"အရုပ်မဟုတ် ဘူးသမီးရဲ့ တကယ်ကားအစစ်တွေ မောင်းနေ တာ အဲဒါမင်းဘူးမြို့လေ"

"မီး ရောက်ဖူးချင်တယ်"

"အေး အေး နောက်ရက်လိုက် ပို့မယ်နော်"

"အဖေ သိလား၊ နေ့လယ်တုန်း ကလေ၊ အိမ်ရှေ့အိမ်က အန်တီလေး

Asian Fame Media Group

က မီးကို ဆိုင်ကယ်ရှေ့ခန်းကနေ တင်ခေါ်ခဲ့တာ တအားစီးလို့ကောင်းတာပဲ"

ဩော် ဖြစ်ရပြန်ပြီ သမီးရယ် 'ဆိုင်ကယ်ရှေ့ခန်း' ဆိုပါလား၊ သမီးလေး ပျော်နေတာကိုကြည့်ပြီး သူတို့လည်း ခရီးတစ်လျှောက် ပင်ပန်းလာသမျှတွေ ပြေပျောက်သွားရတော့တာပဲ။ မြသလွန်စေတီ မြတ်ကြီးရဲ့ တန်ခိုးတော်အနန္တတွေက အပန်းဖြေလျှဖို့ရာ ပိုပြီးအမိကကျလိမ့်မယ်လို့ သူယုံကြည်ပါတယ်။

မဖြစ်မနေ လာရတယ်ဆိုတဲ့ လုပ်ငန်းကိစ္စက ရက်ပိုင်းအတွင်းမှာပဲပြတ်ပါပြီ။ အအေးပိုင်းမှာ နေသားကျလာတဲ့ သမီးလေးက အပူတောရဲ့ ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်အားနည်းတာမို့ အိမ်ရှင်တွေ ဖွတ်တားနေတဲ့ကြားကပဲ ပြန်ဖို့ ပြင်ဆင်ရတော့တယ်။ ကားကသာ စက်နှိုးနေပေမယ့် မြို့ခံမိသားစုတွေနဲ့ကတော့ စကားတွေ မဖြတ်နိုင်ကြသေးဘူး။ ကားပေါ်မှာလည်း တီဗီနဲ့ဆိုတော့ သမီးအတွက် ငြိမ်ဆေးတစ်ခွက်ရသွားပြီ။

"အဖေ ဟိုထိုင်ခုံက လူကြီး က ပိုက်ဆံအသစ်ကိုကိုက်ပြီး ဘာလုပ်နေတာလဲ မသိဘူးနော် ရယ်ချင်စရာကြီး"

တာဝန်ရှိသူတွေက နှစ်ရာတန် တစ်ရာတန် ငွေစက္ကူအသစ်တွေကို အစုတ်အပြဲတွေနေရာမှာ အစားထိုးပြီး လဲလှယ်ပေးထားလည်း တာဝန်မဲ့ သူတချို့ကတော့ အဲဒီငွေစက္ကူ အသစ်ကျပ်ချွတ်ကို ကတော့ချွန်းလိပ်ပြီး သွားကြားထိုးနေတာကမြင့် ရင့်သီးရိုင်းစိုင်းလှတဲ့ လုပ်ရပ်ပါပဲ။ ဒါလောက် ချွတ်ခြုံကျလွန်းတဲ့ အသိစိတ်ဓာတ် အကျိုးအပဲ့တွေနဲ့များ ဒီမိုကရေစီစကားလုံးကို မငြိကလာကုန်းအော်ချင်သေးတယ်လို့ သူ့မှာ အကုသိုလ်တွေ နေပြန်တိုးနဲ့ ဒေါသူနေမိတယ်။

လမ်းခုလတ်က ကားရပ်နားစခန်းရောက်ပြီဆိုတော့ စင်တိုက်မိတဲ့ ထမင်းဆိုင်က လက်ရာတွေဟာ စေတနာ၊ သဒ္ဓါတွေနဲ့ ရောမွှေစီမံထားတာပဲလို့ မြင်ရုံနဲ့တင် ရိပ်စားမိလိုက်ရပြီ။ ကြည့်ဦးလေ။

စားပွဲပေါ်မှာ အုပ်ဆောင်းနဲ့ ဖုံးပြီး အဆင့်သင့်တည်ခင်းထားတဲ့ အရန်ဟင်းတွေကိုက အမယ်စုံပဲ စားတော်ပဲခဲ့ကြက်သွန်နီကို မျှတအောင် ရောစပ်ထားတဲ့ မန်ကျည်းရွက်သုပ်၊ ငါးခြောက်တုံးလေးတွေနဲ့ ကြက်သွန်ဖြူကြော်မွှေထားတဲ့ ငရုတ်သီးကြော် ပြီးတော့ အတို့အမြှုပ်ပန်းကန်က သန့်ရှင်းလတ်ဆတ်အစုံအလင်နဲ့ စားချင့်စဖွယ် တွေ့ချည်းပဲ။ ဒါပေမဲ့ စားရက်မကြံချင်တော့ သူ့ဝိုက်က ဘယ်လိုမှ မဆာသေးဘူး ဖြစ်နေတယ်။ မကွေးကားကြီးဝင်းထဲက ပြည့်လာတဲ့ အစာတွေ မကြေညက်သေးခင် ကားဝင်လာတာကလည်း ခါတိုင်းထက် စောနေတယ်ပြောကြတော့ မဆာဘူးပဲပေါ့။

"ကိုက မစားဘူး ဟုတ်လား၊ အေးတင်လည်း မဆာသေးဘူး"

"ဒါဆို သမီးအတွက်ပဲ ထမင်းတစ်ပွဲ မှာပေးလိုက်ကွာ သမီးကြိုက်တဲ့ ကြက်အမြစ်အသည်းနဲ့ မှာလိုက်ပေါ့"

ထမင်းမှာပြီဆိုတော့မှ ချဉ်ရည်ပူပူလေးလာချပေးတာ ဥချွစ်ရွက်နဲ့လေးကို မွှေးနေတာပဲ။

"ဟယ် ချဉ်ရည်လေးက ပြန်ချင်စရာလေး၊ မှန်းစမ်း မြည်းကြည့်ဦးမယ်။ အယ် ကောင်းတယ်တော့် ရော့ သမီးလေး စားပြစမ်း အပြစ်ကနူးသလားလို့ စားကြည့်ရအောင် အင်းအင်း ကောင်းသားပဲ။ ဒီထမင်းကလည်း ပူပူတော့ကော့လေးတော် ဘာဆန်လဲ မသိဘူး။ ထည့်စားသမီး ရော့ ထမင်းတွေထပ်ထည့်"

မီတာမတိုင်ခင်ကတော့ လုပ်ချနေပြန်ပြီ။ သမီးပန်းကန်ထဲက ထမင်းတွေကော်စားလိုက် စကားတွေပြောလိုက်နဲ့ ပါးစပ်တစ်ပေါက်တည်းကို လုပ်ငန်းနှစ်မျိုး မောင်းနေတော့တာ လက်နှစ်ဖက်ကလည်း တရုတ်သိုင်းကားထဲက မင်းသမီးတောင် "အော မီးတော်ဖုံ" လုပ်ရလိမ့်မယ် လျင်မြန်အားရက်ပါပေ့။ သူကိုယ်တိုင်လည်း မန်ကျည်းရွက်သုပ်ကို ရေနွေးကြမ်းနဲ့မြည်းရင်း ဆန်ကောင်းတယ်ဆိုလို့ သမီးပန်းကန်ထဲက ထမင်းကို ဖွန်းနဲ့ နှိုက်စားမိလျက် ဖြစ်နေရပြီ။

"မိန်းမရေ ဟိုမှာကားထွက်တော့မယ်တဲ့ ပိုက်ဆံရှင်းလိုက်တော့"

"ဟော့ ဒီဝိုင်းက ပိုက်ဆံလာယူပါဦး ထမင်းတစ်ပွဲ ဘယ်လောက်လဲ"

အလုပ်သမားလေးနှစ်ယောက်နဲ့ ဆိုင်ရှင်ဖြစ်ပုံရတဲ့ မျက်မှန်နဲ့မိန်းမ ဝဝကြီးက သူတို့ဝိုင်းဆီကို ထပြေးလာကြတယ်။

"ဟာ တစ်ပွဲဖိုးနဲ့တော့ မရဘူးဗျ"

"ဟဲ့ ဘာဖြစ်လို့မရရမှာလဲ တစ်ပွဲတည်း မှာစားတဲ့ဟာကို"

အခြေအတင် စကားသံတွေကို နားစိုက်ကြည့်ရုံနဲ့ သဘောပေါက်ခြင်းများစွာ နားလည်လိုက်ရပါပြီ။ သူကလည်း မန်ကျည်းရွက်သုပ်လေး နှိုက်မြည်းရင်း ထမင်းတစ်ဇွန်းကော်စားလိုက်နဲ့ မီတာမကလည်း ဟင်းစုံပန်းကန်တွေပေါ် လက်တွေ ပါနေတာကို ကိုယ်တွေကသာ အမှုမဲ့ပေမယ့် ဆိုင်ရှင်ရဲ့ စက္ခုစီစီတီဗွီထဲမှာတော့ အထင်အရှားကြီးကို ဖြစ်နေပါလိမ့်မယ်။

"ကဲ ကဲ နှစ်ပွဲဖိုးယူလိုက်ကွာ ချာတိတ် ဖြစ်တယ်မို့လား"

"အဲဒီလိုဆိုရင်တော့ ရပါတယ်။ ခင်ဗျားတို့က ထမင်းတစ်ပွဲတည်းမှာပြီး ဆွဲခုနစ်ဆက် မျိုးခုနစ်ဆက် အကုန်ဝိုင်းနှိုက်ကြတာကိုးဗျ"

မှတ်ဟ၊ ခရီးသည်အားလုံးနီးပါး ကားပေါ်ရောက်ကုန်လို့သာ တော်ပါသေးရဲ့၊ နို့မို့များဖြင့် လမ်းခရီးတစ်လျှောက်လုံး ရသီဥတုနဲ့ အပြိုင် ပူလိုက်ရမယ့်မျက်နှာ။

"မင်းကွာ စားချင်လည်း တစ်ပွဲသတ်သတ် မှာစားတာမဟုတ်ဘူး"

"အံမယ် ကိုယ်ကကျတော့ရော မန်ကျည်းရွက်သုပ်ပန်းကန်ကို ခွေးလျက်တာထက်တောင် ပြောင်သေးတယ်"

သမီးလေးကတော့ ဘာမှမဆိုင် သူ့ပီပီ တီဗီကဖွင့်ပြနေတဲ့ ဟာသဇာတ်ကားကိုကြည့်ပြီး တခွိခွိနဲ့ ပီတိတွေဖြစ်လို့။

♦

ခရီးက ပြန်ရောက်ပြီး နောက်ရက်မှာတော့ သမီးလေးက မြသလွန်ဘုရားစောင်းတန်းက ဝယ်လာတဲ့ ဒန်အိုးပုတ်လေးတွေ တန်းစီချပြီး ထမင်းဆိုင်ဖွင့်တမ်း ကစားနေတယ်နဲ့ တူပါရဲ့။

"သမီးလေး ဘာဟင်းတွေ ချက်နေတာလဲ"

"ကိန္နရာဆီပြန်နဲ့ ဝေလငါးခေါင်းချဉ်ရည်ရယ်၊ ဒိုင်နိုဆော စွပ်ပြုတ်ရယ်၊ အဖေစားတော့မလား။ ထမင်းခူးလိုက်မယ်လေ"

လူကြီးတွေပြောပြဖူးတဲ့ စကားကို မှတ်ဉာဏ်ထဲ ထည့်ထားနိုင်တဲ့ သမီးလေးအတွက် စိတ်ထဲက ကျိတ်ပြီး ဂုဏ်ယူမိနေတုန်း မြဲစည်းရိုးပေါက်ကတိုးဝင်လာတဲ့ ခွေးနက်မကြီးကို ခြောက်လှန့်ပစ်ဖို့ ခဲလုံး ပြေးယူလိုက်မိတော့ သမီးရဲ့ ထမင်းအိုးလေးကို ခြေဖျားနဲ့ ခတ်နေသွားပါလေရော။ ဒီမှာလေ ပွက်လောရိုက်တော့မယ့် ငိုချင်းဇာတ်တော်ကြီးကတော့ ဘာပြောကောင်းလိုက်မလဲ။

"အီးဟီး ပြန်လျော်ပေး၊ အဖေ့ကြောင့် မို့ မီးရဲ့ ထမင်းအိုးလေး မှောက်သွားပြီ၊ ပြန်လျော်ပေး"

ကိုင်း... ရာဇဝတ်အိုးကို တုတ်မထိုးခင်က အကျ်ရာထင်နေပြီဆိုမှတော့ မဟာ ပြဿနာ တော်ကြီးကလည်း အတောင်အလက် စုံညီကာနဲ့ ချီတက်လာရောပေါ့။

"အေးအေး အဖေ ပြန်လျော်ပေးမယ် တိတ်တိတ်သမီး။ ဒီမှာကြည့် ထမင်းတွေ ပြန်ထည့်ပေးမယ် နော် ရော့ ရော့"

ပြာပြာသလဲကို တောင်းတောင်းပန်ပန်နဲ့ဖျောင်းဖျ ပြီး သမီးကျေနပ်သွားအောင် အိုးပုတ်လေးထဲကို ဘေးမှာ မိတ်ကျနေတဲ့ သဲတွေ ပြန်ကျုံးထည့် ပေးလိုက်ကာမှ ဆတ်ဆတ်ခါအောင် အော်ငိုလိုက်တဲ့ သမီးရဲ့အသံကတော့ ဘဝင်ညံလို့ ငှက်တွေက လန့်ပျံကုန်တဲ့အထိပါပဲ။

"အီး ဟီးဟီး အဲ့လိုလုပ်တော့ ထမင်းထဲကို သဲတွေ ရောပါကုန်ပြီပေါ့ ဘယ်မှာစားလို့ ဖြစ်တော့မှာလဲ ပြန်လျော်ကွာ ပြန်လျော်ပေး"

ဩော် ခက်ပဲခက်ရပါလား သမီးလေးရယ်။

(မန္တလေးနည်းပညာတက္ကသိုလ်က သမီးအတွက်)

**ပန်းရေရိုး (မိုးကုတ်)**

Asian Fame Media Group




# သစ်ဦးဂရင်

## ဖဲသမား

ဘာ သာ ပြန် ဝ တ္တု တို

(၁)

သည်အဖြစ်မျိုးက ဖြစ်နိုးဖြစ်စဉ်၏ ရှုပ်ထွေးပွေလီမှုသာ ဖြစ်သည်။ သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်သည်။ အမြင်ပန်းကကြည့်လျှင် ပြီးပြည့်စုံသော သာမန်ဘဝတစ်ခုဖြစ်သော်လည်း အတွင်းမှာတော့ ကိစ္စတော်တော်များများမှာ ပုပ်သိုးပျက်စီးနေသည့် ဘဝမျိုးပင်။ နောက်ဆုံးတော့ အပြောင်းအလဲတွေပြုလုပ်ဖို့ ဆက်ဆံရေးမှာ ဘယ်လိုသံယောဇဉ်ကြိုးမျိုးကို လိုချင်သလဲဆိုသည့်ကိစ္စနှင့်ပတ်သက်၍ မိမိအပေါ်ကျရောက်လာပေသည်။ သာမန်မျှဖြစ်သော ထူးခြားသည့်နှောင်ကြိုးလား၊ ဒါမှမဟုတ် ထူးခြားစွာ သာမန်မျှဖြစ်သော နှောင်ကြိုးလား။ အာလော့ခ်ချောင်ဒရီအတွက်တော့ ဒုတိယနှောင်ကြိုးကို ပိုမိုနှစ်သက်ပေသည်။ ထိုအရာက သူ့ရဲ့ပုံမှန်အနေ

Asian Fame Media Group

အထားပင်။ လူအချို့သည် သာမန်မျှ အဖြစ်နှင့်သာ မွေးဖွားလာသည်ဟု သူ မှန်းဆမိသည်။

အာလော့ခ်ျ ချောင်ဒရီသည် သာမန်ဘဝ၏ ပြည့်ဝသော စံနမူနာ ဖြစ်သည်။ သူကချီကာဂိုမြို့ဆော့ဖ်ဝဲကုမ္ပဏီတစ်ခုမှာ မနက်(၉) နာရီမှ ညနေ၆နာရီအထိ အလုပ် တာဝန်တွေ ပိနေသူတစ်ယောက်။ ဇနီးနှင့် သုံးနှစ်အရွယ်သမီးတစ်ယောက် ရှိသည်။ အာလော့ခ်သည် ကောလိပ်ကျောင်းသားဘဝတုန်းက ရည်မှန်းချက်အတော်ကြီးခဲ့သော ကျောင်းသားတစ်ယောက်ဖြစ်သည်။ သူ့ပါမောက္ခက ထိပ်ဆုံးရောက်အောင် ကြိုးစားနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် ကောလိပ်က ထွက်လာပြီးနောက် ရာသီဥတုသာယာသော တစ်မနက်ခင်းမှာ ထူးဆန်းသော အားကြီး သော တိရစ္ဆာန်နှင့်တူသည့် ရောဂါတစ်မျိုး၏ ထိုးနှက်ခြင်းခံလိုက်ရသည်။ အားအင်ကုန်ခန်းပြီး မလှုပ်ချင်မကိုင်ချင်သည့် ရောဂါ။ လမ်းလျှောက်ပြီးအပြန်မှာ ဖြစ်သွားပုံရသည်။ ထိုအချိန်မှစ၍ အာလော့ခ်သည် ဘာမှလုပ်ချင်ကိုင်ချင်စိတ် မရှိတော့ဘဲ ပြင်းပြသည့် ဆန္ဒမရှိ ရည်မှန်းချက်မဲ့သည့်သာမန်လူတစ်ယောက်ဖြစ်သွားလေ သည်။ သူ့ဘဝတွင် ဘယ်အရာမျှ အရေး မပါတော့ပေ။

သူသည် သာမန်အရပ်အမောင်း၊ သာမန်အသားအရေနှင့် မလျှို့ဝှက်တတ်သော သာမန်မျက်နှာနှင့် သာမန်လူတစ် ယောက်မျှသာဖြစ်သည်။ ညာဘက်ပါးပေါ်မှာ မှဲ့တစ်လုံးရှိသည်။ သူနှင့် ပတ်သက်၍ သာမန်မဟုတ်သော အရာနှစ်ခုမှာ သူ့မျက်နှာ ညိုညိုတွေ နှင့် ထူထဲနက်မှောင်သော ဆံပင်တို့ဖြစ်သည်။ ပိုးတုံးလုံးဘဝမှ အင်းဆက်ပိုးကောင် ဖြစ်သွားသလို ပြောင်းလဲသွားသည့် သူ့စရိုက်သည် ကင်ဆာရောဂါလို ဒါမှမဟုတ် အာရုံကြောပျက်ယွင်းသည့် ရောဂါလိုရောဂါတစ်ခု၏ ရလဒ်ဖြစ်သည်ဟု လူတွေက ထင်ကြသည်။ ဦးနှောက်ဆဲလ်တွေကို စားပစ် လိုက်၍ ကျပ်မပြည့်သူ တစ်ယောက်လို ဖြစ်သွားတော့သည်။

လူတွေသူ့အပေါ် ဘယ်လိုထင်ကြသည်ကို အာလော့ခ် ရှင်းရှင်းလင်းလင်း မသိပေ။ သူပုံမှန်လုပ်နေကျ အလုပ်က မနက် ၇ အိပ်ရာထ၊ ရေချိုး၊ စကားတစ်ခွန်းမျှမပြောသည့်ဇနီး အိပ်ငိုက်နေသည့် သမီးတို့နှင့်အတူ မနက်စာစား၊ ရုံးသွား၊ ရုံးမှာလည်း သူများတွေနှင့် ရောနှောပြီး စကားမပြော။ ဤမျှသာ ဖြစ်သည်။ လွန်ခဲ့သော နှစ်ကုန်ပိုင်းမှစ၍ 'ဂွတ်ဘိုင်'ဟု သူ နှုတ်ဆက်ပြော ဆိုသော စကားသည် ထိုနေ့၏အရေးကြီးဆုံးသော စကားပင် ဖြစ်ပေသည်။

သူနှင့်ဆူဇန်နီတို့ သာ၍ဝေးရာဆီလွင့်မျောပါနေပြီဟု အာလော့ခ်နားလည်သဘောပေါက်သည်။ သူတို့လက်ထပ်ခဲ့တာ ခုဆိုဆယ်နှစ်ရှိပြီ။ တစ်အိပ်ရာထဲ အတူအိပ်စက်ဆဲ၊ ရုပ်မြင်သံကြားအစီအစဉ်ကိုလည်း အတူတူကြည့်ဆဲပင်။ သူနှင့် ဆူဇန်နီကြားမှာ ပြဿနာတစ်ခုတစ်ရာ သိသိသာသာ မရှိပေ။ သူတို့နှစ်ဦးကြား အကွာအဝေးသည် အိပ်ရာပေါ်က သူတို့နှစ်ဦးကြား နေရာလပ်လိုပင် တဖြည်းဖြည်းပို၍ ဝေးသွားခြင်းမျှသာဖြစ်သည်။ ဒါပေမဲ့ ဤအကြောင်းကို သူဘယ်တော့မျှ စကားမစပေ။ သူတို့နှစ်ဦး၏ ဆက်ဆံရေးမှာ ထူးခြားကြောက်မက်ဖွယ် လေဟာနယ်တစ်ခုလို နေသားကျလာပြီးဖြစ်၍ ရုတ်တရက်မီးပွားလေးတစ်ခုက သူတို့ဆက်ဆံရေးကို ဖျက်ဆီးပစ်နိုင်သည်ဟု သူတို့နှစ်ယောက်လုံး ခံစားနေရသည်သာပင်။ ထို့နောက် တစ်နေ့မှာ ညနေစာစားချိန်တွင် ဆူဇန်နီရဲ့ မီးပွားကလေးက စတင်တောက်လောင်လာသည်။

“ကျွန်မကွာရှင်းချင်တယ်” သူမက ပဲစေ့ဝန်းကန်နှင့် ချထားသည့်အာလူးပြုတ်ပန်းကန်ကို ကြည့်ရင်း ပြောလိုက်သည်။ အာလော့ခ်က ပန်းကန်ပြားကို အာရုံစိုက်ထားရာမှ မော့ကြည့်သည်။ သူ မျက်လုံးအိမ်မှာ စိတ်ရှုပ်ခြင်း၊ မော ပန်းနွမ်းနယ်ခြင်း တိမ်စိုင်တွေကို သိသိသာသာ မြင်ရသည်။

“မင်းက ကွာရှင်းချင်သလား” သူ့စရိုက် တည်ငြိမ်သောလေသံဖြင့် ပြောသည်။

ဆူဇန်နီခေါင်းညိတ်ပြလိုက်သည်။

နောက်ရက်အနည်းငယ်ကြာကြာထိ အာလော့ခ်သည် သူမသိသည့် ဘာမျှမရှိသော နယ်ခြားမြေခြားနိုင်ငံတစ်ခုမှာရောက်နေပြီး၊ အသက်ရှင်ဖို့ လွတ်မြောက်ဖို့ လုံးဝစဉ်းစား၍ မရနိုင်သည့် စစ်အကျဉ်းသားတစ်ယောက်လို ခံစားနေရသည်။ မှုန်ဝါးဝါး ကွန်ပျူတာဖန်သားပြင်တွေ သူရိုက်နှိပ်လိုက်သည့် စာလုံးတွေမှာလည်း အဓိပ္ပာယ်မဲ့နေပုံရသည်။ ပြီးခဲ့သည့် သီတင်းပတ်နောက်ဆုံးရက်မှာ ဆူဇန်နီ သူ့အိမ်က ထွက်သွားပြီး ကော်နက်တီကပ်မှ မိဘတွေနှင့် သွားနေသည်။ သူတို့နှစ်ယောက်လက်ထပ်ပြီး နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ်သူနှင့် ဝေးကွာ ထွက်သွားခြင်းဖြစ်သည်။ ဧပရယ်လေးကိုလည်း သူမနှင့်အတူ ခေါ်သွားသည်။

ဒါပေမဲ့ သူ မကန့်ကွက်ခဲ့။ ကားထဲဝင်ပြီး နောက်ဆုံးအကြိမ်အဖြစ် သူတို့ ခေါင်းငုံ့ကြည့်တာ တောင်မှ စကားတစ်ခွန်းမျှ မပြောခဲ့ပေ။ အာလော့ခ်တစ် လျှောက်လုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ သူ့ဗိုက်ထဲက အလုံးကြီးတစ်ခု လည်ချောင်းမှာ လာဆို့ပြီး အသက်ရှူကျပ်သလို ခံစားနေရ သည်။

ဆူဇန်နီထွက်ခွာသွားပြီးနောက် သူမချန်ထားခဲ့သည့် အဝတ်အစားတွေကိုကောက်ယူလိုက်၊ ဧည့်ခန်းကြမ်းပြင်မှာ ပြန့်ကျဲနေသည့် ဧပရယ်၏ ကစားစရာအရုပ်ကလေးတွေကို ကောက်ယူလိုက်နှင့် အထီးကျန်အိမ်ထဲမှာ ဦးတည်ရာမရှိ လမ်းလျှောက်နေသည်။ထို့နောက် လေသာဆောင်ဘက်ထွက်ပြီး တေးဆိုညည်းနေသည့် အိမ်နီးချင်းတွေကို ငေးကြည့်နေမိသည်။ ရောဘတ်တို့ မိသားစု ထိုနေ့က ဘာဘီကျူးစားနေကြသည်။ ဝက်နံရိုးနှင့်အသားကင်နံ့တွေရတော့မှ သူ တစ်နေ့လုံးဘာမှ မစားရသေးသည်ကို သတိပြုမိသည်။

ဒါပေမဲ့ ဆာလောင်မွတ်သိပ်မှု ခံစားချက်က လျော့သွားပုံရသည်။ အိမ်နီးချင်းတို့ရဲ့ ကျယ်ကျယ်လောင်လောင်ရယ်မောသံတွေ ပွဲတင်ရိုက်

**တစ်ခါတုန်းက**
**ကျေနပ်ပျော်ရွှင်နေသော**
**ဘဝတစ်ခု သူ့ရှေ့မှာတင်**
**အစိတ်စိတ်အမြွှာမြွှာ**
**ကွဲကြေသွားအောင်**
**သူ ဘာအမှားလုပ်မိသလဲ။**
**ပြီးတော့**
**အဲဒီအဖြစ်အပျက်တွေကို**
**မတားဆီးနိုင်ဘူးလား။**
**သူ့ရဲ့ငြိမ်သက်တိတ်ဆိတ်မှုက...**

■

Asian Fame Media Group
MEDIA GROUP

ခတ်လာပြန်တော့ ဘာမှန်းမသိသည့် အလုံးကြီးတစ်ခု တစ်ဖန်ရင်ထဲမှာ ဆို့တက်လာပြန်သည်။ ခုတော့ သူ့အသံဗလံတွေကို ကြောက်နေပြီ။ ထို့ကြောင့်လသာဆောင်မှ ထွက်လာပြီး တံခါးကို ပိတ်လိုက်သည်။ ထိုညက တယ်လီဖုန်းခေါ်သံကို သူ ငြိမ်သက်စွာ စောင့်စားနေသည်။ ဒါပေမဲ့ တယ်လီဖုန်းက လုံးဝမြည်မလာပေ။ နေ့စဉ်အလုပ်လုပ်နေရသည့် တယ်လီဖုန်းလည်း အာလော့ခ်လိုပင် ငြိမ်ချက်သား ကောင်းပြီး အသံပေးဖို့ ငြင်းဆိုနေတာ ဖြစ်ကောင်းဖြစ်မည်ပင်။

ဗလာအိပ်ရာပေါ်မှာ အာလော့ခ်တစ်ညလုံး လူးကာလှိမ့်ကာ ဖြစ်နေသည်။ သူ့မျက်လုံးတွေက သူနှင့်ဆူဇန်တို့လက်ထပ်သည့်နေ့က ရိုက်ထားသည့် ဓာတ်ပုံပေါ် ရောက်သွားသည်။ အာလော့ခ်အမေက အပြင်းအထန် ကန့်ကွက်သော်လည်း သူတို့တစ်တွေ အမေရိကန်ပုံစံအတိုင်း လက်ထပ်မင်္ဂလာပွဲကျင်းပခဲ့ကြသည်။ သူ လူဖြူမိန်းကလေးတစ်ယောက်ကို အမှန်တကယ် ချစ်သည့်အကြောင်း၊ သွေးမတူ မျိုးမစပ်တွေရဲ့ ဆက်ဆံရေးက ဘယ်နေရာမှ အရေးမကြီးကြောင်း သူ့ရဲ့ ရှေးရိုးစွဲ ဟိန္ဒူမိဘတွေ ယုံကြည်လာအောင် အချိန်ယူပြီး ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရသည်။

လူမျိုးဘာသာကွဲ တစ်ယောက်ကို သားကလက်ထပ်မည်ဆိုသည့် ကိစ္စကို သူ့မိဘတွေ လက်ခံလာအောင် ကြိုးပမ်းရာမှာ သူ့အမေက အရင်ဆုံး စိတ်မချမ်းမသာ ဖြစ်သွားသည်။ ဒါပေမဲ့ ဆူဇန်နီကို ကိုယ်တိုင်မြင်တွေ့လိုက်သည့်အခါမှာတော့ သဘောမတူချင်တူချင်နှင့် တူလိုက်ရသည်။ ညစာစားပွဲ အကြိုပွဲကျင်းပရမှာ ဆူဆန်နီက ဘာရိုဝန့်စ်ရိုင်းဘက်ချွန်း၏ နာမည်ကျော်ကဗျာ တစ်ပုဒ်ဖြစ်သော ‘ဘီယာဆိုင်’ အမည်ရှိ နာမည်ကျော်ကဗျာတစ်ပုဒ်ထဲက စာကြောင်းနှစ်ကြောင်းကို ရွတ်ဆိုပြခဲ့သည်။ အာလော့ခ်မိဘတွေ အရမ်းသဘောကျသွားသည်။ သူတို့ရဲ့အရင်ကယုံကြည်ချက်ကို ဆန့်ကျင်လျက် သူတို့သား လူဖြူအမျိုးသမီးတစ်ယောက်ကို ဘဝကြင်ဖော်အဖြစ် ရွေးချယ်ခဲ့တာမမှားဘူးဟု သူတို့ ခုတော့ သဘောပေါက်သွားကြသည်။

လက်ထပ်ပွဲ အကြောင်းကို အာလော့ခ်အချိန်အနည်းငယ်ကြာကြာ တွေးနေမိသည်။ မင်္ဂလာဆောင်ဓာတ်ပုံကို သူကြည့်နေဆဲပင်။ ဆူဇန်နီက အဖြူရောင်ဝတ်စုံလေးနှင့် အလွန်လှသည်၊ မျက်လုံးလေးတွေက တဖျပ်ဖျပ် လက်နေသည်။ လက်ထပ်ပြီးစဇနီးမောင်နှံ နှစ်ယောက်ဓာတ်ပုံထဲမှာ ပြုံးနေသည်။ အာလော့ခ်ဓာတ်ပုံကို နောက်ထပ်အချိန်အနည်းငယ်ထပ်ကြည့်နေသည်။ မျက်ရည်တစ်စက်ပါးပြင်မှာ စီးကျလာသည်။ မျက်လုံးကို အဝေးသို့လွှဲလိုက်ပြီး ခဏလောက်စဉ်းစားနေသည်။ ပြင်းထန်သော မုန်တိုင်းမိုးတိမ်တွေက ငြိမ်သက်နေသည့် သူ့ခန္ဓာကိုယ်အတွင်းမှာ ဗလောင်ဆူနေသည်။ ဤဝေဒနာကို ရှောင်လွှဲဖို့ အာလော့ခ်မျက်လုံးကို မှိတ်ထားလိုက်သည်။

အလုပ်မှ အိမ်ပြန်ရောက်သောအခါ ကွာရှင်းစာချုပ်ရောက်မရောက်သိရအောင် သူ့စာပုံးလေးကို ဖွင့်ကြည့်သည်။ ထုံးစံအတိုင်း ဤစာရွက်တွေ ရောက်လာမည်ကို သူသိသည်။ ဒါပေမဲ့ သူ့နှလုံးသားထဲမှာတော့ ဤစာရွက်တွေကို မြင်လည်း မမြင်ချင်၊ သိလည်းမသိချင်ပေ။ စာပုံးကို နေတိုင်းဖွင့်ကြည့်သည့်အခါတိုင်း သူ့နှလုံးသားက ရင်အတ်ကို ထုနှက်နေသည်။ စာပုံးထဲမှာ စာမတွေ့တော့မှ သူ့ခန္ဓာကိုယ်က အရင်ကလို ငြိမ်ငြိမ်သက်သက် အနေအထားဖြင့် အနားရသွားသည်။ တစ်လအတွင်းမှာ အာလော့ခ်သူ့ အထီးကျန်ဘဝကို နေသားတကျ ဖြစ်သွားသည်။ တစ်ကြိမ်မှာ ဆူဇန်နီကို ပြန်ခေါ်ဖို့ သူတွေးမိသည်။ ဇပရယ်ကို လွမ်းသောကြောင့်ပင်။ ဒါပေမဲ့ တယ်လီဖုန်းခွက်ကို ကိုင်ပြီး ဖုန်းနံပါတ်ကိုလှည့်ဖို့ လုပ်လိုက်သည်နှင့် နှုတ်ခမ်းတွေ လျှာတွေ အာတွေခြောက်လာပြီး စိတ်တွေ ရှုပ်ထွေးသွားကာ ဖုန်းကို ပြန်ချလိုက်မိသည်။

ဩဂုတ်လ ၁ ရက်နေ့။ ချီကာဂိုမြို့မှာ ထူးထူးခြားခြား နေပူပြင်းလှသည့်နေ့။ ထိုနေ့မှာ စာပုံးထဲက အညိုရောင် စာအိတ်ကလေးကို အာလော့ခ်တွေ့လိုက်ရသည်။ နယူးယောက်မြို့ရှိ ဘတ်နှင့် ဒါဟမ် ဥပဒေရုံးမှ ပို့လိုက်သည့် စာဖြစ်သည်။ စာမျက်နှာတွေ လှန်ကြည့်လိုက်သောအခါ "ဤနေရာမှာ လက်မှတ်ထိုးပါ" ဟု ခဲတံဖြင့် ရေး



ထားသည့် နေရာတစ်ခုကို တွေ့လိုက်ရသည်။ ဥပဒေ အခေါ်အဝေါ်တွေကို အာလော့ခ် နားမလည်ပေ။ ဆူဇန်နီရဲ့ လက်မှတ်ကို တွေ့လိုက်ရတော့မှ သူရှင်းရှင်းလင်းလင်း သဘောပေါက်သွားသည်။

သူ့အသက်ကို သုံးလေးချက်လောက်ပြင်း ပြင်းရှူသွင်းကာ စာရွက်တွေကို ကားထဲထည့်ပြီး အဓိပ္ပာယ်မဲ့ ခြေလှမ်းများဖြင့် လမ်းလျှောက်နေသည်။ နှစ်မိနစ်လောက်

Asian Fame Media Group

လမ်းလျှောက်ပြီးနောက် သူ့ကိုယ်သူ ဘတ်စ်မှတ်တိုင်တစ်ခုမှာ ရောက်နေကြောင်း သတိရသွားသည်။ နယ်မြေတွင်းပြေးဆွဲသည့် ဘတ်စ်ကားက ခနီးသည်ကို စောင့်နေသည်။ အာလော့ခ်ဘတ်စ်ကားပေါ် တက်သွားပြီး ပြတင်းပေါက်ဘက်မှာ နေရာယူလိုက်သည်။ ဘတ်စ်ကားထဲမှာ လူအုပ်ကြီးကို တွေ့သည်။ သူ့ပတ်လည်မှာ မျက်နှာများစွာရှိနေသည်။ ဆင်းရဲနွမ်းပါးသော မျက်နှာတွေ၊ အလိုမကျစိတ် နာကြည်းစိတ်တွေဖြင့် ပါးစပ်အဟောင်းသားနှင့် မျက်နှာတွေ၊ မရိုးဖြောင့်သော မျက်နှာတွေ၊ မျက်လုံးဟောက် ပက်မျက်နှာတွေ။ အာလော့ခ်က လူပင်လယ်ကြီးကို လေ့လာနေသည်။ ဒါပေမဲ့ မကြာခင် ငြီးငွေ့သွားပြီး ပြတင်းပေါက် အပြင်သို့သာ ကြည့်နေသည်။

ကားက ရုတ်တရက်ဘရိတ်အုပ်ပြီး ရပ်သွားသည်။ အိပ်မွေ့ချခံရသလို အနေအထားမှ အာလော့ခ် နိုးလာသည်။ သိပ်တွေးမနေတော့ဘဲ ကားပေါ်မှဆင်းပြီး ရည်ရွယ်ချက်မဲ့စွာ လမ်းလျှောက်နေသည်။ မကြာခင်မှာ ထူးထူးခြားခြား ဆင်းရဲနွမ်းပါးသည့် ရပ်ကွက်တစ်ခုမှာ မတ်တတ်ရပ်နေမိသည့် သူ့အဖြစ်ကို သတိပြုမိသွားသည်။ သူ့ပတ်လည်မှာ မသပ်မရပ် အဆောက်အဦတွေ ရှိနေသည်။ လမ်းညွှန်ဆိုင်းဘုတ်လည်း တစ်ခုမှ မတွေ့ရပေ။ အရက်နှင့်စီးကရက်ကို လျှော့ဈေးဖြင့် ရောင်းသည့် စတိုးဆိုင်နှစ်ဆိုင်၊ အရွယ်ရောက် လူငယ်တွေ ဝယ်ခွင့်ရသည့် စာအုပ် စတိုးဆိုင်သုံးလေးဆိုင်တို့က ညစ်ပတ်ပေရေသော လမ်းလယ်ကောင်မှာ တင်စွာခြောက်သည့် အိမ်တွေလို ရပ်တည်နေကြသည်။ အဆောက်အဦဟောင်းတွေကြားမှာ ညပ်နေသည့် လမ်းကျဉ်းကျဉ်းလေးပေါ်က အရက်ဆိုင်တစ်ဆိုင်ကို အာလော့ခ်သတိပြုမိသည်။

အရက်ဆိုင်က ညစ်ပတ်ပေရေနေသည်။ ဤဆိုင်သည် အခြားကမ္ဘာက အဆောက်အဦတစ်ခုလားဆိုပြီး အာလော့ခ်အံ့ဩနေသည်။ ၎င်းမှာ တိုက်အိမ်ဟောင်းတစ်ခုဖြစ်ပြီး အပြင်ဘက်က အစိမ်းရောင်ဆေးသုတ်ထားပြီး ပြုပြင်ထားသည်။ အာလော့ခ်က တံခါးကို တွန်းဖွင့်လိုက်သည်။ တိမ်စိုင်တွေလို ဆေးလိပ်မီးခိုးတွေနှင့် ယမကာရနံ့ပြင်းပြင်းက သူ့ကို နှုတ်ခွန်းဆက်လိုက်သည်။ ဆေးလိပ်မီးကို လက်ဖြင့် ယပ်ထုတ်ပစ်လိုက်သည်။ ချောကလက်ရောင် အသားညိုစားပွဲထိုးမလေးက သူ့ကို အပြုံးဖြင့်နှုတ်ဆက်သည်။

အလယ်က ထိုင်ခုံနေရာ တောင်းလိုက်သည်။ စားပွဲထိုးမလေးကစား ပွဲရှည်ကြီးတစ်ခုဆီ ဦးဆောင်ခေါ်သွားသည်။ ဖဲပြားပုံလည်စည်းနှင့် စားပွဲထိုးဘတ်စုံဝတ်ထားသူတစ်ယောက်က ဘီယာချပေးနေသည်။ ညနေခင်းဖြစ်၍ အော်ဟစ်မြူးထူးနေသည့်ဒေသခံ လူအုပ်ကြီးနှင့် ပြည့်နေသည်။ မုးယစ်ရီဝေနေပြီဖြစ်သည့် လူသုံးလေးယောက်ကို တွေ့လိုက်ရသည်။ CRT တီဗီက "ဝိုက်ဆောက်"နောက်ဆုံးပွဲစဉ်ကို ပြနေသည်။ လူအများစုက တီဗီပတ်လည်မှာ ကုလားထိုင်ကိုယ်စီနှင့် ထိုင်နေကြသည်။ အရက်ဆိုင်ထဲမှာ ခွေးခြေခုံအလွတ်တစ်ခုတွေ့ လိုက်ရ၍ အာလော့ခ်စိတ်သက်သာရာ ရသွားသည်။

"ကျွန်တော်တို့ဆီမှာ ဝိုင်မရှိဘူးခင်ဗျာ၊ သက်တမ်းရင့် ဘီယာ ရိုးရိုးပဲရောင်းပါတယ်" အာလော့ခ်က ဝိုင်မှာသောအခါ စားပွဲထိုးက နှိုနှစ်ရောင်သူ့သွား ဖွေးဖွေးတွေကို လှစ်ဟပြုံးပြရင်း ပြောသည်။

"ရပါတယ်၊ ဘီယာပဲသောက်မယ်" အရက်ဆိုင်ထဲ ခြေမချခဲ့တာ ဆယ်စုနှစ်တစ်ခုလောက် ကြာပြီဖြစ်သည်ကို သတိရရင်း သူက ပြောလိုက်သည်။ အတန်ကြာသောအခါ အာလော့ခ်က အမြှုပ်ထနေသော ဘီယာကို မတ်ခွက်ကြီးထဲမှ တဖြည်းဖြည်းစုပ်ယူ သောက်နေစဉ် အတွေးလှိုင်းတစ်ခုက သူ့စိတ်ထဲ တိုးဝင်လာသည်၊ ဘဝမှာ အများကြီး ရှုံးနိမ့်သွားပြီဖြစ်ကြောင်း သူ သဘောပေါက်သည်။ သူ့ဘဝမှာ အဖိုးတန်သည့်အရာဆို၍ ဘာမျှမရှိတော့။ ဇနီးလည်း မရှိတော့၊ သမီးလည်း မရှိတော့ပေ။

သူ့မှာ အလုပ်တစ်ခုတည်းသာ ရှိပြီး ထိုအလုပ်ကို သူမုန်းသည်။ သူ့စိတ်အာရုံထွေပြားမှုကို သူ့ဌေးက သတိထားမိပြီး အလုပ်ကို သေသေချာချာ မလုပ်လျှင် သူ့နေရာမှာ အခြားတစ်ယောက်ကို အစားထိုးပစ်မည်ဟု ခြိမ်းခြောက်ထားသည်။ သူ့အပြစ်တွေကို တွက်ဆကြည့်ဖို့ ကြိုးစားသည်။ သူ့အမှားတွေက ဘာတွေလဲ။ သူ့ရှုံးနိမ့်သူတစ်ယောက်တကယ်ဖြစ်သွားပြီလား။

တစ်ခါတုန်းက ကျေနပ်ပျော်ရွှင်နေသော ဘဝတစ်ခု သူ့ရှေ့မှာတင် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားအောင် သူ ဘာအမှားလုပ်မိသလဲ။ ပြီးတော့ ဖဲဒီအဖြစ်အပျက်တွေကို မတားဆီးနိုင်ဘူးလား။ သူ့ရဲ့ ငြိမ်သက်တိတ်ဆိတ်မှုက ပြိုကွဲမှုကို လောင်စာဖြည့်ပေးတာ ဖြစ်ကောင်းဖြစ်မည်။ ဒါမှမဟုတ် ဒီလိုဖြစ်ဖို့ကို မတီးလာတာ ဖြစ်လိမ့်မည်။ ဘဝကြမ္မာကို အပြစ်ဖို့ခြင်းဖြင့် ခံစားချက်တွေကို ဖယ်ရှားမပစ်နိုင်ခဲ့ပေ။

တောက်တောက် ပြောင်ပြောင် အဝတ်အစားတွေ ဝတ်ထားသည့် အသားမည်း အမျိုးသမီးတစ်ယောက် ဂျပ်စ်သီချင်းသီဆိုနေသည်။ အာလော့ခ်က သူမရဲ့ တေးသွားသံစဉ်တွေကို နားထောင်ရင်း ရင်ထဲမှာ လေးလံနေသည်။ မခံမရပ်နိုင်အောင် လေးလံသည့် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု သူ့ရင်ဘတ်ပေါ်တင်ထားရပုံရပြီး ခုချိန်ထိ ထိုဝန်ထုပ်မှ မလွတ်မြောက်နိုင်သေးပေ။ သူ့ဘီယာ ထပ်မှာလိုက်သည်။ အယ်လ်ကိုဟောက သူ့သွေးထဲရောနှောသွားသောအခါ အမြင်အာရုံတွေ မှုန်ဝါးလာပြီးရင်ထဲမှာပေါ့သွားသည်။ သူခေါင်းညိတ်ပြီး လူအုပ်ကြီးကို လက်ဝှေ့ရမ်းပြလိုက်သည်။ ထို့နောက် နားနေခန်းမှာ အနားယူဖို့လိုပြီ ဆိုသည်ကို သဘောပေါက်သွားသည်။ ယောက်ျားများအတွက် နားနေခန်းကို ရှာဖွေသည်။ စင်္ကြံအဆုံးမှာ အခန်းတစ်ခုကို မြင်လိုက်သည်ဟု ထင်မိသည်။

ရေချိုးခန်း၏ တစ်ဖက်မှာ တံခါးဟထားသည့် အခန်းတစ်ခုကို အာလော့ခ်သတိပြုမိသည်၊ တံခါးဟဟမှ ချောင်းကြည့်လိုက်ရာ၊ မည်းမှောင်ကျဉ်းမြောင်းသော လိုဏ်ခေါင်းတစ်ခုကို တွေ့လိုက်ရသည်။ ထိုလိုဏ်ခေါင်းပေါက် အဆုံးမှာ မှုန်ဝါးဝါးမီးရောင်ကို မြင်တွေ့လိုက်ရသည်။ အာလော့ခ် သိချင်စိတ်ပေါက်လာပြီး အလင်းရောင်ရှိရာသို့ လျှောက်သွားသည်။ သစ်သားအခန်းငယ်လေးတစ်ခုကို တွေ့ရှိပြီး ယောက်ျားအချို့စားပွဲဝိုင်းမှာ ထိုင်နေကြသည်၊ လူသုံးယောက် (၂၀) ပေါက် ဖဲကစားနေကြသည်။ သူတို့ကစားဖော်တစ်ယောက်မလာပေ။ အဘယ့်ကြောင့်ဆိုသော် အာလော့ခ်ခုံလွတ် တစ်လုံးကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"တို့နဲ့ ကစားချင်လို့လားဟော်ဒါ" လူတစ်ယောက်ကပြောသည်၊ ပထမတော့ အာလော့ခ် နားမလည်နိုင်ဖြစ်သွားသည်။ ဒါပေမဲ့ နောက်တော့ ထိုလူပြောတာကို သဘောပေါက်သွားပြီး ရင်ထဲက ချဉ်ခြင်းတစ်ခုတိုးဝင်လာသည်၊ သူ့ဘဝမှာ တစ်ခါမျှ ထူးထူးခြားခြားနှင့် ပုံမှန်မဟုတ်သည့် ကိစ္စတွေကို တွေးတောင်မတွေးမိခဲ့ပေ။ ဒီနေ့တော့ ညစ်ပတ်ပေရေသော အရက်ဆိုင်ထဲမှာ ရပ်နေမိ၍

**ပေရယ်က ဆီးဖြူသီးလို မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ ပန်းသီးလို ပါးရဲရဲကလေးရှိပြီး ဆေးရုံတစ်ရုံလုံးမှာ အချောဆုံးသမီးလေး ဖြစ်သည်။ ပေရယ့်အတွက် အခန်းကို ပြင်ဆင်ခဲ့တာတွေ၊ မပီကလာ ပီကလာ စကားစပြောတာတွေ . . .**

Asian Fame Media Group

ဒီထက်ပိုပြီးဆုံးရှုံးစရာ၊ သိက္ခာကျစရာမရှိတော့ပေ။ ဒယီးဒယိုင်ခြေလှမ်းတွေဖြင့် စားပွဲဆီရောက်သွားတော့သည်။

"ထိုင် ကိုယ့်လူ" တခြားတစ်ယောက်ကပြောသည်။

အာလော့ခ်က သူတို့မျက်နှာတွေကို စေ့စေ့ကြည့်လိုက်သည်။ သုံးယောက်စလုံးမှာ ညစ်ပတ်ပြီး အဆီပြန်နေသည်။ တစ်ယောက်က အောက်သွားတစ်ချောင်းကျိုးနေပြီး ကောင်းဘွိုင်ဦးထုပ်ကို ဆောင်းထားသည်။ အခြားတစ်ယောက်မှာ လက်သမားတွေဝတ်လေ့ရှိသည့် ဖုန်ပေပေဂျင်းဘောင်းဘီနှင့် တီရှပ် လက်ရှည်ကို ဝတ်ထားသည်။ ရွှေဆွဲကြိုးနှစ်ကုံးကိုလည်ပင်းမှာ ဆွဲထားပြီး တင်းကျပ်နေပုံရသည်။ သူ့နှုတ်ခမ်းတွေကို တဖျပ်ဖျပ်ရိုက်တာ အာလော့ခ်မြင်လိုက်ရသည်။ တတိယလူကတော့ မျက်နှာမှာ ကြောက်မတ်ဖွယ် မီးလောင်ဒဏ်ရာရှိသည်။ မျက်နှာကြွက်သားတွေ တွန့်လိမ်ပြီး မည်းနေသည်။ သူ့ဒူးတစ်ဖက်မှာ ပြတ်ရှရာတစ်ခုရှိနေပြီး ဘောင်းဘီမှာ သွေးတွေစွန်းကာ ခြောက်နေသည်။

သူတို့ကိုယ်သူတို့ ဂျွန်ဆင်၊ ဘော့နှင့် မားကပ်အမည်များဖြင့် မိတ်ဆက်ကြသည်။ သူတို့က တစ်ယောက်နာမည်တစ်ယောက်ခေါ်ပြီး ဆဲဆိုနေကြသည်။ အာလော့ခ်က အိပ်ချင်သည့်ပုံစံဖြင့် ခဏလောက်ထိုင်နေသည်။ မျက်နှာမီးလောင်ဒဏ်ရာနှင့်လူက ဖဲကိုကုလားဖန်ထိုးနေသည်။ အခြားနှစ်ယောက်က ဆယ်ဒေါ်လာတန်သုံးလေးရွက်ကို စားပွဲပေါ်တင်ထားသည်။ လက်သမားဂျင်းဘောင်းဘီဝတ်ထားသည့် ဘော့က လောင်းကြေးအနည်းဆုံး ဘယ်လောက်ထပ်မလဲဟု အာလော့ခ်ကို မေးသည်။

"အနည်းဆုံးလောင်းကြေးလား။ ဒီဝိုင်းမှာ ဘယ်လောက်သတ်မှတ်ထားသလဲ" အာလော့ခ်က မေးသည်။ ထိုသူတွေက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြောသည်။

"နှစ်ဆယ့် တစ်ပေါက်က အနည်းဆုံးလောင်းကြေးမရှိပါဘူး။ ဒါပေမဲ့ လောင်းချင်သလောက် ပိုလောင်းနိုင်ပါတယ်"

အာလော့ခ်က ဒေါ်လာ ၅၀ တန်တစ်ရွက်ကို ထုတ်ပြီး စားပွဲအလယ်မှာ ချလိုက်သည်။ "ဒါ ကျုပ်လောင်းကြေး" သူကပြောသည်။

"တယ်ဟုတ်ပါလားဟေ့။ ကစားကြစို့" ဂျွန်ဆင်ကပြောသည်။

ပထမ တစ်လှည့်အပြီးမှာ ကစားဝိုင်းအခြေအနေက ပွဲကြမ်းလာသည်။ လောင်းကြေးကို ဒေါ်လာ ၂၀ မှ ၅၀ သို့မြှင့်လိုက်သောအခါ ထိုသူတွေရဲ့ မျက်နှာအရမ်းပြောင်းလဲသွားသည်။ ဘော့က ခဏနားပြီး ဖဲချပ်တွေကို လေထဲမှာ ကုလားဖန်ထိုးသည်။ နောက်ဆုံး ဒုတိယအလှည့်မှာ ဒေါ်လာ ၂၀၀ ရှုံးသွားသည်။ အာလော့ခ်က လောင်းကြေးနှစ်ဆ ထပ်လိုက်ပြီး ဒုတိယအလှည့်မှာ တစ်ဖဲတစ်ချပ်နှင့် ဆယ်ဖဲတစ်ချပ်ဖြင့် အနိုင်ရသွားသည်။ မားကပ်က လောင်းကြေး ဒုတိယလိုက်ပြီး ဂျွန်ဆင်က သူ့နောက်က လိုက်လောင်းသည်။ ကစားဝိုင်း အခြေအနေ ထူးထူးခြားခြား ပြောင်းလဲမှုကြောင့် သူတို့ မျက်နှာတွေ မကြည်မသာ ဖြစ်နေကြသည်။

အစမှာ အာလော့ခ်က အရက်မူးနေသဖြင့် အခြေအနေကို သိပ်နားမလည်ပေ။ ဒါပေမဲ့ ပထမအလှည့်နိုင်ပြီးနောက် အမူးပြေသွားပြီး အခြေအနေကို ရှင်းရှင်းလင်းလင်း သိမြင်လာသည်။ သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် အနိုင်ရရှိခြင်းဖြစ်သည်။ လက်သီးဆုပ်ကို မြှောက်ပြီးစားပွဲကို ဝုန်းခနဲထိုးထည့်လိုက်သည်။ သူ့ဇနီး ကစားဝိုင်းကိုရောက်လာပြီး သူနိုင်တာတွေ၊ သူ့ဘဝကြမ္မာတွေ ပြောင်းလဲနိုင်သည့် အလားအလာတွေကို မြင်စေချင်သည်။ အာလော့ခ်က ဆုဇန်နီနှင့် သမီးလေးကို သတိရနေသည်။

တတိယအလှည့်မှာ ကွင်းဟတ်ဖဲကိုငေးကြည့်ရင်း ဖဲချပ်ထဲမှာ ဆုဆန်နီကိုမြင်ယောင်နေမိသည်။ "ကျုပ်နှစ်ဆထိုးမယ်" ဟုပြောပြီး ဒေါ်လာ ၁၀၀ တန်တစ်ရွက်ကို ဆွဲထုတ်ကာ စားပွဲပေါ်ပစ်တင်လိုက်သည်။ သူက ဖဲချပ်တွေကိုကြည့်ရင်း ဧပရယ်လေးမွေးသည့်နေ့ကို သတိရနေသည်။ သမီးချောကလေးကို မွေးသည့်အချိန်မှာ ဆူဇန်နဲ့ အနားမှာ သူတစ်ချိန်လုံးရှိနေသည်။ ဧပရယ်က ဆီးဖြူသီးလို မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် ပန်းသီးလိုပါးရဲရဲကလေးရှိပြီး ဆေးရုံတစ်ရုံလုံးမှာ အချောဆုံးသမီးလေးဖြစ်သည်။ ဧပရယ့်အတွက် အခန်းကိုပြင်ဆင်ခဲ့တာတွေ၊ မပီကလာ ပီကလာစကားစပြောတာတွေ၊ အိပ်ရင်းလက်မကို စုပ်နေတတ်တာလေးတွေကို အာလော့ခ်သတိရနေသည်။ နောက်တစ်နှစ်၊ တစ်နှစ်ကျော်ကျော်လောက်မှာ သမီးလေး လမ်းစလျှောက်သည်။ ကလေးကြမ်းပြင်မှာ လမ်းလျှောက်သွားသည့် ခြေသံတွေကို အာလော့ခ်ကြားရနေသည်။ ကွင်းဖဲတစ်ချပ်နှင့် ဆယ်ဖဲတစ်ချပ်ကို စားပွဲပေါ်တင်လိုက်သည်။

ခြောက်လှည့်မြောက်မှာ ကစားဝိုင်းရပ်သွားသည်။ ကစားဝိုင်းမှာ အငြင်းအခုံတွေ ဖြစ်လာကြသည်။ ထိုးတော့ ကြိတ်တော့ မလိုဖြစ်လာသည်။ ထိုလူတွေက အာလော့ခ်ဖဲ ဒိုးကစားသည်ကင်နေသည်။ ဒါပေမဲ့ သက်သေ ရှာမပြနိုင်ဖြစ်နေသည်။ နောက်ဆုံးတော့ သူအနိုင်ရသည့် ငွေကိုပေးပြီး သူ့ကို ပြန်လွှတ်လိုက်သည်။

အာလော့ခ်အရက်ဆိုင်မှ ထွက်ပြီး မြစ်ကမ်းစပ်ဆီသွားသည်။ သန်းခေါင်ချိန်ရောက်တော့မည်။ နက်ပြောင်ပြောင် မဟူရာ ကောင်းကင်ပြင်က အဖြူအမည်း ကောက်ကြောင်းတွေထင်နေသည့် မြို့ကြီးအပေါ်မှာ ပြည့်ပြည့်တင်းတင်း ဖြန့်ကျက်ထားသည်။ သူအနိုင်ရသည့်ငွေကို စိတ်ထဲက ရေတွက်ကြည့်နေသည်။ ဒေါ်လာ ၃၀၀၀။ တစ်ချီတည်းနှင့် ရလိုက် သည့်ငွေ။ မှိတ်တုတ်မှိတ်ကုပ် ကြယ်သုံးလေးလုံး သူ့ခေါင်းပေါ်မှာ ရှိနေသည်။ အာလော့ခ်က ကြယ်ကလေးတွေကို ကြည့်ရင်း ဘဝရဲ့ အဓိပ္ပာယ်ကို သိချင်နေသည်။

သူဟာ တကယ်ပဲ အနိုင်ရလိုက်သူလား။ သူ့အလောင်းအစား လုပ်ခဲ့တဲ့အရာက ဘာလဲ။ စိတ်ပျက်ခြင်း၊ နာကြည်းခါးသီးခြင်း ဝေဒနာတစ်ခု သူ့ကိုလွှမ်းမိုးလာ သည်။ သူ့ဘဝကို အလောင်းအစား လုပ်နိုင်သည့် နည်းလမ်း၊ တစ်စစီ ပြန့်ကျဲနေသော အရုပ်ကလေးတွေကို ပုံမှန်ရောက်အောင် ပြန်ဆက်သလို ကစားသည့်နည်းလမ်းတစ်ခု ရှိရဲ့လားဟု သူသိချင်ဝင်ချင်နေသည်။ သူ့ခေါင်းပေါ်မှ လေယာဉ်ပျံတစ်စင်းပျံသန်းသွားသည်။ တိမ်စိုင်တွေကြားထဲ ဝင်ရောက်ပျောက်ကွယ်သွားသည့် လေယာဉ်၏ အရိပ်ကို သူသတိပြုမိသည်။

ဘဝကြမ္မာကို ပြောင်းလဲဖို့ ထိုအပ်ချက်မှန်သမျှသည် အကြွေစေ့ကို မြှောက်၍ ခေါင်းပန်းလှန်သလိုသာ ဖြစ်သည်ဟု ဒဿနပညာရှင် တစ်ယောက်က ပြောမည်ပင်။ သည်နေ့မှာ အိတ်ထဲ တစ်ဒေါ်လာမျှသာရှိသည့် ညိုးရော်ရော်ပန်းတစ်ပွင့် ဖြစ်နေသော်လည်း နောက်တစ်နေ့မှာ သန်းကြွယ် သူဌေးတစ်ယောက်အဖြစ်နှင့် အဆုံးသတ်သွားနိုင်သည်ပင်။ ဤအဖြစ်မျိုးက လူသားအားလုံး၏ ကံကြမ္မာ ကြွေတစ်လက် ကြက်တစ်ခုန် ပြောင်းလဲတတ်သော ဘဝဖြစ်တည်မှု၏ ကမောက်ကမဖြစ်စဉ်မျိုး၊ တကွဲစီမွှဲပြာကျနေသော ဘဝကို လွန်မြောက်ဖို့ ပြောင်းလဲမှုပင်လယ်ပြင်ကို မမျှော်လင့်စဉ် အချိန်မျိုးတွေမှာ ဖြစ်တတ်သည့် ရှောင်တခင်အချိုးအကွေ့မျိုးပင်၊ အာလော့ခ်ချောင်ဒရီမှာ ဘဝပုစ္ဆာကို ဖြေရှင်းဖို့ မတတ်နိုင်ပေ။ ချီကာဂိုမြစ်ပြင်ရေ့မှာ ရပ်လျက်ကြယ်ကလေးတွေကို ငေးကြည့်ရင်း တကယ့်ဘဝမှာ သူဟာ အောင်နိုင်သူလား ရှုံးနိမ့်သူလားဆိုသည်ကို သိချင်နေဆဲမှာပင် ဘဝ၏ အသုတ်စရာ တွင်းနက်ကြီးထဲ ကျသွားပြီဖြစ်သည်။ နက်မှောင်ညစ်ပတ်ပေရေပြီးထွက်ပေါက်မရှိသည့် တွင်းနက်ကြီးပင်၊

(USAသို့ နေထိုင်သည့် ဘင်္ဂါလီနွယ်ဖွား စာရေးဆရာမ BARNALI SAHA၏ THE GAMBLERကို ဘာသာပြန်ဆိုပါသည်။)

**သစ်ဦးဇင်**



Asian Fame Media Group

# သတိုး ဘယ်သူ့ကြောင့်

ဝတ္ထုတိုရသ

(၁)

ညက အိပ်မက်မှာ ဖိုးသိကြား ကို တွေ့ပြန်သည်။

အိမ်မက်မှနိုးသောအခါ အရီး ပျိုသည် ထုံးစံအတိုင်း လှိုက်လှဲ သည်းထန်စွာ ဘဝကြီးငိုကြွေးပစ် လိုက်ပြန်တော့သည်။

ဒါပေမဲ့ အရီးပျို. . . ပြန်အိပ် မပျော်နိုင်တော့၊

"အရီးပျို. . .။ ဖိုးသိကြားတစ် ယောက်တည်းနေနေရတယ်. . ."

ဖိုးသိကြား၏ မျက်နှာငယ်ငယ် လေးက အတွေးအာရုံမှာ တစ်ရစ် ဝဲဝဲ။

"ဖိုးသိကြား တစ်ယောက်တည်း မနေချင်ဘူး. . . ဟင့်"

ငိုမဲ့မဲ့လေး ဆိုနေ ပြန်သေးတာ အရီးပျို

မျက်လုံးထဲ ဖျောက်ဖျက်မရပျောက် မသွားတော့နိုင်။

အိပ်ရာကနိုးတော့ နေတောင် အတော်မြင့်လှပြီ။ ဦးခေါင်းတွေနာ ကျင်ကိုက်ခဲတာ မကြည်လင်လှ သော စိတ်နှင့်ပင် ဈေးသို့သွားဖို့ ပြင်ဆင်ရပြန်သည်။

သနပ်ခါးအဖွေးသားနှင့် သစ် လွင်သားနားစွာ ဈေးအတွင်းလှမ်း ဝင်လာသော အရီးပျိုအားမြင်လေ လျှင် ဈေးသူဈေးသားတွေ အချင်း ချင်း လက်တို့သတင်းပေးပို့ကာ သတိအနေအထား ပြင်ဆင်ပြီးဖြစ် နေကြပြီ။

"ဟော. . . အရီးပျို။ ဒီနေ့



Asian Fame Media Group


Asian Fame Media Group
MEDIA GROUP

နောက်ကျတယ်နော်. . . "

သူ့ထက်ငါ အလုအယက် ဖော်ရွေပြကြပါသည်။

"အရိုးပျို့တို့ပဲ အေးတယ်။ ဘယ်အချိန်ကြည့်ကြည့် လှလှပပ။ စိတ်ကိုချမ်းသာနေတာပဲ။ အားကျလိုက်တာ. . . "

အရိုးပျို၏ တုံ့ပြန်ပြုံးက ပီပြင်ပါရဲ့လားမသိ။ သူတို့တစ်တွေ ကြည့်ငေးအားကျနေရသော အရိုးပျို၏ ဘဝက သူတို့ ထင်သလောက် မအေးချမ်း၊ မငြိမ်သက်လှတာ ကိုယ်တိုင်သာသိသည်လေ. . .။

ဈေးထဲအဝင် နောက်ကျပေမယ့် အေးအေးလူလူဝယ်ရင်းခြမ်းရင်း အချိန်ဖြုန်းနေရသေးသည်။ ဈေးကွဲချိန်တိုင်လာခဲ့လျှင်တော့ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက် ပျားပန်းခပ်ရတော့ပြီ။

"ညည်းတို့နော်. . .၊ ကျုပ်ဆီမှာ လာယူတုန်းကတော့ ဒီမျက်နှာ၊ ဒီအချိုးမျိုးတွေလား။ ပြန်ပေးခါနီးကျရင် ဖြစ်လာကြပြီ"

ပေးစရာရှိလျှင်ပေးပြီး ရစရာရှိတဲ့လူကိုလည်း ရှေ့မျက်နှာနောက်ထားကာ မျက်နှာအပွေးသတ် အားမနာစတမ်းစကားစစ်ထိုးရတော့တာပင်။

"ဒီရက်တွေထဲ ဈေးအရောင်းပါးလို့ပါ အရိုးပျို့ရယ်။ ကျွန်မ အရိုးပျို့ကို ဘယ်တုန်းက ဆိုင်းထား၊ ချန်ထားဖူးလို့လဲ။ဒီနေ့တစ်နေ့တည်းပါ၊ တောင်းပန်တာပါ"

"ဒါဆို မနက်ဖြန်ကျရင် နှစ်ရက် စာပေါင်းပေးမှာလား. . . "

"ဟင်. . .၊ အင်းပါ အရိုးပျို့ရယ်။ ကျွန်မကြိုးစားကြည့်ပါ့မယ်"

"အေး. . . ပြီးရော. . . ညည်းစကားတည်ပါစေနော်. . . "

အရိုးပျို၏ အတွေ့အကြုံအရတော့ သူတို့တစ်တွေ. . . ဘယ်သူမှ ဘယ်အခါမှ စကားမတည်တတ်ကြပါ။ စကားမတည်ရကောင်းလားရယ်လို့ တေးမှတ်ငွေယူလို့လည်း မဖြစ်နိုင်တာ အရိုးပျို့သိပါသည်။ ကိုယ့်ဘက်က အသာစီးရနေတယ်ရယ်လို့ စီးလားနင်းလား နှုတ်လွန်မိလျှင် နေ့စဉ်ရက်ဆက် ရန်ပွဲအလီလီနွှဲနေရရုံသာ ရှိတော့မည်၊ ပြီးလျှင် အခေါ်အပြောစိမ်းကန်းသွားတော့ကာ ကိုယ်ပေးကမ်းလွှန်ထားမိသမျှ အတိုးရရန်ဝေးလို့ ငွေရင်းပြန်ရဖို့တောင် လမ်းစမြင်ရတော့မည် မဟုတ်။ သည်တော့. . . သူတို့ ရောင့်တက်မလာအောင်၊ ကိုယ့်ကို လေးစားရွံ့ရှိန်ရုံသာ ခပ်ဖိဖိတင်းတင်း ပြောနိုင်ရုံရှိလေသည်။

နောက်တစ်နေ့ . . . ကိုယ့်ငွေ ပြန်ရမလာသေးတော့လည်း နုတစ်လှည့်၊ ကြမ်းတစ်ခါလှည့် ပတ်ပြောရ ဦးတော့မှာပင်။

♦

"အရိုးပျို့နဲ့ဆက်ဆံရတာ စိတ်ချမ်းသာတယ်"

ဒီစကားမျိုးတွေ အရိုးပျို့နားထဲ ပြန်ရောက်လာတော့ တစ်ကိုယ်တည်း ပြုံးဖြစ်ရသေးသည်၊ ဘယ့်နှယ်ကွယ်။ ကိုယ့်ဆိုင်ရှေ့ နိစ္စဓူဝ လာရပ်၊ ကြွေးတောင်းနေကျလူနဲ့ ဆက်ဆံရတာ စိတ်ချမ်းသာစရာလား။ ဒါပေမဲ့ သူတို့ စကား၏ အနက် အဓိပ္ပာယ်ကို အရိုးပျို့သိပါသည်။ လဆိုင်း၊ ခေါက်ဆွဲကြော်၊ နေ့ပြန်တိုး. . . သည့် သူတို့တွေ၏ နေ့စဉ် စီးပွားကူးသန်းလောကမှာ ဆက်ဆံဖူးသမျှ ငွေရှင်၊ ကြွေးရှင်တို့နှင့် စာလိုက်တော့ အရိုးပျို့က အကြွေးထဲ ခပ်ကွေးကွေးလေး ရယ်ပေါ့။

ရုံးပြင်ကနား တိုင်တန်းမတောင်း၊ အော်ဟစ်ဆဲဆိုကာ ရန်မထောင်။ ကြွေးမပေးနိုင်သေးလည်းဘဲ အငိုကောင်းလျှင် အသစ်ထပ်ယူလို့ရနိုင်သေးသည်။

အရိုးပျို၏ နေရာကကြည့်တော့လည်း အထီးတည်းခြောက်သွေ့လွန်းသော မိမိ၏ဘဝမှာ သူတို့တစ်တွေသာ တွယ်မှီ အားထားရာ။ ထိတွေ့ ဆက်ဆံစရာ၊ တဖျစ်တောက်တောက် ပြောစရာ သူတို့တစ်တွေသာမရှိလျှင် ပြောနေကျ စကားလုံးတွေတောင် မေ့ကုန်မှာ စိုးရသည်။

ငယ်စဉ်ကတည်းက မျက်နှာခပ်တည်တည်၊ မျက်ဝန်းစူးစူးတွေနှင့် အရိုးပျို့က စကားထွေလီလည်း ဖွယ်ဖွယ်ရာရာ မဆိုတတ်ခဲ့၊ တုံးတိတိ၊ တည့်တိုးပဲဆိုကာ ဘယ်သူ့ကိုမှ ယီးမထင်ပုံ ဖမ်းထားလိုက်သေးသည်။

အရိုးပျို့ အပျိုဖော်ဝင်အရွယ်မှာပင် အမေဆုံးခဲ့သည်။ အဖေက သူ့အလုပ်ကလွဲလျှင် မိသားစုကိစ္စထွေထွေရာရာကို လှည့်မကြည့်၊ စိတ်မဝင်စား။ သည်တော့ အရိုးပျို့ အောက်က မောင်၊ ညီမသုံးယောက်ကို ကိုယ်ပဲလူကြီး လုပ်ကာအုပ်ချုပ်စီမံရတော့သည်၊ အမေရှိစဉ်က အမေထမ်းရွက်နေကျ အိမ်မှုတာဝန် နေ့စဉ် ဝတ္တရားတို့ကို အကြီးဆုံးဖြစ်သော အရိုးပျို့ကပဲ မနိုင့်တနိုင် တာဝန်ယူ ဖြေရှင်းပေးနေရတော့တာပင်။

"ဟော့. . အလတ်ကောင်နဲ့ အငယ်ကောင်တို့. . .၊ ကျောင်းချိန် နီးနေပြီ မဟုတ်လား၊ လာ . . . ရေချိုး တော့"

". . . မီးငယ်လေးက ခဏစောင့်ဦးနော်၊ မမကြီး ဒီမှာသူတို့ ဖို အမြင်းဘူး ပြင်ပေးလိုက်ဦးမယ်။ အင်း. . . ဒီမုန့်ကလေးစားထား . . . "

အငယ်ဆုံးမက အမေဆုံးတော့ လေးနှစ်သမီးသာရှိသေးသည်။ လူဖြစ်လာကတည်းက တစ်အိမ်လုံး၏ အသည်းကြော်ကလေးဖြစ်ရာ မိတဆိုးကလေးဖြစ်လာပြန်တော့ သနားကြင်နာပိုကြရပြန်တော့သည်။

**အရိုးပျို၏ နေရာက ကြည့်တော့လည်း အထီးတည်းခြောက်သွေ့ လွန်းသော မိမိ၏ဘဝမှာ သူတို့တစ်တွေသာ တွယ်မှီ အားထားရာ။ ထိတွေ့ ဆက်ဆံစရာ။ တဖျစ် တောက်တောက် ပြောစရာ သူတို့ တစ်တွေသာမရှိလျှင် ပြောနေကျ စကားလုံးတွေတောင် မေ့ကုန်မှာ စိုးရသည်။**

သင်းကလေးကလည်း တစ်အိမ်လုံးအပေါ် ဗိုလ်ကျဆိုးနွဲ့ကာ အစ်မကြီး အပေါ်မှာတော့ ကပ်မခွာ ရှိနေပြန်တာကြောင့် ကိုးတန်းနှစ်အရောက်မှာ အရိုးပျို့ တစ်ယောက် ကျောင်းကနားလိုက်ရတော့သည်။

"ငါ့သမီးကြီးရှိလို့ တော်တော့တယ်"

အဖေက အသိအမှတ်ပြုရှာပါသည်။ အရိုးပျို့တို့ကလည်း သက်ဆုံးတိုင်အောင် တစ်ပင်လဲမှတစ်ပင်ထူ မသွားခဲ့ရှာသော အဖေ့ကို ကျေးဇူးတင်မဆုံးနိုင်အောင် ရှိခဲ့ကြပါသည်။

အရိုးပျို၏ မောင်နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် အိမ်ထောင်ကျပြီးချိန်မှာတော့ အဖေလည်း အသက်အရွယ် အတော်ရင့်ရော်လာခဲ့ပြီ။

"ငါ့သမီးကြီးရော. . . အိမ်ထောင်လေး ဘာလေးပြုဖို့ မစဉ်းစားတော့ဘူးလား"

အရိုးပျို့က ကြိုတင်ပြင်ဆင်ထားပြီးသလိုပင် ဦးခေါင်းကို တိတိပပ ရမ်းခါပြလိုက်ပါသည်။

"ကျွန်မ စိတ်မဝင်စားပါဘူး အဖေရယ်။ ဒီအရွယ်ပဲ ရောက်နေပြီ၊ နေတတ်ပါပြီ"

"ဟင် မမကြီးက အပျိုကြီးလုပ်မှာလား"

"အင်းပေါ့။ အံမယ်. . . ညည်းလေးလည်း အပျိုကြီးပဲလုပ်ရမှာနော်၊ မမကြီးနဲ့ ညီမလေး ဒီလိုပဲ တစ်သက်လုံး အတူတူနေသွားကြမယ်လေ . . . "

တိုယ့်စကားက အခြေအမြစ်မဲ့နေတာ အရိုးပျို့နားလည်ပါတယ်၊ ဒါပေမဲ့ အရိုးပျို၏ ညီမကလေးဟာ အရိုးပျို့အတွက်တော့ သမီးကလေးနှင့်မခြားခဲ့။ ဆယ်တန်းတစ်နှစ်ကျပြီးသား သည်အပျိုဖားဖားကလေးသည် အရိုးပျို၏အမြင်မှာတော့ အမေဆုံးပြီးစ ပီဘိ လေးနှစ်သမီးကလေးသာပင်။

ညီမလေးတစ်ယောက် အိမ်က ပျောက်တော့ အရိုးပျို့တစ်ယောက်ပျာယာခတ်ပူလောင်ကာ ဖျပ်ဖျပ်လူးမတတ်ရင်နှင့် ခံစားခဲ့ရလေသည်။

Asian Family Media Group

◆

စကားရှိုင်းရှိုင်း နိုင်းနှိုင်းဆိုရလျှင်တော့ "ကိုယ့်ခြံဝင်ကိုယ်နွား" ဟုမွေးစားရတော့မှာပင်။

ကိုယ်တွေက ဒီတစ်ဦးတည်းသော ညီမလေးကို ပြတ်တောက်စိမ်းကား မနေနိုင်ကြဘူးမဟုတ်လား။ ဒါပေမဲ့ အရီးပျို၏ မတ်အသစ်ကလေးက ကေသရာဇာလေးဖြစ်သည်။ ဘာထူးသေးလဲ။ အရီးပျိုတို့၏ ညီမလေးသည်လည်း ခြသေ့မလေးအလား မြှောက်စားမြှင့်တင်ထားခဲ့ကြတာပဲ မဟုတ်လား။

သင်းတို့နှစ်ယောက်ကို အရီးပျိုက အထွတ်တင်ထားပါသည်။ ဒါပေမဲ့ မျက်နှာသာတော့ မပေးနိုင်ခဲ့။ သူတို့ကိုယ်နှိုက်ပင် အသိမကြွယ်ကြသေးတာလား။ အသက်အရွယ် ကွာခြားမှုအရ အရီးပျိုကပဲ အမြင်အတွေးနားလည်မှု လွဲမှားခဲ့သည်လားမသိ။

ဘာပဲပြောပြော အမြင်မတော်လျှင်တော့ ပြောဆိုဆုံးမရမည်ပင်။ ကိုယ့်မှာ ဝတ္တရားရှိသည်ရယ်လို့လည်း အရီးပျိုက ယုံကြည်ထားလေသည်။

"နေရ၊ စားရတာမလွတ်လပ်ဘူး။ အပြစ်ပဲ လိုက်မြင်နေတာပဲ"

"အဲလိုဆိုလည်း စိတ်တိုင်းကျတဲ့ နေရာ ကြွကြ. . ."

ကိုယ်ကလူကြီးပဲရယ်လို့ စကားအရာနှင့် နိုင်စားပြောလိုက်မိတာပေမယ့် သူတို့တစ်တွေကလည်း မခေကြပေ။ လင်မယားနှစ်ယောက်သား တက်ညီလက်ညီ အိတ်ဆွဲဆင်းကြတော့ ကိုယ့်မှာ မတားသာ။ မျက်နှာလွှဲဖယ်ကာ မျက်ရည်သာ ကျိတ်သုတ်ရတော့သည်။ သင်းတို့ အိမ်ပေါ်က ဆင်းသွားကတည်းက ကျိတ်မျှော်ခဲ့ရသလောက် သူတို့ကတော့ ပျော်မော်မဆုံးနှင့် သတိတောင်ရနိုင်အားရဲ့လားမသိ။

"ရန်ဖြစ်ကြတာလည်း တကျက်ကျက်ပဲ"

စိတ်မချမ်းသာရပြန်။ ကိုယ့်အိမ်ပေါ်မှာဆို ဒီလိုတွေအဖြစ်မခံ။ လိုက်သွားပြန်ခေါ်ဖို့ အကြိမ်ကြိမ်အားတင်းသေးပေမယ့် မသင့်ဘူးထင်ပါရဲ့၊ သူတို့ဘာသာ ပြန်လာကြရင်တော့ အကောင်းဆုံးပေါ့။ အရီးပျိုနေ့စဉ်မျှော်နေမိတာကြောင့်လားမသိ၊ ကေသရာဇာလေး မပါဘဲ ခြသေ့မလေးတစ်ယောက် တည်း အိမ်ပြန်ရောက်ချလာပါ သည်။

"ဒီတစ်သက်အပြတ်ပဲ"

"ဟဲ့. . . မဦးမချွတ်"

ညီမလေး၏ ဝမ်းဗိုက်ပူပူလေးကို ကြည့်ကာ အရီးပျို ဘုရားတနေမိသည်။ နှုတ်ကသာ နာကြည်းစကားတွေ ဆိုနေသော်လည်း သူ့ကိုယ်ဝန်ကလေး လရင့်လာလေလေ. . . သူ့ကေသရာဇာလေးကို ပို၍ မျှော်ငေးလေလေဆိုတာ အရီးပျိုက ရိပ်မိနေပါသည်။ ဒါပေမဲ့ ပုဂ္ဂိုလ်လေးက အရိပ်အရောင်တောင် လာပြဖော်မရ။ အရီးပျိုမနေနိုင်တော့စွာ ထွက်စုံစမ်းလေမှ ပိုဆိုးတော့သည်။ ဟိုကလေးက တစ်ပြည်ရပ်ခြားပဲ ထွက်ခွာသွားတော့သလိုလို. . .။

"တစ်နေ့နေ့ အဆင်ပြေရင် ပြန်လာမှာပေါ့ဟယ်. . ."

အရီးပျိုနှစ်သိမ့်မိသော တစ်နေ့နေ့ကို လက်ချိုးရေစောင့်ရင်း ညီမလေး တစ်ယောက် ညှိုးချုံးကျလာခဲ့ပါသည်။



ညည်းမှာ လည်း မပေါ့မပါး နဲ့ နော်။ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် နေ. . ."

အရီးပျို သတိပေးရင်း၊ ဂရုတစိုက် စောင့်ကြည့်နေရင်းမှာပင် ဖိုးသိကြားကို မွေးဖွားအပြီးမှာ ညီမလေးတစ်ယောက် လူ့လောကကို နှုတ်ဆက်လက်ပြ သွားခဲ့ပါတော့သည်။

ပူလောင်သောကတို့ကို ခံစားနေဖို့ထက် ရှေ့ရေးကိုသာ ကြိုတွေးပူပင်လေ့ရှိသော အရီးပျိုသည် ညီမလေးကို လွမ်းတိုင်း သူမ၏ ကိုယ်ပွား ဖိုးသိကြားကိုသာ အတိုးချပြုစုယုယနေမိတော့သည်။

မောင်နှစ်ယောက်၏ သားသမီးများက "အရီးပျို"ဟုခေါ်ကြရာက တစ်ရပ်ကွက်လုံးရှိ ငယ်ရွယ်သူအားလုံးက "အရီးပျို" လိုက်ခေါ်ခဲ့ကြတာ။ ခုတော့ ဖိုးသိကြားကပါ အရီးပျိုတဲ့လေ။ မေမေခေါ်ခိုင်းဖို့ အရီးပျို ကြိုးစားကြည့်သေးသည်၊ ဖိုးသိကြားက အရီးပျိုပဲ. . .။

ဘာပဲပြောပြော ဖိုးသိကြားသည် အရီးပျို၏ ဘဝငုတ်တိုအတွက်တော့ အညွန့်အညောက်မျှော်လင့်ချက်ရောင်ခြည်ကလေးပဲ ဖြစ်သည်။ ဖေဖေ ဆုံးသွားခဲ့လျှင်တော့ ဖိုးသကြားသည် အရီးပျို၏ တစ်ခုတည်းသော ဖက်တွယ်တည်မှီရာ စစ်စစ် ဖြစ်လာခဲ့တော့သည်။

◆

"အရီးပျို့ဆီလာတာ"

ဖြစ်တတည်းက အရီးပျိုသိနှင့်နေပါသည်။ ခြိုင်းချင်းကပ်လျက်နေလာခဲ့ကြတာပဲ သူတို့အိမ်ထောင်တစ်သက်ရှိခဲ့ပြီမဟုတ်လား။

အရေးအကြောင်းရှိလျှင် ငယ်ပေါင်းကြီးဖော်တွေလို အင်မတန်အားကိုးရတဲ့ သည်ကလေးလင်မယားဟာ အရီးပျို၏အိမ်ကို အကြောင်းကိစ္စမရှိဘဲ ဝင်ထွက်လည်ပတ်လေ့မရှိကြပါ။

"လှဲ့ရီတို့က အိမ်လည်တတ်တဲ့အကျင့် မရှိလို့ပါ အရီးပျိုရယ်၊ နှစ်ယောက်စလုံးကလည်း အလုပ်တွေတစ်ဖက်နဲ့ ဆိုတော့လေ. . .။

**ဘာပဲပြောပြော ဖိုးသိကြားသည် အရီးပျို၏ ဘဝငုတ်တိုအတွက်တော့ အညွန့်အညောက်မျှော်လင့်ချက်ရောင်ခြည်ကလေးပဲ ဖြစ်သည်။ ဖေဖေ ဆုံးသွားခဲ့လျှင်တော့ ဖိုးသကြားသည် အရီးပျို၏ တစ်ခုတည်းသော ဖက်တွယ်တည်မှီရာ စစ်စစ် ဖြစ်လာခဲ့တော့သည်။**

Action Films Media Group

ခိခိနှင့် တန်းတူထားကာ နို့မှုတိုက်ပေး၊ ဝိုင်းကူမှုပေးကြသေးတာကြောင့်သာ အရီးပျို့ ကသီလင်တ မဖြစ်ခဲ့ရတာ. . .။

ဖိုးသိကြီးနှင့် ခိခိတို့ ဆော့ကစားတတ်သည့် အရွယ်ရောက်လာခဲ့လျှင်တော့ အရီးပျို၏အိမ်ဝိုင်းကလေးသည် ကလေးနှစ်ယောက်၏ ကစားကွင်းဖြစ်လာခဲ့တော့သည်။

"ခိခိကိုခေါ် ပေးပါ။ ဖိုသိကြား ပျင်းလို့ပါ"



ဖိုးသိကြားက နေ့စဉ်ဂျီကျ လေ့မြဲ။ ခိခိက ဖိုးသိကြား၏ ဆိုးမိုးကို သည်းခံ အလိုလိုက်တတ်သူ ဖြစ်သည်။

နေ့လယ် နေ့ခင်းတွေမှာ အရီးပျို ခမျာ တရေးမှ စက်မှန်တောင်မရ။ သူတို့နှစ်ယောက် အရိပ်အကဲကိုစောင့်ကြည့်ကာ စိတ်မချ။

ဒါပေမဲ့ အရီးပျို့ကိုတော့ ကိုယ့်မိဘလို သဘောထားပါတယ်။ ခင်ပါတယ်"

ယောက်ျားဖြစ်သူကလည်း

"အရီးပျိုနိုင်းစရာရှိရင် ခေါ်ပါ၊ ခိုင်းပါ၊ အားမနာပါနဲ့"

အရီးပျိုကိုယ်တိုင်ကလည်း လုံ့ရိတို့လင်မယားကိုတော့ ကိုယ့်တူသားနေခင်မယ်၊ သွားသားရင်းချာများလိုပင် နှစ်လိုခင်မင်လှပါသည်။

သူတို့၏ သားလေးခိခိက ဖိုးသိကြားထက် ခြောက် လ ခန့်ကြီးပါသည်။ ဖိုးသိကြားလသား အရွယ်ခီတာရဲ လေးကို သူတို့တစ်တွေက

■

**"စိတ်မပူပါနဲ့လုံ့ရိရယ်။ ရိုးရိုး ဖျားတာ နာတာမျိုးပဲ ဖြစ်မှာပါ။ အဖျားက ရက်လည်း ရှည်လျား၊ ကလေးကလည်း နုသေးတော့ နည်းနည်း ပြင်းထန်သလို ထင်ရတာ နေမှာပါ၊ ကဲ အရီးပျိုဆိုက ဘယ်လောက်လိုချင်လဲ..."**

■

ဖိုးသိကြားက ချချာသူလေး လည်းဖြစ်သည်။ ကလေးတို့ သဘာဝ ခိခိက ခုန်ပေါက်လှုပ်ရှား ဆော့ကစားတာမြင်လျှင် သူကလည်း ချက်ချင်းအတုခိုးကာလိုက်ပါ၊ လိုက်ဆော့တတ်လေသည်။ ပြီးလျှင်တော့ ခြေပစ်လက်ပစ် မောပန်း ဟိုက်ထိုးနေပြန်တော့သည်။ ညပိုင်းရောက်လျှင်တော့ ဖိုးသိကြားတို့ ကိုယ်ငွေ့နွေးစပြုပါပြီ။

ဖိုးသိကြား နေမကောင်းသောရက်များမှာ ခိခိက ခဏငယ်မျှ ရောက်လာကြည့်တတ်ကာ သူ့အိမ်မှာသာ ပြန်ဆော့ဖို့ပြင်သည်၊

"ခိခိ. . . မပြန်နဲ့"

"ခိခိရယ်. . .။ မပြန်ပါနဲ့ဦးကွယ်၊ ညီလေးအိပ်ပျော်အောင် ခဏစောင့်ပေးပါဦးနော်"

. . . ပြောလျှင် အရီးပျိုပေးသော မုန့်ကလေးကိုင်ကာ ဖိုးသိကြားအနားမှာ ရှာကြံဆော့ပေးတတ်သော ခိခိကို အရီးပျိုချစ်နိုးမဆုံး ရှိရပြန်ပါသည်၊

ဖိုးသိကြား၏ တစ်ပမ်းကွဲမောင်နှမများဖြစ်သော အရီးပျို၏အခြား တူ တူမများသည် အနေဝေးရုံမက သွားလာဆက်ဆံမှုလည်းကျဲပါးကြလေရာ အရီးပျိုတို့ တူဝရီးအပေါ် သိသောဟ်ဉ့်နည်းပါး ကြဟန်ရှိပါသည်၊

သူတို့ မိဘတွေကစလို့ ယှင်စရာ အရေးအကြောင်းမပေါ်ဘဲ အရီးပျိုထံသို့ ခြေဦးလှည့်မလာတတ်ကြပါ။ အဲတော့ အရီးပျိုကလည်း တောင်းရမ်းချေးငှားလာကြသောအခါ ဘယ်ခါမှ မငြင်းဆန်ခဲ့သော်လည်း ရင်ထဲကြိတ်ခဲမပြေတာလေးတွေတော့ သိသိမှတ်မှတ်ဖြစ်အောင် ပြောလိုက်ရမှ. . .။

"နင်တို့လိုချင်စရာရှိမှ ငါ့ဆီလာအဆဲခံကြတာပဲ. . .။ အဆဲခံ အလျော်ယူဆိုတာ နင်တို့တွေကို ပြောတာ"

နှုတ်ချို၊ သျှိုတစ်ပါးရယ်လို့ အရီးပျို မသိမဟုတ်ပါ၊ ဒါပေမဲ့ ဆွေမျိုးစုကြားမှာ အရီးပျိုကျင့်သုံးဖြစ်နေတာကတော့ "နှုတ်ကြောင့်သေ၊ လက်ကြောင့်ကျေ" ဟုပဲ ပြောရတော့မည်၊ အရီးပျိုထံ အရောက်အပေါက်နည်းပါးလှသော သူတို့

တစ်တွေက ဖိုးသိကြားကိုကျတော့ ဝန်တိုမစ္ဆရိယ ပွားကြပြန်သေးရာ . . .

"မျက်စောင်းထိုးမနေကြနဲ့၊ ငါပိုင်တာမှန်သမျှ ငါသေရင် ဖိုးသိကြားကိုပဲ ပေးခဲ့မှာ"

"ဟွန်း. . . သူ့တူဖြင့် သက်စိုးရှည်ပါစေဦး"

ဖိုးသိကြားကို ထိပါးလာခဲ့လျှင်တော့ အရီးပျို ဆွေ့ဆွေ့ခုန်လေသည်။

ဒါပေမဲ့ သူတို့ စကားအတိုင်း ဖိုးသိကြားက လူ့လောကမှာ စေ့စေ့စွာ ထွက်ခွာသွားခဲ့ပြန်လျှင်တော့ . . .

"နင်တို့အားလုံး ငါ့အိမ်ရိပ်ကို မနင်းနဲ့. . .

ရင်နာသောနှလုံးဖြင့် ကျိုးအော်ပစ်လိုက်သည်၊

အမှန်က အရီးပျိုခံစားနေရသမျှ သောကပဋိဒေဝတို့ လျော့ပါးသက်သာရာ ရလိုရငြား ထွက်ပေါက်ရှာမိတာပဲ ဖြစ်သည်။ အချိန်တန်တစ်ယောက်တည်း ကျန်နေရစ်ရသောအခါ သူတို့တစ်တွေကို အရီးပျိုအမှန်တကယ်ပင် မျှော်တနေခဲ့မိပါသည်။

◆

အရီးပျို၏ နေ့စဉ်ဘဝက ပေးရန်၊ ရရန်ရှိသူတို့နှင့် စကားခြေတင်မှ မဆိုရလျှင် ဖိုးသိကြားအကြောင်း တွေးနေဖြေမပြေဖို့သာ ရှိတော့သည်။

"အရီးပျို. . ."

အရီးပျို လန့်ဖျပ် သတိဝင်သွား ခဲ့ပါ သည်။

"အရီးပျိုဆီ ငွေနည်းနည်း လှည့်ချင်လို့. . .၊ အဲဒါ . . . လုံ့ရိ အဲလိုမျိုး တစ်ခါမှ မပြောဖူးပါဘူး အရီးပျိုရယ်။ အခုက . . . ခိခိ ခိခိကို ဆေးရုံတင်ရဖို့ ဖြစ်လာလို့. . ."

အရီးပျို အံ့ဩလန့်ဖျပ်သွားရပြန်သည်။

"ခိခိ . . .။ ခိခိ. . . ဘာဖြစ်လို့လဲ လုံ့ရိရယ်. . ."

မျက်ရည်လေးတလည်လည်နှင့် လုံ့ရိရှင်းပြနေတာကို နားထောင်ရင်း အရီးပျို၏ မျက်ဝန်းတွေ စိုစွတ်လာကြပါသည်၊



Asian Fame Media Group

"စိတ်မပူပါနဲ့လဲ့ရီရယ်။ ရိုးရိုး ဖျားတာ နာတာမျိုးပဲ ဖြစ်မှာပါ။ အဖျားက ရက်လည်းရှည်လျား၊ ကလေးကလည်း နုသေးတော့ နည်းနည်း ပြင်းထန်သလိုထင်ရတာ နေမှာပါ၊ ကဲ အရီးပျိုဆီက ဘယ်လောက်လိုချင်လဲ. . . "

"ဟို . . အရီးပျို။ ဒီ. . . ဒီ ဆွဲကြိုးလေး ဘယ်လောက်တန်သလဲ မသိဘူး. . . "

"မလိုပါဘူးလဲ့ရီရယ်။ အရီးပျိုကို ဘယ်လိုများထင်နေလဲဟယ်။ ဒီအချိန်မှာ ဒါတွေပြောနေရတာ ခရီးဖင့်လိုက်တာ. . . "

"ကဲ သမီးလိုချင်တာသာပြော။ ထပ်လိုသေးရင် ပြန်လာဦး . . . ဟုတ်လား"

"ကျေး. . . ကျေးဇူးတင်လိုက်တာ အရီးပျိုရယ်"

"မလိုပါဘူးဟယ်။ နေဦး. . . အရီးပျိုပါ တစ်ခါတည်း လိုက်ခဲ့မယ် . . . "

ဘုရား . . . ဘုရား . . ။ ခိခိ တစ်ယောက် နေကောင်း ကျန်းမာပါစေ. . ။

◆

အိပ်မက်မှာ ဖိုးသိကြားကို မကြာခဏ မြင်မက်နေမိခြင်းဟာ မိမိ၏ စိတ်စွဲလမ်းမှုကြောင့်ဟု အရီးပျိုလက်ခံပါသည်။ ဒါပေမဲ့

"ဖိုးသိကြားတစ်ယောက်တည်း မနေချင်ဘူး။ ခိခိကိုခေါ်ပေး. . . "

အဲဒီလို ငိုယိုပူစာသော အိပ်မက်မြင်ကွင်းမျိုးအတွက်တော့ စိတ်မကောင်းခြင်းကြီးစွာနှင့် အတူ အထိတ်တလန့် ရှိလှသည်။ ပြီး. . . ခိခိ နေမကောင်း ဖြစ်ရပုံကိုလည်း ကြည့်. . . ။ အခြားကလေး အဖော်ရွယ်တူတွေနှင့် ကောင်းကောင်းမွန်မွန် ဆော့ကစားနေလျက်က . . .

"ဟိုမှာ. . . ဖိုးသိကြား. . . "

ဆိုကာ ရုတ်တရက်ကြီး လမ်းပေါ် ပြေးထွက်သွားခဲ့တာ။ အချိန်မြင့်မောင်းလာခဲ့သော ဆိုင်ကယ်က အချိန်မီရပ်ကလေး ဘရိတ်အုပ်နိုင်ခဲ့လို့ တော်တော့သည်။ ဒါတောင် ခော့်လဲပြီးပွန်းပဲ့သော ဒဏ်ရာအရှိန်ပြင့် ခိခိကလေး ဖျားလေပြီ။

ထိုအဖျားက ရက်ကြာရှည်ကြာလာခဲ့လျှင်တော့ ခိခိတစ်ယောက် ဆေးရုံပေါ် ရောက်ခဲ့ရပြီ။

အရီးပျိုသည် ခိခိထံ နေ့စဉ် သွားရောက် သတင်းမေးကာ ဒီရက်ထဲမှာ အိပ်မက်တွေ ရက်ဆက်လာခဲ့တာအတွက် အပြစ်တစ်ခု ကျူးလွန်ထားမိသလို လိပ်ပြာမလုံရှိလှသည်။ အိပ်မက်ကလန့်နိုးတိုင်းလည်း ဗျာပွေသော ခံစားချက်တို့ဖြင့်. . .

"ဖိုးသိကြား ကောင်းရာသုဂတိ ရောက်ပါစေ"

"ခိခိကလေး အမြန်ဆုံး ပြန်လည် နေကောင်းကျန်းမာပါစေ"

လက်အုပ်တချီချီ ဆုတောင်းရတာအမော။

ကိုယ့်အိပ်ရာထဲက ကိုယ့်အိပ်မက်ကို ကိုယ်တိုင်ဖွင့်မပြောလျှင် ဘယ်သူသိမှာလဲ။ ဒါပေမဲ့ အရီးပျို နှောက်ကျောမလုံပါ။

ဖိုးသိကြားဆုံးပြီးစကတော့ ဆောက်တည်ရာမဲ့နေသော အရီးပျိုသည် သူတစ်ပါးမိသားစုတွေ စုစုရုံးရုံး၊ ပျော်ပျော်ရွှင်ရွှင်မြင်ရလျှင် မရှုစိမ့်သဖြင့် မျက်နှာလွှဲမယ်နေခဲ့ဖြ။ ရပ်ကွက်ထဲရှိ နာရေးကိစ္စမှန်သမျှ ရင်းနှီးနေသူတွေရော၊ မျက်မှန်းတန်းမိရုံလောက်ပဲ မကျွန် သတင်းကြားသည်နှင့် ရောက်အောင်သွားပြီး သားဖြစ်သည်။ သူတကာတွေ ငိုကြွေးနေကြ၊ ပူဆွေးသောကရောက်နေကြတာ မြင်နေရလျှင်ပဲ အရီးပျို၏ ခံစားနေရသမျှ သောကတို့ ပြေလျော့သက်သာရာရသွားခဲ့သလိုပင်။

ချစ်သောသူတို့နှင့် တွေကွင်းရသော ဆင်းရဲဒုက္ခသည် အရီးပျိုတစ်ယောက်တည်းအတွက်တော့ မဖြစ်သင့်ဘူးမဟုတ်လား။

"ဆွေးနည်း၊ မျိုးနည်း ငါ့သားလေးလည်း အဖော်ရမှာပဲ. . . "

အဲသလို အရီးပျိုသည် စိတ်တွေတည်ငြိမ် အနည်ထိုင်စပြုလာခဲ့လျှင်တော့ မိမိ၏ အတွေးဝန်တိုမစ္ဆရိယစိတ်တို့အတွက် ထိတ်လန့်ကြောက်ရွံ့ရန် သတိတရရှိလာခဲ့ပါသည်။ ဘုရား. . ဘုရား. . . ။ သည်လို ယုတ်ညံ့နိမ့်ကျသော အတွေး စိတ်ကူးမျိုးတွေကို ဘုရားတပည့်တော်၏ ခန္ဓာကိုယ်အတွင်းမှ ဖယ်ရှား ရှင်းလင်း ပေးတော်မူ ပါ။

ထိုအချိန် ရောက်လေမှ တရားရိပ်သာသွားရန် အရီးပျို သတိရလိုက်တော့တာ ဖြစ်သည်။ ဒါပေမဲ့ ကိုယ်ရောက် ဖူးကျင် လည်နေကျ ဝန်းကျင်ဒေသလည်း မဟုတ်ပြန်တာကြောင့် ခြေလှမ်းတုံ့ရပြန်သည်။ ပြီး . . . သွေးရူးသွေးတန်း ဖြစ်လေမှ ဘုရားခြေတော်ရင်း ပြေးဝင်ဆောက်တည်ရာရှာမိသော အဖြစ်မျိုးကိုလည်း ဘဝင်မကျနိုင်ပါ။

အရီးပျို၏ နေအိမ်မှာ ဆီမီး မြိုင်မြိုင်၊ မွှေးရနံ့တဝေဝေဖြင့် ညစဉ် ဘုရားဝတ်တက်၊ အမျှဝေ . . . ။ ပြီး. . . ဝင်လေ သတိ. . . ၊ ထွက်လေသတိ. . . ။

ဆောက်တည်ရာရ တည်ငြိမ်စပြုလာပြီဖြစ်သော အရီးပျိုသည် တစ်ခါတရံ ဖိုးသိကြားကို အိပ်မက်မြင်မက်မိပြန်လျှင် မျက်ရည် အရွဲသားဖြင့် ငုတ်တုတ် ထိုးလင်းရပြန်လေတော့သည်။ ခုတော့ ဖိုးသိကြားက . . .

"ခိခိကို ခေါ်ပေး. . . "

. . . တဲ့လေ။ အဲဒီ အိပ်မက်မျိုးတွေက ခိခိနေမကောင်းကြောင်းကြားသိရကတည်းက ရက်ခြားဆိုသလို အရီးပျိုထံ ရောက်လာတတ်ခဲ့တာ။

ဖိုးသိကြား. . အဲဒီလိုမပြောရဘူး. . . ။ ထိုစကားကို ပြောမည်ကြံတိုင်း မပြောဖြစ်မိ အိပ်မက်မှလန့်နိုးခဲ့ရတာ အကြိမ်ကြိမ်မို့ ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်မိရသေးသည်။

တကယ်က မိမိစိတ်နေမှန်ခဲ့လျှင် ဒီအိပ်မက်မျိုး မြင်မက်လာစရာ အကြောင်းတို့ မရှိတာ. . . ။ အရီးပျို သည် မိမိကိုယ်တိုင် အပြစ်တင်ဖို့ရင်း အချိန်နှင့်အမျှ စိတ်ပင်ပန်းခြင်းကြီးစွာ ရှိနေရတော့သည်။

"ခိခိကို ကျွန်မတို့ လက်လွှတ်ရတော့မလား မသိပါဘူး အရီးပျိုရယ် . . . "

ဒုတိယအကြိမ် ငွေလာအယူမှာ မျက်ရည်အရွဲသားနှင့် ပြောသွားခဲ့သော လဲ့ရီ၏စကားတွေကို နှစ်သိမ့်တုံ့ပြန် မပြုနိုင်ခဲ့သော်လည်း အရီးပျို၏ နားထဲကမထွက်။ ပြီး . . .

"ခိခိကို ခေါ်ပေး. . . ၊ ခုခေါ်ပေး. . . "

ဖိုးသိကြား၏ အသံတွေ. . . ။ အရီးပျို ခေါင်းတွေနောက်ကာ အော့အန်ချင်သလိုပင် ဖြစ်လာရသည်။ အိပ်ရာထဲမှာ ခဏငယ်ကလေး လဲလျောင်းလိုက်ချင်တာတောင် မဝံ့ရဲတော့ပြန်။ မတော်တဆ အိပ်ပျော်သွားခဲ့လျှင် ဖိုးသိကြား ရောက်လာမှာလား. . . ၊

အရီးပျိုသည် ပန်းတွေဝေနေသော နေအိမ်ဘုရားကျောင်းလေးမှာပင် ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်တွေ စီစီညီညီကပ်လှူပူဇော်ကာ ဘုရားဝတ်ပြုနေလိုက်သည်။ ပြီးလျှင် ကိုယ်တိုင်အမျှအတန်းပေးဝေကာ ကိုယ်တိုင်သာခုအကြိမ်ကြိမ် ခေါ်ဆိုနေလိုက်ပြန်သည်။ ထို့နောက် ကျုံ့ကျုံ့ထိုင် ပုံစံမပျက်၊ မျက်လွှာကလေး အသာချလျက် ငြိမ်သက်နေလိုက်သည်။

အာရုံမှာ ဝင်လေသိ။ ထွက်လေသိ. . . ။

ဖိုးသိကြား . . . ။ ဟင့်အင်း . . .

ဝင်လေသိ. . .

ခိခိကလေးရော. . . နေကောင်းရဲ့လား. . .

ဝင်လေသိ၊ ထွက်လေသိ . . .

◆

"ခိခိရေ. . ခုမှနေကောင်းစပဲ ရှိသေးတယ်။ ဘယ်ကိုတုံး. . . "

"အရီးပျိုဆီကို. . . "

"ဟယ်. . မသွားရပါဘူး သားလေးရယ်. . . ။ လာ. . . ပြန်လာခဲ့"

"ဟင့်. . . "

"ဒီမှာ မေမေပြောတာ နားထောင်စမ်း သားလေး၊ အရီးပျိုက အခု သူ့အိမ်မှာမနေတော့ဘူး. . ။ အဲ . . . အရီးပျို အိမ်ပြောင်းသွားပြီ သားလေးရဲ့"

"ဘယ်လိုပြောင်းသွားတာလဲ"

"ဟို. . . အဝေးကြီးကို. . . ။ ဖိုးသိကြားနောက်ကို လိုက်သွားတယ်. . . ။ ။

သတိုး



Asian Fame Media Group
MEDIA GROUP



Asian Fame Media Group



# ဘကားထီးရိပ်တွေကြားမှာ

ဝတ္တုတိုရသ


(၁)

"ဟိုဘက်ဆိုင်ကို လူသစ်တွေဝင်တော့မယ်တဲ့"

မနက်စောစောစီးစီး ကြားရသော သတင်းကြောင့် မလတ်ခေါင်းနောက်သွားရသည်။ ဆိုင်ရှေ့တွင်ချိတ်ထားသော လာဘ်ခေါ်ဖီးကွက်ရုပ်ကို အမွှေးတိုင်နှင့် ပူဇော်ကာနံ့သာရည် ပက်ဖျန်းရင်း အရောင်းအဝယ်ကောင်းဂါထာကို လုပ်နေကျအတိုင်း ရွတ်ဆိုနေမိသော်လည်းစိတ်နှင့်ကိုယ် အစေးမကပ်လှပေ။ဘေးကပ်လျက်ဆိုင်ခန်းသို့ လူသစ်ဝင်မည်ဆိုလျှင် ပထမဦးဆုံးတံခါးထားရန်နေရာနှင့် စကားပြောရတော့မည်ကို မလတ် သိပြီးသားပင်။ အရင့်အရင် နေသွားကြသူများနှင့်လည်း အကြိမ်ကြိမ် စကားပြောရသည်မို့ မလတ် ငြီးငွေ့ပါသည်။ မနက် မျက်လုံးပွင့်ကတည်းက ဈေးထဲရောက်။ အနောက်ကျွန်းသို့နေလုံးဝင်တော့မှ အိမ်ပြန်ရသောမလတ်တို့လို ဈေးသည်ဘဝမှာဈေးဆိုင်ကိုသာ အိမ်လုပ်နေရသူများဆိုလျှင်လည်း မမှားပေ။ မနက်ခင်းများ စိတ်အနှောင့်အယှက် တစ်ခုခုကြုံလျှင် တစ်နေ့လုံး အဆင်မပြေတတ်သည်မှာလည်း ဈေးသည်တိုင်းလက်ခံထားသည့် အယူအဆတစ်ခုပင်။ အိမ်နှင့်မတူသည်က ဆိုင်ခန်းကျဉ်းကျဉ်းလေးတွင် တစ်နေကုန်နေရသူများအဖို့ အနီးအပါးတွင်မတည့်သူများသာ ရှိလာပါက ပီတိနေချင်စဖွယ်မရှိတော့ချေ။ ရှောင်နေ၍မရသော အခြေအနေတွင် ပြုစုစောင်းမြောင်းတတ်သူများ ပါခဲ့လျှင်ပို ဆိုးပြီသာ မှတ်ချေတော့ပင်။ ဒါတွေကြောင့်လည်း ပတ်ဝန်းကျင်နှင့် အဆင်မပြေဖြစ်မှာ မလတ်

စိုးလှပေသည်၊

မလတ်တို့ဘေးခန်းက လှမြခဲ့သည်ဆိုရမည်လား မပြောတတ်ပေ။ နဂိုမူရင်းပိုင်ရှင်ကလည်း အတော်ပင် ပေါင်းရသင်းရခက်သူဆိုရမည်။ လူတစ်ဦးနှင့်ပတ်သက်သော စိတ်ရင်းပေတံမို့ မလတ်တစ်ယောက်တည်း ဆုံးဖြတ်ထားခြင်း မဟုတ်ဘဲ ပတ်ပတ်လည် အနီးအပါးဆိုင်များကပါ သတ်မှတ်သည်ဆိုတော့ အဖြေကတော့ မှန်ပြီးသားပင်။ ဈေးငှီကာချဲ့၍ ပြောရလျှင် ဤဈေးက ဈေးအသစ် နေရာချသည်မှာ မကြာသေးပေ။ ယခင်ဈေးဟောင်းက မြို့ဟောင်းပိုင်းတွင် ကျစ်ရစ်လေရာ တိုးချဲ့ကွက်သစ်တွင် ဈေးလိုအပ်



သည်ဆိုကာ ဈေးအသစ်ကလေးတည်ကြခြင်းပင်၊ သို့သော် မြို့မဈေးကြီးများလို စနစ်တကျ ဆောက်လုပ်ထားသော ဆိုင်ခန်းများ မဟုတ်လေရာ တံခါးများမှပင်စကာ ပြဿနာစတော့သည်။

ဆိုင်အဖွင့်အပိတ် တံခါးများက ပေါ်ချောင်ကောင်း ဈေးသုံးဖြူပြားထူထူကြီးများနှင့် ရင်ဟပ်ဖွင့်နှစ်ချပ်တွဲတံခါးများဖြစ်သည်။ အပေါ်ဘက်ခြမ်းကို ဝါးလုံးနှင့် ထောက်ဖွင့်ကာ အောက်ခြမ်းကိုတော့ အပြင်ဆွဲထုတ်ရသော ပုံစံပင်။ လေးပင်လှသော ပိတ်တံခါးများကြောင့် အဖွင့်အပိတ်ကို နှစ်ယောက်လုပ်တော့မှ အဆင်ပြေသည်၊ အဓိက ပြဿနာက

အောက်ခြမ်း တံခါးကို နေရာချရေးပင်။ တံခါးကြီးက ရှည်လည်းရှည်၊ ထူလည်းထူကာ နေရာအတော်ယူပေသည်။ ဆိုင်ခန်းနှစ်ခု အကြားတွင် ညှပ်ထားပါကလည်း သွားလမ်းကို ပိတ်ကာ အလှပြရောင်းသောစတိုးဆိုင်မျိုးနှင့် ဘေးချင်းကပ်လျက်ကျပါက ဆိုင်ကိုကွယ်သည်ဆိုကာ စကားပြောရတော့သည်။ ထားသူအဖြစ်လည်း မဟုတ်သကဲ့သို့ ပြောသူအဖြစ်လည်း မဟုတ်ပြန်။ ၁၀ ပေပတ်လည် အခန်းကျဉ်းလေးထဲမှာ သူ့နေရာနှင့်သူနေရာချကာ ခင်းကျင်းထားရသော မိမိဆိုင် အခင်းအကျင်းကို ကွယ်နေလျှင် မည်သူမှ မကြိုက်သည်ကတော့ ဈေးသည်တိုင်း ခံစားချက်မို့ မလတ် နားလည်ပါသည်။

သို့သော် တချို့သော ဆိုင်နားချင်းများက ပြဿနာရှာတတ်သူများဆိုလျှင် အခြေအတင် စကားပြောရတော့သည်။ မူရင်းပိုင်ရှင်ကလည်း အကျိုးအကြောင်း ရှင်းမပေးတတ်သူဆိုတော့ ပိုဆိုးတော့သည်။ သုံးနှစ်အတွင်း အငှားသုံးဦးခန့်ပြောင်းသွားသော ဆိုင်ငှားများ လက်ထက်တွင် တစ်ဦးသာ ညီအစ်မ အရင်းသဖွယ် ခင်မင်ကာ အရောင်းအဝယ် မကောင်း၍ ဆိုင်ပိတ်သွားသော်လည်း အပြင်တွင် အခေါ်မပျက်၊ အခင်မင်မပျက် ဆက်ဆံဖြစ်ခဲ့သည်။ ကျန်နှစ်ယောက်ကတော့ ပြဿနာပေါင်းစုံနှင့် ဈေးလုံးအော့ကြောလန်ကာ ဆိုင်နားသွားရသူများပင်။

"ဟဲ့ မလတ် ဒီနေ့ ဘာဟင်းတုံး"

အလှကုန်ဆိုင်မှ အမေသန်းစကားကြောင့် မလတ် အတွေးစပြတ်သွားရသည်။

"အမေ ပဲကြီးနှပ်ပေးလိုက်တယ် အမေသန်း။ စားခါနီးမှ အမေသန်းတို့နဲ့ ဟင်းပေါင်းတော့မယ်နော်၊ အဘကြည်ရော"

"ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်မှာ လေပန်းပေါ့"

မလတ်မှာ အမေသန်းတို့လို ကုန်ခြောက်ဆိုင်မှ မကြည်တို့လို နွေးထွေးသော ဆိုင်နီးနားချင်းများလည်း ရှိပေသည်။ ဒါတွေက မလတ်၏ နေ့စဉ်ကျင်လည်ရာဘဝမှာ ခင်မင်ရသော ဆွေမျိုးရင်းချာများပင်။ ဤပတ်ဝန်းကျင်မှာပင် အမျိုးကြီးဟူသော ဂုဏ်ပုဒ်ကိုကိုင်ကာ လင်သားမရှိသော်လည်း မြန်မာ့လူနေမှုဓလေ့စရိုက်အောက်တွင် နွေးထွေးလုံခြုံခဲ့ရပေသည်။

(၂)

"မလတ်ရေ. . . သတင်းဆိုးဟဲ့၊ သတင်းဆိုး"

ပြောပြောပြေးပြေးဆိုသလိုပင် မလတ် ဆိုင်လေးဆီသို့ ခေါင်းလေးတခါခါ၊ လက်လေး တလှုပ်လှုပ်နှင့် တက်လာသူက ဈေးထိပ်အလှပြင်ဆိုင်မှ ဖားတစ်ပိုင်း ငါးတစ်ပိုင်း 'လင်းလင်းဖြူပြာ'။ လင်းလင်းက တစ်ဝမ်းတစ်ခါးအတွက် သူတတ်သည့် ပညာနှင့်ရိုးရိုးသားသားရှာစားနေသူမို့ မလတ်ခင်ပါသည်။ ဘယ်သူတွေ ဘာပြောပြော လင်းလင်းကလည်း အပြုံးမပျက် နေတတ်သူမို့ သူ့အရပ်နှင့်သူ့ဇာတ် အဆင်ပြေသားပင်၊ သတင်းလည်း စုံလှသူမို့ သူလာလျှင် အကြောင်းအမျိုးမျိုးပါလာတတ်သည်။

"မလတ်ရေ၊ နင်တို့ဘေးခန်းကို ပြောင်းလာမှာက ဦးတာစိန်တဲ့တော် နင်သိပါတယ်။ မြို့ပြင်ဘက်မှာ စင်တင်တွေဖွင့်ထားတဲ့သူလေ။ အခုလည်း သူ့ဆိုင်က ကောင်မလေးတွေကို ဆိုင်ထိုင်ခိုင်းမှာတဲ့။ အဝတ်နဲ့ဖိနပ်ဆိုင်တဲ့တော်။ အေးအေးနေတတ်တဲ့ နင်တို့အမေသန်းတို့တော့

မျက်စိနောက်တော့မှာပဲ။ အဲဒါတွေက အညီတွေဟဲ့။ ယင်အုံမှာကတော့ သေချာတယ်"

လင်းလင်း စကားဆုံးတော့ မလတ် သက်ပြင်းအခါခါသာ ချမိသည်။ 'အမေသန်း' ဆိုသောအသံကြောင့် ဆိုင်ခုံလေးမှထကာ အမေသန်းက မလတ်ဆိုင်ပေါ် ဝင်ထိုင်သည်။

'ဟဲ့ မိလင်း၊ ညည်း ငါ့နာမည်ပြောလိုက်သလားလို့"

"ကြားလိုက်သလား လုပ်မနေနဲ့ အမေသန်းရေ၊ မနက်ဖြန်ကစပြီး ကိုရီးယားကား ကြည့်ရပြီသာမှတ်ပေတော့"

"ဟဲ့ ဘယ်မှာပြမှာတုံး၊ ဈေးမွှာရုံမှာလား"

အမေသန်း စကားကြောင့် ဘေးခန်းမှ မကြည်ညွန့်က သီးနေအောင် ရယ်ချသည်။

◆

လင်းလင်းစကားက အမှန်ပင်။ မနက်စောစော မလတ်ဆိုင်ရှေ့ ရောက်တော့ ဘေးခန်းက ခင်းကျင်းပင် ပြီးပေပြီ။ မပြီးသေးသည်က ထိုဆိုင်ပေါ်မှ ကောင်မလေးနှစ်ယောက်၏ ဝတ်စားမှု။ မျက်စိ ရက်စရာတွေ့သည်မို့ အားကိုးတကြီးနှင့် အမေသန်းတို့ ဆိုင်ဘက်လှည့်ကြည့်တော့ အဘကြည်က မမြင်ဟန်ပြုကာ ဝီရိုဖုန်သုတ်နေသည်၊ တစ်ဖက်ဆိုင်မှ မကြည်ညွန့်၏ ကြက်သွန်ဖန်းချသံကလည်း လိုအပ်သည်ထက် ပိုကျယ်နေသယောင်ပင်။

"အစ်မ တံခါးတွေ ဒီဘက်မှာပဲ ချလိုက်မယ်နော်"

အိမ်မှုပါလာသော ညီမဝမ်းကွဲလေးက ပြောပြောဆိုဆိုနှင့် တံခါးကို ဆိုင်ခန်းနှစ်ခုကြားတွင် ကန့်လန့်ချလိုက်ရာ သီးခြားတော့ ဖြစ်သွားသည်။ သို့သော် မြင်ကွင်းကတော့ ကွယ်ပျောက်မသွားခဲ့ပေ။ တစ်ယောက်က ခေါင်ရင်းထိ ကပ်နေသော ဘောင်းဘီတိုနှင့် ကြိုးတစ်ချောင်းချက်ပေါ် အင်္ကျီ။ တစ်ယောက်က ညဝတ်အင်္ကျီပုံစံ ပေါင်လယ်ခန့် ဂါဝန်။ အောက်မှာဝတ်ထားသည့် အသားကပ်ဘောင်းဘီနီနီလေးက ဒီအတိုင်း မြင်နေရသည်၊ 'အမယ်

"မလတ်ရေ၊ နင်တို့ဘေးခန်းကို
ပြောင်းလာမှာကဘိုးတာစိန်တဲ့
တော်နင်သိပါတယ်။
မြို့ပြင်ဘက်မှာ
စင်တင်တွေပွဲငှားတဲ့သူလေ။
အခုလည်းသူ့ဆိုင်က
ကောင်မလေးတွေကို
ဆိုင်ထိုင်ခိုင်းမှာတဲ့။ အဝတ်နဲ့
ဗိနပ်ဆိုင်တဲ့တော်။
အေးအေးနေတတ်တဲ့
နင်တို့အမေသန်းတို့တော့
မျက်စိနောက်တော့မှာပဲ။
အဲဒါတွေက အညီတွေဟဲ့။
ယင်အုံမှာကတော့
သေချာတယ်"

လေး' ကိုသာ မလတ် အကြိမ်ကြိမ်ဆိုကာ တစ်မနက်လုံး ရင်တုန်ပန်းတုန်ဖြစ်နေရသော်လည်း သူတို့လေးတွေက အပြုံးမပျက်ပေ။ နေ့လယ်ခန့်တွင် ပုံစံတူကောင်လေးတစ်သိုက် ရောက်လာကာ တွန်းတိုးရယ်မောကြပြန်သည်။ ရောင်းချသည့် အဝတ်အထည်များကလည်း သူတို့နှင့် တစ်ပုံစံတည်းပင်။

"အမယ်လေး မတင်မေတို့ကတော့ တို့ကို မုန်းမုန်းနဲ့ခံရော့ဟဲ့လို့ လုပ်ချလိုက်ပြီထင်ရဲ့ မလတ်ရေ"

မကြည်ညွန့်စကားကြားရတော့ မလတ်ရယ်ရင်း ခေါင်းညိတ်မိသည်။ မတင်မေဆိုသည့် ဆိုင်ခန်းပိုင်ရှင်က မလတ်တို့တစ်သိုက်နှင့် ခုတ်မတည့်သူမို့ ထောက်ခံမိခြင်းပင်။

◆

အချိန်တစ်ပတ်ခန့်သာ ကြာသွားသည်။ မပြောင်းလဲသည်က မလတ်တို့ ဘေးခန်းပင်။ အပြင်အဆင်ဒီဇိုင်းစုံလင်လှသော ကောင်မလေး လေးယောက်ခန့်က ဆိုင်မှာ အမြဲထိုင်တတ်သည်။ မဒီလေးများကို မကွက်တမ်း အနှံ့ခံနေသော သကောင့်သားများကလည်း လျော့သွားသည် မရှိ။ တိုးမြဲတိုးလျက်ပင်။ လူစုံတော့ ပြဿနာများကလည်း စုံစီနဖာ။

"ဒုန်း . . . ဒုန်း"

မိုးကြိုးပစ်သံအလား ကျယ်လောင်သော အသံကြီးနှင့်အတူ မလတ်တို့ဆိုင်မှ တံခါးနှစ်ချပ်က ပြိုကာလဲကျလာသည်။ မလတ်ရော ညီမလေးပါ ဆိုင်ပေါ်ရောက်နေချိန်မို့ ကံကောင်းသေးသည်။ မဟုတ်ရင်ကတော့ အကွဲနှင့်အပြဲ တစ်ခုခုကတော့ သေချာပြီးသားပင်။

"ဟို အစ်မ အားနာပါတယ်။ သူ့ကို သမီးက တွန်းလိုက်မိတာ အရှိန်မထိန်းနိုင်ဘဲ တံခါးပေါ်ပိပြီး ယိုင်လဲသွားတာ"

ဖြေရှင်းဟန်ပြချင်သော ကောင်မလေး မျက်ဝန်းက အားနာရိပ်စွန်းသလောက် လဲကျရာမှ ပြန်ထလာသော ကောင်လေးကတော့ ကြွပ်ဆတ်ဆတ်ဟန်ပင်။ မလတ် ဘာမှ ပြောလိုစိတ်မရှိစွာ ညီမလေးကို ခေါ်ကာ တံခါးပြန်ထောင်ပြီးသည်အထိ ကောင်လေးကတော့ သူနှင့်မဆိုင်သကဲ့သို့ ကိုင်ကူဖော်ပင် မရပေ။

"ချီးထုပ်ပဲကွာ၊ တံခါးကြီးနဲ့ ကွယ်ပြီး နေရာယူထားတာ တစ်ဖက်ကို အားနာရမှန်းလည်း မသိဘူး၊ ဒီဘက်ဆိုင်က အလန်းဇယားဖြစ်နေတဲ့အချိန်မှာ တစ်ဖက်က ဂန္ထဝင်သီချင်း ရွတ်ချင်နေတဲ့ မမကြီးကို တရားပြလိုက်စမ်းပါ သဲမွှန်ရာ"

တီးတိုးဆိုသွားသော စကားစုကြောင့် မလတ်မှာသာ ကြက်သေသေကာ ကျန်ရစ်ခဲ့သည်။

◆

(၃)

"အစ်မ ရှောက်သီးသုပ်လေး စားပါဦး"

ပန်းကန်လေးထိုးပေးနေသော မျက်လုံးဝိုင်းနှင့် ကောင်မလေးကို မလတ် အံ့သြစွာ ငေးကြည့်နေမိသည်။ ဆိုင်ဖွင့်သည်က နှစ်လကျော်လာသည့်တိုင် မလတ်တို့ဘက်က အဆက်အဆံ ကင်းပါသည်။ ကလေးတွေဆိုသော်လည်း ကိုယ်နှင့်ကိုက်ညီသော စရိုက်ပုံစံတွေ မဟုတ်လေတော့ မကြည်ညွန့်ရော၊ အမေသန်းတို့ပါ သိသိသာသာ စကားပြောနှုတ်ဆက်မရှိကြသောကြောင့် ကောင်မလေးများကလည်း ရှိန်ကာ ခင်မင်မှုမရှိခဲ့ပေ။ ပုံမှန်ထိုင်တတ်သော ကောင်မလေး လေးယောက်လောက်ရှိပေရာ မျက်မှန်းတန်းမိသည့် အထဲတွင် ဤကောင်မလေးက အနေအေးသည် ဆိုရမလားပင်။ အေးသည်ဆိုသည်ကလည်း လေးယောက်ထဲတွင် အေးသော်လည်း တခြားသူများနှင့်စာလျှင်တော့ အတော်သွက်သေးသည့် သတောပင်။ အခုလည်း မျက်နှာဝိုင်းလေးက ဘာတွေဇာတ်လမ်းဆင်ချင်ပြန်သည် မသိ၊ မလတ်ကို ရှောက်သီးသုပ်တွေ လာကျွေးနေပြန်သည်။ မစားချင်သော်လည်း ကိုယ့်အတွက် တကူးတက ရည်ရွယ်ဟန်တူသော ပန်းကန်လေးအပြင်အဆင်ကို ကြည့်ကာ အားနာ၍ လက်လှမ်းလိုက်မိသည်။

"အစ်မတို့က အနေအေးတယ်နော်၊ သမီးတို့လည်း အဲဒီလိုလေး



Asian Fame Media Group

နေချင်တာပေါ့ အစ်မရယ်၊ အမေက ရောဂါသည်၊ အဖေကမရှိ။ မောင်လေး ညီမလေးတွေ တာဝန်နဲ့ဆိုတော့လည်း ကိုယ်မလျှောက်ချင်တဲ့ လမ်းပေမယ့် လျှောက်ရတာပါပဲ အစ်မရယ်"

ရှောက်သီးသုပ် တစ်ပန်းကန်လေးအစပြုကာ မျက်နှာဝိုင်းလေးက မလတ် ဆိုင်နံ့ပေါ် သို့ နေ့လယ်နေ့ခင်း လာလည်သည်အထိ ခရီးပေါက်လာကာ ဘဝအကြောင်း တစေ့တစောင်း မျက်ရည်လေးဝဲကာ အမြဲပြောတတ်တော့ နှလုံးသားနုနည့်



သော မြန်မာလုပ်မျိုးများပီပီ အမေသိန်းရော၊ မကြည်ညွန့်ပါ ကရုဏာသက်သည့် အဖွဲ့ဝင် ဖြစ်လာသည်။

"သူတို့တွေက အမြဲဒီလိုပဲ ဇာတ်နာအောင် ပြောတတ်ကြတာပဲ။ အရမ်းကြီးလည်း ပစ်ကျပြီး ယုံမနေကြနဲ့ဦး"

လင်းလင်းက မလတ်တို့အဖွဲ့ကို သတိပေးစကားပြောသော်လည်း ထိုမျက်နှာဝိုင်းလေးကိုတော့ အားလုံးက ခင်မင်နေကြပေပြီ။

♦

မလတ်တို့ဆိုင်က ကုန်စုံဆိုင်ပင်။ ပစ္စည်းအမျိုးအမည်ကလည်း များသည်မို့ အတော်အသင့်ပစ္စည်းများကိုခွဲကာ အိမ်မှာပင်ထားဖြစ်သည်၊ နေ့လယ်နေ့ခင်း အိမ်မှာလည်း အမေအမြဲရှိနေတတ်သောကြောင့် လိုအပ်သောပစ္စည်းများကို စက်ဘီးနှင့် ဆိုင်အကူညီမလေးကို အယူခိုင်းကာ သယ်ရောင်းစနစ်ကို ထားရသည်။ ဈေးဆိုင်တံခါးများ ဖွင့်ပြီးသည်နှင့် ညီမလေးကိုဈေးဝယ်ပြီး အိမ်ပြန်ချက်ပြုတ်နိုင်းပြီး ၁၀ နာရီထိုးလောက်တော့မှ ထမင်းချိုင့်နှင့် ဆိုင်သို့လာကာ ညနေ ၆ နာရီခွဲမှ ဆိုင်သိမ်းပြီး ပြန်ရသည်၊ ညီမဝမ်းကွဲလေးက အမေ့အမျိုးတော်မှ ခေါ်ထားသည်ဆိုသော်လည်း အစစအရာရာစိတ်ချရတော့ ညီမအရင်းနှင့် မခြားပေ။

"ဟဲ့ မနက်က ပစ္စည်းယူတဲ့ ကိစ္စ နင့်အစ်မကို ပြောပြီးပြီလား"

ညနေ ဆိုင်သိမ်းပြီး ရေမိုးချိုးကာ မောမောနှင့်အိမ်ရှေ့နှီးချောဖျာလေးတွင် ခေါင်းချကာ နားမည်ကြံစည်တုန်းမှာပင် အမေက စကားစလာသည်။ အမေ့စကားဆုံးသည်အထိ ညီမလေးက အတွေးရဟန်တွေသေးပုံနှင့် အီလည်လည်လုပ်ကာ အမေ့ကိုကြည့်တုန်းပင်။

"ဪ ဒါတွေကြောင့် ညည်းကို ငါအားမကိုးတာ။ နင့်အစ်မယူခိုင်းတယ်ဆိုပြီး ပစ္စည်းလာယူသွားတဲ့ အကြောင်း အခုထိမပြောရသေးဘူးလား။ ညည်း မနက်ထမင်းချက်နေတုန်းကလေ"

ညီမလေးက အခုမှ သတိရလာဟန်နှင့် မလတ်ကိုလှမ်းပြောသည်၊

"သမီး သတိရပြီ အစ်မ မနက်က သဲမွှန်ဆိုတဲ့ ဟိုအထည်ဆိုင်က အစ်မကို ပစ္စည်းယူခိုင်းလိုက်တာလေ၊ ဆီငါးပိဿာတစ်ပုံးနဲ့ ပဲယိုအထုပ်နှစ်ဆယ် ယူသွားတာကို ဒေါ်ကြီးက ပြောနေတာ။ ဒေါ်ကြီးက မေးလားမြန်းလားလုပ်နေလို့ အစ်မ သူငယ်ချင်းလို့ သမီးက ဝင်ပြောရသေးတယ်"

"ဟဲ့ ငါ ဘယ်က ယူခိုင်းရမှာလဲ၊ ဘယ်အချိန်က လာယူသွားတာလဲ။ နင်ကလည်း ငါ့ကို စောစောက ပြောရောပေါ့"

မလတ်ပြောတော့မှ ညီမလေးက အလန့်တကြား ဖြစ်လာကာ မျက်ရည်ဝိုင်းလာသည်။

"မနက်ကပဲ အစ်မရဲ့။ သူက အစ်မဆိုင်မှာ လူကျနေလို့ မအားလို့တဲ့။ သမီးကလည်း နေ့လယ်ဘက်တွေ အစ်မနဲ့စကား အမြဲပြောနေတော့ သူငယ်ချင်းတွေပဲဆိုပြီး ယုံမိတာပေါ့"

ညီမလေးက ပြောပြောငိုငိုနဲ့ ရှင်းပြနေတတည်းက 'ဆုံးပြီ' ဟု သိလိုက်ပြီးသားပင်။ မနက်က ဆိုင်မှာ လူရှုပ်နေချိန် မျက်ရည်လည်ရွဲနှင့် ရန်ကုန်ပြန်ရပါမည်ဆိုပြီး လာနှုတ်ဆက်သွားသည့် မျက်နှာဝိုင်းလေးကိုသာ မြင်ယောင်နေမိသည်။ မနက် ၁၀ နာရီလောက်ကတည်းက မိတ်ဆွေတစ်ယောက် ကားကြုံနှင့် ပြန်လိုက်သွားသည်ကိုလည်း သူမတို့သူငယ်ချင်းများထံမှ ကြားပြီးသားပင်။ 'လုပ်ရက်လိုက်တာ' ဆိုသောစကားမှလွဲ၍ မလတ်တွင် ပြောစရာမရှိတော့ပေ။ ဆီငါးပိဿာနှင့် ပဲယိုနှစ်ဆယ်ထုပ်သာ မသွားသည်ကိုပင် ပြန်ကျေးဇူးတင်မိပေသေးသည်၊ မိမိ၏ ခင်မင်မိသောစိတ်ကလေးကိုသာ နှမြောနေမိသည်။

"လူမိုက်ဆိုလျှင် ရှောင်ခွာလွဲလို့ မမိုဝဲနဲ့ ကင်းအောင်နေ"

အိမ်ရှေ့အိမ်မှ သုံးနှစ်ခွဲအရွယ်ဖိုးသားလေး၏ ကဗျာရွတ်သံက တိုက်တိုက်ဆိုင်ဆိုင် နားထဲဝင်လာတော့ မလတ် နောင်တရသွားသည်။ ဟုတ်သည်။ မလတ် ကျွားကိုမှ သွား၍ သနားမိသည်ကော။ အခုတော့ ဘာမှ မတတ်နိုင်တော့ပေ။ မနက်ရောက်လျှင်သာ လက်သမားဆရာကိုဘိုးအေးကိုခေါ်ကာ ဆိုင်ခန်းနှစ်ခုကြားတွင် တံခါးချထားရုံနှင့် မလုံလောက်တော့ဘဲ သံဆန်ခါတစ်ချပ် ဝယ်ကာထားတော့မည်ဟု စိတ်ဆုံးဖြတ်ရင်း . . . ။

**နဝရတ် (ဝုဏ်/ရှူပ)**

Asian Fame Media Group



## Plus Three Stars Art & Sculphure

ပန်းချီ၊ ပန်းပုပညာရှင်များ ဖြစ်သော ပန်းချီရွှေမြင့်၊ ကျော်ကျော်မင်း (ပန်းပု) တို့၏ အနုပညာရှင်များကို ပြသသည့်အနေဖြင့် ပန်းချီပန်းပုပြသပွဲနှင့် ပုံတူပန်းချီပန်းပု လက်တွေ့ရေးဆွဲထုတ်လုပ်ဂုဏ်ပြုပွဲကို ပန်းဆိုးတန်းလမ်းရှိ လောကနတ်ခန်းမတွင် ဖေဖော်ဝါရီလ ၂၅ ရက်မှ မတ်လ ၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါပွဲတွင် ပန်းချီရွှေမြင့်၊ ကျော်ကျော်မင်း (ပန်းပု) နှင့် Artist Thar San တို့၏ ပန်းချီပန်းပုလက်ရာများကို ပြသထားပြီး ပန်းချီပန်းပုဆရာကြီးများ၏ ပုံတူပန်းချီ၊ ပန်းပုရေးဆွဲ ထုဆစ်ခြင်းကိုမူ တစ်ဦးလျှင် တစ်ရက်ကျ ပြုလုပ်ခဲ့ကြသည်။ ပန်းချီဆရာကြီး စတား ဦးမြသန်းကို ဖေဖော်ဝါရီလ ၂၅ ရက်၊ ပန်းချီဆရာကြီးဦးဘဝင်းကို ၂၆ ရက်၊ ပန်းပုဆရာကြီး ဦးလွင်မောင်ကို ၂၇ ရက်၊ ပန်းချီဆရာကြီး ဦးရောက်စီ တင်ဦးကို ၂၈ ရက်နှင့် ပန်းချီဆရာကြီးဦးလှမြင့်ဆွေကို မတ်လ ၁ ရက်၊ ပန်းချီဆရာကြီး ဦးတွန်းရှိန်ကို ၃ ရက်နေ့များက ပုံတူ ရေးဆွဲထုဆစ်ခဲ့ကြသည်။

## Miss Myanmar International 2013 ရွေးချယ်




မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ Miss Myanmar International 2013 ကို ဖေဖော်ဝါရီလ ၂၄ ရက် ညနေ ၆ နာရီက MCC တွင် ကျင်းပပြုလုပ်ခဲ့သည်။ ပြိုင်ပွဲဝင်အယောက် ၂၀ ပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး အဆင့်ဆင့်ယှဉ်ပြိုင်ခဲ့ကြရာတွင် တိုင်းရင်းသား ရိုးရာဝတ်စုံ၊ ရေကူးဝတ်စုံ၊ ညနေခင်းဝတ်စုံ၊ စိတ်ကြိုက်အစွမ်းပြယှဉ်ပြိုင်မှုများ အဆင့်ဆင့်ပြသကြရပြီး မေးခွန်းများကို အင်္ဂလိပ်ဘာသာဖြင့် မေးမြန်းခြင်းကိုလည်း ဖြေဆို ယှဉ်ပြိုင်ကြရသည်။ ဆန်ခါတင် ၁၀ ယောက်မှ ၅ ယောက်အထိ ရွေးချယ်ခဲ့ရာ Miss Myanmar 2013 ဆုကို ဂုဏ်ရည်အေးကျော်က ရရှိပြီး Miss MHA ဆုနှင့် 1st runner up ဆုကို ဖွန့်သံစဉ်၊ Miss MRA ဆုနှင့် 2nd runner up ဆုကို ဆွီဘီကိုတို့ ရရှိခဲ့ကြောင်း သိရသည်။



## သတ္တမမြောက် တော်ဘုရားကလေး စာပေဆုချီးမြှင့်ပွဲ

သတ္တမအကြိမ်မြောက် တော်ဘုရားကလေး စာပေဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့ တော်ဝင်နှင်းဆီ Restaurant သီရိခန်းမတွင် မွန်းလွဲ ၂ နာရီ မှ ၄ နာရီအထိ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် တော်ဘုရားကလေး ၏ ဇနီး ဒေါ်ခင်မမော အဖွင့်အမှာစကားပြောကြားပြီး အဆိုပါ စာပေဆုနှင့် စပ်လျဉ်းသည်များကို ဆုရွေးချယ်ရေး အဖွဲ့ဝင် ဆရာထက်မြက်က ရှင်းလင်းတင်ပြခဲ့သည်။ ဆုရွေးချယ်ရေးအဖွဲ့၏ အစီရင်ခံစာကို ဆုရွေးချယ်ရေး အဖွဲ့၏ ဆရာ အောင်ကျော်ဆန်းက ဖတ်ကြားပြီး ဆုရရှိသူများကို ကြေညာခဲ့ရာ နိုင်ငံရေးစာပေဆုကို ဖြိုးမောက်သာ စာပေမှ ထုတ်ဝေသော ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၏ 'ဆိုင်းစုမှသည် မာန်ဟိုင်းဆီသို့' က ရရှိပြီး ကဗျာပေါင်းချုပ်ဆုကို မန္တလေးမြို့ လူထုကြီးပွားရေးစာအုပ်တိုက်မှ ထုတ်ဝေသော 'မွန်းတည့်အမိ' ကဗျာများဖြင့် ကိုလေး (အင်းဝ ဂုဏ်ရည်)၊ ဝတ္ထုတိုပေါင်းချုပ်ဆုကို ရာပြည့်စာအုပ်တိုက်မှ ထုတ်ဝေသော 'ကောင်းကင် တိမ်တိုက်' ဝတ္ထုတိုများဖြင့် ဆရာမ ခင်မြဇင်က ရရှိကာ သတင်းဆုကို ဆရာအောင်မှိုင်းဆန်းက ရရှိခဲ့သည်။ ဆုရွေးချယ်ရေး အဖွဲ့၏ သုံးသပ်ချက်များကိုမူ ဆရာကြည်နိုင်၊ ဆရာဇော်နေဒ်၊ ဆရာ လင်းထင်နှင့် ဆရာ ကျော်သီဟတို့က ဖတ်ကြားခဲ့ပြီး တော်ဘုရား ကလေး၏ သမီး ဒေါ်ဒေဝီသန့်စင် ကိုယ်စား ကိုကျော်သီဟက ကျေးဇူးတင်စကား ပြောကာ အခမ်းအနားကို ပိတ်သိမ်းခဲ့ကြသည်။

## Laurel Art Academy ကျောင်းဆင်းပွဲကျင်းပ

Laurel Art Academy ၏ Graduation Ceremony ကို ဖေဖော်ဝါရီလ ၂၆ ရက် မွန်းလွဲ ၁၂ နာရီမှ ၃ နာရီအထိ Traders ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် Laurel Art Academy ၏ ကျောင်းအုပ်ဖြစ်သူ ဒါရိုက်တာ ကြည်စိုးထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ရာတွင် Laurel Art အခက်အခဲများဖြင့် ဖွင့်လှစ် ဖြတ်သန်းခဲ့သော အကယ်ဒမီ သင်တန်းကျောင်း၏ အောင်မြင်မှုမှာ မျှော်မှန်းသည်ထက် ပိုမိုကောင်းမွန်ကြောင်း၊ ယခုသင်တန်းပတ်မှာ ကြာမြင့်ချိန် တစ်နှစ်ဖြစ်ကြောင်း သိရသည်။




အဆိုပါ ကျောင်း ဆင်းပွဲတွင် သင်တန်းဆင်း ကျောင်းသူကျောင်းသားများ၏ အနုပညာ စွမ်းရည် ပြသမှုများကို ပြုလုပ်ခဲ့ကြရာ ခေတ်အဆက်ဆက် လူကြိုက်များခဲ့သည့် ရုပ်ရှင် ဇာတ်ဝင်ခန်းများအတိုင်း ပြန်လည်ကပြခြင်း၊ ခေတ်ပေါ် အက၊ မြန်မာ အကများဖြင့် ဖျော်ဖြေပြသခြင်းများ ပါဝင်သည်။

Asian Fame Media Group

# လျှို့ ဝှက် ချက်

## ရွှေသက်

ရည်ညွှန်းဖွဲ့ သီချစ်သူဆီ

ဒီမြင်ကွင်းကို မြင်မြင်ချင်း ကျွန်မ ပါးစပ်အဟောင်းသားနဲ့ ရင်တွေ တဒိုင်းဒိုင်းခုန်လာမိတယ်။ ဘယ်တော့မှ ပြောင်းလဲမသွားတဲ့ သူ့ပုံစံကို မြင်ရတော့ ဘယ်တော့မှ မပြောင်းလဲနိုင်တဲ့ ကျွန်မရင်ခုန်သံတွေက အချက်ပြလာကြတယ်။ ဒီအချိန် ဟိုနှစ်ယောက်ကို အနားမှာ ရှိစေချင်လိုက်တာ။

သူက ကျွန်မကို မမြင်ပေမယ့် ကျွန်မကတော့ သူ့ကို အတိုင်းသား မြင်ရတယ်။ ဖြည်းဖြည်းသက်သာ လမ်းလျှောက်တတ်တဲ့ သူ့ခြေလှမ်းဟန်တွေက ဟိုတုန်းကလို ဆွဲဆောင်မှု ရှိတုန်းပဲ။ ဟိုကောင်တွေသာပါရင် ဒီလိုချောင်ကုပ်ပြီး ငေးနေရမှာ မဟုတ်ဘူး။ ကျွန်မတို့ သုံးယောက်လုံး သူ့ရှေ့ထွက်ပြီး ပါးစင်နှစ်ဖက်ကို နားရွက်ချိတ်အောင် ပြုံးပြကြမှာ။ အဲဒီအထဲမှာ အကဲဆုံးက ဘယ်သူဖြစ်မလဲဆိုတာ မသေချာပေမယ့် ဘာမှမပြောဘဲ အရှည်အလုံဆုံး မျက်လုံးတွေနဲ့ စိုက်ကြည့်နေမယ်သူကိုတော့ ကျွန်မပြောရဲတယ်၊ ဘယ်သူရှိရမလဲ . . . ဟိုမိန်းမပေါ့။

♦

သူ့ကို စတွေ့ခဲ့တာက ဖြိုးကြီး၊ အဲဒီနေ့က မိဇော် ပထမဆုံးဘော်လီဘော ထရိန်နင် (training) ဆင်းတဲ့နေ့။ ကျွန်မတို့ သူငယ်ချင်းသုံးယောက်ထဲမှာ ဖြိုးကြီးကအချောဆုံး၊ အလှအပကို စိတ်အဝင်စားဆုံး။ ကျွန်မကလည်း ဖြိုးကြီးလို အလှအပကို ထပ်တူထပ်မျှ စိတ်ဝင်စားတဲ့သူ။ ကျွန်မရှပ်က ဖြိုးကြီးလောက် မလှပေမယ့် သူနဲ့ယှဉ်ရင် ဆွဲဆောင်မှုရှိအောင် ကျွန်မ အလှပြင်ရဲပါရဲ့၊ မြီးကြားမှာမှ မိဇော်က အလှအပကို စာအုပ်ဖတ်တာနဲ့ အားကစားလောက် စိတ်ဝင်စားလှသူမဟုတ်၊ အဲဒီနေ့က ကျွန်မတို့နှစ်ယောက် မိဇော်ရဲ့ မဲဆွယ်မှုကြောင့် ဘော်လီဘောကွင်းကို ရောက်ခဲ့ကြတယ်၊ ကျွန်မနဲ့ဖြိုးကြီးက အပေါ်ဆောင့်ကြသူတွေမို့ ချွေးလေးစို့တာနဲ့ သစ်ပင်ရိပ်မှာ ဝင်နားကြပြီ။ မိဇော်ကတော့ ပြိုင်ပွဲဝင်အဆင့်ထိ မှန်းသူမို့ ချွေးတရွှဲရွှဲဖြစ်နေရက်နဲ့ပင် လေ့ကျင့်မပျက်ရှိဆဲ။

"ဟိတ် ဟိုမှာ ကြည့်စမ်း"

ဖြိုးကြီးလက်တို့တော့ တစ်ဖက်ကွင်းကို ငေးနေရာမှ ကျွန်မ လန့်သွားပြီး သူမေးငေါ့ပြရာကို လှမ်းကြည့်မိတယ်။ မိဇော်နဲ့ ဆော့နေတဲ့ အစ်ကိုတစ်ယောက်။ အစ်ကိုလို့ပြော



ရတာက ကျွန်မတို့ထက် နှစ်ကြီးမှန်း သူ့ပုံစံကို ကြည့်ရုံနှင့် သိသည်။ အစ်ကိုက လက်နဲ့တောက်လိုက်၊ မိဖော်က ပုတ်လိုက်နဲ့ဟုတ်လို့။ ဒီနေ့မှ လာပုတ်တဲ့မိဖော်တစ်ယောက် ခဏလေးနဲ့ ဒီလောက် ပုတ်တတ်တာ ကျွန်မတို့အတွက် အံ့ဩစရာမဟုတ်ပေမယ့် သူနဲ့ဆော့နေတဲ့ အဲဒီလူရဲ့ ပုံစံကိုမြင်ရတော့ ကျွန်မရင်ထဲမှာ အထူးအဆန်း ဖြစ်သွားတယ်။ အလယ်ခွဲဆံပင် အချောင်းချောင်းလေးတွေကို ကြိုးနဲ့ ပင့်ထားတဲ့ပုံစံက တစ်မျိုးကြည့် ကောင်းနေတယ်။ ပြီးတော့ အားကစားဝတ်စုံဝတ်ထားတဲ့ ခန္ဓာကိုယ်က အချိုးကျပြေပြစ်တယ်။ ဆွဲဆောင်မှုအရှိဆုံးက သူ့မျက်ဝန်းတွေပဲ။ လွတ်လွတ်လပ်လပ် ဆော့ပြီး ပျော်နေတဲ့အချိန်မှာ သူ့မျက်ဝန်းတွေက လှလှပပလှုပ်ရှား သက်ဝင်နေတယ်။

"မိဖော်ကို မနာလိုဘူးကွာ နော့"

ဖြိုးကြီးရဲ့ ညစ်ပတ်ပတ်စကားသံကြောင့် ကျွန်မ ရယ်ချင်သွားတယ်။

"နင်လည်း သွားပုတ်ပေါ့ မိဖော်လည်း ရှိတာပဲ"

ကျွန်မစကားကြောင့် ဖြိုးကြီးမျက်နှာ ရှုံ့မဲ့သွားတယ်။

အခုလည်း ဘာထူးလဲ၊ ဖြိုးကြီး သူ့ကို ကြိုက်မှန်း သိတုန်းကလည်း အီချင်တာပဲ၊ နင် သူ့ကို ကြွေမှန်း သိတော့လည်း အီချင်တာပဲ၊ ငါ သူ့ကို သဘောကျမှန်း သိတော့လည်း . . . .

"သေလိုက် . . . နင်သွားပါလား ပင်ပန်းလို့ သေလိမ့်မယ်၊ ဒီကနေ ထိုင်ရှို့တာပဲ ကောင်းတယ်။ အမယ်လေး မိဖော်မနားပါစေနဲ့၊ ဒါမှ အဝကြည့်ရမှာ"

"ခွေးမ" ကျွန်မ ပျစ်ပျစ်နှစ်နှစ် ဆဲလိုက်တယ်။

"ငါတို့ကသာ ဖြစ်နေတာ ဟိုတစ်ယောက်က ဘောလုံးပဲမြင်မှာ အဲဒီလူကို မြင်တောင်မြင်ရဲ့လားမသိဘူး"

ဖြိုးကြီးက လျောင်သံလေးနှင့် ပြောသည်။

"အေးဟ ဟုတ်တယ် နင့်လို နှာဘူးမှ မဟုတ်တာ"

"[illegible] ဆားပါ ငါကတော့ တကယ်ကြွေပြီနော်၊ ပြီးမှာ လာမမျှ ဒိုင်းနဲ့ ဖြိုးကြီးတို့က sorry ပဲ"

အဲဒီညနေက ထမင်းစားဝိုင်းမှာ ဖြိုးကြီး၏ ဝေဒနာကို ကျွန်မတို့ အသိအမှတ်ပြုခဲ့ရသည်။ မိဖော်ကတော့ တစ်ခွန်းသာ ပြောသည်။

"နင်တို့ဟာက ယပင့် ယရစ်ကွဲ အောင်လုပ်နော် တော်ကြာ အရူးနသော ဖြစ်နေဦးမယ်"

အဲဒီကိစ္စကို ကျွန်မက တာဝန် ယူခဲ့ရသည်။

•

"အဲဒါနဲ့ သူက ဘာပြောလဲ"

"ဘာပြောရမလဲ ငါ မင်းအစ်မ ရည်းစားကွလို့ ပြန်ပြောတာပေါ့" တဲ့။

"အဟုတ်"

"အေး"

"ဟာ သေရော"


"အံမယ် သူက ပြောသေးတယ် တဲ့ မင်းကို ဘယ်သူတွေ မေးခိုင်းတာလဲတဲ့"

"ဟာ ဒုက္ခပါပဲ ငါတို့မှန်းသိလို့ နဲ့ တူတယ်"

ဘောလုံးလေး တစ်ချက်နှစ်ချက် ထိပြီး နားသယောင်ယောင်နဲ့ သူ့ကိုချောင်းနေတတ်တဲ့ ကျွန်မတို့ကို သူသိနေလောက်ပြီ။ ကျွန်မ မောင်တစ်ဝမ်းကွဲ ကျော်သူ့ကို စုံစမ်းခိုင်းမှ ပိုဆိုးကုန်သည်။ ကျွန်မတို့နဲ့ အမျိုးသိပ်မကင်းတဲ့ မချောစုရဲ့ ရည်းစားကိုး။

"နင်တို့ ကြည့်လည်းလုပ်နော် ဘိုးတော်က bright ကြီး"

မိဖော်က ကျွန်မတို့ကို သတိ



ပေးစကားဆိုသည်။

"ငါလည်း ဘာမှမတတ်နိုင်ဘူး ဟာ ငါ့အစ်မပစ္စည်းဆိုတော့ . . . အင်း ငါတောင် လွမ်းရတော့မယ်နဲ့ တူတယ် ဒီစပါယ်ရှယ်လေးကို" ကျွန်မ ခပ်ညည်းညည်းလေး ပြောမိသည်။

"တော်ပြီကွာ ငါ ဘယ်လောက် ကြွေကြွေ သူများဟာတော့ ကြောင်တောင်မနိုက်ချင်ဘူး အသည်းကွဲ တာများ ခဏလေးပါဟာ၊ ဖြိုးကြီးတို့ အသည်းက ဒီလောက်တော့ အပျော့"

ဘာမှမဖြစ်သလို လေသံနှင့် ဖြိုးကြီးရေရွတ်တော့ မိဇော်က ဖျတ်ခနဲကြည့်ကာ ဆိုလိုက်တာက

"နင့် စိတ်ခေါက်ကို တော့ လေးစားသွားပြီ" တဲ့။

အမှန်တော့ လေးစားစရာ ဒီလောက်မရှိဘူးဟု ကျွန်မထင်တယ်။ ဟုတ်တယ်လေ၊ ကျွန်မတို့၊ ဖြိုးကြီးတို့က တွေ့ရာမြင်ရာ ကြိုက်ကြတာ။ ဖြိုးကြီးမကြာခဏ ပြောတတ်သော စကားရှိသည်။

"ငါက ရည်းစားထားလို့မရဘူး။ ဟိုတစ်ယောက်မြင်လည်း ကြိုက်၊ ဒီတစ်ယောက်မြင်လည်း ကြိုက်နဲ့ ဒီလို လွတ်လွတ်လပ်လပ်နေမှ ကောင်းတာ . . . စိတ်က မရဘူး" တဲ့။

ဒီလိုနဲ့ ဖြိုးကြီးရဲ့ ဝေဒနာတွေ အလိုက်သင့် ပျောက်ကွယ်သွားခဲ့ပုံရသည်။ ကျွန်မကတော့ ကိုယ့်အစ်မ လူဆိုပြီး ရှောင်ရတဲ့ အသိနဲ့တင် ဝေဝါးနေခဲ့ပြီး ရင်ထဲမှာ တစ်စတစ်စ ဝေဒနာပိုလာခဲ့ရသည်။ ကျွန်မက ထိုအကြောင်းကို ဖြိုးကြီးကို အသိမပေးခဲ့။ မိဇော်ကိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့သည်။

"ငါ အရမ်းကြွေတယ်ဟာ. . . စိတ်ကို တားလို့ကို မရဘူး"

မိဇော်က ကျွန်မရင်ထဲကို နားလည်သလို ပြုံးပြရှာသည်။ အဲဒီတုန်းက ကျွန်မမှာ တော်ပြီးခါစ ပူပူနွေးနွေးရည်းစားတစ်ယောက် ရှိနေခဲ့သည်။ အဲဒါကို မိဇော်က သိနေတော့ ပူရှာသည်။ တစ်ရက်၊ ကျွန်မ နေမကောင်းလို့ ဆေးခန်းတက်ရသည်။ မိဇော်က ကျွန်မကို လာစောင့်အိပ်ပေးသည်။ ခုတင်ပေါ်မှာ ပုလင်းကြီးချိတ်ထားတဲ့ ကျွန်မ မိဇော်ကို ဘယ်သူမှ မကြားအောင် ခပ်တိုးတိုးပြောမိသည်။

"မိဇော် ငါ အခု သူ့ကိုပဲ သတိရနေတယ် တကယ်တမ်း ငါ သတိရရမှာက သူမဟုတ်ဘူး အဲဒါဘယ်လို လုပ်ရမလဲ"

မိဇော်က ကျွန်မကို အရူးတစ်ယောက်ကို ကြည့်သလို ကြည့်ပြီး ကျွန်မရည်းစား ပို့ထားတဲ့ မုန့်ထုပ်ကို ဖောက်စားလိုက်တယ်။

"မေ့လိုက်လို့ ပြောရင်လည်း နင်က ရမှာမဟုတ်ဘူး။ အဲဒီရည်းစားကိုလည်း နင်ပဲ ရချင်ခဲ့တာလေ၊ ခုတော့ ကောင်းရော၊ ကိုယ် တကယ် မကြိုက်ဘဲ ထားတာကိုး"

"အဲဒီတုန်းကတော့ ကြိုက်တယ် ထင်တာကိုး"

"အေး ခုလည်း အဲလိုပဲလား တွေးဦး"

"မဟုတ်ဘူး မိဇော်။ ဒါ ငါ့အစ်မလူ၊ ငါ သိတယ်၊ တော်ရုံလူဆို အဲလိုအသိနဲ့တင် ငါ နေနိုင်ဆုံးမှာ။ ခုတော့ ဒီလိုအသိနဲ့တောင် တစ်ဖက်က သတိရနေတာ သိပ်ဆိုးတယ်ဟ၊ အဆိုးဆုံးက နင်ပြောတဲ့ အဲဒီကြိုက်တယ်ထင်လို့ ထားခဲ့တဲ့ ရည်းစားကိုမှပဲ၊ ငါ ဘယ်လို လုပ်ရမလဲ"

အဲလိုပြောတော့ စားပြီးတဲ့အခွံကို အမှိုက်ပုံးထဲ ပစ်ထည့်ရင်း တစ်လုံးချင်းပြောပုံက

"လွယ်လွယ်လေး ဒီခုတင်ပေါ်မှာပဲ နင်သေလိုက်တော့" တဲ့။

♦

ဒီပြဿနာက ဒီမှာတင် မပြီးဘူး။ တစ်ညနေပေါ့။ အဲဒီညနေကို ကျွန်မ ကောင်းကောင်းမှတ်မိတယ်။ မိဇော်မျက်နှာ ပြုံးရွှင်ပြီး training က ပြန်လာခဲ့တာ။ ချွေးတွေရွှဲနေတဲ့ ခန္ဓာကိုယ်နဲ့ ကျွန်မကိုဖက်ပြီး

"သိပ်ပျော်ဖို့ ကောင်းတာပဲ နင်တို့လူလေ ခုတလော ငါ့ကို သဘောကောင်းနေတယ် သိလား"

ရုတ်တရက်တော့ ကျွန်မ ကြောင်သွားတယ်။

"ပြီးမှ နင်တို့ကို ပြောပြမယ်။ နင်တို့ မနာလိုမဖြစ်ရဘူးနော်"

"မိဇော်"

ကျွန်မခေါ်သံကို မိဇော်က လှည့်တောင် မကြည့်တော့ဘူး။ ခုန်ပေါက်ပြီး ထွက်သွားတဲ့ သူ့ကျောပြင်ကိုပဲ မြင်လိုက်ရတယ်။ အဲဒီညနေ ထမင်းစားဝိုင်းမှာ မိဇော်က ကျွန်မတို့ကို ပြောတယ်။

"ဒီနေ့လေ ငါ့ရင်ထဲမှာ တစ်မျိုးပဲ သူပြုံးလိုက်တော့ သွားသွားရှည်ရှည်လေးတွေ အတန်းလိုက်ပေါ်လာတာသိပ်လှတာပဲ ငါ တစ်ခါမှ အဲလို သူပြုံးတာ မမြင်ဖူးဘူး၊ နင်တို့ကို ခေါ်ပြချင်တာ၊ သူ့ကို ကောင်မလေးတွေ ကြွေတာ ဘာဟုတ်မလဲ၊ သူ့ရဲ့ အဲလို ရှားရှားပါးပါး အပြုံးကို မြင်ရရင် အားလုံး ကျွမ်းထိုးမှောက်ခုန် ဖြစ်ကုန်ကြမှာ"

ကျွန်မတို့နှစ်ယောက်လုံး သူ့စကားမှာ ငေးခနဲ ဖြစ်သွားတယ်။ မိဇော်ဆီက ဒီလိုစကားမျိုး တစ်ခါမှ မကြားဖူးဘဲကိုး။ ဒါပေမဲ့ ကျွန်မတို့က မိဇော်ကို ယုံတယ်။ မိဇော်ဟာ ဘယ်တော့မှ မဖိုက်မဘူးဆိုတာ၊ တွေးတွေးဆဆ ပြောနေတဲ့ သူ့မျက်လုံးထဲက တောက်ပနေတဲ့ အရိပ်တစ်ခုကိုတော့ ကျွန်မတို့ ထိတ်လန့်ချင်လာတယ်။ ဒီလိုအရိပ်မျိုးက သူ ရှားရှားပါးပါး ကြိုက်လှပါချည်ရဲ့ဆိုတဲ့ အချစ်ကဗျာမျိုးဖတ်ရင်ပေါ်လာတတ်တဲ့ အရိပ်မျိုးကိုး။

ရှင်းရှင်းပြောရရင် မိဇော်ရည်းစားရသွားမယ့် ကိစ္စကို ကျွန်မတို့က မပူပါဘူး။ ဘာဖြစ်လဲ။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ပေါ့။ တစ်ရက် ကျွန်မနဲ့ဖြိုးကြီး training ကွင်းကို ရောက်သွားတယ်။ သူများတွေရဲ့ ပိုက်ဘေးကပ်ထောင်ဘောတွေကို မိဇော်က ခုန်တက်ပြီး ရိုက်ချနေတယ်။ ကျွန်မတို့က နောက်ပိုင်းတွေ တစ်ခါမှ မရောက်ဖြစ်တော့ မိဇော် အဲလောက် ရိုက်တတ်နေပြီလို့တောင် မသိဘူး။

"မိုက်တယ်နော် မိဇော်က တော့"

"အေးဟ"

နှစ်ယောက်သား ပြောနေကြတုန်း ရှိသေး။ မိဇော်ရဲ့ နောက်လွတ်တဲ့နေရာကို လူတစ်ယောက် ဝင်လာတယ်။ ဖြိုးကြီးက ကျွန်မကို လက်ကုတ်တယ်။ "သိတယ်" လို့ ကျွန်မက တိုးတိုးလေး ပြောလိုက်တယ်။

"ဟောတော့" ကျွန်မတို့ ကြည့်နေတုန်းမှာ ဘယ်လိုကဘယ်လို ဖြစ်သွားတယ် မသိဘူး။ မိဇော်ရော အစ်ကိုပါ တိုက်မိပြီး မိဇော်က လဲသွားတယ်။ အမယ်လေး. . . သတိကောင်းလိုက်တဲ့ မိဇော်။ ချက်ချင်း ထလိုက်သတဲ့။ နေပါဦးလား၊ ဟိုက ထူပေးမှာကို။

"ညီမ ရလား၊ သွေးတွေနဲ့၊ မွန်းကုန်ပြီ နားလိုက်ပါလား"

"ဟင့်အင်း ရတယ်၊ ဘာမှ မဖြစ်ဘူး"

ကျွန်မနဲ့ဖြိုးကြီး အသက်တောင် မရှူမိဘူး၊ ငေးနေမိကြတာ။ မိဇော် လုပ်ပုံ ပြောပါတယ်။ ကျွန်မတို့သာဆို ဒီတစ်ချီနဲ့ ပွဲပြီးပြီ။ ကျွန်မတို့က အသည်းတယားယား၊ ဟိုလူက ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေတုန်းမှာ မိဇော်က ဘောလုံးသုံးလုံးလောက် အမြန်ပြင်းပြင်းနဲ့ ရိုက်ချပြီးနေပြီ။ အဲဒီညနေက "ငါက စမက်ရှာ (Smasher) သမားဖြစ်ချင်တာ" ဟု ပြောတတ်သော မိဇော်ကို ကျွန်မတို့ အားမလို အားမရဖြစ်ခဲ့ကြတယ်။

♦

"ကောင်မ လုံးဝမနာလိုဘူး နင့်ကို အစ်ကိုကဂရုစိုက်တာ များနေတာပဲ"

"အမယ်လေး ယောက်ျားပဲ ငါမို့မဟုတ်ဘူး၊ သူက အသာကြီး"

"နင် ရင်မခုန်ဘူးလား"

"ခုန်တော့ ခုန်သလိုပဲ ငါ မောနေလို့လား မသိဘူး၊ မသိဘူးဟာ သူ့ကိုတွေ့ရင် ပျော်သလိုပဲ၊ သူပြုံးပြရင် ငါ့ရင်ထဲမှာ ငြိမ့်ငြိမ့်ညောင်းညောင်းလေး ဖြစ်သွားတယ်။ သူ့သွားလေးတွေက ချစ်ဖို့ကောင်းတယ်နော်၊ ဟိုတစ်နေ့က သူ့ကို section တွေရှေ့မှာ တွေ့တယ်၊ ဆံပင်တွေကို နဖူးပေါ်မကျအောင် လှန်သိမ်းထားတာ၊ တိုက်ပုံ အဖြူလေးနဲ့ အရမ်းချစ်ဖို့ ကောင်းတာပဲ၊ အံမယ် သူက ငါ့ကို ပြုံးပြလိုက်သေးတယ်၊ အဲလို ပြုံးပြတော့ ငါ့ခြေထောက်တွေ မြေပေါ်မှာ ထိတယ်လို့တောင်မထင်ရဘူး၊ လေထဲမှာ လွင့်နေသလိုပဲ အတန်းထဲမှာ ထိုင်လို့ စာသင်နေတာတောင် အဲဒီအပြုံးကို မြင်နေတယ်။ ထူးတော့ ထူးဆန်းသားပဲ"

"အဲဒါ အချစ်လို့ နင်ဝန်ခံလား" ဖြိုးကြီးအသံက သိလိုစိတ်အပြည့်။



Asian Fame Media Group

"အချစ် . . . ဟုတ်လား၊ အချစ်က အဲလောက် မလွယ်ဘူး ထင်တာပဲ။ ငါ့မျက်စိထဲမှာ ချစ်ဖို့ကောင်းတယ်ဆိုတာပဲ ရှိသေးတယ်။ ချစ်ပစ်လိုက်မယ် ဆိုတာမျိုး မရှိလာသေးဘူး။ ငါသဘောကျတဲ့ မင်းသားရဲ့ အပြုံးကို ကြိုက်သလိုမျိုး"

"မတူဘူးနော် မိဇော် . . ဒါက"

"အေးပါ နေပါဦး၊ ငါပြောပါဦးမယ်၊ ငါက လူတစ်ယောက်ကို ဦးနှောက်နဲ့လည်း ကြည့်တတ်တဲ့ မိန်းမပါ။ သူ့မျက်နှာများတာ၊ ရှုပ်တာ၊ ပွေတာတွေကို ငါမုန်းတယ်၊ မချောစုနဲ့ ပြတ်သွားတဲ့ ကိစ္စကို ကြည့်"

"ဟာ ငါ့အစ်မနဲ့ ပြတ်သွားတာ ဘာဆိုင်လဲ"

ဟုတ်ပါတယ်။ ဒီအတောအတွင်းလေးမှာပဲ သူတို့ပြတ်သွားတဲ့သတင်း ကြားရသည်။ မချောစုအတွက် စိတ်မကောင်းတာ မှန်ပေမယ့် ဒါဟာ ကျွန်မတို့အတွက် အခွင့်အရေးပဲလို့ ကျွန်မနဲ့ဖြိုးကြီးက မှတ်ထားပြီးသား။ အစ်ကိုက ကျွန်မတို့သုံးယောက်လုံးကို ရက်ရက်ရောရော ပြုံးပြတတ်တာ မဟုတ်လား။ ဒါနဲ့များ . . .

"ဒီမှာ မချောစုနဲ့ သူနဲ့က လူသိရှင်ကြား မယူရုံတမယ် တွဲခဲ့တာ၊ ခုတော့ သူကစပြီး ဖြတ်တယ်တဲ့။ ကျောင်းပြီးလို့ မယူရင်တောင် ကျောင်းတွေ မကြာခင် ပိတ်တော့မယ်၊ အောင့်ထားပါဦးလား၊ အဲလို နှမချင်း ကိုယ်ချင်းမစာတာမျိုး ငါမုန်းတယ်။ ပြီးတော့ သူ့ကို ကောင်မလေးတွေ ကြွေမှန်းသိလို့ အခွင့်အရေးယူတာမျိုး"

"ဟာ သူ အခု ရည်းစားတွေ အများကြီးထားလို့ ရှုပ်နေတာမှ မဟုတ်ဘဲ အရင်ကသာ"

"ဟုတ်ပါတယ်၊ အရင်က ထားပါ၊ အခုလည်း ဘာထူးလဲ၊ ဖြိုးကြီး သူ့ကို ကြိုက်မှန်းသိတုန်းကလည်း အီချင်တာပဲ၊ နင် သူ့ကို ကြွေမှန်းသိတော့လည်း အီချင်တာပဲ၊ ငါ သူ့ကို သဘောကျမှန်းသိတော့လည်း ငါ့ကို မျက်နှာသာပေးချင်တာပဲ မဟုတ်လား အဲဒါကိုပဲ ငါကမကြိုက်တာ"

ကျွန်မနဲ့ဖြိုးကြီး စကားမပြောနိုင်ဘဲ ဖြစ်သွားသည်။ ကျွန်မတို့ နှစ်ယောက်ဖြစ်နေပုံကို သူက ရွှန်းရွှန်းစားစားလေး ကြည့်ပြီးမှ "ပြီးတော့ ရှိသေးတယ်ဟ ငါ အရှမ်းရွံတာ" ကျွန်မတို့ မျက်လုံးအပြူးသားဖြစ်သွားတယ်၊ ဟိုက သူ့ကိုဘာလုပ်ခဲ့လဲမသိ စိတ်ဝင်စားသွားတာတော့ အမှန်။

"ဟိုလေ ဆဲတယ်ဟ၊ ပျစ်ပျစ်နှစ်နှစ်ပဲ ရွံစရာကောင်းတယ် သိလား"

ခပ်ရွံ့ရွံ့ပြောတဲ့ စကားအဆုံး ကျွန်မနဲ့ဖြိုးကြီး အော်ရယ်ပစ်လိုက်ကြတယ်။ "ဖြစ်မှ ဖြစ်ရလေဟာ" မိဇော်က ဆဲတာကို လုံးဝမကြိုက်တဲ့ မိန်းမ။ ကျွန်မတို့ဆဲရင်တောင် ပါးကို ဆွဲလိမ်တတ်တာ၊ သူကိုယ်တိုင်ကလည်း လုံးဝမဆဲ။ ကဲ . . . ကောင်းကြရော၊

◆

"ဟော့"

ကျွန်မ အတွေးဆုံးခါနီးမှာပဲ သူ ကျွန်မကို မြင်သွားတယ်။

"အစ်ကို ဘယ်သွားမလို့လဲ" ကျွန်မ အမေးကို သူ မဖြေဘူး၊ သူ ကြည့်ရတာ ပျာယာပျာယာနဲ့။

"ရှိသေးတာပေါ့၊ မမှတ်မိဘူးလားလို့၊ ခုနကတည်းက တွေ့တာ"

"မှတ်မိတာပေါ့ အစ်ကိုကိုမှ မမှတ်မိရင်"

ကျွန်မ စကားအဆုံး သူ ခပ်လျှော့လျှော့ပြုံးတယ်။ နှစ်တွေ ကြာသွားလို့ ထင်ပါရဲ့၊ သူ့ပုံစံက တည်ငြိမ်သွားလိုက်တာ။

"ညီမရော ဘယ်ကလာလို့ ဘယ်ကို သွားမှာလဲ"

သူ့မျက်ဝန်းထဲကနေ လျှံထွက်နေတဲ့ မေးခွန်းတွေကို ကျွန်မ မြင်လိုက်ရတယ်။

"ညီမ သူငယ်ချင်းဆီက ပြန်လာတာပါ"

သူ့မျက်ခုံးတွေ သိသိ သာသာ မြင့်တက် သွားတယ်။ သူကနှုတ်ခမ်းကို လျှာနဲ့တစ်ချက်သပ်လိုက်တယ်။

"ဟို တစ်ယောက်လား"

"ရှင်"

သူ့မျက်ဝန်းတွေက ခုမှ လိုချင်တာရတဲ့ ပုံစံမျိုးနဲ့ တဖျပ်ဖျပ်လက်လာတယ်။ ဒုက္ခရောက်တာက ကျွန်မ။ ဘယ်သူ့ကို ပြောတာလဲ၊ ဖြိုးကြီးကို ထင်တယ်။ မိဇော်ကိုတော့ လုံးဝမဖြစ်နိုင်။ သူ စိတ်ဝင်စားမယ့် စတိုင်က ဖြိုးကြီးလို လှလှပပ၊ နုနုနယ်နယ်၊ အိစိကလီ၊

"ဟိုတစ်ယောက်လေ အသားညိုညို၊ အရပ်ရှည်ရှည် စမက်ရှ် (smash) အရမ်းကောင်းတဲ့ ကောင်မလေး"

"ရှင်"

ဒီတစ်ခါ 'ရှင်' က ကျွန်မရဲ့ အံ့ဩမှုကို အထွတ်အထိပ်ရောက်စေတယ်။ ရဲတွတ်သွားတဲ့ သူ့မျက်နှာနဲ့ ရှက်ရွံ့သွားတဲ့ သူ့မျက်ဝန်းတွေကို ကျွန်မ အထူးတဆန်း ငေးနေမိတယ်။

"ညီမတို့ထဲမှာ သူက တစ်မျိုးနော်၊ တော်တော် ဖွဲ့ကောင်းတယ်၊ မနေတော့ အကြီးသားပဲ"

"မကြီးပါဘူး၊ သူက သဘောကောင်းပါတယ်"

ကျွန်မ နှုတ်ခမ်းတွေက အလိုလို လှုပ်ရှားသွားကြတယ်။ ကျွန်မစကားကို သူက ချည့်ချည့်နဲ့နဲ့ ပြုံးပြရှာတယ်။ သူ့နှုတ်ခမ်းဖျားလေးတွေ လှုပ်ရှားပုံကြည့်ရတာ သူ့မေးခွန်းတွေ ကုန်ဟန်မတူသေးဘူး။

"အစ်ကိုရော ကလေး ဘယ်နှယောက် ရပြီလဲ"

ကျွန်မက ရတဲ့ အခွင့်အရေးကို လက်လွှတ်မခံဘူး။ ဒီသတင်းက အရေးကြီးတယ် မဟုတ်လား။

"ခရီးသည်တွေ ကားထွက်တော့မယ် တီတီတီ"

စပယ်ယာ အော်သံနဲ့အတူ ကားဟွန်းသံပါ ကြားလိုက်ရတယ်၊ သူက ကားကို တစ်လှည့်၊ သူ့ကို တစ်လှည့်ကြည့်နေတဲ့ ကျွန်မကို သနားတဲ့ပုံနဲ့ ခပ် သွက်သွက် ပြောချလိုက်တယ်။

"အစ်ကို အိမ်ထောင် မပြုသေးပါဘူး။ ပြုဖြစ်တော့မယ်လည်း မထင်ပါဘူး"

"ဘာလို့လဲဟင်"

မတ်တတ် ရပ်နေပြီဖြစ်တဲ့ သူ့ကိုကြည့်ရင်း ကျွန်မအမောတကောနဲ့ မေးမိတယ်၊

"ကိုယ်ချစ်တဲ့ ကောင်မလေးက ကိုယ့်ကို မချစ်နိုင်လို့ပေါ့၊ စာအုပ်နဲ့ဘောလီဘောကိုပဲ စိတ်ဝင်စားတဲ့ မာနခဲလေးကိုမှ အစ်ကိုက ချစ်မိခဲ့တာကိုး"

"ဘုရားရေ"

ကျွန်မကိုယ်ကျွန်မ အသက်ရှူရပ်သွားပြီလို့ ထင်မိတယ်။ ကျောခိုင်းလျှောက်သွားတဲ့ သူ့ကို ငေးကြည့်ရင်း ကျွန်မရင်ထဲမှာ ဝမ်းနည်းဝမ်းသာကြီး ဖြစ်နေတယ်။ ကျွန်မ မတ်တတ်ထရပ်မိပြီး သူ့ကို လိုက်ခေါ်မိတော့မလို ဖြစ်သွားတယ်။

"ဪ ဒါနဲ့"

ခြေလှမ်းခုနစ် လှမ်းလောက်မှာ သူ ခေါင်းတစ်ချက် ပြန်လှည့်လာတယ်။

"သူရော အိမ်ထောင်ပြုလိုက်ပြီလား"

"ရှင်"

ဘုရား၊ ဘုရား အံ့ဩ စရာတွေချည်း ကြုံနေရပါလား။ ရုတ်တရက် ကားသံ၊ လူသံတွေ ဆူညံသွားတယ်။ ကားတစ်စီး သူနဲ့ ကျွန်မကြားဝင်ရပ်လိုက်တော့ ဈေးသည်တွေ၊ ခရီးသည်တွေ အုံ့ခဲသွားတယ်။ သူ့ကို ကျွန်မ မမြင်ရတော့ဘူး။ ကျွန်မ ဘာလုပ်လို့ လုပ်ရမှန်း မသိခင်မှာပဲ ဟိုဘက်ကားက ထွက်သွားပြီ။ ကားနောက်မှာ ခိုပြီး ကျွန်မကို လိုက်ရှာနေတဲ့ သူ့ကို မြင်လိုက်ရတယ်၊

လူတွေ ကားတွေနဲ့ အဝေးဆုံးကို ရောက်သွားသလို ကျွန်မ ခံစားရတယ်။ တစ်ခုခုကို အကြီးအကျယ်နှမြောတသစိတ်က ရင်ထဲကနေ လှိုက်လှိုက်တက်လာပြီး လူတစ်ကိုယ်လုံးကို တုန်ရင်စေတယ်။ မနေ့ကမှ မိဘပေးစားသူနဲ့ လက်ထပ်လိုက်တဲ့ ဟိုမိန်းမက ကျွန်မကို ရင်ဖွင့်သွားခဲ့တာ . . . ဘာတဲ့။

"ငါ သူ့ကို အမြဲသတိရခဲ့တာ၊ ခုချိန် သူနဲ့သာတွေ့ရင် . . . အင်း မဖြစ်နိုင်ပါဘူးလေ" တဲ့။ အဲဒီတုန်းကမှ မြင်ဖူးတဲ့ ကျွန်မသူငယ်ချင်း မိဇော်ရဲ့ ဖျော့တော့တဲ့ အပြုံးကို မြင်ယောင်မိချိန်မှာ ကျွန်မ ရင်ထဲက နေ စိတ်ရှိလက်ရှိ အော်ပစ်လိုက်တယ်။

"မိဇော်ရေ . . . "

**ရွှေသက်**

Asian Fame Media Group



ကိုထွန်း-လမ်း(၈၀)

# မန္တလေးအတွေး မန္တလေးအရေး

တစ်လောက အကြောင်း ကိစ္စတစ်ခုရှိလို့ မုံရွာကိုခရီးသွားနေတုန်း လမ်းခုလတ်မှာ တယ်လီဖုန်းဝင်လာလို့ နားထောင်လိုက်တော့ ကိုသန်းဌေး (ဥတ္တရလွင်ပြင်)ဆီက တယ်လီဖုန်းဖြစ်နေပါတယ်၊ ကိုသန်းဌေးဆိုတာ အင်ဗတာနံမှ စာရေးကောင်းတဲ့ စာရေးဆရာ သင့်နေ့ပါ၊ ကျွန်တော်တို့က ရင်းနှီးလွန်းလို့ သူ့နာမည်ရင်းအတိုင်း ခေါ်နေမိတတ်ပါတယ်။ ဆရာဌေးက ခင်ဗျားအတွက် ဦးညွန့်စိန်က ထမနဲပို့ထားတာရှိတယ်။ ဘယ်ကိုပို့ပေးရမလဲတဲ့ မမျှော်လင့်ဘဲ ဒီလိုကြားလိုက်ရတော့ အံ့ဩသွားရသလို အားနာသွားမိတယ်။ မနက်ဖြန်တပို့တွဲလပြည့်နေ့ဆို တာ ကျွန်တော်မေ့နေမိတယ်လေ။ လူမှုရေးကိစ္စမှန်သမျှ ဘာပဲဖြစ်ဖြစ် ကူညီဆောင်ရွက်ပေးတဲ့ ဆရာဌေးကို အားနာရသလို နှစ်တိုင်း တပို့တွဲလပြည့်နေ့ရောက်လာရင် မမေ့မလျော့သတိတရနဲ့ ထမနဲလက်ဆောင်တွေ ပို့ပေးတဲ့ မိတ်ဆွေကြီးဦးညွန့်စိန်ကိုလည်း အားနာရပြန်ပါတယ်။ အလုပ်တွေများလွန်းလို့ တပို့တွဲလပြည့်နေ့တောင်မေ့နေတဲ့ ကျွန်တော် ဘယ်လောက်တောင် ညံ့ဖျင်းလိုက်သလဲလို့၊ ဒါပေမဲ့ ကျွန်တော်မိတ်ဆွေတွေက မမေ့ကြဘူး၊ဒီအချိန်ရောက်ရင် ထမနဲအထုပ် ရောက်လာလေ့ ရှိတယ်လေ။ မပျက် မကွက်နဲ့ နှစ်တိုင်း ပို့ပေးနေတာ ဆယ်စုနှစ်မက ကြာခဲ့ပါပြီ။ လက်ထဲ ရောက်လာတဲ့ ထမနဲထုပ်ကို ကြည့်ရင်း ငါ့လူကြီးကျန်းမာရွှင်လန်းပါစေလို့ ဆုတောင်းပြီး ကြည်နူးပီတိဖြစ်သွားရပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ခင်မင်ရင်းနှီး သံယောဇဉ်ကြီးလွန်းတဲ့ ကိုယ့်မိတ်ဆွေတွေကို ကျေးဇူးတင်ရသလို တစ်ဖက်ကလည်း နေ့စဉ်နေ့တိုင်း ကိစ္စဝိစ္စတွေများလွန်းလို့ သူတို့နဲ့ မတွေ့ဆုံဖြစ်တာကို တွေးမိတိုင်း မျက်နှာပူနေမိပါတယ်။ အဲဒီတော့လည်း အရင်တုန်းက ဆုံတွေ့ခဲ့တာလေးတွေကိုပဲ ပြန်ပြီး လွမ်းမိနေ ရတာပေါ့။ အထူးသဖြင့် ညွှန်းရရင် သင်္ကြန်ကျချိန်ပါ။ ကျွန်တော်ရယ်၊ ကိုမောင်မောင်တာရယ်၊ ကိုဘကြည် စိမ်းရယ်၊ ဦးညွန့်စိန် အိမ်မှာ ဆုံကြ ပါတယ်။ ဘီယာဝိုင်းဖွဲ့ရင်း ရောက်တတ်ရာရာ စကားတွေ ပြောပြီး ပျော်ပါးရွှင်လန်းစွာနဲ့ သင်္ကြန်တစ် နှစ်ကို ပြီးဆုံးသွားပါတယ်။ ဒီလိုနဲ့ နှစ်တွေတစ်နှစ်ပြီး တစ်နှစ်ကုန်ဆုံးသွား။ ကျွန်တော်တို့တစ်တွေ ကိုယ့် အကြောင်းကိစ္စနဲ့ကိုယ်မို့ သင်္ကြန် နှစ်တိုင်း မဆုံဖြစ်ကြတာကြာပါ ပြီ။

ခေတ်ကလည်း မြန်နှုန်းမြင့်တဲ့ ခေတ်ဆိုတော့ ခေတ်နဲ့အတူရှိနေတဲ့ ကျွန်တော်တို့တစ်တွေလည်း ကိုယ့်စိတ်တိုင်းကျ ဘယ်နေနိုင်တော့မလဲ။ ခေတ်ပြဋ္ဌာန်းချက်အတိုင်း လှုပ်ရှားနေရတာပါ။ သူငယ်ချင်း တစ်ယောက်က ကျွန်တော့်ကို ရင်ဖွင့်ပါတယ်။ ငါကွာ. . . ကလေးတွေ အရွယ်ရောက်လာရင် ငါ့တာဝန်ပြီးသွားပြီ မှတ်တာ၊ ဘယ်ဟုတ်မှာလဲ၊ သူတို့ကိစ္စတွေက ကိုယ့်ခေါင်းပေါ် ကျလာတာဟ. . တဲ့။ သူ့စကားကြားရတော့ ကျွန်တော်ပြုံးရယ် မိလိုက်ပါတယ်။ ပြုံးမယ်ဆိုလည်း ပြုံးနိုင်ပါတယ်၊ ကျွန်တော်က သူ့လောက် သားသမီး မများတော့ အေးဆေး။ ဒါပေမဲ့ ခေတ်ရဲ့ ပြဋ္ဌာန်းချက်အတိုင်း လှုပ်ရှားနေရပြန်တော့လည်း တစ်နေ့တစ်နေ့ ဘာမှန်းမသိတဲ့ ကိစ္စဝိစ္စတွေထဲမှာ လုံးလည်လိုက်နေမိပါလေရော။

Asian Fame Media Group
MEDIA GROUP

တစ်နေ့တာ ပြီးဆုံးရင် ကိုယ့်ကိုယ်ကိုယ် ဒီနေ့မှာ ကိုယ့်အတွက်နဲ့ အများအကျိုးအတွက် ဘာတွေ ဆောင်ရွက်နိုင်ခဲ့သလဲလို့ ကွက်ရှင် ထုတ်လိုက်မိပါတယ်။ အဖြေကတော့ အူလည်လည်ပါ။ လုပ်နိုင်ဆောင် ရွက်နိုင်တာတွေလည်း ရှိခဲ့တာလည်းရှိ၊ မရှိခဲ့တာတွေလည်း မရှိပေ့။ အဲဒီအတွက်နဲ့ စိတ်ထဲမှာဘာမှ ကသိကအောင့် မဖြစ်မိပါဘူး။ ဘယ်ဟာမဆို သူ့သဘောသူ ဆောင်ကြရစမြဲ မဟုတ်လား။ စီးပွားရေးလုပ်ငန်းရှင် သူငယ်ချင်း တစ်ယောက်ကတော့ တစ်နေ့တစ်နေ့ များလိုက်တဲ့ အလုပ်တွေကွာ။ အိမ်သာတက်တာတောင် ဇိမ်ယူလို့ မရတော့ဘူး။ ဘိုး ဘွတ်လုပ်ပြီး အိမ်သာထဲက ထွက်လာတော့ အလုပ်က အဆင်သင့် စောင့်နေတာဟ. . ပြောရင်းနဲ့ တဟားဟားရယ်လိုက်ပါတယ်။ ကျွန်တော်လည်း သူနဲ့အတူ ရော ယောင်ရယ်မောရင်း မမျှော်လင့်ဘဲ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထု (ညီမလေးရယ် စိုးရိမ်မိတယ်ဝတ္ထုလို့ ထင်ပါတယ်)ထဲက အိမ်သာတက်ရတာ ဇိမ်ရှိတဲ့အကြောင်းကို ကြုံကြုံဖန်ဖန် သတိရလိုက်မိပါတယ်။

တရံရောအခါပေ့ါ (ဘိုလိုပြောရင်တော့ ဝမ့်(စ်)အပွန်နဲ့ အေ တိုင်းမ်)။ ဘုရင်ကြီးက ပညာရှိကြီးကို လောကမှာ ဘယ်လိုဟာက ဇိမ်အကျဆုံးလဲလို့မေးတော့ ပညာရှိကြီးက မှန်လှပါ. . လောကမှာ အီအီးပါရတာ ဇိမ်အကျဆုံးပါဘုရားလို့ ဖြေလိုက်လေသတဲ့။ အဲသမှာ အမျက်တော်ရှပြီး ပညာရှိကြီးကို သတ်စေလို့ အမိန့်ပေးပါ လေရော။ ဒီတော့ ပညာရှိကြီးက သူ့ကို မသတ်ခင်အရှင်မင်းကြီးအား စားကောင်းသောက်ဖွယ်များနဲ့ ဧည့်ခံ တွေးမွေးပါရစေဘုရားလို့ ခွင့်တောင်းတာနဲ့ ဘုရင်ကြီးကလည်း ခွင့်ပြုတော်မူသတဲ့။ နောက် တစ်နေ့မှာ ဘုရင်ကြီးကို လှေပေါ် ခေါ်တင်သွားပြီး အတီးအမှုတ်တွေနဲ့ တီးမှုတ်ရင်း မြစ်တစ်လျှောက်ကို ပြသတဲ့။ ပြီးတော့ လှေပေါ်မှာ ဘုရင်ကြီးကို စားကောင်း သောက်ဖွယ်တွေနဲ့ ကောင်းကောင်းကြီး ဧည့်ခံတာပေ့ါ။ မြစ်ပြင်မှာ လေညှင်းခံရင်း ဘုရင်ကြီးကလည်း အစားအသောက်ကို အားရပါးရ တွယ်ပါတော့တယ်။ ဒီလိုနဲ့ သုံးနာ ရီလောက်ကြာတော့ ဘုရင်ကြီး ဗိုက်နာပြီး ဝမ်းသွားချင်လာပါတယ်။ စားတဲ့ အစားအစာတွေထဲမှာ မြန်မြန်ဝမ်းနုးစာတွေပါလို့လား မပြောတတ်။ ဘုရင်ကြီးက အိမ်သာတက်ချင်ပေမယ့် လှေပေါ်မှာ အိမ်သာပါမလာဘူး။ အသတ်ခံရမယ့် အမတ်ကြီးက ဘုရင်ကြီးရဲ့အခြေအနေကို မသိချင်ယောင်ဆောင်နေပါတယ်။ ခက်ပြီ။ ဘုရင်ကြီးဘာလုပ်ရမလဲ။ နောက်ဆုံးမနေနိုင် မထိုင်နိုင်ဖြစ်ပြီး အခြေအနေဆိုးလာတော့မှ နီးရာကမ်းနံဘေးကို ကပ်ပေးလိုက်ပါတယ်။ ဘုရင်ကြီးလည်း ကမ်းပေါ် အမြန်တက်ပြီး နီးရာချုံထဲ တိုးဝင်လို့ သူ့ကိစ္စကို အမြန်ရှင်းလိုက်ရပါတယ်။ ဒုက္ခတွေပြီးသွားမှ ဘုရင်ကြီးလည်း လှေပေါ်ပြန် တက်လာပြီး အမတ်ကြီးကို အိမ်း. . လောကမှာ ဇိမ်အကျဆုံးက အိမ်သာတက်ရတာပဲ၊ မောင်မင်းပြောတာ မှန်သဟဲ့လို့ မိန့်တော်မူပြီး အမတ်ကြီးကို အသက်ချမ်းသာပေးလိုက်ပါသတဲ့။ ကျွန်တော့်မှာ အိမ်သာဝင်တိုင်း ဒီအကြောင်းလေးကို အမှတ်မထင်သတိရသွားပြီး ပြုံးလိုက်မိပါတယ်။ အလုပ်ရှုပ်တဲ့ သူငယ်ချင်းက ကန်တော့ပါရဲ့ အိမ်သာတက်ရင်းနဲ့တောင် တယ်လီဖုန်းမြည်လာလို့ စကားပြောရသေးတွာ. . . လို့ပြုံးဖြဲဖြဲနဲ့ဆိုလိုက်တော့ တယ်လီဖုန်းထဲကို စကားပြောသံနဲ့အတူ အီးသံတွေဝင်ကုန်ပါဦးမယ်ကွာ။ တစ်ဖက်က နားထောင်တဲ့ သူက မင်းကို ဩဇက်စဘာရာဝိုင်းနား ရောက်နေသလားလို့ တွေးနေပါဦးမယ်. . . အဲသလိုပြောလိုက်တော့ သူငယ်ချင်းက တဟားဟားရယ်တော့တာကလား။ ဒါပေမဲ့ ဟောင်ကောင်တို့ ထိုင်ဝမ်တို့လို နိုင်ငံတွေက စက်ရုံအလုပ်ရုံတွေမှာ အလုပ်လုပ်ပြီး ပြန်လာတဲ့သူတွေက သူတို့ဆီက အချိန်ကို အလဟဿအကုန်မခံဘူး။ အလုပ်ချိန်အတွင်း အိမ်သာတက်လို့ ၂မိနစ်၊ ၃မိနစ်ကျော်ရင် အိမ်သာတံခါးကို လာခေါက်တယ် ပြောတော့ ကျွန်တော့်မှာ ဪ. . လို့ ပြောရင်း နိုင်ငံခြားပေကိုးလေလို့ တွေးမိလိုက်ပါတယ်။ ခက်တာက ကမ္ဘာကြီးဟာ ရွာကြီး တစ်ရွာဖြစ်သွားပြီဆိုတော့ အချိန်နဲ့အမျှ အရေးတကြီး ဆောင်ရွက်နေကြရတာမို့ ဒီလိုမျိုးတို့ နိုင်ငံကို ရောက်လာရင် အံဝင်ခွင်ကျ ဖြစ်ပါ့မလားလို့ တွေးလိုက်ပြန်ပါသေးတယ်။ နေသားတကျဖြစ်ဖို့ အချိန်ယူရမယ်ထင်ပါရဲ့။

ကျွန်တော်တို့ မန္တလေးပဲ ကြည့်လေ။ တိုက်တာ အဆောက်အဦဆောက်ကြတဲ့ တိုက်ကြီးရှင်တွေခမျာ လက်သမားနဲ့ ပန်းရံတွေကြောင့် စိတ်ညစ်နေရတာပါ။ မနက် ၈နာရီလောက်မှာ ပန်းရံနဲ့ လက်သမားတွေ ရောက်လာကြတယ်၊ အလုပ်လုပ်ဖို့ ဟိုလိုလို ဒီလို လိုပြင်ဆင်ရင်း ၈ နာရီခွဲကျော် သွားပါတယ်။ တကယ် အလုပ်လုပ်တာက မနက်၉နာရီလောက်မှ အလုပ်လုပ်ကြတာပါ။ နေ့လယ် ၁၂ နာရီ ထိုးတော့ ထမင်းစားနားကြ ပြန်ပါပြီ၊ နောက်တစ်ခါ အလုပ်ပြန်ဝင်တော့ နေ့လယ်၁နာရီခွဲလောက် ဖြစ်ပါတယ်။ ညနေ(၄)နာရီထိုးခါနီးတော့ အလုပ်ကို တန်းလန်းထားပြီး ပြန်ဖို့ ပြင်ဆင်ကြပါပြီ။ တစ်နေ့တစ်နေ့ အလုပ်ချိန်က ၈နာရီတောင် မပြည့်၊ အိမ်ရှင်က ဘယ်လောက်ပဲ လောလော သူတို့ကတော့ အေးအေးဆေးဆေးပါ။ ဒီကြားထဲ မနက်လင်းလို့ အလုပ်လာခါနီး မိုးတဖွဲဖွဲ ရွာလိုက်ရင် မလာကြတော့ဘူး။ မန္တလေးမိုးဆိုတာ သိတဲ့အတိုင်း နာရီဝက်လောက် ရွာပြီး တိတ်သွားတာမျိုး၊ မိုးရွာပြီးရင် နေပူပြင်းလာ လေ့ရှိပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပေ့ါ၊ အဲသလို နေ့မျိုးကြုံ လာရင် အိမ်ရှင်လည်း ဘာတတ်နိုင်မှာမို့တုံး၊ ဒီလူတွေ မိုးတွင်းတစ်တွင်းလုံး နေ့ ညမပြတ်ရွာနေတဲ့ မိုးကြောင့် ရန်ကုန်မှာ အလုပ်လုပ်ရရင် ခက်ပြီ လို့ အိမ်ရှင် ကညည်းရှာပါတယ်၊ ဒါကတော့ ရန်ကုန်လည်း ရန်ကုန်ပေ့ါ၊ မန္တလေးလည်း မန္တလေးပေ့ါ။ တစ်ခုတော့ ရှိသပေ့ါ။ နောင် ၁၀နှစ်လောက်ကြာရင် ကမ္ဘာ ရွာကြီးထဲက မန္တလေးလည်း ဘယ်လို ဖြစ်သွားမှာလဲ။ အလိုလောဘနည်းပါးပြီး ကိုယ့်လေ့ကိုယ့်စရိုက်နဲ့ ပျော်မွေ့နေကြတဲ့ အညာဒေသနဲ့ မန္တလေးရဲ့ မြင်ကွင်းတွေဟာ မြန်နှုန်းမြင့်တဲ့ ခေတ်ကို အန်တုနိုင်မှာလား။ မည်သို့ပင် ဖြစ်စေကာမူ ပေ့ါလေ၊ သွားရေးလာရေး နေရေးထိုင်ရေးကိစ္စတွေမှာ ရန်ကုန်လို ဖိစီးမှုမရှိတော့ မန္တလေးဟာ သူ့လောကနဲ့ သူဟန်ကျနေဆဲပါ။ အဲဒီအထဲမှာ ကျွန်တော်လည်း ပါသပေ့ါ။ တစ်နေ့ တစ်နေ့ ရှင်သန်လှုပ်ရှားနေတဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ကြည့်မိပါတယ်။ စီပွားရေး လောဘမရှိဘူး၊ အသင့်အတင့်လေးရရင် ကျေနပ်နေမိပါတယ်။ ဒါပေမဲ့ ခေတ်နဲ့ ကမ္ဘာကြီးကို အမီလိုက်နိုင်ဖို့ အတွက် သတင်းတွေကို စိတ်ဝင်စားတယ်။ နေ့တိုင်းသတင်းစာ ဂျာနယ်တွေဖတ်၊ ညနေရောက်ရင် (ရှေးဆန်တယ်ပြောပြော) ချစ်ချစ်နဲ့ အတူ ကိုရီးယားဇာတ်လမ်းတွဲတွေ ကြည့်၊ စနေ တနင်္ဂနွေရောက်ရင် ဘောလုံးပွဲတွေကိုလည်း အလွတ်မပေးနိုင်၊ ဒီကြားထဲ ညသန်းခေါင် ရောက်လို့ မအိပ်ခင် facebook ကို သုံးလိုက်ပါသေးတယ်။ ကဲ. . စဉ်းစားကြည့်ကြပါလေ။ ကျွန်တော့်မှာ ဘယ်လောက်အထိ နေ့တိုင်း အလုပ်များနေဆိုတာ ယုံပြီ မဟုတ်လား။

ကျွန်တော်က တစ်ဦးတည်းသော သားမို့ ငယ်ငယ်ကတည်းက အပေါင်းအသင်းတွေကို ခင်မင်တယ်။ ကြီးလာတော့လည်း ဒီအတိုင်းပဲ၊ ဒါပေမဲ့ အခုချိန်ကျတော့ အရွယ် အို အစွယ်ကျိုးချင်ချင်ဖြစ်လာသလို ကိုယ့်ရဲ့ အသိုင်းအဝိုင်းက နည်းပါး လာတယ်။ အဲသမှာ facebook နဲ့ တွေ့ပါလေရော၊ သမီးတွေနဲ့ တပည့်တွေဆီ ကျူရှင်တက်ပြီး အင်တာနက်သင်ပုန်းကြီး အနည်းငယ် တတ်မြောက်သွားတဲ့အခါ facebook ထဲဝင်၊ ပြီးတော့ ကိုယ် မိတ်ဆွေဖွဲ့တဲ့သူတွေကို အားလုံး လက်ခံလိုက်တာပဲ။ အမယ် facebook သုံးရတာလည်း ပျော်စရာတော့အကောင်းသား။ သူကလည်း သုံးဖန်များတော့ မသိမသာ စွဲလာခဲ့ပါတယ်၊ ညမိုးစုံးစုံး ချုပ်တဲ့အချိန်မှာ ကွမ်းလေးဝါးရင်း ခြင်တဖျပ်ဖျပ်ရိုက်ရင်း facebook သုံး

Asian Fame Media Group

ရတာတယ်လည်း ဇိမ်ကျပါဘိတယ်။ ငါ့ နှယ် ဒီလိုမှန်းသိရင် စောစောကတည်းက တတ်အောင်လုပ်ထားမှာ ပေါ့လို့ တွေးမိတာပေါ့နော်။ ဒါပေမဲ့ အင်တာနက်ကလည်း သုံးချင်တိုင်း သုံးလို့ရတာမဟုတ်ဘူး။ သုံးတဲ့ အချိန် ကွန်နက်ရှင်ကလည်း မြန်ဦးမှ၊ လျှပ်စစ်မီးကလည်း မှန်မှန်လာ ဦးမှဖြစ်တာ။ ကွန်နက်ရှင် ကောင်းအောင် စိတ်ရှည်ရှည်နဲ့စောင့်ပြီး သူလည်း အိုကေတာနဲ့ ဟန်ကျပြီလို့ တွေးရုံရှိသေး လျှပ်စစ် မီးကပျက် သွားလို့ ဒေါသဖြစ်လိုက်တာ။ လူ့ပြည်က အပ်နဲ့ ဗြဟ္မာပြည်က အပ် (၂) ချောင်း အပ်ဖျားချင်းထိဖို့က လွယ်



ဦးမယ်။ လူ့ဘဝဆိုတာ ရခဲသတဲ့၊ ရခဲတဲ့ ဒုလ္လဘပေါ့။ အဲသလိုပါပဲလို့တောင် ပြောရတော့မယ်။ လျှပ်စစ်မီးကလည်း အဆက်မပြတ်လာပြီး ကွန်နက်ရှင်ကောင်းတဲ့ အခြေအနေနဲ့ နှစ်မျိုးအဆင်ပြေဖို့ ဆိုတာ အင်မတန်မှ ကြုံရခဲပါတယ်။ ကျွန်တော်က အင်တာနက်သုံးစွဲရတာ ခွဲတဲတဲဖြစ်နေတော့ ဘယ်တတ်နိုင်မလဲ၊ စိတ်ရှည် သည်းခံခြင်းကို လက်ကိုင်ထား နေရပါတယ်၊

အမှန်တော့ အင်တာနက်သုံးစွဲရခြင်း အဓိကအကြောင်းရင်းက အီတလီမှာ ပညာသင်နေတဲ့ သမီးကြီးနဲ့ ဆက်သွယ်စကားပြောဖို့ပါ။ သမီးက အီတလီနိုင်ငံ ပါဗီးယားမြို့က တက္ကသိုလ်မှာ Master of international Cooperation and Development ဘွဲ့လွန်တက်နေတာပါ။ တစ်ပတ်မှာ ၃ရက်လောက် သမီးနဲ့အွန်လိုင်းမှာ စကားပြော ဖြစ်ပါတယ်။ အထူးသဖြင့် သမီးသင်ကြားရတဲ့ ဘာသာ ရပ်တွေက ဘာတွေလဲ၊ ဘယ်သူတွေ သင်လဲစသဖြင့်ပေါ့။ သမီးက စာသင်ရတာက ၉လ၊ ပြီးတော့ အနည်းဆုံး ၃လ အလုပ်သင်ရမယ်။ အဲဒါတွေပြီးရင် စာတမ်းပြုစုရမယ်၊ ဒါမှ ဘွဲ့ရမှာတဲ့။ အဲဒီတက္ကသိုလ်ရောက်ရတဲ့ အကြောင်းက ကံကောင်းတာလို့ ဆိုရမယ်။ သမီးက NGO မှာလုပ်နေတာကြာတော့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာကို ပိုပြီးလေ့လာချင်လို့ လျှောက် လိုက်ပေမယ့် cooperation ဆိုတာ . . ဘာ၊ development ဆိုတာ . . ဘာလို့ သေချာမသိဘူးတဲ့။ ဖေဖေရေ . . ဆရာကမေးတယ် . . co-operation ဆိုတာဘာလဲ၊ development ဆိုတာဘာလဲလို့ သမီးတို့က ပြန်ပြောတာပေါ့။ cooperation ဆိုတာ ပူးပေါင်း ဆောင်ရွက်ခြင်းပေါ့ development ဆိုတာ Human Right, peace, Improvement, progress (လူ့အခွင့်အရေး၊ ငြိမ်းချမ်းမှု၊ တိုးတက်မှု) အဲလိုပေါ့လို့ ဆရာ့ကို ပြန်ပြောတယ်။ ဆရာက မင်းတို့ပြောတာ မမှားပါဘူးတဲ့။ ဒါပေမဲ့ တကယ့် အဓိပ္ပာယ်က cooperation ဆိုတာ Dialogue ပဲတဲ့၊ တစ်ဦးနဲ့တစ်ဦး စကားမပြောဘဲနဲ့ ဘယ်လိုလုပ်ပူးပေါင်း ဆောင်ရွက်မလဲတဲ့။ ပြီးတော့ development ဆိုတာကို ဆရာက Empowerment နဲ့ ownership လို့အဓိပ္ပာယ်ဖွင့်တယ်။ Development ဆိုတာ တိုးတက်မှု မဟုတ်ဘူးတဲ့။ လူတွေကို တိုးတက် နိုင်တဲ့ နည်းလမ်းပေးတာတဲ့၊ ဥပမာ ဖေဖေရာ . . မန္တလေးနဲ့ ရန်ကုန်ဆိုရင် ရန်ကုန်က တိုးတက်တာမှန်တယ်၊ ဒါပေမဲ့ ဖေဖေက မန္တလေးမှာပဲ နေချင်လို့ကို နေတာလေ၊ ဟုတ်တယ်မဟုတ်လား၊ တိုးတက်တဲ့ နည်းလမ်းကို မသိလို့မလုပ်တာ မဟုတ်ဘူး၊ ကိုယ့်စိတ်တိုင်းကျကို ရွေးချယ်တာလေ၊ အဲလိုပဲ Development ဆိုတာပိုပြီး များပြားတဲ့ အခွင့်အရေးတွေကို သိအောင် လုပ်နိုင်ခွင့်ရှိအောင် အင်း . . . ဘယ်လို ပြောရမလဲ၊ empowerment ကို လူတွေကို အသိပညာတွေ ဗဟုသုတတွေ စွမ်းရည်တွေ တိုးတက်အောင် ကူညီပေးတာပေါ့ဖေဖေ၊ သမီးပြော တတ်သလို ပြောတာ၊ မှန်ရဲ့လား မသိဘူး၊ ဆရာကြီးတွေ မေးပြီးမှ ပြောတာ ပိုကောင်းမယ်ထင်တယ်နော်၊ ပြီးတော့ ownership နိုင်ငံ တစ်နိုင်ငံအတွက် တိုးတက်မှုကို အဲဒီနိုင်ငံကပဲ လုပ်နိုင်တယ်တဲ့၊ တိုးတက်မှုအတွက် နည်းပညာ အတတ်ပညာ၊ အသိပညာပိုင်ဆိုင်ဖို့ လိုတယ်တဲ့၊ အခြားနိုင်ငံတွေက ဘေးကနေ ကူညီပေး၊ ပံ့ပိုးပေးတာလောက်ပဲ ရှိနိုင်တယ်။ တကယ့် တိုးတက်မှုအတွက် လုပ်ရမှာက သမီးတို့ပဲ ဖေဖေရဲ့၊ စာတွေသင်ပြီး မောတယ်ဖေဖေ၊ တစ်ခါတလေ စိတ်ဓာတ်လည်းကျတယ်၊ ပြော . . ငါတို့နိုင်ငံ တိုးတက်အောင် ငါလုပ်နိုင်တာ ဘာများရှိလဲလို့ ခဏခဏလည်း တွေးမိတယ် . . . တဲ့။

သမီးရဲ့ စာကိုဖတ်ရင်း ကျွန်တော့်မှာ တွေးစရာတွေ အများကြီးဖြစ်လာပါတယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအကြောင်းအရင်းက ပညာအရင်းအမြစ်ကြွယ်ဝဖို့ပါ။ ဒီတော့ လူငယ်တွေရဲ့ ပညာရေးအခွင့်အလမ်းတွေကို ဖန်တီးပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာဆီမီးဟာ အမှောင်မခွင်းနိုင်ဘဲ ဖြစ်နေရတာ ဘယ်လောက်များကြာနေပြီလဲ။ လူငယ်တွေက နိုင်ငံရဲ့ အနာဂတ်ကို ဖန်တီးကြမှာ ဖြစ်သလို လူငယ်တွေရဲ့ ရင်ထဲမှာ အားတွေမာန်တွေ ရှိနေကြပါတယ်၊ လူကြီးတွေမှာတော့ မာန်တွေ၊ အားတွေက သူတို့ဆီက တဖြည်းဖြည်းဆုတ်ခွာနေပါပြီ။ ဒါပေမဲ့ ကောင်းရာကောင်းကျိုးတွေ ဆောင်ရွက်နိုင်အောင် လူကြီးတွေက ပဲ့ပြင်လမ်းညွှန် ပေးရမှာ ဖြစ်ပါတယ်။

ကျွန်တော်တော့ လူငယ်တွေ တော်တော်များများ ပညာရေးအတွက် ကြိုးစားအားထုတ်နေကြတာကို မြင်ရတိုင်း ဝမ်းသာအားရဖြစ်မိပါတယ်။ နိုင်ငံခြားကို ထွက်ပြီး

Asian Fame Media Group

အလုပ်လုပ်တာထက် နည်းပညာ၊ အတတ်ပညာတွေ သင်ယူကြတဲ့ လူငယ်တွေပိုပြီး များပြားစေချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝသယံဇာတ အရင်းအမြစ်တွေ ကြွယ်ဝတာ မှန်ပါရဲ့၊ ဒါပေမဲ့ အဲဒီသဘာဝသယံဇာတတွေက တိုင်းပြည်ကို ထိပ်တန်းရောက်အောင် လုပ်ပေးနိုင်စွမ်းမရှိပါဘူး။ သဘာဝသယံဇာတတွေ ကောင်းကောင်းကန်းကန်း မရှိတဲ့ တချို့နိုင်ငံတွေ ကျွန်တော်တို့ရှေ့မှာ ဘာကြောင့် ရောက်နေသလဲ။ Knowledge is power (ပညာသည်သာ ပဓာန) ဆိုတဲ့အတိုင်း ပညာခေတ်မှာ ပညာရှင်၊ ပညာတတ်ပေါ်များအောင် ဆောင်ရွက်နိုင်ကြလို့ ကျွန်တော်တို့ထက်သာနေကြတာပါ။ တကယ်တော့ ကျွန်တော်တို့လူမျိုးက မညံ့ပါဘူး။ တစ်ချိန်က မျက်စိပိတ်နားပိတ်ပြီး အမှောင်ထုထဲမှာ နေခဲ့ရလို့သာ အခုလို အခြေအနေဆိုက်ရောက်နေတာ ဖြစ်ပါတယ်။ ဒီတော့ ပွင့်လင်းလာတဲ့ခေတ်အခါမှာ ကြိုးစားရမှာပေါ့၊ အားထုတ်ရမှာပေါ့။ မကြာခင်သင်္ကြန်ကျလို့ နှစ်ဟောင်းကုန်ပြီးနှစ်သစ်ရောက်လာပါတော့မယ်။ ကျွန်တော်တို့လျှောက်ခဲ့တဲ့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းဟာ နောက်ကို ခြေထောက်နဲ့ အားပြုပြီးရှေ့ကို လှမ်းကြရပါတယ်။ အဲဒီလိုပါပဲ၊ အတိတ်မှာ ကျန်ခဲ့တာတွေထဲက ကောင်းတဲ့နေရာကို ခြေထောက်နဲ့ အားပြုထောက်ရင်း ရှေ့ကိုလှမ်းနိုင်ရပါမယ်။ ဒီလိုနဲ့ ကျွန်တော်တို့အားလုံး မာန်တွေအားတွေဖြည့်ပြီး နှစ်တွေခေတ်တွေကို ဖြတ်သန်းသွားကြရမှာပါ။

ကျွန်တော်ဖြင့် တောင်းသော အနာဂတ်ကို မျှော်လင့်ရင်း အင်အားတွေပြည့်ဝလာသလို မကြာခင် ရောက်လာတော့မယ့် သင်္ကြန်နှစ်ကူးရက်တွေကို တွေးမိပြီး ရင်ခုန် သွားရပါတယ်။ အလို့... ဘယ့်နှယ်။ ဒီအရွယ်ကြီးရောက်တာတောင် လူငယ်တွေလို ရင်ခုန်ခံစားချင်ရတုန်းလားလို့ မေးကြမလားမသိ။ မဟုတ်ပါဘူး တစ်လွဲမထင်လိုက်ကြပါနဲ့။ မနှစ်တုန်းက သင်္ကြန်တွင်း မန္တလေးမှာ ကျွန်တော်မရှိဘူး။ သမီးတွေဖွတ်ခေါ်သွားလို့ နိုင်ငံခြားကိုရောက်နေပါတယ်။ မွေးကတည်းက မန္တလေးသင်္ကြန်နဲ့အတူ အမြဲတမ်းရှိနေပြီး ဒီတစ်ကြိမ်လေး ခွဲလိုက်ရလို့ ကျွန်တော်စိတ်ထဲမှာ တော်တော်ကို မအီမလည်ကြီး ဖြစ်သွားခဲ့ပါတယ်။ သမီးကြီးနဲ့ သမီးငယ်က ကျွန်တော့်ကို နိုင်ငံခြားရောက်ဖူးစေချင်တဲ့ စေတနာနဲ့ သူတို့ရုံးအားလပ်ရက်အတွင်း နိုင်ငံခြားခရီး ထွက်ကြတာ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော့်ကို နိုင်ငံခြားရောက်ဖူးစေချင်လို့ ဒီလိုစီစဉ်တာပါ။ သမီးတွေရဲ့ စေတနာကြောင့် နိုင်ငံခြားခရီးကို လေးငါးခြောက်ခါလောက် ထွက်ဖူးပါတယ်။ ဒါပေမဲ့ နိုင်ငံခြားကို တစ်ခေါက်သွားပြီး နောက် တစ်ခေါက်သွားဖို့ ဝန်လေးသွားပါတယ်။ ဘယ်လိုကြောင့်မှန်းမသိဘူး။ အသက်ကြီးလာတာနဲ့အမျှ ကိုယ့်အရပ်ကိုယ့်ဒေသကို ခင်တွယ်ချင်တဲ့ စိတ်တွေပိုပြီး ကြီးမားလာသလို ခရီးဝေးသွားရမယ်ဆိုရင် တွန့်ဆုတ်နေပြီး မတတ်သာမှ ခရီးထွက်ချင်တော့တာပါ။ မနှစ်က သင်္ကြန်တွင်း ခရီးထွက်တော့ နိုင်ငံခြားမှာ မန္တလေးသင်္ကြန် အကြောင်းတွေးရင်း ငူငိုင်နေတဲ့ ကျွန်တော့်ကို သမီးတွေက အံ့ဩနေကြတယ်။ ဖေဖေက သင်္ကြန်တွင်း ဘယ်မှမထွက်ဘဲ အိမ်ထဲအောင်းနေရတာကို ဘာဖြစ်လို့လွမ်းနေရတာလဲ၊ ဖေဖေပဲပြောတယ်လေ၊ သင်္ကြန်ဆိုတာ လူငယ်တွေရဲ့ ပျော်ရွှင်မှုပဲ၊ သူတို့ရဲ့ပွဲတော်လို့... တစ်ခါတုန်းက ပြောခဲ့တဲ့ ကျွန်တော့်စကားနဲ့ ကျွန်တော့်ကို ချည်တုပ်ပြီး ပြောလိုက်ကြတော့ အသာအယာပြုံး နေမိလိုက်ပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့ရဲ့ ခံစားမှုကို ကျွန်တော် ဘယ်လိုပြောရမလဲ၊ ကျွန်တော်တို့လူငယ်ဘဝက မန္တလေးသင်္ကြန်တွေ ပြီးဆုံးသွားခဲ့ပါပြီ၊ ဒါပေမဲ့ သူ့အချိန်သူ့အခါရောက်ရင် ခံစားရတဲ့ သင်္ကြန်အငွေ့အသက်တွေက ကျွန်တော့်ရင်ထဲမှာ အမြဲရှိနေဆဲပါ။ အဲဒီအငွေ့အသက်တွေက လူငယ်ဘဝရဲ့ ပျော်ရွှင်မှု၊ ကျွန်တော်တို့ရဲ့ ရိုးရာဓလေ့စရိုက်နဲ့ ယဉ်ကျေးမှုတွေ၊ ဘယ်လိုပြောရမလဲ။ သင်္ကြန်တွင်း ပွင့်လာတဲ့ ပိတောက်ပန်းတွေ၊ သင်္ကြန်သီချင်းသံနဲ့အတူ လမ်းမပေါ်မှာ သင်္ကြန်ရေပက်ခံ လူငယ်တွေရဲ့ ပျော်ရွှင်ရယ်မောအော်ဟစ်သံတွေက ကျွန်တော့်ကို ကြည်နူးနှစ်သက်စေခြင်းကို ဖြစ်စေတော့တာပါ။ ဒါကြောင့်မို့ မတတ်သာလို့ နိုင်ငံခြားကို ရောက်နေကြရတဲ့ သူတွေအကြောင်းတွေးမိလိုက်တဲ့အခါ သင်္ကြန်ကာလ ကိုယ့်ပြည်ကိုယ့်ရွာနဲ့ တစ်ခါလေးခွဲရတာတောင် ကျွန်တော်ဖြင့် လွမ်းနေရတာ သူတို့ခမျာများ ဘယ်လောက် ခံစားလွမ်းကြရှာမလဲလို့ ကိုယ်ချင်းစာ လိုက်မိပါတယ်။

နှစ်စဉ်နှစ်တိုင်း သင်္ကြန်ချိန်ရောက်ပြီဆိုရင် လူငယ်တွေက ပေါ်ပါးပျော်မြူးကြတယ်၊ လူကြီးတွေကတော့ အလွမ်းခံစားမှုနဲ့ ကြည်နူးနေကြစမြဲပါ။ ကျွန်တော်တော့ မဖြစ်နိုင်မှန်းသိပေမယ့် သင်္ကြန်ချိန်ရောက်ရင် အဝေးမှာ ရှိနေကြသူတွေ အားလုံးပြန်လာစေ ချင်လိုက်တာ၊ နိုင်ငံခြားက ကိုယ့်ထက်ဘယ်လောက်သာတယ် ပြောပြော အချိန်တန်ရင် အိမ်ပြန်လာ ချင်စမြဲကိုးလေ။ ပြီးတော့ သူတို့ရဲ့ ခံစားမှုကို တွေးမိတိုင်း ဆရာတင်မိုးရဲ့ မြစ်မ်းမျက်ရည်ဆိုတဲ့ကဗျာကို သတိရလိုက်မိပါတယ်၊ ကျွန်တော်တို့ ဆရာဟာ ၂၀၀၇ခုနှစ် က အမေရိကန်နိုင်ငံမှာ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ပါတယ်။ ဆရာ က (၁၁. ၅. ၂၀၀၁) နေ့မှာ ကဗျာလေးတစ်ပုဒ် ရေးဖွဲ့သွားပါတယ်။

"မြစမ်းမျက်ရည်"
ကိုယ့်နေရာ
သာယာသည်ဖြစ်စေ
နံ့ချာသည်ဖြစ်စေ
ကိုယ့်ရွာကိုယ့်ရပ်၊ မိခင်မြတ်တည့်။
မည်မျှကြီးမြင့်၊ မည်မျှတင့်လည်း
မပွင့်နေခြည်၊ အံ့မှိုင်းသည်သို့
မကြည်မွေ့ချေ၊ သူ့ရပ်မြေ တည့်။
သူတို့စကား၊ သူတို့ကြား၌
ပျားသို့မချို၊ မှိုသို့မလန်း။
ပန်းသို့မရွှင်
ကိုယ့်မိခင်ကို၊ တမြင်မြင်တမ်း၊
အစဉ်လွမ်းခဲ့။
ရေချမ်းစင်က၊ ရေကြည်မြကို
သောက်ရပေဖူး၊ သူ့ကျေးဇူးကို
အထူးသိလည်း၊ ဇာတိလွမ်းနာ၊
မဖြေသာခဲ့။
သူ့မြေမှာမူ၊ သာယာဘိခြင်း၊
သင်းပါဘိတောင်း
ကောင်းပါဘိတကား၊
အသီသားပင်
တရားလက်ကိုင်၊
ဆင်ခြင်နိုင်လည်း
မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းသည်
မြစမ်းမျက်ရည် စိမ့်စိမ့်တည်း။

ဒီကဗျာလေး ကို ဖတ်ရတိုင်း နိုင်ငံခြားရောက် မြန်မာတွေရဲ့ အလွမ်းကို ကိုယ်ချင်းစာ လိုက်မိပါတယ်။ ဒါကြောင့်မို့ ပြည်ပဒေသမှာ ရှိနေကြသူများအားလုံး ပြန်လာခွင့်ကြုံတဲ့အချိန်မှာ ပြန်လာနိုင်ကြစေကြောင်း ဆုတောင်းမိပါတယ်။ သူတို့ဆီက နိုင်ငံခြားမှာနေခဲ့ကြတဲ့ အတွေ့အကြုံတွေ၊ အသိအမြင်တွေ ပါလာတယ်။ လူငယ်တွေက နိုင်ငံခြားကို သွားရောက် ပညာသင်ကြားပြီး အတတ်ပညာ၊ နည်းပညာတွေ သယ်ဆောင်လာခဲ့မယ်။ ပြီးတော့ ကိုယ့်ဓလေ့ ကိုယ့်စရိုက်နဲ့ ယဉ်ကျေးမှုကိုလည်း မပျက်စီးစေဘဲ သင်ယူရရှိလာတဲ့ ပညာရပ်တွေ၊ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး နိုင်ငံအနာဂတ် ကောင်းကျိုးကို ဆောင်ရွက်နိုင်စွမ်းရှိခဲ့ရင် ဆယ်စုနှစ် ကာလတစ်ခုအတွင်းမှာ ကျွန်တော်တို့နိုင်ငံ မတိုးတက်မကြီးပွားဘဲ နေလို့ရရိုးလား၊ ရက်တွေ တဖြည်းဖြည်း ကုန်ဆုံးသွားတာနဲ့အမျှ သင်္ကြန်ခံစားမှုနဲ့ အလွမ်းဟာ ပိုပြီး ပီပြင်ထင်ရှား လာပါတယ်။ နိုင်ငံခြားရောက် မြန်မာတွေ အားလုံး အမိနိုင်ငံဆီကို ပြန်လာစေချင်ရဲ့။ ကိုယ့်တိုင်းပြည်နဲ့ လူမျိုးကိုလည်း မြန်မြန်သွက်သွက် ကြီးပွားတိုးတက်စေချင်ရဲ့။ ဒါတွေက သားရွှေဒိုးထမ်းပြီး ပြည်တော်ဝင်စေချင်တဲ့ ကျွန်တော့်အတွေးနဲ့ ခံစားမှုတွေပါ။ အဲသလို သာဖြစ်ရင် ပိတောက်တွေ ရွှေရည်လူးတဲ့သင်္ကြန်နှစ်ကူးချိန်ရောက်ရင် တူးပို့ တူးပို့ ဒိုးသံလေးနဲ့ ဝမ်းသာအားရ ကြိုဆိုလိုက်ချင်တာပေါ့နော။

**ကိုထွန်း-လမ်း(၈၀)**

Asian Fame Media Group

# အောင်ခွန်းဆက်

## ၂၁ ရာစု ကျေးပုံပြင်

အဖေ တွေးရသ




Asian Fame Media Group

(က)

သူတို့ ပြန်ရောက်ချိန်တန်ပြီဖြစ်သည်။ ဟိုး အဝေးမိုးကုပ်စက်ဝိုင်းဆီ မျှော်ငေးနေသော အားလုံး၏ မျက်ဝန်းတွေထဲ စိုးရိမ်ပူပန်မှုက အပြည့်။

ကျေးငှက်တို့၏အကြီးအမှူး ဘိုးကျေးအိုကြီးလည်း တုန်ယင်နေသော ဦးခေါင်းကို အားတင်းမြှောက်၍ ဝေသီမှုန်ဝါးသော မျက်လုံးပြင့် ငေးနေသည်။ အရောင်စုံသော ကျေးငှက်အပေါင်းတို့ စုရုံးရောက်ရှိနေသော်လည်း မည်သည့်အသံမျှ မထွက်။ အထိန်းရခက်သလောက် အဆော့သန်သည့်ကျေးပေါက်လေးများပင် ထူးထူးဆန်းဆန်း ငြိမ်ဆိတ်နေသည်။



တောင်စောင်း၏ အစွန်းရွက်ချင်းဆက်၍ လိမ်ယှက်နေသော ပညောင်ပင်ကြီးပေါ် မှနေ၍ သူတို့အားလုံး ရှေ့တူရူ တောင်းကင်ကို ငေးနေကြခြင်း။

သို့သော်သူတို့ ပြန်ရောက်သင့်သည့်အချိန်ထက် အနည်းငယ် နောက်ကျနေပြီဖြစ်သည်။

တကယ်တော့ သူတို့အားလုံး ဤနေ့ကို စောင့်နေခဲ့သည်က ငါးနှစ်တိုင်ခဲ့ပြီဖြစ်သည်။

ဤနေ့သည် သူတို့ကျေးငှက်အားလုံးအတွက် အလွန်အရေးကြီးသောနေ့ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ငါးနှစ်တိုင် စောင့်ခဲ့ရသော အဖြေတစ်ခု ဤနေ့တွင် ရောက်လာရမည်ဖြစ်သောကြောင့်ပင်။ တည်ငြိမ်အေးချမ်းသော ကမ္ဘာတစ်ခုအဖြစ် နှစ်ပေါင်းများစွာ နေလာခဲ့သော ကျေးငှက်တို့၏ ဘဝ လှုပ် ခါစေခဲ့သော အဖြစ်အပျက်တစ်ခုက လွန်ခဲ့သောငါးနှစ် ဤလို အချိန်တွင်ပေါ်ပေါက်ခဲ့သည်။

(ခ)

ကျေးငှက်တို့၏ကမ္ဘာတွင် ဥပဒေကဲ့သို့ မဖြစ်မနေလိုက်နာရမည့် ရှေးအစဉ်အဆက် နီတိတစ်ခုက အခြေကျပြီးသားဖြစ်သည်။

သူတို့၏ ဘိုးဘေးများဖြစ်သော ကျေးညီနောင်တို့ ကြုံခဲ့ရသော အဖြစ်အပျက်အရ ရသေ့ဆီသို့ရောက်ခဲ့သော ကျေးငှက်က လိမ္မာယဉ်ကျေးကာ ခိုးသူတို့ဆီရောက်သွားသော ကျေးငှက်က ရိုင်းစိုင်းပျက်စီးခဲ့သည်။ ထိုအခြင်းအရာကိုပင် သူတို့ကျေးငှက်ကမ္ဘာတွင် ဥပဒေတစ်ခုလို အရိုးစွဲသက်ဝင်ယုံကြည်လာခဲ့သည်က နှစ်မနည်းတော့။ သို့သော် တက်ကြွသော မျိုးဆက်တို့၏ ခေတ်တွင်တော့ ထိုနီတိက ပြဿနာဖြစ်လာခဲ့သည်။

မျိုးဆက်တို့အတွက်တော့ ဤအရာက တော်လှန်ရေးဖြစ်သည်။

ရှေးအစဉ်အဆက်လက်ခံခဲ့သော 'မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ' ဥပဒေသအပေါ် ယော်ရွယ်သောကျေးငှက်တို့ လက်မခံကြတော့။ သူတို့လက်ထဲရောက်လာသော အသစ်တစ်ခုက 'ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေးဘူး' ဟူ၏။

ထိုသို့ဖြင့် ရှေးရိုးအယူအဆနှင့် တော်လှန်

**သူတို့အသွင်ကို မြင်လိုက်ကြရစဉ်မှာတော့ ကျေးငှက်အားလုံး အံ့ဩမှင်တက်သွားကြသည်။ အထင်အရှားဆုံးအချက်မှာ သူတို့တွင် ထွက်သွားစဉ်က ပါသွားသော ရဲရင့်မှု၊ တက်ကြွမှု လတ်ဆတ်မှုတို့ မရှိတော့ .....**

သောအသစ်တို့ကြား ပဋိပက္ခက တစ်စတစ်စ ကြီးထွားလာခဲ့သည်။ နောက်ဆုံးအဓိကရုဏ်းအသွင်ဆောင်လာသောအခါ ဩဇာရှိသော ခေါင်းဆောင် ကျေးငှက်များဝင်ရောက်ထိန်းသိမ်းပြီး စည်းဝေးတိုင်ပင်ကြသည်။ စည်းဝေးရလဒ်အရ ဆုံးဖြတ်ချက်တစ်ခုကိုလည်း နှစ်ဖက်ခေါင်းဆောင်များ သဘောညီချမှတ်လိုက်ကြသည်။

ဆုံးဖြတ်ချက်မှာ ရှေးရိုးအယူအဆအုပ်စုဘက်မှ ကျေးငှက်တစ်ကောင်နှင့် အယူအဆအသစ်တင်သောအုပ်စုမှ ငှက်တစ်ကောင်တို့ အရပ်ဒေသဆီ အတူတူသွားကြမည်။ ထိုဒေသတွင် 'မုဆိုးနားနီး မုဆိုး၊ တံငါနားနီးတံငါ' အယူအဆနှင့် 'ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေးဘူး' ဟူသော အယူအဆ မည်သည့်ကမှန်သည်ကို လေ့လာကာ ဆုံးဖြတ်ကြမည်ဟုဖြစ်သည်။

ထို့အတွက် အချိန်ကာလကို ငါးနှစ်သတ်မှတ်

လိုက်ကြပြီး အချိန်ပြည့်သည်နှင့် ဇာတိသို့အတူပြန်လာကာ အမှန်တရားကို လက်ခံကြရန် သဘောတူညီစွာ ဆုံးဖြတ်ကြခြင်းဖြစ်သည်။

ဤသို့ဖြင့် ငယ်ရွယ်၍ တက်ကြွသော၊ အသိဉာဏ်ထက်မြက်သော ကျေးနီနှင့် ကျေးဝါငှက်နှစ်ကောင်ကို လက်ရွေးစဉ်ရွေး၍ လွန်ခဲ့သောငါးနှစ်က သူတို့လွှတ်လိုက်ကြခြင်း ဖြစ်သည်။

ဤနေ့သည် ငါးနှစ်ပြည့်၍ ငှက်နှစ်ကောင်ပြန်လာရမည့်နေ့ဖြစ်ပြီး ရောက်သင့်သည့်အချိန်ထက် အနည်းငယ်ကျော်လွန်နေပြီဖြစ်သည်။

ခေါင်းဆောင်ကျေးငှက်အိုကြီး အလွန်စိုးရိမ်လာပြီဖြစ်သည်။ ခေါင်းဆောင်ကြီး၏ အရိပ်အကဲကို မပြတ်ကြည့်နေသော ကျေးလုံခြုံရေးတပ်ဖွဲ့များမှာ လာရာလမ်းကောင်းကင်အနှံ့ လိုက်ရှာရန် တောင်ပံများကို အားယူ၍ ပျံသန်းရန်ပြင်စဉ်မှာပင် ပညောင်ပင်ထိပ်မှ ကျေးကင်းအဖွဲ့ထံမှ အသံကြားလိုက်ရသည်။

"လာနေကြပြီ၊ သူတို့ပြန်လာပြီ။ သူတို့ပြန်လာပြီဟေ့"

ထိုအသံက ကျေးတစ်ကောင်မှတစ်ကောင်ထံသို့ ပျံ့နှံ့သွားပြီး တစ်တောလုံး မြည်ဟည်းသွားလေသည်။

သူတို့ကတော့ပြန်ရောက်လာပြီဖြစ်သည်။ မိုးကုပ်စက်ဝိုင်းဆီမှ အစက်အပြောက်လေးနှစ်ခုက တဖြည်းဖြည်းနီးကပ်လာသည်၊ ဟုတ်သည်၊ ကျေးငှက်နှစ်ကောင်။

သို့သော် သူတို့ပျံသန်းနေပုံက မာမာထန်ထန်မရှိ၊ ဦးတည်ချက်ပျောက်ဆုံးနေသည့် အသွင်၊ စိုးရိမ်စိတ်ဖြင့် လုံခြုံရေးအဖွဲ့ပျံတက်ကာ သူတို့နှစ်ကောင်ကို ခြံရံထိန်း၍ မြေပေါ်သို့ခေါ်လာခဲ့သည်။

သူတို့အသွင်ကို မြင်လိုက်ကြရစဉ်မှာတော့ ကျေးငှက်အားလုံး အံ့ဩမှင်တက်သွားကြသည်။ အထင်အရှားဆုံးအချက်မှာ သူတို့တွင် ထွက်သွားစဉ်က ပါသွားသော ရဲရင့်မှု၊ တက်ကြွမှုနှင့် လက်ဆတ်မှုတို့မရှိတော့၊ ထိုအရာများအစား ကြောက်ရွံ့မှု၊ တွေဝေမှု၊ ပျော့ညံ့မှုနှင့် စိတ်ခြောက်ခြားမှုများ အတိုင်းသားတွေ့နေရသည်။

ရေတိုက်သူတိုက်၊ အစာကျွေးသူကျွေးနှင့် အားလုံးအလုပ်ရှုပ်သွားကြသည်။ ခေါင်းဆောင်ကျေးအိုကြီးမှာ သူတို့နှင့်စကားပြောချင်သော်လည်း တစ်ကောင်က မြေပေါ်တွင် ဒူးထောက်၍ မျက်နှာအောက်ချထားသည်။ တစ်ကောင်က ခေါင်းတခါခါဖြင့် မျက်လုံးတွေက ချာလည်လည်ဖြစ်နေ၍ ထိုတစ်ညတော့ သူတို့ကို အနားပေးရန် ဆုံးဖြတ်လိုက်ကြသည်။

(၁)

နောက်တစ်နေ့မနက် တောအုပ်အလယ်ကွင်းပြင်ကျယ်တွင် ကျေးငှက်အုပ်များသာမက အခြားသောတိရစ္ဆာန်များလည်း စိတ်ဝင်တစားလာရောက်ကြည့်ရှုနေကြသည်။

ခေါင်းဆောင်ကျေးအိုကြီးက သစ်ငုတ်ပလ္လင်တစ်ခုတွင်ထိုင်ရင်း ကွင်းလယ်မှ ကျေးငှက်နှစ်ကောင်ကို ကြည့်နေသည်။ နှစ်ကောင်စလုံးက အကဲမရ၊ ငှက်အုပ်ကိုကြည့်၍ ကြောက်လန့်တကြား ဂနာငြိမ်ဖြစ်နေသည်။

ထိုအချိန် ရှေးရိုးစွဲအယူအဆအုပ်စုဘက်မှ ခေါင်းဆောင်တစ်ဦးထွက်လာကာ သူ့အုပ်စုကိုယ်စားပြုကျေးနီကို မေးလိုက်သည်။

"မောင်ကျေးနီ ကဲ မင်းအတွေ့အကြုံကို ပြောစမ်းပါဦး။ 'တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး' ဆိုတာက အမှန်မဟုတ်လားကွ" ဟု မြေကြီးပေါ်ဒူးထောက်ထိုင်နေသောကျေးနီက ကြောင်တောင်တောင်ဖြင့် ပြန်မော့ကြည့်ကာ "တံငါနားနီး မုဆိုး။ မုဆိုးနားနီး တံငါ။ ရေလိုက်ငါးလိုက်ဗျ။ ရေလိုက်ငါးလိုက်"

"ဟင်"

နားမလည်နိုင်သော စိတ်များဖြင့် ငှက်တို့ဆူညံသွားသည်။ သူတို့အစဉ်ဆို ယိုင်နဲ့သွားသောကြောင့်လည်း ရှေးရိုးစွဲအယူအဆအုပ်စု မကျေနပ်၊ အယူအဆသစ်ဘက်မှ ငှက်များကတော့ ကျေနပ်သည့်အမှတ်ဖြင့် အတောင်ပံများတဖျပ်ဖျပ်ခတ်ကာ လှောင်ပြောင်ကြသည်။

ကျေးနီကတော့ အဆုံးမသတ်နိုင်တော့သလို တွင်တွင်ရွတ်နေသည်။

"ရေလိုက်ငါးလိုက်၊ ရေလိုက်ငါးလိုက်၊ ရေလိုက်ငါးလိုက်"

ထို့နောက် အယူအဆသစ်အုပ်စုဘက်မှ ခေါင်းဆောင်က ရင်ကော့ကာ သူ့လက်ရွေးစင် ကျေးဝါကို မေးလိုက်သည်။

"ပေး ဟို့ကျေးဝါလေး ပြောလိုက်စမ်းကွာ။ 'ကိုယ်ကောင်းရင် ခေါင်းဘယ်မရွှေ့ဘူး' မဟုတ်လားကွ။ အခု ဟိုဘက်ကကောင်တော့ သူတို့အယူအဆမှားနေတာ လက်တွေ့ပြနေပြီ၊ ဟား ဟား။ ပြောလိုက်စမ်းပါကွာ" လည်နေသော မျက်လုံးများဖြင့် ကျေးဝါက ခေါင်းကို တရမ်းရမ်းလုပ်ကာ

"ကိုယ်ကောင်းကောင်း မကောင်းကောင်း ခေါင်းတွေ ရွှေ့ရတယ်။ ရွှေ့ရတယ်။ 'နီးရာဓား ကြောက်ရတာဗျ။ နီးရာဓားကြောက်ရတာ'

အဲဒါအမှန်တရား။ နီးရာဓား ကြောက်ရတာ အမှန်တရား။ ကျွန်တော်ကြောက်တယ်။ ကြောက်တယ်။ နီးရာဓားတွေ" အားလုံး အလန့်တကြားဖြစ်ကုန်ကြသည်၊ မကြားဖူးသော အယူအဆများ။ ကြောက်ခမန်းလိလိအဓိပ္ပာယ်နှင့် အယူအဆများ။ ကျေးနှစ်ကောင်ကတော့ ထိန်းမရတော့။

"ရေလိုက်ငါးလိုက်နေကြရမယ်။ ရေလိုက်ငါးလိုက်၊ ဒါမှ သက်သာမယ်"

"နီးရာဓား ကြောက်ရတာ။ နီးရာဓားကို ကြောက်နော်။ နီးရာဓါးက အစွမ်းရှိတယ်၊ နီးရာဓားကို ကြောက်ကြ"

ကျေးငှက်အုပ် လှုပ်လှုပ်ခါခါဖြစ်လာကြလေသည်။ သူတို့အရိုးစွဲယုံကြည်ရသော အယူအဆ မနိုင်မာမှန်းလည်း သိရ၊ အသစ်ပေါ်ထွန်းသော အယူအဆမှာလည်း ကျိုးပျက်ရပြီမို့ သူတို့တွင် အားကိုးယုံကြည်စရာ မရှိတော့ပြီလားအသိဖြင့် အားလုံး ကြောက်ရွံ့တွေဝေနေကြသည်။

ထိုတွေဝေမှု တဖြည်းဖြည်းဖြင့် အမှိုင်းဆန်လာကြလေသည်။

"ငါတို့ အကြာကြီး အလိမ်ခံခဲ့ရတာလား။ အခု ဘာကိုယုံကြည်ရတော့မှာလဲ။ ရေလိုက်ငါးလိုက်က ဘာလဲ။ နီးရာဓားဆိုတာကရော။ ဘာတွေလဲ။ ဘာတွေလဲ"

ဆူပွက်ညံစီသော မေးခွန်းများဖြင့် တစ်တောလုံး ပွက်လောရိုက်သွားခဲ့သည်။ ထိုစဉ်

"ဟေ့ တိတ်ကြစမ်း"

ဩဇာသံအပြည့်ဖြင့် မာထန်သောအမိန့်သံက ခေါင်းဆောင်ကျေးငှက်အိုကြီးဆီမှ ပေါ်ထွက်လာသည်၊ ရုတ်တရက် ငှက်အားလုံး ငြိမ်သက်သွားသည်။

"ဒါအဆိပ်တွေပဲ။ ဒါအဆိပ်တွေ။ အားလုံးပျက်စီးသွားနိုင်တဲ့ အဆိပ်တွေ။ ငါတို့တစ်မျိုးလုံးကို ဖျက်ဆီးပစ်မယ့် အဆိပ်တွေပဲ။ ဟိုနှစ်ကောင် မင်းတို့ပြောစမ်း။ မင်းတို့ရောက်ခဲ့တာ ဘယ်အရပ်လဲ။ ဘယ်နိုင်ငံလဲ။ ဘယ်တိုင်းပြည်လဲဟင်။ ပြောကြစမ်း"

အားလုံးစိတ်ဝင်စားသွားကြသည်။ ဟုတ်သည်။ သူတို့ဘယ်အရပ်ကိုရောက်ခဲ့၍ ဤအယူအဆများ ရခဲ့ပါသနည်း။ အဘယ်တိုင်းပြည်သည် ထိုအယူအဆများဖြင့် စည်ပင်နေပါသနည်း။ အားလုံးက ကျေးနှစ်ကောင်၏အဖြေကို နားစွင့်နေကြသည်။

ကျေးနှစ်ကောင်ဖြေခဲ့ပါသည်။

"အဲဒီနိုင်ငံက ....... ပါ"

ကျေးငှက်အိုကြီးလည်း ထိုနိုင်ငံသို့ မည်သူမျှ မသွားကြရန် အမိန့်ထုတ်လိုက်သည်။

သို့သော် ထိုအချိန်မှစ၍ ကျေးငှက်ကမ္ဘာသည် ရေလိုက်ငါးလိုက်နဲ့ နီးရာဓားကြောက်ရသော အယူအဆများစိမ့်ဝင်ခဲ့ကာ တစ်ချိန်က အလွန်စည်းလုံးပျော်ရွှင်ခဲ့သော အခြေအနေမှသည် အချင်းချင်းမယုံကြည်မှုဖြင့် စိတ်ဝမ်းကွဲကာ ပျက်စီး ပျောက်ကွယ်သွားခဲ့လေတော့သည်။

တောအုပ်ကြီး၏ အလယ်မြက်ရိုင်းပင်များ ဖုံးအုပ်နေသော ကွင်းပြင်၏တစ်နေရာတွင်တော့ ကျေးငှက်နှစ်ကောင် ပြန်ပြောသည်ကိုအခြေခံ၍ ဆွဲထားသော သူတို့ရောက်ခဲ့ရာတိုင်းပြည်မြေပုံကတော့ ယနေ့ထိ ခါးကိုထောက်၍ ကျော့ကျော့မော့မော့ကနေဆဲဖြစ်ပါသည်။

**အောင်ခွန်းဆက်**

Asian Fame Media Group


ထူးခြားဆန်းပြား

# ကျောက်မျက်တို့၏ အရောင်ကွဲများ

သိန်းပိုင် (M.Engg.Geol)

ကျွန်တော်တို့သည် နေ့စဉ်နှင့်အမျှ အရောင်များနှင့် ဆက်စပ်ထိတွေ့နေရပါသည်။ အရောင်များကလည်း ကျွန်တော်တို့၏ဘဝများကို နေ့စဉ်နှင့်အမျှ လွှမ်းမိုးခြယ်လှယ်ထားပါသည်။ နံနက်မိုးသောက်သည်နှင့် နီရဲနေသော နေမင်းကြီးနှင့် ကောင်းကင်ပြာကြီးသည်လည်းကောင်း၊ စိမ်းစိမ်းစိုစိုနှင့် သစ်ပင်ပန်းမန်များသည်လည်းကောင်း လှပတင့်တယ်သော သဘာဝအရောင်များ စုံလင်စွာ ... လှပတ်ဝန်းကျင်နှင့် အရောင်များသည် ခွဲခြား၍မရပါ။ လူတို့သည် အရောင်များနှင့်အတူ အသက်ရှင်နေထိုင်ကြခြင်းဖြစ်ပြီး အရောင်များမရှိလျှင် ယနေ့ကမ္ဘာ၌ အသက်ရှင်နေထိုင်ကြသော လူသားများရှိဖို့ရန်လည်း မသေချာတော့ပေ။

ထိုနည်းတူစွာပင် ကျောက်မျက်များတွင်လည်း လှပစွဲမက်ဖွယ်ကောင်းသော အရောင်များကြောင့်သာပင်လျှင် ကျောက်မျက်များသည်လည်း နှစ်သက်မြတ်နိုးဖွယ်ကောင်းသော အဖိုးတန်ရတနာများ ဖြစ်နေရပေသည်။ အကယ်၍သာ ကျောက်မျက်အားလုံးသည် အဖြူရောင်တစ်မျိုးတည်းသာ ရှိနေမည်ဆိုပါက စိတ်ဝင်စားဖွယ်လည်းမကောင်းသလို ဆွဲဆောင်မှုလည်း ရှိမည်မဟုတ်ပေ။ ကျောက်မျက်အမျိုးမျိုးတို့တွင် သိသာထင်ရှားသည့် သီးခြားကိုယ်ပိုင်အရောင်များကြောင့်သာလျှင် လူအမျိုးမျိုးတို့သည် အကြိုက်ကိုယ်စီဖြင့် ကျောက်မျက်အမျိုးမျိုးတို့အား နှစ်သက်တန်ဖိုးထားနေကြခြင်း ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လူအများစုသည် စိန်ဆိုလျှင် အဖြူရောင်၊ ပတ္တမြားဆိုလျှင် အနီရောင်၊ နီလာဆိုလျှင် အပြာရောင်၊ ကျောက်စိမ်းနှင့် မြဆိုလျှင် အစိမ်းရောင်၊ မဟူရာဆိုလျှင် အမည်းရောင်ဟုသာ သိရှိကြပြီး ကျောက်မျက်များ၏ အခြားမျိုးကွဲအရောင်များ ရှားပါးထူးဆန်းသော အရောင်များကိုမူ သိရှိသူအနည်းငယ်မျှသာ ရှိပါသည်။ သို့ပါ၍ ယခုဆောင်းပါးတွင် သက်ဆိုင်ရာကျောက်မျက်တို့၏ ယေဘုယျအရောင်များမဟုတ်ဘဲ ထူးခြားဆန်းပြားသောအရောင်များအကြောင်းကို အဓိကတင်ပြသွားကြမည် ဖြစ်ပါသည်။



Asian Fame Media Group
MEDIA GROUP



**စိန်**

စိန်သည် ကမ္ဘာပေါ်တွင် အမာဆုံးတွင်းထွက်ပစ္စည်းဖြစ်ကာ ယင်း၏မာဆင့်မှာ ၁၀ ဖြစ်၍ စိန်ကို ကာဗွန်ဒြပ်စင်များဖြင့် ဖွဲ့စည်းထားပါသည်။ စိန်သည် အမျိုးသမီးတိုင်းအတွက် သည်းခြေကြိုက်ကျောက်မျက်ရတနာတစ်ပါးဖြစ်သလို အများအားဖြင့် တဖျပ်ဖျပ်တောက်ပပြောင်လက်နေသော အဖြူရောင်စိန်များကိုသာ လူအများက သိရှိကြပါသည်။ သို့ပါသော်လည်း ၁၉၈၇ ခုနှစ်က ခရစ္စတီးလေလံပွဲတွင် အမေရိကန်ဒေါ်လာ ရှစ်သိန်းရှစ်သောင်းဖြင့် လေလံတင်ရောင်းချခဲ့သော အလေးချိန် ၉၅ ပွိုင့်သာရှိပြီး တစ်ကာရက်ပင်မပြည့်သည့် စိန်ပွင့်မှာ ပတ္တမြားကဲ့သို့ နီရဲနေသည့် ရှားပါးသော အနီရောင်စိန်ပွင့် ဖြစ်ပါသည်။

ထိုနည်းတူစွာပင် ကမ္ဘာကျော် ဟုတ်စိန် (Hope Diamond) ကြီးမှာလည်း အပြာရောင် စိန် (Blue Diamond) တစ်ပွင့်ဖြင့် ဩစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ထွက်ရှိသော ဖန်စီရောင်များဖြစ်သည့် ပန်းရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ ရွှေအိုရောင်နှင့် အနက်ရောင်စိန်များသည် ကမ္ဘာကျော်စိန်များ ဖြစ်ပါသည်။



**နီလာ**

စိန်ပြီးလျှင် ဒုတိယအမာဆုံး တွင်းထွက်ပစ္စည်းမှာ ကိုရမ်ဒမ်မျိုးရင်း (Corundum) အုပ်စုဝင်ပတ္တမြားနှင့် နီလာတို့ဖြစ်ပြီး ယင်းတို့ကို အလူမီနီယမ်အောက်ဆိုဒ်များဖြင့် အဓိကဖွဲ့စည်းထားပါသည်။ ကိုရမ်ဒမ်တွင်းထွက်၏ မူလအရောင်သည် အရောင်မဲ့ဖြစ်ကာ ယင်းအလူမီနီယမ်အောက်ဆိုဒ်တွင် ခရိုမီယမ်ဓာတ်တစ်ရာခိုင်နှုန်းခန့် ပါဝင်လာပါက အနီရောင်သို့ ပြောင်းလဲသွားပြီး ယင်းကို ပတ္တမြား (Ruby) ဟု ခေါ်ပါသည်။ ယင်း အလူမီနီယမ်အောက်ဆိုဒ်တွင်ပင် အခြား ဒြပ်စင်များဖြစ်သော သံအောက်ဆိုဒ်နှင့် တိုက်တေနီယမ်ဒြပ်စင်များ ပါဝင်လာပါက အပြာရောင် အနုအရင့်အမျိုးမျိုးကို ဖြစ်ပေါ်စေကာ ယင်းကျောက်မျက်ကို နီလာကျောက် (Sapphire) ဟုခေါ်သဖြင့် လူအများက နီလာကျောက်ဟုဆိုလျှင် အပြာရောင်ကိုသာ မျက်စိထဲသွားမြင်ကြပါသည်။ သို့ပါသော်လည်း နီလာကျောက်မျက်တွင် အပြာရောင်အနုအရင့် အမျိုးမျိုးသာမကဘဲ အဖြူရောင်၊ ပန်းရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ စိမ်းပြာရောင်၊ မီးခိုးရောင်၊ ခရမ်းရောင်နှင့် အနက်ရောင် နီလာများလည်းရှိကာ ယခုအခါ ယင်း နီလာ အရောင်ဆန်းများကိုလည်း အမျိုးသမီးထုက တဖြည်းဖြည်း နှစ်သက်မြတ်နိုး တန်ဖိုးထားလာကြပါသည်။

**ကျောက်စိမ်း**

အစိမ်းရောင်ကျောက်တိုင်းသည် ကျောက်စိမ်းမဟုတ်သလို ကျောက်စိမ်းတိုင်းသည်လည်း အစိမ်းရောင်တစ်ခုတည်းရှိသော ကျောက်မျက်မဟုတ်ပါ။ ကျောက်စိမ်းတွင် အဓိကအားဖြင့် အစိမ်းရောင်အနုအရင့် အရောင်အမျိုးမျိုးနှင့် ကျောက်သား၏ အလင်းပေါက်မှု၊ ကြည်လင်ပြတ်သားမှုအပေါ် မူတည်ပြီး အရည်ကျောက်၊ အသားကျောက်နှင့် အထည်ကျောက်များဟူ၍ ခွဲခြားထားရာ အသားကြည်၍ အလင်းပေါက်ပြီး အပြစ်အနာအဆာ ကင်းရှင်းကာ မီးပွိုင့်စိမ်းကဲ့သို့ မြရည်ဝင်နေသောကျောက်စိမ်းသည် တန်ဖိုးအမြင့်မားဆုံး ဖြစ်ပါသည်။ လူအများသည် ကျောက်စိမ်းကို အစိမ်းရောင် အနုအရင့်အမျိုးမျိုးရှိသော ကျောက်မျက်အနေဖြင့် သိရှိထားသော်လည်း အမှန်တကယ်တွင် ကျောက်စိမ်းသည် ဖန်သားမှန်သားကဲ့သို့ ကြည်လင်နေသော အဖြူရောင်မှသည် အနက်ရောင်အထိ ကြားထဲတွင် ရှိသော အခြားအရောင်များဖြစ်သည့် ‘ခွမ်’ (Lavender) ဟု ခေါ်သော ဗေဒါရောင်၊ ခရမ်းရောင်၊ မိုးပြာရောင် အမျိုးမျိုး၊ မီးခိုးရောင်၊ အဝါရောင်၊ လိမ္မော်ရောင်နှင့်ပန်းရောင်၊ အနီရောင်တို့ကိုလည်း ရှားပါးစွာ တွေ့ရှိရပါသည်။ သို့ပါ၍ အရောင်တစ်ခုတည်း အပေါ်မှုတည်၍ မည်သည့် ကျောက်မျက် အမျိုးအစားဖြစ်သည်ကို မှတ်သားထားရန် အလွန်ခက်ခဲပါသည်။




**မြ**

မြဟုဆိုလျှင် လူအများက စိမ်းစို၍ကြည်လင်အေးမြသောသဘောဆောင်သည့် အစိမ်းရောင်မြကျောက်များကိုသာ သိရှိကြပါသည်။ အမှန်မှာ မြကျောက် (Emerald) သည် မြမျိုးကျောက် (သို့) မျက်ရွဲကျောက်ဟုခေါ်သည့် (Beryl) အုပ်စုဝင်ကျောက်မျက်မျိုးကွဲတစ်ခုဖြစ်ပြီး ဗယ်ရီလီယမ်အလူမီနီယမ်ဆီလီကိတ်များဖြင့် ဖွဲ့စည်းထားပါသည်။ ယင်း Beryl ကျောက်မျက်၏အသားသည် အလင်းပိတ်မှ အလင်းပေါက်အထိ ရှိနိုင်သလို အရောင်အမျိုးမျိုးလည်းရှိကာ အရောင်ကွဲအမျိုးမျိုးပေါ် မူတည်၍ အမည်အမျိုးမျိုးပေးထားသော်



လည်း လူအများက အစိမ်းရောင်ရှိသည့်မြကျောက် (Emerald) ကိုသာ လူသိများတန်ဖိုးထားဝတ်ဆင်ကြပါသည်။ အမှန်မှာ အစိမ်းရောင်ရှိသာ Beryl ကျောက်မျက်ကို မြကျောက်ဟုလည်းကောင်း၊ အပြာရောင်ကို မြပြာ (Aquamarine) ဟုလည်းကောင်း၊ ပန်းရောင်မြကို 'Morganite' ဟုလည်းကောင်း၊ အဝါရောင်မြကို 'Heliodor' ဟုလည်းကောင်း၊ အရောင်မဲ့ (သို့) အဖြူရောင်မြကို 'Goshenite' ဟုလည်းကောင်း ခေါ်ဝေါ်ကြပြီး အစိမ်းရောင်မြပြီးပါက မြပြာသည် လူအကြိုက်အများဆုံးနှင့် အပေါ်များဆုံးတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် မိုးကုတ်ရတနာမြေနှင့် ကရင်



ပြည်နယ်တွင် မြပြာကျောက်များကို အများအပြား တွေ့ရှိရပါသည်။

**မဟူရာ**

မဟူရာဟုဆိုလျှင် အနက်ရောင်ရှိသော ကျောက်မျက်ဟု လူတိုင်းသိရှိကြပါသည်။ မဟူရာသည် တိုမလင်း (Tour-maline) အုပ်စုဝင် ကျောက်မျက်တစ်မျိုးဖြစ်ပြီး ယေဘုယျအားဖြင့် မဂ္ဂနီဆီယမ်၊ သံ၊ အလူမီနီယမ်တို့၏ ဒြပ်ပေါင်း ဗိုရိုဆီလီကိတ်အဖြစ် ဖော်ပြထားပါသည်။ အမှန်မှာ တိုမလင်းကျောက်ကို မိုးကုတ်ဒေသခံတို့က 'မှတ်မီး' ခေါ်ကြပြီး အနက်ရောင်ရှိသဖြင့် 'Black Tourmaline' ဟု ခေါ်နိုင်ပြီး အင်္ဂလိပ်အမည်မှာ 'Schorl' ဟုခေါ်ပါသည်။ ထိုနည်းတူစွာပင်



'တိုမလင်း' ကျောက်တွင် အခြားအရောင်ကွဲအမျိုးမျိုးလည်းရှိကာ ပန်းရောင်ကို 'Elbarite' နှင့် အနီရောင်တိုမလင်းကို 'Rubellite' ဟုခေါ်၍ မြန်မာတို့က 'ဖရဲအူ' ဟူ၍လည်းကောင်း၊ အစိမ်းရောင်တိုမလင်း (Green Tourmaline) ကို လျှိုင်ကော်မြ (သို့) စောလဖောမြဟူ၍လည်းကောင်း၊ အညို (သို့) ညိုဝါရောင်တိုမလင်းကို 'Dravite' ဟုခေါ်ပြီး မဟူရာအညို အဖြစ်လည်းကောင်း၊ အဖြူရောင် (သို့) ရောင်မဲ့တိုမလင်းကို 'Achroite' ဟုခေါ်ပြီး ရှားပါးသော 'မဟူရာဖြူ' အဖြစ်လည်းကောင်း၊ အပြာရောင် တိုမလင်းကို 'Indicolite' ဟုခေါ် ပြီး မဟူရာအပြာအနေဖြင့် လည်းကောင်း၊ အနီရောင်နှင့် အခြားအရောင်များ စပ်ထားသည့် နှစ်ရောင်စပ်၊ သုံးရောင်စပ် တိုမလင်း ကျောက်များသည်လည်း လှပ၍ ဆွဲဆောင်မှု ရှိသော မဟူရာ အုပ်စုဝင် ကျောက်မျက်များ ဖြစ်ပါသည်။




**သလင်းကျောက်များ**

သလင်းကျောက် (Quartz) ကို အချို့က 'စလင်းကျောက်' (သို့) 'မြိုင်စိန်' ဟု ခေါ်ကြပြီး ဆီလီကွန်ဒိုင်အောက်ဆိုဒ်များဖြင့် ဖွဲ့စည်းထားကာ မာဆင့်မှာ ၇ ရှိပါသည်။ သလင်းကျောက်ကို လက်ဝတ်ရတနာ ကျောက်မျက်အနေနှင့်ရော စက်မှုကုန်ကြမ်း တွင်းထွက်အနေနှင့်ပါ အီလက်ထရွှန်းနစ် ကမ္ဘာတွင် မရှိမဖြစ် အသုံးပြုကြပါသည်။ အများအားဖြင့် သလင်းကျောက်များကို သဘာဝတွင် ပေါများစွာ တွေ့ရှိရပြီး ဖန်သား၊ မှန်သား (သို့) ရေခဲသားကဲ့သို့ ကြည်လင်နေသော သလင်းကျောက်များကို ဘုရားစိန်ဖူးတော်များ၊ လက်ဝတ် ရတနာများမှသည် ရုပ်တုရုပ်ထွင်းများအဖြစ် အသုံးပြုကြပါသည်။ ရှားပါး၍ လှပစွဲမက်ဖွယ် ကောင်းသော အခြားအရောင် သလင်းရောင်ကွဲ အမျိုးမျိုးပေါ်မူတည်၍ အမည်အမျိုးမျိုးပေးကာ တန်ဖိုးထား၍ ဝတ်ဆင်အသုံးပြုနေကြပါသော်လည်း ယင်းတို့သည် သလင်းကျောက်များပင် ဖြစ်သည်ကိုမူ သိရှိသူအနည်းငယ်သာ ရှိပါသည်။ ဥပမာအားဖြင့် ခရမ်းရောင်သလင်းကျောက်ကို 'ခရမ်းစွဲကျောက်' (Amethyst) အဖြစ်လည်းကောင်း၊ အဝါရောင် သလင်းကျောက်ကို 'စလင်းဝါ (သို့) သလင်းဝါကျောက်' (Citrine) အဖြစ်လည်းကောင်း၊ အစိမ်းရောင်သလင်းကျောက်ကို 'စလင်းစိမ်းကျောက်' (Aventurine) အဖြစ်လည်းကောင်း၊ နို့နှစ်ရောင် သလင်းကျောက်ကို (Milky Quartz) အဖြစ်လည်းကောင်း၊ မီးခိုးရောင် (သို့) အညိုရောင် သလင်းကျောက်ကို 'စလင်းညို ကျောက်' (Smoky

ကျောက်စိမ်းတွင် အဓိကအားဖြင့် အစိမ်းရောင် အနုအရင့် အရောင်အမျိုးမျိုးနှင့်ကျောက်သား၏ အလင်းပေါက်မှု၊ ကြည်လင်ပြတ်သားမှုအပေါ် မူတည်ပြီး အရည်ကျောက်၊ အသားကျောက်နှင့် အထည်ကျောက်များဟူ၍ ခွဲခြားထားရာ အသားကြည်၍ အလင်းပေါက်ပြီး အပြစ်အနာအဆာကင်းရှင်းကာ မီးပွိုင့်စိမ်းကဲ့သို့ မြရည်ဝင်နေသော ကျောက်စိမ်းသည် တန်ဖိုးအမြင့်မားဆုံးဖြစ်ပါသည်။

AsiaFame Media Group



Quartz) အဖြစ်လည်းကောင်း၊ ပန်းရောင်သလင်းကျောက်ကို (Rose Quartz) အဖြစ်လည်းကောင်း၊ ဘရာဇီးနိုင်ငံမှ ထွက်ရှိသော လှပ၍ ရှားပါးသည့် ပုစွန်ဆီရောင် နှင့် လိမ္မော်ရောင်ရှိသော သလင်းကျောက်များကို (Sunset Quartz) များအဖြစ်လည်းကောင်း ခေါ်ဝေါ်၍ အလှအပလက်ဝတ်ရတနာများ ပြုလုပ်ကာ တန်ဖိုးထား၍ ဝတ်ဆင်ကြပါသည်။ ထို့အပြင် ပုံဆောင်မွှားသလင်း ကျောက်အုပ်စုဝင် ဖြစ်သော အဂိတ်ကျောက် (Agate) မျိုးသည် လည်း ဆီလီကွန်ဒိုင်အောက်ဆိုဒ်များနှင့်ပင် ဖွဲ့စည်းထားကာ အဂိတ်ကျောက်တွင် အဖြူကြည် ရောင်၊ နို့နှစ်ရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ နီညိုရောင်၊ အနက်ရောင်၊ မီးခိုးရောင်၊ အပြာရောင်၊ ဗေဒါရောင် စသည်ဖြင့် အရောင်စုံ၊ အသွေးစုံ၊ ပုံသဏ္ဌာန်မျိုးစုံဖြင့် ရှိနေကြပြီး သူ့နေရာနှင့်သူ လှပတင့်တယ်နေကြပါသည်။

**ပယင်းကျောက်**

ပယင်းကျောက်တိုင်းသည် ပယင်းရောင် မဟုတ်ကြသလို၊ ပယင်းရောင်တိုင်းသည်လည်း ပယင်းကျောက်များ မဟုတ်ပါ။ ပယင်းကျောက်သည် အမှန်မှာ ကျောက်မှ ဖြစ်တည်လာသော ကျောက်မျက်မျိုး မဟုတ်ဘဲ ရှေးခေတ်သစ်ပင်များမှ သစ်စေးများသည် နှစ်ကာလ သန်းချီကြာလာသောအခါ သစ်စေးကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ် ပြောင်းလဲသွားပြီး ယခုအခါ ယင်းသစ်စေး ကျောက်ဖြစ်ရုပ်ကြွင်းများကို ဇီဝ တွင်းထွက် ကျောက်မျက်အနေဖြင့် သတ်မှတ်ကာ လူအများ တန်ဖိုး ထားဝတ်ဆင်လာကြခြင်း ဖြစ်ပါသည်။ ပယင်းသည်လည်း အများအားဖြင့် ပယင်းရောင်၊ အဝါရောင်၊ အညိုရောင်၊ နီညိုရောင်နှင့် ဒီဇယ်ရောင်များ ရှိသော်လည်း ပယင်းရောင် မဟုတ်သည့် အခြားရှားပါး၍ တန်ဖိုးကြီးသော အရောင်များဖြစ်သည့် အပြာရောင်၊ အစိမ်းရောင်နှင့် ခရမ်းရောင် ပယင်းကျောက်များသည် ဒိုမီနီကန်နိုင်ငံမှ ထွက်ရှိပြီး ကျောက်မျက်စုဆောင်းသူတို့နှင့် ဘာသာရေးအရ ဝတ်ပြုဆုတောင်းသူတို့က ပယင်းပုတီးများ ပြုလုပ်၍ အသုံးပြုကြကာ တန်ဖိုးလည်း အလွန်မြင့်မားပါသည်။ ထို့ပြင် ပယင်းကျောက်သည် ဇီဝတွင်းထွက် ကျောက်မျက်အမျိုးအစားလည်း ဖြစ်သလို သစ်စေး ကျောက်ဖြစ် ရုပ်ကြွင်းများအထဲတွင် ရှေးခေတ် အင်းဆက်ပိုးမွှားကောင်များ၊ ငှက်များနှင့် နို့တိုက်သတ္တဝါတို့၏ အမွေးအမှင်များ၊ ခရုခွံများနှင့် ရှားရှားပါးပါး အိမ်မြှောင်နှင့် ဖားငယ်များ၏ ရုပ်ကြွင်းများကိုပင် တွေ့ရှိရတတ်ပါ သည်။



ထိုနည်းတူစွာပင် အခြားကျောက်မျက်များဖြစ်သော ဥဒေါင်းကျောက် (Garnet)၊ ဂေါ်မိတ်ကျောက် (Zircon) နှင့် အညှာပန်းကျောက် (Spinel) များတွင်လည်း အရောင်ကွဲများအမျိုးမျိုး ရှိကြပါသည်။ ကျောက်မျက်တစ်ပွင့်၏ တန်ဖိုးကို ၎င်းကျောက်မျက်၏အရောင်၊ ကျောက်မျက်၏ အလေးချိန် (အရွယ်အစား) ကျောက်မျက်၏ သွေးထားပုံ အဆင့် အတန်း၊ ကျောက်မျက်၏ အပြစ်အနာအဆာ ကင်းစင်မှုနှင့် အလင်းပေါက်ကြည်လင်မှုတို့အပေါ်တွင် မူတည်၍ တန်ဖိုးဖြတ်သည်ဟုဆိုသော်လည်း အရွယ်အစားတူပုံစံတူ အဖြူရောင်ကျောက်စိမ်းတစ်ပွင့်နှင့် ပြရည်ဝင်နေသော အစိမ်းရောင်ကျောက်စိမ်းတစ်ပွင့်တို့၏ တန်ဖိုးမှာ အဆပေါင်းရာထောင်ချီ၍ ကွာခြားသလို အခြားကျောက်မျက်များတွင်လည်း ထိုနည်းတူစွာပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကျောက်တစ်ပွင့်၏ တန်ဖိုးသည် အခြားအချက်အလက်များကို သိရှိရန်မှာ အသေးစိတ်စစ်ဆေးရန် လိုအပ်သလို ကျောက်မျက်တစ်ပွင့်အား မြင်မြင်ချင်း ပထမဦးဆုံးတွေ့ရှိရသည့်အရာမှာ ကျောက်မျက်၏ အရောင်သာဖြစ်သကဲ့သို့ ၎င်းကျောက်မျက်၏ အရောင်သည်ပင်လျှင် လှပစွဲမက်ဖွယ်ကောင်းသလို ဝတ်ဆင်မည့်သူအားလည်း ချက်ချင်းအဆွဲဆောင်နိုင်ဆုံးအရာ ဖြစ်ပါသည်။



သို့ဖြစ်ပါ၍ ကျောက်မျက်တစ်ပွင့်၏ အရောင်သည် အရာအားလုံးထက် အရေးကြီးသလို ကျောက်မျက်၏ အဓိကတန်ဖိုးကိုလည်း ဖော်ပြနေသောကြောင့် ကျောက်မျက်များတွင် ရှိနေသည့် အရောင်မျိုးကွဲ များအကြောင်းကို မလွဲမသွေ သိရှိထားရန် လိုအပ်သလို မိမိတို့မသိ၊ မမြင်၊ မကြားဘူးသေးသည့် ကျောက်မျက်တို့၏ အ ရောင်မျိုးကွဲများလည်း ရှိနေမည်မှာ ဧကန်မုချ ဖြစ်ပေသည်။

**သိန်းဝိုင် (M.Engg.Geol)**

Asian Fame Media Group

# မင်္ဂလာဆုတောင်း



မောင်ဇော်ဦး (ခ) ပင်စိမ်းကို B.E Com (Eco) သတင်းထောက် (Living Fashion Magazine, Asian Fame Media Group) နှင့်
မထက်ထက်အောင် B.Sc (Chemistry) Sales & Marketing Manager (Shwe Pyi Nann Co.,Ltd) တို့၏ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပသော လက်ထပ်မင်္ဂလာဧည့်ခံပွဲမှသည် သက်ဆုံးတိုင် ပျော်ရွှင် ချမ်းမြေ့စွာ ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ရတီစာပေအနုပညာမဂ္ဂဇင်း**
Asian Fame Media Group



# မင်္ဂလာဆုတောင်း

မောင်သီဟသန်းနောင် (Operation Manager) SIN General Trading, Sdn Bhd, Singapore နှင့် မတင်စန္ဒာဝင်း B.Sc (Chemistry) Deputy Manager, Marketing Department, Asian Fame Media Group တို့၏ မတ်လ ၂ ရက်နေ့က Summit Park View Hotel တွင် ကျင်းပခဲ့သော လက်ထပ်မင်္ဂလာဧည့်ခံပွဲ မှသည် သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ရတီစာပေအနုပညာမဂ္ဂဇင်း**
Asian Fame Media Group

# အဆိုတော်စစ်သွေး၏ ၃၁ နှစ်ပြည့်မွေးနေ့



အဆိုတော်စစ်သွေး၏ ၃၁ နှစ်ပြည့်မွေးနေ့ကို ဖေဖော်ဝါရီလ ၁၇ ရက် ညနေ ၆ နာရီခွဲက ကန်တော်ကြီးဥယျာဉ်၊ The Best Music Pub တွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ မွေးနေ့ပွဲကို အဆိုတော် ဟဲလေး၊ အငြိမ့်ကိုကို၊ ဟိုက်းသစ် တို့အပါအဝင် သရုပ်ဆောင် မိုးယံဇွန်၊ ဝါဆို မိုးဦး၊ ခင်ရွှေ၊ နဒီဝင့်နိုင်နှင့် အနုပညာ မောင်နှမများ တက်ရောက်ခဲ့ကြသည်။ စစ်သွေးသည် ဒုတိယ စီးရီးကို ထွက်ရှိနိုင်ရန် စီစဉ်နေပြီဖြစ်ပြီး သကြၤန်တေးသီချင်းခွေများ ဖြစ်သော 'SUMMER 2' 'ခဏတာအချစ်' စီးရီးများတွင် Wai လျှံ၊ ရှိုင်း ဝေယံတို့နှင့် တွဲဖက်ကာ သီဆိုထားကြောင်း သိရသည်။

# အရေပြားကျန်းမာရေးနှင့် အလှအပအတွက် Nobel Clinic ဖွင့်လှစ်

မဂ္ဂဇင်း၊ ဂျာနယ်စာမျက်နှာများထက်၌ အရေပြားအလှအပနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများကို အစဉ်တစိုက်ရေးသားခဲ့သော အရေပြားအလှအပဆရာဝန် ဒေါက်တာမြင့်ဦး၏ Nobel Clinic Laser & Skin Care ကို ဖေဖော်ဝါရီလ ၁၅ ရက် နံနက် ၁၀ နာရီက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ မျက်နှာပြင်အသားအရေတွင် နေလောင်ဒဏ်ကြောင့် ဖြစ်ပေါ်တတ်သည့် အညိုအမည်းစက်များ၊ အသက်အရွယ်ကြောင့် ဖြစ်ပေါ်သည့် အရေးအကြောင်းများကို အမေရိကန်နိုင်ငံလုပ် Ellipsc SPT+ (IPL - U.S.A) ဖြင့် ဖယ်ရှားပေးခြင်း၊ ကိုယ်ခန္ဓာအနံ့ရှိ ဆေးမင်ကြောင်များ၊ အမွေးအမှင်ဖယ်ရှားပေးခြင်းများကို ဆောင်ရွက်ပေးနေသည့်အပြင် အရေပြားကျန်းမာရေးစောင့်ရှောက်မှုများကို ပြုလုပ်ပေးနေကြောင်း သိရသည်။ စိတ်ပါဝင်စားသူများ ဆက်သွယ်လိုပါက Nobel Clinic Laser & Skin Care ၊ အမှတ် ၅၉ - အေ၊ အခန်း ၁၀၁ ၊ အေးရိပ်သာ ၁ လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ဖုန်း ၀၉၄၅၀၀၅၈၈၃၇ သို့ ဆက်သွယ်နိုင်မည်ဖြစ်သည်။



Asian Fame Media Group



ယဉ်ကျေးမှုပုံရိပ်များ

# မင်းခမ်းတော် - ၂

မင်းဗေဒါ (ပွင့်ဖြူ)




နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ယဉ်ကျေးမှုပိုင်းဆိုင်ရာအသိပညာ (Cultural Education) သည်း လိုက်ပါဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ ယဉ်ကျေးမှုပိုင်းဆိုင်ရာ အသိ ပညာဆိုသည်မှာ မိမိတိုင်းပြည်၊ မိမိလူမျိုး၏ အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှု ဓလေ့များကို လေ့လာဆွေးနွေးသုံးသပ်နိုင်သည့် ပညာဖြစ်ပါသည်။ ဤပညာသည် လူ့အဖွဲ့အစည်း၏ စရိုက် လက္ခဏာများ၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးသားမှုများ၊ ရုပ်ပိုင်းစိတ်ပိုင်း ဆိုင်ရာယဉ်ကျေးမှုစံနှုန်းများနှင့် ကျယ်ပြန့်စွာ ဆက်စပ်လျက်ရှိနေသောကြောင့် အားလုံးကို သိနိုင်ရန် ပညာရပ်နယ်ပယ်အလိုက် ပညာရှင်များက ကြိုးပမ်းအားထုတ်ကြပါသည်။ ဆိုခဲ့သည့်အတိုင်း နိုင်ငံဖွံ့ဖြိုး တိုးတက် လာခြင်း၊ နိုင်ငံတကာနှင့် ကူးလူးဆက်ဆံမှု ကျယ်ပြန့်လာခြင်းတို့ကြောင့် ပြည်သူတို့ သည်လည်း ယဉ်ကျေးမှုပိုင်းဆိုင်ရာ အသိပညာများကို တီးမိခေါက်မိသိရှိရုံမျှမက ဆွေးနွေးပြောဆိုဝေဖန် ပိုင်းခြားနိုင်သည့်အထိ သိမြင်ကြရပါမည်။ ဤအတွက် အထောက်အကူ ဖြစ်နိုင်စေရန် မြန်မာ့ယဉ်ကျေးမှုပုံရိပ်များကို ရတီ မဂ္ဂဇင်းမှတစ်ဆင့် မျှဝေ ဖြန့်ဝေပေးလိုက်ခြင်းဖြစ် ပါသည်။ မြန်မာဘုရင်တို့၏ ရာဇဝင်လာ မင်းခမ်းတော် အကြောင်းကို ဆက်လက်ဖော်ပြလိုပါသည်။

မြန်မာမင်းခမ်းတော်ပစ္စည်းများတွင် လက်ဝဲ ၁၈ မျိုး၊ လက်ယာ ၁၇ မျိုး စုစုပေါင်း ၃၅ မျိုး ပါဝင်ခင်းကျင်းထားလေ့ရှိသည်။ သီပေါမင်း ပါတော်မူပြီးနောက် ဗြိတိသျှတို့က မြန်မာမင်းခမ်း တော်ပစ္စည်းများကို သယ်ယူသွားပြီး လန်ဒန်မြို့ ဝိတိုရိယနှင့် အယ်လ်ဘတ်ပြတိုက်တွင် ထားရှိခဲ့သည်။ မြန်မာနိုင်ငံအစိုးရ၏ မေတ္တာရပ်ခံ ချက်အရ နန်းတွင်းပစ္စည်းပေါင်း ၁၄၁ မျိုးကို ၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်ခဲ့သည်။ အမျိုးသားပြတိုက်တွင် ပြသထားသော မင်းခမ်း တော်ပစ္စည်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**စလောင်းကြာ (Candelabra)**

မင်း၏ အခမ်းအနားအဆောင်အယောင် ပစ္စည်းတစ်မျိုးဖြစ်သည်။ 'ရွှေဘုံနိဒါန်း' အရ အိန္ဒိယမင်းသားပဋိက္ခရားပိုင် အသုံးအဆောင် ပစ္စည်း တစ်ခုဖြစ်ပြီး နောက်ပိုင်းတွင် ပုဂံဘုရင် အနော်ရထာမင်းအား ဆက်သ ခဲ့ကြောင်း သိရပါသည်။


Asian Fame Media Group




**အိုးပြစ် (Royal Pot)**
ရေထည့်ရန် အသုံးပြုသော မင်းခမ်းသုံးပစ္စည်း ဖြစ်သည်။ ... တန်ဖိုးကြီးသော ကျောက်မျက်ရတနာတို့ဖြင့် ပြုလုပ်ထားသည်။



မြူတာဖို ၊ မြူတာမ



**မကာန်းကရား (Sea Monster Pitcher)**
ရေစက်ချကရားဖြစ်သည်။ ဒဏ္ဍာရီလာ မကာန်းကရား ဖြစ်ပြီး ရွှေကနုတ်များဖြင့် အသေးစိတ်လှပစွာ ပြုလုပ်ထားသည်။ ကုသိုလ်တော် ကောင်းမှု အမှတ်အသား ဖြစ်သည်။



**နန်းဆွဲဇုဝ် (Filigree Receptacle)**
ရတနာပစ္စည်းများထည့်လျက် ဘုရင်ကို ဆက်ကပ်ရသောပစ္စည်း ဖြစ်သည်။ ရွှေနန်း ကြိုးမျှင်များဖြင့် လက်ရာမြောက်စွာ ပြုလုပ်ထားပြီး ရွှေကနုတ်တို့ဖြင့် အသေးစိတ် တန်ဆာဆင်ထားသည်။



**သလင်းမြောင် (Fruit Container)**
သလင်းမြောင်သည် လာအိုဘုရင် လင်းဇင်းမင်း၏ မင်းခမ်းတော်ပစ္စည်းများထဲမှ တစ်ခုဖြစ်ပြီး ပင်းယတစ်စီး ရှင်မင်းကို လက်ဆောင်ပေးခဲ့သည်ဟု 'ရွှေဘုံနိဒါန်း' တွင် ဖော်ပြထားသည်။ ရွှေဖြင့် ပြုလုပ်ထားပြီး အနားစွန်းတွင် တန်ဖိုးကြီး ကျောက်သံကနုတ် လက်ရာများဖြင့် အသေးစိတ်ခြယ်မှုန်းထားသည်။

**သစ်တိုင် (Rfiles Casket)**
သစ်တိုင်မှာ ဇင်းမယ်ဘုရင်၏ မင်းခမ်းတော် ပစ္စည်းများထဲမှ တစ်ခုဖြစ်ပြီး မြန်မာဘုရင်ပင်းယ တစ်စီးရှင်မင်းကို လက်ဆောင်ပေးခဲ့သည်။ ရွှေဖြင့် ပြုလုပ်ထားပြီး အနားစွန်းတွင် တန်ဖိုးကြီး ကျောက်သံကနုတ်လက်ရာများဖြင့် အသေးစိတ်ခြယ်မှုန်းထားသည်။

Asian Fame Media Group



**ကျပ်လျှား (Oblong Basket)**

ကျပ်လျှားကို ကျပ်မြင့်မိုရ် ဟုလည်း ခေါ်သည်၊ သထုံဘုရင်၏ မင်းခမ်းတော်ပစ္စည်းများထဲမှ တစ်ခုဖြစ်သည်၊ ရွှေအစစ်တွင် ကျောက်မျက်များ စီခြယ်ထားသည်၊



**ဖိနပ် (The Royal Sandals)**

ရွှေဖြင့် ပြုလုပ်ထားပြီး အောက်ခံပြားနှင့် အနားတစ်ဝိုက်မှာ ငွေဖြစ်သည်။ ပတ္တမြားဖြင့် လိုင်းသုံးလိုင်း ပြုလုပ်ထားသည်။ ထိပ်အပိုင်းသည် ရွှေနန်းကြိုး အနားဖြစ်သည်။ ကြိုးသည် ကတ္တီပါ ဖြစ်ပြီး ကြိုးတစ်ခုစီတွင် ရွှေပန်း ၇ ပွင့်ပါရှိပြီး ပတ္တမြားတို့ဖြင့် စီခြယ်ထားသည်။



သားမြီးယပ်သည် သစ်သားရိုးတွင် ရွှေပြားကပ်ပြီး ပတ္တမြားကျောက်မျက်ရတနာကိုးပါးဖြင့် ပြုလုပ်ထားသည်။



**ခြေနင်း (The Royal Shoes)**

ခြေနင်းဖိနပ်တွင် ရွှေသားခုံ၌ ရွှေပြားခံလျက် ပတ္တမြား စီခြယ်ထားသည်။ ခြေနင်းအပေါ်ပိုင်းတွင် နန်းဆွဲ အဝန်းအဝိုက်များဖြင့် ပုံဖော်ထားသည်။ ဖိနပ်ထိပ်ဘက် အချက်အချာကျသည့်နေရာ၌ တန်ဖိုးကြီးသော မြများ၊ ပတ္တမြားများဖြင့် ပြုလုပ်ထားသည်။ ယင်းခြေနင်းကို အမှန်တကယ် မစီးပေ။ အခမ်းအနားများ၏ အမှတ်အသားမျှသာ ဖြစ်သည်။



ယပ်သည် သစ်သားရိုးတွင် ရွှေပြားကပ်ပြီး အရွက်ကို ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသည်။

**တောင်ဝှေး၊ သံလျက်၊ သားမြီးယပ်**

တောင်ဝှေးကို ရွှေချထားသည်။ သံလျက်၏ လက်ကိုင်နှင့် ဓားအိမ်ကို ဆင်စွယ်ရောင်ကတ္တီပါ အိတ်အစွပ်ထဲတွင်ထားပြီး ရတနာကျောက်မျက် ကပ်ထားသည်။ ဓားအိမ်ကို ရွှေကွင်း ၅ ကွင်းဖြင့် တန်ဆာဆင်ထားသည်။ သားမြီးယပ်လက်ကိုင်ရိုးမှာ သစ်သားဖြစ်ပြီး ရွှေချထားသော ကျောက်မျက်များဖြင့် အလှဆင်ထားသည်။



**ရွှေကရား (Gold Pitcher)**

ရွှေသားဖြင့်ပြုလုပ်ထားပြီး ကျောက်မျက်ရတနာစီခြယ်ထားသည့် မင်းခမ်းတော်ပစ္စည်းဖြစ်သည်။ ရွှေကရားနှင့်ပတ်သက်၍ နောက်ခံဒဏ္ဍာရီ ဇာတ်လမ်းရှိသည်။ ရွှေကရားဖြင့်သစ္စာပြု၍ ရေစင်သွန်းရာ ပဒေသာပင်ပေါက်လာသည် ဟူသော ဇာတ်လမ်းမျိုး ဖြစ်ပါသည်။ နာမည် အထင်အရှား ဖော်ပြထားသော်လည်း အမှန်တကယ် အသုံးပြုသော ပစ္စည်း မဟုတ်။ မင်းခမ်းမင်းနား ပစ္စည်းတစ်ခု အဖြစ်သာ ထားရှိသည်။

အချို့သော မင်းခမ်းတော်ပစ္စည်းများသည် မြန်မာဘုရင်များ အစဉ်အဆက် အသုံးပြုခဲ့သည့် ပစ္စည်းများဖြစ်ပြီး အချို့သော မင်းခမ်းတော်ပစ္စည်း များသည် အိန္ဒိယ၊ ထိုင်း၊ လာအို၊ သီရိလင်္ကာ စသည့်နိုင်ငံများနှင့် နှစ်နိုင်ငံကူးလူးဆက်ဆံမှုအရလည်းကောင်း၊ လက်အောက်ခံနိုင်ငံများ၏ လက် ဆောင်ပဏ္ဏာဆက်သမှုအရ

လည်းကောင်း ရရှိလာသော မင်းခမ်းတော်ပစ္စည်းများဖြစ်သည်။ (ဥပမာ စလင့်ကြာ၊ နဂါးခံကွမ်းခွက်၊ လင်တင်ကြာကွမ်း ခွက်၊ မကန်းတရား ခြသေ့်ခံကွမ်းခွက်၊ သလင်းမြောင်၊ သစ်တိုင်၊ ကျပ်လျှားစသည်တို့ဖြစ်သည်။ အချို့မှာ မင်းခမ်းတော်ပစ္စည်းအဖြစ် ထားရှိသော်လည်း အဆောင်အယောင်သဘောမျှသာဖြစ်ပြီး လက်တွေ့သုံးစွဲသော ပစ္စည်းမဟုတ်ပေ။ (ဥပမာ - မေးထောက်၊ ခြေနင်းစသည်တို့ဖြစ်သည်။)

မင်းခမ်းတော်စာရင်းတွင် ဖော်ပြမထားသော်လည်း ရွှေနန်းသုံး အသုံးအဆောင်ပစ္စည်းများအဖြစ် အမျိုးသားပြတိုက်တွင် အောက်ပါပစ္စည်းများကိုလည်း ပြသထားကြောင်း တွေ့ရပါသည်။





ရတနာပန်းတောင်း
ကလပ်
မှန်စီကျေးချပ်
ဗေဒတာခြင်း
ခရုသင်းကလပ်ဖလား
ကြေးမုံမှန်
ကရား
တကောင်း
တကောင်းပိတ်
ဒေါင်းပေါင်
ဓားအိမ်ပါဓားများ
မင်းတုန်းမင်းဗုဒ္ဓဘိသိတ်မင်္ဂလာအခါတော်စာ
သီပေါမင်းနန်းသိမ်းမင်္ဂလာအခါတော်စာ







မင်းခမ်းတော်မြန်မာ့ရိုးရာအသုံးအဆောင်ပစ္စည်းများသည် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။ သမိုင်းတန်ဖိုး၊ ရှေးဟောင်းတန်ဖိုး၊ အနုပညာလက်ရာတန်ဖိုး၊ ကာလတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးများ ကြီးမားကြသည်။ သမိုင်းနှင့်ယဉ်ကျေးမှုကို မြတ်နိုးသူတိုင်း မိမိလူ့အဖွဲ့အစည်း၏ အဆင့်အတန်းကို သိမြင်လိုသူတိုင်း အမျိုးသားပြတိုက်ကြီးကို သွားရောက်လေ့လာကြသည်။

**မင်းဝေဒါ(မွှင့်မြူ)**







**အကိုးအကား**


၁။ အမျိုးသားပြတိုက်မှတ်တမ်းများ
၂။ ဦးမင်းနိုင် 'ပြတိုက်လမ်းညွှန်'









Asian Fame Media Group







# စွမ်းအင်ကဏ္ဍ၏ လက်ရှိအခြေအနေ

ကျော်ဦး

လူတို့၏ လောင်စာသုံးစွဲမှုသည် မီးကိုစတင် ပြုလုပ်အသုံးချတတ်သည့် အချိန်မှ စတင်ခဲ့သည်။ အစားအစာများကို အစိမ်းစားနေရာမှ မီးဖြင့် ချက်ပြုတ်သောအခါ ပို၍စားကောင်းမှန်း သိလာခဲ့ကြသည်။ မီးသည် နေမင်းကြီးကဲ့သို့ အလင်းရောင်ပေးသည်။ ကမ္ဘာဦးလူတို့အတွက် မီးသည် နေအငယ်စား တစ်ခုကို ဖန်တီးတတ်ခြင်းနှင့် တူသည်။

ကနဦးက အေးသောအရပ်များ၊ မှောင်သော အရပ်များသို့ မသွားကြဘဲ ရှိရာမှ မီးကိုဖန်တီး ပြုလုပ်တတ်ခြင်းဖြင့် လူတို့သည် မိမိတို့နေထိုင်ရာ ဒေသတွင်သာ မနေကြတော့ဘဲ မီးကိုသုံး၍ အခြားဒေသများသို့ပါ ခြေဆန့်ကြသည်။ အေးသော အရပ်တွင် မီးဖြင့်နွေးစေသည်။ မှောင်သော အရပ်တွင် မီးဖြင့်လင်းစေသည်။ မီး၏အနွေးဓာတ်သည် လူတို့အား အခြားသောသတ္တဝါများထက် ပတ်ဝန်းကျင် ပြောင်းလဲမှုဒဏ်ကို ပို၍ခံနိုင်စေခြင်းဖြင့် အခြားသတ္တဝါများအပေါ်တွင် သာလွန်စိုးမိုးစေသည်။

မီးကိုဖန်တီးရာ၌ လူတို့အစဦးဆုံးသုံးသော လောင်စာမှာ ထင်းဖြစ်သည်။ 'ဇီဝဒြပ်ထုလောင်စာ' ဟုခေါ်သော ထင်းကို ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၀၀၀ ခန့်က စသုံးခဲ့သည်။ ထင်းကို နှစ်ပေါင်း ၂၅၀၀ ကျော်ကြာ သုံးစွဲနေခဲ့ရာမှ ၁၇၅၀ ခုနှစ်ခန့်တွင် ရုပ်ကြွင်းလောင်စာတစ်မျိုး ဖြစ်သော ကျောက်မီးသွေးကို စတင်အသုံးပြုခဲ့ကြရာ ယနေ့တိုင် ကျောက်မီးသွေးသည် လူတို့၏ အခြေခံလောင်စာအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

Asian Fame Media Group
MEDIA GROUP

ကျောက်မီးသွေးကိုတွင်ကျယ်စွာ သုံးနိုင်ခဲ့သဖြင့် စက်မှုတော်လှန်ရေးဟု ခေါ်ရလောက်အောင် စက်မှုလုပ်ငန်းများ အကြီးအကျယ်စတင်ပေါ်ထွန်းခဲ့သည်။

နောက်ပိုင်းတွင် လူဦးရေများလာသည်နှင့် အမျှ ကျောက်မီးသွေးအသုံးလည်း တိုးတက်လာခဲ့သည်။ ထင်း၏နေရာတွင် ကျောက်မီးသွေးကို အစားထိုးသုံးစွဲလာခဲ့ခြင်းမှာ ပမာဏချင်းတူလျှင် ထင်း သို့မဟုတ် အခြားဇီဝဖြစ်ထုလောင်စာများ ထက် စွမ်းအင်ပမာဏပိုရသောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုအချိန်က စက်မှုတော်လှန်ရေးစတင်ခဲ့ရာ အင်္ဂလန်နိုင်ငံတွင် လောင်စာအတွက် ထင်းခုတ်၍ သစ်တောများ ပြုန်းတီးလာကြခြင်းသည်လည်း ထင်းအစား ကျောက်မီးသွေးကိုသုံးရန် တွန်းအားတစ်ရပ်ဖြစ်ခဲ့သည်။ ကျောက်မီးသွေးသည် အခြားလောင်စာများနှင့်စာလျှင် လွယ်ကူသက်သာစွာ တူးဖော်ထုတ်ယူနိုင်ပြီး တူးဖော်စရိတ်လည်း အခြားလောင်စာတို့ထက် ပိုသက်သာသည်။ ထို့ပြင် ကျောက်မီးသွေးသိုက်များသည် လက်ရှိသုံးစွဲနေသည့်နှုန်းနှင့်သော်မှ ရေတိုတွင် ကုန်ခန်းစရာ မရှိသေးပေ။

ကျောက်မီးသွေးကဲ့သို့ ရုပ်ကြွင်းလောင်စာတစ်မျိုး ဖြစ်သည့်အပြင် ကျောက်မီးသွေးထက် စွမ်းအင်ပိုရသော ရေနံကို အများအပြားစတင်သုံးလာကြသည်မှာ ရေနံတွင်းများကို စတင်တွေ့ရှိသည့် ၂၀ ရာစုနှစ် အစပိုင်းခန့်က ဖြစ်သည်။ ရေနံကို တူးဖော်အသုံးချနိုင်ခြင်းကြောင့် စက်မှုလုပ်ငန်းများ အကြီးအကျယ် ထွန်းကားလာသည်။

စက်မှုလုပ်ငန်းများနှင့် ယာဉ်များအတွက် လိုအပ်သော စက်သုံးဆီအမျိုးမျိုးကို ရေနံမှ ချက်လုပ်ရယူရရာ ရေနံအသုံးများလွန်းလာသောအခါ ရေနံသိုက်များ ကုန်ခန်းသွားမည်ကို ပူပန်မှုအချို့ရှိလာသည်။ ရေနံကုန်ခန်းမည့်အရေးကို အဦးဆုံး အများသိနှိုးဆော်သူမှာ ကင်းဟပ်ဘတ် ဖြစ်သည်။ ဟပ်ဘတ်က ရေနံသိုက်များသည် ရေရှည်ခံမည် မဟုတ်ကြောင်း ၁၉၄၉ ခုနှစ်က စတင်ခန့်မှန်း ပြောဆိုခဲ့သည်။ တစ်ဖန် ၁၉၅၆ ခုနှစ်တွင် ဟပ်ဘတ်ကပင် အမေရိကန်၏ ရေနံထုတ်လုပ်မှုသည် ၁၉၇၀ ခုနှစ်တွင် အမြင့်ဆုံးသို့ ရောက်ပြီး ယင်းအချိန်မှစ၍ အောက်သို့ ဇိုက်ဆင်းလာမည်ဟု ခန့်မှန်းခဲ့သည်။ သူခန့်မှန်းသည့်အတိုင်းပင် အမေရိကန်ရေနံ ထုတ်လုပ်မှုပမာဏသည် ၁၉၇၁ ခုနှစ်မှစ၍ ကျဆင်းလာခဲ့ရာ ဟပ်ဘတ်၏မှန်ကန်စွာ ခန့်မှန်းနိုင်မှုကို လူသိများလာခဲ့ပြီး အမေရိကန်ရေနံ ထုတ်လုပ်မှု ထိပ်ဆုံးရောက်သော အမှတ်ကို 'ဟပ်ဘတ်၏ထိပ်' ဟုခေါ်တွင်ခဲ့သည်။ အမေရိကန်သည် လက်ရှိတွင် မိမိသုံးသမျှ၏ ၅၀ ရာခိုင်နှုန်းကို ပြည်ပမှ ဝယ်ယူတင်သွင်းလျက် ရှိသည်။

**မြစ်ကြောင်းများကို တမံပိတ်
ရေလှောင်၍ လျှပ်စစ်ထုတ်ယူသော
ရေအားလျှပ်စစ်သည် သန့်ရှင်းသော
စွမ်းအင်ဟု ဆိုနိုင်သော်လည်း
ရေကာတာနှင့်ဆည်များကြောင့်
သဘာဝပတ်ဝန်းကျင်ကို
ထိခိုက်မှုများဖြစ်ပေါ်လာသဖြင့်
ယင်းစွမ်းအင်ထုတ်ယူမှုကို
လူကြိုက်နည်းလာနေသည်။**



အမေရိကန်ရေနံထုတ်လုပ်မှု ကျဆင်းသော်လည်း ကမ္ဘာ့ရေနံထုတ်လုပ်မှုသည် မြင့်တက်လာခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာနေခြင်းကြောင့် ကမ္ဘာ့ရေနံအသုံးသည် ဆက်လက်တက်သွားမည် ဖြစ်သည်။ ပညာရှင် အများအပြားက ကမ္ဘာ့ရေနံထုတ်လုပ်မှု ပမာဏသည် ၂၀၂၀ ခုနှစ်နှင့် ၂၀၄၀ ခုနှစ်ကြားတွင် ထိပ်ဆုံးသို့ရောက်ပြီး တဖြည်းဖြည်းကျဆင်းတော့မည်ဟု ခန့်မှန်းထားသည်။

ရေနံကုန်မည့် အရိပ်အယောင်များကို မြင်တွေ့လာခြင်း၊ ကျောက်မီးသွေး၊ ရေနံတို့မှထွက်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲကာ သဘာဝဘေးများဖြစ်ပေါ်လာခြင်းတို့ကြောင့် ရုပ်ကြွင်းလောင်စာများ၏ နေရာတွင် 'သန့်ရှင်းသော လောင်စာ' များနှင့် အစားထိုးရန် ကြိုးပမ်းနေကြသည်။

ရုပ်ကြွင်းလောင်စာများသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့်အပြင် ကမ္ဘာ့အပူချိန်တက်လာစေရန်လည်း အားပေးသဖြင့် ယင်းဆိုးကျိုးများ မဖန်တီး မထုတ်လုပ်သော လောင်စာများကို 'သန့်ရှင်းသောလောင်စာ' များဟု ခေါ်ကြသည်။ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝဖြစ်ထုစွမ်းအင်၊ ဘူမိအပူစွမ်းအင်စသည်တို့ကို သန့်ရှင်းသော အစားထိုး လောင်စာများဟု ခေါ်ကြသည်။ ကျောက်မီးသွေး၊ ရေနံတို့ကဲ့သို့ အနေးနှင့်အမြန် ကုန်ခန်းသွားမည် မဟုတ်ဘဲ လူတို့သုံးလိုသလောက် စိတ်ကြိုက်သုံးနိုင်မည့် ဇာစ်မြစ်များဖြစ်၍ ပြန်ပြည့်မြဲလောင်စာများဟုလည်း ခေါ်ကြသည်။ ယင်းတို့ကို ထုတ်ယူနိုင်သည့် နည်းပညာများရှိပြီး ဖြစ်သော်လည်း ကုန်ကျစရိတ် ကြီးမြင့်နေသေးသဖြင့် အသုံးတွင်သင့်သလောက် မတွင်ဘဲ ဖြစ်နေရသည်။

မြစ်ကြောင်းများကို တမံပိတ်ရေလှောင်၍ လျှပ်စစ်ထုတ်ယူသော ရေအားလျှပ်စစ်သည် သန့်ရှင်းသော စွမ်းအင်ဟု ဆိုနိုင်သော်လည်း ရေကာတာနှင့် ဆည်များကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ ဖြစ်ပေါ်လာသဖြင့် ယင်းစွမ်းအင် ထုတ်ယူမှုကို လူကြိုက်နည်းလာနေသည်။

ထို့အတူ ကမ္ဘာ့စွမ်းအင် လိုအပ်ချက်၏ ၁၅ ဒသမ ၂ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေသည့် အနုမြူစွမ်းအင်ကို 'သန့်ရှင်း' သည်ဟု ပြောနိုင်သော်လည်း အနုမြူစက်ရုံများ ပေါက်ကွဲလျှင် အန္တရာယ်ကြီးလှသည့်အတွက် ယင်းစွမ်းအင်၏ အလားအလာ မှေးမှိန်လာသည်။

ထို့ကြောင့် လက်ရှိအခြေအနေတွင် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်အတွက် ရုပ်ကြွင်းလောင်စာများပေါ်တွင်သာ အခြေခံအားဖြင့် မှီခိုနေရဆဲ ဖြစ်သည်။

**ကျော်ဦး**

Asian Fame Media Group



ဒါရိုက်တာကြည့်ဖြူသျှင်၏

# "ကျွန်တော် မသိလိုက်တဲ့ အချစ်"

မောင်အိမ်စံ

လွန်းထားထား (ဆေးတက္ကသိုလ်)၏ ဝတ္ထုကို ကြည့်ဖြူသျှင် ဇာတ်ညွှန်းရေးပြီး ကိုယ်တိုင်ရိုက်ကူး ပြသထားသည်။ 'ကျွန်တော်မသိလိုက်တဲ့အချစ်' သည် ရိုးသားသန့်ရှင်းသည့် တက္ကသိုလ်ကျောင်းသူ တစ်ဦးကို ကူညီဖြူဖြင့်ပေးရင်း သူကိုယ်တိုင်ချစ်မိ သွားသည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ပဓာန ဇာတ်ကောင်များမှာ သုန္ဒြ (အောင်ရဲလင်း)၊ ဥဒေါင်းခင် (မိုးဟေကို) နှင့် ဒေါင်းအိုးဝေ (ရတနာမိုင်) တို့ဖြစ်သည်။

တက္ကသိုလ် ကျောင်းသူများနေသော အဆောင်သို့ ဒေါင်းအိုးဝေ ရောက်လာသည်။ ဒေါင်းအိုးဝေသည် ဥဒေါင်းခင်နှင့်အတူ တစ်ခန်း တည်းနေရသည်။ တစ်ဦးနှင့်တစ်ဦး မလေ့စရိုက် မတူ။ ဒေါင်းအိုးဝေက အစအနောက်သန်သည်။ ဥဒေါင်းခင်က ရိုးအသည်။ ဖြူစင်သည်။ သုန္ဒြနှင့် ဒေါင်းအိုးဝေတို့သည် ငယ်သူငယ်ချင်း ဖြစ်ကြ သည်။ ရိုးသားပွင့်လင်းစွာ ရင်ဖွင့်ရှိသမျှ ဖွင့်ပြောပြ တတ်သော ဥဒေါင်းခင်ကို စချင်၊ နောက်ချင်သဖြင့် သူ့ထံသို့လာလည်သော သုန္ဒြကို ဒေါင်းအိုးဝေသည် ဆင်းမတွေ့ဘဲ ဥဒေါင်းခင်ကို တွေ့ခိုင်းလိုက်သည်။ ချောသည့်ယောကျ်ားကို ကြိုက်သည်ဟု ဖွင့်ပြော ထားသဖြင့် သုန္ဒြနှင့် တွေ့ပေးလိုက်သော်လည်း သုန္ဒြနှင့် ဥဒေါင်းခင်ကမူ ကန်ပေါင်တွင် မတော် တဆတွေ့ဆုံပြီး ဖြစ်သည်။ ဒေါင်းအိုးဝေသည် သုန္ဒြနှင့်ပတ်သတ်၍ ရိုးအသော ဥဒေါင်းခင်ကို မဟုတ်မဟတ်ပြောကာ နောက်သည်။ ဥဒေါင်းခင်က ဒေါင်းအိုးဝေပြောသလို လိုက်လုပ်ခဲ့သည်။ ဒါကို ခာသ်သိဖြစ်သော သုန္ဒြက ဒေါင်းအိုးဝေ အတည်ပေါက်နှင့် စနောက်မှန်းသိသဖြင့် မေးရာ ဥဒေါင်းခင်က အမှန်အတိုင်း ပြောပြသည်။ သုန္ဒြ ဥဒေါင်းခင်ကို သနားလာသည်။ ပြီး ဥဒေါင်းခင်ကို လှအောင်ပြင်လိုက်ရာ ဥဒေါင်းခင် လှလာသဖြင့် သုန္ဒြသူငယ်ချင်း ညီညီက ချစ်ရေးဆိုသည်။ ဥဒေါင်းခင်က လက်မခံ။

ကျောင်းတွင် လူမှုလူရှုပ်တစ်ယောက် ဖြစ် သည့် မှုဝံက ပထမ ဒေါင်းအိုးဝေကို ချစ်ရေးဆို သည်။ မရသည့်အခါ ရိုးအသော ဥဒေါင်းခင်ကို လိုက်ပြန်သည်။ မှုဝံ၏ ညွှတ်ကွင်းထဲတွင် မိသွား မည်စိုးသဖြင့် သုန္ဒြက လိုက်ပြီးကာကွယ်နေစဉ် တစ်ညနေ မှုဝံခေါ်ရာသို့ ဥဒေါင်းခင်လိုက်သွားသည် ကိုမြင်သဖြင့် သုန္ဒြက သူတို့နောက်သို့လိုက်ပြီး ထိုည သူတို့မိုးချုပ်သွားသည်။ အဆောင်မပြန်ရဲ သဖြင့် ဥဒေါင်းခင်၏ အရှက်နှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန် သုန္ဒြသည် ဥဒေါင်းခင်ကို လက်ထပ် လိုက်သည်။

◆

ဗီဒီယိုဇာတ်လမ်းများထဲတွင် လွန်းထားထား ၏ ဇာတ်လမ်းသည် အများဆုံးဖြစ်သည်။ သို့ရာ တွင် ထူးထူးခြားခြား ရှိသည်ကို မတွေ့ရ။ တမင် တကာ အဆန်းထွင်ထားသည်မျိုးကိုသာ တွေ့ရ သည်။ ပြီး ဇာတ်လမ်းအသားပေး ဝတ္ထုများသာ ဖြစ်ပါသည်။ ဤဇာတ်လမ်းကမူ ဟိုတုန်းက ဇာတ်

Asian Fame Media Group

လမ်းမျိုးမဟုတ်။ 'ဇာတ်ကောင်စရိုက်' ကို နိုင်နိုင်နင်းနင်း ရေးဖွဲ့နိုင်ခဲ့သော ဇာတ်လမ်းဖြစ်သည်။ အထူးသဖြင့် 'ဉဒေါင်းခင်' ၏စရိုက်ဖြစ်သည်။ ဉဒေါင်းခင်သည် အလွန်ရိုးသည်။ အ,သည်။ လိမ်မပြောတတ်။ ဝတ်စားဆင်ယင်မှုကလည်း သာမန်တက္ကသိုလ် ကျောင်းသူများနှင့်မတူ သနပ်ခါးပါးကွက်ကျားနှင့်ဖြစ်သည်။ သုန္ဒြက သူ့ကိုသနားသဖြင့် ပြုပြင်ပြောင်းလဲပစ်လိုက်ရာ တက္ကသိုလ်လောကတွင် အလှဘုရင်မလေးတစ်ဦး ဖြစ်လာခဲ့သည်။

လွန်းထားထားသည် ဝတ္ထုအနုပညာရှိသူဖြစ်သည်။ သို့ကြောင့်ပင် ဉဒေါင်းခင်ကို 'ပြ' ရာ၌ အလွန်ပီပြင်သည်။ သို့ရာတွင် ဝတ္ထု၏နိဂုံးပိုင်းတွင် ဒေါင်းအိုးဝေကို သုန္ဒြတောင်းပန်သည့်အခန်း၌ ဒေါင်းအိုးဝေကိုပြောလိုက်သည့် စကားကမူ 'အစအနောက်သန်တဲ့ အကျင့်ကြောင့် ငါချစ်တဲ့နှင့်ကို ဆုံးရှုံးခဲ့ရတယ်" ဟူ၍သာဖြစ်သည်။ ဇာတ်ကားတစ်ကားလုံး၏ မူလရည်ရွယ်ချက်သည် ရိုးသားသန့်စင်သည့် ဉဒေါင်းခင်၏ အောင်ပွဲသာဖြစ်သင့်ပါသည်။

နောက်ဆုံး Plot တွင် သုန္ဒြကို ဉဒေါင်းခင်က "ဟန်ဆောင်လက်ထပ်မှာလား၊ တကယ်မှ ချစ်ရဲ့လား" ဟူသောအမေးကမူ ဇာတ်ကောင်၏စရိုက်နှင့် လိုက်ဖက်နေရုံမျှမက ဇာတ်ကား၏ပဓာနရည်ရွယ်ချက်ကိုပါ အထောက်အကူ ပြုရမည့်စကားဖြစ်နေပါသည်။ ဒေါင်းအိုးဝေပြောသော စကားကို မပြောခဲ့ပါလျှင် ဇာတ်ကားသည် ယခုထက်ပို၍ လင်းလက်နေမည်ဟု ကျွန်တော်ထင်သည်။

မြန်မာဗီဒီယိုဇာတ်ကားများသည် ထုတ်လုပ်သူ၏လက်ထဲတွင် မူတည်နေသည်။ ဇာတ်ကောင်အနည်းဆုံး ရိုက်ကွင်းရိုက်ကွက် အကုန်အကျအနည်းဆုံး၊ တစ်နိုင်အိမ်ကလေး နှစ်လုံးနှင့်ပြီးသွားစေချင်ကြသည်။ ထို့ကြောင့် ဒါရိုက်တာများတွင် အခက်အခဲရှိကောင်း ရှိနိုင်ပါသည်။ သို့ရာတွင် ရုပ်ရှင်သည် ပြဇာတ်မဟုတ်။ 'အပြော' ထက် 'အပြ' ကို ဦးစားပေးရသည်။ ဒါရိုက်တာဟူသည် အရုပ်များဖြင့် ဇာတ်ကြောင်းပြောပြနေသူဖြစ်ပါသည်။

ကြည်ဖြူသျှင်သည် ဤဇာတ်ကား၌ သုန္ဒြနှင့် ဒေါင်းအိုးဝေတို့သည် ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်သည့်အပြင် တစ်ဦးကိုတစ်ဦး ဖွင့်မပြောဘဲ ချစ်နေကြသည့် ချစ်သူနှစ်ဦး ဖြစ်နေကြောင်းကို 'အရုပ်' ဖြင့် တစ်ကွက်မျှ မပြသနိုင်ခဲ့ပါ။ ထုံးစံအတိုင်း ပြဇာတ်ဆန်ဆန် သုန္ဒြက သူ့သူငယ်ချင်းများကို ပြောပြသည့် စကားဖြင့်သာ ပြခဲ့သည်။ သို့ရာတွင် 'ကျွန်တော် မသိလိုက်တဲ့အချစ်' ဇာတ်ကားတွင် လူငယ်များသည် စိတ်ညစ်၍ အရက်မသောက်။ ဗီလိန် (မှုဝံ) သည်ပင် ဇာတ်ကိုရက်ဖောက်ပေးရသည်မှလွဲ၍ ယုတ်ညံ့သော အပြုအမူများကိုမလုပ်။ ကြည်ဖြူသျှင်သည် ဤဇာတ်ကားကို ရိုက်ကူးပြသရာ၌ မလိုသောအရုပ်များကို မပြ။ ရုပ်လုံးဖော်ပစ္စည်းများအနေဖြင့် ဇီးကွက်ရုပ်၊ ရွှက်လှေ၊ အိတ်မှကြိုးများကို ပြခဲ့သည်။ မြို၍ဆိုရသော် ကြည်ဖြူသျှင်သည် သူ့ဇာတ်ကားကိုသူ အကောင်းဆုံးစီစဉ်ညွှန်ကြားနိုင်ခဲ့သည်။ ဒေါင်းအိုးဝေက စနောက်ပြီး ဉဒေါင်းခင်ကို ခိုင်းလိုက်ရာ ဉဒေါင်းခင်က ရိုးသားသူပီပီ တကယ်ထင်ပြီး လုပ်သည့်အခန်းများတွင် ဘက်ဂရောင်းမှ ရယ်သံထည့်ထားသည်မှာ အလွန်လှသည်။

◆

သနပ်ခါး ပါးကွက်ကြား၊ မျက်မှန်ထူထူ၊ ဇီးကွက်ရုပ်၊ စုဘူးတို့ဖြင့် ဉဒေါင်းခင်သည် လယ်သူမဆန် နေရာမှ မြူတီပါလာသို့သွားကာ ပြုပြင်လိုက်သဖြင့် ဉဒေါင်းခင် ခေတ်မီလှပလာသည့် အခန်းများတွင် ဝတ်စားဆင်ယင်မှုကို ဂရုစိုက် ရိုက်ပြထားသဖြင့် ဇာတ်နှင့်လိုက်ဖက်နေသည်။

ဉဒေါင်းခင်၏ စရိုက်ကိုပြရာတွင် အပြုအမူများဖြင့်သာမက dialogue များဖြင့်ပါ ဖော်ပြခဲ့သည်။

"ကျုပ် အဲဒီလိုမျိုးကြီး မလိမ်တတ်ဘူး"

"လှရဲ့လားဟင်"

"ကျုပ်ရှက်လို့ပါ၊ မကောင်းပါနဲ့၊ လူတွေဝိုင်းကြည့်နေကြတယ်"

"သုန္ဒြက မဆက်ဆံရဘူးလို့ ပြောထားလို့ပါ"

"ရှင်က မိန်းမရှုပ်တယ်ဆို"

"ရှုပ်ချောပြီး အပြောကောင်းတော့ ခင်လည်း ယုံသွားတာပေါ့"

ကျွန်တော်ပြောလိုသည်မှာ ဉဒေါင်းခင်သည် မလိမ်တတ်။ ပညာတတ် ကျောင်းသူတစ်ဦးဖြစ်သော်လည်း အမှန်အတိုင်းပြောသည်။ ရိုးသည်၊ အ,သည်၊ လူပွေလူရှုပ် မှုဝံခေါ် သည်ကိုပင် အမှန်အတိုင်းပြောပြီး လိုက်ခဲ့သည်။ ရုပ်ရှင်ကြည့်ပရိသတ်သည် ဉဒေါင်းခင်ကို သနားလာသည်အထိ ပြသနိုင်ခဲ့သည်မှာ ကြည်ဖြူသျှင်၏ အနုပညာပင်ဖြစ်သည်။

နောက်တစ်ခု ကျွန်တော် ပြောချင်ပါသေးသည်။ ကျွန်တော်တို့နိုင်ငံတွင် ရုပ်ရှင်ရော၊ ဗီဒီယိုပါ ခပ်ပေါပေါဇာတ်ကားများ အလွန်အောင်မြင်နေကြပါသည်။ ဟာသဆိုလျှင်လည်း ဆရာဇဝန၏ ကောလိပ်ကျောင်းသားထဲက ခိုးချ၊ ဟိုကကူးချ၊ သည်က ယူကြ။ အောက်တန်းကျကျပြက်လုံးများကို သုံးကြနှင့် လုပ်စားနေကြသည်။ ဟာသဝိဇ္ဇာတစ်ဦး၏ ဇာတ်လမ်းဆိုပါလျှင် ရိုက်ကူးချင်သူများပင် တန်းစီနေကြရသလား မပြောတတ်။ ဤဇာတ်ကားလေးသည် ဟာသဇာတ်ကားမဟုတ်။ အချစ်ဇာတ်ကား တစ်ကားသာ ဖြစ်သည်။ သို့ရာတွင် ဉဒေါင်းခင်၏ စရိုက်ကို လွန်းထားထားဖော်ကျူးပြီး ကြည်ဖြူသျှင်က သေသေသပ်သပ်ရိုက်ကူးပြသလိုက်သည့်အခါ ထိုဉဒေါင်းခင်၏ ရိုးအသော Plot များပင် ရယ်စရာဇာတ်ကွက်လေးများ ဖြစ်နေသည်။ ချောက်တွန်းခံရသော ဉဒေါင်းခင်ကို သုန္ဒြသ နားလာသည်။ ဘဝထဲမှာ ဖြစ်နေသော ရယ်စရာလေးများဖြစ်သည်။ ပြက်လုံးမဟုတ်။ ခိုးကွက်မဟုတ်။ သည်အတွက်မူ လွန်းထားထားရော ကြည်ဖြူသျှင်ကိုပါ ချီးကျူးမိသည်။

◆

မိုးဟေကိုသည် သရုပ်ဆောင်ရင့်မာကြီးတစ်ယောက် မဟုတ်သော်လည်း သရုပ်ဆောင်ကောင်းသည်။ ဇာတ်ကောင်စရိုက် ဝင်သည်။ အထူးသဖြင့် ချစ်ခန်းကြိုက်ခန်းများတွင် အလွန်ပီပြင်တတ်သည်။ ယခုဇာတ်ကားတွင် ဇာတ်လမ်းအစ၌ သနပ်ခါးဘဲကျားနှင့် ခပ်တုံးတုံးကျောင်းသူအဖြစ် သရုပ်ဆောင်သည်၊ နောက်ပိုင်းတွင် အဝတ်အစား၊ အသုံးအဆောင်သစ်လွင်လာသည်။ သို့ရာတွင် သူ၏စိတ်စရိုက်ကမူ ရိုးအသူ၊ အမှန်ပြောသူပင် ဖြစ်သည်။ အသွင်နှစ်မျိုးစလုံးတွင် မိုးဟေကိုသည် တကယ်ပင် ဉဒေါင်းခင်ဖြစ်နေပါသည်။ ဇာတ်ကား၏ နိဂုံးတွင် အောင်ရဲလင်းကို "ဟန်ဆောင်လက်ထပ်မှာလား" ဟု မေးသည်အထိ ဇာတ်ကားတစ်ကားလုံး ပီပြင်သည်။ ရတနာမိုင်သည် အစအနောက်သန်သူ ဒေါင်းအိုးဝေအဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်သည်။ သုန္ဒြအဖြစ် သရုပ်ဆောင်ရသော အောင်ရဲလင်းသည်လည်း ဇာတ်ကောင်စရိုက်ဝင်ပါသည်။ မှုဝံကို မကျေနပ်သည့်အခန်းတွင် လက်သီးဆုပ်ပြသော သင်္ကေတကမူ လူတိုင်းသုံးစွဲနေသော ရုပ်လုံးဖော်ပြချက်ဖြစ်နေသဖြင့် တခြားတစ်ခုခုဖြင့် အစားထိုးသင့်ပါသည်။

ခြုံ၍ဆိုပါမည်။ "ကျွန်တော် မသိလိုက်တဲ့အချစ်" သည် ဇာတ်ကောင် အသားပေးဇာတ်ကားဖြစ်သည်။ အမှန်တရားကို မြတ်မြတ်နိုးနိုးဖက်တွယ်ထားပြီး ဖြူစင်ရိုးသားစွာဘဝကို ဖြတ်သန်းနေသော ဉဒေါင်းခင်ကို ကြည်ညိုချစ်ခင်လာအောင် ပြသနိုင်ခဲ့သဖြင့် ကြည့်ရှုရသူတစ်ဦးတစ်ယောက်အဖို့ ထိုတရားကို နှလုံးသားတွင် အမြစ်တွယ် ရှင်သန်သွားခဲ့သည်ဆိုပါရို့။ ဤဇာတ်ကားသည် အနာဂတ်အတွက် အကောင်းဆုံးဆောင်ရွက်ပေးလိုက်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။

**မောင်အိမ်စံ**

| အညွှန်း |
| --- |
| ၁။ နယ်ရုပ်နှစ်ရုပ် |
| ၂။ ချက် |
| ၃။ ဆယ့်နှစ်ကြိုးကာဝေ |
| ၄။ အချစ်မြို့ကို သိမ်းပိုက်ခြင်း |

Asian Fame Media Group

# ရတီစာအုပ်စင်


**ကလောင်စုံ – မိုင်တိုင်နှစ်ဆယ်**

စာပေခရီးလမ်းထက်တွင် လျှောက်လှမ်းနေကြသော ခရီးသည်အယောက် ၂၀ တို့၏ စာများကို စုစည်းဖော်ပြထားသော စာအုပ်ဖြစ်သည်။ နာမည်ကျော်အင်တာနက် စာရေးဆရာများ ဖြစ်ကြသည့် သက်တန့်ချို၊ အိန်ဂျယ်လှိုင်၊ မြစ်ကျိုးအင်း၊ အိမ့်ချမ်းမြေ့၊ သတိုး၊ မြသွေးနီ၊ ကိုဇော်၊ သက်ဝေ၊ ခင်လေးငယ်၊ ဗညားရှိန်ချော (အစိမ်းရောင် လွင်ပြင်)၊ မောင်ရေချမ်း၊ မိုးပန်းချီ၊ နေပိုင်၊ မြတ်မွန်၊ လက်ဝဲ၊ မြတ်ပန်းနွယ်၊ ကိုကိုးအိမ်၊ ဖွန်မိုး၊ အလင်းသစ်တို့ ပါဝင်ရေးသားထားကြသည်။ စာရေးဆရာ ချစ်စံဝင်း၊ ဘောင်းသန့်တို့ အမှာစာရေးသားထားပြီး စာရေးဆရာတစ်ဦးချင်းစီ၏ စာတစ်ပုဒ်တိုင်းစီရှေ့တွင် သူတို့၏အတွေးအမြင်၊ ခံစားချက်၊ သက်ဆိုင်ရာဝတ္ထုတို ဖန်တီးမှု အတွေးဖြစ်စဉ်လေးများပါ တွဲ၍ဖော်ပြထားသည်။ မီးမောင်းတစ်ချက်မျှသော ပမာဏတွင် ကမ္ဘာ ကကွက်ပီပြင်စေခြင်းသည် ဝတ္ထုတိုဟုဆိုလျှင် ဤစာအုပ်သည် စာဖတ်သူများအတွက် ရသစုံလင်သော စာပေကပွဲသဘင် ဖြစ်သည်ဟု ဆိုရပါမည်။ ဤစာအုပ်ကို နေမျိုးစာပေဒေသာမှ တန်ဖိုး ၁၅၀၀ ဖြင့် ထုတ်ဝေလိုက်သည်။





**ကလောင်စုံ – မသိနားမလည်မှု၏ အသီးအပွင့်များ**

စာရေးဆရာ ၁၅ ဦးတို့၏ ဝတ္ထုတိုများ စုစည်းထားသည်။ အချစ်ကို ဖွင့်ဆိုကြပုံအသီးသီးနှင့် ရင်ခုန်သံအတိုးအကျယ် စည်းချက်ကွာဟကြပုံ အသီးသီးကို ဖော်ကျူးကာ ဖန်တီးထားကြသည့် အချစ်ဝတ္ထုများဟု ဆိုရမည်။ ဆရာမအဖြူရောင် (ရွှေ) ၏ ရသစာပေရေးခြယ်မှုန်းဖွဲ့မှုကို 'နံရံ တစ်ချပ်ခြား' တွင် လှုပ်ခတ်စွာ ခံစားရမည်ဖြစ်ပြီး ဆရာချမ်းထက်၊ ဆရာမောင်နှင်းပန်းနှင့် ဆရာမယုယတို့၏ ဟိမ်းမှုန်းပျောင်းနွဲ့သော ဇာတ်လမ်းများ၊ ဘဝနှင့်ရင်းရသော အချစ်စာမျက်နှာထက်က အသိများကို ဖော်ကျူးသည့် 'ဘာလို့များ၊ ဘာကြောင့်များ၊ တကယ်လို့များ'၊ 'မနက်ဖြန်၊ သန်ဘက်ခါ၊ ဖိနိုးနွံ့ခါ' ကဲ့သို့ဝတ္ထုများကို ဖတ်ရှုကြရမည်။ ဆရာမ ခင်သန္တာ၊ ချောအိမာန် (မန္တလေး) ဝေ (စီးပွားရေးတက္ကသိုလ်)၊ လင်းစက်နွယ်၊ စံပယ်ဖြူနု၊ ဆရာညီငယ်လေး၊ မင်းဝေဟင်၊ ထွန်းတောက်ထွန်း (သချာ)တို့ ပါဝင်ရေးသားထားကြသော ဝတ္ထုတို ၁၅ ပုဒ် ပါဝင်သည်။ ခဝါလှေမွန် စာအုပ်တိုက်မှစီစဉ်ကာ တန်ဖိုးကျပ် ၁၀၀၀ ဖြင့် ရွှန်ပွင့်စာအုပ်တိုက်မှ ဖြန့်ချိလိုက်ပြီဖြစ်သည်။





**ဗန်းမော်တင်အောင် – ဗုန်တိုင်းထဲကလူ**

မြန်မာနိုင်ငံ လွတ်လပ်ရေးလှုပ်ရှားမှုခေတ်ကာလက လူမှုရေး နိုင်ငံရေးကို နောက်ခံကျောရိုး ပြုထားကာ ဖန်တီးရေးသားထားသော ဇာတ်လမ်း ဖြစ်သည်။ သတင်းစာဆရာတစ်ဦး၏ ခံယူချက်၊ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများ မွမ်းမံလျက် ဆရာကြီးဗန်းမော်တင်အောင်က သူ့ခံယူချက်များကို ဌာပနာသွားကြောင်း တွေ့ရသည်။ အမေရိကန်စာရေးဆရာ ဂျက်လန်ဒန်ရေးသားခဲ့သော သံဖနောင့် (Iron Heel) ကို မှီးကာ အမျိုးသားလွတ်မြောက်ရေး စိတ်ဓာတ်ဖြင့် အုံကြွနေသော မြန်မာနှင့်အင်္ဂလိပ်နယ်ချဲ့သမားတို့၏ တိုက်ပွဲကို ဖန်တီးရေးသားခြင်းဖြစ်ကြောင်း ဆရာကြီး ဗန်းမော်တင်အောင်က ဝန်ခံဖော်ပြထားသည်။ သူက 'စာရေးဆရာ၏ တာဝန်မှ သူသိမြင်မှတ်ယူထားသော အကြောင်းအရာများကို သူသဘောထားခဲ့ပုံ၊ ယူဆခဲ့ပုံတို့ကို အများပြည်သူရှေ့သို့ ပို့ဆောင်တင်ပြရခြင်းပင် ဖြစ်ပေသည်' ဟုဆိုထားရာ ဤဝတ္ထုသည် မူရင်းစာရေးဆရာ၏ စိတ်ကူးကိုယ်ထည်ကို သူ့နှလုံးသားဖြင့် အပြောက်အမွမ်း ခြယ်သထားသည်ဟု ဆိုရမည်ဖြစ်သည်။ ဤစာအုပ်ကို မြန်မာ့ဂန္ထဝင်က စီစဉ်ကာ လင်းယုန်စာပေမှ တန်ဖိုး ကျပ် ၁၈၀၀ ဖြင့် ထုတ်ဝေလိုက်သည်။





Asian Fame Media Group

# ရတီစာအုပ်စင်




**ယဉ်မိုးခိုင်၊ ကျော်စွာမင်း၊ ကျော်စစ်ဟိန်း – လုပ်ငန်းအောင်မြင်မှုကောင်းကျိုးရှိမည့်နှစ်များကိုရှာဖွေခြင်း၊နက္ခတ်ဗေဒင်ပြုပြီးဟိစီး ကြိုဟ်နင်းဟောစာတမ်း**

ဤစာအုပ်တွင် မွေးလတစ်လတိုင်းစီတွင် မွေးဖွားသူများအတွက် အလုပ်အကိုင်၊ စီးပွားရေး၊ လူမှုရေး အကြောင်းများကို နှစ်အလိုက် ၇ နှစ်စာ ဖော်ပြထားသော ဟောစာတမ်းစာအုပ်ဖြစ်သည်။ ရာသီဖွားတစ်ခု ချင်းစီတွင် ရှိတတ်သော စိတ်နေစိတ်ထားမှအစ မိတ်ဖက်လများ၊ မိတ်ဖက်ရာသီများအကြောင်း ပါဝင်သကဲ့သို့ ကောင်းကျိုးများသောနှစ်၊ အညံ့အဆိုးများသော နှစ်များကိုလည်း ဖော်ပြထားသည်။ သိသင့်သိထိုက်သည့် သမ္မတ္တိတရားများ၊ ရတနာဝတ်ဆင်ရခြင်း၏ အကျိုး၊ နေ့အလိုက် ဆေးကုသခြင်း၊ ခရီးသွားရာတွင် ဆောင်ရန် ရှောင်ရန်များ စုံလင်စွာပါဝင်သည်။ ဤစာအုပ်ကို နယူးတိုက်ဂါးစာပေမှ ထုတ်ဝေ၍ တန်ဖိုးကျပ် ၁၅၀၀ ဖြင့် ကုငွေ ၆၀၀ စာပေမှ ဖြန့်ချိလိုက်သည်။




**တင့်တယ်နန်းတင်၊ ကျော်စစ်ဟိန်း – ဗိုလ်ချုပ်၏လူငယ်ဘဝ နိုင်ငံ့မှသည်နိဗ္ဗာန်သို့**

ဗိုလ်ချုပ်အောင်ဆန်း၏ မွေးဇာတာကို တွက်ချက်ကာ ဗိုလ်ချုပ်ဖြတ်သန်းခဲ့သော တစ်သက်တာဘဝကို တို့ထိဖော်ပြထားသည်။ ဇာတာနက္ခတ် (ဒသာ) ကာလအယူအဆများနှင့် မူလဇာတာရှင်စွမ်းအင်များကို ဘဝ မှတ်တိုင်အဖြစ် ဖော်ပြထားခြင်းမျှသာဖြစ်သော်လည်း လဂ်၊ ရာသီ၊ ဂြိုဟ်၊ အဋ္ဌရတို့၏ သဘောသဘာဝများကို ရှင်းလင်းပြသထားပြီး ဗိုလ်ချုပ်၏ဘဝ ဖြစ်စဉ်နှင့်ယှဉ်ကာ အကျဉ်းချုံ့တင်ပြထားသည်။ ဗိုလ်ချုပ်ဇာတာနှင့် စပ်လျဉ်း၍ သခင်ကိုယ်တော်မှိုင်းတည်းဖြတ်ထားသော ဇာတာအတ္ထုပ္ပတ္တိနှင့် အခြားအထောက်အထား များကိုလည်း ထည့်သွင်းဖော်ပြထားကာ ဗိုလ်ချုပ်၏ မျိုးနွယ်ပြဇယားကိုပါ တွေ့မြင်ကြရမည်ဖြစ်သည်၊ ကုငွေ ၆၀၀ စာပေမှ တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။




**ထက်နိုင်(တလုပ်မြို့) – မတရားကြီးတော့မလုပ်လိုက်ပါနဲ့**

စာရေးဆရာထက်နိုင် (တလုပ်မြို့) ၏ ဟာသဝတ္ထုတိုများ စုစည်းထားသည့် စာအုပ်ဖြစ်သည်။ ဟာသ စာရေးဆရာများ၏ ထုံးစံအတိုင်း ပင်တိုင်ဇာတ်ဆောင် ပေါ်ကြေးကို မဏ္ဍိုင်ထားကာ အရံဇာတ်ဆောင် ကျောင်းဆရာလေး ကိုမင်းနိုင်၊ တွင်းဆရာတို့ဖြင့် ကျောက်တူးသမားများ၏ ဘဝကို ဖော်ကျူးထားသည်။ တောသူ တောင်သားတို့၏ အရိုးခံစရိုက်သဘာဝကြောင့် အလွဲလွဲအချော်ချော် ဖြစ်တတ်သော သဘောများ၊ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းမှ ကိုးကွယ်မှုဓလေ့၊ တွင်းတောမှအလုပ်လုပ်ရသည့် တွင်းသမားတို့၏ ဘဝများကို ရောနှောကာ ဖန်တီးထားသော ဝတ္ထုတိုစုစုပေါင်း ၂၆ ပုဒ်ပါဝင်သည်၊ ဘဝ အခက်အခဲများနှင့် လူ့သဘော၊ လောကသဘောကို ဟာသနှောကာ ရှုမြင်ရေးဖွဲ့ထားသောကြောင့် ဖတ်ရှုရသူတို့ ဘဝင်ကျ ရယ်မောကြရမည် ဖြစ်သည်။ သန်းနိုင်-စံတော်ဝင်ကစီစဉ်ပြီး ပတ္တမြား စာစဉ်မှ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ တန်ဖိုးမှာ ၄၀၀၀ ကျပ်ဖြစ်သည်။